
www.burmeseclassic.com
ဘဝမှန်တိုင်း နှင်းမှန်တိုင်း
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**– ပြည်သူ့သဘောထား**

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**– နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**– စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**– လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဘဝမှန်တိုင်း နှင်းမှန်တိုင်း

## ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၁၁၃၈ / ၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၂၄၂ / ၂၀၀၃ (၁၀)

❖

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် – (၂၀၀၄၊ ဇူလိုင်လ)
အုပ်ရေ – (၅၀၀)

❖

မျက်နှာဖုံး – ဝင်းလွင်အောင်
ကွန်ပျူတာစာစီ – *Quality*
အတွင်းဖလင် – *Quality*

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးထွန်းမြင့် (မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး – **၁၂၀၀** ကျပ်

BURMESE CLASSIC .com

ထိုနေ့တွင် ‘ဂျူလီယံဂုတ်’ သည် မိမိ၏ အဖြစ်ကို အလွန်ပင် အံ့ဩမိ၏။ အဘယ်ကြောင့်ဆိုသော် သူသည် မည်သို့မျှ မမျှော်လင့်ဘဲ မိမိအား မှောင်ခိုကုန်သည်တစ်ဦးက အကျဉ်းသားအဖြစ်ဖြင့် ပြင်သစ် ကမ္ဘာ့ရေတစ်စင်းပေါ်တွင် သူ၏ဇာတိဖြစ်သော အင်္ဂလန်မှ အင်္ဂလိပ်ရေလက်ကြားကိုဖြတ်ကာ ပြင်သစ်နိုင်ငံသို့ ခေါ်ဆောင်သွားခြင်း ခံရသောကြောင့် ဖြစ်လေသည်။

အံ့ဩရခြင်းမှာ လွန်ခဲ့သော နာရီအနည်းငယ်က သူသည် ယခုကဲ့သို့ သူ၏ဘဝရေစီးကြောင်းပြောင်းလဲသွားမည်ကို အိပ်မက်မျှပင် မမက်ခဲ့ချေ။ သာယာသော ထိုနေ့ညနေချမ်းက ချိုင်းကြားတွင် အမဲပစ်သေနတ်တစ်လက်ကို ညှပ်ကာ တောအုပ်ထဲသို့ ပျော်ရွှင်စွာ ယုန်ပစ်ထွက်ခဲ့စဉ်က ဖြစ်လေသည်။

သူသည် အင်္ဂလိပ်လူမျိုးတစ်ယောက် ဖြစ်သည့်အားလျော်စွာ အင်္ဂလိပ်နှင့် ပြင်သစ်တို့ စစ်ဖြစ်နေသော ယခုကဲ့သို့အချိန်မျိုးတွင် မည်သည့်ပြင်သစ်လူမျိုးကမဆို သူ့အား ရန်သူတစ်ယောက်ဟု ယူဆပေတော့မည်။ ထို့ပြင် သူ့အား ယခုဖမ်းလာသည့် မှောင်ခိုကုန်သည်များကလည်း ပြင်သစ်အာဏာပိုင်များလက်သို့ မုချပေးအပ်တော့မည် ဖြစ်သဖြင့် အပြစ်မရှိဘဲ အကျဉ်းသားဘဝသို့ ရောက်ရပေတော့မည်။

အမှန်တော့ မှောင်ခိုကုန်သည်များမှာ ပင်ကိုယ်စရိုက်ကြမ်းတမ်းသူ များ မဟုတ်ကြချေ။ မတတ်သာ၍သာ သူ့အား ဖမ်းဆီးလာခဲ့ခြင်း ဖြစ်၏။ သူ့အား သတ်မည်ဆိုက ယခု လှေပေါ်တွင် အချိန်မရွေး သတ်ပစ်နိုင်လေသည်။

**Quality Publishing House**

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်သည်ကား ပြင်သစ်နှင့် အင်္ဂလိပ်တို့ စစ်မတိုက်ကြသေးသော်လည်း တစ်ဘက်နှင့်တစ်ဘက် စောင့်၍ နေသောအချိန် ဖြစ်၏။ တိုင်းပြည်တစ်ပြည်တွင် ရှားပါးသည့်ကုန်နှင့် အခြားတိုင်းပြည်တစ်ပြည်တွင် ပိတ်ပင်ထားသောကုန်များကို မှောင်ခိုကူးသန်းရောင်းဝယ်ခြင်းဖြင့် အမြတ်အစွန်း ခပ်မျက်မျက် ရနေကြလေသည်။

ဤကဲ့သို့ လျှို့ဝှက်မှောင်ခိုကူးနေသည့်ဂိုဏ်းနှင့်မှ ဂျူလီယံဝှတ်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် ခလုတ်တိုက်မိခဲ့၏။ မှောင်ခိုကုန်သည်တို့၏ ပစ္စည်းများ သိုဝှက်ရာဌာနနှင့် ပစ္စည်းများ ခိုးထုတ်ရာ နေရာဖြစ်သည့် လျှို့ဝှက်စခန်းကို ဂျူလီယံသည် မမျှော်လင့်ဘဲ တွေ့ခဲ့ရ၏။ ထို့ကြောင့်ပင် မှောင်ခိုကုန်သည်တို့က သူ့အား ပြန်မလွှတ်တော့ဘဲ ပြင်သစ်နိုင်ငံသို့ တကူးတက ခေါ်ဆောင်လာခဲ့ကြခြင်း ဖြစ်၏။ အကယ်၍ ဂျူလီယံအား ပြန်လွှတ်လိုက်မည်ဆိုက တစ်ဂိုဏ်းလုံး ဒုက္ခရောက်ရပေတော့မည်။

အထက်ပါ အဖြစ်အပျက်များသည် သူ၏ဘဝကို လုံးဝ ပြောင်းလဲသွားစေတော့၏။ သူ၏ စိတ်ကူးများသည်လည်း မှိုင်ပေါင်းမြောက်မြားစွာ ဝေး၍ သွားသကဲ့သို့ ရှိတော့၏။ အင်္ဂလန်မှ ရုတ်တရက် သူပျောက်သွားခြင်းမှာ သူ၏ မွေးရပ်ဌာနေသို့ ပြန်လည်ရောက်နိုင်တော့မည်မဟုတ်ဟု အောက်မေ့မိ၏။ သူကိုယ်တိုင် မကျူးလွန်ခဲ့ရသော လူသတ်မှုကို မည်သည့်နည်းနှင့်မျှ သူ ရှင်းလင်းပြနိုင်ခွင့်ရတော့မည် မဟုတ်ပေ။ ဤအချက်သည်ပင် သူ့အား ထမင်းလုံးတစ္ဆေခြောက်သကဲ့သို့ ခြောက်လှန့်၍နေတော့၏။ လွန်ခဲ့သောတစ်ပတ်ကပင် ချစ်ရည်လူးခဲ့သော ရှုပြည်သူ လှပျိုဖြူအချစ်ဦးကလေး 'စတီဖင်' နှင့် ပြန်လည်တွေ့ဆုံရန် အကြောင်းမရှိတော့ချေ။ ဂျူလီယံသည် အထက်ပါ အကြောင်းများကို စဉ်းစားမိတိုင်း ဆိုးရွားလှသော သူ၏ဘဝကို အားမလို အားမရ ဖြစ်ကာ စိတ်ဒုက္ခရောက်၍နေလေသည်။

ဤအရှုပ်အထွေးမစမီက ဂျူလီယံတို့၏ အိမ်ထောင်စုမှာ နိုင်ငံရေးအရှုပ်အထွေးမရှိ။ မတောင့်မတ မကြောင့်မကျနေနိုင်၏။ ဂျူလီယံ၏အသက်မှာ ၂၂ နှစ်မျှသာ ရှိသေး၏။ စတီဖင်က ၂၁ နှစ်၊ ဂျူလီယံ၏ညီ 'ဖရန့်' မှာ ၁၉ နှစ်သာ ရှိသေး၏။ သူတို့ညီအစ်ကိုသည် အဒေါ်ဖြစ်သူနှင့် တရားဝင်အုပ်ထိန်းသူလည်း ဖြစ်သူ 'မစ္စက် ထရေဘာတ်' နှင့် 'ဝေးမောက်' မြို့တွင် အတူနေထိုင်ကြ၏။ ထိုအချိန်က သူ၏ချစ်ဦးသူ စတီဖင်မှာ အိမ်နီးနားချင်းတစ်ယောက် ဖြစ်လေသည်။

ဂျူလီယံတို့၏ဖခင် 'ကာနယ်ဝှတ်' မှာ သူတို့ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ရာ သူတို့အတွက် လူချင်းတူတူ သူချင်းမျှမျှ နေနိုင်စေရန် ငွေကြေးအမွေ လုံ





လောက်စွာ ထားခဲ့၏။ မိခင် 'မစ္စက်ဝှတ်' မှာမူ ဖရန့်ကို မွေးဖွားပြီးနောက် မီးတွင်းထဲ၌ပင် ကွယ်လွန်ရှာခဲ့၏။

ဖရန့်မှာ အသက် ၁၉ နှစ် ပြည့်သည့်နှစ်၌ စစ်တပ်တွင် နိုင်ငံရေးဆိုင်ရာရာထူးအတွက် လျှောက်လွှာတင်ပြီးဖြစ်၏။ ထိုအချိန်ထိ ဂျူလီယံမှာမူ အလုပ်အကိုင်ဟူ၍ မယ်မယ်ရရ မရှိ။ နောင်ရေးအတွက်လည်း မတွေး၊ သူ၏ဝါသနာအတိုင်း စိုက်ပျိုးရေး မွေးမြူရေးလုပ်ရန်သာ စိတ်ကူးနေသူဖြစ်၏။ သို့သော် ဖခင်ဖြစ်သူ ရှာဖွေစုဆောင်းထားခဲ့သည့် အမွေပစ္စည်းများကို အရင်းအနှီး အဖြစ်သုံး၍ ဥယျာဉ်ခြံမြေ ဝယ်ယူရမည့် အရေးကိုမူ ရင်လေးနေမိသဖြင့် လုပ်ငန်းမဖြစ်သေးဘဲ အခါအခွင့်ကောင်းကို စောင့်နေရင်း ချစ်ဦးသူစတီဖင်နှင့်သာ ရွှေလက်တွဲရန် စိတ်ကူးယဉ်လျက် အချိန်များကို ကုန်လွန်စေခဲ့လေသည်။

ထိုစဉ်က တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရှားပါးကုန်များကူး၍ ကောင်းသည့်နေရာမှာ အင်္ဂလန်ပြည်တောင်ပိုင်းကမ်းခြေတစ်လျှောက်လုံး ဖြစ်၏။ အဓိကကျသော နေရာမှာ 'ဒေါဆက်' နယ် ဖြစ်၏။ မှောင်ခိုကုန်သည်များသည် ဂိုဏ်းများဖွဲ့ကာ ကတ္တူလှေကြီးများဖြင့် ညစဉ်ညတိုင်း ဥဒဟို ဝင်ထွက်သွားလာလျက် ရှိကြ၏။ မှောင်ခိုဖမ်းဆီးရေးအဖွဲ့တို့မှာ အခါတိုင်းလိုလိုပင် သူတို့အား တစ်ပတ်ရိုက်၍ သွားသည်များကို မခံမရပ်နိုင်လောက်အောင် ဒေါပွလျက်ရှိနေကြကုန်၏။ မြောက်ဘက်မှ တောင်ဘက်ရှိ 'ပုတ်လင်း' အထိ ကျယ်ပြန့်သော ကမ်းရိုးတန်းကြီးမှာ မှောင်ခိုလှေတို့အတွက် အခွင့်အရေးကြီးပင် ဖြစ်တော့၏။ ဤသို့ဖြင့် မှောင်ခိုသမားများအား ပိတ်မနိုင်ဆီးမရလောက်အောင် ဖြစ်နေတော့၏။ မှောင်ခိုကုန်များရှာဖွေ၍ ယင်းတို့အား ရှာဖွေဖမ်းဆီးရေးတာဝန်ခံ ကပ္ပတိန် 'ဒေါင်းနင်း' ကမူ အင်္ဂလိပ်ရေလက်ကြားကို ပိတ်နိုင်သူရှိပါက သူ၏ တစ်နှစ်စာ လစာငွေကို ဝမ်းမြောက်စွာပေးပါမည်ဟုပင် ပြောဆိုလျက်ရှိနေ၏။

ဤသို့ဖြင့် မှောင်ခိုလှေတစ်စုသည် မည်သည့်အချိန် မည်သည့်နေရာမှ ထွက်မည်ဟု သတင်းအတိအကျရသည့်တိုင် သူ့အတွက် နောက်ကျခဲ့လေပြီ။ သို့နှင့် ကပ္ပတိန် ဒေါင်းနင်း က –

"ဒီအင်္ဂလန်ကမ်းခြေတစ်လျှောက်မှာ နေထိုင်ကြတဲ့ လူတစ်ဝက်လောက်ဟာ ဒီမှောင်ခိုသမားတွေနဲ့ အမြဲတမ်း မဟာမိတ်ဖြစ်နေကြတယ်။ ဒါကြောင့် ကျုပ်ရတဲ့ သတင်းတွေဟာ အမှားချည်းပဲ။ အတိအကျမှန်တဲ့သတင်းကို ရပြန်ရင်လည်း အမြဲတမ်း နောက်ကျနေတတ်တယ်။ ဝေးမောက်မှာရှိတဲ့ လူတွေကိုယ်နှိုက်က မှောင်ခိုသမားတွေနဲ့ ပေါင်းပြီး စီးပွားဖြစ်နေကြတော့ မှောင်ခိုကုန်သည်တွေကို အမြဲတမ်း ကာကွယ်တတ်ကြတယ်။ ဒီတော့ ကျုပ်တို့ကို လိမ်ကြတာပေါ့" ဟု မကြာခဏ ပြောဆိုလေ့ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်နှင့်ပြင်သစ်တို့၏ ရှည်လျားလှသော စစ်ပွဲကြီးကြောင့် အင်္ဂလန်တွင် ပြင်သစ်ပိုင်အရက်များ၊ လက်ဝတ်လက်စားများ၊ ပိုးထည်များ သိသိသာသာ ရှားပါးလာ၏။ အင်္ဂလန်ကလည်း ယင်းပစ္စည်းများကို မတင်သွင်းနိုင်အောင် ပိတ်ပင်ပြီးလျှင် မသွင်းမဖြစ်သည့်ကုန်များကိုသာ အဆမတန် အကောက်ခွန်ကောက်၍ ခွင့်ပြုခဲ့၏။ အင်္ဂလန်မှ ကြွယ်ဝချမ်းသာသော သူဌေးများပင်လျှင် အကောက်မဲ့ပစ္စည်းများကို ဈေးချောင်သဖြင့် ဝယ်ယူတတ်ကြလေသည်။

ဤသို့ဖြင့် မှောင်ခိုသမားများ ဝိုင်းဖွဲ့၍ စကားပြောရာတွင် ဖမ်းဆီးသူများအား မိမိတို့ မည်ကဲ့သို့ တစ်ပတ်ရိုက်လိုက်ကြောင်းများကိုသာ အသားယူ၍ ပြောတတ်ကြ၏။ ဤကဲ့သို့ အပေါင်းအသင်းများကြားတွင် ဂျူလီယံလည်း တစ်ယောက်အပါအဝင်ဖြစ်၏။ သို့သော် သူသည် မှောင်ခိုကုန်သည်များနှင့် တိုက်ရိုက်ပေါင်းဖော်ခြင်း မပြုဘဲ ၎င်းတို့အား ကူညီနေသည့် တံငါသည်များနှင့်သာ ပေါင်းခြင်းဖြစ်၏။ မှောင်ခိုကုန်သည်များကို တံငါသည်များက နည်းလမ်းအမျိုးမျိုးဖြင့် ကူညီကာ အခကြေးငွေရရှိကြလေသည်။

တံငါသည်တစ်ဦးက သူ၏ စွန့်စားခန်းတစ်ခုကို ပြောပြရာတွင် ဂျူလီယံမှာ စွန့်စားလိုသူ လူငယ်တစ်ဦးပီပီ အလွန်သဘောကျခဲ့၏။ ထိုတံငါသည်၏ အလုပ်တာဝန်မှာ ဖမ်းဆီးသူတို့အား ပင်လယ်ထဲမှနေ၍ မှောင်ခိုလှေဟန်ဆောင်ပြီးလျှင် မီးဖြင့် လိမ်လည် အချက်ပြရုံသာ ဖြစ်၏။ ထိုအခါ မှောင်ခိုလှေတစ်စင်းမှ မီးပြသည်ထင်ပြီး အကောက်အရာရှိများသည် မော်တော်ဘုတ်များဖြင့် လိုက်ကြသောအခါ ထိုလှေမှာ တံငါလှေဖြစ်နေကြောင်း တွေ့ကြရတော့၏။ သို့နှင့် ဖမ်းဆီးရန်ခက်နေသဖြင့် လွှတ်လိုက်ရတော့၏။ ထိုအချိန်ပိုင်းအတွင်း မှောင်ခိုလှေတို့မှာ ကမ်းခြေမှ အလွယ်တကူပင် ထွက်သွားနိုင်ကြလေသည်။

ဂျူလီယံ ။ ။ "အင်မတန်ကောင်းတဲ့ လှည့်ကွက်ကလေးပဲဗျို့။ ကျွန်တော်လည်း ဒီလိုစွန့်စားခန်းမျိုးတော့ ဝါသနာပါပဲဗျာ။ တစ်နေ့တော့ သူတို့နဲ့ ပေါင်းပြီး စွန့်စားချင်ပါတယ်"

တံငါသည် ။ ။ "ဒီလိုဆိုရင် ကျွန်တော့်မိတ်ဆွေ မှောင်ခိုလှေတစ်စင်းနဲ့ ကျွန်တော် ဆက်သွယ်ပေးနိုင်ပါတယ်။ ကျွန်တော်က ထောက်ခံရင် ခင်ဗျားကို အလွယ်တကူ လက်ခံကြမှာပါပဲ။ အလုပ်ဆိုတာ နေ့တိုင်းလည်း တနင်္ဂနွေနေ့ မဟုတ်ဘူးနော်။ ကျွန်တော်တို့တစ်တွေ ဘယ်လောက်ပဲလှည့်စားနိုင်ပေမဲ့ သူတို့ဘက်က ဝိုင်တဲ့အခါကျရင်တော့ ကျုပ်တို့တစ်တွေ ကွိခနဲ မိမှာပဲ။ ကပ္ပတိန်ဒေါင်းနင်းက အလုပ်လုပ်တဲ့နေရာမှာ အင်မတန် ပညာသားပါတယ်။ ဒီလိုအခါမျိုးကျရင် မှောင်ခိုသမားတွေ ခုခံကြမှာပဲ။ ရန်းရင်းဆန်ခတ် ဖြစ်တဲ့အခါမှာ ကိုယ့်အသက် စတေးခံရတာလည်း ရှိသေးတယ်"





"ကျွန်တော် စွန့်စားချင်ပါတယ်။ ကျွန်တော့်စကားကို မပြင်ပါဘူး"

ထို့နောက် တံငါသည်ကြီးက ဆက်လက်၍ –

"ညကိုလည်း ပျမ်းမျှချင်း မှောင်ခိုကတ္တူ လှေ ၃ စင်းလောက် အမြဲထွက်နေတယ်။ အဲဒီအထဲ အင်္ဂလိပ်လှေက ၂ စင်း၊ ပြင်သစ်လှေက ၁ စင်းပါတယ်။ လှေသားတွေကတော့ အင်္ဂလိပ်ရော၊ ပြင်သစ်ရော ရောနေတယ်။ အများအားဖြင့် တိုက်ရည်ခိုက်ရည် ကောင်းမှ လှေပေါ်မှာ လက်ခံကြတယ်။ အရေးကြုံရင်လည်း တိုက်ရမယ်၊ ခိုက်ရမယ်၊ လက်နက်အပြည့်အစုံပါတယ်။ ဒါပေမဲ့ အစိုးရဘက်သားတွေနဲ့ ဒက်ထိမတိုးမချင်း မတိုက်ကြပါဘူး။ သူတို့ကို မိသွားရင် ကြိုးစင်တက်ရမယ်ဆိုတာ သူတို့ သိသားပဲ။ ပြင်သစ်သင်္ဘောသားတွေတော့ သူတို့ကို မိသွားရင် ထောင်နှစ်ရှည်ကျရုံပဲ၊ အင်္ဂလိပ်သင်္ဘောသားတွေကတော့ ဘုရင်ရဲ့ သစ္စာတော်ခံပြီး အင်္ဂလိပ်သင်္ဘောပေါ်မှာ အမှုထမ်းရတယ်"

"ကျွန်တော် သဘောတူပါတယ် ဘီလီ"

ဂျူလီယံက ပထမဦးဆုံးအကြိမ် တံငါသည်အမည်ကို ခေါ်၍ ပြောလိုက်၏။

"နောက်တစ်ခေါက် ဘယ်ကတ္တူလှေ ထွက်ဦးမယ်ဆိုတာသာ သိပါရစေ။ ကျွန်တော်လည်း ခင်ဗျားနဲ့အတူ စွန့်စားချင်ပါတယ်။

"ဒီလိုဆိုရင် ခင်ဗျားသိသင့်တဲ့လူတစ်ယောက် အကြောင်း ခင်ဗျားကို သတိပေးထားရဦးမယ်။ ကျုပ်တို့ မှောင်ခိုသမားတွေ အကြောက်ဆုံးကတော့ တရားသူကြီး 'ဖော့ကနာ' ပဲ"

ထို့နောက် ဘီလီက ဆက်လက်၍ အင်္ဂလန်ကမ်းခြေမြို့များမှ တရားသူကြီးများမှာ မှောင်ခိုလုပ်ငန်းကို ဂရုမစိုက်ကြသော်လည်း တရားသူကြီး ဖော့ကနာမှာ ဖမ်းဆီးရေးအရာရှိ ကပ္ပတိန်ဒေါင်းနင်းကဲ့သို့ပင် စိတ်ဝင်စားကြောင်း ပြော၍ ထိုတရားသူကြီးဖော့ကနာအား သိမသိ မေးမြန်းရာ ဂျူလီယံက မိမိသိကြောင်း၊ သို့သော် မြင်ရုံသာမြင်ဖူး၍ မရင်းနှီးကြောင်း ပြောပြလေသည်။

"ဒီလူက ချမ်းလည်း ချမ်းသာတယ်။ ကိန်းခန်းလည်း ကြီးတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်က မှောင်ခိုသမားတစ်စုဟာ သူ့အိမ်ကို အတင်းဝင်စီးဖို့ ကြံစည်ဖူးတယ်။ အဲဒီအခါ တိုက်ခိုက်ကြတော့ သူ့အိမ်က အစောင့် ၂ ယောက်သေပြီး မှောင်ခိုဘက်က ၃ ယောက်ကျသွားတယ်။ ၂ ယောက် အဖမ်းခံရတယ်။ အဖမ်းခံရတဲ့ မှောင်ခိုသမားတွေကို လူသတ်မှုနဲ့ချက်ချင်း ကြိုးပေးပစ်တယ်။ ဒီအချိန်ကစပြီး မှောင်ခိုသမားတွေနဲ့ သူနဲ့ကတော့ ကမ္ဘာ့ရန်သူပဲ။ သူက သူနိုင်တဲ့လူကို ညှဉ်းပန်းပေမဲ့ သူခံရတော့မယ်ဆိုရင်တော့ သိပ်ကြောက်တယ်။ ညနေစောင်းရင် အိမ်ပြင်ကို မထွက်ဘူး။ ဒါပေမဲ့ မှောင်ခိုလှေတစ်စင်းရဲ့ သ[illegible]း ကြား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင်တော့ အဲဒီနေရာကို သူရောက်လာတာပဲ။ သူ့မှာလည်း ပစ္စတို တစ်လက် အမြဲဆောင်ထားတယ်။ သူ့ရုံးကို ရောက်သွားရင် တရားသူကြီးအများစုက လွှတ်ပေးလိုက်မဲ့ သူကတော့ ဘယ်တရားခံကိုမှ မှားမှားမှန်မှန် လွှတ်မပေးဘူး။ အားလုံးကို ထောင်ချပစ်တာပဲ။ သူ့ဘက်ကတော့ မှန်တာချည်းပေါ့လေ။ ကျွန်တော့်စကားကို ခင်ဗျား မှတ်ထား။ ဒီငနဲကြီးဟာ တစ်နေ့နေ့တော့ အသတ်ခံရလိမ့်မယ်"

ထို့နောက် ဂျူလီယံသည် နောက်ထပ် သုံးလေးကြိမ်မျှ ဘီလီနှင့်အတူ မှောင်ခိုကုန်သည်တို့၏ဘဝကို တစေ့တစောင်း လေ့လာခဲ့၏။

ဘီလီ၏ အပေါင်းအသင်းများမှာ အများအားဖြင့် တံငါသည်များ ဖြစ်ကြသဖြင့် ဤကဲ့သို့ လူကိုထံတစ်ယောက်နှင့် ပေါင်းသင်းနေသည်မှာ အထူးအဆန်းတစ်ခု ဖြစ်နေ၏။ ဝေးမောက်မှာ ကမ်းခြေနှင့် မဝေးလှသောကြောင့် ဂျူလီယံနှင့် ဘီလီတို့သည် မကြာခဏ အတူတွဲ၍ သွားတတ်ကြလေသည်။

ထိုအခါမျိုးတွင် အမျိုးအမည်မသိသော ကုန်ပစ္စည်းများကို လှည်းများဖြင့် လူအချို့က တိုက်နေသည်ကို တွေ့ရ၏။ အမှန်သော် မှောင်ခိုကုန်သည်များအား ကူညီနေသည့် တံငါသည်မှာ မများလှချေ။ ရေလမ်းမှ ရောက်ရှိလာသည့် ကုန်ပစ္စည်းများကို ကုန်းပိုင်းအတွင်းဘက်သို့ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများ ကပါ ကူညီသယ်ဆောင်ပေးကြရာ အစိုးရဘက်မှ ရိပ်မိမည်စိုးသဖြင့် အများ အားဖြင့် ညပိုင်း၌သာ မီးမထွန်းဘဲ သယ်ဆောင်ကြ၍ အခကြေးငွေကလည်း မျက်မျက်ကလေး ရရှိကြလေသည်။

သယ်ဆောင်ရမည့် ပစ္စည်းများမှာလည်း စည်ပိုင်းများဖြင့် ထည့်ထားသည့် ဝိုင်အရက်များဖြစ်သောကြောင့် အလွန်လေးလံ၍ သယ်ဆောင်ရန် မလွယ်ကူလှချေ။ လမ်းများမှာ အလွန်ကြမ်းတမ်း၍ အချို့နေရာများတွင် မတ်စောက်သော ကုန်းမြင့်ပေါ်မှ အောက်သို့ချကြရ၏။ တစ်ဖန် အပေါ်သို့ပြန်၍ တင်ရသည်လည်း ရှိ၏။

မှောင်ခိုကုန်ကူးခြင်း၊ သယ်ဆောင်ခြင်းကိစ္စတို့မှာ အသက်ပေး၍ လုပ်ကြရသောကြောင့် လုပ်ခထက်ပင် အဖိုးတန်သည် ဆိုရပေမည်။ သို့သော် လွတ်မြောက်သွားသောအခါ သယ်ဆောင်သူများမှာ ကုန်သည်တို့ ရရှိသည်ထက်ပင် ပိုရရှိသဖြင့် ကျေနပ်ကြလေသည်။

ဘီလီက ခေါ်သွားသဖြင့် ဂျူလီယံမှာ ထိုမှောင်ခိုကုန်သည်များ သယ်ဆောင်သည့် တောင်ကြားလမ်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ ထိုနေရာများသို့ သွားရောက်လေ့လာတိုင်း ဂျူလီယံမှာ တံငါသည်များ ဝတ်သည့် ကြမ်းတမ်းသော အဝတ်အစားများကို ဝတ်သွားလေ့ရှိ၏။ ထိုအခါမျိုး၌ လူအချို့တို့သည် ဝိတ်စ





ထုပ်ကြီးများကိုလည်းကောင်း၊ အရက်စည်ကြီးများကိုလည်းကောင်း တောင်ကြားလမ်းအတိုင်း တောင်ကြောပေါ်သို့ ကျောပိုးတက်နေကြသည်ကို မြင်ရ၏။ ခိုးကြောင်ခိုးဝှက် လုပ်ရသဖြင့် လျင်မြန်ဖျတ်လတ်ကြ၏။

ထို့နောက် တောင်ကြောမှတစ်ဆင့် ခဲရာခဲဆစ် ဆင်းကြရပြန်၏။ မြေညီသို့ရောက်ကြသောအခါ အသင့်စောင့်နေသော လှည်းများ မြင်းများပေါ်သို့ တင်ပေးပြီးနောက် လိုရာခရီးသို့ သယ်ဆောင်ကြ၏။ ဤနေရာတွင် အထမ်းသမားများ၏ တာဝန်ပြီးဆုံးလေပြီ။

ဂျူလီယံနှင့် ဘီလီတို့မှာ မိမိတို့အား သင်္ကာမကင်း မဖြစ်စေရန် အထုပ်များကို လှည်းများပေါ်သို့ဝိုင်းဝန်းကူညီတင်ပေးကြရ၏။ ဤသို့ဖြင့် ၎င်းတို့နှစ်ယောက်အား မှောင်ခိုပရိသတ်အဖြစ်ဖြင့်သာ အသိအမှတ်ပြုကြ၏။

ပထမဆုံးအကြိမ် ဘီလီက သူ့အား ထိုနေရာသို့ ခေါ်သွားစဉ်က –

"ခင်ဗျားကို ဘယ်သူကမှ စကားမပြောမချင်း ခင်ဗျားကလည်း စကားတစ်လုံးမှ မပြောတာ အကောင်းဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တစ်တွေ ဒုစရိုက်မှု ကျူးလွန်နေကြတဲ့အချိန်မှာ ခင်ဗျားတို့လို လူကောင်းသူကောင်းတွေက ကိုယ့်အိမ်မှာကိုယ် အိပ်နေကြတယ် မဟုတ်လား။ အမှောင်ထဲမှာ မျက်နှာအုပ်ပြီး အလုပ်လုပ်နေကြတော့ တစ်ယောက်ကိုတစ်ယောက် မသိကြတာက များတယ်။

နို့ပေမဲ့ အသံကိုတော့ ကျက်မိကြတယ်။ သူတို့ကျက်မိနေတဲ့ အသံမဟုတ်ရင်တော့ မလွယ်ဘူး။ ခင်ဗျား အမြဲသတိထားရမှာက သူတို့ချင်း အချက်ပေးတဲ့အသံပဲ။ အဲဒီအသံ ကြားရင် ခင်ဗျား ကိုယ်လွတ်ရုန်းပြေးပေတော့။ အဲဒါ ဖမ်းဆီးမယ့်လူတွေ ရောက်လာပြီလို့ အချက်ပေးတဲ့အသံပဲ။ ကျွန်တော်လည်း ပြေးမှာပဲ။ လုပ်ငန်းထဲမှာ အရင်းအနှီးစိုက်ထားတဲ့ လူတွေသာ ခုခံတိုက်ခိုက်ကြမယ်" ဟု ဘီလီက တဖွဖွ ပြောသော စကားများကို ပြန်လည် သတိရနေမိတော့၏။

သူ့အား ဖမ်းမိသွားစဉ်အခါက သူသည် ရှောင်တိမ်းချိန်မရ၊ ထွက်ပြေးချိန်လည်း မရခဲ့ချေ။ မှောင်မိုက်သော ညတစ်ညတွင် သူနှင့် ဘီလီတို့သည် မှောင်ခိုကုန်သည်တို့ စုဝေးရာ တောင်ကြားဒေသသို့ ထွက်လာခဲ့ကြ၏။ သူတို့ရောက်သွားသောအချိန်တွင် မှောင်ခိုကုန်များကို လှည်းနှင့် မြင်းများပေါ်သို့ တစ်ဝက်တစ်ပျက် တင်ပို့ပြီး ဖြစ်၏။ သူတို့သည် ကပ္ပတိန်ဒေါင်းနင်းနှင့် အဖွဲ့အား ဤဆွာနိုက်ဒေသမှ တခြား တစ်နေရာသို့ သွားရောက်ရန် တစ်ပတ်ရိုက်ခဲ့ပြီးဖြစ်သဖြင့် အေးအေးဆေးဆေးပင် လုပ်ကိုင်လျက်ရှိနေကြ၏။

သို့သော် အချို့ကုန်ပစ္စည်းများမှာ တစ်ဝက်တစ်ပျက် ကျန်ရှိနေသေး၏။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေရာ မမျှော်လင့်ဘဲ အသံနက်

www.burmeseclassic.com



ကြီးတစ်ခုက "အားလုံးငြိမ်၊ လက်မြှောက်ထားလိုက်ကြ၊ လူဆိုးသူဆိုးတွေ" ဟု အော်သံတစ်သံကို ကြားလိုက်ရ၏။ တစ်ချိန်တည်းမှာပင် တရားသူကြီး ဇော့ကနာကိုယ်တိုင် သူ၏ပစ္စတိုကို မိုးပေါ်သို့ ထောင်၍ ဖောက်ကာ၊ မှောင်ခို လူစုရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်လာသည်ကို တွေ့လိုက်ရ၏။ သူ၏နောက်တွင် လက်အောက်ငယ်သားအချို့နှင့် အကောက်ဘက်ဌာနမှ လူများပါ ပါလာကြ၏။

မှောင်ခိုသမားများမှာ ရုတ်တရက် ကြောင်၍သွားပြီးနောက် ချက်ချင်းပင် အဖက်ဖက်မှ သူတို့အား ဝိုင်းဝန်းပိတ်ဆို့ထားကြောင်း သိကြရ၏။ ဇော့ကနာ၏ အော်သံကြီးကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဂျိမ်းစ်ဝင်းဂုတ်ကို ဆုပ်ကိုင်ဖမ်းဆီးလိုက်ကြောင်း သိလိုက်ရ၏။ သူသည် ပထမ မရုန်းကန်သော်လည်း ထိုစစ်သားက "ဗြိတိသျှ အရှင်မင်းမြတ်၏ အမည်နာမတော်ဖြင့် ကျွန်ုပ်သင့်ကို ဖမ်းလိုက်သည်။ သင် မခုခံနှင့်တော့" ဟု ပြောလိုက်သဖြင့် အလွယ်တကူပင် အဖမ်းခံလိုက်ရ၏။ အချို့သူများမှာ အပြင်းအထန် ရုန်းကန်လျက်ရှိရာ၊ အချို့လည်း ထွက်ပြေးရန် ကြိုးစားလျက်ရှိနေကြ၏။ ဆူသံအော်သံ ခြိမ်းခြောက်သံ၊ တောင်းပန်တိုးလျှိုးသံများ မှောင်ထဲတွင် ဆူညံစွာ ရှိနေလေသည်။

သို့သော် ကမ်းခြေစောင့် တပ်တစ်တပ်လုံး လာရောက်ဖမ်းဆီးခြင်းဖြစ်သဖြင့် တစ်ယောက်မကျန် အဖမ်းခံကြရလေသည်။ ဂျူလီယံကို ဖမ်းသော 'ဝင်းဖီးလ်' သည် သူတို့၏ ခေါင်းဆောင် 'ဗီလ်ကင်း' ထံသို့ ဂျူလီယံကို ပေးအပ်လိုက်ရာ ဂျူလီယံက အလွယ်တကူ အဖမ်းခံသဖြင့် အခြားသူများကဲ့သို့ လက်ထိပ်မခတ်ဘဲ ဗီလ်ကင်းက သူ၏လက်ကို ကိုင်ရုံသာ ကိုင်ထားလေသည်။

ထိုအချိန်တွင် စစ်သားများက မီးတုတ်များကို ထွန်းညှိလိုက်ကြသဖြင့် မီးလင်း၍သွားသောအခါ ကမ်းခြေစောင့်စစ်သားများသာမက အကောက်ဌာနဘက်နှင့် တရားသူကြီး ဇော့ကနာ၏လူများလည်း ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မှောင်ခိုသမားများဘက်မှမူ ပစ္စည်း အတော်များများ ပါသွား၏။ ထိုအချိန်၌ ကမ်းစပ်တွင် ကုန်းဘောင်ထိုးထားသည့် မှောင်ခိုကတ္တူလှေတစ်စင်းကိုပါ ၎င်းတို့က ခုခံသော်လည်း လက်ရဖမ်းဆီးလိုက်၏။

တရားသူကြီး ဇော့ကနာသည် မြင်းစီး၍ ကမ်းခြေသို့ဆိုက်ရောက်လာပြီး စည်းဝိုင်းပြတ်တစ်လုံးပေါ်တွင် ထိုင်ကာ မှောင်ခိုသမားအားလုံးကို ၎င်းထံ ခေါ်လာရန် အော်ဟစ်အမိန့်ပေးလိုက်၏။

သူသည် ကြမ်းတမ်းခက်ထန်သော လေသံဖြင့် တစ်ယောက်စီ မေးခွန်းအမျိုးမျိုးထုတ်ပြီးနောက် ၎င်းတို့၏ အမည်စာရင်းများကို သူ၏မှတ်တမ်းစာအုပ်





တွင် ရေးထည့်လျက်ရှိ၏။ ဂျူလီယံသည် လက်များကို နောက်သို့ပစ်ကာ သူ၏ ရှေ့မှောက်သို့ ရောက်လာလေသည်။

ဂျူလီယံမှာ တံငါသည် အဝတ်အစားများကို ဝတ်ထားသော်လည်း ဇော့ကနာက ရိပ်မိဟန်လက္ခဏာဖြင့် ဂျူလီယံ၏ တင်းမာသော မျက်နှာထားကို အကဲခတ်ကာ တံတွေးတစ်ချက် ထွေးလိုက်ပြီးနောက် –

"ကဲ ... ဆိုစမ်း ... သူခိုး၊ ဂျပိုးကလေး၊ မင်း ဒီမှာ ဘာလာလုပ်သလဲ မင်းကို ထောင်ထဲမှာ ၆ လလောက် ထည့်ထားလိုက်ရင်တော့ မင်းအကျင့်စာရိတ္တ ကောင်းလာမှာပဲ" ဟု ပြောလိုက်၏။

ဂျူလီယံမှာ မျိုးရိုးဇာတိအားဖြင့် ဘုရင့်သစ္စာတော်ခံဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသည်ဖြစ်သောကြောင့် ဤကဲ့သို့ အပြောခံလိုက်ရသောအခါ ထောင်းခနဲ ဒေါသထွက်လျက် –

"ဒီလိုယုတ်မာတဲ့ စကားတွေ ကျွန်တော့်ကို ပြောဖို့ ခင်ဗျားမှာ အခွင့်အရေး မရှိဘူး။ ခင်ဗျားဟာ တရားသူကြီးတစ်ယောက်၊ ကျွန်တော်က ဘုရင်မင်းမြတ်ရဲ့ အကျဉ်းသားတစ်ယောက်၊ ဒီလို ကျွန်တော့်ကို တိုင်းထွာပြီး ပြောဖို့မလိုဘူး" ဟု ဂျူလီယံက ပြောလိုက်လေသည်။

ဇော့ကနာသည် နေရာမှ ပေါ့ပါးလျင်မြန်စွာ ဝုန်းခနဲ ထ၍ရပ်လိုက်ပြီးနောက် ဂျူလီယံအား စားတော့ဝါးတော့မည့်ကဲ့သို့ ကြည့်လျက်ရှိနေ၏။ မည်သူကမျှ သူ့အား ဤကဲ့သို့ ခုခံပြောဆိုဝံ့ခြင်း မရှိချေ။

"မင်း တယ်ရိုင်းတဲ့ ကောင်ကလေးပါလား။ လူကြည့်တော့ ကျွန်သဘောက်လောက်တောင် တန်ဖိုးမရှိဘူး။ ငါလို တရားသူကြီးတစ်ဦးကို မင်းအခုလို အော်ငေါက်ပြီး ခံပြောတဲ့အတွက် မင်းဟာ ထောင် ၆ လထက်ပိုပြီး ကျခံစေရမယ်"

ထို့နောက် သူတို့နှစ်ယောက်သည် တစ်ယောက်တစ်ခွန်း ဆူညံစွာ အော်ဟစ်လျက်ရှိနေကြ၏။ ဂျူလီယံက ဇော့ကနာသည် တရားသူကြီးတစ်ဦး၏ ဂုဏ်သိက္ခာနှင့် မပြည့်စုံကြောင်း၊ သူတစ်ပါးအရေးကို ဝင်ရောက်စွက်ဖက်တတ်ကြောင်း၊ တရားခံများအပေါ်တွင် ဘက်လိုက်တတ်ကြောင်း၊ လူများကို အထင်အမြင် သေးတတ်ကြောင်း စသည်ဖြင့် စွပ်စွဲလျက်ရှိလေသည်။

ဇော့ကနာ၏ မျက်နှာပေါ်တွင် ရှက်ခြင်း၊ ရှုံ့ခြင်း၊ ဒေါသထွက်ခြင်းများ အတိုင်းသားပေါ်လွင်လျက် ရှိနေ၏။ ဂျူလီယံကမူ သူသိသမျှ မချွင်းမချန် ဖွင့်ချလျက်ရှိနေ၏။ ဇော့ကနာမှာ နောက်ဆုံး သည်းမခံနိုင်တော့သဖြင့် –

"အေး ... ငါ့စကား မင်းမြဲမြဲမှတ်ထားစမ်း၊ မင်းရဲ့ နိဂုံးဟာ ခေါင်းဖြတ်စက်ပေါ်မှာ အဆုံးသတ်ရမယ်ဟေ့ မျိုးမစစ်ကလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်စကားလည်း ခင်ဗျား ကောင်းကောင်းမှတ်ထားပါ။ မကြာခင်ပဲ ခင်ဗျား ဗိုက်ရွဲကြီးမှာ ကျည်ဆံတွေ ဆန်ကာပေါက်ဖြစ်စေရမယ်"

ဖော့ကနာမှာ တရားသူကြီး ဘဝကို လုံးဝမေ့သွားကာ ကြီးမားသော သူ၏ လက်သီးကြီးဖြင့် ဂျူလီယံ၏မျက်နှာကို တအားကျုံး၍ ထိုးလိုက်သဖြင့် ရှန်းရင်းဆန်ခတ် ဖြစ်သွားတော့၏။

အကောက်အရာရှိများမှာ အလွန်အကျွံ ဖြစ်သွားမည်ကို စိုးရိမ်ကြသဖြင့် ဖော့ကနာအား တောင်းပန်ချော့မော့ကာ ဝိုင်း၍ ဆွဲထားကြရ၏။ သို့သော် သူသည် အတင်းရုန်းကန်လျက်ရှိရာ အကျဉ်းသားများ ဘက်မှလည်း "မတရား လုပ်နေတာ ... မတရားလုပ်နေတာ" ဟု အော်ဟစ်လျက်ရှိကြ၏။ ထိုအခိုက် ကပ္ပတိန်ခေါင်းနင်း ရောက်လာသဖြင့် အားလုံးငြိမ်သက်သွားလေသည်။

ဂျူလီယံသည် မမျှော်လင့်ဘဲ ခံလိုက်ရသော လက်သီးဒဏ်ကြောင့် ရုတ်တရက် မူး၍လဲကျသွားရာမှ ကိုယ်ကို ချက်ချင်းပြန်၍ မတ်မတ်ရပ်လိုက်၏။ နှာခေါင်းမှ သွေးများထွက်လာ၏။ မဟုတ်မခံတတ်သော ဂျူလီယံမှာ အစောင့်စစ်သားများ လက်မှလွတ်ထွက်ကာ ဖော့ကနာအား ခုန်၍အုပ်လိုက်ပြီးနောက် သူ၏ကိုယ်ကြီးကို ချီမြှောက်ကာ မီးပုံရှိရာသို့ လျှောက်သွား၏။ ကပ္ပတိန် ခေါင်းနင်းနှင့် အစောင့်များကသာ အချိန်မီ မတားဆီးနိုင်ခဲ့ပါမူ သူ၏ကိုယ်ကြီးမှာ မီးပုံထဲသို့ ကျသွားမည်မှာ မလွဲပေ။

ဖော့ကနာမှာ ရှက်လည်းရှက်၊ ဒေါသကိုလည်း မထိန်းနိုင်တော့ဘဲ ဂျူလီယံထံသို့ တိုးဝင်ကာ လုံးထွေးသတ်ပုတ်ရန် ကြိုးစားသေး၏။ သို့သော် ကပ္ပတိန်ခေါင်းနင်းက အတင်းဆွဲကာ တရားသူကြီးတစ်ယောက်အနေဖြင့် ဤသို့ ပြုလုပ်ရန် မသင့်ကြောင်း သတိပေးလိုက်သောအခါမှ မှောင်ထဲသို့ ဝင်ကာ သူ၏ တပည့်များနှင့်အတူ ပျောက်ကွယ်သွားတော့၏။

အကျဉ်းသားအားလုံးကို ကပ္ပတိန်ခေါင်းနင်းက ထိန်းသိမ်းခေါ်ဆောင်သွားပြီးနောက် ဝေးမောက်အချုပ်ခန်းတွင် ချုပ်ထားလိုက်၏။ ထိုအထဲတွင် ဂျူလီယံလည်း ပါဝင်လေသည်။ သူသည် မှောင်ခိုသမား မဟုတ်ဘဲ ပွဲကြည့် ပရိသတ် တစ်ယောက်သာ ဖြစ်သဖြင့် မှောင်ခိုသမားများနှင့်အတူ ထောင်မကျနိုင်ဟု ယူဆထား၏။

သူသည် အခြားအကျဉ်းသားများနှင့်အတူ ကြမ်းပြင်ပေါ်တွင် လှဲအိပ်လိုက်ရာ အရှယ်ကလည်း ကောင်း၊ ကျန်းမာရေးကလည်း ကောင်းသူတစ် ယောက် ဖြစ်သောကြောင့် ချက်ချင်းလိုပင် အိပ်မောကျ၍သွားလေသည်။

***



## ၂

နောက်တစ်နေ့နံနက်တွင် ဂျူလီယံ၏ ညီတော်မောင် ဖရန့်သည် အဝတ်အစားလဲနေစဉ် အစေခံတစ်ယောက် ဝင်လာပြီးနောက် –

"အိမ်ရှေ့မှာ သူ့ကိုယ်သူ ဘီလီဘောစတော့လို့ ပြောတဲ့ တံငါသည် တစ်ယောက် ရောက်နေပါတယ် သခင်။ သူက သခင်နဲ့စကားပြောလိုတဲ့အတွက် ကျွန်တော့်ကို ဝင်ခွင့်တောင်းနေပါတယ် ခင်ဗျား ... သခင်တွေ့လိုပါသလား"

ယမန်နေ့ညနေက အစ်ကိုဖြစ်သူ ဂျူလီယံ ပြန်မလာသဖြင့် စိတ်ပူနေစဉ် ဂျူလီယံ၏ မိတ်ဆွေ တံငါသည် ဘီလီက တွေ့လိုပါသည်ဆိုသောအခါ ဖရန့်သည် အကြောင်းတစ်ခုခု ထူးပြီဟုထင်ကာ အိမ်ရှေ့ခန်းသို့ ပြေးထွက်ခဲ့၏။ ဂျူလီယံသည် ဘီလီ၏ တံငါလှေနှင့် မကြာခဏ ပင်လယ်သို့ ထွက်တတ်ကြောင်း ဖရန့် သိပြီးဖြစ်၏။ ဘီလီ တစ်ယောက်တည်းလာသည်ကို အံ့သြ၍နေမိလေသည်။

"မင်္ဂလာနံနက်ခင်းပါ ဘီလီ။ ဘာများ အကြောင်းထူးလို့ မနက်အစောကြီး ရောက်လာပါလိမ့်မယ်" ဖရန့်က ဘီလီကို စတင် နှုတ်ဆက်လိုက်၏။

ကိစ္စမှာ မိမိထင်ထားသည်ထက်ပင် ရှုပ်ထွေးနက်နဲလေသလော။ ဘီလီသည် နှစ်ယောက်တည်း လျှို့ဝှက်စွာ စကားပြောလို၍သာ အခန်းအပြင်ဘက်သို့ မိမိအား ခေါ်ခြင်းဖြစ်ဟန်တူ၏။ သို့နှင့် သူသည် အပေါ်အင်္ကျီကို ဝတ်ပြီးနောက် ဦးထုပ်ကိုဆွဲ၍ ဆောင်းကာ အပြင်သို့ ထွက်၍ လိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်သို့ ရောက်လျှင် ဘီလီက –

“ကျွန်တော်တို့တော့ တော်တော်အဖြစ်ဆိုးနဲ့ ကြုံလာခဲ့ရတယ်။ နာမည်ပျက်လောက်တဲ့ အမှုတစ်ခုနဲ့ ကျွန်တော်တို့ အဖမ်းခံရတယ် ဖရန့်”

“ဘာမှုလဲ၊ ဘယ်လိုဖြစ်ကြတာလဲ”

“မှောင်ခိုမှုပါ မစ္စတာဖရန့်။ အဲဒီမှာ ခုခံတဲ့လူက ခုခံလို့ တိုက်ပွဲတောင်ဖြစ်သွားတယ်။ ကျွန်တော်လည်း ကိုယ်လွတ်ရုန်းပြေးခဲ့ရလို့ အဖြစ်အပျက်အတိအကျတော့ မသိဘူး။ မှောင်ခိုကုန်သည်တွေဘက်က သေနတ်နဲ့ပစ်ဖမ်းခံရတဲ့ လူတွေလည်းရှိတယ်။ လက်ရအဖမ်းခံရတဲ့လူတွေလည်း ရှိတယ်။ ဒါပေမဲ့နောက်ဆုံး ကျွန်တော်ကြားရတဲ့ သတင်းကတော့ မစ္စတာ ဂျူလီယံဟာ လက်ရအဖမ်းခံရတဲ့ လူတွေထဲမှာ ပါသွားတယ်။ အကောက်အရာရှိဘက်က လူတစ်ယောက်လည်း ကျသွားတယ်ဆိုပဲ”

အလွန်အံ့ဩသည့်ဟန်ဖြင့် –

“ဂျူလီယံ ... ဟုတ်လား။ သူက ဘာဖြစ်လို့ မှောင်ခိုကုန်သည်တွေ အဖမ်းခံရတဲ့အထဲမှာ ပါတာလဲ။ သူနဲ့ဘာဆိုင်လို့လဲ”

ဘီလီက တောင်းပန်တိုးလျှိုးသည့်ဟန်ဖြင့် –

“ဟုတ်ပါတယ် ခင်ဗျာ၊ အဖြစ်က ဒီလိုပါ။ မစ္စတာ ဂျူလီယံဟာ လူငယ်တစ်ဦးပီပီ စွန့်စားမှုကို အပျော်သဘောမျိုး ကျူးလွန်ချင်တယ်။ မှောင်ခိုသမားတွေရဲ့ ဘဝကိုလည်း သိချင်တယ်။ ဒါကြောင့် ကျွန်တော်နဲ့အတူ သူဟာ မှောင်ခိုကုန်သည်တွေ စုရုံးတဲ့နေရာကို မကြာခဏ သွားတတ်ကြပါတယ်”

“ဘုရား ... ဘုရား” ဟု ဖရန့်က ရေရွတ်မိ၏။ ထို့နောက် ဖရန့်က ဆက်လက်၍ –

“ကျွန်တော်တော့ ဒီလိုကိစ္စကို အိပ်မက်ထဲတောင် ထည့်မမက်ဖူးဘူး ဘီလီ။ ဂျူလီယာဟာ ဒီလိုကိစ္စတွေကြားထဲ ဘာလို့များ ဝင်ရှုပ်ချင်ရပါလိမ့် မိုက်လိုက်တာ”

ဖရန့်သည် စိတ်မရှည်တော့သည့်ဟန်ဖြင့် ဘီလီအား လက်ကို ဖမ်း၍ဆွဲလိုက်ပြီးနောက် –

“ပြောစမ်းပါဗျာ၊ တကယ့်အဖြစ်အပျက် အသေးစိတ်ကို”

သို့နှင့် ဘီလီမှာ မျက်နှာငယ်ကလေးဖြင့် အဖြစ်အပျက်အလုံးစုံကို အစမှအဆုံး ပြောပြရှာလေသည်။ ဘီလီ၏ စကားလမ်းဆုံးသွားသောအခါ ဖရန့်က –

“ဒီကိစ္စအတွက် ကပ္ပတိန်ဒေါင်းနင်းဆီကို ကျုပ်သွားတွေ့မယ်။ သူဟာ ကျုပ်အဖေရဲ့ မိတ်ဆွေရင်းတစ်ယောက်ပဲ။ ဂျူလီယံအတွက် တစ်ခုခုတော့





ဆောင်ရွက်ပေးနိုင်မှာပဲ” ဟု ပြောကာ ဖရန့်သည် ခြေလှမ်းကျဲကြီးများဖြင့် ဘီလီကိုပင် နှုတ်မဆက်နိုင်ဘဲ သူ၏အိမ်ထဲသို့ ဝင်သွားတော့၏။ သူ၏ ဦးနောက်မှာ ယောက်ယက်ခတ်၍ နေပြီးလျှင် မျက်နှာမှာလည်း တင်းမာခက်ထန်လျက် ရှိနေ၏။ အိမ်ထဲသို့ ဝင်မိသောအခါ အဒေါ်ဖြစ်သူနှင့် ပက်ပင်းတိုးနေသဖြင့် ဖရန့်သည် ဂျူလီယံအကြောင်းကို အဒေါ်ဖြစ်သူအား ဆိုင်းမဆင့်ဗုံမပါ ပြောချလိုက်တော့၏။ အဒေါ်ဖြစ်သူမှာ မိန်းမသားတစ်ယောက်ဖြစ်သည့်အတိုင်း တစ်ခါတည်း ငိုကြွေးရှာလေသည်။

နံနက်စာကို ကတိုက်ကရိုက် စားသောက်ပြီးနောက် ဖရန့်သည် တရားစီရင်သည့် ခုံရုံးရှိရာသို့ ထွက်လာခဲ့၏။ ရုံးသို့ရောက်သောအခါ ယမန့်နေ့ညက ဖမ်းဆီးရမိခဲ့သည့် မှောင်ခိုကုန်သည်များကို နေ့လယ် ၁ နာရီတွင် ဤရုံး၌ စစ်ဆေးမည်ဖြစ်ကြောင်း၊ တရားခံများကို မတွေ့နိုင်သေးကြောင်း သိရှိရ၏။ သို့နှင့် ဖရန့်သည် ပင်လယ်ကမ်းခြေဘက်သို့ ခြေဦးလှည့်ရပြန်၏။ ထိုမှတစ်ဆင့် သင်္ဘောဆိပ်ဝသို့ရောက်သွား၏။ သူ၏ရည်ရွယ်ချက်မှာ ကပ္ပတိန်ဒေါင်းနင်း စီးနင်းလိုက်ပါမည့် သင်္ဘောကို စောင့်ကြိုပြီးလျှင် ၎င်းအား ကြိုတင်တွေ့ဆုံနိုင်ရန် ဖြစ်လေသည်။

အချိန်ကြာမြင့်စွာ စောင့်ပြီးနောက် မွန်းတည့် ၁၂ နာရီလောက်တွင်မှ သင်္ဘောဆိုက်ကပ်လာတော့၏။ ကျောက်ချပြီးသောအခါ သစ်လွင်သော ယူနီဖောင်းကို ဝတ်ဆင်ထားသည့် ကပ္ပတိန် ဒေါင်းနင်းအား တွေ့ရပြီးလျှင် ၎င်းအား ကမ်းခြေစောင့် စစ်တပ်ခေါင်းဆောင်တစ်ဦးက အလေးပြု ကြိုဆိုသည်ကို မြင်လိုက်ရ၏။ သူတို့နှစ်ယောက် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ဆိပ်ခံဘောတံတားပေါ်တွင် အရေးကြီးသော ကိစ္စတစ်ခုကို ဆွေးနွေးနေကြဟန်တူ၏။ သို့နှင့် ဖရန့်မှာ ကမ်းတစ်ဘက်တွင် စောင့်ဆိုင်းနေရ၏။ သူတို့ချင်း စကားပြော၍ပြီးလောက်သောအခါ ဖရန့်သည် ဆိပ်ခံတံတားပေါ်သို့ ဆင်းသွားပြီးနောက် ကပ္ပတိန်ဒေါင်းနင်းအား တွေ့ဆုံနှုတ်ဆက်လေသည်။ သူတို့ချင်းမှာ သိကျွမ်းရင်းနှီးပြီး ဖြစ်သည့်အတိုင်း ကပ္ပတိန်ဒေါင်းနင်းကပင် ဖရန့်အား စတင် နှုတ်ဆက်လေသည်။

“ဟော့ ... ချာတိတ်၊ မင်းအစ်ကို ကိစ္စလာတာ မဟုတ်လား။ မင်းအစ်ကိုကတော့ကွာ စိပဲ။ သူနဲ့ လုံးဝ မဆိုင်တဲ့နေရာမှာ သူ့ကို ဖမ်းမိလိုက်ရတယ်။ ဒါပေမဲ့ သူ့ကို သူတို့ ဘာမှလုပ်နိုင်မယ် မဟုတ်ပါဘူး။ သူကလည်း ဒီလိုနေရာမျိုး မရောက်သင့်ဘူး။ ပြီးတော့ အစိုးရအမှုထမ်းတွေကို ခုခံတဲ့ အထဲမှာ သူ မပါဘူးဆိုတာ သိရတော့ သူ့ကို ငါဆွဲထုတ်နိုင်လိမ့်မယ်လို့ ထင်တယ်။ ခက်တာက တရားသူကြီး ဖော့ကနာကို သူကကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ ပုတ်ခတ်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပဲကွ။ အဲဒါကို အကြောင်းပြုပြီး ဖော့ကနာက သူ့ကို အသရေဖျက်မှုနဲ့ စွဲချက်တင်ထားတယ်။ ပြီးတော့ ဒီမှောင်ခိုကုန်သည်တွေကို လှုံ့ဆော်တယ်ပေါ့ကွာ။ ဒါကြောင့်မို့ မနေ့ညက ငါ သူ့ကို ဆွဲထုတ်မရဘဲ ဒီကောင် ထောင်ထဲမှာ အိပ်ရတာပေါ့”

ဖရန့်က နားထောင်သည့်ဟန်ဖြင့် ဦးခေါင်းကို အသာညိတ်ပြလိုက်၏။ သူ့တွင် တစ်စုံတစ်ရာ ပြန်၍ပြောရန် မရှိတော့ချေ။ ထို့နောက် ဖရန့်သည် ကပ္ပတိန်ဒေါင်းနင်းအား နှုတ်ဆက်၍ အိမ်သို့ ခေတ္တပြန်ခဲ့ပြီးလျှင် နာရီဝက်ခန့်ကြာသောအခါ တရားခွင်သို့ပြန်၍ ရောက်လာပြန်၏။ ထိုအချိန်တွင် လူအုပ်ကြီးမှာ တရားရုံးအဝတွင် ကြိတ်ကြိတ်တိုးလျက် ရှိနေသဖြင့် အထဲသို့ ဝင်ရန် ခဲယဉ်းလျက်ရှိ၏။ သို့ရှိစဉ် ကပ္ပတိန်ဒေါင်းနင်း ရောက်လာ၍ သူ့ကိုပါ လူအုပ်ကြီးကြားမှ ရုံးခန်းထဲသို့ ခေါ်ခဲ့ပြီးလျှင် ရှေ့နေများအတွက်ထားသော ခုံတစ်နေရာတွင် ထိုင်စေ၏။

ဝေးမောက်မြို့တွင် ထိုအမှုမှာ အလွန်ရေပန်းစားလျက်ရှိနေ၏။ အမှန်သော် ဖမ်းမိသည့်အထဲတွင် ဝေးမောက်မြို့ခံ လူသုံးလေးယောက်မျှသာ ပါသော်လည်း ဤမျှ ကြီးမားသော လူအုပ်ကြီးက စိတ်ဝင်စားကြသည်မှာ ယခင်ကကဲ့သို့ ရိုးရိုးဖမ်းမိသည့် အကျဉ်းသားများ အမှုမဟုတ်ဘဲ ခုခံတိုက်ခိုက်ရင်းမှ ဖမ်းမိသော အကျဉ်းသားများ ပါဝင်သောကြောင့် ဖြစ်လေသည်။

လူအုပ်ကြီးသည် အကွပ်မရှိသော ကြမ်းကဲ့သို့ဖြစ်နေ၏။ သူ့ထက်ငါ တရားခွင်ကို မြင်ရရန် နေရာလုနေကြ၏။ အသံကို အုပ်၍ အချင်းချင်း တီးတိုးပြောဆိုလျက်ရှိကြရာမှ တရားခွင်သို့ တရားသူကြီးသုံးဦး ဝင်လာသောအခါမှ ငြိမ်သက်သွားတော့၏။ သို့သော် တရားသူကြီး အဖွဲ့ဥက္ကဋ္ဌ ကာနယ်ချမ်းဘား ဝင်လာသည်ကို မြင်လိုက်ကြရသောအခါ ဝမ်းသာသည့် အာလုပ်သံများ တီးတိုးထွက်လာပြန်၏။ အကယ်၍သာ ကာနယ်ချမ်းဘားသည် ဤအမှုစစ်ဆေးရာသို့ မလာရောက်နိုင်ပါက ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဖော့ကနာက ဥက္ကဋ္ဌရာထူးကို ယူရမည် ဖြစ်၏။ ထိုအခါ အကျဉ်းသားတို့၏ အခွင့်အရေးများစွာ နစ်နာပေတော့မည်။

နောက်မိနစ် အနည်းငယ်ခန့်ကြာသောအခါ အကျဉ်းသား ၁၂ ယောက်ကို ခေါ်ထုတ်လာ၏။ ပြင်သစ် ငါးယောက်နှင့် အင်္ဂလိပ်နှစ်ယောက် ဖြစ်၍ ၎င်းတို့အားလုံးပင် မှောင်ခိုကုန်သည်များဖြစ်ကြ၏။ နောက်နှစ်ယောက်မှာ ကုန်တင်လှည်းမောင်းသော လယ်သမားတစ်ယောက်နှင့် တံငါသည်တစ်ယောက် ဖြစ်၏။ နံပါတ် ၁၁ မှာ ဝေးမောက်မှ ပင်လယ်သို့ ထွက်ပြေးလွတ်မြောက်ခါနီးတွင် ဖမ်းဆီးရမိသော သင်္ဘောသားတစ်ယောက်ဖြစ်၏။ အားလုံးပင် မှိုင်တွေလျက်ရှိရာ



BURMESE CLASSIC .com



နောက်ဆုံး နံပါတ် ၁၂ အဖြစ် ထွက်လာသူကား မျက်နှာတွင် စိုးရိမ်မှု လုံးဝမပေါ်လွင်သော ဂျူလီယံပင် ဖြစ်လေသည်။

အကျဉ်းသားအချို့မှာ ခေါင်းတွင် ပတ်တီးများ စည်းလျက် တစ်ယောက်နှစ်ယောက်မှာ လက်ကို အဝတ်စဖြင့် လည်ပင်းတွင် သိုင်းချည်ထား၏။ အချို့မှာ မျက်နှာနှင့်လည်ပင်းတွင် ကုတ်ရာခြစ်ရာများဖြင့် ပြည့်လျက်ရှိ၏။ ဂျူလီယံမှာမူ မျက်လုံးနှစ်လုံးတွင် ညိုမည်းလျက်ရှိနေ၏။

အကျဉ်းသားများ ထုတ်လာစဉ် လူအုပ်ထဲမှ ညည်းတွားသံများ၊ စုတ်သပ်သံများ ခပ်အုပ်အုပ် ထွက်ပေါ်လာ၏။ ထို့ကြောင့် ရှေ့ဖတ်စာရေးဖြစ်သူက “အားလုံးငြိမ်ကြစမ်း” ဟု အော်ဟစ်လိုက်ရလေသည်။ ထို့နောက် တရားစစ်ဆေးခြင်း စတော့၏။ ပထမဆုံး တရားလိုပြ သက်သေမှာ မစ္စတာ မိုဘိုင်း ဖြစ်၍ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် ဖြစ်၏။ သူ၏ ထွက်ဆိုချက်မှာ –

“ကျွန်တော်တို့တစ်တွေဟာ နိုင်ငံတော်က တားမြစ်ထားတဲ့ မှောင်ခိုကုန်တွေကို အကောက်မဲ့ထုတ်သွင်းနေကြောင်း ကြားသိရတာ ကြာပါပြီ။ အခုဒီကုန်တွေ ခိုးသွင်းတဲ့နေရာကို အတိအကျ သတင်းရတဲ့အခါမှာတော့ ကျွန်တော်ဟာ မစ္စတာဖော့ကနာ အဖွဲ့နဲ့အတူ အဲဒီနေရာကို သွားရောက်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ သတင်းရတဲ့အတိုင်း တွေ့ရပါတယ်။ ဒါပေမဲ့ မှောင်ခိုကုန်သည်တွေဟာ စုစုစည်းစည်း မရှိသေးတော့ ကျွန်တော်တို့လည်း ဒီအတိုင်းပုန်းအောင်းကြည့်နေခဲ့ပါတယ်။ မကြာခင်မှာပဲ အကောက်အရာရှိများလည်း ရောက်လာကြပါတယ်။ သူတို့နဲ့အတူ ကမ်းခြေစောင့် ပုလိပ်တပ်ပါ ပါလာပါတယ်။ နောက်ဆုံး ကျွန်တော်တို့ကို လူဆိုးတွေဘက်က တွေ့သွားပြီး သူတို့အချင်းချင်း အချက်ပေးတဲ့အခါကျတော့ ကျွန်တော်တို့လည်း ရှောင်လွှဲမနေနိုင်တော့ဘဲ ဝင်ဖမ်းကြပါတယ်။ ကျွန်တော်တို့ ဝင်ဖမ်းရတာ မလွယ်ပါဘူး။ ကျွန်တော်တို့ရည်ရွယ်ချက်မှာလည်း တစ်ဂိုဏ်းလုံး တစ်ယောက်မကျန် လက်ရဖမ်းဖို့ပါ။ ဒါပေမဲ့ ခုခံတဲ့လူက ခုခံကြပါတယ်။ ဒီမှာတင် အနီးကပ်တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်ကြပြီး မှောင်ခိုကုန်သည်တစ်ယောက် ကျသွားပါတယ်။ သုံးယောက်က ဒဏ်ရာအပြင်းအထန်ရနေလို့ ဒီရုံးတော်ကို ရောက်မလာနိုင်ပါဘူး။ ကျွန်တော်တို့ဘက်ကလည်း တစ်ယောက်ကျသွားပြီး နှစ်ယောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါတယ်”

တရားလိုပြသက်သေ မစ္စတာမိုဘိုင်း၏ ထွက်ဆိုချက် အဆုံးသတ်လိုက်သောအခါ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက –

“တရားခံတွေဘက်က လျှောက်လဲမယ့် ပုဂ္ဂိုလ်ရော ရှိပါသလား” ဟု မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဖရန့်၏နံဘေးတွင် ရှေ့နေတို့၏ ဝတ်စုံပြည့်ဝတ်ဆင်ထားသူ လူတစ်ယောက်က ခုံပေါ်မှထ၍ –

"ကျွန်တော် မစ္စတာ ဂျူလီယံအတွက် သူ့ကိုယ်စားလျှောက်ခွင့်ပြုဖို့ တောင်းခံပါတယ် ခင်ဗျာ" ဟု ပြောလိုက်၏။ ဖရန့်သည် ထိုသူအား တအံ့တဩ ကြည့်မိ၏။ ဥပမိရှပ်ကောင်း၍ အတွေ့အကြုံ ပြည့်ဝနေပုံရ၏။ သူ၏အစ်ကို ဂျူလီယံသည် မည်သည့် အချိန်က ရှေ့နေငှားလိုက်သည့်အကြောင်းကို ဝိုး၍ပင် အံ့ဩနေမိလေသည်။

တရားသူကြီးက သဘောတူကြောင်း ဦးခေါင်းကို ညိတ်၍ပြလိုက်ပြီးလျှင် ထိုသူအား ပြန်၍အထိုင်ခိုင်းလိုက်လေသည်။ လူအုပ်ထဲမှ ရေရွတ်သံများ ထွက်လာပြန်၏။

ထို့နောက် တရားလိုပြ သက်သေများဖြစ်သော ကမ်းခြေစောင့် ပုလိပ်အဖွဲ့ဝင်များက တစ်ယောက်ပြီးတစ်ယောက် သူတို့ ဆောင်ရွက်ခဲ့ရပုံ၊ ဖမ်းဆီးခဲ့ရပုံများကို သက်သေခံပြီးလျှင် သူတို့ဖမ်းခဲ့သော တရားခံများကို လက်ညှိုးထိုးထောက်ပြ၏။ ပထမပုလိပ်တပ်ဖွဲ့ဝင်ငါးယောက်မှာ ဂျူလီယံနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထွက်ဆိုခြင်း မပြုချေ။

ထို့နောက် ဂျူလီယံကို လက်ရဖမ်းဆီးခဲ့သော ဂျိမ်းဝင်းဖီးလ်သည် ဝက်ခြံထဲသို့ တက်လာ၏။ သူ၏အမည်၊ ရာထူးနှင့် လူမျိုးအကြောင်းကို ပလ္လင်ခံပြီးနောက် ထွက်ဆိုသည်မှာ –

"မစ္စတာမိုဘိုင်းမှာ ဖမ်းဖို့ ကျွန်တော်တို့ကို အမိန့်ပေးတာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ ရာဇဝတ်သားတွေအုပ်ထဲကို ပြေးဝင်သွားပါတယ်။ လူအုပ်ထဲမှာ ထူးထူးခြားခြား တုတ်တုတ်ခိုင်ခိုင်နဲ့ ကုတ်အကျီအိတ်ထဲ လက်နှိုက်ပြီး ကျွန်တော်တို့ကို ကြည့်နေတဲ့ လူတစ်ယောက်ကို တွေ့ရပါတယ်။ ဒီလူဟာ ခေါင်းဆောင်ဖြစ်ရမယ်ဆိုတဲ့အထင်နဲ့ ကျွန်တော်နဲ့ ဟင်နရီဝင်းဖီးလ်တို့ သူ့ကို ဖမ်းချုပ်လိုက်ကြပါတယ်။ ဒီလူဟာ မစ္စတာဂျူလီယံ ဖြစ်ကြောင်း နောက်မှ ကျွန်တော်သိရပါတယ်" ဟု ထွက်ဆို၏။

ထို့နောက် သူသည် ဂျူလီယံ အပြင် နောက်ထပ် သူဖမ်းခဲ့သော အခြားအကျဉ်းသားများကိုလည်း လက်ညှိုးညွှန်ထောက်ပြပြီးနောက် သူ၏ထွက်ဆိုချက်ကို နိဂုံးချုပ်လိုက်လေသည်။

ထိုအခါ ဂျူလီယံဘက်မှ လိုက်ပါဆောင်ရွက်မည့် ရှေ့နေကြီးသည် နေရာမှ ထလိုက်ပြီးနောက် တရားလိုပြသက်သေ ဂျိမ်းဝင်းဖီးလ်အား စေ့စေ့ကြည့်ပြီးနောက် –





"ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် ခင်ဗျား ပထမဦးဆုံးဖမ်းတာ မစ္စတာ ဂျူလီယံ နော်"

"ဟုတ်ပါတယ် ခင်ဗျား"

"ခင်ဗျား သူ့ကို တွေ့တော့ သူဟာ မှောင်ခိုကုန်သည်တွေ နည်းတူ လှုပ်ရှားနေသလား"

"ဟင့်အင်း ... သူဟာ ရပ်ကြည့်နေတာလောက်ပါပဲ"

"ပြီးတော့ ခင်ဗျားတို့ ဖမ်းတုန်းက သူဟာ ရုန်းကန်သေးသလား၊ ခုခံသေးသလား"

"ခုခံတယ်လို့တော့ မဆိုနိုင်ပါဘူး။ ပထမဦးဆုံး ကျွန်တော်တို့ဟာ သူ့နားရောက်သွားပြီး သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်တော့ သူဟာ တုန်လှုပ်သွားပါတယ်။ ဒီနောက် ရုန်းကန်ဖို့ ကြိုးစားပါသေးတယ်။ ကျွန်တော်က ကျွန်တော်တို့ဟာ ပုလိပ်အဖွဲ့က ဖြစ်ပြီး အရှင်မင်းမြတ်ရဲ့ကိုယ်စား သူ့ကို ဖမ်းလိုက်ပြီလို့ ပြောတဲ့အခါမှာ သူဟာ ငြိမ်ငြိမ်ကလေးပဲ အဖမ်းခံပါတယ်"

ထို့နောက်ပြောစရာ မကျန်သည့်ဟန်ဖြင့် နေရာတွင် ပြန်၍ ထိုင်ချလိုက်၏။ သို့သော် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက ဆက်လက်၍ ဂျိမ်းဝင်းဖီးလ်အား –

"ခင်ဗျား လက်ရဖမ်းတဲ့အချိန်မှာ တရားခံရဲ့ကိုယ်ပေါ်မှာ လက်နက်တစ်စုံတစ်ရာတွေ့သလား"

"ဘာလက်နက်မှ မတွေ့ပါဘူး"

နောက်ထပ် တရားလိုပြ သက်သေမှာ မစ္စတာဟင်နရီဝီလ်ကင် ဖြစ်၏။ သူ၏ သက်သေထွက်ဆိုချက်မှာ ဂျူလီယံနှင့် ပတ်သက်၍ ဝင်းဖီးလ်အတိုင်းပင် ဖြစ်၏။ သို့သော် သဘော်ဖြင့် ထွက်ပြေးရန်ကြိုးစည်သူ တရားခံများကမူ အမှောင်ထဲတွင် တိုက်ပွဲဖြစ်ကြောင်းနှင့် ပုလိပ်အဖွဲ့ကို ခုခံကြောင်းများ ထွက်ဆိုသွားကြ၏။

ဂျူလီယံဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက မတ်တတ်ရပ်လိုက်ပြီးလျှင် တရားသူကြီးအဖွဲ့ကို ခွင့်တောင်း၍ ဂျူလီယံသည် မှောင်ခိုကုန်သည်တို့နှင့် ပတ်သက်နေသည်ဟု မည်သူမျှ သက်သေမပြနိုင်ကြောင်း၊ ဖမ်းဆီးသူ ပုလိပ်အဖွဲ့ကိုလည်း လုံးဝမခုခံကြောင်း စသည်ဖြင့် လျှောက်လဲလေသည်။

ထိုနည်းတူ လယ်သမား ၂ ဦးဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေတစ်ဦးကလည်း သူ၏အမှုသည်များ လွတ်ရာလွတ်ကြောင်းနှင့် မလွတ်သည့်တိုင် သက်သာရာ သက်သာကြောင်းများကို အကြောင်းအမျိုးမျိုးပြကာ လျှောက်လဲသွားလေသည်။

တရားလိုပြသက်သေများနှင့် တရားခံများဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေများ ထွက်ဆိုလျှောက်လဲပြီးကြသောအခါ တရားသူကြီးအဖွဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချင်းဆိုင်ကာ တိုင်ပင်လျက်ရှိကြလေသည်။ ထိုအချိန်၌ ရုံးရှေ့ရှိ ပရိသတ်ကြီးမှာ အပ်ကျသံပင် ကြားရအောင် ငြိမ်သက်လျက်ရှိလေသည်။

သို့နှင့် နောက်ဆယ်မိနစ်ခန့်အကြာတွင် တရားသူကြီးအဖွဲ့က တရားခံကိုးဦးကို ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် အပြစ်ပေးလိုက်၏။ လယ်သမားတရားခံများကိုမူကား တစ်ယောက်လျှင် ပေါင် ၅၀ စီ ဒဏ်ငွေ တပ်ရိုက်လိုက်၏။ ဂျူလီယံအတွက်ကား မည်သို့မျှ ဆုံးဖြတ်ချက်မချချေ။

ဖရန့်မှာ သူ၏အစ်ကိုအပေါ်တွင် ချမှတ်မည့် အမိန့်ကို စောင့်မျှော်လျက်ရှိနေ၏။ သို့သော် ဂျူလီယံအပေါ်တွင် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်မချဘဲ တရားသူကြီးများ တစ်ဖန်ပြန်၍ ခေါင်းချင်းဆိုင် တိုင်ပင်လျက်ရှိကြရာ ဖရန့်သည် နားမလည်နိုင်သဖြင့် သူ၏နံဘေးတွင် ထိုင်နေသော ရှေ့နေကြီးအား မေးမြန်းလျက် ရှိနေ၏။ ရှေ့နေကြီးက ဂျူလီယံအပေါ်တွင် ဖော့ကနာ၏ စွပ်စွဲချက်များ ရှိသေးကြောင်း၊ ထို့ကြောင့် ဆုံးဖြတ်ချက် မချသေးကြောင်း၊ သို့သော် ကြောက်စရာ မလိုကြောင်း၊ ဥက္ကဋ္ဌကြီး ရှိနေသည်နှင့်အမျှ မစ္စတာဖော့ကနာသည် ထင်ရာ မစိုးနိုင်ကြောင်း စသည်ဖြင့် ပြောပြလေသည်။

မကြာမီ ရှေ့ဖတ်စာရေးက ဂျူလီယံအပေါ်တွင် ဖော့ကနာ တင်ထားသော စွဲချက်များကို ဖတ်ပြပြီးလျှင် တရားလိုပြ သက်သေအဖြစ် သူကိုယ်တိုင် အစပထမဦးစွာ အစစ်ခံရန် ခေါ်လိုက်၏။

ဖော့ကနာ၏စွပ်စွဲချက်တွင် ဤအမှုတွင် ဖမ်းဆီးခြင်းခံရသူ တစ်ဦးစီကို ခေါ်ယူ၍ အမည်စာရင်းများကို သူကိုယ်တိုင် ရေးမှတ်ခဲ့ကြောင်း၊ ဂျူလီယံကို မေးသောအခါ ဂျူလီယံက သူ့အား ပုဂ္ဂိုလ်ရေးအရ အသရေပျက်စေသော စကားများကို ပြောခဲ့ကြောင်း၊ ဆဲရေးတိုင်းထွာခဲ့ကြောင်း ထို့ပြင် သူ့ကို ချီမကာ မီးပုံထဲသို့ ပစ်ချရန် ကြံစည်ကြောင်း၊ ပုလိပ်အဖွဲ့ကသာ အချိန်မီမတားဆီးနိုင်လျှင် သူ့မှာ သေဖွယ်ရာသာ ရှိကြောင်း၊ ထို့ကြောင့် ဂျူလီယံကို အသရေဖျက်မှု၊ လူသတ်ရန် ကြံစည်မှုတို့ဖြင့် တရားစွဲဆိုပါကြောင်းဖြင့် စီကာပတ်ကုံး ထွက်ဆိုလျှောက်ထားလေသည်။

ထိုအခါ ဂျူလီယံ၏ရှေ့နေကြီးသည် ထိုင်ရာမှ ဖြေးညင်းစွာ ထလိုက်ပြီးနောက် ဖော့ကနာအား – "ခင်ဗျားဟာ တရားသူကြီးတစ်ယောက် ဖြစ်ပါတယ်။ ဟုတ်တယ် မဟုတ်လား"

ဖော့ကနာသည် ထိုမေးခွန်းကို ပြန်၍မဖြေချေ။ သို့နှင့် ရှေ့နေကြီးက–

"ရုံးတော်က အပြစ်ရှိတယ်လို့ မယူဆသေးတဲ့ တရားခံတစ်ယောက်ကို တရားသူကြီးတစ်ယောက်အနေနဲ့ ဆဲရေးတိုင်းထွာခွင့် မရှိပါဘူး။ ခင်ဗျားဟာ မစ္စတာဂျူလီယံကို တွေ့စကတည်းက စပြီး ဆဲရေးတိုင်းထွာခဲ့တယ်"





"ဒီဟာကို ကျွန်တော် လုံးဝငြင်းတယ်"

ရှေ့နေကြီးက လေသံအေးအေးဖြင့် –

"ဒါလောက်တောင် ဒေါသဖြစ်စရာ မလိုပါဘူး မစ္စတာ ဖော့ကနာ။ လောလောဆယ်ဆယ် အခြေအနေမှာ ခင်ဗျားဟာ တရားသူကြီး မဟုတ်တော့ပါဘူး။ တရားလိုပြ သက်သေဖြစ်ပါတယ်။ ဒါကြောင့် တခြားသက်သေများနည်းတူ ကျွန်တော့်မေးခွန်းတွေကို ဖြေပါ။ ဝေးမောက်မြို့က ဂုဏ်သရေရှိ ကာနယ်တစ်ယောက်ရဲ့သားကို လူဆိုး၊ သူခိုး၊ ဂျပိုး၊ မိမစစ် ဖမစစ် ကလေးထောင်ထဲမှာ ခြောက်လလောက်သွားနေရင် မင်းရဲ့ အကျင့်စာရိတ္တတွေ ပြန်ကောင်းလာမှာပဲလို့ ပြောတာဟာ ဆဲရေးတိုင်းထွာတယ်လို့ ခင်ဗျား မယူဆဘူးလား"

"ဒီစကားလုံးတွေ ကျုပ် သုံးခဲ့တယ်ဆိုတာ ကျုပ် ငြင်းဆိုတယ်"

"ကောင်းပါပြီ။ ခင်ဗျားဟာ ဒီလို စကားတွေ သုံးခဲ့တယ်။ ပြောခဲ့တယ်ဆိုတာ သက်သေပြဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ အခြားခုခံကာကွယ်ဖို့ သက်သေထွက်ချက်တွေလည်း ပြရမှာပါ။ မစ္စတာ ဖော့ကနာရဲ့ စွဲချက်ထဲမှာ ဂျူလီယံဟာ မစ္စတာဖော့ကနာကို ဆဲရေးတိုင်းထွာပြီး သေစေရမယ်လို့ ခြိမ်းခြောက်ခဲ့တယ်လို့ ဆိုတယ်။ သူဟာ အကြောင်းမဲ့တော့ ဒီလို ဆဲရေးတိုင်းထွာပြီး ခြိမ်းခြောက်မှာ မဟုတ်ဘူး။ ခင်ဗျားက ဘာပြောလို့ သူက ဒီလိုဆိုရတာလဲ မှတ်မိသလောက် ရုံးတော်ကို ပြန်ပြောပြစမ်းပါ။ နောက်ပြီး မစ္စတာဂျူလီယံက ခင်ဗျားကိုဘယ်လိုဆဲရေးတိုင်းထွာခဲ့သလဲဆိုတာကိုပါ ရုံးတော်ကို ပြောပြပါ"

"သူက ပြောတယ်။ ကျွန်တော့်ကြောင့် ဒီတရားသူကြီးအဖွဲ့ဟာ ကျက်သရေယုတ်သတဲ့"

ရုံးတွင်းရှိ လူများအားလုံးက တစ်ညီတစ်ညွတ်တည်း ရယ်လိုက်ရာ မထိန်းနိုင်လောက်အောင် ဖြစ်သွားတော့၏။ ဖော့ကနာမှာ ဒေါသလည်းထွက်၊ ရှက်လည်းရှက်ဖြစ်ကာ မျက်နှာမထားတတ်အောင် ဖြစ်သွားလေသည်။

"ကောင်းပါပြီ မစ္စတာဖော့ကနာ၊ ဒီကိစ္စဟာ ဆဲရေးတိုင်းထွာတယ်ဆိုတာထက် အချင်းချင်း တစ်ဦးအပေါ်တစ်ဦး အမြင်ကိုပြောဆိုတာသာ ဖြစ်ပါတယ်။ ကဲ ... နောက်ထပ်ကော သူက ဘာတွေ ပြောသေးသလဲ"

"ပြီးတော့ ကျုပ်ဟာ အိမ်နီးနားချင်းတွေကို အမြဲတမ်း ကျိန်ဆဲနေသတဲ့"

"ဒါလည်း သဘောထား တင်ပြတာတစ်ခုပါပဲ"

"နောက်ပြီး ကျုပ်ဟာ ကုပ်ချောင်းကုပ်ချောင်းနဲ့ အမြဲတမ်း သူတစ်ပါးကို မကောင်းကြံစည်နေသတဲ့။ ပြီးတော့ သူတစ်ပါးအတွင်းရေးကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



စွက်ဖက်သတဲ့။ ပြီးတော့လည်း သူတစ်ပါး အကျိုးစီးပွားကို အမြဲ တမ်း နှောင့်ယှက်ဖျက်ဆီးနေတဲ့ မြွေခွေးအိုကြီးတဲ့”

တရားခံများထံမှ တဝါးဝါး ရယ်သံများ ပေါ်လာပြန်၏။ အချို့အသံများတွင် “ခင်ဗျား … မဟုတ်ဘူးလား”၊ “သူပြောတာတွေ မှန်သားပဲ” စသည်တို့ပင် ပါလာရာ ဥက္ကဋ္ဌဖြစ်သူက ချက်ချင်း တိတ်ကြရန် အမိန့်ပေးလိုက်ရ၏။ တစ်ချိန်တည်းပင် ဆူညံသူတို့အားလုံးကို အခန်းထဲမှ ဆွဲထုတ်ပစ်ရန် ရဲသားတစ်ယောက်အား အမိန့်ပေးလိုက်၏။ သို့နှင့် ရုံးတော်မှာ တိတ်ဆိတ်သွားလေသည်။

“အင်း … ဒီတစ်ချက်ကတော့ ခင်ဗျားရဲ့ ကိုယ်ပိုင်သိက္ခာကို စော်ကားရာကျတယ်လို့ ကျွန်တော်ဝန်ခံပါတယ်။ ဒါပေမဲ့ လူဆိုးသူခိုး မိမစ် ဖမစ်ဆိုတဲ့ စကားလုံးလောက်တော့ မကြမ်းတမ်းပါဘူး။ ထားပါတော့၊ ဒုတိယစွပ်စွဲချက်ဖြစ်တဲ့ ခင်ဗျားကို သူက သတ်ပစ်မယ်လို့ ဘယ်လိုခြိမ်းခြောက်သလဲ”

“ရှင်းနေသားပဲဗျာ။ မကြာခင် တစ်နေ့နေ့မှာ ကျွန်တော့်ဗိုက်ထဲ ကျည်ဆံတွေ ပစ်သွင်းမယ်လို့ ပြောတာဟာ သတ်ဖို့ ခြိမ်းခြောက်တာပဲပေါ့”

“ဒါဟာ ကြိုတင်နိမိတ်ဖတ်ခြင်း သက်သက်ပါ၊ ခြိမ်းခြောက်တာ မဟုတ်ပါဘူး။ ပြီးတော့ ဒီစကားကြောင့် သူကိုယ်တိုင် ခင်ဗျားကို ပစ်သတ်ပါ့မယ်လို့ အဓိပ္ပာယ် မသက်ရောက်ပါဘူး။ ခင်ဗျားကရော ဒီသဘော သက်ရောက်တယ်လို့ ရုံးတော်ကို သက်သေပြနိုင်ပါ့မလား”

“ဒီသဘောကလွဲလို့ ဘယ်သဘောသက်ရောက်ရမှာလဲ ရှေ့နေကြီးရဲ့”

ထို့နောက် ရှေ့နေကြီးက ယင်းစကားလုံးသည် အခြားအဓိပ္ပာယ်မျိုးများစွာ သက်ရောက်နိုင်ကြောင်း၊ ဖော့ကနာမှာ မှောင်ခိုသမားများအား ဖမ်းဆီးရာတွင် စိတ်ဝင်စားသည်မှာ ထင်ရှားကြောင်း၊ သို့ဖြစ်၍ မှောင်ခိုသမားများက သူ့အား သတ်ရန် ကြံစည်နေကြောင်း၊ လွန်ခဲ့သော လေးနှစ်ခန့်ကပင် ဤကဲ့သို့ ကြံစည်ခြင်း ခံခဲ့ရဖူးသည်မှာ ထင်ရှားကြောင်း၊ ထိုအကြောင်းများကို ဂျူလီယံက ရည်ရွယ်၍ ပြောခြင်းဖြစ်ဟန်တူကြောင်း၊ ဂျူလီယံ၏မျိုးရိုးဇာတိကို သူက ထိခိုက်ပြောဆိုသည်မှာ ထင်ရှားကြောင်း၊ တရားခံ၏မျက်နှာကို ကြည့်ခြင်းဖြင့် အထိုးခံရသည့် လက်သီးချက်၊ မည်မျှပြင်းထန်သည်ကို သိနိုင်ကြောင်း၊ အထက်ပါအချက်များကို အခြားသက်သေများကလည်း တစ်ညီတစ်ညွတ်တည်း ထွက်ဆိုသဖြင့် အမှန်ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှေ့နေကြီးသည် အလွမ်းအဆော ညှပ်ကာ ပညာသားပါပါဖြင့် အကွက်ကျကျ အချက်ပိုင်ပိုင် လျှောက်လဲလေသည်။

အခြားတရားလိုပြ သက်သေများကလည်း ရှေ့နေကြီး လျှောက်လဲသည့်အတိုင်းပင် ထွက်ဆိုကြသဖြင့် မစ္စတာဖော့ကနာ၏ စွပ်စွဲချက်မှာ ထင်





သလောက် မထိရောက်ဘဲ ရှိလေသည်။ ထို့နည်းတူ ကပ္ပတိန်ဒေါင်းနင်း၏ သက်သေခံချက်မှာလည်း ဖော့ကနာ၏ စွပ်စွဲချက်ကို တစ်စုံတစ်ရာ အထောက်အကူ မပြုချေ။

ကပ္ပတိန်ဒေါင်းနင်းအား စစ်ဆေးပြီးသောအခါ တရားသူကြီးနှစ်ဦးတို့မှာ အတန်ကြာ ဆွေးနွေးလျက် ရှိနေကြ၏။ ထို့နောက် တရားသူကြီးအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူက အောက်ပါအတိုင်း အမိန့်ချမှတ်လေသည်။

“ကျွန်ုပ်တို့ တရားသူကြီးအဖွဲ့အနေဖြင့် မစ္စတာဂျူလီယံအပေါ်တွင် မစ္စတာဖော့ကနာ၏ စွပ်စွဲချက်များသည် အခြေအမြစ် မရှိဟု ယူဆပါသည်။ ထို့ကြောင့် မစ္စတာ ဂျူလီယံအား တရားသေလွှတ်ရန် တရားသူကြီးအဖွဲ့က သဘောတူပါသည်။ သို့သော် တရားသူကြီးအဖွဲ့သည် မစ္စတာ ဂျူလီယံအား နောင်ကောင်းမွန်စွာ နေထိုင်ရန်၊ ယခုအမှုသည် နောင် သူ၏တစ်သက်တာ အတွက် သင်ခန်းစာဖြစ်စေရန်နှင့် ဤသို့သောအရှုပ်အထွေးမျိုးထဲတွင် ပါဝင် ခြင်းမပြုရန်၊ ထို့ပြင် ပွဲကြည့်ပရိသတ်အနေဖြင့်လည်း ထိုနေရာများသို့ မရောက်ရှိ ရန် သတိပေးလိုက်သည်”

တရားသူကြီး၏စကားဆုံးသွားသောအခါ ရုံးတော်အတွင်းရှိနေ သည့် ပရိသတ်သည် လပ်ခုတ်လက်ဝါးတီးကာ ဩဘာပေးကြသဖြင့် ရှေ့ဖတ် စာရေးက အော်ငေါက်၍ပင် ထိန်းလိုက်ရ၏။ ဤကဲ့သို့ ဩဘာပေးခြင်းမှာ ဂျူလီယံအပေါ်တွင် သံယောဇဉ် ကြီးသောကြောင့်ပေလော။ သို့မဟုတ် ဖော့ကနာ အရေးနိမ့်၍ သွားသောကြောင့်ပေလော မပြောတတ်ပေ။

***



www.burmeseclassic.com

www.burmeseclassic.com

## ၃

ညဦးပိုင်းတွင် လရောင်ကလေးသည် ဆီးနှင်းများကြားမှ မှုန်ဝါးဝါး သာလျက်ရှိရာ တစ်ခါတစ်ခါတွင် လေညင်းကလေးကလည်း တိုက်ခတ်လျက် ရှိလေသည်။

ဂျူလီယံသည် ကုတ်အင်္ကျီကို အပေါ်မှ ထပ်၍ ဝတ်ကာ မြင်းဇောင်းမှ သူ၏မြင်းကို ထုတ်ယူခဲ့ပြီးနောက် မြေနီလမ်းကလေးအတိုင်း ထွက်ခွာခဲ့လေသည်။

ဂျူလီယံမှာ ထိုအမှုမှ တရားသေ လွတ်ခဲ့သော်လည်း သူ၏မျိုးရိုးဂုဏ်သိက္ခာကို ညှိုးမှိန်ထိခိုက်စေခဲ့သည်မှာ အမှန်ပင် ဖြစ်တော့၏။ အမှုမှာ လွတ်ခဲ့သော်လည်း အဒေါ်ဖြစ်သူနှင့် ညီငယ်ဖရန့်တို့ကို စိတ်ထဲမှ အလိုအလျောက် ရှက်ကြောက်နေ၏။ အဒေါ်ဖြစ်သူနှင့် ညီငယ်ဖရန့်တို့ကလည်း သူ့အား ခပ်တန်းတန်း ဆက်ဆံလျက်ရှိရာ အဒေါ်ဖြစ်သူကမူ သူ ဤကဲ့သို့ဖြစ်ခဲ့ရသည့်အတွက် တစ်ဖျစ်တောက်တောက် မြည်တွန်တောက်တီးလျက်ရှိတော့၏။ သို့နှင့် သူသည် အိမ်ထဲတွင် တစ်ပတ်ခန့် ကုတ်၍နေခဲ့ရလေသည်။

ထိုနေ့ညနေတွင် ကလေးတစ်ယောက်က စာတစ်စောင်လာ၍ပေးရာ စာအိတ်ပေါ်မှ လက်ရေးကို ကြည့်ခြင်းဖြင့် မိမိချစ်သူ စတီဖင်၏ လက်ရေးဖြစ်ကြောင်း ချက်ချင်းပင် သိလိုက်၏။

အမှုဖြစ်စဉ်က သူသည် စတီဖင်အား ခေတ္တမေ့လျော့နေခဲ့၏။ သူ၏အမှုမှာ ဝေးမောက်တစ်မြို့လုံးတွင် ရေပန်းစား၍ နေခဲ့ရာ ထိုအကြောင်းကို ကြားသိလိုက်ရသော စတီဖင်မှာ အလွန်စိတ်ထိခိုက်၍ နေရှာတော့၏။





ဂျူလီယံသည် အဒေါ်ဖြစ်သူက တားမြစ်ထားသဖြင့် အိမ်တွင်းအောင်းကာ အိမ်ထဲတွင်ကုတ်၍ အောင့်အီးနေခဲ့ရာမှ ထိုနေ့ညနေတွင် စတီဖင်ထံမှ လွမ်းဆွတ်ပူဆွေးကြောင်း စာကလေးကိုရသဖြင့် ဤကဲ့သို့ အိမ်မှ ထွက်လာခဲ့ခြင်းဖြစ်၏။ သို့သော် လူမြင်မခံလိုသဖြင့် မှောင်စပျိုးချိန်သို့ရောက်မှ ထွက်လာခဲ့ခြင်းဖြစ်လေသည်။

မကြာမီ သူသည် ကျောက်ခင်းလမ်းကလေးအတိုင်း ဖြတ်သန်းလာရာ ထိုနေရာတွင် မြင်းခွာသံများ ပိုမိုကျယ်လောင်လာ၏။ သို့နှင့်သူသည် မြင်းဇက်ကို ခပ်တင်းတင်းကလေး ဆွဲကာ အရှိန်ကို လျှော့လိုက်၏။ ထိုလမ်းကလေးကို ကျော်လျှင် ဝက်သစ်ချ တောထဲသို့ရောက်တော့မည် ဖြစ်၍ တောစပ်တွင် ချစ်သူ၏ တိုက်အိုကြီး တွေ့ရပေတော့မည်။ သို့နှင့် သူ၏ရင်မှာ တဒိတ်ဒိတ်ခုန်လျက်ရှိနေ၏။

ဤလမ်း ဤနေရာ ဤအချိန်မျိုးတွင် ဂျူလီယံသည် ချစ်သူနှင့် ယခင်က ချိန်း၍ တွေ့တိုင်း ညီလေး ဖရန့်လည်း ပါလာတတ်၏။ ထိုစဉ်က ညီအစ်ကို နှစ်ယောက်တို့မှာ တတွဲတွဲ ရှိနေခဲ့ကြ၏။ ရည်စားသည် အိမ်သို့ အစ်ကိုသွားသည်ကိုပင် ညီဖြစ်သူ ဈာန်မချနိုင်ဘဲ လိုက်၍ ပို့တတ်လေသည်။

မိဘမဲ့ ညီရင်းအစ်ကိုပင် ဖြစ်ကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောချင်းကား မတူကြချေ။ ဂျူလီယံမှာ လယ်ယာကိုင်းကျွန်းလုပ်ကိုင်၍ အိုးမကွာအိမ်မကွာ နေလိုသော ဆန္ဒရှိသော်လည်း ဖရန့်ကမူ အစိုးရအမှုထမ်းတစ်ယောက်အဖြစ်ဖြင့် အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်လည်ကာ ရာထူးရာခံကြီးလိုသူ တစ်ယောက် ဖြစ်လိုသော ဆန္ဒရှိ၏။ သို့သော် ညီအစ်ကို နှစ်ယောက်တို့၏ တူညီသော အချက်တစ်ခုမှာ နှစ်ဦးစလုံးပင် အကြောင်းရှိက အသက်ကို ပဓာနမထားဘဲ စွန့်စွန့်စားစား တိုက်ခိုက်လိုကြ၏။

ထိုဝက်သစ်ချတောအုပ်ကလေးမှာ မြို့နှင့် အတော်ပင် အလှမ်းကွာသော်လည်း ယခင်က ရောက်နေကျ ဖြစ်သည့်အတိုင်း တစ်စုံတစ်ရာ ကြောက်ရွံ့ရန် မရှိချေ။ တောအုပ်တစ်ခုလုံးမှာ မှောင်၍နေသော်လည်း အချို့နေရာတွင် လရောင်သည် သစ်ပင်ထိပ်ဖျားနှင့် သစ်ရွက်ကြားမှ ပြောက်တိပြောက်ကျား ထိုးဖောက်ကျရောက်လျက်ရှိနေ၏။

သူ၏ချစ်သူ စတီဖင်၏ တိုက်အိုကြီးမှာ အပေါ်တွင် အချွန်အတက်များဖြင့် ပြီးလျက် အလယ်ခေတ်လောက်မှ ပုံစံအတိုင်း ဆောက်ထားသည့် အဆောက်အအုံကြီး ဖြစ်၏။ ပုံသဏ္ဌာန်အားဖြင့် အလယ်ခေတ် မှူးကြီးမတ်ရာ မြို့စားနယ်စားများ နေထိုင်သည့် ရဲတိုက်ငယ်ကလေးတစ်ခုနှင့် တူ၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယံသည် စတီဖင်ကို စတင်တွေ့ရစဉ်က ရုပ်ရှင်ဝတ္ထုဆန်ဆန် တွေ့ခဲ့ရသောကြောင့် ယခုတိုင် ၎င်း၏မျိုးရိုးဇာတိနှင့် အဆင့်အတန်းကို အတိအကျ မသိရသေးချေ။ မေးမည်ပြုတိုင်းလည်း ရှိန်းရာကျမည်စိုးသဖြင့် မမေးဖြစ်ခဲ့ချေ။ ထောက်လှမ်းစုံစမ်းရန်မှာလည်း အဆက်အသွယ်မရှိချေ။ စတီဖင်တို့မိသားစုသည် ဤဝေးမောက်မြို့တွင် မည်သည့်အသိအကျွမ်းမျှလည်း မရှိ၊ အဆက်အသွယ်လည်း မရှိ၊ တစ်ရပ်တစ်ကျေးမှ ပြောင်းလာကြသူများအဖြစ်ဖြင့်သာ သိရလေသည်။ အသေအချာ သိရသည့်အချက်မှာ စတီဖင်သည် ဗြိတိသျှလူမျိုးမဟုတ်ဘဲ ရုရှားလူကလေးဖြစ်နေခြင်းပင် ဖြစ်၏။ ၎င်းမှာ အနောက်တိုင်းသူများနှင့် ရောယှက်မရအောင် ချောမောလှပသည်ဟု ထင်မိ၏။ မျက်လုံးအိမ်မှာ ခပ်ညိုညိုရှိပြီးလျှင် ဆံပင်မှာမူ အနောက်တိုင်းသူများကဲ့သို့ ရွှေဝါရောင်မဟုတ်ဘဲ မည်းနက်လျက်ရှိနေ၏။

စတီဖင်၏ရုပ်ရည်မှာ ရုရှားလူဖြစ်ကြောင်း အတန်ငယ်မျှသာ အကဲခတ်နိုင်သည့်တိုင် ၎င်း၏အထိန်းတော်ကြီး မစ္စက်ဂျိုးဇက်မှာမူ ဗိုက်ရွှဲရွှဲ တင်ကောက်ကောက်နှင့် ရုရှားမကြီးတစ်ယောက်ဖြစ်ကြောင်း ထင်ရှားလှတော့၏။

စတီဖင်သည် မိန်းမကြီးအား အထိန်းတော်အဖြစ်ဖြင့် မဆက်ဆံဘဲ အလွန်ယုံကြည်အားကိုးသည့်အနေဖြင့် အမေ(မာမီ) ဟု ခေါ်ဝေါ်ဆက်ဆံ၏။ မစ္စက်ဂျိုးဇက်ကလည်း စတီဖင်အတွက် ငွေရေးကြေးရေး၊ စာရေးသောက်ရေး၊ အိမ်တွင်းရေးနှင့် အခိုင်းအစေများကိုပါ စီမံခန့်ခွဲသည့်နေရာအထိ လုံးဝဥဿုံ တာဝန်ယူထား၏။ ဤသို့ဖြင့် စတီဖင်အား ကိုယ်နှင့်မကွာ စောင့်ရှောက်လျက်ရှိလေသည်။

ဂျူလီယံနှင့် စတီဖင်တို့ စတင်တွေ့ဆုံသည့် ဇာတ်လမ်းမှာလည်း အထက်ဖော်ပြခဲ့သည့်အတိုင်း ရုပ်ရှင်ဇာတ်လမ်းဆန်လှ၏။ ထိုအချိန်က ဂျူလီယံနှင့် ဖရန့်တို့ ညီအစ်ကို နှစ်ယောက်သည် မြင်းကိုယ်စီဖြင့် သုံးရက်ကြာမျှ ခရီးပြင်းနှင်ခဲ့ကြရာ ထိုနေ့မှာ ဝေးမောက်သို့ရောက်ရန် နောက်ဆုံးနေ့ဖြစ်၏။ သို့သော်ထိုညဉ့် ဝေးမောက်သို့ သူတို့မရောက်ဘဲ လမ်းဆုံမြို့တစ်မြို့ ဖြစ်သော 'ဘော်လ်ချက်'၌ စတီဖင်တို့နှင့် အမှတ်မထင် တွေ့ဆုံကြ၍ ထိုမြို့ငယ်ကလေးရှိ ထမင်းဆိုင်တစ်ဆိုင်တွင် ထိုညတည်းခို အိပ်စက်ခဲ့ရလေသည်။

ပထမဦးစွာ တွေ့ဆုံပုံမှာ စတီဖင်တို့၏ ရထားလုံးကို လူဆိုးလေးယောက်တို့သည် နောက်မှနေ၍ မြင်းကိုယ်စီဖြင့် ထပ်ကြပ်မကွာ လိုက်လာပြီးလျှင် လန်ဒန်နှင့် အီဒင်ဘာရာမြို့အကြား လူပြတ်သော တောင်ကြားလမ်း၌ ဓားပြတိုက်ခံရသည့်အချိန်မှစ၍ အစပျိုးခဲ့၏။ ဓားပြများသည် စတီဖင်တို့အား





တစ်ပြည်သူများဖြစ်ကြောင်း၊ အတွင်းပစ္စည်းများ ပါရှိကြောင်း ရေးမဆွကပင် သတင်း ရပြီး ဖြစ်ဟန်တူလေသည်။

ဓားပြတို့သည် ခြောက်ညအိပ်ခရီးမျှ ဖြတ်ကျော်လိုက်လာခဲ့ပြီးနောက် ဤဘော်လ်ချက်တောင်ကြားအရောက်တွင်မှ တိုက်ခိုက်ခြင်းဖြစ်၏။ ရထားလုံးပေါ်တွင် စတီဖင်နှင့် အထိန်းတော်ကြီး မစ္စက်ဂျိုးဇက်တို့သာပါရှိ၍ မြင်းရထားမောင်းသမားကိုယ်တိုင်မှာ ဓားပြများဘက်မှ သူလျှိုဖြစ်နေ၏။ အိမ်ဖော် အခိုင်းအစေများမှာ အချို့ရှေ့မှ သွားနှင့်၍ အချို့က နောက်မှလိုက်လာကြမည်ဖြစ်၏။ သို့နှင့် စတီဖင်တို့ မိန်းမသားနှစ်ယောက်တို့မှာ အကူအညီမဲ့ဖြစ်၍ နေကြလေသည်။

ဓားပြများ ဝိုင်းရံထားစဉ်က စတီဖင်သည် ချိုးပွဲချင်ငိုတော့မည်ပြုရာ မစ္စက်ဂျိုးဇက်ကမူ အသင့်ယူဆောင်လာသည့် မတ်စကက် သေနတ်ဖြင့် ဓားပြများအား ခုခံလျက်ရှိနေ၏။ သို့သော် မြင်းလှည်းမောင်းသမား ကိုယ်တိုင်မှာ ဓားပြများဘက်မှ ဖြစ်သဖြင့် ကြာကြာမခုခံလိုက်ရဘဲ အမိခံလိုက်ရ၏။

ထိုနေ့ည ဝေးမောက်သို့ အရောက်နှင်မည်ဟု အားခဲကာ မြင်းများကို ဒုန်းဆိုင်းလာကြသော ဂျူလီယံနှင့် ဖရန့်တို့ ညီအစ်ကိုမှာ သေနတ်သံကြားသဖြင့် မြင်းများကို ဇက်သတ်လိုက်ကြပြီးလျှင် သေနတ်သံကို သုံးလေးချက်ကြားရသည့်နေရာသို့ နားစွင့်လျက်ရှိနေကြ၏။ ထို့နောက် တိတ်ဆိတ်သွားပြန်၏။ တောင်ကြားတွင်ဖြစ်သဖြင့် သေနတ်သံများမှာ ပဲ့တင်ထပ်ကာ ကျယ်လောင်လှ၏။

သို့နှင့် ညီအစ်ကိုနှစ်ယောက်တို့သည် အချင်းချင်း မျက်ရိပ်ပြကာ တောင်ပေါ်သို့ မောင်းနှင်တက်ခဲ့ကြလေသည်။ ခေတ်ပျက်တွင်းဖြစ်သဖြင့် ထိုဒေသမှာ တောကြောင်များ လက်ပန်းပေါက်ခတ်သည့်နေရာဖြစ်၍ လူဆိုးသူဆိုးများ လှ၏။ ထို့ကြောင့် တိုက်ပွဲဖြစ်သည့်တိုင်အောင် မိမိတို့က အပေါ်စီးရရန် တောင်ပေါ်သို့ တက်ခဲ့ခြင်း ဖြစ်၏။

တောင်မှာ ချုံပုတ်များမရှိဘဲ ကျောက်သားများဖြစ်သဖြင့် မြင်းများကို ခြေမချော်စေရန် အတော်ပင်ခဲခဲယဉ်းယဉ်း တက်ကြရ၏။ တောင်ခါးပန်းတစ်ခုသို့ ရောက်လာ၍ တစ်ဘက်တောင်ကြားသို့ မျှော်ကြည့်လိုက်သောအခါ တောင်ကြားထဲတွင် မြင်းလေးကောင်ဆွဲသော ရထားလုံးတစ်စီးကို မြင်းစီးဓားပြလေးယောက်တို့ ဝိုင်းရံထားသည်ကို တွေ့လိုက်ရလေသည်။

သို့နှင့် သူတို့နှစ်ယောက်သည် မြင်းများပေါ်မှ ဆင်း၍ မြင်းဆိုင်းကြိုးများကို အနီးရှိ ချုံပုတ်များ၌ ချည်ခဲ့ပြီးလျှင် တောင်ကြားလမ်းရှိရာ တောင်ကမ်းပါးယံစွန်းသို့ တဖြည်းဖြည်း သွားကြလေသည်။ သူတို့လက်ထဲတွင် မတ်စကက် သေနတ်ကိုယ်စီနှင့် ကျည်ဆံအပြည့်ပါရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို အကဲခတ်ကြည့်ရှုရာ ရထားလုံးထဲမှ မိန်းမနှစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရ၏။ တစ်ဦးက ငယ်ရွယ်နုနှောင်း၍ တစ်ဦးက တုတ်ခိုင်ဝဖြိုးသော အမျိုးသမီးကြီးဖြစ်၏။ ဓားပြများသည် မိန်းမနှစ်ယောက်အား ခြေဟန်လက်ဟန်ဖြင့် အမိန့်ပေးလျက်ရှိရာ မိန်းမနှစ်ယောက်ကမူ ငြိမ်သက်လျက် ရှိနေကြ၏။

ညီအစ်ကိုနှစ်ယောက်တို့သည် ဓားပြတိုက်နေသည် ထင်ကြေးဖြင့် တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြလိုက်ကြ၏။ ထို့နောက် အချက်ပြ၍ လူချင်းခွဲလိုက်ကြ၏။ ဖရန့်သည် ဆောတိုက်သွား၍ ကျောက်စွန်းတစ်ခုတွင် နေရာယူလိုက်ရာ ဂျူလီယံကလည်း အခြားတစ်နေရာတွင် အကာအကွယ် ယူလေသည်။

ဂျူလီယံက ပထမဦးစွာ သေနတ်စတင်ပစ်လိုက်ရာ လုံးဝ မမျှော်လင့်ဘဲ ဓားပြတစ်ယောက်အား ချက်ကောင်းကိုထိကာ ကားခနဲ ကျသွားတော့၏။ တစ်ချိန်တည်းလိုပင် ဖရန့်ထံမှ ပစ်လွှတ်လိုက်သော ပထမဆုံး ကျည်ဆံသည် လှည်းခေါင်မိုးပေါ်တွင် မတ်မတ်ရပ်၍ အမိန့်ပေးနေသော မြင်းလှည်းသမားကို ထိမှန်ကာ ကျွမ်းထိုးမှောက်ခုန်ကျသွားလေသည်။

ထိုသေနတ်သံ နှစ်ချက်နှင့်တကွ နောက်ထပ် ဆက်တိုက်ပစ်လိုက် သော သေနတ်သံများသည် တောင်ကြောတစ်ခို ပဲ့တင်ထပ်၍ သွားတော့၏။ ပထမနှစ်ချက်တွင် အငိုက်မိသွားသော ဓားပြများလည်း ကျည်ဆံလာရာ တောင်ခါးပန်းဆီသို့ လှမ်း၍ကြည့်ကာ မိမိတို့ လုံးဝမမျှော်လင့်သော ရန်သူနှင့်တွေ့ပြီဟု သိ၍ သွားကာ မြင်းများပေါ်သို့ တက်လိုက်ကြ၏။

သို့သော် ဂျူလီယံနှင့် ဖရန့်တို့မှာ အပေါ်စီးရနေကြသဖြင့် ကျည်ဆံလာရာသို့ ဓားပြများက ပြန်၍ပစ်သော်လည်း လူရိပ်ကိုပင် လုံးဝမတွေ့ရဘဲ ကျောက်တုံးများကိုသာ ထိမှန်၍အချည်းနှီးဖြစ်တော့၏။ ကျည်ဆံများမှာ တစ်နေရာတည်းမှ မဟုတ်ဘဲ နေရာအနှံ့အပြားမှ လာရောက်သည် ထင်မှတ်ကာ ရန်သူ၏ အင်အားကို မခန့်မှန်းနိုင်တော့ဘဲ မိမိတို့မှာ အကာအကွယ်မဲ့ ဖြစ်ကြောင်း သိသည်နှင့် တစ်ပြိုင်နက် ဓားပြတစ်ယောက်သည် မြင်းပေါ်မှဆင်းကာ အကာအကွယ် ယူရန် တစ်ဘက်တောင်နံရံပေါ်သို့ ပြေးတက်ရာ လမ်းတစ်ဝက်၌ပင် ခါးကော့၍ လန်ကျသွားတော့၏။

သူတို့၏ တိုက်ပွဲမှာ ချက်ချင်းလိုပင် ပြီးဆုံးသွားတော့၏။ ကျန်ဓားပြနှစ်ယောက်မှာ မြင်းပေါ်သို့ ဒရောသောပါး ခုန်တက်ကာ တောင်ကြားလမ်းအတိုင်း ဒုန်းစိုင်း၍ သွားတော့၏။





ရထားဘေးတွင် ကျန်ရစ်ခဲ့သည့် မိန်းမကြီးနှင့် မိန်းမပျိုကလေးတို့မှာ မှင်သက်မိသကဲ့သို့ မိန်းမောတွေဝေလျက် ရှိနေကြတော့၏။ ရထားဆွဲသော မြင်းများမှာ သေနတ်သံများကြောင့် လန့်ဖျပ်နေကြသော်လည်း ဇက်ကြိုးကို ရထားဘောင်တိုင်တွင် ချည်နှောင်ထားသဖြင့် ပတတ်ရပ်ရုံမှအပ ထွက်ပြေးနိုင်စွမ်း မရှိကြချေ။

အတန်ကြာသောအခါမှ ဂျူလီယံနှင့်ဖရန့်တို့မှာ သေနတ်ကိုယ်စီနှင့် တောင်ခါးပန်းမှ တောင်ကြားလမ်းသို့ ခပ်ဖြည်းဖြည်း ဆင်းသက်လာနိုင်ကြလေသည်။ ထိုအချိန်ထိ မိန်းမပျိုနှင့် မိန်းမကြီးတို့မှာ အကြောက်မပြေကြသေးဘဲ တုန်တုန်ရီရီ ရှိနေကြသေး၏။ ညီအစ်ကိုနှစ်ယောက်တို့အား တအံ့တသြ ကြည့်နေကြတော့၏။ မိမိတို့အနီးသို့ရောက်လာ၍ ရန်မမူကြောင်းသိသောအခါမှ သက်ပြင်းချနိုင်ကြလေသည်။

အနီးကပ်တွေ့လိုက်ရသောအခါ ညီအစ်ကိုနှစ်ယောက်တို့မှာ မိန်းမပျို၏ အလှတွင် ယစ်မူးသွားကြပြန်၏။ မိန်းမပျိုကလေးမှာ နှင်းကဲ့သို့ ဖြူဆွတ်သော အသားရောင်ပေါ်တွင် ကြည်ပြာရောင်ဝတ်စုံကို ဝတ်ထား၏။ ဂါဝန်ဝတ်စုံမှာ ရှရှသူတို့၏ ဓလေ့အတိုင်း ပွယောင်းယောင်းရှိသော်လည်း သူ၏ အချိုးကျလှပသော ကိုယ်လုံးကိုယ်ထည်ကလေးကို မဖုံးလွှမ်းနိုင်ချေ။ မျက်ဝန်းနက်ကလေးများနှင့် နက်မှောင်သော ဆံပင်များသည် ၎င်းအား အရှေ့တိုင်းသူချော ချောစေ၏။

ဂျူလီယံမှာ မိန်းမပျိုကလေး၏ အလှတွင် တမေ့တမော နစ်မြော၍ နေသော်လည်း ဖရန့်ကမူ သတိရလာကာ –

"ကျွန်တော့်နာမည်က ဖရန့်ပါ။ သူက ကျွန်တော့်အစ်ကို ဂျူလီယံလို့ ခေါ်ပါတယ်။ ကျွန်တော်တို့ ဝေးမောက်မြို့ကပါ။ ခင်ဗျားတို့ကို ဓားပြတိုက်နေတာတွေလို့လည်း ဝင်ပြီး ကူညီတာပါ။ ခင်ဗျားတို့ ဘယ်ကလာလို့ ဘယ်ကိုသွားကြမလို့လဲ။ ကြည့်ရတာတော့ ခရီးပြင်း နှင်လာရတဲ့ပုံပဲ"

မိန်းမပျိုနှင့် မိန်းမကြီးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ညီအစ်ကိုနှစ်ယောက်တို့၏ လက်ထဲမှ သေနတ်များကို အကဲခတ်သကဲ့သို့ လှမ်း၍ ကြည့်လိုက်ကြ၏။ ထို့နောက် မိန်းမကြီးက –

"ကျုပ်တို့ လန်ဒန်ကနေ ခရီးထွက်လာကြတာပါ။ မောင်ရင်တို့ မြင်တဲ့အတိုင်း ဓားပြတိုက်ခံရတာလည်း မှန်ပါတယ်။ ကျုပ်တို့လည်း ဝေးမောက်ကို သွားကြမလို့ပါပဲ။ မောင်ရင်တို့ကလည်း ဝေးမောက်က ဆိုတော့ အဆင်သင့်တာပေါ့။ ကျုပ်တို့မှာ ယောကျ်ားကလေး ခရီးသွားဖော်လိုနေပါတယ်" ဟု ရည်မွန်စွာ အဖြေပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ခရီးသွားတာ ခင်ဗျားတို့ မိန်းမသားနှစ်ယောက်တည်း လား။ တော်တော် အရေးကြီးလို့ ထွက်လာကြတယ်ထင်တယ်"

ထိုအချိန်ထိ ဂျူလီယံမှာ စကားတစ်ခွန်းမျှ ဝင်၍ မပြောချေ။ မိန်းမပျို ကလေးမှာလည်း ရှက်ကြောက်သည့်ဟန်ဖြင့် စကားတစ်ခွန်းမျှ ဝင်၍ မပြောချေ။

"အရေးကြီးတယ်တော့ မဟုတ်ပါဘူး။ ဒီခရီးကို မသွားမဖြစ်လို့ သွား ရတာတော့ ဟုတ်ပါတယ်။ အဖော်တွေကို အရင်လွှတ်လိုက်လို့ ကျုပ်တို့ နှစ် ယောက်တည်း ထွက်လာရတာပါ။ ဒါထက် ဒီည ဝေးမောက်ကို ရောက်နိုင်ပါ့ မလား"

"ဝေးတော့ မဝေးတော့ပါဘူး။ ဒါပေမဲ့ ရောက်အောင် ဆက်သွားရင် တော့ ညဘက်မှာ ခရီးထွက်ရလိမ့်မယ်"

"အို ... မောင်ရင်တို့ကလည်း ဝေးမောက်ကို သွားမှာဆို ... မောင်ရင်တို့ ပါရင် ညဘက်ခရီး ကျုပ်တို့ဆက်မှာပေါ့ မဟုတ်ဘူးလား စတီဖင်"

အဒေါ်ကြီးက မိန်းမပျိုကို လှည့်၍ မေးလိုက်လေသည်။

"ကျွန်တော်တို့လည်း တစ်နေ့လုံး ခရီးပြင်းနှင်လာခဲ့ရတယ်။ ညစာ ထမင်းလည်း မစားရသေးဘူး။ ကျွန်တော်တို့လည်း ဒီည ဝေးမောက်ကို အရောက်သွားမယ် ကြံတာပဲ။ ဒါပေမဲ့ နောက်ကျနေပြီ။ ဘောလ်ချက်မှာ ထမင်း ဝင်စားရင် မှောင်သွားတော့မယ်။ မှောင်ရင် ခရီးသွားလို့ မကောင်းတော့ဘူး။ ဒီည လ,လည်း ထွက်မှာ မဟုတ်ဘူး"

ထိုအခါ တစ်ချိန်လုံး စကားမပြောဘဲ ငြိမ်၍နေသော ဂျူလီယံက –

"ခင်ဗျားတို့က ဝေးမောက် ဘယ်အရပ်မှာနေသလဲ။ တစ်ခါမှ မတွေ့ ဘူးတော့ ကျွန်တော့်မေးခွန်းကို ရိုင်းတယ်လို့ မယူဆပါနဲ့နော်။ အခုမှ ပြောင်းလာ ကြတာလား။ ဘယ်သူ့အိမ်မှာ တည်းမှာလဲ။ ကျွန်တော်တို့ညီအစ်ကိုကတော့ ခင်ဗျားတို့ သွားလိုရာကို လိုက်ပို့ပေးဖို့အထိ စေတနာရှိပါတယ်" ဟု ဝင်ပြော လိုက်၏။

"ကျေးဇူးတင်ပါတယ် မောင်ရင်။ အဒေါ်တို့ဟာ ယောက်ရှိုင်းယား နယ်စားကြီးရဲ့ မင်္ဂလာဆည်ဂေဟာကြီးမှာ တည်းမှာပါ"

"ဟာ ... မဟုတ်သေးပါဘူး။ အဲဒါ ယောက်ရှိုင်းယား နယ်စားကြီး ဆောက်ပစ်ခဲ့တဲ့ ရဲတိုက်ကြီး မဟုတ်လား။ ဒီဘက်ကို နယ်စားကြီး ခရီးထွက်ရင် စံနန်းအဖြစ် အသုံးပြုခဲ့တာပဲ။ အခု နယ်စားကြီးလည်း မရှိတော့ဘူး။ ဒီအိမ်ကြီး လည်း ပိတ်ထားတာ ကြာပြီ။ အစောင့်ကလွဲလို့ ဘယ်သူမှ မရှိဘူး"

"မှန်ပါတယ်။ ဒါပေမဲ့ အဒေါ်တို့ ဝယ်လိုက်ပါပြီ။ အဒေါ်တို့ဟာ အင်္ဂလန်မှာ အခြေချဖို့ အစီအစဉ်ရှိပါတယ်"





"ဟင် ... ဟုတ်လား၊ အံ့သြစရာပဲ။ အဲဒီနယ်စားကြီးစံအိမ်ဟာ တောစပ်နဲ့နီးပြီး မြို့နဲ့ နှစ်မိုင်လောက်ဝေးတယ်။ ပြီးတော့ ခင်ဗျားတို့ နှစ်ယောက် တည်း နေမယ်ဆိုရင် ..."

"မဟုတ်ပါဘူးကွယ့်။ အဒေါ်တို့မှာ ယောကျ်ားဖော်တွေရော မိန်းမဖော် တွေရော ရှိပါတယ်။ သူတို့တစ်တွေဟာ အခုဆိုရင် အဲဒီစံအိမ်ကြီးကို ရှင်းလင်းဖို့ ကြိုရောက်နေကြပြီလေ"

ညီအစ်ကိုနှစ်ယောက်တို့မှာ မယုံကြည်နိုင်သည့်ဟန်ဖြင့် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ရှုနေမိကြ၏။ ထို့နောက် စကားဆက်ပြတ်သွားတော့ ၏။ ဂျူလီယံမှာ ဘောလ်ချက်တွင် တစ်ညတည်းခိုရန်နှင့် ညစာစားရန်သာ စိတ်စောနေမိ၏။

ရထားလုံးကို ဖရန့်က မောင်း၍ ဖရန့်၏မြင်းကို ဂျူလီယံက ဆွဲကာ သူတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ ဘောလ်ချက်သို့ တက်ခဲ့ကြ၏။ အမျိုးသမီး နှစ်ယောက်မှာလည်း ယခုတိုင် အကြောက်မပြေသကဲ့သို့ ရင်တုန်၍နေပြီးလျှင် ရှေ့သို့ ဆက်ရမည့်ခရီးအတွက်လည်း ရင်လေး၍ နေမိကြတော့၏။

သူတို့သည် နေဝင်ဖျိုးဖျအချိန်တွင် ဘောလ်ချက်ရွာကလေးသို့ရောက် ၍ မြားနက်ထမင်းဆိုင်တွင် တစ်ညတာမျှ တည်းခိုကြ၏။ အချိန်မှာ ၇ နာရီထိုးပြီ ဖြစ်၍ အခန်းထဲ၌ မီးအိမ်များ ထွန်းညှိစပြုလေပြီ။

သူတို့လူစုသည် စားပွဲတစ်လုံးတွင် ထိုင်ကာ ညစာကို စောင့်ဆိုင်းရင်း စကားလက်ဆုံကျလျက် ရှိနေကြ၏။ မိန်းမပျိုကလေး စတီဖင်ကမူ နှုတ်ဆိတ် လျက်ရှိနေ၏။ အပျိုဘော်ဝင်စဖြစ်သဖြင့် သူစိမ်းတစ်ရံဆံများနှင့် စကားပြောရန် ရှက်ကြောက်နေဟန်တူ၏။ အဒေါ်ကြီးဖြစ်သူကသာ ညီအစ်ကိုနှစ်ယောက်တို့ မေးသမျှကို ဖြေ၍နေလေသည်။

ဤသို့စကားပြောရာမှ သူ၏အမည်မှာ အစ္စက်ဂျိုးဇက်ဖြစ်၍ မိန်း ကလေးမှာ စတီဖင်ဖြစ်ကြောင်း ပြောမိလျက်သားဖြစ်တော့၏။ သူတို့သည် ရုရှ လူမျိုးများဖြစ်၍ မစ္စစတီဖင်၏ ဖခင်ကြီးက စီစဉ်ပေးသဖြင့် ယခုကဲ့သို့ အင်္ဂလန် တွင် လာရောက်နေထိုင်ကြောင်း သိရ၏။

ယောက်ရှိုင်းယားနယ်စားကြီး၏ စံအိမ်တော်ကို ဝယ်ယူကာ အခြေ အရံ အပြည့်အစုံနှင့် လာရောက်နေထိုင်နိုင်ခြင်းမှာ အနည်းဆုံး မင်းမျိုးမင်းနွယ် မဟုတ်သည့်တိုင် မှူးကြီးမတ်ရာမျိုးထဲမှသာ ဖြစ်နိုင်သောကြောင့် ညီအစ်ကို နှစ်ယောက်တို့မှာ ပို၍စိတ်ဝင်စားလာမိကြ၏။ ရုရှနိုင်ငံတွင် မနေနိုင်လောက် အောင် ဘေးအန္တရာယ်တစ်စုံတစ်ရာနှင့် တွေ့ဆုံသောကြောင့် အင်္ဂလန်တွင်လာ ရောက်ခိုလှုံခြင်း ဖြစ်လေသလောဟု စဉ်းစားမိကြ၏။ သို့သော် လူမှုရေးနှင့် ယဉ်



www.burmeseclassic.com

www.burmeseclassic.com



ကျေးမှုကို ဖောက်ဖျက်ရာရောက်မည်စိုးသဖြင့် မည်သည့်အတွက် လာရောက်နေထိုင်ကြသည် မမေးကြချေ။

နောက်တစ်နေ့ နံနက်စောစောတွင် ခရီးထွက်ခဲ့ကြ၍ ဝေးမောက်သို့ နေ့လယ်လောက်တွင် ရောက်ရှိကြ၏။ ညီအစ်ကို နှစ်ယောက်တို့က ၎င်းတို့အား အိမ်တိုင်ရာရောက် လိုက်၍ ပို့ကြလေသည်။

အိမ်သို့ အပြန်လမ်း၌ ညီအစ်ကိုနှစ်ယောက်တို့မှာ စကားမပြောဘဲ နှုတ်ဆိတ်၍ လာကြသော်လည်း သူတို့၏နှလုံးသားများမှာ မိန်းမချောကလေး စတီဖင်အတွက် ရင်ထဲတွင် တူညီသော ခံစားမှုများ ရှိကြသည်မှာ သေချာလှတော့၏။ သူတို့စိတ်ဝင်စားနေသော အချက်မှာ ဤမိန်းမချောကလေးသည် အခြေအရံအနည်းငယ်နှင့် ထိုနေရာသို့ အဘယ်ကြောင့် လာရောက်ပုန်းအောင်းနေရလေသနည်းဟူသော အချက်နှင့် အရှေ့တိုင်းဆန်ဆန် အနောက်တိုင်းဟန်ပန်နှင့် လှပနေသည့် အချက်များပင် ဖြစ်လေသည်။

အထက်ပါအကြောင်းများမှာ မစ္စစတီဖင်အား သူလှူဖို့ုလှည့်စဉ်က အကြောင်းများဖြစ်၍ ဖရန့်မှာ အစ်ကို့အတွက် ရှောင်၍ပေးခဲ့ရသည်ကို သူ မသိချေ။ ဖရန့်က 'အို ... သူက အင်္ဂလန်မှာ စိုက်ပျိုးရေးမွေးမြူရေးနဲ့ အခြေချမယ့်လူ၊ ငါက အစိုးရ အမှုထမ်း နိုင်ငံခြားသွားချင်တဲ့လူ' ဟူ၍ မိမိစိတ်ကို ပိုင်းဖြတ်ကာ ဖြေသိမ့်ခဲ့ရရှာ၏။

သို့နှင့်ပင် ဖရန့်မှာ အစ်ကိုဖြစ်သူ လှူဖို့ုလှည့်သွားသည့်အခါများ၌ တစ်ခါတစ်ရံ လိုက်ပါသွားတတ်သေး၏။ အစ်ကိုဖြစ်သူ စွံ၍သွားသောအခါ ဖရန့်မှာ စတီဖင်အပေါ်တွင် မရိုးလောင်းအစ်မတစ်ယောက် အဖြစ်ထက်ပို၍ လုံးဝ စိတ်ဝင်စားခြင်း မရှိတော့ချေ။

ဝက်သစ်ချတောအုပ်အလယ်တွင် ရှိနေသည့် တောင်ကုန်းတစ်ခုသို့ ရောက်သောအခါ ဂျူလီယံသည် မြင်းဇက်ကြိုးကို ခပ်ထိန်းထိန်း ဆွဲ၍ရပ်ကာ ကျောက်စရစ်လမ်းကလေးအတိုင်း ချစ်သူစံမြန်းသည့် ရဲတိုက်ကြီးရှိရာ ကုန်းပေါ်သို့ တစ်လှမ်းချင်း တက်လာခဲ့လေသည်။

တံခါးဝသို့ မရောက်မီပင် လှမ်း၍ကြည့်လိုက်ရာ အပေါ်ထပ်ရှိ အဆောင်တစ်ဆောင် ပြတင်းပေါက်မှ မီးရောင်လဲ့လဲ့ တိုးထွက်နေသည်ကို မြင်လိုက်ရသဖြင့် ကျေနပ်နှစ်သိမ့်၍ သွားတော့၏။

ဂျူလီယံသည် လက်ခေါက်သုံးချက်မှုတ်၍ အချက်ပေးကာ မြင်းဇက်ကြိုးကို ဇီဇဝါပင်တစ်ပင်တွင် ချည်နှောင်ခဲ့ပြီးနောက် ချစ်သူထွက်အလာကို တံခါးဝမှာပင် စောင့်ကြိုနေမိ၏။ ညီငယ် ဖရန့် ပါလာသည့်အခါများ၌မူ ဖရန့်က တံခါးမကြီးမှ သံကွင်းကြီးကို တစ်ကြိမ်နှစ်ကြိမ်သွား၍ ခေါက်တတ်လေသည်။





စက္ကန့် ၃၀ အတွင်း၌ပင် တံခါးမကြီးပွင့်လာကာ ညဝတ်အင်္ကျီဝတ်ဆင်ထားသော စတီဖင်ကလေး၏ မျက်နှာကို လရောင်အောက်တွင် မှုန်ဝါးဝါး တွေ့မြင်လိုက်ရ၏။ ဂျူလီယံသည် ချစ်သူ စတီဖင်၏ လုံးကျစ်သော ကိုယ်ကလေးကို ပွေ့ဖက်မြှောက်ချီလိုက်ရာ စတီဖင်ကလည်း သူ့အား ပြန်၍ ဖက်ထားလေသည်။ ချစ်သူနှစ်ဦးတို့မှာ အချိန်အတန်ကြာသည်ထိ စကားမပြောနိုင်ကြသေးဘဲ တစ်ဦးကိုတစ်ဦး ဖက်လဲတကင်း နမ်းရှုပ်နေမိကြ၏။ တစ်ညတာမျှ ကွဲခဲ့ရသည်ကိုပင် နှစ်ပေါင်းတစ်ရာခန့် ကွဲဘိသကဲ့သို့ ထင်ကာ လောကကြီးတစ်ခုလုံးကိုပင် မေ့၍နေသကဲ့သို့ ရှိတော့၏။ နှင်းမှုန်ကြားမှ သာ၍နေသော လမင်းသည် ချစ်သူနှစ်ဦးအား ချောင်းမြောင်းကြည့်နေသကဲ့သို့ ငုပ်ချည်ပေါ်ချည် ရှိနေတော့၏။

မိနစ်ပေါင်းများစွာ ကြာသောအခါမှ ချစ်သူနှစ်ဦးတို့မှာ ပြန်လည်သတိဝင်လာကာ အနည်းငယ်ခွာလျက် အသက်ရှူလိုက်ကြ၏။ သို့သော် လက်တွဲမဖြုတ်ဘဲ ဂျူလီယံသည် စတီဖင် ခေါ်ဆောင်ရာ အိမ်ကြီးအတွင်းသို့ လိုက်ပါသွား၏။ ချစ်သူ၏ အခန်းတွင်းရှိ မီးမှိန်မှိန်အောက်တွင် သူတို့သည် ထွေးထွေးနွေးနွေးရှိနေကြ၍ စတီဖင်၏ မျက်ဝန်းနက်ကလေးများတွင် ပုလဲသွယ်မျက်ရည်ဥကလေးများ တွဲရရွဲခိုနေသည်ကို တွေ့လိုက်ရ၏။ ထိုအခါမှ ဂျူလီယံခမျာ ပျာယီးပျာယာ ဖြစ်သွားလေသည်။

ဂျူလီယံသည် ချစ်သူအား ပွေ့ဖိုက်ရင်း "ဘယ်လိုများ ဖြစ်လို့ ရွှေမျက်ရည်ဝဲရတာလဲ အချစ်ရယ်။ မောင့်ကို ပြောစမ်းပါဦး" ဟု မေးလိုက်၏။ သို့သော် စတီဖင်ခမျာ ချက်ချင်းမဖြေနိုင်သေးဘဲ ချစ်သူ၏ မျက်နှာကိုသာ ငေးစိုက်ကြည့်ရှု၍ နေ၏။ သူမ၏မျက်လုံးအိမ်ထဲဝယ် ဝမ်းနည်းမှုများ ပြည့်သိပ်နေလေသည်။

"ပြောစမ်းပါဦး အချစ်ရယ် ... ဘာတွေများ ဝမ်းနည်းနေရတာလဲ။ ဘာဖြစ်လို့ ငိုရတာလဲ။ ဪ ... မောင်တစ်ယောက် အခစား မရောက်တာကြာသွားလို့လား။ နောက်ကျလို့လား အခုရောက်လာပြီပဲကွယ်။ ပေးချင်တဲ့အပြစ်ပေးပေါ့။ ချစ်သူမျက်နှာ ရွှမ်းပပကလေးကို မြင်ရကောင်းရဲ့ဆိုပြီး ပြေးလာတဲ့မောင့်ရင်ထဲမှာ အခုလို မျက်ရည်ဝဲလာတာမြင်ရတော့ အနေကျပ်လှတယ်ကွယ်" ဂျူလီယံသည် စတီဖင်၏ ပခုံးကလေးကို လှုပ်၍ မေးလိုက်လေသည်။

စတီဖင်က ဂျူလီယံ၏ ပါးနှစ်ဖက်ကို သူ၏လက်ဖဝါးနုနုကလေးများဖြင့် ပွတ်သပ်၍ "မောင်တောင်ကျသွားတယ်ဆို၊ မောင်မှောင်ခိုအလုပ်တွေ လုပ်နေတယ်ဆို" ဟု ဝမ်းနည်းပက်လက် ပြန်၍ မေးရှာ၏။

ထိုအခါမှ ဂျူလီယံသည် အသံအုပ်အုပ်ဖြင့် 'ဟား'ခနဲ ရယ်မောလိုက်ပြီးလျှင် "ဪ ... အချစ်ရယ်၊ မောင်တောင်ကျနေရင် အချစ်ဆီကို ရောက်နိုင်ပါဦးတော့မလားကွယ်။ မောင့်ရဲ့ မဟုတ်မခံတတ်တဲ့ စိတ်ဓာတ်ကြောင့် တရားသူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖော့ကနာက အချုပ်ခန်းထဲမှာ တစ်ညသိပ်ထားလိုက်တာပါ။ ဒါပေမဲ့ နောက်တစ်နေ့မှာ ပြန်လွှတ်လိုက်ရတာပဲ မဟုတ်လား"

"မောင် ... မှောင်ခိုကုန်ကူးနေတယ်ဆို၊ ဒါတော့ နားမဆန့်အောင် ကြားနေရတာပဲ။ အမျိုးသိက္ခာ၊ ကိုယ့်သိက္ခာအတွက် မောင်တစ်ယောက် ဒီလိုလုပ်ငန်းကို တစ်သက်လုံး လုပ်လိမ့်မယ်လို့ မထင်မိဘူးကွယ်။ စတီဖင်တို့မှာက မောင့်ကိုပဲ တစ်မျက်နှာတစ်ရှု ထင်နေရတာ မဟုတ်လား။ ဒီအင်္ဂလန်ပြည် ဝေးမောက်မြို့မှာ တစ်ကောင်ကြွက် လာနေရတာပါ။ မောင့်ကိုပဲ အားကိုးတကြီး နေရတာပါ" စတီဖင်သည် ပြောပြောဆိုဆိုနှင့်ပင် ရှိုးပွဲချ၍ ငိုရှာတော့၏။

"အို ... မဟုတ်ပါဘူး အချစ်ရယ်။ မောင်တို့မျိုးရိုးမှာ ဒီလောက် အဖြစ်ဆိုး ယုတ်ညံ့တဲ့အလုပ်၊ လုပ်စရာ မလိုပါဘူး။ မောင့်ဖေဖေ ချန်ထားခဲ့တဲ့ အမွေအနှစ်တွေကပဲ တစ်သက်လုံး ထိုင်စားလို့တောင် မကုန်ပါဘူး။ အခုကိစ္စကလည်း စစ်အတွင်း ကာလမှာ လူတွေ ဘယ်လိုနေထိုင်စားသောက် နေကြတယ်ဆိုတာကို မောင်စူးစမ်း ကြည့်ရင်းနဲ့ အဲဒီအရှုပ်တော်ပုံထဲ ပါသွားတာပါ။ ကဲပါ အချစ်ရယ်။ မငိုပါနဲ့၊ မောင် ဒီလိုအရှုပ်အထွေးမျိုးထဲ နောက်ကို မောင် မပါစေရပါဘူး။ အချစ်ဆီကို နေတိုင်းအစစား ရောက်ရပါစေမယ်။ အချစ်ကလေးကို လက်ထပ်ဖို့လည်း စစ်ကြီးမြန်မြန်ပြီးပါစေလို့ ဆုတောင်းရမှာပဲ"

ဂျူလီယံသည် စတီဖင်၏ မျက်လုံးအိမ်မှ မျက်ရည်များကို ညာဘက်လက်ညှိုးကလေးဖြင့် ရွရွကလေး သုတ်ပေးနေ၏။ ချစ်သူက ချော့သောအခါတွင် ကျေနပ်ရသည့် ချစ်သူတို့ ဘာသာဘာဝအတိုင်း စတီဖင်ခမျာမှာ ချက်ချင်းပင် အငိုတိတ်၍ သွားရရှာတော့၏။

ထိုအချိန်တွင် ခပ်ဝေးဝေးမှ ဘုတ်ငှက်နှင့် ယစ်ငှက်တို့၏ အိသံများကို ကြားရ၏။ အပြင်တွင် ဆီးနှင်းများကျနေသဖြင့် သတ္တဝါများ မလှုံခြုံနိုင်ရှာချေ။ ဓိဝေါပင် ချုံပုတ်နံဘေးတွင် သခင်၏အလာကို စောင့်နေရှာသော မြင်းညိုကြီးမှာလည်း တစ်ခါတစ်ခါတွင် ဟီလိုက်၊ တစ်ခါတစ်ခါတွင်လည်း နှာရှုပ်လိုက်နှင့် အချမ်းဒဏ်ကိုခံ၍နေရရှာ၏။ သို့သော် မီးရောင်လှဲ့လှဲ့သာ ထွန်းညှိထားသည့် ချစ်သူနှစ်ဦးတို့မှာကား ပတ်ဝန်းကျင်ကို မေ့လျော့ကာ အိပ်ပျော်သွားကြလေတော့သတည်း။

***



# ၄

အရုဏ်တက်ချိန်သို့ရောက်မှပင် ဂျူလီယံသည် သူ၏မြင်းညိုကြီးကို ခုန်းစိုင်းကာ အိမ်သို့ပြန်ရောက်လာ၏။ ထိုအချိန်တွင် မစ္စက်ထရေဘတ်မှာ အိပ်ရာမှ မနိုးသေးချေ။ သူသည် အိပ်ခန်းထဲသို့ ဝင်ကာ အဝတ်အစားများကို ချွတ်လိုက်ပြီးနောက် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်လေသည်။

ထို့နောက် အိပ်၍ မပျော်တော့ဘဲ ချစ်သူနှင့် ချစ်ရည်လူးခဲ့ရသည့် အဖြစ်များကိုလည်းကောင်း၊ နောက်ညများတွင်လည်း ချစ်သူထံ အချိန်မှန် အစားဝင်ရောက်ရန် တနုံ့နုံ့စဉ်းစား၍ နေမိတော့၏။

သို့သော် ကံကြမ္မာရဟတ်သည် လည်ပတ်လျက်ရှိရကား ဂျူလီယံ၏ ဘဝမှာ မျှော်မှန်းထားသည်နှင့် တက်တက်စင် လွဲခဲ့ရတော့၏။ တရားရုံးတွင် ဂျူလီယံအား ထောင်ကျစေရန် တရားစွဲခဲ့သော မစ္စတာဖော့ကနာသည် မိမိ၏ ဂုဏ်သိက္ခာ ကျရသည့်အတွက် ဂျူလီယံအပေါ်တွင် အခဲမကျေနိုင်အောင် ရှိတော့၏။

ထို့ပြင် မစ္စတာဖော့ကနာသည် မိမိဂုဏ်သိက္ခာကို မိမိရှိသေသောအားဖြင့် သူကိုယ်တိုင် နုတ်ထွက်ပေးလိမ့်မည်ဟု တရားသူကြီးအဖွဲ့ကလည်း ယုံကြည်လျက်ရှိနေ၏။ သို့သော် ရက်သတ္တတစ်ပတ်အထိ ရာထူးမှ နုတ်ထွက်မပေးဘဲ မျက်နှာပြောင်တိုက်၍နေခဲ့ပြီးလျှင် ဂျူလီယံကိုသာ ကလဲ့စားချေရန် အကွက်ကောင်းကို စောင့်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားဆိုင်ခဲ့သည့်နေ့မှ ၁၅ ရက်မြောက်သောနေ့တွင် ဂျူလီယံသည် အဒေါ် ထရော့ဘက်ထံမှ ခွင့်တောင်းကာ တောင်ပေါ်တွင်နေသော သူ၏မိတ်ဆွေ တစ်ဦးအိမ်သို့ နံနက်စောစောကပင် အလည်အပတ် ထွက်ခဲ့၏။ စိတ်ပြေလက်ပျောက် ယုန်ပစ်ရန် ထွက်လာခြင်း ဖြစ်လေသည်။

ထိုနေ့ညနေတွင် ဆီးနှင်းများ တဖွဲဖွဲကျလာသဖြင့် ယုန်များကို ဆက်လက်မပစ်တော့ဘဲ သူငယ်ချင်းအိမ်၌ပင် ညနေစာ စားသောက်၍ တောင်ကြောရှိ လူသွားလမ်းကလေးအတိုင်း လျှောက်ခဲ့၏။ မြင်းကို မယူခဲ့သဖြင့် ခြေလျင်လျှောက်၍ ပြန်ခဲ့ခြင်းဖြစ်၏။ သူ၏ ပခုံးပေါ်တွင် မတ်စကက်သေနတ်တစ်လက်ကို ထမ်းထား၍ သူပစ်ခတ်ရရှိသော ယုန်ငါးကောင်ကို သေနတ်ပြောင်းတွင် လျှော်ကြိုးများဖြင့် ချည်နှောင်ချိတ်ဆွဲထား၏။

တောင်ခြေမှတစ်ဆင့် တောလမ်းအတိုင်း ဖြတ်၍ ပြန်ခဲ့ရာ မစ္စတာ ဖော့ကနာ၏ မြေကြီးနှင့် ကိုက် ၃၀၀ ခန့်အကွာတွင် သူ၏နောက်ဘက်မှ ဒုန်းစိုင်း လာသော မြင်းတစ်ကောင်၏ခွာသံကို ခပ်နီးနီးကြားလိုက်ရ၏။ ထိုအချိန်တွင် ဆီးနှင်းများကလည်း ထူထပ်စွာကျနေ၏။ သို့နှင့် သူသည် အသင့်အနေအထား ဖြင့် နောက်သို့ ပြန်၍ လှည့်ကြည့်လိုက်မိရာ ကိုက် ၅၀ ခန့်အကွာတွင် လူတစ် ယောက် မြင်းစီးလာသည်ကို မသဲမကွဲတွေ့လိုက်ရလေသည်။

အနီးသို့ရောက်သောအခါ မြင်းစီးလာသူနှင့်တကွ သူပါ အံ့အားသင့်၍ နေမိကြ၏။ မြင်းစီးလာသူမှာ အခြားသူမဟုတ် မစ္စတာဖော့ကနာပင် ဖြစ်လေသည်။ အကယ်၍ မြင်းစီးလာသူမှာ ဖော့ကနာဖြစ်ကြောင်း ခပ်စောစောသိရှိပါက သူကိုယ်တိုင် တစ်နေရာတွင် ဝင်၍ ပုန်းအောင်းနေမိလေသည်။ ယခုသော် နောက်ကျခဲ့ချေပြီ။ မစ္စတာ ဖော့ကနာသည် သူ၏ရှေ့သို့မြင်းကို ရင်ဆောင်တန်း ဖက်သတ်လိုက်ပြီးနောက် မခန့်လေးစား အမူအရာဖြင့် –

"အို ... မစ္စတာ ဂျူလီယံပါလား"

"ဟုတ်ပါတယ် မစ္စတာ ဖော့ကနာ၊ ခင်ဗျားကို ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး။ ကိုင်း ... သွားပါ ခင်ဗျာ။ ဘုရားသခင် စောင်မ,ပါစေ"

ရန်မူလိုသည့်ဟန်ဖြင့် –

"အောင်မယ် ... မျိုးမစစ်ကလေး မင်းက ငါ့ကို နှင်ထုတ်တယ်ပေါ့လေ။ တစ်နေ့ကျရင် ဒီအကြွေးကို မင်းကောင်းကောင်း ဆပ်ရလိမ့်မယ်"

"ခင်ဗျားကလည်း ကျွန်တော့်ကို ပြင်ဆပ်ဖို့ရှိတယ်"

"အေး ... မင်းစကား ငါ မှတ်ထားမယ်။ ငါ့စကားလည်း မင်းမှတ်ထား။ မင်းခြေလှမ်းတစ်ချက်မှားရင် မင်းလည်ပင်းကို ငါက ကြိုးကွင်းစွပ်ပြီးသားပဲ"





ထို့နောက် မစ္စတာ ဖော့ကနာသည် မြင်းကို ကဆုန်စိုင်း၍သွားရာ ဂျူလီယံသည် မျက်စိတစ်ဆုံး စောင့်၍ကြည့်နေမိ၏။ တစ်ချိန်တည်းလိုပင် ရိုင်ဖယ်သေနတ်သံတစ်ချက်နှင့် မြင်းဟီသံတစ်သံကို ကြားလိုက်ရပြီးနောက် မြင်းခွာသံများကိုလည်း ဆက်လက်ကြားနေရပြန်၏။

"ဘုရား ... ဘုရား တစ်ခုခုတော့ ဖြစ်ပြီ ထင်တယ်" ဟု ဂျူလီယံသည် စိတ်ထဲမှ အောက်မေ့ကာ ထိုနေရာသို့ ချက်ချင်းပင် သွားကြည့်တော့၏။

သို့ရှိစဉ် သစ်ပင်အုပ်များကြားမှ လူတစ်ယောက် ရုတ်တရက် ထွက်ပြေးသွားသည်ကို မြင်လိုက်ရ၏။ ထိုသူသည် ဂျူလီယံအား တွေ့မြင်သွားသည့်ဟန်ဖြင့် ချက်ချင်းပင် နောက်သို့ ပြန်၍လှည့်ကာ သစ်ပင်များကြားတွင် ပျောက်ကွယ်သွားတော့၏။

ဂျူလီယံသည် ထိုသူ့နောက်ကို ချက်ချင်းလိုက်မည်ပြုသော်လည်း အနီး၌ လူတစ်ယောက် မှောက်လျက်သား လဲနေသည်ကိုမြင်ရသဖြင့် သွားရောက်ကြည့်ရှုရာ ၎င်း၏လက်ယာဘက်နောက်ကျော ပခုံးအောက်တွင် သေနတ်ကျည်ဆံဝင်သွားသည့် ဒဏ်ရာတစ်ခုကို တွေ့ရပြီးလျှင် အင်္ကျီတစ်ခုလုံးမှာလည်း သွေးများဖြင့် စိုလျက်ရှိ၏။ ထိုသူမှာ အခြားသူမဟုတ် မစ္စတာဖော့ကနာ ဖြစ်ကြောင်း တွေ့ရ၏။

ဂျူလီယံသည် မစ္စတာဖော့ကနာသေဆုံးပြီအထင်နှင့် ထားခဲ့ပြီးနောက် သစ်ပင်ကြားတွင် ပျောက်သွားသည့်လူနောက်သို့ ဆက်လက်လိုက်ပြန်ရာ ဆီးနှင်းများ ဖုံးနေသည့် နေရာများတွင် လတ်လတ်ဆတ်ဆတ် ခြေရာများကို တွေ့ရ၏။ သို့နှင့် ဆက်လက်လိုက်ပြန်ရာ လမ်းမကြီးပေါ်သို့ အရောက်တွင် ခြေရာများ ပျောက်သွားပြီးနောက် ရှေ့တွင် တောင်တန်းကြီး ကာဆီးနေသည်ကို တွေ့ရ၏။

လူသတ်သမားသည် လူသွားလမ်းဘက်သို့ မလိုက်တော့ဘဲ တောင်ပေါ်သို့ တက်သွားနိုင်ကြောင်း ထိုအခါမှ သတိရမိတော့၏။

သို့နှင့် ဂျူလီယံသည် တောင်ခြေသို့ ပြေးလိုက်သွားရာ အဆင်သင့်ပင် တောင်ပေါ်သို့ တက်သည့် ခြေလမ်းတစ်လမ်းကို တွေ့ရသဖြင့် ထိုလမ်းကလေး အတိုင်း တက်၍ လိုက်သွားလေတော့၏။

လူသတ်သမားကိုကား တွေ့ရပေပြီ။ ဂျူလီယံသည် ဖြတ်လမ်းမှ ကိုက် ၆၀၀ ခန့် အပြေးအလွှား လိုက်ခဲ့သောကြောင့်သာ ၎င်းအား မှီ၍လာခြင်းဖြစ်၏။ ထိုသူကား အခြားမဟုတ် တစ်ချိန်က မစ္စတာ ဖော့ကနာ၏အိမ်ထဲသို့ ကျူးကျော်ဝင်ရောက်သဖြင့် ထောင်ဒဏ်နှစ်နှစ် အပြစ်ပေးခြင်းခံရသူဖြစ်ကြောင်း ပြန်၍ သတိရမိ၏။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးသည် ရှေ့တည့်တည့်သို့ ပြေးလျက်ရှိရာမှ လက်ယာဘက်သို့ ရုတ်တရက် ချိုးဝင်ကာ ချုံပုတ်များအောက်တွင် ပျောက်ကွယ်သွားတော့၏။ သို့နှင့် ဂျူလီယံသည် ထိုသူ ပျောက်သွားသည့်နေရာသို့ လိုက်သွားရာ ချုံအောက်မှာ ရှင်းလင်းနေသော်လည်း ထိုသူကိုကား မတွေ့ရတော့ချေ။

သို့နှင့် ဂျူလီယံသည် သူ၏သေနတ်ကို အသင့်ပြင်ကာ ဒူးထောက်သွားရာမှ ဝမ်းလျားထိုး၍ သွားရပြန်၏။ ချုံတစ်ခုအောက်သို့ရောက်သောအခါ ထိုနေရာမှာ ရှင်းလင်းနေသော်လည်း လူဆိုးကိုကား မတွေ့ရချေ။ သို့နှင့်သူသည် ထိုနေရာ၌ပင် ထိုင်ကာ တစ်ခဏမျှ စဉ်းစားနေမိ၏။

သို့ရှိစဉ် သူ၏ဦးနှောက်ထဲသို့ အလင်းရောင်တစ်ခု ဝင်လာ၏။ တစ်ခါက တံငါသည် ဘီလီနှင့်အတူ ပင်လယ်ပြင်တွင် ရှက်တိုက်လျက်ရှိစဉ် ဘီလီက တောင်နံရံကြီး၏ ရေမျက်နှာပြင်မှ ပေ ၂၀ ကျော်ခန့်တွင်ရှိသည့် အပေါက်ကြီးတစ်ပေါက်ကို ညွှန်ပြကာ ထိုချိုင့်ကြီးအတွင်းရှိ ပစ္စည်းများကို မိမိရလျှင် လူချမ်းသာတစ်ယောက်ဖြစ်မည့်အကြောင်း၊ ပစ္စည်းများမှာ အလွန်အဖိုးထိုက်တန်သည့် ပိုး၊ ဖဲ၊ ကတ္တီပါနှင့် အခြားအဖိုးတန်ပစ္စည်းများဖြစ်ကြောင်း၊ မှောင်မိုက်သည့် ညဉ့်များတွင် မှောင်ခိုကုန်သည်းများသည် ထိုအပေါက်ကြီးရှိသော ကျောက်နံရံကြီးသို့ လှေငယ်များဖြင့် ချဉ်းကပ်လာပြီးလျှင် ပစ္စည်းများကို ဂူပေါက်ထဲရှိလူများက အပေါ်သို့ဆွဲတင်ကြကြောင်း၊ သို့ဖြစ်၍ ကုန်းဘက်သို့ထွက်သည့်အပေါက်တစ်ပေါက် မုချရှိရမည်ဖြစ်ကြောင်း၊ ထိုအပေါက်ကို မိမိကိုယ်တိုင် မသိကြောင်း၊ သို့သော် ထိုအပေါက်ကိုသိသော လူတစ်ယောက်မူ မိမိသိကြောင်း၊ ထိုသူမှာ ပထမတွင် ပြင်သစ်မှောင်ခိုလှေသူကြီးတစ်ယောက် ဖြစ်၍ ယခုအခါ ဂူကြီးကို စောင့်ရှောက်ရသည့် အကြီးအကဲ ဖြစ်လာကြောင်း၊ ထိုသူသည် ယခုထောင်ထဲသို့ ရောက်နေကြောင်း စသည်ဖြင့် ဘီလီပြောဖူးသည်ကို ဂျူလီယံသည် ပြန်၍ သတိရနေမိ၏။

သူယခု ရောက်ရှိနေသောနေရာမှာ မှောင်ခိုကုန်သည်းများ၏ လျှို့ဝှက်ဂူအပေါ်တည့်တည့်လောက်တွင် ရောက်နေပြီဟု ခန့်မှန်းရ၏။ ဤသို့ဆိုလျှင် ကုန်းဘက်သို့ ထွက်သော ထွက်ပေါက်မှာ သူ၏အနီးတွင် ရှိရပေသည်။

ထိုထွက်ပေါက်၌ပင် ထိုသူပျောက်သွားခြင်း ဖြစ်ရပေသည်။ ၎င်းမှာ ဖော့ကနာ အိမ်တွင်းသို့ ဖောက်တွင်းဝင်ခဲ့ဖူးသူ မက်ဟင်းပင် ဖြစ်ရပေမည်။

သို့နှင့် ဂျူလီယံသည် အနီးအနားတွင် ထွက်ပေါက်ရှိလိုရှိငြား နာရီဝက်ခန့်မျှ ရှာဖွေလျက်ရှိရာ ချုံတစ်ခုအောက်တွင် မြေများပွနေသည့်နေရာတစ်ခုကို အမှတ်မထင် သွား၍တွေ့ရတော့၏။





သို့နှင့် သူသည် ထိုနေရာမှ မြက်များကို ဆွဲနုတ်ဖယ်ထုတ်လိုက်ရာ မြက်ဖုတ်များမှာ အလွယ်တကူ ပါလာသဖြင့် တစ်စုံတစ်ရာကို ဖုံးအုပ်ထားကြောင်း သိရှိရတော့၏။ သို့နှင့် မြေများကို ယက်ကြည့်သောအခါ အောက်တွင် သစ်သားပြားတစ်ခုကို တွေ့ရ၍ ၎င်းကို ဆွဲမ,လိုက်ရာ တစ်ပေခွဲခန့်နက်၍ အလျား ၆ ပေ၊ အနံ ၂ ပေခန့်ရှိ တွင်းတစ်တွင်း ပေါ်လာတော့၏။

တွင်း၏အောက်ခြေ၌ကား မြေကြီးများ ဖုံးအုပ်နေသော ထွက်ပေါက် (သို့) ဝင်ပေါက်တစ်ခုကို တွေ့ရလေသည်။

ဂျူလီယံသည် မြေများကို ယက်ကြည့်ပြန်သောအခါ သံကွင်းတစ်ခုကို တွေ့ရသဖြင့် သံကွင်းကို ဆွဲမ,ဖွင့်လိုက်ရာ ပွင့်သွားသဖြင့် အံ့အားသင့်၍ သွားတော့၏။ ဤကဲ့သို့ ပွင့်သွားခြင်းမှာ မကြာမီက ဝင်သွားသော ဂိုးမက်ဟင်းသည် အမြန်ဝင်သွားရသဖြင့်တစ်ကြောင်း၊ အတွင်းမှ ဂလန့်ကိုပြန်၍ မပိတ်မိသဖြင့် တစ်ကြောင်း ဖြစ်ပေလိမ့်မည်။

ဂျူလီယံသည် အောက်သို့ငုံ့ကြည့်လိုက်ရာ ဂူပေါက်ကို တစ်ခါတည်း တွေ့လိုက်ရတော့၏။ ဂူပေါက်မှာ အောက်သို့ ခပ်စောက်စောက်ရှိပြီးလျှင် အောက်ခြေမှ တွင်းအထိ နံရံတွင် အသေတပ်ထားဟန်တူသော လှေကားတစ်ခု ထောင်ထားသည်ကို တွေ့လိုက်ရလေသည်။

သို့နှင့်သူသည် ဝေးမောက်မြို့သို့ ပြန်၍ ဂူကြီး၏ အကြောင်းကို သက်ဆိုင်ရာ အာဏာပိုင်များထံ သတင်းပေးရမည်လော သို့မဟုတ် ဖော့ကနာအား သတ်သူ လူဆိုးကို မိမိကိုယ်တိုင် ဂူတွင်းသို့ဝင်၍ ဖမ်းဆီးရမည်လော စသဖြင့် ဂျူလီယံသည် မိမိစိတ်ကို မဝေခွဲနိုင်အောင် ရှိတော့၏။

အကယ်၍ အာဏာပိုင်များ လိုက်လာသောအခါမှ ဂူထဲ၌ မက်ဟင်းကို မတွေ့ရလျှင် သူကိုယ်တိုင် လိမ်လည်ရာ ကျပေတော့မည်။

ထို့နောက် သူသည် သေနတ်ကို ညာဘက်လက်ဖြင့် အသာကိုင်ကာ ဘယ်လက်ဖြင့် လှေကားထစ်များကို ဆွဲ၍ ထိုသစ်သားလှေကားအတိုင်း အပေါက်သို့ ဆင်းသွားလေသည်။

ဤသို့ဆင်းခဲ့ရာ လှေကားထစ် ၃၀ ခန့် ဆင်းမိသောအခါ မြေမာသို့ ရောက်သွား၏။ ထိုနေရာမှာ အလင်းရောင် အားနည်းသဖြင့် လေးဘက်ထောက်၍ ရှေ့သို့တိုးသွားရာ မြေပြင်မှာ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်ကို တွေ့ရ၏။ လေးငါးဆယ်ပေခန့်ရောက်သောအခါ အမိုးမှာ ခြောက်ပေခန့်မျှ မြင့်မည်ဟု ခန့်မှန်းရသဖြင့် ကောင်းမွန်စွာ မတ်တတ်ရပ်နိုင်ပြီဖြစ်သဖြင့် ကိုယ်ကို မတ်မတ်ရပ်လိုက်၏။

ထို့နောက် နံရံကိုလက်ဖြင့်စမ်းကာ ရှေ့သို့ တဖြည်းဖြည်း တိုးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထင်အားဖြင့် ကိုက် ၅၀ နီးပါးမျှ ရောက်သောအခါ ရှေ့တွင် အလင်းရောင် တစ်ခုကို မြင်ရသဖြင့် ပိုမိုအားတက်လာမိ၏။

အလင်းရောင်လာသောအပေါက်မှာ ဂူပေါက်တစ်ခု ဖြစ်လေသည်။ ဂူပေါက်ဝသို့ ရောက်သွား၍ ကြည့်ရှုရာ အောက်ခြေမှ ရေသံများကို ကြားရပြီးလျှင် မျက်စိကျင့်သားရလာသောအခါ ပင်လယ်ပြင်ကို မြင်ရလေသည်။

ထိုအခါမှ မိမိမှာ မှောင်ခိုဂိုဏ်းကြီး၏ လျှို့ဝှက်ဌာနသို့ အကယ်ပင် ရောက်ရှိလာပြီဖြစ်ကြောင်း ကောင်းစွာ သိရှိရတော့၏။

သို့သော် သူ့ရှေ့မှပြေးသွားသော မက်ဟင်းကိုကား အရိပ်အယောင်မျှ မတွေ့ရတော့ချေ။

သူသည် မျက်စိကျင့်သားရစေရန် တစ်ခဏမျှ နေပြီးနောက် သတိကြီးစွာဖြင့် သေနတ်ကို အသင့်မောင်းတင်ကာ ဝဲယာနှစ်ဘက်ကို ကြည့်ရှုလျက်ရှိ၏။ ထိုအခါ၌ အမှောင်ထဲတွင် လမ်းကို ဝိုးတဝါးမြင်ရပြီဖြစ်၍ အတွင်းသို့ ၆ လှမ်း ၇ လှမ်းမျှ သွားမိသောအခါ လက်ဝဲဘက်တွင် မီးရောင်လိုလို တွေ့မြင်ရသဖြင့် အံ့သြမိ၏။

ထိုနေရာမှာ လမ်းတစ်လမ်းဖြစ်နေ၍ မိမိလာခဲ့သော အလာလမ်း မဟုတ်ဘဲ ပင်လယ်ပြင်ကြီးသို့ ထိုးထွက်နေသည့် တောင်နံရံကြီးနှင့် အပြိုင်လမ်း ဖြစ်ကြောင်း ခန့်မှန်းသိရှိရ၏။ သို့နှင့် သူသည် ခြေကိုဖော့၍ နင်းကာ ထိုမီးရောင် ရှိရာသို့ လျှောက်သွားလေသည်။

မကြာမီပင် သူသည် အခန်းတစ်ခန်း၏တံခါးဝသို့ ရောက်လာရာ တံခါးမှာ ထူထဲသော သစ်သားတံခါးကြီးဖြစ်ကြောင်း တွေ့ရ၏။ သို့နှင့် သူသည် ပျဉ်ချပ်များကြားမှ ချောင်းမြောင်းကြည့်ရှုရာ အတွင်းမှ မီးရောင်ကဲ့သို့ အလင်း ရောင်တစ်ခုကို တွေ့မြင်ရ၏။

သို့နှင့် သူသည် သေနတ်ကို လက်ဝဲဘက်ဖြင့် အသင့်ကိုင်ကာ တံခါး ကို လက်ယာဘက်ပခုံးဖြင့် တစ်ဟုန်ထိုးဝင်၍ တိုက်လိုက်တော့၏။ တံခါးမှာ သူထင်သည့်အတိုင်း အတွင်းမှ ကန့်လန့်ထိုးမထားသဖြင့် တိုက်လိုက်သည်နှင့် တစ်ပြိုင်နက် ဂျိုင်းခနဲ ပွင့်သွားလေတော့၏။ သူ၏ကိုယ်မှာလည်း အရှိန်နှင့် အခန်းတွင်းသို့ လဲကျသွားကာ မူးမေ့သွားတော့၏။

အခန်းအလယ်တွင် စားပွဲတစ်လုံးရှိရာ စားပွဲတွင် လူသုံးယောက် ထိုင် နေ၍ ဖယောင်းတိုင် သုံးတိုင် ထွန်းညှိထား၏။

သူတို့သည် ဂျူလီယံ ဝင်လာသည်ကို လုံးဝ ဂရုစိုက်ဟန်မတူဘဲ ဦးခေါင်းများကို ငုံ့ရှုံ့မှုသာငုံ့၍ ကြည့်လိုက်ပြီးလျှင် ၎င်းတို့အနက် တစ်ယောက် သည် ထလာ၍ ဂျူလီယံသေနတ်ကို ညင်သာစွာ သိမ်းဆည်းလိုက်၏။





တစ်ယောက်က သူ့အား ဒရွတ်ဆွဲကာ ခုံတစ်ခုပေါ်သို့ ချထားလိုက် ၏။ သူ သတိရလာ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ လူသုံးယောက် သူ့အား သေနတ်ကိုယ်စီဖြင့် ချိန်ထားသည်ကို တွေ့လိုက်ရတော့၏။

တစ်ချိန်းလိုလို၌ပင် သူဝင်လာခဲ့သော တံခါးကြီးမှ လူနှစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။ ထိုသူနှစ်ယောက်အနက် တစ်ယောက်မှာ ဂျိုးမက်ဟင်းပင် ဖြစ်နေ၏။

၎င်းတို့၏ အပြောအဆို အမူအရာကို အကဲခတ်ခြင်းဖြင့် ဂျိုးမက်ဟင်း က သူတို့အားလုံးအပေါ်တွင် ဩဇာရှိပုံလက္ခဏာရှိလေသည်။ ဂျိုးမက်ဟင်း သည် ဂျူလီယံနှင့် မျက်နှာချင်းဆိုင် ဝင်၍ထိုင်လိုက်ပြီးနောက် သူ့အား အကဲခတ် နေဟန်ဖြင့် တစ်ခဏမျှ စိုက်ကြည့်လျက်ရှိနေ၏။ ထို့နောက် ဂျိုးမက်ဟင်းက–

"မင်းဟာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က တရားသူကြီး ဖော့ကနာကို ဆဲရေးတိုင်းထွာ ခြိမ်းခြောက်မှုကြောင့် တရားစွဲခံရတဲ့ သူငယ် မဟုတ်လား"

ဂျူလီယံက အေးဆေးစွာပင် –

"ဟုတ်ပါတယ်"

ဂျိုးမက်ဟင်း က –

"အင်း ... ထင်သားပဲ။ မင်းတရားဆိုင်နေတုန်းက ငါကလည်း တရား ရုံးမှာ ပွဲကြည့်ပရိသတ်တစ်ယောက်ပေါ့။ ငါ ထောင်က လွတ်လာပြီး ပထမဦးဆုံး နေ့၊ ဝေးမောက်ကိုလည်း ရောက်တဲ့နေ့ပဲ၊ အခု မင်း ဒီမှာ ဘာလာလုပ်တာလဲ၊ တစ်လျှောက်လုံး ငါ့နောက်ကို လိုက်လာတာ မင်းပဲ မဟုတ်လား"

ဂျိုးမက်ဟင်းက အင်္ဂလိပ်ဘာသာဖြင့် မေးမြန်းပြောဆိုရာ ဂျူလီယံက နှုတ်ဖြင့်မဖြေဘဲ ဦးခေါင်းကိုသာ ညိတ်ပြလေသည်။

"ငါ့နောက်ကို ဘာဖြစ်လို့ နောက်ယောင်ခံပြီး လိုက်လာသလဲ"

"ခင်ဗျား မစ္စတာဖော့ကနာကို လုပ်ကြံတဲ့အချိန်မှာ ကျွန်တော်လည်း အဲဒီအနားမှာ ရှိနေတယ်။ သေနတ်သံကြားလို့ ကျွန်တော် ပြေးလာတော့ ခင်ဗျား ထွက်ပြေးတာ တွေ့လိုက်ရတာပဲ။ နောက်ပြီး ဖော့ကနာ သေနတ်မှန်သေတာ လည်းတွေ့ရော ခင်ဗျားနောက်ကို ခွက်လိုက်လာမိတာပဲ"

ဂျူလီယံက မကြောက်မရွံ့ဖြေဆိုလေသည်။

"မင်း ဘာရည်ရွယ်ချက်နဲ့ လိုက်လာတာလဲ အမိုက်အမဲကလေး"

"ခင်ဗျားကို ဖမ်းဖို့ပေါ့"

"ဘာ ... ငါ့ကို ဖမ်းဖို့ ဟုတ်လား။ တကယ်တော့ ဒီဖော့ကနာဆိုတဲ့ အကောင်ကြီးကိုသတ်တာ မင်းအတွက်လည်း ကောင်း၊ ငါ့အတွက်လည်း အကျိုးရှိ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်။ သူက ကျုပ်ကို လည်ပင်းကြိုးကွင်းစွပ်ဖို့ ကြိုးစားနေတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဒီလို လူတစ်ယောက်ကို နောက်ကျောက သွေးအေးအေးနဲ့ ပစ်သတ်တာတော့ မကြိုက်ဘူး”

“သူကတော့ ငါ့ကို သွေးအေးအေးနဲ့ သူ့ဩဇာအာဏာသုံးပြီး အကျဉ်းထောင်ထဲ နှစ်နှစ်လောက် ဒုက္ခခံနိုင်းတာကော ကောင်းသေးသလား။ သူ ထောင်ချတဲ့အထဲမှာ ငါတို့လူလေးယောက် ထောင်ထဲမှာ ကျန်သေးတယ်။ ဒီတော့ တို့ဘာလုပ်ရမလဲ။ သူ့ကို သတ်ရုံပဲရှိတယ်”

ဂျိုးက ဆက်လက်၍ –

“နေပါဦး ... ဖော့ကနာကို ငါပစ်တာ မင်းက တွေ့ရက်သားနဲ့ ဘာလို့ ကမ်းခြေစောင့်ပုလိပ်တွေကို မခေါ်သလဲ။ တို့ပစ်တဲ့နေရာနဲ့ ကမ်းခြေစောင့်ပုလိပ်တပ်စခန်းဟာ မိုင်ဝက်လောက်ဝေးတာပဲ”

“ဒါကတော့ ကျွန်တော့်လက်နဲ့ခင်ဗျားကို ဖမ်းနိုင်မယ် ထင်တာကိုး”

“မင်း အရူးလား၊ မင်းတစ်ယောက်တည်းနဲ့ ငါ့ကို ဖမ်းလို့ ရမလား။ ငါကတော့ မင်းနောက်ကို သိုးလေးတစ်ကောင်လို လိုက်လာပြီး ကြိုးစင်ပေါ် တက်မလား”

ထို့နောက် အခန်းထဲသို့ ခန့်ညားသောလူကြီးတစ်ယောက် ဝင်လာရာ ၎င်း၏ဘေးတွင် လက်နက်ကိုယ်စီဖြင့် သက်တော်စောင့်နှစ်ယောက် ပါလာသည်ကို တွေ့ရ၏။ ထိုအခါ ဂျူလီယံမှတစ်ပါး အားလုံးပင် မတ်တတ်ရပ်၍ ထိုလူကြီးအား အရိုအသေ ပေးကြ၏။ ထိုလူကြီးမှာ မှောင်ခိုသမားများ၏ အကြီးအကဲဖြစ်ဟန်တူ၏။ လူကြီးသည် ဂျူလီယံအား မီးတွက်မတတ် မျက်လုံးများဖြင့် စိုက်ကြည့်လျက်ရှိလေသည်။

***



# ၅

လူကြီးသည် ဂျူလီယံအား မသက်သာသော မျက်နှာဖြင့် ကြည့်ကာ–

“သူက ဘယ်သူလဲ၊ သူလျှိုလား” ဟု ဂျိုးအား မေးလိုက်၏။

“သူလျှိုတော့ မဟုတ်ပါဘူး။ ဝေးမောက်မှာနေတဲ့ လူငယ်တစ်ယောက်ပါ။ သူက ကျွန်တော်တို့အဖွဲ့ထဲက ရဲဘော်တချို့နဲ့လည်း အကျွမ်းဝင်တယ်။ တစ်ခါက မှောင်ခိုကုန်တွေကို ပိုင်းသယ်ရင်းနဲ့ အဖမ်းခံရဖူးတယ်”

ဂျိုးက စကားကို ခပ်ဖုံးဖုံး ပြောလိုက်၏။

“ကဲ ... အခု ဘာဆက်လုပ်မလဲ ဂျိုး”

“ဒါကတော့ ကျွန်တော်လည်း မသိဘူး။ ဖော့ကနာကို ကျွန်တော်သတ်တာလည်း သူမြင်တယ်။ ဒီဂူကြီးအကြောင်းကိုလည်း အခုသိသွားပြီ။ ဖော့ကနာကို သတ်တဲ့အမှုနဲ့ သူ အဖမ်းခံရရင်လည်း ကျွန်တော့်ကို သူဖော်မှာပဲ။ ဒီအခါ ဒီဂူကြီးအကြောင်းလည်း ပေါ်မှာပဲ။ ဒီတော့ ကျွန်တော်တို့အားလုံးဟာ ဒီပစ္စည်းတွေနဲ့ ဒီဂူကြီးကို စွန့်ပစ်ပြီး ပြင်သစ်ကို အရောက်ပြေးရုံပဲ ရှိတော့တယ်”

“ဒါဖြင့်လည်း ဒီကောင်လေးကို လည်ပင်းဖြတ်ပြီး ပင်လယ်ထဲ ပစ်ချရုံပေါ့”

“ဒီလိုလည်း ကျွန်တော် မလုပ်ချင်သေးဘူး။ တစ်မှုကနှစ်မှု ရှုပ်သွားမှာလည်း စိုးရိမ်တယ်။ ဝေးမောက်ကို သူပြန်ရောက်ရင်မစွတာ ဖော့ကနာကို သတ်မှုနဲ့ သူမုချ အဖမ်းခံရမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုရှိတာက သူ့ကို ပြင်သစ်ကမ်းခြေမှာ တို့ကချရုံချထားမှာ မဟုတ်ဘဲ သူဟာ ဗြိတိသျှစစ်သား ဖြစ်တဲ့အကြောင်း၊ ဗြိတိသျှ စစ်သင်္ဘော ပေါ်က ကျကျန်ရစ်ခဲ့လို့ ကယ်တင်လာခဲ့ရတဲ့ကြောင်း ပြင်သစ်အာဏာပိုင်တွေကို ပြောပြရင် ဆုငွေတောင် တို့ရဦးမယ်။ သူလည်း သုံ့ပန်းအဖြစ်နဲ့ ထောင်နန်းစံရမှာ အမှန်ပဲ၊ လွတ်လာတောင် သူ့စကားကို ဘယ်သူမှ ယုံမယ် မဟုတ်ဘူး"

"စိတ်ကူးတော့ အကောင်းသားပဲ။ ဒါပေမဲ့ မင်းအကောင်က ပြင်သစ် အာဏာပိုင်တွေ ရှေ့မှာ တို့ပြောတာ မဟုတ်ဘူးဆိုရင်ကော ..."

"သူဟာ ပြင်သစ်စကားကို န-ကန်းတစ်လုံးမှ တတ်တာ မဟုတ်ဘူး။ ဒီတော့ ပြင်သစ်အာဏာပိုင်တွေဟာ ကျွန်တော်တို့ပြောတဲ့စကားကို အမှန်လို့ မှုချထင်မှာပဲ"

ဂျူလီယံသည် မိမိ လုံးဝ နားမလည်သော ပြင်သစ်ဘာသာစကားဖြင့် ပြောနေသည့် ဂျိုးကို ကြည့်ကာ နားစွင့်လျက်ရှိနေ၏။

သို့သော် ပြင်သစ်ဘာသာစကားကို နားမလည်စေကာမူ စကားပြော သော လေသံနှင့် အမူအရာကို ကြည့်ရသည်မှာ သူ့ဘက်မှ လိုက်ပြောနေသည် ကို အကဲခတ်၍ သိရ၏။

ဤကဲ့သို့ ပြောမည်ကို လုံးဝ မမျှော်လင့်ချေ။ သူ၏အသက်မှာ ထို မှောင်နိုကိုဏ်းလက်တွင် ဖက်နှင့်ထုပ်ထားသကဲ့သို့ ရှိတော့၏။ ယခုမူ ဂျိုးက သူ့ဘက်မှ ပြန်လည်ရပ်တည်ပေးနေသည်ကို တွေ့သောအခါ အတော်ပင် အံ့သြ မိ၏။

သို့ရှိစဉ် ဂျိုးသည် ဂျူလီယံဘက်သို့ ရုတ်တရက် လှည့်ကာ အင်္ဂလိပ် ဘာသာဖြင့် -

"ဒီမှာ ငချွတ် ... ပထမတော့ ဒီမှာရှိတဲ့ ရဲဘော်တွေ အားလုံး မင်းကို ကြောက်သွားကြတယ်။ ဘာကြောင့်လဲဆိုတော့ မင်းဟာ တို့ရဲ့လျှို့ဝှက်ဂူကို သိသွားလို့ပဲ။ ဒါကြောင့်လည်း မင်းကို နှုတ်ပိတ်ဖို့ တောင်းဆိုကြတယ်။ လည် ပင်းကိုဖြတ်ပြီး ဒီဂူပေါက်ကနေ ပင်လယ်ထဲ ခုန်ပစ်ချချင်ကြတယ်။ ဒါပေမဲ့ မင်း ဟာ ဒီဂူကို ငါ့မိတ်ဆွေတစ်ယောက်ဆီက သိခဲ့တဲ့အကြောင်း၊ မင်းဟာ ငါတို့ လုပ်ငန်းကို ကူညီဖူးခဲ့တဲ့အကြောင်းတွေ ငါက ရှင်းပြလို့ နည်းနည်းယုံကြည်လာ ကြတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒီရောက်ရှိတဲ့အကြောင်း ဖော်ကောင် မလုပ်ပါဘူး ဆိုတာကိုတော့ သူတို့ မင်းကို သစ္စာဆိုခိုင်းကြတယ်"

ဝမ်းမြောက်စွာဖြင့် -

"ကျွန်တော် သစ္စာဆိုပါ့မယ်"





ထို့နောက် ဂျိုးသည် ကြောက်မက်ဖွယ်လိလိရှိသော ကျမ်းသစ္စာကို ရှေ့မှတိုင်သွားရာ ဂျူလီယံက လိုက်၍ ရွတ်ဆိုရ၏။

ထိုကျိန်စာမှာ အလွန်ရှည်လျား၍ သူတို့ဂိုဏ်းဝင်အားလုံးက ကျိန်ဆိုရ သည့် ကျမ်းသစ္စာ ဖြစ်၏။

"ကဲ ... ငချွတ် ... မင်းကို တို့ရဲ့လျှို့ဝှက်ဂူကိစ္စနဲ့တော့ ကျေနပ်ပါပြီ။ ဒါပေမဲ့ မင်းကို အင်္ဂလန်မှာ မထားနိုင်ဘူး။ ဒီညပဲ ပြင်သစ်ကမ်းခြေဘက် ခေါ် သွားရလိမ့်မယ်။ ငါ ကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက်လည်း မင်းဖော်ကောင် မလုပ်ပါ ဘူးလို့ ငါ မင်းကို ကျိန်ဆိုခိုင်းဦးမယ် ထင်သလား၊ မထင်ပါနဲ့။ ဒါက ငါ့ရဲ့ကိုယ် ရေးကိုယ်တာ ကိစ္စပဲ။ မင်း ဖော်ကောင်လုပ်ရင်လည်း ငါ မကြောက်ပါဘူး။ ဖော့ကနာကို ငါသတ်လိုက်တာ မှန်ပါတယ်။ ဒါပေမဲ့ သူဟာ အင်မတန် ရက် စက်ကြမ်းကြုတ်တဲ့ တရားသူကြီးပဲ။ တစ်နေ့တော့ မင်းဟာ ပြင်သစ်ကနေပြီး အင်္ဂလန်ကို ပြန်ရောက်လာမှာပါ။ ဒီလို ပြန်ရောက်ရင် အားလုံး ပြဿနာတွေ ပြေလည်သွားမှာပါ" ဟု ဂျိုးက အဆုံးသတ်လိုက်လေသည်။

ဂျူလီယံက အလန့်တကြား -

"ဒီလိုလည်း မလုပ်ပါနဲ့ဦးခင်ဗျာ။ ဒီညအချိန်တန်လို့ ကျွန်တော် အိမ်ပြန်မရောက်ရင် အိမ်သားတွေ သိပ်ပြီး စိတ်ပူနေကြမှာပါ"

"အင်း ... ဒါကတော့ ဟုတ်တာပေါ့။ မင်းကကော မင်းနဲ့ မဆိုင်တဲ့ ကိစ္စမှာ ဘာကြောင့် ဝင်စွက်ရတာလဲ။ ဒီအတွက်တော့ မင်းခံရမှာပေါ့။ မင်း ကံကောင်းတယ်လို့ အောက်မေ့ပါ။ နို့မဟုတ်ရင် မင်းကို ရေထဲမျှောပြီးပြီ"

"ကျွန်တော် ခင်ဗျားအကြောင်း ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောဘူးဆို တာ ကျွန်တော် ကတိပေးပါ့မယ် ခင်ဗျာ"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ မင်းဆီက ဘာကတိမှ မလိုချင်ပါဘူး။ ငါလည်း ဓေးမောက်က ထွက်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ။ ထောင်ထဲမှာ နှစ်နှစ် လောက်နေခဲ့ရပြီးတော့ ငါ့နာမည်ဟာ လူဆိုးစာရင်းထဲ ဝင်သွားပါပြီ။ ပုလိပ်နဲ့ အကောက်ဌာနက ခွေးတွေကလည်း ငါ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြ တော့မယ်။ ဖော့ကနာနဲ့လည်း ငါ အခုစာရင်းရှင်းပြီးပြီ မဟုတ်လား။ ဒီတော့ ငါ့တာဝန်ကျေပြီ"

ဂျိုးက ဆက်လက်၍ -

"ဒီလူသတ်မှုမှာ ငါတရားခံဆိုတာ သက်ဆိုင်ရာကတော့ ရိပ်မိမှာပဲ တစ်နေ့ ငါထောင်က လွတ်လာရင် ဒီကောင်ကို သတ်ပါ့မယ်လို့ ကျိန်ဆိုခဲ့တာ လူတိုင်းသိနေတယ်။ ပြီးတော့ ငါကလည်း ပျောက်သွားတယ်ဆိုရင် ငါ့ကိုသာ ထင်ကြမှာပေါ့။ ကဲ ... ကဲ ... ဂျူလီယံ အခုအချိန်ကစပြီး မင်းဟာ ငါ့အကျဉ်းသား



www.burmeseclassic.com

www.burmeseclassic.com



ဘဝကနေ ထွက်မပြေးပါဘူးဆိုတာ ကတိပေးပေတော့။ မပေးရင်တော့ မင်းကို တစ်လမ်းလုံးကြိုးနဲ့ တုတ်ခေါ်သွားရလိမ့်မယ်။ မင်းရေထဲ ခုန်ချမယ်ဆိုရင်လည်း ရေက အနက်ကြီး မင်းသေမှာပဲ"

ဂျူလီယံက သူ့အလိုရှိသည့်အတိုင်း ကတိပေးလိုက်ရာ ထိုအခါမှ ဂျိုးသည် ဂျူလီယံအား ချည်နှောင်ထားသည့် ကြိုးများကို ဖြေပေးရန် သူ၏ လူများအား အမိန့်ပေးလိုက်လေသည်။

ထိုအခါမှ အကြီးအကဲ ဖြစ်သူက –

"သူ့ကိုလည်း ချည်ထုပ်သယ်ပိုးတဲ့ဘက်မှာ ခိုင်းရမှာပဲ။ သူသစ္စာဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ ငါမယုံဘူး။ ငါကတော့ သူ့အနားမှာ စောင့်နေမှာပဲ" ဟု ပြောလိုက်၏။

အကြီးအကဲ၏ အမိန့်ကို ဂျိုးက ဂျူလီယံအား အင်္ဂလိပ်ဘာသာဖြင့် ပြန်၍ ပြောလိုက်ရာ ဂျူလီယံက နားလည်သည့်ဟန်ဖြင့် ဦးခေါင်းကို ညိတ်၍ ပြလိုက်လေသည်။

ဂျိုးက ခေါင်းဆောင်လျက် ဂျူလီယံ အပါအဝင် ရဲဘော်အားလုံးတို့သည် အဆင့်တစ်ဆင့် ပေါ်တွင် အုပ်ထားသည့် ရွက်ဖျင်ကြီးအောက်မှ လေးလံသော ချည်ထုပ်များကို တစ်ထုပ်စီ ထမ်းပိုးကာ ဂူပေါက်ရှိရာ လမ်းအတိုင်း သယ်ဆောင်သွားကြ၏။ လှေကားခြေရင်းသို့ ရောက်သောအခါ ပခုံးပေါ်မှ ချည်ထုပ်များကို ခေတ္တမျှ ချထားကြ၏။

သို့ရှိစဉ် ဂျူလီယံက နောက်ထပ် သယ်ရန် ရှိမရှိ ဂျိုးအား မေးမြန်းရာ မရှိတော့ကြောင်း၊ ယခုချထားသည့် အထုပ်များမှာ ကတ္တီပါထုပ်များ ဖြစ်သဖြင့် အထုပ်တစ်ထုပ်၏ တန်ဖိုးမှာ စတာလင်ပေါင်တစ်သောင်း ငါးထောင်ခန့်တန် ကြောင်း၊ ပိုးနှင့် ဖဲထုပ်များမှာ အနည်းဆုံး ပေါင်ငါးရာ တစ်ထောင်ခန့် တန် ကြောင်း စသည်ဖြင့် ပြောပြလေသည်။

ထို့နောက် ဂျိုးက ဆက်လက်၍ –

"အချက်ပေးသံကြားရင် ကြားချင်း ကျုပ်ရယ်၊ ဒီက ပြင်သစ်ရဲဘော် သုံးယောက်ရယ် တောင်ပေါ်တက်သွားတယ်။ အဲဒီမှာ ကျုပ်တို့ရဲ့ အဆက်အသွယ် နှစ်ယောက်ကို တွေ့ရပြီး အခါအခွင့်ရတာနဲ့ တစ်ပြိုင်နက် ကုန်းလမ်းအတိုင်း လန်ဒန်ဈေးကွက်အထိ သူတို့နှစ်ယောက်က ယူသွားလိမ့်မယ်။ ဒီကိစ္စတွေ ည ၈ နာရီပြီးအောင် လုပ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၀ နာရီမှာ ကျုပ်တို့ မော်တော်ဘုတ်ငယ်တစ်စင်း ပင်လယ်ဘက်က ရောက်လာပြီး လှေငယ်ကလေးတစ်စင်း လာကပ်လိမ့်မယ်။ ၆ နာရီလောက် အချိန်ရပါသေးတယ်။ ဒီတော့ မင်းအမောပြေ ဒီဂူထဲမှာ ခဏ အိပ်ချင်အိပ်နေပေါ့" ဟု ပြောကာ ထောင့်တစ် ထောင့်တွင်





ကောက်ရိုးများ ခင်းထားသည့် အိပ်ရာတစ်ခုကို ဂျူလီယံအား ညွှန်ပြလိုက်လေသည်။

သို့နှင့် ဂျူလီယံသည် ကောက်ရိုးအိပ်ရာပေါ်တွင် အိပ်လိုက်တော့၏။ သို့သော် ရုတ်တရက် အိပ်မပျော်သေးဘဲ ရှေ့တွင် မိမိ၏ ကံကြမ္မာမည်သို့ ဖန်တီးမည်ကိုလည်းကောင်း၊ မိမိ၏ အနာဂတ်တွင် တွေ့ရမည့် မရေရာသော ဘဝကိုလည်းကောင်း စဉ်းစား၍နေမိ၏။

ဂျိုး ပြောသည့်အတိုင်း မိမိသည် နှစ်ပေါင်းများစွာ ကြာ၍မှ ဤနေရာ ဤဒေသသို့ ပြန်၍ ရောက်နိုင်ပါဦးမည်လော။

ထိုနေ့ညနေကပင် သူသည် ဤတောင်တန်းပေါ်တွင် ယုန်ပစ်ထွက်ခဲ့သည့် အကြောင်းနှင့်တကွ မစ္စတာ ဖော့ကနာအား တွေ့ခဲ့ရပုံ၊ ထို့နောက် လူသတ်သမား ဂျိုးမက်ဟင်းနောက်သို့ နောက်ယောင်ခံ၍ လိုက်ခဲ့ပုံများကို တွေးမိကာ ရုတ်တရက် ဤနေရာမှ ပျောက်ခြင်းမလှ မိမိပျောက်သွားခဲ့သော် ပတ်ဝန်းကျင်က မိမိအား မည်ကဲ့သို့ တွေးထင်ကြမည်နည်း။ ပတ်ဝန်းကျင်သာမက ချစ်သူစတီဖင်ကလည်း မိမိအပေါ် မည်ကဲ့သို့ ထင်ပေလိမ့်မည်နည်း။

ယမန်နေ့ညက သူနှင့် တွေ့ဆုံစဉ်ကပင် လက်ထပ်ရန်တိုင်ပင်ပြီး နောက် အသွားအလာ အနေအထိုင် ဆင်ခြင်ရန် တတွတ်တွတ် မှာကြားရှာသေး သည် မဟုတ်လော။ ထို့အတူ အချိန်တန်၍ အိမ်ပြန်မရောက်ခဲ့သော် အဒေါ်မစ္စက် ထရောဘက်နှင့် ညီငယ်ဖရန့်တို့လည်း မည်မျှလောက် စိတ်ပူပန်ရှာကြပေမည် နည်း။

မည်သူမဆို သူ့အားလူသတ်သမားဟု ထင်ကြပေလိမ့်မည်။ သူ၏ ဘဝကား လှောင်ချိုင့်တွင်းမှ ငှက်ငယ်တစ်ကောင်ကဲ့သို့ ဖြစ်နေ၏။ သူနှင့် မစ္စတာ ဖော့ကနာတို့စကားများ၍ တရားရုံး၌ တရားပင်ဆိုင်ခဲ့ရသေးသည် မဟုတ်လော။

ပြင်သစ်နိုင်ငံမှ ချက်ချင်းပင် ပြန်လာနိုင်သည့်တိုင် သူ့အပေါ်ထားရှိသော သံသယကို မည်ကဲ့သို့ သူရှင်းနိုင်ပါအံ့နည်း။

ဤဂူထဲမှ ထွက်ပြေးလွတ်မြောက်ရန်မှာ မလွယ်ကူချေ။ ဂူထဲမှ လွတ်မြောက်၍ အိမ်သို့ ပြန်ရောက်စေကာမူ သူ၏ အခြေအနေမှာ ဆိုးရွားလှတော့၏။ မစ္စတာ ဖော့ကနာအား သတ်သွားသည့် လူသတ်သမားနောက်သို့ သူလိုက်သွားသည်ဆိုခြင်းကိုလည်း သက်သေမပြနိုင်၊ ယုံကြည်မည်လည်း မဟုတ်ချေ။

ဤဂူတွင်းမှ သူလွတ်မြောက်သွားနိုင်သည် ထားဘိဦး၊ ဂျိုးမက်ဟင်းတို့ လူစုမှာ မုချခြေရာပျောက်၍ သွားကြပေတော့မည်။ ဂျိုးမက်ဟင်း၏ ထောက်ခံမှုကြောင့် သူ့အား လွတ်လပ်စွာ ထားကြသော်လည်း ပြင်သစ်မော်တော်သမားများသည် သူ့အား အလစ်မပေးကြချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ပင် လူအချို့ လှေကားပေါ်သို့တက်သွားသည့် ခြေသံနှင့် ဆင်းလာသည့် ခြေသံများကို ကြားရ၏။ အကြီးအကဲမှာ သူ့အား အနီးမှကပ်၍ စောင့်ကြပ်လျက်ရှိနေ၏။

မိနစ်အနည်းငယ်မျှ ကြာသောအခါ အကြီးအကဲဖြစ်သူက ခြေဟန်လက်ဟန်ဖြင့် သူ့အား အိပ်ရာမှထရန် အမိန့်ပေးရာ ဂျူလီယံမှာ အိပ်ရာမှ ထရတော့၏။

ချက်ချင်းလိုပင် သူ့အား အကြီးအကဲ ဖြစ်သူက ခြေဟန်လက်ဟန်ပြ၍ အခန်းငယ်တစ်ခုသို့ ခေါ်သွားရာ အခန်းထဲတွင် စားပွဲတစ်လုံးနှင့် ခုံရှည်နှစ်လုံးချထားသည်ကို တွေ့ရ၍ သူ့အားခုံရှည်ပေါ်၌ ထိုင်စေ၏။ ထို့နောက် အကြီးအကဲ ဖြစ်သူက နှုတ်ဖြင့် တစ်စုံတစ်ရာ မပြောဘဲ စားပွဲပေါ်၌ တင်ထားသော အမဲခြောက်အနည်းငယ်၊ ပေါင်မုန့်တစ်လုံးနှင့် ဝိုင်ရက်တစ်ခွက်ကို သောက်သုံးရန် ခြေဟန်လက်ဟန်ဖြင့် ညွှန်ပြရာ ဂျူလီယံမှာ ဣန္ဒြေပင်မဆည်နိုင်တော့ဘဲ မြိန်ရှက်စွာ စားသောက်လိုက်လေသည်။

ယုန်ပစ်ရန် ထွက်ခဲ့စဉ်က သူငယ်ချင်း၏အိမ်တွင် ညစာစားခဲ့ရသည်မှာ ခုနစ်နာရီမျှပင် ကြာရှိခဲ့ပြီဖြစ်၏။ စိတ်သောကရောက်နေသဖြင့်သာ ဆာလောင်ခြင်းကို သတိမရဘဲ ရှိလေသည်။

စားသောက်ပြီးသောအခါ သူ့အား စောင့်ကြည့်နေသော အကြီးအကဲက ဆေးပြင်းလိပ်တစ်လိပ် ထုတ်ပေးသဖြင့် –

"အင်း … ငါတော့ အဖမ်းခံရတာတောင် သူတော်ကောင်းလူဆိုးတွေနဲ့ လာတိုးနေပါပကော" ဟု စိတ်ထဲမှ တွေးတောမိ၏။ ဆေးပြင်းလိပ်ကိုမူ သူက ငြင်းပယ်လိုက်လေသည်။

နာရီဝက်ခန့်အကြာတွင် ဂျူးမက်ဟင်းသည် ပြင်သစ်သင်္ဘောသားများနှင့်အတူ ရောက်လာ၍ –

"ဝေးမောက်မှာတော့ ဖော့ကနာရဲ့အလောင်းကို ဝိုင်းအုံကြည့်နေတယ်တဲ့။ သူတို့ထင်မြင်ချက်က သူသတ်သမားဟာ မင်းပဲ ဖြစ်ရမယ်တဲ့။ ဂျူလီယက်ဝုတ်ရေ မင်းကို တွေ့တဲ့လူတွေက တွေ့လိုက်ရတယ်လို့ တို့ အထောက်တော်တွေ သတင်းရခဲ့တယ်။ ဒါကြောင့်မို့ ငါ မပြောလား မင်း ငါ့နောက်ကို လိုက်လာတာရယ်၊ ဒီဂူထဲရောက်လာပြီး တို့ရဲ့အကျဉ်းသား ဖြစ်ရတာရယ်ဟာ မင်းအဖို့ အင်မတန် ကုသိုလ်ကံကောင်းတယ်လို့ ဆိုရမယ်။ ဝေးမောက်မှာသာ အခုနေအခါ မင်း ရှိနေမယ်ဆိုရင် မင်း အဖမ်းခံရတာ ကြာပြီ။ ကြိုးစင်တက်ဖို့လည်း သေချာပြီ ဆိုပါတော့"

ဂျူလီယံသည် နေရာမှ 'ဝုန်း'ခနဲ ထလိုက်ပြီးနောက် –





"ဘာ … ကျုပ်က လူသတ်မှုနဲ့ တရားစွဲခံရမယ် ဟုတ်လား။ ခင်ဗျား အပြစ်တွေ ကျုပ်အပေါ် ပုံကျကုန်တယ်ပေါ့ ဟုတ်လား။ ကျုပ်အခု သွားရှင်းမယ်"

"မင်း ဘယ်ကိုမှ မသွားနိုင်တော့ပါဘူးကွာ။ ငါ ကိုယ်တိုင် ဝန်ခံမှ မင်း လွတ်မှာပေါ့။ ကောင်းပါတယ်လေ … မင်းကို လူသတ်သမားလို့ ထင်နေသမျှ ငါ လွတ်နေတာပေါ့"

"ဒီ မှောင်ခိုကုန်သည်တွေကို ကူညီတုန်းက ဖြစ်ခဲ့တဲ့ ရန်စကလေး တစ်ခုတည်းနဲ့ ကျုပ်ကို ကြိုးစင်ပို့လို့ရမလား။ သူတို့မှာ ဘာသက်သေရှိလို့လဲ"

"ရှိတယ် မောင် ရှိတယ်။ သက်သေကတော့ မစ္စတာဖော့ကနာရဲ့ ဖြောင့်ချက်"

ထို့နောက် ဂျူးမက်ဟင်းက ဖော့ကနာ၏မြင်းသည် လူမပါဘဲ အိမ်သို့ ပြန်ရောက်လာသောအခါ အိမ်ရှိလူများက ပုလိပ်အဖွဲ့ကို အကြောင်းကြားကြောင်း၊ မစ္စတာ ဖော့ကနာမှာ ပုလိပ်အဖွဲ့က စစ်ချက် လာ၍ ယူသည်အထိ အသက်မသေသေးကြောင်း၊ တောလမ်းကလေးကို ဖြတ်၍ အိမ်သို့ သူပြန်လာစဉ် ဂျူလီယံနှင့် တွေ့ရသဖြင့် တစ်ယောက်တစ်ခွန်း စကားများကြောင်း၊ ထို့နောက် အိမ်နှင့် မနီးမဝေးသို့ အရောက်တွင် နောက်မှ တစ်စုံတစ်ယောက်က သူ့အား သေနတ်နှင့် ပစ်လိုက်သဖြင့် နောက်ကျောတွင် ဒဏ်ရာရခဲ့ကြောင်း၊ မကြာမီပင် ဂျူလီယံ ရောက်လာ၍ သူ့အား သေပြီအထင်ဖြင့် ထွက်ပြေးသွားသည်ကို မြင်ရကြောင်း၊ သို့ဖြစ်၍ ဖြောင့်ချက်မှာ စင်းနေကြောင်းဖြင့် ပြောပြလေသည်။

ထို့နောက် ဂျူးက ဆက်လက်၍ –

"ကိုင်း … ဒီတော့ မင်းအတွက် လွတ်လမ်း ရှိဦးမှာလား"

ဂျူး ပြောလိုက်သော စကားများသည် ဂျူလီယံ၏ နားထဲသို့ သံရည်ပူဖြင့် လောင်းလိုက်ဘိသကဲ့သို့ ဝင်သွား၏။

ဖော့ကနာ ကျိန်းသွားသော 'မျိုးမစစ်ကလေး ငါ့စကားကို ကောင်းကောင်း မှတ်ထား မင်းခြေလှမ်းများတာနဲ့ မင်းလည်ပင်းကို ကြိုးကွင်းစွပ်ပြီးသားပဲ။ ငါ့ကို စော်ကားထားတဲ့အတွက် မင်း နောင်တရစေရမယ်' ဟူသော စကားများကို ပြန်လည်ကြားယောင်လာမိ၏။

မစ္စတာ ဖော့ကနာ၏ သေခါနီးဖြောင့်ချက်မှာ အလွန်ထင်ရှားနေပြီဖြစ်သဖြင့် သူသည် မည်သည့်နည်းနှင့်မျှ ငြင်းပယ်၍ ရနိုင်တော့မည် မဟုတ်ပေ။

သို့နှင့် ဂျူလီယံမှာ ထိုအကြောင်းများကို တွေးရင်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်လေသည်။

ဂျူလီယံသည် မိမိကိုယ်ကို မိမိသတ်၍ သေချင်စိတ်များပင် ပေါ်၍လာမိ၏။ လူတစ်ယောက်ကို ဖမ်းလို၍ ဤဂူကြီးထဲသို့ ရောက်ခဲ့ရာ မစ္စတာဖော့ကနာ



www.burmeseclassic.com

www.burmeseclassic.com



ကို သတ်ပြီးမှ ဤနေရာသို့ ရောက်သည်ဟု တရားသူကြီးတိုင်းက ဆုံးဖြတ်ပေတော့မည်။ သူ့အတွက် အာမခံချက်ကား စိုးစဉ်းမျှ မရှိပေ။

ဂျိုးမက်ဟင်းက –

“လူမသတ်ဘဲ လူသတ်မှုနဲ့ အဖမ်းခံရပြီး ကြိုးစင်တက်ရမယ်ဆိုတာဟာ အင်မတန် စက်ဆုပ်စရာ ကောင်းတယ်ဆိုတာ ငါ ကိုယ်ချင်းစာမိပါတယ်။ ငါ စိတ်လည်း မကောင်းပါဘူး။ ဒါပေမဲ့ လောလောဆယ်တော့ ကုသိုလ်ကံက ငါ့ဘက် လိုက်နေတုန်း ငါ ငြိမ်နေလိုက်ရမှာပဲ။ ပြီးတော့ မင်းလည်း အခု ချက်ချင်း အဖမ်းခံရတာမှ မဟုတ်သေးဘဲ။ လွတ်မြောက်နေတာပဲ မဟုတ်လား”

သူတို့၏ မှောင်ခိုဂိုဏ်းသို့အမှတ်မထင် သူရောက်ခဲ့ရာ ပထမ အသတ်ခံရတော့မည်ကဲ့သို့ရှိရာ ဂျိုးမက်ဟင်း ကယ်ဆယ်လိုက်သဖြင့်သာ ခေါင်းနှင့်ကိုယ် အိုးစားမကွဲခဲ့သည်ကို ပြန်၍ သတိရမိ၏။

သို့သော် မိမိအိုးအိမ်နှင့်တကွ ချစ်သူနှင့်ပါ ခွဲခွာခဲ့ရသည့်အကြောင်းကို ပြန်၍ စဉ်းစားမိသောအခါ ဂျိုးအား လည်ပင်းကို ညှစ်၍ သတ်ချင်စိတ်များပင် ပေါ်လာတော့၏။

“ဒါပေမဲ့ မင်းအတွက် မျှော်လင့်ချက် မဆုံးသေးပါဘူး။ ငါဟာ မင်းထက် အသက်အစိတ်လောက်ကြီးပါတယ်။ သက်တမ်းစေ့ နေကြစတမ်းဆိုရင် ငါက အရင်သေမှာပါ။ ဒီတော့ အခုအဖြစ်အပျက်အားလုံးနဲ့ လူသတ်မှုကျူးလွန်တဲ့ တရားခံအစစ်ဟာ ငါဖြစ်ကြောင်း ငါကိုယ်တိုင် ဝန်ခံချက်ရေးပြီး ဟောဒီ ကြုတ်ကလေးထဲမှာ ထည့်ထားမယ်။ ငါသွားလေရာ ငါ့ကိုယ်မှာ ရှိနေမယ်။ အကယ်၍များ ငါ တစ်စုံတစ်ရာ ဖြစ်သွားရင် ဒီကြုတ်ကလေးကို ကာနယ်ချမ်းဘားဆီ ရောက်အောင်ပို့ဖို့ ငါတာဝန်ယူပါ့မယ်။ ရောက်အောင်လည်း ဖြစ်တဲ့နည်းနဲ့ ပို့ပေးပါ့မယ်လို့ ငါကတိပေးပါတယ်။ နောက်ထပ် ဝန်ခံချက်မိတ္တူ တစ်စောင်ကိုလည်း ဟောဒီ ငါတို့ဂိုဏ်ခေါင်းဆောင်ကြီးဆီမှာ အပ်ထားခဲ့မယ်။ တကယ်လို့ ကုန်ကူးရင်း ငါရေနစ်သေတဲ့ တိုင်အောင် စာတစ်စောင် မဟုတ်တစ်စောင်ဟာ ကာနယ်ချမ်းဘားဆီ ရောက်သွားနိုင်တယ်။ အဲဒါ မင်း အသက်ရှူပေါက်ပဲ ဂျူလီယံ”

ဂျူလီယံက ခပ်ငေါ့ငေါ့လေသံဖြင့် –

“ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ခင်ဗျား သေတဲ့အထိ အချိန်အကြာကြီး မစောင့်နိုင်ဘူး။ ကျုပ်ဘဝနဲ့ကျုပ် အမျိုးဂုဏ်ထိခိုက်ရတဲ့ အဖြစ်အပျက်အတွက် လူ့လောကမှာ ကျုပ်မနေတော့ဘူး။ ခင်ဗျားသာ ခင်ဗျားအသက်ရှင်အောင် ကြိုးစားနေရစ်ခဲ့ပေတော့။ ကျုပ်က ခင်ဗျား အရင် သေလိုက်မယ်”





“ဒီမယ် ငါ့ညီ ကိုယ့်ကိုယ်ကို သတ်သေတာဟာ ဘဝကို အရှုံးပေးရာရောက်တယ်။ ယောကျ်ားမဆန်ဘူး။ ရန်းရင်းကန်ရင်း ရင်ဆိုင်ရင်း အသက်စွန့်သွားတာက အစစအရာရာ မြတ်တယ်။ အသက်မသေသေးသမျှ ဘဝမုန်ကို ပြန်ရောက်အောင် ကြိုးစားနိုင်ပါတယ်။ နောက်ပြီး ကမ္ဘာကြီးဟာ အကျယ်ကြီးပါ။ မကြာခင် ဒီအမှုမှုန်ပေါ်လာပြီး မင်းလည်း ကွင်းလုံးကျွတ်လွတ်သွားမှာပါ”

ဂျိုး၏စကားများမှာ သူ့အပေါ်တွင် ငဲ့ညှာကြောင်း သိရ၏။ သို့သော် ဂျူလီယံတွင် အခြားခံစားချက်တစ်ခု ရှိသေး၍ ရင်ထဲတွင် ဘလောင်ဆူနေ၏။

“ဒီမှာ မစ္စတာ ဂျိုးမက်ဟင်း၊ ကျုပ်ဘဝကိုကျုပ် ရင်ဆိုင်ရမှာ မကြောက်ပါဘူး။ ခေါင်ကျကျ၊ ပြားကျကျ ကြောက်စရာ မလိုပါဘူး။ ဒါပေမဲ့ အချိန်တန် ကျုပ်အိမ်ပြန်မရောက်ရင် ကျုပ် ညီလေးနဲ့အဒေါ်ဟာ ဘယ်လောက် စိတ်ပူကြမလဲ။ ကျုပ်ကို ကျုပ် သတ်မသေပါဘူး။ ဒါပေမဲ့ ကျုပ်ချစ်သူအတွက် ကျုပ်ရတက် မအေးနိုင်ဘူး။ ကျုပ် ဘာလုပ်ရမလဲ”

“ဟဲ … ဒီလိုဆိုရင် မင်းညီဆီကို စာတစ်စောင်ရေး၊ မင်းချစ်သူဆီကို စာတစ်စောင်ရေး၊ အဲဒီစာတွေကို ကျုပ်ကိုယ်တိုင် သွားပေးပေးမယ်။ စာထဲမှာတော့ ကျုပ်တို့ရဲ့လျှို့ဝှက်ဂူအကြောင်းကလွဲရင် မင်းအဖြစ်အပျက်အကုန်ရေး၊ တကယ်လို့ ကျုပ်ကို ခြေရာခံလိုက်နိုင်ခဲ့လို့ရှိရင်လည်း ကျုပ်ကုသိုလ်ကံပေါ့။ ကျုပ် မင်းအတွက် ဒီလောက်တော့ စွန့်စားပါ့မယ်။ ဒါ ကျုပ်ရဲ့ စေတနာပဲ”

ထိုအချိန်တွင် ပြင်သစ်သင်္ဘောသားတစ်ယောက် ရောက်လာ၍ အခြားဘက်ကမ်းသို့ ကူးရန် ကုန်ကူးသင်္ဘောမှ လှေငယ်တစ်စင်း မကြာမီ ဆိုက်ရောက်လာတော့မည်ဖြစ်ကြောင်း သတင်းပို့ အချက်ပြနေပြီဖြစ်၍ စကားပြတ်သွားလေသည်။ ဂူအတွင်းရှိ လူများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

သို့နှင့် ဂူပေါက်ခေါင်မိုးပေါ်ရှိ တံခါးကိုပိတ်ခြင်း၊ လှေကားကိုဖြုတ်ခြင်း၊ မီးတုတ်များ ထွန်းညှိခြင်း စသည်တို့ကို ကိုယ်စီကိုယ်ငှ ဆောင်ရွက်လျက်ရှိကြရာ အကြီးအကဲ ဖြစ်သူက သူ၏ လူများကို စစ်ဆေးလျက်ရှိလေသည်။

အားလုံးပြီးစီးသောအခါ လျှောဆင်းသွားသော ဂူတွင်းလမ်းကြောင်းအတိုင်း သွားကြ၍ ပင်လယ်ပြင်ဘက်သို့ ထွက်သည့် ဂူပေါက်ဝသို့ ရောက်ကြ၏။

ထိုနေရာသို့ ရောက်သောအခါ ငြိမ်သက်စွာ နေကြ၍ အကြီးအကဲသည် မှောင်နှင့်မည်းမည်း ရှိနေသည့် ပင်လယ်ပြင်တွင် ဆိုက်ထားသည့် သင်္ဘောကို မီးဖြင့် အချက်ပြဆက်သွယ်လျက် ရှိနေ၏။ ၁၅ မိနစ်ခန့်ကြာသောအခါ တောင်အောက်ရှိ ရေပြင်တွင် လှေငယ်တစ်စင်း လှော်ခတ်လာသံကို ခပ်သဲ့သဲ့ ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲက ထိုလှေငယ်နှင့် အချက်ပြဆက်သွယ်ကြည့်ရာ သေချာသလောက်ရှိသောအခါမှ အကြီးအကဲသည် ရဲဘော်တစ်ဦး အဆင်သင့်ယူလာသည့် ကြိုးခွေကို ဖြေချလိုက်၏။ ကြိုးစ၏ တစ်နေရာကို ဂူတွင်း၌ အသေချည်ထား၏။

ထို့နောက် ရဲဘော်များအားလုံး ကြိုးကို ဆွဲ၍ တစ်ယောက်ချင်း ဆင်းကြရ၏။ ဂျူလီယံသည် အလယ်မှ ဆင်း၍ ၎င်း၏နောက်မှ ဂျိုးမက်ဟင်းက ကပ်၍လိုက်ပါလာရာ မကြာမီ ရဲဘော်များ အားလုံး လှေငယ်ပေါ်သို့ ရောက်ကြရ၏။

ထိုအခါမှ ဂူအတွင်း စောင့်ကျန်ရစ်သူက တွဲရရွဲချထားသည့် ကြိုးကို အပေါ်သို့ ဆွဲတင်သွားလေသည်။

အင်္ဂလိပ် ရေလက်ကြားကိုဖြတ်၍ ပြင်သစ်ကမ်းခြေသို့ သယ်ဆောင်သွားမည့် သင်္ဘောတစ်စင်းကို တွေ့ရ၍ လှေငယ်သည် မိုင်ဝက်ခန့်ရောက်သောအခါ ထိုသင်္ဘောရှိရာသို့ ရောက်ရှိသွားလေသည်။

သင်္ဘောပေါ်သို့ ရဲဘော်အားလုံး ရောက်ရှိသွားသောအခါ သင်္ဘောသားများသည် ရွက်များကို တင်ပြီးနောက် သင်္ဘောထွက်ရန် သူ့နေရာနှင့်သူ လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြရာ ထိုအလုပ်မှာ သူတို့အတွက် ရိုးနေပြီဖြစ်၏။

နောက်ထပ် တစ်မိုင်ခန့်မရောက်မချင်း တစ်ယောက်မှ စကားမပြောကြဘဲ သင်္ဘောမှ အင်ဂျင်စက်ကိုလည်း လုံးဝ မဖွင့်တော့ချေ။

တစ်မိုင်ကျော်ကျော်ရောက်သောအခါ သင်္ဘောကပ္ပတိန်က –

"ကဲ ... ကျုပ်တို့တော့ ချောချောမောမော လွတ်မြောက်လာပြီ။ ကုန်တွေလည်း လိုတဲ့နေရာပို့ပြီးပြီ။ ငွေလည်း အကျေရခဲ့ပြီ။ လူတွေလည်း အားလုံးပါလာပြီ။ သင်္ဘောလည်း ဘေးကင်းရာ ရောက်ပြီ။ အကယ်၍ နက်ဖြန်မနက်စောစော ဗြိတိသျှ အကောက်ခွန်ဌာန အရာရှိတွေ လိုက်လာရင်တောင် ကျုပ်တို့ လွတ်ပါပြီ" ဟု အသံသြကြီးဖြင့် ပြောလိုက်၏။

ထိုအချိန်၌ သင်္ဘောမှာ အင်ဂျင်စက်နှစ်လုံးဖြင့် အားကုန်ခုတ်မောင်းလျက် ရှိလေသည်။

အမှောင်ထုမှာ သိပ်သည်းလှသော်လည်း ကောင်းကင်မှ ကြယ်ရောင်ကလေးများဖြင့် ပြာလဲ့လဲ့ ရေပြင်ကြီးကို မြင်နေရ၏။ သင်္ဘောကပ္ပတိန်သည် ခရီးလမ်းကို ကောင်းစွာ ကျွမ်းကျင်သည့်အနေဖြင့် စိတ်ချလက်ချ ခုတ်မောင်းလျက် ရှိနေ၏။

လေမှာ မပြင်းထန်သော်လည်း ခပ်စိမ့်စိမ့် အေးလျက်ရှိရာ သင်္ဘောသားအချို့မှာ လေကလေး တချွန်ချွန်နှင့်ပင် ရှိနေကြ၏။





သင်္ဘောဝမ်းအတွင်း၌မူ ဂျူလီယံတစ်ယောက်သာ ဒေးမှိုင်တွေဝေလျက် ၎င်းအနီးတွင် ဂျိုးသည် အလိုက်သိစွာ စကားမပြောဘဲ ထိုင်နေ၏။

လမ်းတစ်လျှောက်တွင် ဗြိတိသျှတိုက်သင်္ဘော တစ်စင်းတလေ တွေ့ရသော်လည်း သင်္ဘောကပ္ပတိန်မှာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည့်အတိုင်း ချက်ချင်းပင် စက်အရှိန်ကို လျှော့လိုက်ပြီးနောက် မီးအိမ်ငယ်ကလေးများကို ထွန်းညှိကာ တံငါလှေ အသွင်ဆောင်လိုက်၏။ ဤသို့ဖြင့် ဘေးအန္တရာယ်မတွေ့ဘဲ ခရီးဆက်ကြပြန်လေသည်။

ဂျူလီယံမှာ တစ်ချိန်လုံး ငြိမ်သက်နေသော်လည်း မနေနိုင်တော့သဖြင့်

"ကျုပ်တို့ အခု ဘယ်ဆိပ်ကမ်းကို သွားနေတာလဲ" ဟု ဂျိုးအားမေးလိုက်၏။

"တို့အခု လွိုင်ယာကို ဦးတည်ပြီး ခုတ်နေတယ်။ လွိုင်ယာကတစ်ဆင့် နန်းဘီးကို ဆက်သွားမယ်။ အဲဒီမှာ တို့သင်္ဘောဆိုက်မယ်။ နက်ဖြန်မနက်ကျရင်တော့ မင်းအတွက် သင်္ဘောသား ဝတ်စုံတစ်စုံ ငါထုတ်ပေးဦးမယ်။ တကယ်လို့ နောက်တစ်နေ့မနက်ထိ လေကြောင်း ပြောင်းမသွားဘူးဆိုရင် တို့တစ်တွေ လွိုင်ယာရောက်ဖို့ သုံး–လေး ရက်လောက် ကြာဦးမယ်။ ဒါပေမဲ့ ကောင်းကင်ကို ကြည့်ပြီး ငါ အသေအချာ ပြောရဲတယ်။ နက်ဖြန်မနက်မှာ လေကြောင်း ပြောင်းသွားမှာ သေချာတယ်။ ပင်လယ်ဝ အထိတော့ ဗြိတိသျှတိုက်သင်္ဘော တစ်စင်းနှစ်စင်းလောက်တော့ တွေ့ရဦးမယ် ထင်တယ်။ ခုလို လေငြိမ်နေရင်တော့ တို့တစ်တွေ သူတို့ကို ကောင်းကောင်းကြီး ရှောင်ပြေးနိုင်ပါတယ်။ လေကြမ်းလာရင်လည်း မီးစင်ကြည့်ပြီး ကရမှာပေါ့"

ဂျိုးသည် နောက်ထပ်ပြောမည့် စကားများကို ပြောသင့် မပြောသင့် စဉ်းစားနေဟန်ဖြင့် ပြောလက်စ စကားကို ခေတ္တရပ်လိုက်၏။

ထို့နောက် ဆက်လက်၍ "ငါ မင်းကို နောက်ထပ်တွေ့ချင်ပါသေးတယ် ဂျူလီယံရယ်။ တကယ်တော့ မင်းနဲ့ ငါနဲ့ဟာ ဘဝတူတွေပါကွယ်။ ဖော့ကနာကို ငါ မသတ်ရင် တစ်နေ့ မင်းသတ်ရမှာပါပဲ" ဟု ပြောလိုက်၏။

နောက်တစ်နေ့တွင် သူတို့၏ သင်္ဘောသည် စိန့်နာဇီယာကိုဖြတ်ကာ လွိုင်ယာကမ်းခြေသို့ ဆိုက်ကပ်ရန် ဦးတည်ခုတ်မောင်းလျက် ရှိလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com



## ၆

နန်းတီးမြို့သို့ သင်္ဘောဆိုက်ရောက်ပြီးနောက် အကယ်၍ သူသည် ပြင်သစ်အာဏာပိုင်တို့၏ တရားစွဲဆိုခြင်းခံရသောအခါ ပြင်သစ်သင်္ဘောသားများ ပြောဆိုသည့်အတိုင်း မမှန်ကြောင်း၊ မှောင်ခိုဂိုဏ်းသားများသည် ၎င်းတို့၏ လျှို့ဝှက်ချက်ကို မဖော်ထုတ်နိုင်စေရန် မိမိအား ဖမ်းဆီးခေါ်ဆောင်လာခြင်းသာ ဖြစ်ကြောင်း လျှောက်ထားပြောဆိုမည်ဟု စိတ်ကူးထား၏။

သို့သော် အထင်နှင့် အမြင်ကား လွဲတော့၏။ သင်္ဘောဆိုက်သည်နှင့် တစ်ပြိုင်နက် မာလိန်မှူးနှင့် သင်္ဘောသား နှစ်ယောက်တို့သည် လှေငယ်တစ်စင်းဖြင့် ကမ်းဘက်သို့ ကူးသွား၏။ နာရီဝက်ခန့်ကြာသောအခါ သူတို့ ပြန်လာ၍ ပြင်သစ်စစ်တပ်မှ တပ်ကြပ်ကြီးတစ်ဦးနှင့် သေနတ်ကိုင် စစ်သားနှစ်ယောက် သူတို့နှင့်အတူ ပါလာ၏။ သင်္ဘောပေါ်သို့ ရောက်သောအခါ မာလိန်မှူးသည် တပ်ကြပ်ကြီးအား ဂျူလီယံကို လက်ညှိုးထိုး၍ ပြလိုက်၏။

ဤသို့ဖြင့် ဂျူလီယံမှာ မည်သို့မျှ မပြောနိုင်မီ ဖမ်းဆီးခြင်း ခံရပြီးနောက် ၎င်းတို့ခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေသည်။

သင်္ဘောပေါ်မှ အဆင်းတွင် သူ၏နောက်မှနေ၍ ဂျူးမက်ဟင်းက –

"သွားပေဦးတော့ ညီလေးရေ၊ အင်္ဂလန်မှာ ခွေးကြီးမျိုးကြီးနဲ့ နေခဲ့ရပြီး ပြင်သစ်မှာ တစ်ကောင်ကြွက် ထားပစ်ခဲ့ရတာကိုတော့ ငါ အင်မတန် ဝမ်းနည်းပါတယ်ကွာ။ ငါ့အပြစ်ကို မင်းခံရတာဟာ ဘယ်သူမပြု မိမိမှုဆိုတာလို မင်းကုသိုလ်ကံကိုက ဆိုးပါတယ်။ လူ့ဘဝအနိမ့်အမြင့်ဆိုတာ ဒီလိုပဲပေါ့။ တစ်နေ့





ငါလည်း မင်းလိုပဲ ခံစားရမှာပါပဲ။ ငါတတ်နိုင်သလောက်တော့ မင်းကို ကူညီနိုင်ပါစေ။ မင်း ရေးပေးခဲ့တဲ့ စာတွေကိုလည်း ငါသွားပေးပါမယ်။ ငါ့ကတိ ငါတည်ပါစေ့မယ်။ တစ်နေ့တော့ မင်းဟာ ဖော့ကနာကို သတ်တဲ့အမှုက ကွင်းလုံးကျွတ်လွတ်မှာပါကွာ" ဟု ညည်းညူပြောဆိုသံကို ကြားလိုက်ရ၏။

ဂျူလီယံမှာ မိမိ၏ ဘဝအကျိုးပေးအတိုင်းသာခံရပေတော့မည်။ သူ့အား သယ်ဆောင်သွားသော လှေငယ်သည် ဆိပ်ခံတံတားသို့ ချဉ်းကပ်သွားရာ သူသည် နောက်သို့ လုံးဝ ပြန်၍မကြည့်၊ ရှေ့သို့ ကြည့်သောအခါလည်း မည်သည့်အရာမျှ မမြင်ရတော့ချေ။

ဤသို့ဖြစ်ရခြင်းမှာ ဆီးနှင်းများ ထူထပ်စွာ ကျနေသောကြောင့် မဟုတ်ဘဲ မိမိချစ်ဦးသူ စတီဖင်အတွက် ဝမ်းနည်းကြေကွဲသည့် မျက်ရည်များက မျက်လုံးအိမ်တွင် ဝဲနေသောကြောင့်သာ ဖြစ်လေသည်။

လွန်ခဲ့သော တစ်ရက်နှစ်ရက်ကပင် ချစ်သူနှစ်ဦးတို့သည် မိမိတို့၏ ရှေ့ရေးအတွက် စိတ်ကူးယဉ်အိမ်ကလေးတစ်ဆောင် တည်ဆောက်ခဲ့ကြသည်ကို တွေးမိတိုင်း သူသည် မချိတင်ကဲ ခံစားနေရလေသည်။

ဆိပ်ခံသောတံတားမှ တက်၍ ကမ်းနဖူးသော မြေနီလမ်းအတိုင်း အတန်ကြာသွားမိကြသောအခါ လမ်းကျယ်ကြီးတစ်ခုသို့ ရောက်ရှိလာရာ သူတို့အား ဝိုင်းကြည့်နေကြ၏။

အထူးသဖြင့် သူ့ကိုကြည့်၍ နေကြသောကြောင့် သူသည် ခြေလှမ်းမမှန်အောင်ပင် ရှိနေတော့၏။ သုံးဖာလုံခန့် လျှောက်ပြီးသောအခါ အိုမင်းဟောင်းနွမ်းသော အိမ်ကြီးတစ်လုံးရှေ့တွင် ရပ်လိုက်ရ၏။

အိမ်ကြီးတွင် ထုထဲသော သစ်သားတံခါးမကြီးတစ်ချပ် ဝိတ်ထား၍ အခြားတံခါးပေါက်များ မရှိချေ။ ဆာဂျင်သည် သစ်သားတံခါးကြီး၏ အလယ်တွင် တပ်ထားသည့် ကြေးလက်ကိုင်ကွင်းကြီးကို တဂွမ်းဂွမ်း မြည်အောင် ဆွဲလှုပ်လိုက်သောအခါ အစောင့်စစ်သားတစ်ယောက်က အတွင်းမှနေ၍ တံခါးကြီးကို ဖွင့်ပေးလေသည်။

အိမ်တွင်းသို့ ရောက်သောအခါ အတန်ငယ် မှောင်နေ၍ ခြေလှမ်းလေးဆယ်ခန့် ဝင်မိသောအခါမှ အလင်းရောင်တစ်ခု ရရှိလာရာ ထိုနေရာတွင် သံတိုင်များ ကာရံထားသည်ကို တွေ့ရ၏။

သို့ရှိစဉ် သံတိုင်များနောက်မှ လူခပ်ဝဝတစ်ယောက် ပေါ်လာရာ ထိုသူမှာ ပြင်သစ်လူမျိုးဖြစ်၍ ထောင်အကြီးအကဲ ဖြစ်ဟန်တူ၏။ ဆာဂျင်က မေးငေါ့၍ အချက်ပြလိုက်သောအခါ သူ၏ခါးကြားထဲမှ သော့တွဲတစ်တွဲကို ထုတ်ပြီး လျှင် သံတိုင်တံခါးကို ဖွင့်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာကျင်သည် ဂျူလီယံအား သံတိုင်အတွင်းသို့ ရောက်အောင်ပို့ပြီးလျှင် အတွင်းခန်း၌ရှိသော ထောင်ပိုင်ထံ အပ်နှံလိုက်၏။ ထို့ပြင် အသင့်ယူဆောင်လာသော ပြင်သစ်မြို့ဝန်တစ်ဦး လက်မှတ်ရေးထိုးထားသည့် စာရွက်တစ်ရွက်ကိုလည်း ပေးလိုက်၏။

စာရွက်ပေါ်တွင် ပါရှိသည်မှာ **အင်္ဂလိပ်လူမျိုး သင်္ဘောသား၊ စစ်သားဟု ထင်ရသည်။ အသက် ၂၁ နှစ်၊ ပင်လယ်ထဲမှ ဆယ်ယူရရှိခဲ့သည်။ သယ်ဆောင်ခဲ့သည့် သင်္ဘောမှာ ပြင်သစ် တံငါသင်္ဘော လူစီလီ ဖြစ်သည်။ လူစီလီ သင်္ဘောမာလိန်မှူးက တရားလိုအဖြစ် ဖမ်းဆီး အပ်နှံခဲ့သည်** ဟူ၍ ဖြစ်လေသည်။

ထောင်မှူးက ဂျူလီယံဝှတ်ကို လက်ခံရရှိကြောင်း၊ လက်မှတ်ရေးထိုးပေးလိုက်သောအခါ ဆာကျင်လည်း အပြင်သို့ ပြန်ထွက်သွားသည်။

ဂျူလီယံကိုမူ ထောင်ဝါဒါတစ်ဦးက ခေါ်ဆောင်သွားပြီးလျှင် အလုံခန်းထဲသို့ သွင်းလိုက်၏။ အခန်းထဲတွင် အကျဉ်းသား ၅၀ ခန့်ရှိ၏။ ၎င်းတို့အားလုံးမှာ အင်္ဂလိပ်လူမျိုးများ ဖြစ်ဟန်တူ၍ အများအားဖြင့် သင်္ဘောသား အဝတ်အစားများကို ဝတ်ထားကြ၏။

သို့သော် အဝတ်အစားများမှာ စုတ်ပြတ်ပေရေလျက် အချို့အကျဉ်းသားများမှာ ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်လျက်လည်းကောင်း၊ အချို့လည်း ကောက်ရိုးများပေါ်တွင် လဲလျောင်းလျက်လည်းကောင်း ရှိနေကြ၏။

အခန်းထဲသို့ ရောက်လျှင်ရောက်ချင်းလိုပင် နောက်ဘက်မှ ရဲဘော်တစ်ယောက်က ဂျူလီယံအား –

"ဟဲလို သူငယ်ချင်း အသစ်ကလေးရေ၊ မင်းတစ်ယောက်တည်းလား။ ဘယ်လိုလုပ်မိလာသလဲ၊ ဘယ်က ရောက်လာသလဲ၊ မင်း သင်္ဘောကရော နာမည်ဘာလဲ" ဟု မေးလိုက်၏။

ထိုအခါ ဂျူလီယံကလည်း အပေါင်းအသင်း ဖြစ်လိုသည့် သဘောဖြင့် မေးခွန်းများကို စိတ်ရှည်လက်ရှည် ဖြေကြားလေသည်။

"ကျုပ်က ဝေးမောက်ကပါ။ တစ်ယောက်တည်းဆိုတာလည်း ဟုတ်ပါတယ်။ ကျုပ်က သင်္ဘောသား မဟုတ်ပါဘူး။ ကျုပ်ကို အင်္ဂလန်ကနေ ပြင်သစ်ရောက်တဲ့အထိ လူစီလီဆိုတဲ့ မှောင်ခိုသင်္ဘောနဲ့ ခေါ်လာကြတာပါ"

"အဲဒီသင်္ဘောပေါ် ခင်ဗျား ဘယ်လိုလုပ် ရောက်တာလဲ။ အင်္ဂလန်က ထွက်ပြေးလာတာလား။ ကျွန်တော် အမေးအမြန်း ထူတာကိုတော့ ခွင့်လွှတ်နော်။ ဘဝတူချင်းမို့ ကိုယ်ချင်းစာပြီး မေးတာပါ။ ကျွန်တော့်နာမည် ဂျင်ဘရောင်းလို့ ခေါ်ပါတယ်"





"ကျုပ်နာမည်က ဂျူလီယံဝှတ်ပါ"

ဂျင်ဘရောင်းမှာ ဝိန်ဝိန်ပါးပါး ဖြစ်၍ အသားမှာ ဝိုးဟပ်ဖြူကဲ့သို့ ဖြူဆွတ်နေ၏။ ၎င်းတို့ အမေးအဖြေ ပြုလုပ်နေသည့် စကားများကို အားလုံးလိုလိုကပင် စိတ်ဝင်စားဟန်ဖြင့် ခေါင်းထောင်၍ ကြည့်ကြ၏။

ဂျူလီယံသည် ကောက်ရိုးပုံ တစ်ခုပေါ်သို့ ထိုင်ချလိုက်ရာ သူ၏ အနီးသို့ အကျဉ်းသားအချို့ ဝိုင်းအုံလာကြ၏။ မိမိတို့နိုင်ငံသား အချင်းချင်း နိုင်ငံရပ်ခြားတွင် တွေ့ရသောအခါ ဆွေရင်းမျိုးချာကဲ့သို့ အောက်မေ့ကြ၏။

ဂျူလီယံကလည်း မိမိ၏အဖြစ်အပျက်မှန်ကို ဖွင့်ချပြောဆိုလေရာ နားထောင်ကြသူများမှာ သူ့အပေါ်တွင် သနားစိတ်များ ဝင်လာကြလေသည်။

ထိုအခါ အချို့က ဂျူလီယံအား အင်္ဂလန်သို့ ပြန်ပြေးရန်လည်းကောင်း၊ ဂိုးမက်ဟင်းအား တွေ့အောင်ရှာပြီးလျှင် ကလဲ့စား ချေရန်လည်းကောင်း၊ မှောင်ခိုဂိုဏ်း၏ လျှို့ဝှက်ဂူကြီးအကြောင်းကို ဖော်ကောင်လုပ်၍ သက်ဆိုင်ရာသို့ တိုင်တန်းရန်လည်းကောင်း မခံချင်စိတ်ဖြင့် အမျိုးမျိုး အကြံပေးလျက်ရှိကြ၏။ သို့သော် သူ၏ ဘဝမှာ အကျဉ်းသားဘဝတွင် ရှိနေသည် မဟုတ်ပါလော။

"ကျွန်တော်က အကျဉ်းသားတစ်ယောက်ပဲဗျာ။ ခင်ဗျားတို့ အကြံပေးတာတွေ လုပ်ဖို့နေနေသာသာ ဒီထောင်ထဲမှာပဲ လွတ်ပါစေဦး"

ထိုအခါ ဂျင်က –

"ဟ ... ထောင် မဟုတ်ဘူး၊ အချုပ်ခန်း သူငယ်ချင်း။ ဒီအချုပ်ခန်းကနေပြီး ထောင်ကို သွားရဦးမယ်။ ခင်ဗျား တကယ်လို့ ပြေးချင်ရင် လမ်းမှာ ထွက်ပြေးဖို့ အခွင့်အရေး ရနိုင်ပါသေးတယ်"

ဂျူလီယံသည် ဂျင်အကြံပေးချက်များကို စဉ်းစားသကဲ့သို့ ငြိမ်သက်စွာ နားထောင်လျက်ရှိနေ၏။

ဂျူ ။ ။ "ခင်ဗျားတို့အားလုံး စစ်သုံ့ပန်းတွေလား"

"မဟုတ်ဘူး။ ကျုပ်တို့တစ်တွေဟာ သင်္ဘောနှစ်စင်းက သင်္ဘောသားတွေ သက်သက်ပါ။ ပြင်သစ် စစ်သင်္ဘောတစ်စင်းက ကျုပ်တို့ သင်္ဘောကို ရှေ့ဆင့်နောက်ဆင့် ဖမ်းမိသွားတာပါပဲ"

ဂျင်က အသနားခံသည့် မျက်နှာဖြင့် –

"ဒါထက် သူငယ်ချင်းအသစ်ရယ်၊ ခင်ဗျားဆီမှာ ပိုက်ဆံ နည်းနည်းပါးပါးလောက် မပါဘူးလား။ ပြင်သစ်စစ်သားတွေကတော့ ကျုပ်တို့ဆီက ပိုက်ဆံ တစ်ပြားတစ်ချပ် မကျန်အောင် နှိုက်သွားကြတယ်။ မှောင်ခိုကုန်သည် တွေကတော့ ဒီလောက်ထိ ရက်စက်ကြမယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်၏ အမေးကို ဂျူလီယံက မည်ကဲ့သို့ ဖြေကြားမည်နည်းဟု အခြား အချုပ်သမားများက မျက်နှာငယ်ကလေးများဖြင့် စောင့်ကြည့်လျက်ရှိကြလေသည်။

ဂျူလီယံသည် သူ၏ အင်္ကျီအိတ်များကို စမ်းကြည့်ပြီးနောက် –

"ဟုတ်တယ် ... မောင်မို ကုန်သည်တွေဟာ ကျုပ်ပိုက်ဆံကိုတော့ လုံးဝ မယူလိုက်ကြဘူး။ ကျုပ် အိတ်ထဲမှာ ဂီနီယာ အနည်းငယ်နဲ့ ငွေဒင်္ဂါးနှစ်ပြား ရှိနေတယ်။ ငွေဒင်္ဂါးတွေကိုတော့ ကျုပ် သိမ်းထားမယ်။ ဟောဒီဂီနီယာနဲ့ ခင်ဗျားတို့ ဒီအထဲမှာ ဘာသုံးလို့ရမှာလဲ။ ရရင်သုံးကြမှာပေါ့"

ဂျူလီယံ၏ စကားကို ကြားကြရသောအခါ အကျဉ်းသားများ၏ မျက်နှာများမှာ ရွှင်လန်းဝမ်းမြောက်သည့် အရိပ်အယောင်များ ပေါ်လာတော့၏။

မည်ကဲ့သို့ သုံးစွဲရမည်ကိုပင် အချင်းချင်း အတန်ကြာ ဆွေးနွေးလျက်ရှိကြ၏။ အကျဉ်းသားများမှာ အကယ်ပင် ငတ်ပြတ်နေကြသူများ ဖြစ်ဟန်တူ၏။

ဂျူလီယံ သိရှိရသည်မှာ ပိုက်ဆံရှိသော အကျဉ်းသားသည် ထောင်က ကျွေးမွေးသည့် အစားအစာများကို မစားလိုက အပြင်မှ ဝယ်ယူစားသောက်နိုင်သည်ဆို၏။

ထို့ပြင် ထောင်ဝါဒါတစ်ဦး ရောင်းသော အရက်ကိုပင် ဝယ်သောက်နိုင်ကြောင်း သိရ၏။

အတန်ကြာ ဆွေးနွေးတိုင်ပင်ကြပြီးနောက် ဆွတ်ပြုတ် ၄၅ ခွက်နှင့် အရက် ၄၅ ခွက် ဝယ်ယူရန် သဘောတူကြ၏။

ဤသို့မှာယူရုံမျှနှင့်ပင် ဂျူလီယံ၏ ငွေမှာ မကုန်သေးချေ။ ဂျူလီယံ၏ ဂီနီယာအနည်းငယ်ကို တစ်ယောက်သော အကျဉ်းသားက ယူပြီးနောက် ထောင်ဝါဒါတစ်ဦးအား လှမ်း၍ ခေါ်လိုက်၏။ ထောင်ဝါဒါ လာသောအခါ ထိုသူက ပိုက်ဆံများကို ပေးလိုက်၍ လိုအပ်သမျှ မှာကြားလိုက်၏။ မကြာမီ ထောင်ဝါဒါလည်း အရက်ပုလင်းကြီးလေးလုံး၊ ရေပုံးတစ်ပုံးနှင့် ရေအပြည့် သံဘူးကလေး သုံးလေးဘူးကို လာ၍ ပေးလေသည်။

ထို့နောက် စွပ်ပြုတ်ဟု ခေါ်မည်ဆိုက ခေါ်နိုင်သော ထမင်းရေကျဲသာ သာမျှရှိသည့် အရည်များကိုလည်း သံပုံးတစ်ပုံးဖြင့် ယူလာပြန်လေသည်။

အချို့ အကျဉ်းသားများမှာ မိမိတို့ ဝေစုကို တစ်ကျိုက်တည်းနှင့် မော့လိုက်ကြ၏။ အချို့လည်း မိမ်ခံပြီးလျှင် ဖြည်းညင်းစွာ သောက်လျက် ရှိကြလေသည်။





မကြာမီ အချုပ်သားများအတွက် နေ့လည်စာ ရောက်လာ၍ အညိုရောင် ပေါင်မုန့်တစ်ချပ်စီပေါ်တွင် ဟင်းသီးဟင်းရွက်ကြော်များ ပုံ၍ထားပြီးလျှင် တစ်နေ့လျှင် သုံးကြိမ် ဤသို့ ကျွေးသည်ဆို၏။

အချုပ်သားများအား ဤမျှလောက် ကျွေးမွေးသည်ကိုပင် ကျေးဇူးတင် ရပေဦးမည်။ အချုပ်သားများသည် မိမိတို့ ဝေစုများကို မြိန်ရေရှက်ရေစား သောက်ကာ စောစောကမှာထားသည့် စွပ်ပြုတ်ကို တစ်ယောက်တစ်ခွက်စီ သောက်လျက်ရှိကြ၏။ ဂျူလီယံမှာလည်း ထို့အတူပင် စားသောက်လျက်ရှိလေ သည်။

ထို့နောက် အကျဉ်းသားများမှာ ဝမ်းဗိုက်ပြည့်လာကြပြီဖြစ်၍ လက်ခုပ် လက်ဝါးတီးကာ သီချင်းပေါင်းစုံကို အော်ဟစ်သီဆိုလျက်ရှိကြလေသည်။

မကြာမီပင် လက်နက်ကိုင် ထောင်ဝါဒါတစ်ယောက် ရောက်လာ၍ သံတိုင်တံခါးကို လှုပ်ရမ်းကာ –

"ဒါ ... ခင်ဗျားတို့အိမ် အောက်မေ့နေသလား။ ဒါဟာ အချုပ်ခန်းဗျ။ ဒီလောက်တောင် ဆူညံနေလို့ ဘုရင်ခံကြားသွားရင် နောက်တစ်နေ့ ခင်ဗျားတို့ အတွက် အစာတစ်နပ်စာ ဖြတ်ရလိမ့်မယ်။ ဒါပဲ" ဟု သတိပေးသွား၏။

သို့နှင့် အချုပ်သားများမှာ ငြိမ်သက်သွားတော့ရာ ညနေ ၆ နာရီခန့် တွင် ပေါင်မုန့်တစ်ချပ်စီနှင့် ဟင်းအနည်းငယ်စီ ရကြသောအခါမှ သက်ပြင်းချ နိုင်ကြလေသည်။

ဂျူလီယံ၏အိတ်ထဲတွင် ငွေဒင်္ဂါးနှစ်ပြားအပြင် ဝှက်ထားသည့် ဂီနီယာ အနည်းငယ်ရှိသေး၏။ အချုပ်သားများ စားသောက်ပြီးနောက် ပိုသော အကြွေ အနည်းငယ်လည်း ဘောင်းဘီအိတ်ထဲတွင် ကျန်သေး၏။

ဂျူလီယံသည် အိတ်ထဲမှ ဂီနီယာကို ဤအချုပ်ခန်းထဲတွင် မသုံးရန် ကိုလည်း ဆုံးဖြတ်ထား၏။ ထိုပိုက်ဆံမှာ သူ၏နောက်ဆုံး အသက်ကယ်ဆေး လည်း ဖြစ်နိုင်၏။ မိမိ ထွက်ပြေးသည့်အခါ အသုံးလိုလျှင်လည်း သုံးနိုင်၏။ ထို့ကြောင့် ဂျင်ကိုပင် သူ မပြောတော့ချေ။

ကျန်သော အကြွေ အနည်းငယ်ဖြင့် သူတို့သည် ဆေးတံနှင့် ဆေးတံ ဆေးများ ဝယ်၍ သောက်ကြရပြီးလျှင် ဂျူလီယံရောက်လာမှ ဆေးရှူရသော ဘဝသို့ရောက်လာရသဖြင့် သူ့အား အလွန်ကျေးဇူးတင်ကာ လိုအပ်ပါက သူတို့ တတ်နိုင်သမျှ အကူအညီ ပေးပါမည်ဟု ဆိုလာကြ၏။

သို့ဖြစ်၍ ဂျူလီယံမှာ သူ၏လွတ်မြောက်ရေးကို စဉ်းစားလာနိုင်တော့ ၏။



www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တသုံးပတ် အချိန်ကုန်လွန်သွားသော်လည်း မည်သို့မျှ အကြောင်းမထူးဘဲ အိပ်လိုက်စားလိုက် စကားပြောလိုက်နှင့် အချိန်များကုန်ရတော့၏။

ထိုအချိန်များအတွင်း ပြင်သစ်စကားတတ်သော သင်္ဘောသားကြီး တစ်ဦးက ပြင်သစ်စကား မတတ်သော သူများအား သူတတ်သမျှ ပြင်သစ်ဘာသာစကားကို နှုတ်တိုက်သင်ပေး၏။

အချိန်ကြာသော် ဂျူလီယံမှာ ဝိုက်ဆံ မတတ်နိုင်တော့ဘဲ အချုပ်ထောင်က ပေးသည့် ပေါင်မုန့်ကိုသာ ရေနှင့် မျှောချပြီးလျှင် အသက်ရှင်ရတော့၏။ အချိန်ရှိတိုင်း ဂျူလီယံသည် အချုပ်ခန်းကို ဖောက်ပြေးရန် ရဲဘော်အချို့နှင့် နီးနှောတိုင်ပင်ကြည့်၏။ အထူးသဖြင့် ဂျင်ဘရောင်းနှင့် ခေါင်းချင်းဆိုင်တိုင်ပင်၏။

သို့သော် ဥမင်လိုဏ်ခေါင်းတူး၍ ပြေးရန်လည်း မလွယ်။ အချုပ်တွင်း တော်လှန်ပုန်ကန်ရေး အစီအစဉ်ကလည်း မဖြစ်နိုင်။ အခက်အခဲအမျိုးမျိုး၊ အတားအဆီး အမျိုးမျိုးနှင့်သာ တွေ့ကြုံနေရ၏။

သို့နှင့် သူတို့အား ဤအချုပ်မှ ထောင်ပြောင်းရွှေ့သောအခါ လမ်းခုလတ်ရောက်မှပင် လွတ်မြောက်ဖို့ လမ်းရှာဖွေရန် ဆုံးဖြတ်ကြရလေသည်။ သို့တိုင် သူတို့အား လမ်းတွင် မည်ကဲ့သို့ ချုပ်ချယ်ဦးမည် မသိရသေးချေ။

တစ်နေ့တွင် မမျှော်လင့်သော အခွင့်အရေးသည် ရုတ်တရက် ပေါ်လာ၏။ တစ်စုံတစ်ရာ ကြိုတင် အသိမပေးဘဲ ရက်သတ္တလေးပတ်မြောက်သည့် နောက်တစ်နေ့နံနက်တွင် အချုပ်သားအားလုံးတို့အား လေးယောက်တစ်တွဲ တန်းစီစေပြီးလျှင် အချုပ်၏အပြင်သို့ ထုတ်သွားရာ လက်နက်ကိုင်စစ်သားအစောင့် နှစ်ဆယ်က စောင့်ကြပ်လျက်ရှိလေသည်။

တစ်လခန့်မျှ အချုပ်ခန်းထဲတွင် နေခဲ့ရပြီးနောက် ပြင်ပလေကို လွတ်လပ်စွာ ရှူရှိုက်လိုက်ရသောအခါ ဂျူလီယံမှာ တစ်မျိုးတစ်ဖုံ လန်းဆန်းသွားတော့၏။

အချုပ်အနှောင်အဖွဲ့မှ အပြင်ဘက် ကောင်းကင်အောက်သို့ ခေတ္တမျှ ရောက်လာရသည့်အတွက် ဂျူလီယံမှာ ခုန်ပေါက်မြူးထူးချင်စိတ်များ ဖြစ်ပေါ်လာတော့၏။

အခြားအချုပ်သားများလည်း သူကဲ့သို့ပင် ရှိပေမည်။ သူသည် ဂျင်ဘရောင်းဘက်သို့ လှည့်၍ကြည့်လိုက်ရာ ဂျင်ကလည်း သူ့အား ပြန်၍ ကြည့်နေသည်ကို တွေ့ရ၏။

ထောင်ပိုင်ထံမှ လွှဲစာကို အကျဉ်းသားများအား ပို့ဆောင်မည့် စစ်တပ်မှ အရာရှိတစ်ဦးက လက်မှတ်ရေးထိုးပြီးနောက် အကျဉ်းသားအားလုံး ချီတက်ရ





တော့၏။ မည်သည့်နေရာသို့ သွားရမည်ကိုကား မည်သူမျှမသိချေ။ ဂျူလီယံမှာ ခြေလျင်လျှောက်နေရသည်ကိုပင် ဝမ်းသာ၍ နေမိ၏။

ဂျင်ဘရောင်းသည်လည်း သူကဲ့သို့ပင် ရှိနေဟန်တူ၏။ ယခုကဲ့သို့သာ ခြေလျင်ခရီး အတော်ကြာသွားရမည်ဆိုပါက လမ်းခုလတ်တစ်နေရာတွင် လွတ်မြောက်ရန် အခွင့်အရေးကို ရှာဖွေနိုင်မည် မဟုတ်ပါလော။ လွတ်မြောက်ထွက်ပြေးရန် ထိုနေ့အဖို့ ဂျူလီယံမှာ အခွင့်အရေး မရခဲ့ချေ။

အစောင့်များမှာ ၎င်းတို့တာဝန်ကို မလစ်ဟင်းစေဘဲ စောင့်ကြပ်ကြသဖြင့် သူတို့သည် လွိုင်ယာမြစ်ကမ်းမြောက်ဘက်မှ ခရီးပြင်းနှင်လာကြရ၍ နေ့လယ်ပိုင်း ရွာတစ်ရွာအရောက်တွင်မူ နံနက်စာ စားကြရ၏။ ထိုရွာတွင် ခေတ္တမျှ နားနေပြီးနောက် ခရီးဆက်ကြရပြန်၏။

ဤသို့ဆိုလျှင် သူတို့သွားရမည့် ခရီးမှာ အလွန်ရှည်လျားဟန်တူ၏။ နေဝင်မိုးချုပ်အချိန်တွင် စခန်းတစ်ခုသို့ ဆိုက်ရောက်လာရာ ထိုစခန်းမှာ အင်ဂျာစ် အချုပ်ခန်းဖြစ်၍ ဂျူလီယံမှာ ထိုနေ့အဖို့ အကြံကို လက်လျှော့လိုက်ရပြီးနောက် အိပ်စက်ရတော့၏။

နောက်တစ်နေ့နံနက်တွင် သူတို့သည် စားသောက်ဖွယ်ရာများကို ကောင်းစွာ စားသောက်ကြရပြီးနောက် ဆက်လက်ချီတက်ခဲ့ကြရာ ဝမ်းဗိုက်များ လေးနေသဖြင့် ခြေလှမ်းများ နှေးကွေးလာကြတော့၏။

နောက်တစ်နေ့နံနက်တွင် သူတို့သည် စားသောက်ဖွယ်ရာများကို ကောင်းစွာ စားသောက်ကြရပြီးနောက် ဆက်လက်ချီတက်ခဲ့ကြရာ ဝမ်းဗိုက်များ လေနေသဖြင့် ခြေလှမ်းများ နှေးကွေးလာကြတော့၏။

ထိုနေ့နံနက်၌ နှင်းများထူထပ်စွာ ကျနေ၏။ အစောင့်များမှာ အကျဉ်းသားများနှင့် ယဉ်ပါးသွားသကဲ့သို့ ယမန်နေ့ကလောက် အာရုံမစိုက်ကြတော့ဘဲ အေးအေးဆေးဆေးပင် မြင်းကိုယ်စီ စီးကာ နှေးမှရုံ၍ လိုက်ပါကြလေသည်။

မြို့ပြင်သို့ထွက်၍ နှစ်မိုင်ခန့်လျှောက်ပြီးသောအခါ အကျဉ်းသားများသည် တစ်ယောက်နှင့်တစ်ယောက် အချက်ပေးကြ၏။ ထိုအချိန်တွင် ဆီးနှင်းများကလည်း ဝိုး၍ကျနေသဖြင့် လွတ်မြောက်ထွက်ပြေးရန် အကောင်းဆုံး အခွင့်အရေး ဖြစ်ကြောင်း အားလုံးကပင် နားလည်ပြီး ဖြစ်၏။ လမ်းဘေးတစ်ဘက်တစ်ချက်တွင် တောအုပ်များလည်း ရှိနေသဖြင့် တောထဲသို့ ရောက်အောင် ဝင်၍ ပြေးနိုင်က လွတ်ကောင်းလွတ်နိုင်ပေမည်။

ဂျူလီယံသည် ဂျင်ဘရောင်းအား အသင့်ဖြစ်စေရန် လက်ကုတ်၍ အချက်ပြလိုက်၏။ လေးယောက်တစ်တွဲ စီတန်းလမ်းလျှောက်ရသဖြင့် အစောင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်သားများသည် အချိန်မရွေး ကြည့်ရှုစစ်ဆေးရန် လွယ်ကူလှ၏။

နန်းတီးထောင်ထဲတွင် တိုင်ပင်ခဲ့ပြီး ဖြစ်သည့်အတိုင်း တစ်ဦးလက်ကို တစ်ဦးကုတ်၍ နားလည်မှုယူကာ သူတို့သည် အသင့်အနေအထားတွင် ရှိနေကြ၏။ ထိုအချိန်၌ လမ်းတစ်ဘက်တွင် တောရှိ၍ အခြားတစ်ဘက်တွင် ကွင်းပြင်ကျယ်ကြီး ရှိနေသည့်နေရာသို့ ရောက်လာကြလေသည်။

ထိုအချိန်တွင် ရဲဘော်တစ်ဦးက အပေါ့သွားချင်သည်ဆို၍ အခြားရဲဘော်တစ်ဦးက အလေးသွားချင်သည်ဆိုကာ ပြောပြောဆိုဆိုနှင့် တောတန်းရှိရာဘက်သို့ ဝင်သွားကြ၏။

အစောင့်စစ်သားများနှင့် ရဲဘော်အားလုံးမှာ ရဲဘော်နှစ်ယောက် ဝင်သွားသည့်ဘက်သို့ အာရုံစိုက်၍ လိုက်ကြည့်ကြ၏။ သို့ရှိစဉ် ဂျူလီယံသည် ခါးစောင်းခန့်နိမ့်သော ကွင်းပြင်ဘက်သို့ ရုတ်တရက် ခုန်ချလိုက်ပြီးလျှင် လမ်းဘေးရှိ အကြီးဆုံး ကျောက်တုံးတစ်တုံးနောက်တွင် ပုန်း၍နေလိုက်၏။

သို့သော် လုံလောက်သော အကာအကွယ်ကား မဟုတ်ပေ။ ဂျင်ဘရောင်းကား သူ၏နောက်သို့ လိုက်၍ မလာချေ။

ထိုအချိန်လောက်တွင် အပေါ့အလေးသွားရန် တောတွင်းသို့ ဝင်သွားသော ရဲဘော်နှစ်ဦး ပြန်ရောက်လာ၍ အစောင့်ဆာဂျင်တစ်ယောက်က ဆူပူကြိမ်းမောင်းရင်း အကျဉ်းသားများအား ကြာပွတ်ဖြင့် တရွှမ်းရွှမ်း ရိုက်နှက်လျက် ရှိနေ၏။

ချက်ချင်းလိုပင် အကျဉ်းသားများအား ရှေ့သို့ ချီတက်ရန် တန်းစီကြရာ ထိုအချိန်၌ လေးယောက်တစ်တွဲ မဟုတ်တော့ဘဲ မညီမညာ ဖြစ်နေသဖြင့် အစောင့်များက ခန့်မှန်းရန် ခဲယဉ်းတော့၏။

ဤသို့ဖြင့် ဂျူလီယံတစ်ယောက် ကျန်ရစ်ခဲ့သည်ကို လုံးဝ မသိကြချေ။ သို့နှင့် အစောင့်စစ်သားများသည် ကျန်အကျဉ်းသားများကိုသာ ရှေ့သို့ချီတက်မြဲ ချီတက်စေလျက်ရှိတော့၏။

အစောင့်စစ်သားများမှာ ရှေ့သို့ ဆက်ရမည့်ခရီးကို စိတ်စောနေသဖြင့် တစ်ကြောင်း၊ ပြဿနာစ၍ ဖော်သည့် ရဲဘော်နှစ်ယောက်ကို ဂရုစိုက်နေရသဖြင့် တစ်ကြောင်း ဂျူလီယံ ပုန်းအောင်းနေသည့် ကျောက်တုံးကို လုံးဝ မကြည့်မိခဲ့ချေ။ ဆီးနှင်းများကလည်း ထူထပ်စွာ ကျမြဲကျနေသဖြင့် ဂျူလီယံအတွက် ကံကောင်းတော့၏။

ဤသို့ဖြင့် အစောင့်စစ်သားများနှင့် ချီတက်သွားသော ရဲဘော်များ သည် သူနှင့် တဖြည်းဖြည်းဝေး၍ သွားတော့၏။ ပတ်ဝန်းကျင်တွင် သက်ရှိသတ္တဝါဟူ၍ မတွေ့မမြင်ရချေ။





ဂျူလီယံသည် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်ကာ ကျယ်ပြန့်သော ကွင်းပြင်ကြီးကို တစ်ခဏမျှ ငေးမောကြည့်ရှုနေမိ၏။ သို့သော် နှင်းများ ဝိတ်နေသဖြင့် အဝေးသို့ကား မမြင်ရချေ။ ချမ်းအေးလွန်းသဖြင့် အိပ်တန်းမှ ထသေးဟန်မတူ၊ ပကတိ ငြိမ်သက်လျက်ရှိနေ၏။

မိနစ်အစိတ်သုံးဆယ်ခန့် ငြိမ်သက်စွာ နေခဲ့ရသဖြင့် ခြေများ ခဲမတတ် ဖြစ်ကာ သူ၏ တစ်ကိုယ်လုံးမှာ ကိုက်ခဲထုံကျင်လာတော့၏။ သို့နှင့် သူသည် ကုတ်အင်္ကျီပေါ်မှ နှင်းပွင့်များကို လက်ဖြင့် ခါချလိုက်ပြီးနောက် ခြေများ ပူလာစေရန် လေးငါးကြိမ်မျှ ခုန်ပေါက်ပစ်လိုက်၏။

သူသည် မည်သည့်ဒေသ မည်သည့်အရပ်သို့ ရောက်နေသည် မသိ၊ နေကလည်း မထွက်သေးသဖြင့် အရှေ့အနောက် တောင်မြောက်လေးပါးကိုပင် မသိရသေးချေ။ လာလမ်းအတိုင်း ပြန်ရန်လည်း ဝေးလံလှ၏။

တစ်ခုတည်းသော နည်းလမ်းမှာ သူ့အား အင်္ဂလိပ်စစ်သုံ့ပန်းအဖြစ် နောက်ထပ် ဖမ်းချုပ်မည့် ဌာနများ၊ အာဏာပိုင်များ၊ စစ်တပ်များနှင့် ဝေးသည့် နေရာသို့ ပြေးရန်သာ ရှိတော့၏။ အကယ်၍ လမ်းတွင် လူသူလေးပါးတွေ့လျှင်လည်း အကူအညီ တောင်းရန်သာ ရှိတော့၏။

ထိုအခါမှ ဂျူလီယံသည် ကုတ်အင်္ကျီအိတ်ထဲတွင် ကျန်ရှိသေးသည့် မစားရက် မသောက်ရက် ချန်ထားသော ဂီနီယာနှစ်ပြားကို သတိရမိ၏။ ထို့ပြင် အပေါ်အင်္ကျီအိတ်ထဲတွင် ငွေဒင်္ဂါးနှစ်ပြား ရှိသေး၏။ ထိုငွေများသည် ယခုအခါ သူ့အတွက် အလွန်ပင် အရေးပါ အရာရောက်ပေတော့မည်။

ဂျူလီယံသည် သူလာခဲ့သည့် လမ်းတစ်လျှောက်ကို မျှော်၍ကြည့်မိ၏။ ထိုလမ်းအတိုင်း သုံးမိုင်ခန့်လျှောက်လျှင် အင်ဂျာစ်သို့ ပြန်ရောက်မည်ဖြစ်၏။ ထိုနေရာသို့ရောက်လျှင် မုချအဖမ်းခံရမည် ဖြစ်သောကြောင့် သွား၍ မဖြစ်ချေ။

ထို့ပြင်လည်း အစောင့်စစ်သားများသည် သူကျန်ရစ်ခဲ့သည်ကို သိသည်နှင့် တစ်ပြိုင်နက် လာလမ်းအတိုင်း ပြန်၍ လိုက်လာကြပေတော့မည်။

သို့နှင့် သူ့အတွက် ရွေးချယ်ရန် လမ်းနှစ်သွယ်သာ ရှိတော့၏။ တစ်လမ်းမှာ ညာဘက်တောထဲသို့ ဝမ်ပြေးရန်နှင့် အခြားတစ်လမ်းမှာ ဘယ်ဘက်ရှိ လယ်ကွင်းပြင်ကြီးကို ဖြတ်ပြေးရန်သာ ဖြစ်လေသည်။

တစ်ခုရှိသည်ကား တောလမ်းခရီးမှာ ပို၍ မျက်စိလည်နိုင်ပြီးလျှင် လူနေအိမ်ခြေတွေ့ရန်လည်း ခဲယဉ်း၏။

ဤသို့ဆိုလျှင် အစားအစာလည်း ရမည်မဟုတ်ချေ။ လယ်ကွင်းများထဲသို့ ဖြတ်၍ လျှောက်လျှင်မူ အနည်းဆုံး လယ်စောင့်တဲများကို တွေ့နိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



၏။ လယ်ဆိုးလျှင်မှ ရှာကို တွေ့နိုင်၏။ သို့နှင့် ဂျူလီယံသည် လယ်ကွင်းကို ရွေးချယ်လိုက်လေသည်။

သူသည် အချုပ်ခန်းတွင်နေစဉ်ကထက် ယခုကဲ့သို့ လွတ်လပ်စွာ နေရသောအခါ ပို၍ အားအင်တောင့်တင်းနေသည်ဟု ထင်မိ၏။ သို့နှင့် ဘုရားသခင်အား တိုင်တည်ကာ လယ်ကန်သင်းရိုးအတိုင်း အသော့နှင်တော့၏။

တစ်ဖာလုံ၊ နှစ်ဖာလုံ၊ သုံးဖာလုံ၊ လေးဖာလုံ၊ မိုင်ဝက်ခန့် ရောက်သောအခါမှ အပြေးရပ်လိုက်၏။ သွေးများ ပူလာပြီဖြစ်သဖြင့် ခပ်သွက်သွက် ဆက်လျှောက်ပြန်လေသည်။

ဆီးနှင်းများသည် တဖြည်းဖြည်း ပါးလာပြီဖြစ်၍ မကြာမီ နေရောင်ကို မြင်ရပေတော့မည်။ ယခုမူလ အလင်းရောင်မှာ အားနည်းလျက်ပင် ရှိနေသေး၏။

သို့သော် လူတစ်ယောက်သော်လည်းကောင်း၊ တဲတစ်တဲသော်လည်းကောင်း မတွေ့မချင်း သူသည် မရပ်မနား ဆက်လက်လျှောက်သွားလျက်ရှိ၏။ နားခိုရန်လည်း မရှိ၊ နှင်းများကလည်း တဖွဲဖွဲ ကျလျက်ပင် ရှိသေး၏။

ခွဲကြီးကြီးဖြင့် လျှောက်လာခဲ့သည်မှာ လေးနာရီမျှ ကြာခဲ့ပြီဖြစ်သဖြင့် ခရီးလည်း အတော်ပေါက်ခဲ့လေပြီ။ ဝမ်းထဲတွင် အစာမရှိသဖြင့် အတော်ပင် မောဟိုက်နေပြီ ဖြစ်၏။

နေထွက်လာပြီဖြစ်၍ ထိုအခါမှ သူသည် အရှေ့၊ အနောက် ခွဲခြားနိုင်တော့၏။ သူသွားနေသည်မှာ အရှေ့မြောက်စူးစူးဖြစ်၍ ယခုအချိန်ထိ လယ်စောင့်တဲတစ်တဲမျှပင် မတွေ့ရသေးချေ။ သက်ရှိသတ္တဝါဟူ၍လည်း တစ်ကောင်တစ်မြီးမျှ မမြင်ရချေ။

ဂျူလီယံမှာ ဝေးဝေးလျှောက်နိုင်လေ နောက်မှ လိုက်လာမည့် အစောင့်စစ်သားတို့ ရန်နှင့် ဝေးလေလေ မဟုတ်ပါလော။ ယခုအချိန်လောက်တွင် သူ ပျောက်သွားကြောင်း သိလောက်ပေပြီ။

တစ်ကြိမ်တစ်ခါမျှ မိမိမရောက်ဖူးသည့်ဒေသတွင် သွားလာနေရသည်မှာ အလွန်ပင် အားငယ်စရာ ဖြစ်တော့၏။ သူ၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ အင်္ဂလန်သို့ ပြန်ရောက်ရန်ဖြစ်၍ ဆိပ်ကမ်းမြို့တစ်မြို့သို့ ရောက်မှသာ ဖြစ်ပေမည်။

ဤသို့စဉ်းစားလျက်ရှိစဉ် ဒလက်ကြီးများ တပ်ဆင်ထားသည့် လေရဟတ်ကြီးတစ်ခုကို ခပ်လှမ်းလှမ်းမှ တွေ့မြင်လိုက်ရဖြင့် ရှေ့သို့တိုးသွားရာ အုတ်တံတိုင်းများ ကာရံထားသည့်အဆောက်အအုံကြီးတစ်ခုကို တွေ့ရလေသည်။

အနီးသို့ရောက်သောအခါ ထိုအဆောက်အအုံမှာ တံခါးဖွင့်နေသည်ကို တွေ့မြင်ရသဖြင့် အတွင်းသို့ အရဲစွန့်၍ ဝင်သွားရာ အတွင်းတွင် တကျိကျိ





မြည်နေသည့် ဂျုံကြိတ်စက်ကြီးကို တွေ့ရ၏။ ဂျူလီယံသည် ခေါ်၍ ကြည့်သေး၏။ သို့သော် တစ်ကောင်တစ်မြီးမျှ မတွေ့ရချေ။

သို့နှင့် သူသည် မောပန်း၍လည်းလာ၊ ဝမ်းကလည်း ဟာသဖြင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ စက်အနီးရှိ ဂျုံပင်များပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်ရာ မကြာမီပင် အိပ်ပျော်သွားတော့၏။

မည်မျှလောက် အချိန်ကြာအောင် အိပ်ပျော်သွားသည်မသိ။ ဆူညံသော အသံဗလံများကိုကြားရသဖြင့် အိပ်ရာမှ နိုးလာ၏။

သို့နှင့် သူသည် တံခါးပေါက်ဆီသို့ အပြေးအလွှားသွားရောက် ကြည့်ရှုရာ မြင်းကိုယ်စီဖြင့် အစောင့်စစ်သားများ လိုက်လာသည်ကို တွေ့မြင်ရတော့၏။

အချိန်ကား နောက်ကျခဲ့ချေပြီ။ ပုန်းလျှိုးရန်လည်း မလွယ်၊ ထွက်ပြေးရန်လည်း မဖြစ်တော့ချေ။ ဤသို့ဖြင့် ဂျူလီယံမှာ အဖမ်းခံလိုက်ရလေသည်။

အပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် သူ့အား မတ်စကက် သေနတ်ကိုယ်စီကိုင်ထားသော မြင်းစီးစစ်သားလေးယောက်တို့က ဝိုင်းရံထားသည်ကို တွေ့ရ၏။

ဂျူလီယံမှာ မျက်စိသူငယ် နားသူငယ်ဖြင့် အလယ်တွင် ရပ်နေရလေရာ ခေါင်းဆောင်ဖြစ်သူသည် သူ့အား မြင်းရိုက်သည့် ကြိမ်လုံးဖြင့် တရွှမ်းရွှမ်း ရိုက်နှက်လေတော့၏။ သို့သော် သူသည် လက်ဖြင့်ပင် မကာဘဲ ကြိတ်မှိတ်၍ ခံနေလိုက်လေသည်။

ကျေနပ်လောက်အောင် ရိုက်ပြီးမှ အကြီးအကဲ ဖြစ်သူက အမိန့်ပေးလိုက်သောအခါမှ လူတစ်ယောက်သည် မြင်းပေါ်မှဆင်း၍ ဂျူလီယံ၏ လက်နှစ်ဖက်ကို ပူးချည်လိုက်၏။

ထို့နောက် ကြိုးတစ်စကို သူ၏မြင်းကုန်းနှီး၌ ချည်ပြီးလျှင် အဆောက်အအုံထဲမှ မြင်းစီး၍ ထွက်သွားတော့ရာ ဂျူလီယံမှာ အပြေးလိုက်ရတော့၏။

အချိန်မှာ နေအတော်စောင်းပြီဖြစ်၍ မကြာမီ မှောင်တော့မည်။ သူထွက်ပြေးလာသော လမ်းမပေါ်သို့ရောက်ရန် အတော်လျှောက်ရပေဦးမည်။

ကြိမ်နှင့် အရိုက်ခံရသဖြင့် တစ်ကိုယ်လုံး ကျိန်းစပ်နာကျင်လျက် ရှိနေ၏။ ထို့ပြင် ဂျူလီယံမှာ မြင်းသွားသလောက် နောက်မှ ပြေး၍ လိုက်နေရလေရာ လမ်းတွင် ရင်ကွဲ၍ သေရုံသာရှိတော့၏။

တစ်မိုင်ခန့်ရောက်သောအခါ ဂျူလီယံမှာ မိမိကိုယ်ကို မဟန်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားတော့၏။ ဤသို့ဖြင့် သူသည် မြင်းဆွဲရာသို့ ဒရွတ်တိုက်ပါသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲဖြစ်သူသည် ဂျူလီယံ၏အဖြစ်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မြင်းစီးစစ်သားအား ရပ်တန့်ရန် အမိန့်ပေးလိုက်ပြီးနောက် သူကိုယ်တိုင် ဂျူလီယံလဲနေရာသို့ သွားရောက်ကြည့်ရှု၏။

ထို့နောက် မြင်းစီးစစ်သားအား ပြင်သစ်ဘာသာဖြင့် တစ်စုံတစ်ရာ အမိန့်ပေးလိုက်ရာ ပြင်သစ်စစ်သားသည် ဂျူလီယံအား မြင်းပေါ်သို့ တင်ပေးပြီးလျှင် သူ၏နောက်မှ ထိုင်၍လိုက်စေ၏။ ဂျူလီယံမှာမူ လိမ့်မကျစေရန် အတော်ပင် သတိထား၍ ဖက်တွယ်လိုက်ရ၏။

ဤသို့ဖြင့် မိုးချုပ်သောအခါမှ သူတို့သည် လာဖရန်မြို့သို့ ရောက်ကြ၏။ ထိုညဌ ဂျူလီယံမှာ ကျဉ်းမြောင်းသော အချုပ်ခန်းကလေးတစ်ခန်း၌ မြေကြီးပေါ်တွင် ဖြစ်သလို အိပ်ရ၏။ သို့သော် မအိပ်မီ ညစာ အနည်းငယ်စားရသဖြင့် တော်ပေသေး၏။

နောက်တစ်နေ့နံနက်စောစော၌ ဂျူလီယံအား အစောင့်စစ်သားနှစ်ယောက်က လက်နှစ်ဖက်ကို ကြိုးဖြင့် တုပ်၍ အပြင်သို့ ခေါ်ထုတ်သွား၏။

လူစုလူဝေးရှိသည့်နေရာသို့ရောက်သောအခါ ဂျူလီယံမှာ အတော်ပင် အံ့အားသင့်ကာ ဝမ်းမြောက်၍သွားမိ၏။ အဘယ်ကြောင့်ဆိုသော်ထိုလူစုမှာ လှိုင်ယာ အကျဉ်းထောင်ထဲမှ အတူတကွ လာခဲ့ကြသော သူ၏အပေါင်းအသင်း အကျဉ်းသားများ ဖြစ်နေသောကြောင့်ပေတည်း။

သူတို့အားလုံးပင် ဂျူလီယံအား တအံ့တသြ ကြည့်နေကြရာ ဂျူလီယံကလည်း သူတို့အား ပြုံး၍ နှုတ်ဆက်လိုက်၏။

ဂျူလီယံသည် လူအုပ်ထဲတွင် ဂျင်ဘရောင်းကို မြင်လိုက်သဖြင့် အသံထွက်အောင်ပင် အော်၍နှုတ်ဆက်လိုက်ရာ သူ့ကျောပေါ်သို့ ရှမ်းခနဲ ကြိမ်တစ်ချက် ကျလာတော့၏။

ရိုက်သူမှာ ဆာဂျင်ဖြစ်၍ ၎င်းက ဂျူလီယံအား အခြားသူများနှင့် စကားမပြောရန် သတိပေးလိုက်၏။

ဂျူလီယံသည် ထိုနေ့နံနက်စာကို အများနည်းတူ စားသောက်ရ၏။ သို့သော် ခရီးဆက်၍ ချီတက်ကြသောအခါ သူ့အား ထွက်ပြေးရန် ကြံစည်မှုအတွက် အပြစ်ပေးသည့်အနေဖြင့် ကျောက်ခဲများ အပြည့်ထည့်ထားသည့် ကျောပိုးအိတ်ကြီးကို လမ်းတစ်လျှောက်လုံး လွယ်၍ လိုက်စေ၏။

ဂျူလီယံမှာ သူ့ဒုက္ခရောက်ရပုံများကို တွေးမိတိုင်း ယူကျုံးမရ ဖြစ်၍နေမိ၏။ သူသည် မိဘဆွေမျိုးများနှင့်အတူ ချစ်သူနှင့်ပါ ခွဲခွာရခြင်း၊ မိမိမကျူးလွန်ရသော လူသတ်မှုအတွက် မရန်းသာ မလွန့်သာ တရားခံဖြစ်ရခြင်းတို့ကို ဖြေရှင်းရန် ကြိုးစားရာမှ ယခုကဲ့သို့ ဆင်းရဲဒုက္ခအပေါင်းနှင့် တွေ့ကြုံနေရတော့၏။





ယခုဘဝတွင် ချစ်သူစတီဖင်အား ပြန်၍ တွေ့နိုင်ပါဦးမည်လော။

ထိုည၌ သူတို့သည် ဗင်ဒိုမီတွင် နားနေကြရ၍ နောက်တစ်နေ့ညတွင် ဘော့ဂင်စီ၌ တစ်ညအိပ်ရပြန်၏။ နောက်တစ်ရက်ကျမှ သူတို့အား စစ်သုံ့ပန်းအဖြစ် ချုပ်နှောင်မည့် အော်လင်းမြို့သို့ ချောမောစွာ ရောက်ရှိသွားကြလေသည်။

ထိုမြို့တွင် စစ်သုံ့ပန်းများအတွက် နာမည်ကြီး အကျဉ်းထောင်တစ်ခုရှိရာ သူတို့အားလိုက်ပို့သော အစောင့်စစ်တပ်မှာ တာဝန်ပြီးဆုံးပြီဖြစ်၍ ရေလမ်းမှ ပြန်သွားကြတော့၏။

အော်လင်း အကျဉ်းထောင်ထဲတွင် ဂျူလီယံသည် ဗြိတိသျှလူမျိုး အကျဉ်းသားများကို တွေ့ရ၏။ ၎င်းတို့ကဲ့သို့ အားလုံးကို စစ်သုံ့ပန်းအဖြစ် ဖမ်းထားသော်လည်း အများအားဖြင့် သဘော်သားများသာ ဖြစ်၏။

အကျဉ်းသား အတော်များများကို သစ်သားတန်းလျားများတွင် ထားရှိ၏။ ထောင်နံရံမှာ မြင့်မားသော အုတ်တံတိုင်းကြီးဖြစ်၍ သံဆူးကြိုးများဖြင့်ပင် ထပ်၍ကာထားသေး၏။

နောက်မှ ရောက်ရှိလာသည့် ဂျူလီယံတို့အဖွဲ့ကို သစ်ခက်များဖြင့် ဆောက်ထားသော တဲများတွင် နေရာချထားပေး၏။ တချို့ကိုမူ တန်းလျားများထဲတွင် ခွဲခြားထားလေသည်။

သို့နှင့် အစားအစာကို စေ့စေ့စပ်စပ်ဖြင့် စားကြရပြီးလျှင် လမ်းတွင် စားခဲ့ရသည်ထက် ပို၍ ညံ့ဖျင်းသေး၏။ သို့သော် နန်းတီးအချုပ်ခန်းတွင် စားသောက်ခဲ့ရသည့် အစားအစာထက် ပို၍ ကောင်းသေး၏။

အုတ်နံရံကြီးပေါ်တွင် ကင်းမျှော်စင်များ ဆောက်လုပ်ထား၍ အစောင့်များက တစ်နေ့လျှင် နှစ်ကြိမ်လဲလှယ် စောင့်ကြပ်လျက်ရှိ၏။

နံရံ၏ အတွင်းအပြင် နှစ်ဖက်စလုံး၌လည်း အစောင့်များ ထူထပ်စွာ ချထားသေး၏။ အပြင်မှ အစောင့်များ တာဝန်လဲချိန်တွင် နှစ်ကြီး အကျဉ်းသားများမှာ အပြင်လောကမှ သတင်းများကို အမောတကော မေးလေ့ရှိရာ ၎င်းတို့၏ အမိက မေးခွန်းမှာ –

"စစ်ကြီးဘယ်တော့ပြီးမှာလဲ၊ ပြင်သစ်နဲ့ အင်္ဂလန်စစ်ပြေငြိမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည် သန်းပြီလော" ဟူသော မေးခွန်းများ ဖြစ်၏။

သတင်းကောင်းကြားရသည့် အခါများတွင် ထိုသတင်းမှာ ထောင်ထဲတွင် ချက်ချင်း ပြန့်နှံ့သွား၍ နှစ်ကြီးသမားများမှာ ပျော်မဆုံး မော်မဆုံး ဖြစ်ကြရလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

## ၇

ညနေ ၃ နာရီခန့်တွင် ဂျူလီယံ၏ညီ ဖရန့်သည် မြို့ထဲမှ အပြန် လမ်းတွင် ဗင်ဆင်ဆိုသူ မိတ်ဆွေတစ်ဦးနှင့် တွေ့သဖြင့် ထိုသူက တရားသူကြီး ဖော့ကနာ လုပ်ကြံခံရကြောင်း ပြောရာ အတော်ပင် တုန်လှုပ်သွားမိ၏။

အိမ်သို့ရောက်၍ ထိုအကြောင်းကို ဖရန့်သည် အဒေါ်ဖြစ်သူ မစ္စက် ထရေဘက်အား ပြောပြသဖြင့် အဒေါ်ဖြစ်သူက ဘုရားတ,ကာ ဤကဲ့သို့ တရားသူကြီးတစ်ဦး နေ့လယ်ကြောင်တောင် လုပ်ကြံခံရသည်ဆိုခြင်းမှာ အံ့ဩစရာပင် ကောင်းကြောင်း ပြန်ပြောလေသည်။

ထိုအခါ ဖရန့်က –

“ကျွန်တော်တော့ ဘာမှ အံ့အားလည်း မသင့်ဘူး။ အံ့ဩစရာလည်း မရှိဘူး။ သူတစ်ပါးကို ဒုက္ခပေးနေတဲ့လူဟာ တစ်နေ့နေ့တော့ သူကိုယ်တိုင် ဒုက္ခတွေ့ရမှာပဲ” ဟု သူ၏ထင်မြင်ချက်ကို ပြောပြလေသည်။

ညနေ ၅ နာရီ နေဝင်ရီတရောအချိန်တွင် အခိုင်းအစေတစ်ယောက် ဝင်လာ၍ လူတစ်ယောက်က ဖရန့်ကို တွေ့လိုကြောင်း သတင်းပို့လာ၏။

တံခါးဝသို့ သွား၍ကြည့်သောအခါ ပုလိပ်အရာရှိတစ်ဦးနှင့် ပုလိပ် စစ်သားနှစ်ယောက်တို့ကို တွေ့ရသဖြင့် ဖရန့်မှာ အတော်ပင် တုန်လှုပ်ချောက်ချား မိ၏။ သို့နှင့် ဖရန့်သည် ၎င်းတို့အား အိမ်ထဲရှိ ဧည့်ခန်းသို့ ဖိတ်ခေါ်ရလေသည်။

ဧည့်ခန်းထဲသို့ ဧည့်သည်များ ရောက်သောအခါ ဖရန့်က –

“ဘာများ အကြောင်းကိစ္စထူးပါသလဲ မစ္စတာ ဟင်ဒါဆင်”





“ပြောရမှာတော့ ဝမ်းနည်းစရာပဲ။ ခင်ဗျားအစ်ကို ဂျူလီယံဂုတ် အိမ်မှာ မရှိဘူး မဟုတ်လား။ ကျွန်တော် စုံစမ်းပြီးပါပြီ”

“ဟင့်အင်း ... မရှိပါဘူး။ ဒီနေ့မနက် အစောကြီးထဲက ယုန်ပစ်ဖို့ သူ့မိတ်ဆွေ စင်မာရီရဲ့သာဆီကို ထွက်သွားတယ်။ သူ ပြန်လာတော့မှာပါ။ သိပ်မကြာတော့ပါဘူး။ သူနဲ့ ဘယ်လိုဆိုင်တဲ့ကိစ္စများ ဖြစ်လာလို့ပါပဲ”

ဖရန့်က နှန်းရှိသော အသံဖြင့် မေးလိုက်လေသည်။

“အင်း ... ဒီကိစ္စဟာ အုတ်အော်သောင်းနင်း ဖြစ်နေပြီပဲ။ ခင်ဗျား သိပြီးရောပေါ့ မစ္စတာ ဖရန့်၊ ဖုံးအုပ်ထားလို့လည်း အဝိုပါပဲ။ အခု ကျွန်တော့် လက်ထဲမှာ ခင်ဗျားအစ်ကိုကို ဖမ်းဖို့ ဝရမ်း အဆင်သင့်ပါတယ်”

ဖရန့်က အံ့အားသင့်လျက် –

“ခင်ဗျား ဘာတွေလာပြောနေတာလဲ။ ဒါမတရား သက်သက်ထုတ်တဲ့ ဝရမ်းပဲ။ ဖော့ကနာဆိုတဲ့ တရားသူကြီးနဲ့ ကျုပ်အစ်ကိုနဲ့ မှောင်ခိုကုန်သည်တွေ ဖမ်းတဲ့ကိစ္စမှာ စကားများဖူးလို့ အငြိုးနဲ့လုပ်တာပဲ။ တော်တော်ယုတ်မာတယ်။ ဒီဝရမ်းကို ဘယ်သူလက်မှတ်ထိုးတာလဲ။ မစ္စတာ ဖော့ကနာ ထုတ်တဲ့ ဝရမ်း မဟုတ်လား”

“မဟုတ်ပါဘူး ... ဒီဝရမ်းကို ကာနယ်ချမ်းဘားနဲ့ မစ္စတာဟာရီတန်တို့ လက်မှတ်ထိုးထုတ်လိုက်တာပါ။ သူတို့ကိုယ်တိုင်ပဲ မစ္စတာဖော့ကနာရဲ့ သေ တမ်း စစ်ချက်ယူကြပါတယ်”

ထို့နောက် အခင်းဖြစ်ပွားသည့်နေရာမှ ကိုက်တစ်ရာခန့်အကွာတွင် ဂျူလီယံအား တွေ့ရကြောင်း၊ ထိုနေရာတွင် ဂျူလီယံက ဖော့ကနာအား ခြိမ်း ခြောက်သေးကြောင်း၊ ဖော့ကနာ ထွက်သွား၍ မကြာမီပင် ဂျူလီယံက နောက်မှ နေ၍ သေနတ်နှင့် ပစ်လိုက်ရာ မြင်းပေါ်မှ ဖော့ကနာကျသွားကြောင်း၊ ထိုအခါ ဂျူလီယံက ဖော့ကနာသေမသေကို လာ၍ကြည့်ရာ နောက်ထပ် အသေပစ် သတ်မည် စိုးသဖြင့် သူကသေဟန်ဆောင်နေလိုက်သည်ဆိုကြောင်း၊ ထို့နောက် ချက်ချင်းလိုပင် ဂျူလီယံသည် နှစ်လုံးပြူး သေနတ်ကြီးကို ကိုင်၍ သစ်ပင်များ အကြားသို့ ဝင်သွားသည်ကို မြင်လိုက်ရသည်ဆိုကြောင်း စသည်ဖြင့် သေတမ်း စစ်ချက်တွင် ပါသည့်အကြောင်းများကို မစ္စတာဟင်ဒါဆင်က ပြောပြလေသည်။

ဖရန့်မှာ ဦးခေါင်းတွင် မိုးကြိုးပစ်ခံရသကဲ့သို့ ထိခိုက်သွား၏။

“ဒါတွေ အားလုံးဟာ မတရား လုပ်ကြံတာ။ တခြားလူတစ်ယောက် ပစ်သွားတဲ့ကိစ္စကို ကျွန်တော့်အစ်ကိုအပေါ် အငြိုးကြီးနဲ့ ပုံချတာပဲ။ ဒါထက် နေပါဦး သူ့ကို ထိတဲ့ ကျည်ဆံကိုကော စစ်ဆေးပြီးပြီလား”

“စစ်ဆေးပြီးပါပြီ ... ကာတိုင်ကျည်ဆံပါ”



www.burmeseclassic.com

"အင်း ... ဟုတ်ပြီ။ ကျုပ်အစ်ကို ယုန်ပစ်ဖို့ နှစ်လုံးပြူးသေနတ်ပဲ ကိုင်တာ"

မစ္စတာ ဟင်ဒါဆင်က အတန်ငယ် စဉ်းစားပြီးနောက် –

"အင်း ... ဟုတ်တယ်။ ဒီအချက်ကိုလည်း ထည့်ပြီး စဉ်းစားရမယ်"

ပုလိပ်အရာရှိနှင့် ပုလိပ်စစ်သားနှစ်ဦး ပြန်သွားသောအခါ ဖရန့်မှာ မပြောမပြီးဆိုသကဲ့သို့ ထိုအကြောင်းများကို အဒေါ်ဖြစ်သူ မစ္စက်ထရောဘက်အား ပြောပြလိုက်လေသည်။

ထိုအခါမှ အဒေါ်ကြီးသည် သူ၏တူကလေး ဂျူလီယံ ကံဆိုးရပုံကို ပြောကာ ချုံးပွဲချငိုကြွေးရှာတော့၏။

ဖရန့်သည် အပြင်ဝရံတာဘက်သို့ ထွက်ကာ အတွေးနယ်ချဲ့လျက် ရှိနေ၏။ ထို့ပြင် သူသည် ဦးထုပ်ကို ဆွဲကာ ပုလိပ်အရာရှိ မစ္စတာဟင်ဒါဆင် အိမ်သို့ ထွက်ခဲ့လေသည်။

ရောက်လျှင်ရောက်ချင်း သူက မစ္စတာဟင်ဒါဆင်အား –

"ခွင့်ပြုပါ မစ္စတာဟင်ဒါဆင်။ ခင်ဗျား ပြန်သွားကတည်းက ဒီကိစ္စကို ကျွန်တော် အပြန်အလှန် စဉ်းစားနေပါတယ်။ မစ္စတာ ဖော့ကနာကို တစ်ယောက်ယောက်က လုပ်ကြံပြီး ကျွန်တော့်အစ်ကိုက တိုက်တိုက်ဆိုင်ဆိုင် ရောက်သွားတာလည်း ဖြစ်နိုင်ပါတယ်။ တကယ်တော့ ဖော့ကနာကို လုပ်ကြံတဲ့ ကျည်ဆံဟာ ကျွန်တော့်အစ်ကို ကိုင်တဲ့ နှစ်လုံးပြူးသေနတ်ကျည်ဆံမှ မဟုတ်ဘဲ၊ နှစ်လုံးပြူးသေနတ်ကျည်ဆံဆိုရင် ဒဏ်ရာဟာ ဖွာရယာကြဲနေမှာပေါ့။ ပြီးတော့ လုပ်ကြံတဲ့လူဟာလည်း ဘယ်နည်းနဲ့မှ သူ လုပ်ကြံတဲ့လူဆီကို ပြန်လာမှာ မဟုတ်ပါဘူး။ ဒီတော့ မစ္စတာ ဖော့ကနာ လုပ်ကြံခံရစဉ်က အဲဒီနေရာမှာ ကျွန်တော့်အစ်ကိုအပြင် တစ်ယောက်ယောက် ရှိနေရဦးမယ်။ ဒါက ကျွန်တော်တို့ ဖော်ထုတ်ဖို့ကတော့ ခြေရာပဲ ရှိတော့တယ်။ ဒီနေ့ နှင်းဟာ ညနေနှစ်ချက်တီးထိ တဖွဲဖွဲ ကျနေတယ်။ ဒီတော့ အဲဒီနားမှာ လှုပ်ရှားမှု မှန်သမျှဟာ နှင်းမှုန်တွေပေါ်မှာ ခြေရာကျန်ရစ်ခဲ့ရမှာပဲ။ ဒီတော့ ကျွန်တော်တို့ အဲဒီခြေရာတွေကို သွားပြီးစစ်ဆေးကြည့်ဖို့ ကောင်းတယ်။ ဒီခြေရာဟာ လူသတ်မှုကို ဖော်ထုတ်နိုင်မယ်"

"အား ... ခင်ဗျား ပြောတာ သိပ်မှန်တာပေါ့ ဖရန့်၊ ကျွန်တော်လည်း ဒါကိုပဲ နက်ဖြန်မနက် အလင်းရောင်ရတာနဲ့ တစ်ပြိုင်နက် ကျွန်တော့် ရဲဘော်နှစ်ယောက်နဲ့ သွားကြည့်ဖို့ စီစဉ်ထားပါတယ်"

"ဟုတ်လား ... ဒီလိုဆို ကျွန်တော်လည်း လိုက်ပါရစေဗျာ"

"ခင်ဗျား သဘောပါဗျာ၊ လိုက်နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျား အစ်ကိုရဲ့ ခြေရာတစ်ခုတည်းသာ တွေ့ရင်တော့ စိတ်မကောင်းစရာပဲ"





မစ္စတာဟင်ဒါဆင်က သူ့အပြစ်လွတ်ရန် ကာကွယ်၍ ပြောလိုက်၏။

"ဒါကတော့ ကိစ္စ မရှိပါဘူး"

"ကောင်းပြီလေ၊ မနက်ဖြန်မနက် ၇ နာရီခွဲမှာ ကျွန်တော့်ရဲဘော်တွေ ဒီကို လာလိမ့်မယ်"

နောက်တစ်နေ့နံနက်တွင် ဖရန့်သည် ချိန်းဆိုသောအချိန်ထက် စော၍ ရောက်သွား၏။ ထိုညတွင် နှင်းမကျသဖြင့် ခြေရာများ မပျောက်မပျက် ရှိနေပေမည်။ လူစုံသောအခါ သူတို့အဖွဲ့သည် အခင်းဖြစ်ပွားရာနေရာသို့ ထွက်ခဲ့၏။

အခင်းဖြစ်ပွားရာနေရာသို့ ရောက်သောအခါ သူတို့သည် ပတ်ဝန်း ကျင်တစ်ခုလုံးကို စူးစိုက်ရှာဖွေလျက်ရှိကြ၏။ တောစပ်တွင် သစ်ပင်များ ကျဲနေ သဖြင့် အထင်းသား ဖြစ်နေ၏။

မစ္စတာဟင်ဒါဆင်သည် ၁၀ ကိုက်ခန့်ဝေးသည့် သစ်ပင်တစ်ပင် အောက်သို့ ညွှန်ပြကာ –

"ဟော့ ... ဟိုမှာ ခြေရာတွေ မဟုတ်လား" ဟု မေးလိုက်ရာ အားလုံးက ပင် ဝိုင်း၍ ကြည့်ကြ၏။

ဖရန့်က ဒူးထောက်၍ ထိုခြေရာများကို အသေအချာ ကြည့်ရှုစစ်ဆေးလျက်ရှိနေ၏။ အတန်ကြာမှ ဟင်ဒါဆင်ကို မော့ကြည့်ကာ –

"ဒါ ... ကျွန်တော့်အစ်ကို ဂျူလီယံရဲ့ခြေရာတွေပဲ။ သူစီးသွားတဲ့ ကင်းဘတ်ဖိနပ်ကို ကျွန်တော် ကောင်းကောင်း မှတ်မိတယ်ဟု ပြောလိုက်၏။

ဟင်ဒါဆင် ...

"ခြေရာတွေ ကြည့်ရတာတော့ အသွားရော အပြန်ရော အထင်းသား ပေါ်နေတယ်။ တကယ်လို့သာ ဒီခြေရာတွေဟာ ဂျူလီယံခြေရာဖြစ်ရင်လည်း သူဟာ ဒီနေရာမှာပဲ သွားလိုက်ပြန်လိုက်လုပ်နေရမယ်"

ထို့နောက် သူတို့သည် ဂျူလီယံ၏ ခြေရာကိုခံ၍ ရှေ့သို့လိုက်သွားကြရာ တောတန်းထဲမှ ဂျူလီယံ ထွက်သွားသည့်နေရာထိ ရောက်လာကြ၏။

ထိုမှတစ်ဆင့် ဂျူလီယံက ဂျိုးမက်ဟင်းကို တွေ့လိုက်ရသဖြင့် အပြေး လိုက်သွားသောနေရာဆီသို့ သူတို့အဖွဲ့ ရောက်သွားကြလေသည်။

"ဟာ ... တွေ့ပြီ။ ဒီမှာ ခြေရာတစ်မျိုးတွေ့လား။ ဒါ ဂျူလီယံ ခြေရာ မဟုတ်ဘူး။ ဒီခြေရာရှင်ဟာ ဖိနပ်ကြမ်းကြီးတစ်ရံကို သံချွန်တွေ ရိုက်ပြီးထားရမယ်" ဟု ဖရန့်က အော်၍ပြောလိုက်၏။

ဟင်ဒါဆင်တို့လူစု ရောက်လာသောအခါ ဖရန့်က ဆက်လက်၍ –

"ဒီအတိုင်းဆို ဒီအခင်းဖြစ်ပွားရာနေရာနဲ့ မလှမ်းမကမ်းမှာ ဒီခြေရာရှင်ဟာ ရှိနေရမယ်။ သူက အရင်ပြေးမယ် ဂျူလီယံက နောက်က ထပ်ကြပ်မကွာ

www.burmeseclassic.com



လိုက်မယ်။ ခြေရာတွေဟာ တစ်ခုနဲ့တစ်ခု တစ်လိုင်းတည်း ထပ်နေတယ်။ နှစ်ယောက်စလုံး အပြေးအလွှား သွားနေတာနဲ့တူတယ်။ တချို့ခြေရာတွေဟာ နှင်းထဲမှာ သိပ်မမြုပ်ဘူး" ဟု ပြောလိုက်၏။

"ခင်ဗျားပြောတာ မှန်တယ် ဖရန့်၊ တချို့ ထင်ထင်ရှားရှား ပေါ်နေတဲ့ ဒီနေရာမှာ ရပ်ခဲ့တာလည်း ရှိတယ်။ ပြေးခဲ့တာလည်း ရှိမယ်။ ဒီတော့ ဂျူလီယံ အပြင်ရှိနေတဲ့ ဒုတိယလူဟာ ဒီနေရာကို ဘာကိစ္စနဲ့ ရောက်နေရသလဲဆိုတာ ကျုပ်တို့ တွေးရတော့မယ်"

"ကျွန်တော့်အဖို့ကတော့ ဒီကိစ္စဟာ သိပ်ရှင်းနေပါတယ်။ အခင်းဖြစ်ပွားတဲ့အချိန်မှာ ဂျူလီယံဟာ လမ်းပေါ်မှာပဲ ရှိနေပြီး သေနတ်သံဖြစ်ဖြစ်၊ တစ်ယောက်ယောက်ရဲ့ အော်သံဖြစ်ဖြစ် သူကြားပြီး ဒီနေရာကို ပြေးလာတာ ဖြစ်နိုင်တယ်။ ပြီးတော့ ဖော့ကနာ လဲနေတာ တွေ့တော့ ပတ်ဝန်းကျင်ကို လိုက်ကြည့်မယ်။ လူသတ်ကောင်ကို တွေ့တော့ လူသတ်ကောင်နောက်ကို ပြေးလိုက်မယ်။ ဒါဟာ အဖြစ်နိုင်ဆုံး တွေးဆချက်ပါပဲ" ဟု ဖရန့်က သူ၏အယူအဆကို တင်ပြရာ ပုလိပ်အရာရှိက ဖရန့်အား ပြုံးကြည့်နေ၏။

"ခင်ဗျား ပြောတဲ့အတိုင်း ဖြစ်နိုင်ပါတယ်။ ကဲ ... အခု ကျုပ်တို့ ဒီခြေရာတွေ ဘယ်ကို သွားတယ်ဆိုတာ လိုက်ကြည့်ကြဦးစို့"

သို့နှင့် သူတို့သည် ပုလိပ်စစ်သားနှစ်ယောက်ကိုပါ ခေါ်ပြီးလျှင် ခြေရာများ ဦးတည်သည့်နေရာအားလုံးဘက်သို့ လိုက်လံကြည့်ရှုကြ၏။

နေရာတိုင်း၌ပင် ခြေရာနှစ်မျိုး တွေ့ရသော်လည်း မစ္စတာဖော့ကနာ လဲကျသည့်နေရာမှ ကိုက် ၂၀ ခန့်ဝေးသည့် သစ်ပင်တစ်ပင်အောက်တွင် တွေ့ရသော ခြေရာမှာ ဖိနပ်ကြမ်း စီးထားရာ တစ်ယောက်၏ခြေရာသာဖြစ်ကြောင်း တွေ့ရ၏။

သို့နှင့် အခင်းဖြစ်ပွားစဉ်က ဂျူလီယံသည် ဤနေရာတွင် မရှိဘဲ ဖိနပ်ကြမ်းစီးသူသာ ထိုသစ်ပင်နောက်ကွယ်တွင် ပုန်းအောင်းစောင့်ဆိုင်းကာ ဖော့ကနာကို လုပ်ကြံကြောင်း၊ ထို့နောက် ဂျူလီယံ ရောက်လာ၍ လူသတ်သမားကို သူ တွေ့လိုက်သောအခါ ၎င်း၏နောက်သို့ ဂျူလီယံ ပြေးလိုက်သွားသည်ဟု ယူဆရပေမည်။

"ကျုပ်တို့ ပိုသေချာအောင် သေနတ်နဲ့ ချောင်းပစ်တယ်လို့ ထင်ရတဲ့ သစ်ပင်အောက်ကို ပြန်စစ်ကြည့်ရမယ်။ အဲဒီနေရာကနေပြီး သေနတ်နဲ့ ပစ်ခဲ့ရင် ကျည်ဆံခွံ ကျန်ရစ်ခဲ့ရမယ်။ ကျုပ်တို့ ထပ်ပြီး ရှာကြည့်ရအောင်" ဟု မစ္စတာ ဟင်ဒါဆင်က အကြံပေးသဖြင့် သစ်ပင်အောက်သို့ အားလုံး ပြန်သွားကြပြန်၏။





ငါးမိနစ်ခန့် ဝိုင်းဝန်းရှာဖွေသောအခါ ကျည်ဆံခွံ တစ်စုံတစ်ရာ မတွေ့ရသော်လည်း သုံးလက်မပတ်လည်ခန့်ရှိ အနက်ရောင် သက္ကလတ်စတစ်စကို ပုလိပ်စစ်သည်တစ်ဦးက ကောက်ရ၍ပေးလာ၏။

ထိုအစကို နမ်းကြည့်သောအခါ ယမ်းနံ့များ သိသိသာသာ ထွက်နေသည်ကို တွေ့ရသဖြင့် ဟင်ဒါဆင်နှင့် ဖရန့်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြ၏။

အရာရှိ ။ ။ "ဟောဒါ သေနတ်ပစ်ပြီး သေနတ်ကို သုတ်တဲ့အဝတ်ပဲ။ အဝတ်စမှာ ယမ်းနံ့တွေစွဲနေတော့ ပိုသေချာတာပေါ့။ ဒီပစ္စည်းဟာ ဒီလူသတ်မှုမှာ အင်မတန် အရေးကြီးတယ်။ လူတစ်ယောက်ယောက် ဒီနေရာကနေ သေနတ်နဲ့ ပစ်တယ်ဆိုတာ ထင်ရှားနေတယ်"

ဖရန့် ။ ။ "ကျွန်တော့်အစ်ကိုက နှစ်လုံးပြူး ကိုင်တဲ့လူဆိုတော့ ဒီလိုပိတ်စမျိုးကို မသုံးဘူး။ ကျွန်တော်တို့ ကျည်ဆံခွံ ရှာမတွေ့တာလည်း အဆန်းမဟုတ်ဘူး။ ချောင်းမြောင်းပစ်ခတ်တဲ့ သေနတ်သမားတိုင်းဟာ သူတို့ ပစ်တဲ့ ကျည်ဆံခွံကို သူတို့ ပြန်ကောက်ပြီး ခြေရာလက်ရာ ဖျောက်ကြတာပဲ မဟုတ်လား"

"ခင်ဗျား ယူဆတဲ့ သက်သေခံချက်တွေဟာ မှန်တယ် ဖရန့်"

ဟင်ဒါဆင်သည် ကျေနပ်စွာဖြင့် ဖရန့်၏လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်၏။

"မစ္စတာ ဖော့ကနာကို လုပ်ကြံတဲ့ လူဟာ ခင်ဗျား အစ်ကိုတော့ မဖြစ်နိုင်တော့ဘူး"

နောက်ထပ် သဲလွန်စဟူ၍ တစ်စုံတစ်ရာ မတွေ့ရတော့ချေ။ ထို့ကြောင့် သူတို့သည် တောင်ပေါ်သို့ ဆက်၍လိုက်ရန် စိတ်ကူးမပေါက်ကြချေ။

သို့နှင့် မစ္စတာဟင်ဒါဆင်က –

"အခု မနက် ၁၁ နာရီ ရုံးမှာ တရားသူကြီးတွေ ဆုံမယ်။ ကျွန်တော် ရော ဟောဒီ ရဲဘော်နှစ်ယောက်ရော အဲဒီမှာ ရှိနေမယ်။ ခင်ဗျားလည်း လာခဲ့ပေါ့" ဟု ပြောပြီးနောက် ဟင်ဒါဆင်နှင့် ရဲဘော်များ ပြန်သွားလေသည်။

ဖရန့် အိမ်သို့ပြန်ရောက်၍ အဒေါ်ဖြစ်သူအား အကျိုးအကြောင်း ပြောပြသောအခါ မစ္စက်ထရော့ဘက်က မယုံကြည်ချေ။

သို့သော် ဂျူလီယံအပေါ်တွင် ထုတ်ထားသည့် ဝရမ်းကို ပြန်လည်ရုပ်သိမ်းမည့်အကြောင်း နောက်ဆုံး ပြောသောအခါမှ ယုံကြည်သွားလေသည်။

နေ့လယ်ပိုင်းတရားရုံးတွင် တွေ့ကြသော တရားသူကြီးအဖွဲ့မှာ ထွေထွေထူးထူး ဝင် မဟုတ်ဘဲ တိုင်ပင်နှီးနှောကြခြင်းသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့ညက ဂျူလီယံကို သွားရောက်ဖမ်းဆီးရာတွင် မဖမ်းမိလိုက်သဖြင့် အားလုံး မျက်နှာပျက်နေကြ၏။ ထိုအချိန်၌ မစ္စတာ ဟင်ဒါဆင် ရောက်လာ၍ စားပွဲဝိုင်းတွင် ထိုင်မိသောအခါ ကာနယ်ချမ်းဘားက စတင်၍ –

"ခင်ဗျား မနေ့တုန်းက ဂျူလီယံကို မဖမ်းမိဘူး မဟုတ်လား။ ကောင်းပြီ၊ အခု ကျုပ်တို့ ဝရမ်းကို ပြန်ပြင်ရေးရတော့မယ်။ မစ္စတာဖော့ကနာ သေသွားပြီ"

ဟင်ဒါဆင်က အေးဆေးစွာဖြင့် –

"လူကြီးမင်း ခင်ဗျား။ အခု ကျွန်တော် စုံစမ်းသိရှိရသလောက်ကို လာရောက် အစီရင်ခံခြင်း ဖြစ်ပါတယ်။ နောက်တော့ ဂျူလီယံအပေါ် လူကြီးမင်းတို့ ထုတ်ထားတဲ့ ဖမ်းဝရမ်းကို ပြန်လည်ရုပ်သိမ်းလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်"

ထိုစကားကို ကြားရသောအခါ တရားသူကြီး တစ်ဖွဲ့လုံးမှာ အံ့အားသင့်၍ သွားတော့၏။

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ မစ္စတာ ဟင်ဒါဆင်။ ခင်ဗျားဟာ ပုလိပ်အရာရှိတစ်ဦး ဖြစ်တယ်ဆိုတာလည်း သတိထားပါဦး။ လူသတ်တရားခံတစ်ယောက်ကို မမိသေးဘဲ သူ့အပေါ် ထုတ်ထားတဲ့ ဝရမ်းကို ပြန်ပြီး ရုပ်သိမ်းရမှာလား။ ခင်ဗျား ဘာကိုဆိုချင်တာလဲ။ ဂျူလီယံဟာ ဖော့ကနာကို မသတ်ဘူးလို့ ဆိုချင်တာလား။ ဖော့ကနာကိုယ်တိုင်က သေတမ်းစစ်ချက်မှာ ဖြောင့်ချက်ပေးသွားပြီပဲ"

ထိုအခါ ဟင်ဒါဆင်သည် အတည်ငြိမ်ဆုံးသော ကိုယ်နေကိုယ်ထားအသံနေအသံထားဖြင့် ဖော့ကနာအား လုပ်ကြံသူ ပုန်းအောင်းခဲ့သော သစ်ပင်အကြောင်း၊ ထိုနေရာတွင် သူတွေ့ခဲ့ရသည့်ခြေရာများအကြောင်း၊ ထိုသစ်ပင်အောက်တွင် ဂျူလီယံ၏ခြေရာကို လုံးဝမတွေ့ရဘဲ လူသတ်သမား၏ခြေရာကိုသာ တွေ့ရကြောင်း၊ ထိုနေရာအနီး၌ လူသတ်သမား အသုံးပြုခဲ့သည့် သတ္တုလက်စတစ်စကိုလည်း တွေ့ရကြောင်း၊ ဂျူလီယံသည် အခင်းဖြစ်ပွားရာနေရာသို့ မည်သို့မည်ပုံ ရောက်လာကြောင်း၊ ဂျူလီယံက လူသတ်သမားအား မည်သို့လိုက်ဖမ်းကြောင်း စသည်ဖြင့် သူတွေ့ရှိခဲ့ပုံနှင့် သူ၏ ထင်မြင်ယူဆချက်များကို တင်ပြလေသည်။

တရားသူကြီးအဖွဲ့သည် မစ္စတာ ဟင်ဒါဆင်၏ တင်ပြချက်ကို စိတ်ဝင်စားစွာ နားထောင်ပြီးနောက် အတန်ကြာ စဉ်းစားချိန်ဆပြီးလျှင် ဖော့ကနာကိုယ်တွင်းသို့ ရှုးဝင်သွားသော ကျည်ဆံမှာ ကာဘိုင်သေနတ်မှ ကျည်ဆံဖြစ်ပြီးလျှင် သူကိုယ်တိုင် သေတမ်းစစ်ချက်ပေးရာ၌ ဂျူလီယံ ကိုင်ထားသည်မှာ နှစ်လုံးပြူးသေနတ်ဖြစ်ကြောင်း တင်ပြသောအခါ တရားသူကြီးအားလုံးက သဘောပေါက်





၍ သွားကြလေသည်။

ထို့နောက် မစ္စတာ ဟင်ဒါဆင်က အခင်းဖြစ်ပွားသည့်နေရာသို့ သူကိုယ်တိုင် သွားရောက်ကြည့်ရှုစဉ်က သူနှင့်အတူ လိုက်ပါလာသော ရဲသားနှစ်ယောက်ကို ခေါ်ယူ၍ သူ၏ထင်ပြချက်မှန်မမှန် စစ်ဆေးပါမည့် အကြောင်း ပြောဆိုကာ နိဂုံးချုပ်လေသည်။

ထိုအခါ ကာနယ်ချမ်းဘားက မစ္စတာဟင်ဒါဆင်၏ တင်ပြချက်မှာ နှစ်လိုအားရဖွယ်ရှိကြောင်းဖြင့် ချီးကျူးကာ ဂျူလီယံအပေါ်တွင် မိမိ သံသယခဉ်ရှိကြောင်း၊ သူ၏ဖခင်မှာ မိမိမိတ်ဆွေရင်းတစ်ယောက်ဖြစ်ကြောင်း၊ ဂျူလီယံအားဖမ်းဆီးရန် ဝရမ်းထုတ်ရသည်မှာ ဥပဒေအရ ပြုလုပ်ရခြင်းမျှသာ ဖြစ်၍ စိတ်ထဲတွင် မချိတင်ကဲ ဖြစ်ရကြောင်းများကို ပြောဆိုပြီးနောက် –

"အခုတော့ စိတ်ထဲပေါ့သွားပါပြီ။ ခင်ဗျားဟာ ရဲအရာရှိကောင်း ပီသပါပေတယ်။ ဒီလိုအမှုမှန်ကို ရောက်အောင် ဖော်ပေးနိုင်တဲ့ ခင်ဗျားရဲ့အစွမ်းကိုလည်း ချီးကျူးပါတယ်" ဟု နောက်ဆုံး ပြောကြားလိုက်လေသည်။

ထိုအခါ မစ္စတာဟင်ဒါဆင်က ဂျူလီယံ၏ညီဖြစ်သူ ဖရန့်၏ အတွေးအခေါ်များနှင့်တကွ သူနှင့်အတူ လိုက်ပါဆောင်ရွက်ပုံများကို ပြောပြလေသည်။

သို့နှင့် ရဲအဖွဲ့သည် ရက်ပေါင်းအတော်ကြာ စုံစမ်းရှာဖွေသော်လည်း ဂျူလီယံကိုလည်းကောင်း၊ လူသတ်ကောင်ကိုလည်းကောင်း အစအနမျှပင် မတွေ့ရသဖြင့် အမှုမှာ အတော်ပင် ထူးဆန်း၍ နေတော့၏။

ဟင်ဒါဆင်သည် အမှုအကြောင်းနှင့် ပတ်သက်၍ မနားမနေ အသေးစိတ်စုံစမ်းရှာဖွေရာ တစ်ချိန်က ဖော့ကနာ၏ ခြံထဲသို့ကျူးကျော်ခိုးဝင်သဖြင့် ထောင်ကျသွားသော ဂျိုးမက်ဟင်းဆိုသူသည် ယခုအခါ ထောင်မှ လွတ်လာပြီဖြစ်၍ ဖော့ကနာအသတ်ခံရသော ညနေကပင် သူ၏နေအိမ်မှ ပျောက်ခြင်းမလှပျောက်သွားကြောင်း၊ ယခုတိုင် သူ၏နေအိမ်သို့ ပြန်မရောက်သေးကြောင်း စသည်ဖြင့် သိရှိရလေသည်။

ဤသို့ဖြင့် ဂျူလီယံအပေါ်တွင် ထုတ်ထားသည့် ဖမ်းဝရမ်းကို ရုပ်သိမ်းပြီးလျှင် မသင်္ကာဖွယ်ကောင်းသော ဂျိုးမက်ဟင်းအပေါ်တွင် ဖမ်းဝရမ်း ထုတ်ရပြန်လေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

၈

နောက်တစ်ပတ်ခန့် ကြာသောအခါ ဖရန့်သည် အစေခံတစ်ယောက် လာ၍ ပေးသော စာတစ်စောင်ကိုရ၏။

မည်သူကပေးကြောင်း မေးမြန်းသောအခါ တံငါသည် အဝတ်အစား များ ဝတ်ထားသည့် လူတစ်ယောက်လာ၍ ပေးသွားကြောင်း ပြောပြလေသည်။

ဖရန့်မှာ စာအိတ်ပေါ်မှ လက်ရေးကို မြင်သောအခါ နေရာမှထ၍ ခုန်မတတ်ဖြစ်ကာ –

“အဒေါ်ရေ ... ဒါဂျူလီယံ့ လက်ရေးပဲ” ဟု အခန်းတွင်းသို့ လှမ်း၍ အော်လိုက်၏။

ထို့နောက် ဖရန့်သည် စာအိတ်ကို ဖောက်၍ဖတ်ကြည့်သောအခါ ထိုစာမှာ ဂျိုးမက်ဟင်းက ပို့ပေးမည်ဆိုသဖြင့် ဂျူလီယံသည် မှောင်ခိုကုန်ကူးသင်္ဘောပေါ်တွင် ရေးခဲ့သော စာဖြစ်၏။

စာတွင် ပါရှိသည်မှာ –

ချစ်စွာသော ညီငယ်ဖရန့် ...

အခုအချိန်မှာ ငါပျောက်သွားတာနဲ့ ပတ်သက်ပြီး မင်းရော အဒေါ်ပါ ခေါင်းမီးတောက်နေမယ်၊ စိုးရိမ်ပူပန်ကြလိမ့်မယ်ဆိုတာ ငါမှန်းဆထားပါတယ်။ ငါတော့ ကုသိုလ်ကံအကြောင်းမလှလို့ မင်းတို့ကို ခွဲခွာပြီး မွေးရပ်ဌာနီကနေ ပြင်သစ်ကို ထွက်ခွာသွားရပါပြီ။ ဒါတွေအားလုံးဟာ ဘယ်သူ





မပြု မိမိမှုပေါ့။ အခု ငါစာရေးနေတဲ့အချိန်မှာ ငါဟာ ပြင်သစ်မှောင်ခိုကုန်ကူးသင်္ဘောတစ်စင်းပေါ်မှာ ရောက်နေတယ်။ အခု လွိုင်ယာ မြစ်ဝကို ရောက်နေတယ်။ မကြာခင် ငါတို့နန်းတီးကို ရောက်တော့မယ်။ ဘယ်မှာ ခရီးဆုံးမယ်ဆိုတာတော့ မသိသေးဘူး။

(ဤနေရာတွင် ဂျူလီယံသည် သူယုန်ပစ်ပြန်လာရာလမ်းတွင် မစ္စတာဖော့ကနာနှင့် တွေ့၍စကားများရပုံ၊ သေနတ်သံကြား၍ အခင်းဖြစ်ပွားရာ နေရာသို့ ရောက်သွားပုံ၊ လူသတ်သမားကိုမြင်၍ လိုက်သွားမိပုံ၊ မှောင်ခိုကုန်သည်တို့၏ ဌာနချုပ်လုပ်ထားသော လှိုဏ်ဂူကြီးကို တွေ့ပုံနှင့် သူ့အား ပြင်သစ်မှောင်ခိုကုန်သည်တို့က ပြန်၍ လွှတ်မပေးတော့ဘဲ ပြင်သစ်အကျဉ်းထောင်သို့ပို့ရန် ဆုံးဖြတ်ပုံတို့ကို ရေးသားဖော်ပြထားလေသည်။)

ဒါပေမဲ့ ငါ့အသက်မသေချင်ရင် သူတို့ရဲ့ လှိုဏ်ဂူတည်နေရာကို မပြောပါဘူးလို့ ငါ ကျိန်ဆိုခဲ့ရလို့ ငါထည့်မရေးနိုင်ဘူး။ သူတို့ဘက်က စဉ်းစားရင်လည်း သူတို့လှိုဏ်ဂူအတွက် လူတစ်ယောက် အသက်ကို သတ်ဖို့ ဝန်လေးကြမယ် မဟုတ်ဘူး။ သူတို့တစ်တွေဟာ သူတို့ လုံခြုံရေးအတွက် ငါ့ကို ဘယ်နည်းနှင့်မှ ဆေးမောက်ကို ပြန်အရောက်ခံနိုင်မယ် မဟုတ်ဘူး။ ဒါကြောင့် ငါ့ကို ပြင်သစ်အကျဉ်းထောင်ထဲ ထည့်ဖို့ စီမံကြတာပဲ။

ငါ့ဘဝနဲ့ ငါပဲရှိပါစေတော့။ ငါမသတ်ဘဲ အစွပ်စွဲခံလိုက်ရတဲ့ လူသတ်မှုကိစ္စကိုတော့ ငါ မသေမချင်း ပြေလည်အောင် ရှင်းပါ့မယ်။ အခုတော့ နှုတ်ဆက်ခဲ့ပါတယ်။ အဒေါ်ကိုလည်း နှုတ်ဆက်ခဲ့ကြောင်း ပြောပြပါ။ နောက်တစ်ခါ အခွင့်အရေးရရင်လည်း ငါထပ်ပြီး စာရေးပါဦးမယ်။ အခု ဒီစာနဲ့အတူ ပါလာတဲ့ စတီဖင်ကို ပေးဖို့ စာကိုလည်း မင်းကိုယ်တိုင်သွားပြီး ပေးစေချင်ပါတယ်။

ကံဆိုးမိုးမှောင်ကျသော
မင်းရဲ့အစ်ကို
ဂျူလီယံဝှတ်

အချိန်မှာ နံနက် ၈ နာရီရှိပြီဖြစ်၍ ဖရန့်သည် အဝတ်အစားလဲကာ စတီဖင်ရှိရာ ရဲတိုက်သို့ မြင်းစီး၍ ထွက်လာခဲ့၏။ ရောက်လျှင်ရောက်ချင်း ဧည့်ခန်းထဲတွင် မစ္စက်ဂျိုးဇက်ကို တွေ့ရ၏။

တစ်ဦးနှင့်တစ်ဦး ရင်းနှီးပြီးဖြစ်သော်လည်း ဖရန့်၏ ရေးကြီးသုတ်ပြာ အမူအရာနှင့် မလာစဖူး အစောကြီး ရောက်လာသောကြောင့် မစ္စက်ဂျိုးဇက်မှာ ရင်ထဲ ထိတ်ခနဲ ဖြစ်၍သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဖရန့်က –

"မစ္စစတီဖင်ရော အန်တီ၊ မနိုးသေးဘူးလား" ဟု မေးလိုက်ရာ၊ မစ္စက်ဂျိုးဇက်က –

"ဒီအချိန်ကျမှတော့ မနိုးဘဲနေမလားကွယ်။ နေပါဦး၊ ဘာတွေဖြစ်လာတာလဲ။ ငါ့ကို ပြောစမ်းပါဦး၊ မင်းအစ်ကို ဂျူလီယံလည်း ပျောက်နေတာ တစ်ပတ်လောက်ရှိပြီ"

"အခု ကျွန်တော် သူ့အကြောင်း ပြောမလို့လာတာပဲ၊ မမစတီဖင်နဲ့ တွေ့ချင်လို့ပါ"

"ကဲ ... ထိုင်ပါဦး"

သို့သော် ဖရန့်က မထိုင်ချေ။ ထိုအချိန်တွင် ပန်းနုရောင် ပိုးသားအင်္ကျီနှင့် ဖဲသားပွင့်ရိုက် စကတ်ကို ဝတ်၍ အိမ်ခန်းတွင်းမှ ထွက်လာသော စတီဖင်ကို တွေ့ လိုက်ရသဖြင့် ငေးစိုက်ကြည့်နေမိ၏။

ထို့နောက် ဖရန့်သည် ဂျူလီယံ ရေးလိုက်သော စာကို စတီဖင်၏ လက်ထဲသို့ ထည့်လိုက်လေသည်။

စတီဖင်သည် တုန်ရီသော လက်များဖြင့် စာအိတ်ကို လှမ်းယူကာ တစ်ခဏမျှ ငေးမောတွေဝေလျက် ရှိနေပြီးနောက် စာအိတ်ထဲမှ စာကို ယူ၍မှုန်ရီသော မျက်လုံးများဖြင့် ဖတ်လေသည်။

အသက်နှင့် ထပ်တူချစ်ရသော

အချစ်ကလေး စတီဖင် ...

မောင်တော့ ကုသိုလ်ကံ အကြောင်းမလှလို့ မွေးရပ်မြေကို စွန့်ပြီး ပင်လယ်ရပ်ခြားတိုင်းတစ်ပါးကို လေနှင့်အတူ၊ ရေနှင့်အတူ လွင့်မျောသွားရပါပြီကွယ်။ တို့တစ်တွေ စိတ်ကူးယဉ်ခဲ့တဲ့ မေတ္တာအိမ်ကလေးကို အကောင်အထည်ဖော် တည်ဆောက်ကြဖို့ကလည်း မှန်တိုင်းနဲ့အတူ ပြိုကျသွားပါပြီကော။ ဒါပေမဲ့ အားမငယ်ပါနဲ့ အချစ်ရယ်။ မောင့်အသက်နဲ့ကိုယ် အိုးစားမကွဲ မချင်း ချစ်သူဆီကို မောင်ပြန်ရောက်လာမှာပါ။ အဲဒီအချိန်ကိုတော့ လောလောဆယ် ကိုယ်လည်း မမှန်းဆနိုင်သေးဘူး။ ကိုယ်ဟာ ပြင်သစ်ထောင်ထဲမှာ အကျဉ်းသားဘဝနဲ့ ဘယ်လောက် ဝဋ်ဒုက္ခခံရဦးမယ် မသိဘူး။ ဒါပေမဲ့ ကိုယ် မကြောက်ပါဘူး။ ခံနိုင်ရည်ရှိပါတယ်။ ခံနိုင်ရည်မရှိတာက ချစ်သူနဲ့ခွဲခွာရခြင်း၊ ကွေကွင်းရခြင်း ဝေဒနာပါပဲကွယ်။

အချစ် နှုတ်ခမ်းကလေးကနေပြီး ကိုယ်တစ်ယောက် ဒီအရှုပ်အထွေးထဲ မပါအောင် တတွတ်တွတ် ပြောခဲ့တာကို ကိုယ်သတိရပါတယ်ကွယ်။





ကိုယ်လည်း အတတ်နိုင်ဆုံး ရှောင်နေတာပါပဲ။ ဒါပေမဲ့ ကံကြမ္မာက ဖန်တီးလာတော့ မချော်လင့်ဘဲ မောင်ဒိုကုန်သည်တွေရဲ့ လျှို့ဝှက်ချက်ကို သိလိုက်ရတယ်။ အဲဒီလို သိလိုက်တာဟာ ကိုယ့်ဘဝ ဆုံးရှုံးဖို့ ဖန်တီးလာတာပဲ။ အချစ်နဲ့ ကွေကွင်းဖို့ကြမ္မာငင်လာတာပဲ။ အခုအထိတော့ မှောင်ခိုကုန်သည် အဖွဲ့ထဲက ရဲဘော်တစ်ယောက်ရဲ့ ကျေးဇူးကြောင့် အသက်နဲ့ကိုယ် မြဲနေပါသေးတယ်ကွယ်။

ဒါပေမဲ့ ဖြစ်ပျက်ခဲ့သမျှတွေကို တွေးမိတိုင်း ရင်နာတယ်ကွယ်။ ကိုယ် အချစ်ဆီကို ရောက်အောင်ပြန်လာမှာပါ။ ကိုယ့်ကို စောင့်နေပါတော့ အချစ်ရယ်။

အချစ်များစွာနှင့် ဆို့နင့်ရင်ကွဲရသူ

ဂျူလီယံဝှတ်

စာကိုဖတ်ပြီးနောက် စာဆုံးသည်နှင့် စတီဖင်သည် စိတ်ထိခိုက်လွန်းသဖြင့် မတ်တတ်မှ ခွေခနဲ ယိုင်လဲသွားရာ မစ္စက်ဂျိုးဇက်နှင့် ဖရန့်တို့က လှမ်း၍ ဆွဲထားပြီးနောက် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်သို့ အလိုက်သင့် တင်ထားလိုက်ရ၏။

မစ္စက်ဂျိုးဇက်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၍ ဖရန့်မှာလည်း မလုပ်တတ် မကိုင်တတ်ဖြစ်နေတော့၏။ ချက်ချင်းလိုပင် အစေအပါးများ ရောက်လာ၍ စတီဖင်အား ဝိုင်းဝန်းပြုစုလျက်ရှိရာ အချိန်အတော်ကြာမှ စတီဖင်မှာ မျက်လုံးများ ပွင့်လာတော့၏။ သူ၏လက်ထဲ၌မူ ဂျူလီယံ၏စာကို ဆုပ်ကိုင်လျက်ရှိနေ၏။

စတီဖင် ငြိမ်သက်သွားသောအခါ ဖရန့်က မစ္စက်ဂျိုးဇက်အား ဂျူလီယံ၏အကြောင်းကို အသေးစိတ်ပြောပြပြီးနောက် သူကိုယ်တိုင် ခြေရာခံခဲ့ရာမှ သိရှိခဲ့ရသောအကြောင်းစုံနှင့် ဂျူလီယံအပေါ်သို့ ပုံချထားသည့်အပြစ်များမှာ မကြာမီ ပြေပျောက်၍ သူ၏အစ်ကို လွတ်မြောက်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောပြလေသည်။

ထိုအချိန်ထိ စတီဖင်မှာ မျက်ရည်စက်လက်ဖြင့် ရှိနေရှာ၏။ မိမိကိုယ်တိုင် တစ်ပြည်ရပ်ခြား တိုင်းတစ်ပါးသို့ ရောက်နေရသည့်ပြင် မောင့်တစ်မျက်နှာ တစ်ရှာထင်၍ တစ်ကိုယ်လုံး ပုံအပ်ခဲ့ရသော ချစ်သူသည် ယခုအခါ မိမိကိုစွန့်ကာ တစ်ပြည်ရပ်ခြားသို့ ရောက်နေရပြန်သည်ဆိုသောအခါ ဖြေမဆည်နိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဖရန့်သည် ၁၀ နာရီကျော်မှ ဝေးမောက်သို့ ပြန်ခဲ့ရ၏။ အန်တီဂျိုးဇက်က ထမင်းစားသွားရန် အတန်တန် ပြောသော်လည်း အရေးကြီးသော ပုဂ္ဂိုလ်များနှင့် တွေ့ရန်ရှိသေးကြောင်း ပြောပြီးလျှင် အိမ်မှ ထွက်ခဲ့၏။

ထို့နောက် သူသည် ပုလိပ်အရာရှိမစ္စတာဟင်ဒါဆင်ထံ သွားရောက်ရာ အခန့်သင့်ပင် မစ္စတာဟင်ဒါဆင်နှင့် တွေ့ရ၏။

မစ္စတာ ဟင်ဒါဆင်က ဂျူလီယံမှာ အသက်ရှင်လျက် ရှိကြောင်း သိရသဖြင့် များစွာ ဝမ်းမြောက်ကြောင်းဖြင့် ပြောလေသည်။

နောက်တစ်နေ့နံနက် ကာနယ်ချမ်းဘားနှင့် တွေ့သောအခါတွင် ဖရန့်က ဂျူလီယံထံမှ စာလာကြောင်း ပြောပြရာ အဘိုးကြီး ပီတိဖြာ၍ သွားတော့၏။

သို့နှင့် ဖရန့်က ဂျူလီယံထံမှ စာကို မပျောက်မပျက် သိမ်းဆည်းထားပါရန် ကာနယ်ချမ်းဘားလက်သို့ ပေးအပ်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် ထိုစာမှာ ဂျိုးမက်ဟင်းအား ဖမ်းဆီးရမိသောအခါ အရေးကြီးသော သက်သေခံအထောက်အထားတစ်ခု ဖြစ်လာနိုင်သောကြောင့်ပေတည်း။

ဖရန့်က ကာနယ်ချမ်းဘားအား သူ၏အစ်ကို ဂျူလီယံကို ပြင်သစ်နိုင်ငံတွင် မည်သူကြာအောင် ချုပ်နှောင်ထားနိုင်ကြောင်း မေးမြန်းကြည့်ရာ ကာနယ်ချမ်းဘားက –

“အေး ... ဒါတော့ မှန်းဆလို့ အခက်သားကလားကွာ။ သူ့ကို မှောင်ခိုဂိုဏ်းက စစ်သုံ့ပန်းအဖြစ် ဖမ်းပို့ကြတာ။ ပြင်သစ်နိုင်ငံ အမြို့မြို့အနယ်နယ်မှာလည်း အင်္ဂလိပ်စစ်သုံ့ပန်းတွေ ထားဖို့အကျဉ်းထောင်တွေ အများကြီး ရှိတယ်။ ဒီတော့ သူ့ကို ဘယ်ထောင်မှာ ချုပ်နှောင်ထားတယ်ဆိုတာ သိဖို့တောင် အချိန်အများကြီး စောင့်ရဦးမယ် ထင်တယ်။ အင်္ဂလိပ်နဲ့ ပြင်သစ် စစ်ဖြစ်နေသမျှ ကာလပတ်လုံးတော့ တို့တစ်တွေ သူ့ကို လွတ်အောင်ကြိုးစားဖို့ဆိုတာ လွယ်မှာ မဟုတ်ဘူး” ဟု စဉ်းစဉ်းစားစား ဖြေဆိုလေသည်။

ထို့နောက် ကာနယ်က ဆက်လက်၍ –

“ဒါထက် မင်းအခု ဘာဆက်လုပ်မယ် စိတ်ကူးထားသလဲ”

“ကျွန်တော်အခု ကျွန်တော့်ရည်ရွယ်ချက်အတိုင်း စစ်ဘက်ကိုယ်စားလှယ်ရာထူး လျှောက်ထားမယ်လို့ စိတ်ကူးထားပါတယ်။ ဂျူလီယံအမှုကိစ္စကိုလည်း တတ်နိုင်သလောက် ဖြေရှင်းသွားမယ်။ ကျွန်တော့်အသက်လည်း နှစ်ဆယ်ပြည့်ပြီ။ ကျွန်တော့်အဖေနဲ့အတူ စပိန်မှာ အမှုထမ်းခဲ့တဲ့ ကာနယ်ဗီလ်ဆင်က ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်များ စစ်ထဲဝင်ချင်လို့ရှိရင် သူ့ဆီကို စာရေး





ပါလို့ တစ်ခါပြောဖူးတယ်။ စစ်ဘက် ကိုယ်စားလှယ်ရာထူးတစ်နေရာတော့ သူ့သြဇာအာဏာကို သုံးပြီးရအောင် ဆောင်ရွက်ပေးပါ့မယ်တဲ့”

“ကောင်းလိုက်တာကွာ။ ကာနယ်ဗုတ်ရဲ့သားဟာ စစ်ဘက်မှာ အကြီးအကဲ ဖြစ်ရမှာပေါ့။ ဖခင်ခြေရာတော့ နင်းရမှာပေါ့။ မင်း တကယ်လို့ ဆာရောဘတ်ဗီလ်ဆင်ဆီကို စာရေးပြီး သူ့ဆီက ပြန်စာရရင် ငါ့ကိုလည်း အသိပေးပါဦးနော်” ဟု အားရဝမ်းသာ ပြောဆိုလေသည်။

နောက် သုံးပတ်ကြာသောအခါ လိုက်ဒရက်ဂွန် တပ်ရင်းအမှတ် (၁၅) တွင် သူ့ကို ခန့်အပ်လိုက်ကြောင်း တရားဝင်ခန့်စာလက်ခံရရှိ၍ သူ၏ တပ်ရင်းတပ်ခွဲထားရာ ကင်တာဗျူရီသို့ ချက်ချင်းလာရောက် သတင်းပို့ရန် ဆင့်ခေါ်ထားလေသည်။

ထိုနေ့၌ပင် ကာနယ်ဗီလ်ဆင်ထံမှ ပုဂ္ဂိုလ်ရေးအရ ရေးလိုက်သောစာတစ်စောင် လက်ခံရရှိပြန်ရာ စာထဲတွင် သူသည် ယခု လန်ဒန်တွင် ရောက်ရှိနေကြောင်း၊ ဖရန့်သည် ရာထူးကိုမဆက်ခံမီ အဝတ်အစားများ ဝယ်ရင်း လန်ဒန်သို့ လာ၍ သူနှင့်အတူ တစ်ပတ်ခန့် နေထိုင်စေလိုကြောင်း ပါရှိလေသည်။

သို့နှင့် ဖရန့်သည် မိရာရထားနှင့် လိုက်သွားရာ နောက်တစ်နေ့တွင် လန်ဒန်သို့ ရောက်ရှိသွား၏။

ရောက်မဆိုက်ပင် သူသည် ကာနယ်ဗီလ်ဆင်တည်းခိုနေသော ဘတ်ကင်းဟမ်လမ်းသို့ လိုက်သွားရာ အခန့်သင့်ပင် ကာနယ်ဗီလ်ဆင်နှင့် တွေ့၍ ကာနယ်ဗီလ်ဆင်က လှိုက်လှဲစွာ ကြိုဆို၏။

ဖရန့်ကလည်း ကာနယ်၏အကူအညီရသဖြင့် အလွန်ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားရာ ကာနယ်က –

“ကိစ္စမရှိပါဘူးကွာ။ ကူညီထိုက်လို့ ကူညီရတာပါ။ ကူညီခွင့်ရတဲ့အတွက်ပဲ ငါဝမ်းမြောက်လှပါပြီ။ နောက်တစ်ချက်က ကာနယ်ဗုတ်ရဲ့သား တစ်ယောက်ဟာ စစ်တပ်ထဲဝင်လာတာကိုလည်း ငါဂုဏ်ယူပါတယ်။ သူဟာ တို့စစ်တပ်ရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်သွားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ။ ပြီးတော့ အဘူကာ စစ်ပွဲတုန်းက ငါ့အသက်ကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးလည်း ရှိပါတယ်”

နောက်တစ်နေ့ နံနက်စာ စားပြီးကြသောအခါ ဖရန့်နှင့် ကာနယ်တို့သည် လန်ဒန်မြို့တွင်းသို့ ဖရန့်အတွက် အဝတ်အစားနှင့် အခြားလိုအပ်သော ပစ္စည်းများ ဝယ်ရန် ထွက်ခဲ့ကြ၏။

ထိုအချိန်၌ ဖရန့်၏လက်တွင် သူ၏အဒေါ်ထံမှ ငွေအလုံအလောက် ထုတ်ယူခဲ့ပြီးဖြစ်၏။ သူ့ဖခင်၏ သေတမ်းစာတွင် အကယ်၍ သူ့သားနှစ်ယောက်အနက် မည်သူမဆို စစ်ထဲသို့ ဝင်ပါက သူရသင့်ရထိုက်သော အမွေ



www.burmeseclassic.com

www.burmeseclassic.com



အပြင် သူလိုသလို သုံးစွဲရန် တစ်နှစ်လျှင် ပေါင်နှစ်ရာထုတ်ယူခွင့်ရှိစေရမည်ဟု ပါရှိလေသည်။

ထိုနေ့ညနေစာကို ဆာရောဘတ်၏ ကလပ်တွင် စားသောက်ကြ၏။ ညစာစားရာတွင် ကာနယ်က ဖရန့်အား မည်သည့်ဘာသာရပ်များကို စိတ်ဝင်စားကြောင်း၊ မည်သည့် ကစားခုန်စားကို ဝါသနာပါကြောင်း စသည်တို့ကို အကဲစမ်းသည့်သဘောဖြင့် မေးမြန်းရာ ဖရန့်က ဣန္ဒြေရစွာဖြင့် အလိုက်သင့်ဖြေဆိုလေသည်။

"မင်းဖြေတဲ့အဖြေကိုရော ... မင်း နေထိုင်ပြုမူပုံကိုရော အားလုံးကို ငါသဘောကျတယ် ဖရန့်၊ အခုကစပြီး မင်းကို ငါ့စိတ်ထဲမှာရှိတဲ့အတိုင်း ဖွင့်ပြောမယ်။ ငါ ပြောတာတွေကတော့ အစိုးရအတွက် လျှို့ဝှက်ချက်တွေပေါ့ကွာ။ ဒါက တခြား မဟုတ်ဘူး။ ပြင်သစ်စစ်တုရင် နပိုလီယံဟာ တို့အင်္ဂလန်ကို တိုက်ဖို့ထက် ရုရှပြည်မကြီးကို ဝင်တိုက်ဖို့ ကြိတ်ပြီးကြံနေတယ်ဆိုတာ တို့အစိုးရအနေနဲ့ သတင်းနိုင်နိုင်လုံလုံ ကြားထားရတယ်။ အခုအချိန်မှာ နပိုလီယံဟာ ဂျာမနီနဲ့ ပိုလန်မှာ စစ်သားတွေရသလောက် စုဆောင်းနေတယ်ဆိုတာကိုလည်း သိရတယ်။ ဩစတြီးယားကိုလည်း သူ့စစ်တပ်တွေ ပို့ထားတယ်။ အကယ်၍ နပိုလီယံဟာ ရုရှားကို ဝင်စီးမယ်ဆိုရင် တို့ဗြိတိသျှဘက်ကလည်း ပြင်သစ်ကို တတ်နိုင်သလောက် အနှောင့်အယှက် ပေးရမှာပဲ။ ဒါပေမဲ့ စစ်ရေးနဲ့တော့ မဟုတ်ဘူး၊ နိုင်ငံရေးအရပဲ။ ရုရှစစ်တပ်အတွက် ဗြိတိသျှစစ်ဘက်ကိုယ်စားလှယ် လော့ဒ်ဝယ်လက်စလေဟာ သူ့ကျန်းမာရေးကြောင့် နုတ်ထွက်သွားလေတော့ သူ့နေရာကို ငါ ဆက်ဆံဖို့အတွက် အထက်အာဏာပိုင်တွေက သဘောတူပြီးပြီ။ သူ့ရာထူးကို ငါရရင် ငါ့အတွက် ကိုယ်ရေးအတွင်းဝန်တစ်ယောက်လိုလာမယ်။ သူဟာ ငါ့ရဲ့ အတွင်းရေးအတွင်းဝန်သာမကဘူး။ စစ်နယ်မြေအတွင်းမှာ တာဝန်ထမ်းဆောင်ရမယ့် ငါ့ရဲ့ကိုယ်ရံတော် သက်တော်စောင့်လည်း ဖြစ်ရမယ်။ ဒီတော့ ငါ့အဖို့ သန်သန်မာမာ၊ ဖျတ်ဖျတ်လတ်လတ် လူငယ်လူရွယ်တစ်ယောက်ကို ရွေးချယ်ရမှာပဲ။ အဲဒါကတော့ မင်းပဲပေါ့။ မင်းကို အခုလို ရွေးချယ်လိုက်တာဟာ မင်းအဖေကို ငါ ကျေးဇူးဆပ်ရာလည်း ရောက်တယ်။ ငါ့အတွက်လည်း သစ္စာရှိရှိနဲ့ ယုံကြည်စိတ်ချရတဲ့ ကိုယ်ရံတော်တစ်ယောက်ရတာပဲ။ တို့လုပ်ရမယ့် အချက်နှစ်ချက်က နပိုလီယံဟာ ရုရှကို တိုက်ဖို့ပြင်ဆင်နေတဲ့အချိန်အတွင်းမှာပဲ ငါတို့တစ်တွေဟာ ရုရှကို ရောက်နေရမယ်။ နောက်တစ်ချက် မင်းကလည်း ရုရှစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရမယ်"

"ကျွန်တော်ကတော့ ရုရှစကားကို သင်ဖို့ အဆင်သင့်ပါပဲ။ ဒါပေမဲ့ ကျွန်တော့်ကို ဘယ်သူက သင်ပေးမှာလဲ"





"အခု လန်ဒန်မှာ ရုရှနဲ့ ပိုလန်ကပြောင်းတွေ အများကြီးရှိပါတယ်ကွယ်။ သူတို့တစ်တွေဟာ ရုရှစကားရော၊ အင်္ဂလိပ်စကားပါ တတ်မြောက်ကြတယ်။ သူတို့ကို အခကြေးငွေပေးပြီး သင်ရင်ရပါတယ်"

"ဒါဖြင့် ကောင်းပါပြီ ... ကျွန်တော် သင်ပါ့မယ်။ ကျွန်တော် ပိုက်ဆံ တတ်နိုင်ပါတယ်"

ထိုအခါ ကာနယ်က ယခုအခါ လန်ဒန်တွင် သူလျှိုများ ခြေရှုပ်နေကြောင်း၊ သင်ပေးမည့် ရုရှနှင့် ပိုလန်လူမျိုးများထဲတွင် သူလျှိုများ မုချရှိမည်ဖြစ်၍ သူ့လူကိုယ့်လူ ခွဲခြားသိနိုင်ရန် ခဲယဉ်းကြောင်း၊ မိမိတို့ကိစ္စမှာ နိုင်ငံရေးဖြစ်သဖြင့် အထူးသတိပြု၍ လျှို့ဝှက်ရမည်ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။

ဖရန့်က အတန်ကြာ စဉ်းစားပြီးနောက် –

"ဒီကိစ္စ ကျွန်တော့်ဖာသာ ဖြေရှင်းနိုင်ပါတယ်။ ကျွန်တော့်ကို ရုရှစကားသင်ပေးမယ့် ကျွန်တော့်မိတ်ဆွေတွေ ရှိပါတယ်။ ဒီတော့ ဘယ် သူလျှိုအန္တရာယ်မှ မပေါ်နိုင်ပါဘူး"

ဖရန့်သည် စတီဖင်နှင့် မစ္စက်ဂျူးဇက်တို့ကို သတိရသဖြင့် ဤကဲ့သို့ ပြောလိုက်ခြင်းဖြစ်ရာ ကာနယ်ဗီလ်ဆင်မှာ အံ့အားသင့်နေသဖြင့် ဖရန့်က အသေးစိတ်ရှင်းပြရသေး၏။

ဝေးမောက်သို့ ပြန်ရောက်၍ နောက်တစ်နေ့နံနက် စောစောတွင် ဖရန့်သည် စတီဖင်ထံသို့ အလည်အပတ် ရောက်ရှိသွား၏။

နှစ်ယောက်သား ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို ပြန်ပြောင်းစဉ်းစားရင်း တစ်ခဏမျှ ခေတ်မဆိတ်ရှိနေရာမှ ဖရန့်က သူ၏ ကြီးပွားတိုးတက်ရေးနှင့် ရည်ရွယ်ချက် အောင်မြင်ရေးအတွက် ရုရှစကားသင်ပေးပါမည့်အကြောင်း စတီဖင်အား စ၍ ပြောဆိုလေသည်။

ဤသို့ ပြောဆိုသောအခါ စတီဖင်သာမက မစ္စက်ဂျူးဇက်ကပါ လိုလိုလားလား သဘောတူကြလေသည်။

ဤသို့ဖြင့် ဖရန့်သည် စတီဖင်နှင့် မစ္စက်ဂျူးဇက်၏ တပည့်အဖြစ် ရုရှဘာသာကို သင်ယူရ၏။

ရုရှဘာသာသည် ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ထက် သဒ္ဒါမှစ၍ ခဲယဉ်းလှ၏။ ပြင်သစ်နှင့် အင်္ဂလိပ်တို့သည် တစ်ခုနှင့် တစ်ခု ဆင်တူရိုးမှား သဘောလောက်သာရှိသဖြင့် တစ်ဘာသာ တတ်မြောက်ပြီး နောက်တစ်ဘာသာ ဆက်လက်သင်ယူရန် လွယ်ကူသော်လည်း ရုရှဘာသာကမူ တသီးတခြား ဖြစ်နေသဖြင့် အတော်ခဲယဉ်းစွာ ကျက်မှတ်ယူရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ၆ လခန့်ကြာသောအခါ ဖရန့်မှာ ဗီရိယကောင်း၍ စိတ်အား ထက်သန်သောကြောင့် အတော်ပင် ခရီးပေါက်၍နေလေပြီ။ ထိုအချိန်လောက်၌ ပင် ဆရာမစတီဖင်မှာ ရုတ်တရက် မူးဝေအော့အန်သည့် ရောဂါဖြစ်၍ လာတော့ ၏။

သို့နှင့် မစ္စက်ဂျိုးဇက်က –

“ဒီအပြစ်တွေအားလုံးဟာ အမေ့အပြစ်တွေပါကွယ်။ အမေဟာ စတီဖင်ရဲ့ ယုံကြည်စိတ်အချရဆုံး အထိန်းတော်အဖြစ်နဲ့ ‘တော်ဘုရားကြီး’ က တစ်တိုင်းတစ်ပြည်ကို ထည့်လိုက်တာ။ ဒီတော့ အမေ့မှာ အသက်ပေးပြီး သူ့ကို စောင့်ရှောက်ရမယ့် တာဝန်ရှိရက်သားနဲ့ ဒီကိစ္စကလေးကျမှ ယုံကြည်စိတ်ချလွန်း အားကြီးသွားမိတယ်။ လျစ်လျူရှုနေမိတယ်။ အခုတော့ ခက်ကုန်ပြီ၊ တော်ဘုရားကြီးဟာ ကုသိုလ်ကံနိမ့်ပြီး ဘုရင်အမျက်တော်ရှတာ ခံနေရတဲ့အချိန်မှာ တစ်ဦးတည်းသော သမီးအတွက် အရှက်ကွဲရမလို ဖြစ်နေပြီ။ အင်း ... ဒုက္ခ ... ဒုက္ခ” ဟု ဆိုကာ အထိန်းတော်ကြီးမှာ ပြောပြောဆိုဆိုနှင့်ပင် ရှိုးပွဲချငိုကြွေးရှာ တော့၏။

စတီဖင်ခမျာမှာလည်း တစ်စုံတစ်ရာ ပြန်မပြောနိုင်တော့ဘဲ တရှုံ့ရှုံ့နှင့်သာ ငိုကြွေးနေရှာလေသည်။ ဆိုးရွားလှသော မိမိ၏ ကံကြမ္မာကိုသာ စိတ်ထဲမှ အပြစ်တင်၍ နေမိ၏။ အထိန်းတော်ကြီး မစ္စက်ဂျိုးဇက်ကလည်း –

“အင်း ... ဒါထက် အခုနေအခါ ဂျူလီယံတစ်ယောက်၊ ဘယ်ရောက်နေ ပြီလဲ မပြောတတ်ဘူး။ သေများသေလေရော့သလား။ ပြီးတော့ တော်ဘုရားကြီး ခမျာလည်း ကွပ်မျက်ပဲခံရသလား မသိဘူး။ ဖွဲ့ဟဲ့ ... လွဲပါစေ၊ ဖယ်ပါစေ” ဟု တတွတ်တွတ် ပြောကာ ရေရွတ်လျက်ရှိလေသည်။

“ဒါကတော့ ဘယ်သူမပြုမိမိမှုဆိုသလို ဖြစ်ရတာပါ အထိန်းတော်ကြီး ရယ်။ အဆုံးမှာတော့ အထိန်းတော်ကြီးမှာ လုံးဝ အပြစ်မရှိပါဘူး။ ကျွန်မရဲ့ ကံကြမ္မာက ဆိုးပါတယ်လေ။ မောင့်တစ်မျက်နှာ မယ့်တစ်ရှာထင်ပြီး သူ့ကို ပုံအပ်မိတာပါ။ သူကလည်း သမီးကို အရိုးခံ တကယ်ချစ်တာပါ။ သူကိုယ်တိုင် သစ္စာဖောက်သွားတာမှ မဟုတ်ဘဲ ကုသိုလ်ကံ အကြောင်းမလှလို့ နယ်ခြားမြေ ခြားမှာ ထောင်ကျခံနေရတယ်ဆိုတော့ သမီးတို့ အခု ဘာလုပ်ကြမလဲ အထိန်း တော်ကြီးရယ်”

စတီဖင်မှာ ရုရှပြည် ဇာဘုရင်၏ အပါးတော်မြဲ နယ်စားဝန်ကြီးတစ်ဦး ၏ တစ်ဦးတည်းသော သမီးတော်ဖြစ်၍ ဖခင်အား ဇာဘုရင်က အမျက်တော်ရှနေ စဉ် မိခင်၏ အစီအမံဖြင့် အင်္ဂလန်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရာမှ မိမိ၏





အသက်ကို ကယ်ခဲ့ဖူးသူ ဂျူလီယံနှင့် လူငယ်တို့ ဘာသာဘာဝ ချစ်ကြိုက်မိခဲ့ခြင်း ဖြစ်၏။

အကယ်၍သာ ဤကဲ့သို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ပါက ရှေ့သို့ ဆက်၍ မတွေးဝံ့လောက်အောင်ပင် ရှိတော့၏။

ဖခင်ကြီးမှာ မင်းစိုးရာဇာ ဘဝနှင့် အတိဒုက္ခရောက်နေစဉ် သမီးငယ်မှာ နိုင်ငံရပ်ခြားတိုင်းတစ်ပါးဝယ် လင်ကောင်မပေါ်ဘဲ ကလေးမွေးရမည့်ဘဝသို့ ရောက်နေ၏။

ထိုအခါ အထိန်းတော်ကြီးက –

“အို ... ဖြစ်လာမှတော့ တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင် ပြုပြင်ယူမယ်။ ဒီကိစ္စကို အမေကြံပါဦးမယ်။ ဂျူလီယံ မသေသေးသရွေ့တော့ တို့တစ်တွေ အဖြစ်မဆိုးနိုင်ပါဘူး။ ဘယ်ကိစ္စမဆို အကောင်းဆုံး ဖြစ်လာမယ် ဆိုရင် အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ရမှာပေါ့” ဟု စတီဖင်အား နှစ်သိမ့်အား ပေးရှာလေသည်။

ထိုအချိန်၌ ဖရန့်မှာ ရုရှဘာသာကို ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်၊ ဖတ်တတ်၊ ပြောတတ်၊ ဆိုတတ်လာပြီ ဖြစ်သဖြင့် သူထမ်းဆောင်ရမည့် တာဝန် အတွက် လုံလောက်ပေပြီ။

သို့နှင့် သူသည် ကာနယ်ဗီလ်ဆင် ပေးအပ်သောရာထူးကို လက်ခံယူ ရန် အခြေအနေသို့ ရောက်ရှိပေပြီ။ သို့သော် မစ္စက်ဂျိုးဇက်၏ ထူးခြားဆန်းပြား သော အကြံပေး အကူအညီ တောင်းခံမှုအတွက် တုန့်ဆိုင်းသွားပြီးလျှင် အဒေါ် ဖြစ်သူ မစ္စက်ထရောဘက်နှင့် အရေးတကြီး ခေါင်းချင်းရိုက်တိုင်ပင်ရတော့၏။

ဖရန့် ။ ။ “အဒေါ် စဉ်းစားကြည့်ပါ။ သူတို့ဟာ သိပ်အားငယ် နေတယ်။ အထူးသဖြင့် သူတို့ဟာ ရုရှပြည်မှာ မင်းစိုးရာဇာ အလွှာထဲက ဖြစ်လေ တော့ ဂုဏ်သိက္ခာအတွက် အဖက်ဖက်က ထိန်းသိမ်းဖို့ လိုလာတယ် မဟုတ်ဘူး လား။ ဒါကြောင့် တရားဝင် လက်ထပ်ချင်တာပေါ့။ ကျွန်တော်တို့ဘက်ကလည်း မျိုးရိုးဂုဏ်သိက္ခာရှိခဲ့ကွက်ရမှာပဲ”

မစ္စက်ထရောဘက်။ ။ “ဒီကိစ္စတွေ မင်းဘယ်လိုလုပ်သိသလဲ”

ဖရန့် ။ ။ “စတီဖင်ရဲ့ အထိန်းတော်ကြီးက ပြောပြတယ်။ ကျွန် တော်လည်း အစကတည်းက ရိပ်မိပါတယ်။ တကယ်တော့ အဒေါ်ဟာ ဂျူလီယံ ကို နေရာချထားပေးမယ်ဆိုရင် စတီဖင်ကို ငြင်းပယ်လိမ့်မယ် မထင်ပါဘူး။ ငြင်း ခြင်းငြင်းရင် စတီဖင် ဖခမည်းတော်ကသာ ကျွန်တော်တို့ဘက်က ရိုးရိုးအရပ်သား မို့ မပေးစားနိုင်ဘူးလို့ ငြင်းကောင်းငြင်းမှာပါ။ အခုလည်း ဒီအကြံကို အထိန်း တော်ကြီး မစ္စက်ဂျိုးဇက်က ပေးတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်း မိန်းမ ယူတော့မယ် ဆိုပါတော့ကွာ"

"ဟင့်အင်း ... ကျွန်တော့် ရည်ရွယ်ချက်တွေ မအောင်မြင်မခြင်း ကျွန်တော် မိန်းမ မယူသေးပါဘူး။ ကျွန်တော့်အဖေလို စစ်ဘက်အကြီးအကဲ တစ်ယောက်ယောက် ဖြစ်အောင် ကြိုးစားဦးမယ်"

"ဟင် ... မင်းစကားကလည်း ... အခုပဲ မင်းစတီဖင်ကို လက်ထပ်မယ် ဆို"

"ဟုတ်ပါတယ်။ လက်ထပ်မယ်ဆိုတာက လုပ်ပုံအလယ်မှာ စတီဖင်က အစ်ကိုရဲ့ ရင်သွေးလေးကို ရဲရဲတင်းတင်း မရှက်မကြောက် မွေးဖွားဖို့ရယ်။ ရုရှပြည်ကို အကြောင်းကြားဖို့ရယ်ပါ။ တကယ်တော့ အစ်ကိုနဲ့စတီဖင်တို့ရဲ့ မေတ္တာထုထည်ဟာ ကြီးမားလှပါတယ်။ ကျွန်တော်က စတီဖင်ကို နာမည်လောက်သာ လက်ထပ်ထားရုံပါပဲ။ တစ်နေ့ အစ်ကို ပြန်လာရင် ကျွန်တော်က ရှောင်ပေးရုံပဲ သူတို့ချင်း ပြန်ပေါင်းထုတ်ကြမှာပါ"

"အေး ... မင်းစဉ်းစားဖို့က မင်းဘက်က လူပျိုရည်ပျက်တယ်နော်"

"ကျွန်တော်က ဘာအရေးကြီးသလဲ။ မိန်းမယူဦးမယ့် အကောင်မှ မဟုတ်ဘဲ။ ကျွန်တော် မိန်းမယူတဲ့ အချိန်ကျတော့လည်း ဒီဇာတ်ထုပ်ကြီးဟာ ဖြေရှင်းပြီးသား ဖြစ်နေမှာပေါ့။ ဘုရားသခင် စောင်မ,မှာပါ အဒေါ်ရာ"

"မင်း သဘောထားကြီးတာတွေ့ရတော့ ဝမ်းသာပါတယ်ကွယ်။ မင်းအစ်ကို ကံဆိုးကလေး ဂျူလီယံဂုဏ်အတွက် တင်မကပါဘူး။ တို့မျိုးရိုးဇီစရဲ့ သစ္စာစောင့်မှု၊ သဘောထားကြီးမှုတွေကိုလည်း တို့ဘက်က ပြရာရောက်ပါတယ်"

"ဒါဖြင့် စိန့်လူးဝစ်ဘုရားရှိခိုးကျောင်းမှာပဲ ကျွန်တော်တို့ လက်ထပ်ချင်ပါတယ်။ အဒေါ်ပဲ စီစဉ်ပေးပါ။ သူတို့လည်း ရိုမင်ကက်သလစ်တွေပဲ"

"ငါတော့ ငါ့တူကြီး ဂျူလီယံကိုပဲ တမ်းတနေမိတယ်ကွယ်။ အခုနေ သူ ပြန်ရောက်လာရင် ဘယ်လောက်ကောင်းလိမ့်မလဲ"

အဘွားကြီးသည် ပြောပြောဆိုဆို ငိုကြွေးရှာလေတော့၏။

***



၉

ဖရန့်သည် သူဝင်ရောက်အမှုထမ်းရမည့် 'နဂါး' ဟု လျှို့ဝှက်အမည်ပေးထားသော တပ်ခွဲသို့ သတင်းပို့ပြီးနောက် ၁၅ ရက်ခန့်ကြာသောအခါ သူနှင့် ခင်မင်ရင်းစွဲရှိသူ ကပ္ပတိန် လစ်စတန်က–

"သေသေချာချာ စဉ်းစားကြည့်ရင် မောင်ရင်ဟာ တော်တော်ဝွကျတာပဲ"

"နေပါဦး ... ဘာတွေများ ကျုပ်က ဝွကျနေလို့လဲ"

"စစ်သားတစ်ယောက်အတွက် ဘာမှ အသုံးမကျတဲ့ ရုရှစာကို အချိန်ကုန်ခံ သင်နေလို့ပဲပေါ့။ တခြားသင်စရာကိုယ်ခံပညာတွေ၊ တိုက်ခိုက်မှုပညာတွေ အများကြီးရှိသားပဲ"

အမှန်သော် ကပ္ပတိန် လစ်စတန်သည် ဖရန့်အပေါ်တွင် မိတ်ဆွေကောင်း ပီပီ ကရုဏာဒေါသောဖြင့် ပြောနေခြင်း ဖြစ်ကြောင်း ဖရန့် ကောင်းစွာ နားလည်၏။

"တစ်နေ့တော့ ရုရှဘာသာဟာ ငါ့အတွက် အသုံးဝင်လာမှာပါကွာ"

"ဒါတွေ ငါစိတ်ဝင်စားမှု မရှိပါဘူး။ ငါစိုးရိမ်တာက မင်းအတွက်ပါ။ တကယ်ဆို စစ်သားတစ်ယောက်ပီပီ တိုက်ပွဲမှာ အသုံးချရမယ့် ပညာတွေ သင်ထားဖို့ကောင်းတယ်"

"ဟုတ်ပါတယ်။ အခု ငါ ရုရှစာသင်ကြားနေတဲ့ အချိန်ထဲက တစ်ဝက်ကို ပစ္စတိုလေ့ကျင့်ခန်းယူတဲ့နေရာမှာ အသုံးချဖို့ ငါ ဆုံးဖြတ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လစ်စတန်က အံ့သြသော မျက်နှာဖြင့် –

"ဒီမှာ သူငယ်ချင်း စစ်သားတစ်ယောက်ဖြစ်လာရင် စစ်သားလို ကျင့်ရမယ်။ စစ်သားတို့တတ်အပ်တဲ့ အတတ်ပညာတွေ တတ်ထားသင့်တယ်။ ဒီတော့ ရှုရှဘာသာကို ခဏ ဖယ်ထားပြီး မစ္စတိုလေ့ကျင့်ခန်းကို အချိန်ပြည့် ယူစမ်းပါ။ ပစ္စတို အပစ်ကောင်းရင် တပ်ထဲမှာ နာမည်ရလာမယ်၊ သိက္ခာတက် လာမယ်။ ရင်ဆိုင်တိုက်ပွဲတွေမှာ အသုံးဝင်လာနိုင်တယ်"

"ကောင်းပြီလေ ... မင်းပြောတဲ့အကြံ ငါလိုက်နာပါ့မယ်ကွာ"

"ကဲ ... ဒီလိုဆိုရင် စိန့်မာဂရက် လမ်းကို သွားကြမယ်"

ထို့နောက် ကပ္ပတိန် လစ်စတန်သည် ဖရန့်အား စိန့်မာဂရက် လမ်းရှိ သေနတ်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီး ဆိုင်ရှင် ဂုဒယ်နှင့် မိတ်ဆက်ပေး၏။

မစ္စတာ ဂုဒယ်မှာ အရပ်ထောင်ထောင်မောင်းမောင်း ရှိ၍ အလွန် ဝါသနာကြီးသော သေနတ်ပစ်သမားကြီး တစ်ယောက်ဖြစ်လေသည်။

ဂုဒယ်၏ သေနတ်ဆိုင်မှာ ဖရန့်တို့၏ စစ်တပ် မြောက်ဘက်ဂိတ်နှင့် နှစ်ဖာလုံခန့်သာဝေး၏။ လစ်စတန်က ဖရန့်အား ညွှန်ပြရင်း –

"ဒီမှာ မစ္စတာ ဂုဒယ်၊ သူက ကပ္ပတိန် ဖရန့်ဂုတ်တဲ့ ခင်ဗျ။ ကျွန်တော်တို့ တပ်ခွဲကို မကြာခင်ကမှ ရောက်လာတာ။ သူက အခု စာပေသင်ကြားရင်း ပစ္စတိုပစ်တဲ့ ပညာသင်ချင်ပါတယ်တဲ့။ အဲဒါ ခင်ဗျားကို အပ်ပါတယ်ဗျား။ သူ့ကို အကောင်းဆုံး ပစ္စတိုသမားတစ်ယောက် ဖြစ်အောင် သင်ပေးလိုက်ပါဗျာ"

"ကောင်းပါတယ်၊ ကောင်းပါတယ်။ ဒါဟာ စစ်သားတစ်ယောက် တတ်အပ်တဲ့ပညာတစ်ရပ်ပါပဲ။ ခင်ဗျားတို့ တပ်ခွဲတစ်ခုလုံး တတ်ထားသင့်တာပေါ့။ ဒါပေမဲ့ အများအားဖြင့် ဓားခုတ်တာလောက်ပဲ အလေးထား လေ့ကျင့်နေကြတယ်။ ပစ္စတိုသင်တန်းကျတော့ ပေါ့ပေါ့တန်တန်ပဲ။ ဒီတော့ ဘယ်ထူးချွန်မလဲ။ ဓားခုတ်တတ်ရုံနဲ့ စစ်ပွဲထဲ ဝင်သွားတာထက် သေနတ်ပါပစ်တတ်ရင် ရှုပ်ထွေးနေတဲ့ တိုက်ပွဲတစ်ပွဲ အလယ်မှာ ကိုယ့်ရန်သူကို ကိုယ်ရှာပြီး ပစ်ချနိုင်တာပေါ့ မဟုတ်ဘူးလား။ ခင်ဗျားကို ကြည့်ရတာလည်း သေနတ်ပစ်မှာ စိတ်ဝင်စားပုံ ရပါတယ်။ ဒီလိုလူမျိုးသင်ရတာ ခဏကလေးနဲ့ အကောင်းဆုံး သေနတ်သမား၊ အဖြောင့်ဆုံး သေနတ်သမားဖြစ်လာမှာပဲ။ ဟဲ ... ဟဲ ... ဟဲ ... ဂုဏ်ယူပါတယ်ဗျာ"

"ကျွန်တော့်ဘက်ကလည်း အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်" ဟု ဖရန့်က ကတိပေးလိုက်သည်။

"ခင်ဗျား ကျွန်တော်ပြောတဲ့အတိုင်းသာ စိတ်ရှည်လက်ရှည် လေ့ကျင့်စမ်းပါဗျာ။ အချိန်တိုကလေးအတွင်းမှာ ခင်ဗျားဟာ ပထမတန်းသေနတ်ပစ်





သမားတစ်ယောက် ဖြစ်လာရမယ်။ အဲ ... ပစ်ရမှာကတော့ ကျွန်တော့်ရဲ့မူဝါဒအတိုင်းပဲ။ ညာနဲ့သေနတ်ပစ်သလို ဘယ်နဲ့လည်း သေနတ်ပစ်သန်ရမယ်။ ဘယ်လက်အတွက်လည်း လေ့ကျင့်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ မြင်းစီးတပ်ဖွဲ့ဝင်တွေကိုကြည့်၊ အားလုံးညာသန်တွေကြီးပဲ။ ဒါပေမဲ့ ဘယ်ဘက်က တိုက်ခိုက်လာပြီဆိုရင်တော့ သူတို့အားနည်းချက်ပေါ်တော့တာပဲ။ ဒါကြောင့် စစ်ပွဲမှာ ဘယ်ရော ညာရော သန်ရမယ်"

"မှန်တာပေါ့ ခင်ဗျာ။ ကျွန်တော်ကိုယ်တိုင် ဒီအတိုင်း လေ့ကျင့်ပါတယ်။ သေနတ်ပစ်တဲ့အခါ ကျွန်တော် ဘယ်ရော ညာရော လေ့ကျင့်ပါ့မယ်။ ညာဘက်က ဓားကိုင်ထားရင် ဘယ်ဘက်က သေနတ်ကိုကိုင်နိုင်တာပေါ့။ ဒါထက် ခင်ဗျား ကျွန်တော့်ကို သင်ပေးဖို့ ဘယ်အချိန်မှာ သင်ပေးနိုင်ပါသလဲ ခင်ဗျာ"

"နေ့တိုင်း ညနေ ၄ နာရီခွဲမှာ ကျွန်တော် ဆိုင်ပိတ်တယ်။ အခုပဲ ၄ နာရီထိုးနေပြီ။ ဒီကနေ့ပဲ ခင်ဗျားအတွက် ပထမဦးဆုံး သင်ခန်းစာကိုစပြီး သင်ချင်တယ်ဆိုရင် ၄ နာရီခွဲမှာ ကျွန်တော့် သေနတ်ပစ်ကွင်းက စောင့်နေပါ။ ကျွန်တော် လာခဲ့ပါမယ်။ ဒီမှာ ကပ္ပတိန်လစ်စတန်၊ ကျွန်တော့်ကွင်းကို လာမယ် မဟုတ်လား"

ဖရန့် ။ ။ "ကောင်းပါပြီ ခင်ဗျာ။ ကျွန်တော် ကွင်းကစောင့်နေပါ့မယ်"

လစ်စတန်။ ။ "ကျွန်တော်လိုက်ပို့လိုက်ပါ့မယ်။ ကျွန်တော်လည်း သေနတ်မပစ်တာ နှစ်နှစ်လောက်ကြာပြီ၊ ကျွန်တော့် လက်ကို စမ်းကြည့်ချင်ပါသေးတယ်"

သို့နှင့် သူတို့နှစ်ယောက်သည် သေနတ်ပစ်ကွင်းသို့ ထွက်သွားကြတော့၏။ မကြာမီ မစ္စတာဂုဒယ်သည် လက်နက်ပစ္စည်း ကိရိယာ အပြည့်အစုံနှင့် သေနတ်ပစ်ကွင်းသို့ ရောက်လာပြီးလျှင် ကျည်ဆံများရွေးခြင်း၊ သေနတ်များရွေးခြင်းများ ပြုလုပ်ကာ ပြင်ဆင်ပေးလေသည်။

ထင်သည်ထက် များစွာ ခက်ခဲ၍ ပညာသားပါလှသော သေနတ်ပစ်ခတ်ခြင်း ပညာကို ပထမဆုံး တွေ့မြင်လိုက်ရသောအခါ ဖရန့်မှာ အတော်ပင် အံ့အားသင့်၍ သွားတော့၏။

ခြေလှမ်း ၁၂ လှမ်းလောက်မှပင် ပစ်မှတ်ကြီးတစ်ခု၏ အလယ်ဗဟိုကို ထိအောင် မပစ်နိုင်ခဲ့ချေ။

ဖရန့်က နောက်ထပ် အသေအချာ ဂရုစိုက်ချိန်သောအခါ ဂုဒယ်က အချိန်မခံချေ။ လျှပ်တစ်ပြက်နည်းဖြင့်သာ အပစ်ခိုင်းသဖြင့် လွဲနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် အကွာအဝေးမှာရှိတဲ့ ပစ်မှတ်ကလေးကို ခင်ဗျားက ချိန်ပစ်နေတယ်ဆိုတာ ဘယ်သဘာဝ ကျပါ့မလဲ။ စစ်ပွဲမှာ ခင်ဗျား သေနတ်သုံးရမယ်ဆိုရင် လျှပ်တစ်ပြက်သာ အခွင့်အရေးရမယ်။ ခင်ဗျား သေနတ်ကို ထုတ်လိုက်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားဟာ ရန်သူကို ချိန်ပြီးသား၊ ပစ်ပြီးသား ဖြစ်နေရမယ်။ ဒါမှသာ ခင်ဗျား အခွင့်အရေးကို ခင်ဗျား လက်မလွှတ်တမ်း အသုံးချနိုင်မှာပေါ့။ အခု ခင်ဗျားဟာ မြေပေါ်မှာ ခြေစုံရပ်ပြီး ငြိမ်နေတဲ့ ပစ်မှတ်ကို ပစ်နေရတာ မဟုတ်လား။ တကယ်တော့ စစ်ပွဲထဲမှာကျတော့ ခင်ဗျား ပစ်မှတ်ဟာ ငြိမ်နေမှာ မဟုတ်ဘူး ... လှုပ်ရှားနေမှာ။ ပြီးတော့ ခင်ဗျားကိုယ်တိုင်က မြင်းပေါ်မှာ ရှိနေ မယ်။ မြင်းဟာ လန့်နေဖို့ များတယ်။ ကဆုန်ချနေမှာ များတယ်။ ဒီကြားထဲက ခင်ဗျားဟာ သေနတ်ကို လျှပ်တစ်ပြက် ပစ်နိုင်ရမယ်။ ရန်သူကို ချက်ကောင်းထိ စေရမယ်။ ကဲ ... ဒီတော့ ပြန်လေ့ကျင့်ကြမယ်။ ခင်ဗျားက ပစ်မှတ်ရဲ့ တစ်ဖက်ကို လှည့်နေ၊ ကျွန်တော် အချက်ပေးလိုက်တာနဲ့ ခင်ဗျားဟာ ပစ်မှတ်ဘက်ကို ချက်ချင်းလှည့်ပြီး လျှပ်တစ်ပြက်ပစ်ပါ။ ဒီလေ့ကျင့်ခန်းဟာ အင်မတန် အသုံးဝင်ပါတယ်"

သို့နှင့် ဝုဒယ်က အချက်ပေးလိုက်ရာ ဖရန့်က သူသင်ပေးထားသည့် အတိုင်း လိုက်နာ၏။

"ကဲ ... အခု ခင်ဗျားပစ်ချက်ဟာ ပစ်မှတ်ထက် နည်းနည်းပဲ အပေါ် တက်သွားတယ်။ တွေ့လား ... အဲ ... အဲ ... ဘယ်နှယ့် ပစ်စမ်းပါဦး၊ ကဲ ... ဘယ်နှယ့်နေသလဲ။ ပစ်မှတ်ရဲ့ဘေးကို ခြောက်လက်မလောက် ကွာသွားတယ် မဟုတ်လား။ အပေါ်ကိုလည်း တစ်ပေလောက် တက်သွားတယ်။ ဒီလိုဆိုတော့ ဘယ်နှံ့ညာမှာ ဘယ်ကို ပိုလေ့ကျင့်ဖို့ လိုလာပြီဆိုတာ ကျွန်တော် သိရပြီနော်။ ကဲ ... ကဲ ... နောက်ထပ် အချက်တစ်ဒါဇင်လောက် စမ်းကြည့်စမ်းပါဦး။ ဟုတ်ပြီ ရော့၊ ကျည်ဆံမပါတဲ့ ဒီပစ္စတိုကို ယူစမ်းပါ။ ဟာ ... ဒီလို မကိုင်ပါနဲ့လေ၊ လူတိုင်းလိုလိုဟာ သေနတ်မောင်းကို လက်ညှိုးနဲ့ ဆွဲတာပဲ။ ခင်ဗျားလည်း ဒီလိုပဲ ဆွဲရမှာပဲ။ တစ်ခါတလေ လက်ခလယ်နဲ့ ဆွဲကြည့်စမ်းပါ။ ဘယ်ဒင်းက တည်ငြိမ်မှု ပိုတယ်ဆိုတာ သိရအောင်။ အဲဒီလို ဆွဲရင် ပိုနေတဲ့ လက်ညှိုးဟာ သေနတ်ကိုယ်ထည်ကို သွားထိန်းပေးတယ်ဆိုတာ ခင်ဗျားသိရလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ လက်ညှိုးရဲ့ အနေအထားကို ပြုပြင်ထားတတ်လို့ရှိရင် ပစ်မှတ်ကို ချိန်ဖို့ အတွက် အဲဒီလက်ညှိုးဟာ ချိန်သီးတစ်ခု ဖြစ်လာတာကို တွေ့ရလိမ့်မယ်။ ကြည့် ... ကျွန်တော်ကိုင်ထားတာ မြင်တယ် မဟုတ်လား"

ဝုဒယ်သည် တပည့်ဖြစ်သူ ဖရန့်အား လက်တွေ့ရော သဘောတရားပါ သင်ကြားပေးလျက်ရှိလေသည်။





ဤသို့ဖြင့် မစ္စတာဝုဒယ်သည် ဖရန့်အား ဘယ်ရောညာပါ လေ့ကျင့်ပေးပြီးလျှင် သေနတ်မောင်းကို လက်ညှိုးဖြင့်သာမက လက်ခလယ်ဖြင့် ဆွဲသောအခါ လက်ညှိုးကို သေနတ်ဒင်ပေါ်တွင် မည်ကဲ့သို့ ထားရမည်။ လက်ယာဘက်မှ ရန်သူကို မည်ကဲ့သို့ ခုခံ၍ လက်ဝဲဘက်မှ ရန်သူကို မည်ကဲ့သို့ တိုက်ခိုက်ရမည်။ မိမိကိုယ်တိုင် မြင်းပေါ်မှ ဖြစ်စေ၊ ခြေလျင်ဖြစ်စေ လှုပ်ရှားလျက်ရှိရာမှ လှုပ်ရှား ပြေးသွားနေသောရန်သူကို မည်ကဲ့သို့ လျှပ်တစ်ပြက် ပစ်ခတ်ရမည်။ ရန်သူကို လည်း မည်ကဲ့သို့ ချက်ကောင်းကို ထိအောင် ပစ်ရမည် စသည်ဖြင့် အစွမ်းကုန် သင်ကြားပေးလျက် ရှိလေသည်။

"ကျုပ် ရဲရဲကြီး ပြောဝံ့ပါတယ်ဗျာ။ အခုအတိုင်းသာဆိုရင် ခင်ဗျား ဘက်ကသာ မှန်မှန် ကြိုးစားသွားစမ်းပါ။ သုံးလ မကြာစေရပါဘူး။ ပထမတန်း သေနတ်ပစ်သမားတစ်ယောက် ဖြစ်လာရပါစေ့မယ်" ဟု ပြောဆို သင်ကြားပေး လျက်ရှိရာ ဖရန့်ကလည်း စိတ်အားထက်သန်စွာ မနားမနေ ကြိုးစားလျက် ရှိလေသည်။

မစ္စတာဝုဒယ်သည် ကပ္ပတိန် လစ်စတန်ကိုလည်း လေ့ကျင့်ပေးလျက် ရှိရာ သူ၏ လျှပ်တစ်ပြက်ပစ်ချက်များမှာ တစ်နေ့ထက်တစ်နေ့ တိုးတက်လာ သဖြင့် ဖရန့်ကပင် ကောင်းချီးသြဘာ ပေးလေသည်။

ကပ္ပတိန်လစ်စတန်မပါလည်း ဖရန့်တစ်ယောက်တည်းသာ သင်တန်း တက်သည့်နေ့၌ လျှပ်တစ်ပြက်ပစ်ခတ်ရာတွင် လက်အနေအထား တည်ငြိမ်မှု မှတစ်ဆင့် မျက်စိအားယူပုံ၊ မျက်စိချိန်သားကိုက်ပုံတို့ကိုပါ ဆက်လက်သင်ကြား ရ၏။

ထိုရက်သတ္တပတ်ကုန်ဆုံးသွားသောအခါ ဖရန့်သည် သိသိသာသာ ကြီး တိုးတက်လာ၍ တစ်လကုန်ဆုံးသွားသောအခါတွင် ဖရန့်သည် ဘယ်ရော ညာပါ ပစ်ခတ်မှုချိန်သားကိုက်လာပြီးလျှင် ပစ်မှတ်၏ အလယ်ဗဟိုသို့ ထိမှန် သည့်အချက်က ပို၍များလာလေသည်။

ထို့နောက် အကွာအဝေးကို တဖြည်းဖြည်း တိုး၍တိုး၍လေ့ကျင့်ရ၏။

သုံးလလွန်မြောက်သောအခါ သေနတ်ပစ်ကွင်းတွင် ဖရန့်တစ်ယောက် တည်းသာ လေ့ကျင့်နေရ၍ တစ်ခါတစ်ရံမှသာ မစ္စတာဝုဒယ် ရောက်လာပြီး ပစ်ခတ်နည်း ဆန်းဆန်းပြားပြားများကို သင်ပြလေ၏။

"ကျုပ် ပထမတုန်းက ပြောခဲ့သလို ပစ်မှတ်ဟာ အမြဲတမ်း ရွေ့လျားနေ မယ်။ ဒီတော့ တည်ငြိမ်တဲ့ပစ်မှတ်ပြီးရင် ရွေ့လျားတဲ့ ပစ်မှတ်ကိုပစ်မယ်။ ဝိုက်ခံ့ စေ့တစ်စေ့ကို ကျုပ်က ၁၂ ပေလောက်မြင့်အောင် မြှောက်ပစ်လိုက်မယ်။ ခင်ဗျားက အဲဒီဝိုက်ဆံကို လေထဲမှာတင်ပဲထိအောင် ပစ်ရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရပါ့မလားဗျာ"

"ဒါက မျက်စိရဲ့ လျှင်မြန်ဖျတ်လတ်မှုကိုပါ လေ့ကျင့်ရာ ရောက်ပါတယ်။ မေဂျာရက်သ်မိုင်းဆိုရင် အဲဒီလေထဲက ဝိုက်ဆံကို အချက် ၂၀ ပစ်ရင် ၁၉ ချက် မှန်တယ်။ ဒီလောက်အထိတော့ လေ့ကျင့်နိုင်ရမယ်။ စိတ်မလျှော့စမ်းပါနဲ့"

"ကောင်းပါပြီ ကျွန်တော် ကြိုးစား လေ့ကျင့်ပါ့မယ်။ သူများ လုပ်နိုင်တဲ့ အလုပ်တစ်ခုကို ကျွန်တော်လည်း လုပ်နိုင်ရမှာပေါ့ ခင်ဗျာ"

သို့နှင့် နောက်တစ်လခန့်ကြာသောအခါ ဖရန့်သည် ဆရာဂုဏ်ယူနိုင်လောက်သော ပထမတန်း သေနတ်သမားတစ်ယောက် ဖြစ်လာတော့၏။

"ကဲ ... ဒီနေ့တော့ ခင်ဗျားကို မပြောမပြီးတဲ့ စကားတစ်ခွန်း ပြောရလိမ့်မယ်။ ဘာလဲဆိုတော့ အခု ကျွန်တော်တို့ သင်နေ၊ လေ့ကျင့်နေတာတွေဟာ ကိုယ်ခံပညာအတွက်ပဲ။ စစ်တိုက်ထွက်ကြစတမ်းဆိုရင်တော့ စစ်ပွဲထဲမှာ အသုံးချရလိမ့်မယ်။ ဒါပေမဲ့ ဘယ်အခါမှ တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ကိုယ်က စပြီး စိန်မခေါ်ပါနဲ့။ အဲဒီလိုဆိုရင် ဒီပညာဟာ လူသတ်ဖို့သက်သက် ဖြစ်သွားလိမ့်မယ်။ ကျုပ်ဟာ ငယ်ငယ်ကလေးတည်းက သေနတ်ပစ် ကျွမ်းကျင်ခဲ့တယ်။ ဒါကြောင့် ကျုပ်ကို လက်တည့်စမ်းချင်လို့ စိမ်ခေါ်တဲ့လူတွေ အများကြီး တွေ့ခဲ့ရတယ်။ အဲဒီလူတွေကတော့ သူတို့ကိုယ်သူတို့ သိပ်ပြီး အထင်ကြီး နေကြတဲ့လူတွေပါ။ ကျုပ်လည်း တတ်နိုင်သလောက် ရှောင်ပါတယ်။ မတတ်နိုင်တဲ့အဆုံး ယှဉ်ပြိုင်တိုက်ခိုက်ရတယ်ဆိုရင်တော့ အဲဒီပြိုင်ဘက်ရဲ့လက်ကိုပဲ ပစ်ချိုးပစ်လိုက်တာပဲ။ ဘယ်တော့မှ လူ မသတ်ဘူး"

"စိတ်ထားမြင့်မြတ်ပါပေတယ် ခင်ဗျာ။ ဒါပေမဲ့ ပြိုင်ဘက်ရဲ့ လက်မောင်းဟာ ကြေးနီပြားကလေး တစ်ပြားထက် ကြီးလေတော့ ပစ်မလွဲ ပစ်မှတ်ကြီးပါပဲ။ ကောင်းပါတယ်။ ဒါမှ အဲဒီလူဟာ နောက်ပိုင်း သေနတ် မကိုင်နိုင်တော့ဘဲ သူ့အမှားကို သူ နောင်တရနေတော့မယ်"

ဖရန့်သည် သူ၏ဆရာအား တစ်လှည့်ပြန်၍ ချီးကျူးနေပြန်၏။

နောက် သုံးလအထိ ဖရန့်သည် နေ့စဉ်ဆက်လက်လေ့ကျင့်လျက်ရှိရာ ညာဘက်နှင့် အချက်အစိတ် ဘယ်ဘက်နှင့် အချက်အစိတ် တစ်နေ့ အချက် ၅၀ မှန်မှန် လေ့ကျင့်လျက်ရှိရာ နောက်ဆုံးတွင် လေထဲသို့ မြှောက်ပစ်လိုက်သည့် ဝိုက်ဆံကြေးနီပြားကို အချက် ၂၀ ပစ်လျှင် ၁၈ ချက် ထိမှန်သည်အထိ လက်ဖြောင့်သေနတ်သမားတစ်ယောက် ဖြစ်လာတော့၏။

သို့နှင့် နောက်ပိုင်းရက်များ၌ ဖရန့်သည် မိမိလက်ကျမသွားစေရန် တစ်ပတ်လျှင် တစ်ကြိမ်ခန့် ဆက်လက်လေ့ကျင့်လျက်ရှိ၏။ သို့သော် သူ၏





ကျွမ်းကျင်မှုကို မည်သည့်အခါမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိချေ။ တပ်စုထဲမှ ရဲဘော်များကမူ သူ၏သေနတ်ပစ်ထူးချွန် ကျွမ်းကျင်မှုအတွက် တပ်စုလိုက် ဂုဏ်ယူလျက်ရှိကြလေသည်။

ဤကဲ့သို့ ဂုဏ်ယူခြင်းကပင် ဖရန့်အတွက် အန္တရာယ်များလာတော့၏။ သူ့အား မနာလိုသူများ ပေါ်များလာ၏။

ထိုအထဲတွင် လုံကိုင်တပ်ဖွဲ့မှ ကပ္ပတိန်မာရှယ်နှင့် ပထမစ၍ တွေ့ရတော့၏။ ကပ္ပတိန်မာရှယ်သည် သေနတ်ပစ်ခြင်း၌ လက်ဖြောင့်ခြင်း၊ လျှင်မြန်ခြင်းတို့တွင် သူမတူအောင် နာမည်ကြီးသူတစ်ယောက်ဖြစ်ပြီး သူနှင့် ယှဉ်ပြိုင်သူသည် မည်သည့်အခါမျှ အသက်ရှင်သည် ဟူ၍မရှိခဲ့ချေ။

ကပ္ပတိန်မာရှယ်သည် အလိုအလျောက် တစ်ဦးချင်း ချိန်းပွဲများကို လိုက်လံရှာဖွေနေသူဖြစ်၏။

မတွေ့လျှင် တွေ့အောင်ရန်စခြင်းအားဖြင့် လိုက်ရှာတတ်သူဟု နာမည်ကြီးနေသူဖြစ်၏။ သူ၏ ကျွမ်းကျင်မှုအတွက်လည်း အမြဲတမ်း ကြွားဝါနေတတ်သူ ဖြစ်လေသည်။

လွန်ခဲ့သော နှစ်လခန့်ကမူ ဖရန့်တို့၏ နဂါးတပ်ခွဲသို့ ကောနက်မှုတ် ရဲဘော်တစ်ဦး ရောက်လာရာ သူသည် ရုပ်ရည်ချောသလောက် စကားပြောကောင်းသူ ဖြစ်လေသည်။

သို့သော် စကားပြောရာတွင် အနှောင့်အသွားမလွတ် တစ်ဖက်သားကို ပြောင်လှောင် ပြောဆိုတတ်သည်မှလွဲ၍ စိတ်ရင်းကောင်းသူတစ်ဦးဖြစ်လေသည်။

တစ်ခါသော် ကောနက်မှုတ်သမား ရဲဘော်ကလေး ဝယ်ဖင်တန်သည် မိတ်ဆွေအပေါင်းအသင်းများရှေ့တွင် ကပ္ပတိန်မာရှယ်အား ပြောင်လှောင်မိရာ အနီးရှိ ရဲဘော်များကလည်း သူ၏ထိမိသော ပြောင်လှောင်ချက်ကို သဘောကျသဖြင့် ဝိုင်း၍ ရယ်မိကြလေသည်။

ဤသည်ကို အထအနကောက်ပြီးလျှင် ကပ္ပတိန်မာရှယ်က ဝယ်ဖင်တန်ကို တစ်ဦးချင်း သေနတ်ယှဉ်ပြိုင်ပစ်ရန် စိန်ခေါ်လေတော့၏။

စိန်ခေါ်သည်မှာ ရိုးရိုးတန်းတန်းမဟုတ်ဘဲ သူ၏ကိုယ်စား ကြိုက်နှစ်သက်ရာ လူစားထိုးနိုင်ကြောင်းဖြင့် ဖရန့်ဝတ်ကိုပါ စောင်းချိတ်ကာ စိန်ခေါ်လိုက်ခြင်း ဖြစ်လေသည်။ ဖရန့်ကမူ တစ်စုံတစ်ရာ မပြောဘဲ ခပ်မဆိတ်နေလိုက်၏။

နောက်တစ်ပတ်ခန့် အကြာ၌ အစဉ်ကျင်းပလေ့ရှိသော တပ်တွင်း ညစာစားပွဲကျင်းပရာ ထိုထမင်းစားပွဲတွင် အရပ်ထဲမှ လူကြီးလူကောင်း လေးငါးဦး၊ တပ်ခွဲမှ အရာရှိ ၄၀ ကျော် တက်ရောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ဖင်တန်လည်း ကော်နက်မှုတ်ရန် ထိုပွဲသို့ တက်ရောက်ရလေသည်။ ထိုညစာစားပွဲကို ငြိမ်သက်စွာ ဆင်နွှဲလျက်ရှိကြ၏။

ထိုအချိန်တွင် စားပွဲထိုးတစ်ယောက်က ဆိတ်သားစားမလား၊ ငန်းသားစားမလားဟု မေးလာသောအခါ ပြဿနာတစ်ခု ပေါ်လာတော့၏။

ထိုအခါ ဝယ်ဖင်တန်က –

"ဆ ... ဆ ... ဆိတ် ... ဆိတ်သားယူခဲ့ပါ" ဟု သူ့သဘောဝအတိုင်း အထစ်ထစ်နှင့် မှာလိုက်၏။ သူစကားထစ်သည်ကို မည်သူမျှ ဂရုမစိုက်ကြချေ။

သို့သော် တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်နေစဉ်တွင် ကပ္ပတိန်မာရှယ်က အသံသြကြီးဖြင့် –

"ဟေ့ ... စားပွဲထိုး ... ငါ့ဖို့ င ... င ... ငန်း ... ငန်းသားယူခဲ့" ဟု ပြောလိုက်ရာ အားလုံးပင် အံ့အားသင့်၍ သွားကာ ဝိုင်း၍ ရယ်ကြလေသည်။

ဝယ်ဖင်တန်၏ မျက်နှာမှာ နီရဲသွားကာ သွေးမရှိသကဲ့သို့ ဖြူ၍ သွားတော့၏။

ထိုကဲ့သို့ လူပုံအလယ်တွင် နောက်ပြောင် စော်ကားခံရသော ဝယ်ဖင်တန်အတွက် စိတ်မကောင်းဖြစ်ကြပြီးလျှင် ကပ္ပတိန်မာရှယ်ကိုလည်း မရဲတရဲ လှမ်း၍ကြည့်ကြလေသည်။ ကပ္ပတိန်မာရှယ်ကမူ တစ်စုံတစ်ရာ မဖြစ်သကဲ့သို့ ရှိနေလေသည်။

ထိုအချိန်၌ ဖရန့်မှာ မိမိ၏ ဒေါသစိတ်ကို မချုပ်တည်းနိုင်တော့ဘဲ စားပွဲကို လက်ဖြင့် ထောက်ကာ မတ်မတ်ထ၍ ရပ်လိုက်ပြီးလျှင် တပ်ရင်းမှူးကို မျက်နှာမူ၍ ပြတ်သားသော လေသံဖြင့် –

"တပ်ရင်းမှူး ခင်ဗျား ... မိမိရဲ့ သေနတ်ပစ် ကျွမ်းကျင်တဲ့အခွင့်အရေးကို ယူပြီး တွေ့သမျှလူကို လိုက်ပြီး ရန်စနေတဲ့ လူကို လူယုတ်မာလို့ မခေါ်နိုင်ဘူးလား။ အခုလို လူကြီးလူကောင်းတွေ စုံတဲ့ ထမင်းစားပွဲနဲ့ ထိုက်တန်ပါ့မလား" ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

တစ်ခန်းလုံးမှာ အပ်ကျသံပင် ကြားနိုင်လောက်အောင် ငြိမ်သက်လျက်ရှိနေ၏။

ဖရန့်ဝှတ်က ကပ္ပတိန်မာရှယ်အား ယခုကဲ့သို့ တိုက်ရိုက်ပြောဆို ပြစ်တင်လိုက်သောအခါ ပရိသတ်မှာ ဖရန့်အတွက် စိုးရိမ်ပြီးလျှင် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြ၍ သွားကြတော့၏။

တပ်ရင်းမှူးဖြစ်သူက ဖရန့်၏ အဆိုပြုချက်ကို မည်သို့မျှ မဖြေနိုင်မီပင် ကပ္ပတိန်မာရှယ်သည် ထိုင်ရာမထ ဣန္ဒြေမပျက် ဖရန့်အား ရယ်ရယ်မောမော ကြည့်ကာ လေသံခပ်အေးအေးဖြင့် –





"ဘယ်လိုလဲ ... မစ္စတာဖရန့်။ ဒီမေးခွန်းဟာ တပ်ရင်းမှူးကို မေးတာ ဟုတ်မယ် မထင်ပါဘူး။ ကျုပ်ကို မေးတာ မဟုတ်လား။ ကျုပ်ကို စိန်ခေါ်လိုက်တာလားဟင်။ ဒီအတွက် ကျုပ်က အဖြေပေးရမှာ မဟုတ်လား" ဟု ပြန်မေးလိုက်၏။

"သိပ်ဟုတ်တော့ပေါ့။ ခင်ဗျား ကြိုက်တဲ့အချိန် ကျုပ် လက်ခံတယ်"

နောက်ပိုင်းတွင်ကား ပရိသတ်မှာ စကားလုံးဝ မပြောကြတော့ဘဲ တိတ်ဆိတ်သွားတော့၏။

လူတိုင်း၏စိတ်တွင် ဖရန့်အတွက် စိတ်မကောင်းနိုင်တော့ချေ။

ဧည့်သည်များသည် အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ်အတွက် ကျန်းမာစေကြောင်း ဆုမွန်များတောင်းကာ ဖန်ခွက်များထဲမှ အရက်ကိုဆောလျင်စွာ မြိုချလိုက်ကြ၏။ ထို့နောက် တစ်ဦးကိုတစ်ဦး အပြန် အလှန် နှုတ်ဆက်ကြပြီးလျှင် အခန်းထဲမှ ထွက်ခွာသွားကြလေသည်။

တပ်ရင်းသို့ အပြန်တွင် ဖရန့်က ကပ္ပတိန်လစ်စတန်အား –

"ခင်ဗျား ကျွန်တော့်ဘက်က ကိုယ်စားလှယ်လုပ်မယ် မဟုတ်လား"

"လုပ်တာပေါ့ ... လုပ်လည်းလုပ်ရမှာပေါ့။ ဒါပေမဲ့ ဒီကိစ္စဟာ အင်မတန် အန္တရာယ်များတယ်နော်။ ကြောက်စရာလည်း ကောင်းပါတယ်။ ကိုယ့်ဘက်က အရှုံးများနေတယ်။ တကယ်လို့ ဒီကိစ္စဟာ စိတ်လိုက်မာန်ပါ ရန်ဖြစ်တဲ့ နပန်းလုံးပွဲဆိုရင် တပ်ရင်းမှူးအနေနဲ့ ဝင်ရောက်ဖြန်ဖြေနိုင်သေးတယ်။ အခုတော့ စိတ်အေးလက်အေးနဲ့ တစ်ယောက်ကိုတစ်ယောက် ချိန်းဆိုပွဲဆိုတော့ ရှောင်ထွက်တဲ့လူဟာ သိက္ခာကျတော့မှာပဲ။ ဒီတော့ ခင်ဗျားနဲ့ မာရှယ်တို့ပွဲဟာ တားမြစ်လို့ရမှာ မဟုတ်တော့ဘူး။ မင်းတော်တော် မိုက်ပါလားကွာ ဖရန့်"

"အို ... ဒါကတော့ တစ်နေ့မကြုံ တစ်နေ့ ကြုံရမယ့်အဖြစ်ပဲကွာ။ လာမယ့်ဘေးပြေးတွေ့လိုက်ရုံပေါ့။ ကျွန်တော့်အခန်းကို လိုက်ခဲ့စမ်းပါဦး။ ဟိုမှာ ကပ္ပတိန်မာရှယ်ရဲ့ ချိန်းဆိုချက် ရောက်ချင်ရောက်နေမှာ"

ထို့နောက် ဖရန့်နှင့် လစ်စတန်တို့သည် ဖရန့်၏ အခန်းဘက်သို့ သွားကြ၏။ အခန်းတံခါးဖွင့်၍ ကုလားထိုင်တစ်လုံးစီတွင် စိတ်ချလက်ချထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် အခန်းတံခါး ခေါက်သံကြားရသဖြင့် ဝင်ခွင့်ပေးလိုက်သောအခါ ဖြူရော်ညှိုးငယ်သောမျက်နှာဖြင့် ဝယ်ဖင်တန်ဝင်လာလေသည်။

"ကျွန်တော့်အတွက် ခင်ဗျားဟာ မာရှယ်ရဲ့သားကောင် ဖြစ်ရတာ ကျွန်တော် စိတ်မကောင်းပါဘူး။ ကပ္ပတိန်ဝှတ်၊ ဒီလူကြီးက ကျွန်တော့်ကို ရန်စတာပါ။ ဒီတော့ သူနဲ့တိုက်ရမှာက ကျွန်တော်ပါ။ ကျွန်တော် အခုပဲ သူ့ဆီကို စာရေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်။ သူ့ကို ကျွန်တော်ကိုယ်တိုင် ယှဉ်ပြိုင်ပါ့မယ်။ ကပ္ပတိန်ဝှတ်က အေး ရှောင်နေပါ" သူ၏အသံမှာ ဝမ်းနည်းပက်လက် သနားဖွယ်ကောင်းလှ၏။

ဖရန့်က ဝယ်ဖင်တန်ကို ကုလားထိုင်တစ်လုံး ထိုးပေးရင်း –

"ထိုင်စမ်းပါဦး ဝယ်ဖင်တန် ... စိတ်အေးအေး ထားစမ်းပါ။ ဒီကိစ္စကို မင်းတကယ် ဆောင်ရွက်နိုင်စွမ်းရှိရင် ငါ မတားပါဘူး။ လွှတ်ပေးမှာပါ။ ဒါပေမဲ့ မင်းက သေနတ်တောင် ကောင်းကောင်း ပစ်တတ်တာ မဟုတ်ဘူး။ မာရှယ်က မင်းကို လုံးဝ ဂရုမစိုက်ဘဲ အနိုင်ယူမှာပေါ့။ မင်းအသက်ကို ဖက်နဲ့ ထုပ်သွားရုံပဲ။ ကဲ ... မာရှယ်ဟာ ငါနဲ့ ယှဉ်ပြိုင်ရမယ်ဆိုရင်တော့ သူသေကိုယ်သေပဲ။ ငါ့ဘက်က အပိုင်တွက်မရသလို သူ့ဘက်ကလည်း အပိုင်တွက်မရပါဘူး။ သူပေါ့ဆလို့ သတိလစ်တာနဲ့ နောင်ကျင်သွားအောင် ငါဆုံးမနိုင်ပါလိမ့်မယ်။ နောက်တစ်ခါ သေနတ်မကိုင်နိုင်အောင် သူ့လက်ကိုတော့ ပစ်ချိုးထားရမှာပေါ့။ ငါဟာ လူ မသတ်ချင်ပါဘူး။ ဒီလို လူရမ်းကားမျိုးကိုတောင် မသတ်ချင်ဘူး"

လစ်စတန်က မနေနိုင်တော့သဖြင့် ကြားဝင်၍ –

"မင်း ဘာတွေပြောနေတယ်ဆိုတာ မင်းသိရဲ့လား၊ ဖရန့်ရယ်။ ဒီကနေ့ မင်းပြောတဲ့ စကားတွေ အားလုံးဟာ ကိုယ့်သေတွင်း ကိုယ်တူးနေသလိုပဲ။ မနိုင်နိုင်တဲ့ပွဲကို တောင်းပန်ပြီး ဖျက်တန်ဖျက်လိုက်ပါကွာ။ အလကားသက်သက် အသက်ရှုံးမခံချင်ပါနဲ့"

ဖရန့်က ရယ်ရယ်မောမောဖြင့် –

"ခင်ဗျား ဒီလိုပြောလိမ့်မယ်ဆိုတာ ကျွန်တော် သိပါတယ်ဗျာ။ တကယ်တော့ ခင်ဗျားတို့ ထင်တာထက် ကျွန်တော် သေနတ်ပစ် ကျွမ်းကျင်နေပါပြီ။ သေနတ်ကို ပြိုင်တူဆွဲထုတ်ကြစတမ်းဆိုရင်တောင် ကျွန်တော်ကဦးမှာပါ။ အကွာအဝေးတူခြင်း ပစ်ရရင်လည်း ကျွန်တော်ကသာမှာပါ"

"ဒါက မင်းဘက်က အတွေးကိုးကွ။ မင်းထက်အရင် သူက သေနတ်ပစ် ကျွမ်းကျင်လာတာ။ နှစ်ပေါင်းအတော်ကြာကနေ ဒီနေ့အထိ သူ့ကို ယှဉ်ပြိုင်နိုင်တဲ့ သေနတ်သမား မပေါ်သေးဘူး။ မင်းက ပစ်မှတ်တစ်ခုကို ဆယ်ချက်ပစ်လို့ ကိုးချက်ထိရင် သူက ဆယ်ချက်ပစ် ဆယ်ချက်စလုံး ထိနိုင်တယ် မောင်"

"ဒါတွေ တွေးမနေစမ်းပါနဲ့ဗျာ။ တိုက်ပွဲတစ်ပွဲဝင်ရင် နိုင်ရမယ်ဆိုတဲ့ စိတ် ထားစမ်းပါ။ ကဲ ... ခင်ဗျား အခုပဲ သွားပြီး သူ့ဆီကို အကြောင်းကြားလိုက်၊ နက်ဖြန် ကျွန်တော်က တိုက်ချင်တယ်လို့ ပြောလိုက်စမ်းပါ။ အချိန်နဲ့နေရာတော့ သူရွေးပါစေ"

လစ်စတန်မှာ ဖရန့်အား မည်သို့မျှ တရားချ၍ ရမည်မဟုတ်သောကြောင့် ကပ္ပတိန်မာရှယ်ရှိရာတပ်စုဘက်သို့ လေးလံသော ခြေလှမ်းများဖြင့် ထွက်





သွားလေတော့၏။ ဝယ်ဖင်တန်မှာမူ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်၍နေရှာလေသည်။

နာရီဝက်ခန့်ကြာသောအခါ လစ်စတန် ပြန်၍ ရောက်လာရာ သူ၏ မျက်နှာမှာ များစွာ မကောင်းလှချေ။

"နက်ဖြန် မနက် ၆ နာရီလို့ သူက ပြောတယ်။ နေရာကတော့ မြို့ရဲ့ မြောက်ဘက် မြက်ခင်းပြင်မှာပဲ။ ကျွန်တော် နက်ဖြန်မနက် ၅ နာရီခွဲမှာ ရထားလုံးတစ်စင်း ခင်ဗျားကို လာကြိုဖို့ စီစဉ်ခဲ့တယ်။ ကျွန်တော်လည်း ဒီကို ရောက်နေမယ်။ ဩ ... ဒါထက် သူ့ဘက်က ကိုယ်စားလှယ် နာမည်က ယန်ကင်းတဲ့ သူ့တပ်ထဲက ဗိုလ်တစ်ယောက်ပဲ"

"ကျေးဇူးတင်ပါတယ် လစ်စတန်။ ဝိုမယ့်ဝို ကုတို့ရောက်အောင်ဝို့ပါ။ ကျွန်တော်လည်း နက်ဖြန် မနက်အစောကြီးထပြီး စီစဉ်စရာရှိတာ စီစဉ်ထားပါ့မယ်။ ခင်ဗျားလည်း နောက်မကျပါစေနဲ့။ ဒါထက် တိုက်ပွဲကိုသွားရင် စစ်ဝတ်စစ်စား ဝတ်သွားရင်ကောင်းမလား။ အရပ်ဝတ် အရပ်စားဝတ်သွားရင် ကောင်းမလား"

ထိုအခါ လစ်စတန်က အရပ်ဝတ်အရပ်စား ဝတ်လျှင် ကောင်း၍ အညို ရောင် ဝတ်ဆင်က ပို၍ကောင်းကြောင်း၊ ကြယ်သီး ပြောင်ပြောင်လက်လက်များကို မတပ်လျှင် အကောင်းဆုံးဖြစ်ကြောင်းဖြင့် အကြံပေးလေသည်။

လစ်စတန်သည် နေရာမှထပြီးနောက် –

"ကျွန်တော် ပြန်မယ်။ ခင်ဗျားအတွက် ကံကောင်းပါစေ။ ကဲ ... ဂွတ်နိုက်ပဲ သူငယ်ချင်း ... ဝယ်ဖင်တန် ဂွတ်နိုက်" ပြောပြောဆိုဆိုနှင့်ပင် လစ်စတန် ပြန်သွားလေသည်။

ဝယ်ဖင်တန်သည် စကားတစ်စုံတစ်ရာ မပြောဘဲ ဖရန့်၏ မျက်နှာကိုသာ ငေးစိုက်ကြည့်ရှုလျက်ရှိရာ ဖရန့်က သူ၏လက်ကို ဆွဲကိုင်နှုတ်ဆက်လေသည်။ ဝယ်ဖင်တန်သည် နေရာမှ ထပြီးလျှင် ဖရန့်၏ လက်ကို ရုတ်တရက် မလွှတ်သေးဘဲ ရှိနေသဖြင့် –

"နက်ဖြန် ခင်ဗျား လာစရာ မလိုတော့ပါဘူး"

"ဟာ ... ကျွန်တော်မလာဘဲ ဘယ်နေနိုင်ပါ့မလဲ။ ဒီလိုတော့ မလုပ်ပါနဲ့"

နောက်တစ်နေ့နံနက်စောစောတွင် ကပ္ပတိန်လစ်စတန် ရောက်လာပြီးလျှင် ဖရန့်နှင့်အတူ လက်ဖက်ရည်သောက်လျက် ရှိနေ၏။ မြင်းရထားလည်း အသင့်ရှိနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လစ်စတန်က သောက်ပြီး လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ်သို့ တင်လိုက်ရင်း –

"တပ်ရင်းမှူးကတော့ ဆရာဝန်သွားခေါ်နေလေရဲ့၊ သူလည်း အချိန်မီ တိုက်ကွင်းကို ရောက်လာမှာပါ။ ကဲ … ကျုပ်တို့ သွားကြမယ်"

ထို့နောက် သူတို့သည် တန်းလျားအပြင်သို့ ထွက်လာခဲ့ကြ၏။ ဖရန့်သည် ပတ်ဝန်းကျင်ကို တစေ့တစောင်း ကြည့်ရှုလျက်ရှိရာ စောလွန်းသေးသဖြင့် မည်သူမျှ မနိုးကြသေး။ မည်သည့်အခန်းတံခါးမျှ မဖွင့်ကြသေးချေ။

မြင်းရထားပေါ်သို့ တက်၍ နေရာယူပြီးကြသောအခါ ရထားမောင်းသမားသည် မြင်းများကို ကြာပွတ်ဖြင့် တစ်ချက် ရိုက်နှက်လိုက်ပြီးနောက် စစ်တပ်ဂိတ်ဝဆီသို့ တရကြမ်းမောင်းထွက်သွားလေသည်။ ထိုအချိန်တွင် တန်းလျားမှ အချို့ပြတင်းတံခါးများ ဖွင့်လာ၍ ဖရန်တို့ မြင်းရထားအား လှမ်းမျှော်ကြည့်ရှုနေကြသည်ကို ဖရန့်တစ်ယောက် လုံးဝ မသိတော့ချေ။

***

## ၁၀

ဖရန့်ဇတ်မှာ မြင်းလှည်းပေါ်တွင် ဣန္ဒြေမပျက်လိုက်ပါလာနိုင်သော်လည်း နံဘေးမှာ လစ်စတန်မှာ နှလုံးတုန်ရင်ခုန်ကာ အငြိမ်မနေနိုင်အောင် ရှိနေတော့၏။ ယမန်နေ့ညက ဖရန့်သည် မာရှယ်နှင့် တစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် စိန်ခေါ်လိုက်ပြီးနောက် သူသည် ဖရန့်အတွက် စိတ်မချနိုင်အောင် ရှိနေတော့၏။ သို့နှင့် သူ၏ အခန်းသို့ တိုက်ရိုက်မပြန်ဘဲ မြို့ထဲရှိ ဂုဒယ်အိမ်သို့ သွားလေသည်။ အဘိုးကြီးမှာ အိပ်ရာသို့ ဝင်နေပြီဖြစ်၍ အတော်ပင် နှိုးယူရ၏။ အိပ်ရာမှ ထလာရာ လစ်စတန်က ဖရန့်နှင့် မာရှယ်တို့၏ တစ်ဦးချင်း တိုက်ပွဲအတွက် ချိန်းဆိုသည့်အကြောင်းများကို ရှင်းပြသောအခါ မစ္စတာဂုဒယ်က ကျေနပ်နှစ်သိမ့်သည့် အမူအရာဖြင့် –

"ကောင်းတယ် … ကောင်းတယ်။ ဒီတစ်ခါတော့ မာရှယ်ဆိုတဲ့ အကောင် သင်ခန်းစာ ကောင်းကောင်းရသွားမယ်။ ငါ့တပည့်ကို ငါစိတ်ချတယ်။ ဒီပွဲမှာ ဖရန့်ဟာ သူ့ရဲ့လေဟုန်လို လျင်မြန်တဲ့ ကျင်လည်မှုကိုပြမှာပဲ။ ကျုပ်ကိုယ်တိုင် သူ့ကို ပြောထားတယ်။ တကယ်လို့ တစ်ဦးချင်းတိုက်ပွဲနဲ့ ရင်ဆိုင်ရရင် ရန်သူကို မသတ်ပါနဲ့။ လက်ကိုသာ ချိုးပစ်ပါလို့။ ဒါပေမဲ့ အခုပွဲမှာတော့ ရန်သူကို အထင်သေးလို့ မဖြစ်ဘူး။ တစ်ချက်မှ အလွဲမခံနဲ့။ မိရာသာပစ်လို့ ပြောလိုက်ပါ" ဟု ပြောဆိုမှာကြားလေသည်။

ပစ်ကွင်းမှာ အလွန်သေးသဖြင့် လွဲသွားနိုင်၏။ တစ်ချက်လွဲသွားလျှင် သူ၏အသက်ပါ ဆုံးရှုံးသွားနိုင်လေသည်။ မာရှယ်ကမူ သူ၏ ပြိုင်ဘက်များ





www.burmeseclassic.com

www.burmeseclassic.com



အား မည်သည့်အခါ မဆို အသေပစ်သတ်ခြင်းဖြင့်သာ အနိုင်ယူလေ့ရှိသည်ကို မိမိ သိထားပြီး ဖြစ်၏။

မကြာမီ သူတို့သည် သေနတ်ပစ်မည့်နေရာသို့ အစောဆုံး ရောက်ရှိလာကြ၏။ သူတို့ရောက်ပြီးနောက် ငါးမိနစ်ခန့်အကြာတွင် တပ်ရင်းမှူးနှင့် ဆေးမှူး (ဆရာဝန်) ရောက်လာလေသည်။ မကြာမီမှာပင် မာရှယ်နှင့် သူ၏ကိုယ်စားလှယ်လည်း ရောက်လာကြလေသည်။

မာရှယ်၏ ကိုယ်စားလှယ် ယန်ကင်းသည် ဖရန့်၏ ကိုယ်စားလှယ် လစ်စတန်နှင့် တိုင်ပင်ရန်ရှိသည်များကို ဆွေးနွေးတိုင်ပင်ကြ၏။ သူတို့သည် ကွင်းအလယ်တစ်နေရာကို ရွေးချယ်လိုက်ကြ၏။

ထိုနေရာမှာ သစ်ပင်အကာအကွယ်ဟူ၍ လုံးဝ မရှိသော်လည်း ထိုအချိန်၌ ကောင်းကင်မှ မိုးသားတိမ်လိပ်များ ဖုံးအုပ်နေသဖြင့် နှစ်ဦးစလုံး ကွဲကွဲပြားပြား မြင်နိုင်စွမ်းမရှိချေ။

ထို့နောက် တစ်ဦးစီယူလာသော ပစ္စတိုသေနတ်ထည့်သည့် သေတ္တာများကို စစ်ဆေးကြ၏။ သေနတ်နှစ်လက်စလုံးသည် ပြောင်းတိုသေနတ်များဖြစ်၍ အလေးချိန်မှာလည်း တူညီကြ၏။ ယန်ကင်းက တိုက်ပွဲဝင်မည့် ပုဂ္ဂိုလ်နှစ်ဦးတို့သည် မိမိတို့ ကိုင်နေကျ သေနတ်ကိုပင် ကိုင်စေလိုကြောင်း၊ သို့မှသာ အရှုံးအနိုင်ပေါ်တွင် သေနတ်နှင့် ပတ်သက်၍ ဆင်ခြေပေးရန် ပြဿနာ ပေါ်ပေါက်မည် မဟုတ်ကြောင်း အကြံပေး၏။ ထို့နောက် အချက်ပေးသေနတ်ကို မည်သူ ဖောက်သင့်ကြောင်း၊ ထိုကိစ္စအတွက် ခေါင်းပန်းလှန်မည်ဖြစ်ကြောင်း လစ်စတန် အဆိုပြုရာ ထိုအဆိုကို ယန်ကင်းက လက်မခံချေ။

ယန်ကင်း –

“ဒီနေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ မဝင်သင့်ဘူးလို့ ယူဆတယ် ကပ္ပတိန်။ ကျွန်တော်တို့အစား တတိယလူတစ်ယောက်ရွေးဖို့ ကောင်းတယ်။ ဥပမာတပ်ရင်းမှူးဖြစ်ဖြစ်၊ ဆေးမှူးဖြစ်ဖြစ် ဒါဟာ နှစ်ဦးနှစ်ဖက် တရားတာပေါ့”

သို့နှင့် လစ်စတန်နှင့် ယန်ကင်းတို့သည် တပ်ရင်းမှူးထံ သွားရောက်ကာ ဤပွဲတွင် ဒိုင်လူကြီး လုပ်ပေးပါမည့်အကြောင်း မေတ္တာရပ်ခံသောအခါ တပ်ရင်းမှူးကလည်း သဘောတူလိုက်၏။ တပ်ရင်းမှူးကိုယ်တိုင် လက်နက်များ စစ်ဆေးခြင်း၊ မြေနေရာရွေးခြင်း၊ မာရှယ်နှင့် ဖရန့်ကို နေရာချထားပေးခြင်း စသည်တို့ကို ပြုလုပ်ပေး၏။ တပ်ရင်းမှူးကိုယ်တိုင်ကမှ သေနတ်နှစ်လက်ကို ထုတ်ယူလိုက်၏။ တစ်လက်မှာ ကျည်ဆံမပါဘဲ အသံမြည်စေရန် ယမ်းမှုန့်များသာ





ထည့်ထား၍ အခြားတစ်လက်မှာမူ ကျည်ဆံအပြည့်ရှိ၏။ သေနတ်နှစ်လက်စလုံးကို သူ၏ရှေ့တွင် ချထားလိုက်လေသည်။

ထို့နောက် တပ်ရင်းမှူးက ပြိုင်ပွဲဝင်သူနှစ်ယောက်စလုံး ကြားလောက်အောင် အောက်ပါအတိုင်း အော်၍ပြောလိုက်၏။

“ကဲ ... ပြိုင်ပွဲဝင် လူကြီးမင်းများ ခင်ဗျား။ ခင်ဗျားတို့ အသင့်ဖြစ်ပြီးကြတဲ့ နောက်တစ်မိနစ်အကြာမှာ ကျွန်တော် အချက်ပေးသေနတ်ဖောက်ပါ့မယ်၊ အဲဒီအခါမှာ ခင်ဗျားတို့ဟာ ကိုယ့်ရန်သူဘက်ကို မျက်နှာမူပြီး ပစ်ခတ်နိုင်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အချက်ပေးသံ မပေါ်ခင် တစ်ဘက်ကို လှည့်တာမျိုး၊ သေနတ်မြှောက်တာမျိုးစတဲ့ မသိမသာ အခွင့်အရေးယူတာကလေးတွေ တွေ့ရရင်တော့ အဲဒီလူကို ကျွန်တော်ကိုယ်တိုင် ပစ်သတ်မယ်လို့ စိတ်ပိုင်းဖြတ်ထားပါတယ်”

“ကောင်းပါပြီ” ဟု ပြိုင်ပွဲဝင်နှစ်ဦးစလုံးကပင် ပြိုင်တူအဖြေပေးလိုက်ကြ၏။ လောကကြီးတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။ အအေးဒဏ်သည် ရိုးတွင်းချဥ်ဆီအထိ ခိုက်ခိုက်တုန်အောင် အေးလျက်ရှိသော်လည်း သူတို့အားလုံးမှာ အအေးဒဏ်ကို မေ့လျော့နေသကဲ့သို့ပင် ရှိနေကြ၏။ အတန်ကြာသည့်တိုင် သတိအနေအထားတွင်ရှိနေကြသော ပြိုင်ပွဲဝင်နှစ်ဦးတို့အား တပ်ရင်းမှူးသည် တစ်ခဏမျှ အကဲခတ်ကြည့်ရှုလိုက်ပြီးနောက် ၎င်းတို့ အသင့်ဖြစ်လောက်သည့်အချိန်တွင် သူ၏သေနတ်ကို ဒိုင်းခနဲ ပစ်ဖောက်လိုက်၏။ သေနတ်သံသည် တိတ်ဆိတ်သော နံနက်ခင်းကို ချိုးဖောက်ဖြိုခွင်း၍ သွားလေတော့၏။

ထိုအချိန်တွင် သေနတ်သမားနှစ်ဦးစလုံးမှာ ကျွမ်းကျင်ပြီးသူများဖြစ်ကြသည့်အတိုင်းပင် တပ်ရင်းမှူး၏ သေနတ်သံနှင့်အတူ တစ်ယောက်နှင့်တစ်ယောက် တစ်ပြိုင်တည်း မျက်နှာချင်းဆိုင်လိုက်ကြ၏။

ထို့နောက် သူတို့သည် သူတို့လက်တွင် ရှိသည့် သေနတ်များဖြင့် ရန်သူရှိရာသို့ ထိုးပစ်လိုက်ကြရာ သေနတ်သံနှစ်ချက်သည် တစ်ပြိုင်တည်းလိုလို ထွက်သွားသဖြင့် အသံနှစ်သံမှာ တစ်သံတည်းကဲ့သို့ ထွက်လာတော့၏။ သို့သော် တိုက်ပွဲ၏ အဆုံးအဖြတ်ကား ထိုကျည်ဆံတစ်ချက်တည်းနှင့်ပင် ပြီးစီးလေပြီ။ ဖရန့် ပစ်လွှတ်လိုက်သော ကျည်ဆံသည် မာရှယ်၏ သေနတ်ကိုင်ထားသော လက်ကို တိုက်ရိုက်ထိမှန်သွားသဖြင့် မာရှယ်လက်မှ သေနတ်မှာ အောက်သို့ လွတ်ကျသွားတော့၏။ မာရှယ်ပစ်လွှတ်လိုက်သော ကျည်ဆံမှာမူ ချိန်သားမကိုက်တော့ဘဲ ဖရန့်၏ ခေါင်းပေါ်မှ ကျော်ဖြတ်ထွက်သွားလေတော့၏။

ထိုအချိန်တွင် မာရှယ်သည် ဒေါသတကြီး ဟစ်အော်ကာ သူ၏ညာဘက်လက်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ရင်း နောက်သို့ ခြေလှမ်းသုံးလေးလှမ်းမျှ



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းယိုင်သွားရာ သူ့ထံသို့ ဆေးမှူးနှင့် ယန်ကင်းသို့ အပြေးအလွှား ရောက်လာကြလေသည်။

"ခင်ဗျား ... ထိသွားသလား မာရှယ်"

"အေး ... ဟုတ်တယ်။ ငါ့ကို ထိသွားတယ်။ ဒါကြောင့် ငါ သေနတ်လွတ်ကျသွားတာပေါ့။ ငါက အလကား လွှတ်ချပါ့မလား။ ဒီခွေးကောင်ကလေး ပစ်လိုက်တာ ငါ့လက်ညှိုးပြတ်ပါသွားပြီ ဟီး ... ဟီး"

တစ်ချိန်တည်းမှာပင် မာရှယ်မှာ ဒဏ်ရာမှ သွေးထွက်များသဖြင့် ဒယိမ်းဒယိုင် ဖြစ်ကာ မူးမိုက်သွားသဖြင့် ဆေးမှူးနှင့် ယန်ကင်းတို့က သူ့အား တွဲ၍ မြေပေါ်သို့ လှဲပေးလိုက်ရ၏။

ဆေးမှူးက ဒဏ်ရာကို ကြည့်ပြီးနောက် –

"အင်း ... ကပ္ပတိန် မာရှယ်တစ်ယောက်တော့ နောက်ထပ်သေနတ်ပစ်နိုင်မှာ မဟုတ်တော့ဘူး။ ကျည်ဆံဟာ သူ့လက်ညှိုးကို လက်ဖမိုးကနေပြီး ဖြတ်ပစ်လိုက်ပြီ၊ ကဲ ... လောလောဆယ်တော့ သူ့ဒဏ်ရာကို ပတ်တီးစည်းရအောင်၊ ဒီမှာ ယန်ကင်း ... သူ့ကုတ်အင်္ကျီ အနားစကို ဆွဲဖြဲလိုက်စမ်းပါ။ လစ်စတန်က ငါ့ဆေးသေတ္တာကို သွားယူပေးစမ်း ... ကြာရင် သူ သွေးလွန်ပြီး သေလိမ့်မယ်"

ဆေးသေတ္တာယူ၍ လစ်စတန် ပြန်ရောက်လာသောအခါ မာရှယ်၏ အနီးတွင် လူများ ဝိုင်းအုံနေသည်ကို တွေ့ရ၏။ ဖရန့်မှာ မာရှယ်၏ ဒဏ်ရာကို မြင်ရသောအခါ စိတ်မကောင်းတော့ဘဲ သနားစိတ်များ ဝင်လာတော့၏။

"ဘယ်ထိသွားသလဲ ဒေါက်တာ။ ကျွန်တော်ကတော့ သူ့လက်ကိုပဲ ချိန်ပစ်လိုက်တာပါ"

ဆေးမှူးမှာ အလုပ်ရှုပ်နေသဖြင့် ဖရန့်၏မေးခွန်းကို ရုတ်တရက် မဖြေနိုင်သေးဘဲ သွေးတိတ်ကိရိယာတပ်ကာ ဒဏ်ရာကို ကြပ်စည်းပေးလျက်ရှိနေ၏။

အတန်ကြာမှ ဆေးမှူးက တပ်ရင်းမှူးဘက်သို့ မော်၍ကြည့်ကာ –

"ကျည်ဆံကတော့ ချက်ကောင်းကို မှန်သွားတာပဲ။ မာရှယ်ဟာ သူ့သေနတ်ကိုပစ်ဖို့ ချိန်ထားတဲ့ အချိန်ကလေးမှာပဲ သူ့ကို ကျည်ဆံလာမှန်တာ ကျည်ဆံဟာ သူ့လက်ညှိုးကို ဖြတ်ထွက်ပြီး လက်မောင်းအတိုင်း ခါးဆီကို ရောက်သွားတယ်။ ခါးကိုတော့ မထိပါဘူး။ တံတောင်ဆစ် အထက်နားဆီက ဖြတ်ထွက်သွားပြီး တတောင်ဆစ်ရိုးကို ထိသွားတယ်။ အခုလောလောဆယ်တော့ သူ့ကို သွေးတိတ်အောင်လုပ်ဖို့က အရေးကြီးတာပဲ" ဟု အစီရင်ခံလေသည်။





ထို့နောက် ဆေးမှူးသည် ယန်ကင်းထံမှ သွေးတိတ်ပတ်တီးတစ်ထုပ်ယူ၍ တံတောင်ဆစ် အထက်နားဆီသို့ အထပ်ထပ်ရစ်ပတ်လိုက်သဖြင့် သွေးမတိတ်သော်လည်း သွေးထွက်သက်သာသွားတော့၏။

ထိုပတ်တီးစကိုပင် ရင်ပတ်နှင့်ဆက်၍ ချည်ထားလိုက်၏။ ဤသို့ဖြင့် လူနာသည် ဒဏ်ရာရသောလက်ကို မလှုပ်ရှားနိုင်တော့ချေ။

"အခု ကျွန်တော် သူ့ကို ကုသနိုင်တာကတော့ ဒီလောက်ပဲ။ အခြေအနေအရတော့ သူ့တံတောင်ဆစ်ကနေပြီး သူ့လက်ကို ဖြတ်ပစ်ရမှာပဲ။ အရိုးလည်း ကျိုးသွားတယ်။ အခု သူ့ကို ကျုပ်တို့ ဆေးခန်း သယ်သွားကြရမယ်။ လူနာထမ်းစင် မရနိုင်ဘူးလား"

"ကျွန်တော် လူလေးယောက်နဲ့ ထမ်းစင်တစ်ခု မှာထားပါတယ်။ တကယ်တော့ ကျွန်တော်က ဒီထမ်းစင်ကို စီစဉ်ထားတာဟာ ဖရန့်ဂုတ်ကို ပြန်တင်သွားဖို့ပဲ။ အခုတော့ မာရှယ်အတွက် ဖြစ်နေပြီ"

တပ်ရင်းမှူးက အချက်ပြလိုက်သောအခါ လူလေးယောက်သည် ထမ်းစင်တစ်ခုကို သယ်ယူလာကြ၏။ သူတို့သယ်ဆောင်ရမည့် လူနာကို ကြည့်လိုက်ရာ လူနာမှာ ကပ္ပတိန်မာရှယ်ဖြစ်နေသဖြင့် တအံ့တသြဖြစ်ကာ သူတို့မျက်နှာများ ဝင်းထိန်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် သူတို့ချစ်သော ကပ္ပတိန်ဖရန့်က ဤတိုက်ပွဲတွင် အနိုင်ဖြင့် ဝိုင်းလိုက်ကြောင်း သိရသောကြောင့်ပေတည်း။

"ကဲ ...ကပ္ပတိန်မာရှယ်ကို ထမ်းစင်ပေါ် တင်ကြ၊ ဖြည်းဖြည်း လုပ်၊ ဒဏ်ရာကို မထိပါစေနဲ့။ ပြီးတော့ သူ့ကို ဆေးခန်းယူသွားကြ။ ခွဲစိတ်ဖို့အတွက်လည်း အဆင်သင့်ပြင်ထားပါ။ ကျုပ်ရောက်ရောက်ချင်း သူ့လက်ကိုဖြတ်ပြီး ကုရလိမ့်မယ်" ဟု ဆေးမှူးက ထမ်းစင် သယ်လာသူလေးယောက်အား အထက်ပါအတိုင်း အမိန့်ပေးလိုက်လေသည်။

"ကဲ ... တို့လည်း သွားကြစို့ ဖရန့်။ တို့ ဒီမှာ စောင့်ကြည့်နေလို့လည်း ဘာမှအကြောင်းထူးမှာ မဟုတ်ဘူး" ဟု ပြောကာ လစ်စတန်သည် ဖရန့်၏လက်ကို ဆွဲခေါ်သွားလေသည်။

လမ်းတွင် ဖရန့်က "ကျွန်တော် သူ့ကို ဒီလောက်ထိခိုက်အောင် ပစ်တာ မဟုတ်ပါဘူးဗျာ"

"ဒါကတော့ သူ့ထိုက်နဲ့သူ့ကံပေါ့ဗျာ"

"ကျွန်တော် သူ့ကိုပစ်တုန်းက လက်ဖမိုးကို မှန်းပြီးပစ်တာပါဗျာ။ ဒီလောက်ထိခိုက်ပြီး လက်ကိုဖြတ်ပစ်ရလောက်အောင် ပစ်တာ မဟုတ်ပါဘူး"

"ထိသွားတော့ကော ဘာဖြစ်သလဲဗျ။ သူတစ်ပါးကို သတ်ဖြတ်ချင်တဲ့ သူဟာ တစ်နေ့ သူလည်း အသတ်ခံရမယ်ဆိုတာ ဓမ္မတာပဲ။ တကယ်ကို ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တဲ့ ကျည်ဆံဟာ သူ့ကို မမှန်ဘူးဆိုရင် အခုလောက်ဆို ခင်ဗျားကိုယ်တိုင် ထမ်းစင်ပေါ် ရောက်နေပြီ။ တကယ်တော့ ခင်ဗျားက သူ့ထက် တစ်စက္ကန့်ရဲ့ ငါးပုံတစ်ပုံလောက်ပဲ ဦးအောင်ပစ်နိုင်လို့ပါ။ အခုတော့ ခင်ဗျားအဖို့ ဂုဏ်ယူစရာပါပဲလေ။ ဒီလိုတစ်ဦးချင်းတိုက်ပွဲဟာ ခင်ဗျားအတွက် ပထမဦးဆုံး ဖြစ်သလို နောက်ဆုံးတိုက်ပွဲလည်း ဖြစ်နိုင်ပါတယ်"

ဖရန့်က စိတ်အေးအေးဖြင့် –

"ကျွန်တော်လည်း ဒီအတိုင်း ဖြစ်ပါစေလို့ ဆုတောင်းတာပါပဲ"

သူတို့သူငယ်ချင်းနှစ်ယောက် စစ်တန်းလျားသို့ရောက်ခါနီးတွင် လူအုပ်ကြီးတစ်အုပ် စုဝေးနေသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရ၏။

"ကျုပ်တို့တပ်ထဲမှာတော့ မနေ့ညက ထမင်းစားပွဲမှာ ခင်ဗျားနဲ့ မာရှယ်တို့ စကားများတဲ့အကြောင်း ထမင်းချက်ကတစ်ဆင့် ပြောလို့ အားလုံး သိနေကြပြီ။ ခင်ဗျားတို့ တစ်ဦးချင်းတိုက်ပွဲကို စိတ်ဝင်စားကြလို့ စောင့်ကြည့်နေကြတဲ့ ပရိသတ်ကလည်း မနည်းဘူးလေ။ မြင်တဲ့အတိုင်းပဲ" ဟု ပြောကာ လစ်စတန်က ဖရန့်အား စစ်တန်းလျားထိပ်မှ လူအုပ်ကြီးကို မေးငေါ့ပြလိုက်လေသည်။

စစ်တန်းလျားသို့ ရောက်သွားကြသောအခါ လူအုပ်ကြီးသည် ဖရန့်အား အော်ဟစ်၍လည်းကောင်း၊ အချို့က လက်ခုပ်လက်ဝါးတီးကာ လက်များကို ဝှေ့ယမ်း၍လည်းကောင်း၊ ဦးထုပ်များကို လေထဲသို့ ဝှေ့ယမ်း၍လည်းကောင်း ကောင်းချီးသြဘာပေးကြလေသည်။

"ဖရန့်ရေ ... ခင်ဗျားကတော့ သူတို့အတွက် တကယ့် သူရဲကောင်းကြီးပဲ။ အစကတည်းက ခင်ဗျားကို သူတို့က ခင်မင်ရင်းစွဲရှိပြီးသားဆိုတော့ အခုလို ခင်ဗျားရဲ့ အောင်မြင်မှု သတင်းကို ကြားလိုက်ကြတော့ သူတို့တစ်တွေ အားလုံး ရွှင်လန်းဝမ်းမြောက်ကြတာပေါ့"

ဖရန့်၏ အခန်းဝသို့ရောက်၍ မြင်းရထားပေါ်မှ ဆင်းလိုက်ကြသောအခါ ဝယ်ဖင်တန်သည် လူအုပ်ကြားမှ ရုတ်တရက် တိုးဝှေ့ထွက်လာပြီးနောက် ဖရန့်၏လက်ကို အတင်းဆွဲကာ ဖက်လှဲတကင်း နှုတ်ဆက်လေတော့၏။

"ခင်ဗျား အခုလို အန္တရာယ်ကင်း ဘေးရှင်းဖြစ်သွားတာကို ကျွန်တော် ဂုဏ်ယူလို့ မဆုံးပါဘူးဗျာ။ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်။ တကယ်လို့ ခင်ဗျားသာ တစ်စုံတစ်ရာ ဖြစ်သွားရင်တော့ ကျွန်တော်တစ်သက်မှာ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်လို့ ဆုံးတော့မှာ မဟုတ်တော့ပါဘူး" ဟု ဝယ်ဖင်တန်က အားပါးတရ ပြောဆိုလျက် ရှိနေလေသည်။

ဖရန့်က ပြုံးစိစိမျက်နှာဖြင့် –





"ဘုရားသခင်ဟာ အမှန်တရားဘက်က စောင့်ရှောက်မှာပါဗျာ။ ကဲ လာ ... ကျွန်တော့်အခန်းထဲ လိုက်ခဲ့၊ မနက်စာကို စဖိုမှူးဆီ ကျုပ်ပိုပြီးမှာထားပါတယ်။ ခင်ဗျား လိုက်စားပါဦး"

ဤသို့ဖြင့် နံနက်စာ စားသောက်လျက်ရှိကြစဉ် အပေါင်းအသင်းများက ဝမ်းပန်းတသာ မေးလာသည့် မေးခွန်းများကို လစ်စတန်က ဒိုင်ခံ၍ ဖြေနေရသဖြင့် အစားအသောက်များကိုပင် ကောင်းကောင်း မစားဖြစ်ကြတော့ချေ။

ဝယ်ဖင်တန်က ကော်ဖီကို နောက်ဆုံးသောက်ရင်း ဖရန့်အား –

"ခင်ဗျားကတော့ စိပဲဗျာ။ ခင်ဗျားနဲ့ မာရှယ်နဲ့ တိုက်ပွဲမှာ ကျွန်တော်တို့တစ်တွေ ခင်ဗျားအတွက် နှလုံးတုန်ရင်ခုန်လိုက်ကြရတာ။ ခင်ဗျားကတော့ ဘာမှ မဖြစ်သလိုဘဲ၊ မနက်စာတောင် ကြိုပြီးမှာတယ်ဆိုတော့ ပိုင်လှချည်ကလားဗျာ"

စားသောက်ပြီးကြသောအခါ ဖရန့်သည် တပ်ရင်းမှူးထံသို့ ထွက်သွားလေသည်။

ရုံးခန်းထဲသို့ ရောက်လျှင်ရောက်ချင်း တပ်ရင်းမှူးက စတင်နှုတ်ဆက်၏။

"မင်းကို ငါကလာပြီး ဂုဏ်ပြုချီးကျူးဖို့အတွက် အချိန်မရနိုင်အောင် ဖြစ်နေရတာကိုတော့ ခွင့်လွှတ်ဦးပေါ့ ဖရန့်။ တကယ်တော့ မင်းဟာ တို့တပ်အတွက် ဂုဏ်ယူစရာ ရဲဘော်တစ်ယောက် ဖြစ်လာပြီ။ ပြီးတော့ မင်းရဲ့ သဘောထားကြီးမှုကိုလည်း ကောင်းကောင်းကြီး ပြလိုက်တာပဲ"

"ကျေးဇူးတင်ပါတယ် တပ်ရင်းမှူးကြီး ခင်ဗျား။ အခု ကျွန်တော်လာတာကတော့ ခွင့်ငါးရက်လောက် လိုချင်လို့ပါ။ ဝေးမောက်မှာရှိတဲ့ ကျွန်တော့် အဒေါ်ဆီကိုလည်း ကျွန်တော်ပြန်ချင်လို့ပါ။ ကျွန်တော်တို့တစ်တွေ ဘယ်နေ့ စစ်ထွက်ရမယ်ဆိုတာ မသိနိုင်ဘူး မဟုတ်လား"

တပ်ရင်းမှူးက ကျေနပ်စွာဖြင့် –

"ကောင်းတယ် ... ကောင်းတယ်။ မင်း အစီအစဉ် ကောင်းတယ်။ နှုတ်ဆက်တဲ့ သဘောလည်း ရောက်တာပေါ့"

ထို့နောက် တပ်ရင်းမှူးသည် သူ၏စားပွဲအံဆွဲထဲမှ သင်္ဘောများ အတွက် အဝင်အချိန်ဇယား စာရွက်ကို ထုတ်ယူပြီးနောက် –

"ဟာ ... ဒီညနေမှာပဲ ကီထိပ်ဆိုတဲ့ သင်္ဘောဟာ ဒိုဘာမြို့ကနေ ပလိုင်းမောက်ကို ထွက်လိမ့်မယ်။ လမ်းမှာ ဆောက်သိသင်တန်ဟာ မင်းအတွက် အဆင်အပြေဆုံးဖြစ်မှာပဲ။ တစ်ညအိပ်ခရီးနဲ့ မင်းရောက်သွားနိုင်တယ်၊ ကောင်းပြီလေ။ မင်းသွားနိုင်ပြီ။ မင်းခွင့်နဲ့ နေတဲ့လိပ်စာကိုတော့ တပ်ကြပ် စာရေးကြီးဆီမှာ ပေးပစ်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖရန့်သည် သတိအနေအထားဖြင့် တပ်ရင်းမှူးအား အလေးပြုပြီးနောက် အခန်းပြင်သို့ ထွက်ခဲ့လေသည်။

ထိုနေ့ညနေ၌ပင် ဖရန့်သည် မြင်းလှည်းတစ်စီးငှား၍ ဒိုဘာဆိပ်ကမ်းသို့လာခဲ့၏။

အခန့်သင့်ပင် ကီထိပ်ပေါ်သို့တက်ကာ လက်မှတ်ဝယ်ပြီးနောက် နေရာယူလိုက်၏။ မိုးလေဝသ အခြေအနေကောင်းသောကြောင့် သင်္ဘောမှာ ည ၈ နာရီတွင် ထွက်မည်ဖြစ်ကြောင်း၊ ဆောက်သိသင်တန်သို့ မနက်ဖြန်ညနေလောက်တွင် ရောက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝေးမောက်သို့ မမှောင်ခင် ရောက်မည်ဖြစ်ကြောင်းဖြင့် သင်္ဘောကပ္ပတိန်အား မေးမြန်းသဖြင့် သိရှိရလေသည်။

ရာသီဥတုကောင်းသောကြောင့် သင်္ဘောမှာ တစ်ညလုံး အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းလျက်ရှိ၏။

ဒိုဘာမှ ထွက်လာပြီးနောက် ၄၈ နာရီတိတိ အကြာတွင် ဝေးမောက်သို့ ရောက်ရှိလာသည်။

ဖရန့်သည် အဒေါ်ဖြစ်သူကို ချက်ချင်းတွေ့ရ၍ မစ္စက်ထရောဘက်ကလည်း တူသားနောင်မယ်ဟူ၍ နှစ်ယောက်တည်းသာရှိရာမှ နှစ်ယောက်စလုံးကို လက်လွှတ်ထားရသဖြင့် ယခု ဖရန့်ပြန်လာသောအခါ ဖရန့်အား ဖက်လဲတကင်း နှုတ်ဆက်ကြိုဆိုကာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ကျမိတော့၏။

မစ္စက်ထရောဘက်က ဖရန့်၏ခေါင်းကို ပွတ်သပ်ရင်း –

"ဟော့ ... မင်းတယ်ဝလာပါလား။ ဒါပေမဲ့ ငါ ထင်သလောက် ရုပ်တော့ ပြောင်းမသွားဘူး"

"လူတစ်ယောက်ဟာ ယူနီဖောင်း ဝတ်လိုက်ရုံနဲ့ ရုပ်ပြောင်းမသွားနိုင်ပါဘူး အဒေါ်ရယ်။ ဒါပေမဲ့ တစ်နေ့ ကျွန်တော့်မျက်နှာပေါ်မှာ အမွေးအမျှင်တွေ ပေါက်လာခဲ့ရင်တော့ ပြောင်းလဲသွားမှာပေါ့။ အဒေါ်ကတော့ ကျွန်တော့်ကို အမြဲ မှတ်မိမယ် မဟုတ်လား"

ထို့နောက် ဖရန့်သည် တစ်စုံတစ်ရာကို အမှတ်ရသည့် လက္ခဏာဖြင့် သူ၏မျက်နှာမှာ ညှိုးငယ်သွား၏။

"ကျွန်တော်သာ ရုပ်မပြောင်းတာ အဒေါ်။ အခုဆို ဂျူလီယံဟာ သူ့ခမျာတစ်ယောက်တည်း နိုင်ငံခြားမှာ အစားဆင်းရဲ၊ အနေဆင်းရဲနဲ့ ဘယ်လောက်များ ရုပ်ပြောင်းသွားရှာရော့မလဲ။ ဒါနဲ့ သူ့ဆီက ဘာသတင်းများ ကြားသေးသလဲ အဒေါ်"

"သူ့ဆီကတော့ ဘာသတင်းမှ မကြားရပါဘူးကွယ်။ ဒီကံဆိုးကလေး





ဟာ သေသလား ရှင်သလားတောင် မသိတော့ပါဘူး။ ငါလည်း အမြဲတမ်း စုံစမ်းနေတာပဲ။ ဟိုတစ်ပတ်လောက်ကတော့ သူ့မိတ်ဆွေ တံငါသည်ဘီလီဆိုတဲ့ လူ ရောက်လာတယ်။ သူ စုံစမ်းလို့ရသလောက်တော့ ဂျူလီယံဟာ ပြင်သစ်ကမ်းခြေတစ်ခုရဲ့ ထောင်ထဲမှာ အချုပ်ခံနေရတယ်တဲ့။ အဲဒီကတစ်ဆင့် အခြားအကျဉ်းသားတွေနဲ့အတူ သူ့ကို ပြင်သစ်ပြည်အတွင်းပိုင်းတစ်နေရာကို ခေါ်သွားကြတယ်ဆိုပဲ။ ဒီတစ်သက်တော့ သူ့ကို အသက်နဲ့ကိုယ် မြင်လျက်သား ပြန်မှ တွေ့ရပါဦးတော့မလား"

ပြောပြောဆိုဆိုနှင့်ပင် မစ္စက်ထရောဘက်မှာ မျက်ရည်များဝဲ၍လာပြီးလျှင် အသံမှာလည်း တုန်တုန်ရီရီဖြစ်၍ လာတော့၏။

"သူ့သတင်း ကြားရင်ကြားချင်း ကျွန်တော့်ဆီကို စာရေး အကြောင်းကြားပါနော် အဒေါ်။ ဒါထက် ဂျိုးမက်ဟင်းဆိုတဲ့ တစ်ယောက်အကြောင်းကော ကြားမိသေးသလား"

"ပြင်သစ်နဲ့ အင်္ဂလန်ကမ်းခြေကို ကူတို့ကူးနေတဲ့ သင်္ဘောတစ်စင်းပေါ်မှာ ဂျိုးမက်ဟင်းဆိုတဲ့ သင်္ဘောသားတစ်ယောက်တော့ ရှိတယ်ဆိုပဲ။ သူများ ဟုတ်လေမလား မသိဘူး"

ဖရန့်သည် ဝေးမောက်တွင် မိတ်ဟောင်းဆွေဟောင်းများအား လိုက်လံနှုတ်ဆက်နေသဖြင့် တစ်ရက်အချိန်ကုန်သွား၏။

နောက်တစ်နေ့၌ သူသည် မစ္စစတီဖင်ထံသို့ ရောက်သွား၏။ ယခုအခါမျိုးတွင် မစ္စစတီဖင်တစ်ယောက် ချစ်သူ ဂျူလီယံ၏ သတင်းကို ကြားချင်ရှာပေလိမ့်မည်။

သူရောက်လျှင် ရောက်ချင်း သူ့အစ်ကို သတင်းကို မေးရှာပေတော့မည်။ သို့သော် သူ့တွင် မည်သည့်သတင်းမျှ မပါချေ။

ဖရန့် ရောက်သွားသောအခါ မစ္စစတီဖင်မှာ စိန့်ပီတာစဘက်ဆေးရုံတွင် ရောက်ရှိနေ၍ သမီးဦးကလေးတစ်ယောက် ဖွားမြင်နေပြီဖြစ်ကြောင်းဖြင့် မစ္စက်ဂျိုးဇက်က အကြောင်းစုံ ပြောပြသဖြင့် သိရ၏။

ထိုနေ့၌ပင် ဖရန့်သည် မစ္စက်ဂျိုးဇက်နှင့်အတူ ဆေးရုံသို့ လိုက်သွား၏။ စတီဖင်သည် ဖရန့်ကို တွေ့ရသောအခါ ဝမ်းနည်းဝမ်းသာ ဖြစ်ကာ ဂျူလီယံအား ပို၍ သတိရမိရှာ၏။

သို့သော် ဂျူလီယံနှင့် မတွေ့ရစေကာမူ သူ၏ကိုယ်စား စားစာခံအဖြစ် လက်ထပ်ထားသူ ဖရန့် ရောက်လာသဖြင့် အားတက်မိတော့၏။

နောက်တစ်နေ့တွင် ဖရန့်မှာ ထူးဆန်းသော သတင်းတစ်ခုကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖရန့်သည် စတီဖင်ထံသို့သွားရန် ပြင်ဆင်လျက်ရှိစဉ် မြင်းစီးရဲသား တစ်ဦး ရောက်လာပြီးနောက် –

"ဒီမှာ ဖရန့် ... အကယ်၍ ခင်ဗျား အခုချက်ချင်း လိုက်လာပြီး ကပ္ပတိန် ဒေါင်းနှင်းကို တွေ့နိုင်ရင် သူသိပ်ဝမ်းသာမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား ဝမ်းသာရမယ့် သတင်းတစ်ခု ပြောဖို့ အကောက်ခွန် သင်္ဘောပေါ်က သူ စောင့်နေတယ်"

သို့နှင့် ဖရန့်သည် နေရာမှ ချက်ချင်းထကာ ဦးထုပ်ကို ဆွဲယူလိုက်ပြီးလျှင် သတင်းပေးလာသော မြင်းစီးရဲသားနှင့်အတူ လိုက်သွားရာလမ်းတွင် ထိုသူက –

"ကျွန်တော်တို့ မနေ့ညက မမျှော်လင့်ဘဲ မှောင်ခိုသင်္ဘောတစ်စင်းနဲ့ တိုက်ပွဲ အပြင်းအထန် ဖြစ်လိုက်ရသေးတယ်။ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက ကျွန်တော်တို့ သတင်းတစ်ခုရတာနဲ့ အနောက်ဘက်ပင်လယ်ပြင်မှာ စောင့်နေကြတာ ဘာအရိပ်အယောင်မှ မတွေ့ရဘူး။ ဒါနဲ့ မနေ့က အရှေ့ဘက်က ပြန်လာခဲ့ကြတာ အနောက်ဘက်ကို ည ၁၀ နာရီလောက်မှာ ရောက်တယ်။ သူတို့ဟာ အရှေ့ဘက်ဆိပ်ကမ်းတွေကို ဝင်မယ်ဆိုရင် အရှေ့ဘက်ကို သတင်းပေးပြီး အဲဒီလိုနဲ့ ကျွန်တော်တို့ကို တစ်ပတ်ရိုက်ကြတယ်။ ဒီတစ်ခါတော့ သူတို့ အဓိုက်မိသွားကြတယ်လေ။ ကျွန်တော်တို့နဲ့ ပက်ပင်းတိုးနေတော့ သူတို့ထွက်ပြေးချိန် မရတော့ဘူးပေါ့။ ကုန်တွေကို သမ္ဗာန်နှစ်စင်းနဲ့ ကမ်းခြေဘက်ကို ပို့နေတုန်းဆိုတော့ မရှောင်သာတော့ဘူး။ အဲဒီအချိန်မှာပဲ ကျွန်တော်တို့ကို ခုခံကြတော့တာပေါ့။ ဒါပေမဲ့ သူတို့လူတစ်ဝက်လောက်က ကမ်းပေါ်ရောက်နေတော့ သင်္ဘောပေါ်မှာ လူအင်အား သိပ်နည်းနေပြီပေါ့။ ဒါတောင် ကျွန်တော်တို့ဘက်က သုံးယောက် ဒဏ်ရာရသွားသေးတယ်။ သူတို့ဘက်ကတော့ အကျအဆုံး အတော်များပြီး ဒဏ်ရာရတဲ့ လူတွေပါ အဖမ်းခံကြရတယ်"

သို့နှင့် နောက် ၁၀ မိနစ်ခန့်ကြာသောအခါ ဖရန့်သည် အကောက်ခွန် သင်္ဘော ဘောက်ဆာပေါ်သို့ ရောက်သွားရာ ကုန်းပတ်ပေါ်မှာပင် ကပ္ပတိန် ဒေါင်းနှင်းက ဆီးကြိုလေသည်။

"ခင်ဗျားကို ချီးကျူးရမှာပဲ မစ္စတာ ဖရန့်။ ခင်ဗျား တွေးခေါ်ယူဆချက်တွေဟာ အားလုံးမှန်နေပြီ။ အခု ကျုပ်တို့ မိထားတဲ့မှောင်ခိုသင်္ဘောဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ကျုပ်တို့ကို ဒုက္ခအမျိုးမျိုးပေးနေတဲ့ သင်္ဘောပေါ့။ ဒီသင်္ဘောကို ဖမ်းမိတာထက် ဒီသင်္ဘောပေါ်မှာ ကျုပ်တို့ အလိုရှိနေတဲ့ ဂျိုးမက်ဟင်းကို မိလိုက်တာဟာ ကျုပ်အတွက်ရော ခင်ဗျားနဲ့ ခင်ဗျားအစ်ကိုအတွက်ပါ ဝမ်းသာစရာပဲ။ ဒီကောင်ကတော့ အခုရပြီးထားတဲ့ ဒဏ်ရာနဲ့ပဲ သေရင်သေ၊





မသေရင်လည်း ကြိုးစင်တက်ရမှာ သေချာနေပြီ။ ဒီကောင့်ကို ကျုပ်တို့ ဖမ်းမိတာကလည်း သူ့ရင်ပတ်ကို မစ္စတိုကျည်ဆံ တိုက်ရိုက်မှန်သွားလို့ပဲ။ သူဟာ ဂျိုးမက်ဟင်းဆိုတာ ကျုပ်တို့အထဲက ရဲဘော်သုံးလေးယောက်က သိပြီးဖြစ်လေတော့ သူ မငြင်းသာတော့ဘူးပေါ့။ ဝန်ခံတယ်။ နောက်ဆုံး ကျုပ်ကို တွေ့ချင်လှချည်ရဲ့လို့ ဆိုတော့ မီးအိမ်တစ်လုံးနဲ့ သူ့ကို သွားတွေ့ရတယ်။ သူက ဒီတစ်ခါတော့ သူဟာ လူ့လောကကြီးထဲက အပြီးအပိုင် ထွက်သွားရတော့မှာပါတဲ့၊ သူ့ကို ခွင့်လွှတ်ပါတဲ့။ သူ သေသွားပြီးတဲ့နောက် သူ့ဂျာကင်အင်္ကျီထဲမှာ သူကိုယ်တိုင် ရေးထားခဲ့တဲ့ ဖြောင့်ချက်တစ်စောင် ရှိပါတယ်တဲ့။ အဲဒီဖြောင့်ချက်ထဲမှာ သူဟာ တရားသူကြီး ဖော့ကနာကို သူကိုယ်တိုင် သတ်ခဲ့တယ်ဆိုတာ ဝန်ခံထားပါတယ်တဲ့။ သူ့ကြောင့် မတရား လူသတ်သမား စွပ်စွဲခံနေရတဲ့ ဂျူလီယံဝှတ် လွှတ်ပါစေဆိုပြီး ဖြောင့်ချက်ပေးသွားတယ်။ မကြာလှပါဘူးဗျာ။ နောက် နာရီဝက်လောက်အကြာမှာပဲ အသက်ထွက်သွားတာပဲ။ ဟောဒီမှာ သူ့ရဲ့ဖြောင့်ချက် ..."

ကပ္ပတိန် ဒေါင်းနှင်းသည် သူ၏အိတ်ထဲမှ စာရွက်ခေါက်တစ်ရွက်ကို ထုတ်၍ ဖရန့်အား ပေးလိုက်လေသည်။

ထို့နောက် –

"ကဲ ... ကျုပ်တို့အချိန်ရှိတုန်း အဲဒီဖြောင့်ချက်ကို ကာနယ်ချမ်းဘားဆီ သွားပို့ကြရအောင် ခင်ဗျားလည်း ကျွန်တော်နဲ့ လိုက်ချင်မှာပဲ။ ဒါတွေကို ကျွန်တော် မျှော်လင့်ပြီး ခင်ဗျားကို အခေါ်လွှတ်လိုက်တာပဲ။ ဒီစာဟာ တရားခံအစစ်က သူ့လက်ရေးနဲ့ သူကိုယ်တိုင် ဖြောင့်ချက်ပေးသွားတာဆိုတော့ ခင်ဗျားအစ်ကို ကွင်းလုံးကျွတ်လွတ်ပါပြီ။ ဝမ်းသာပါတယ်ဗျာ"

"ဝမ်းမြောက်စရာ ကောင်းလှပါတယ် ကပ္ပတိန် ဒေါင်းနှင်း။ ကျေးဇူးလည်း တင်ပါတယ်။ နောက်ဆုံး ကျွန်တော့် အစ်ကိုကို ရှာပြီး ပြန်ခေါ်ဖို့ တာဝန်တစ်ခုပဲ ကျန်တော့တယ်။ အဲဒါပြီးမှ သူ့ကိစ္စပြီးမှာပါပဲ"

ထို့နောက် ဖရန့်နှင့် ကပ္ပတိန်ဒေါင်းနှင်းတို့သည် မြင်းလှည်းတစ်စင်း ငှားပြီးလျှင် တရားရုံးသို့ သွားကြလေသည်။

တရားရုံး၌ ကာနယ်ချမ်းဘားအပြင် အကျဉ်းသားများကို စစ်ဆေးနေသည့် တရားသူကြီး မစ္စတာဟင်ဒါဆင်ကိုပါ တွေ့ရ၏။ သူတို့နှစ်ယောက်စလုံးပင် ဂျူလီယံအမှု အဖြစ်မှန်ပေါ်ပေါက်လာသည့်အတွက် များစွာ နှစ်ထောင်းအားရ ဖြစ်ကြလေသည်။

စာကို ကာနယ်ချမ်းဘားကပင် တာဝန်ယူ သိမ်းဆည်းထားလိုက်၏။

ထို့နောက် ကာနယ်ချမ်းဘားက ယခုအမှုတွင် သက်သေခံပစ္စည်းဖြစ်သည့်စာကို မိတ္တူကူးပြီးလျှင် ဝေးမောက်၌ရှိသော သတင်းစာတိုက်များသာမက



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့ရှိ သတင်းစာတိုက်များသို့ပါ ပို့ပေးမည့်အကြောင်း၊ တရားခံအစစ်မှာ ဂျိုးမက်ဟင်းဖြစ်ကြောင်းကို အစီရင်ခံစာရေး၍ ဂျူလီယံအပေါ်ထုတ်ထားသည့် ဝရမ်းကိုလည်း ပြန်လည်ရုပ်သိမ်းရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားပေးမည်ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။

"သိပ်ကျေးဇူးတင်ပါတယ် ကာနယ်။ အဲဒီမိတ္တူတစ်စောင်ကို ဂျူလီယံဆီ ရောက်အောင် ပို့ပေးနိုင်ရင်တော့ ပိုပြီး ကျေးဇူးတင်ရမှာပဲ"

"အေးဗျာ ... ဂျူလီယံတစ်ယောက်လည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေတယ်ဆိုတာ မသိဘူး။ တကယ် သနားစရာကောင်းတာပဲ။ သူ့ခမျာ လူသတ်မှုက လွတ်တာတောင် ကိုယ့်အိမ်ကိုယ့်ရာ ပြန်မလာနိုင်ရှာဘူး။ ကျွန်တော်တို့လည်း သူ့ကို ဝိုင်းရှာပေးပါ့မယ်"

ထို့နောက် ဖရန့်သည် အားလုံးကို ကတိုက်ကရိုက် နှုတ်ဆက်၍ စတီဖင်ရှိရာ ဆေးရုံသို့ သွားလေသည်။

ရောက်လျှင်ရောက်ချင်း မီးနေသည့် စတီဖင်အား တိုက်ရိုက်ဝင်၍ တွေ့ပြီးလျှင် ဂျူလီယံမှာ ဖော့ကနာ လူသတ်မှုမှ ကွင်းလုံးကျွတ် လွတ်ပြီဖြစ်ကြောင်းဖြင့် သူသိသမျှ သတင်းကလေးများကို ဖောက်သည်ချနေတော့၏။

တစ်ချိန်တည်းမှာပင် သူသည် မိမိစစ်တပ်နှင့်အတူ ရောက်လေရာ၌ ဂျူလီယံအား စုံစမ်းရှာဖွေ၍ ပြန်ခေါ်လာမည်ဖြစ်ကြောင်းဖြင့် နှစ်သိမ့်စကား ပြောကြားလေသည်။

တရားဝင် လက်ထပ်ထား၍ သဘောထားကြီးစွာဖြင့် မိမိအပေါ်တွင်လည်းကောင်း၊ အစ်ကိုဖြစ်သူ ဂျူလီယံအပေါ်တွင်လည်းကောင်း စိတ်ကောင်းရှိလှသော မတ်တော်မောင်ကို ကြည့်ကာ စတီဖင်ခမျာ စိတ်ပါလက်ပါပြုံးရင်း နှစ်ထောင်းအားရ ဖြစ်မိရှာတော့၏။

ဖရန့်မှာလည်း ချစ်စရာကောင်းသည့် တူမ အသစ်ကလေးအား ပွေ့ချီနမ်းရှုပ်နေတော့၏။

နောက်သုံးရက်ကြာသောအခါ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်၍ ဖရန့်သည် အခေါ်အပြောင် သူငယ်ချင်း မိတ်ဆွေများနှင့်တကွ စတီဖင်ကိုပါ နှုတ်ဆက်ကာ မိမိ၏တပ်ရင်းရှိရာ ကင်တာဗျူရီသို့ ပြန်လည်ထွက်ခွာသွားလေတော့သည်။

***



## ၁၁

ဂျူလီယံမှာ 'တစ်ခါသေဖူး ပျဉ်ဖိုးနားလည်' ဆိုသကဲ့သို့ နောက်တစ်ကြိမ် လွတ်မြောက်ထွက်ပြေးရန် မလွယ်ကူကြောင်း အတန်ကြာ စဉ်းစား၍နေမိ၏။ ယခင်တစ်ကြိမ် ပြေးစဉ်က လမ်းမှ ပြေးရခြင်းဖြစ်၍ လွယ်ကူသော်လည်း ယခုတစ်ကြိမ်မှာမူ ထောင်မှပြေးရမည်ဖြစ်သောကြောင့် ခဲယဉ်းလှတော့၏။

ထောင်ကို ဖောက်၍ပြေးရန်မှာ တစ်ဦးတစ်ယောက်တည်း လုပ်နိုင်သော အလုပ်မဟုတ်ဘဲ ထောင်သားများကို စည်းရုံး၍ တစ်ယောက်တစ်ကဏ္ဍစီ စုပေါင်းတာဝန်ယူမှသာ ပြီးမြောက်နိုင်ပေမည်။

ထောင်သားများမှာ ၎င်းတို့၏ ဘဝကို ထောင်ထဲ၌သာ မြှုပ်နှံထားသဖြင့် လွတ်မြောက်မည့် ရက်ကိုသာ လက်ချိုးရေတွက်လျက်ရှိကြ၏။

သို့နှင့် ဂျူလီယံသည် မိမိနှင့် စိတ်သဘောချင်း တူမည့်သူများကို ရှာဖွေလျက်ရှိနေ၏။

နန်းတီးထောင်တွင် သူနှင့်အတူ ကျခံခဲ့ရသည့် အကျဉ်းသားများမှာလည်း ပထမအကြိမ်တွင် မအောင်မြင်ခဲ့သဖြင့် စိတ်ဓာတ်များ ကျဆင်းလျက်ရှိကြ၏။

ယခုအခါ ထောင်သားများမှာ အချုပ်သား ဘဝထက်များစွာ ပိုမိုလွတ်လပ်ကြသဖြင့် ထောင်မှူး၊ ထောင်ကြပ်တို့ကလည်း ထောင်သားများ ထွက်မပြေးနိုင်လျှင် သူတို့တာဝန်ကျေပြီဟု သဘောထားကာ အကာအရံများကိုသာ ဂရုစိုက်၍ စောင့်ကြပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်သားများသည် သဘော်ပေါ်၌သာ အချိန်ဖြုန်း၍နေခဲ့ကြရသော သင်္ဘောသားများဖြစ်ကြသဖြင့် စိတ်ပြေလက်ပျောက်သဘောဖြင့် လက်မှုပညာကလေးများကို လုပ်ကိုင်တတ်မြောက်ခဲ့ကြ၏။

ယခုလည်း ထောင်ထဲတွင် ထောင်သက်တမ်း ရှည်ကြာစွာ နေရမည်ဖြစ်သဖြင့် ရရာကုန်ကြမ်းကို အရင်းပြုကာ အချို့ကအုန်းဆံကြိုးကျစ်ခြင်း၊ အုန်းလက်များဖြင့် ဖျာရက်ခြင်း၊ အုန်းတံမြက်စည်းစည်းခြင်း၊ မြက်ခြောက်များဖြင့် ဦးထုပ်များ၊ အရုပ်များ ပြုလုပ်ခြင်း၊ အုန်းရိုးကို ဆေးတံအိုးလုပ်ခြင်း၊ သစ်ကိုင်းများကို အချောကိုင်ကာ လက်ကိုင်တုတ်လုပ်ခြင်း၊ အချို့က သစ်သားတုံးကလေးများ ရှာဖွေ၍ စစ်တုရင်ရုပ်ကလေးများ ပြုလုပ်ခြင်း စသည်ဖြင့် 'ရသေ့စိတ်ဖြေ' ပြုလုပ်ကြ၏။

ထိုထောင်ထွက်ပစ္စည်းများကို နှစ်ရက်သုံးရက်တစ်ကြိမ် စိတ်ချယုံကြည်ရသော ထောင်သားနှစ်ယောက်သုံးယောက် အစောင့်အရှောက်များနှင့်အတူ ဈေးသို့သွား၍ ရောင်းချရ၏။

ယင်းပစ္စည်းများမှာ လက်ရာကောင်းလှသဖြင့် မြို့နေလူထုကလည်း ဝယ်ယူအားပေးကြ၏။

ရောင်းချ၍ရသော ငွေဖြင့် ထောင်သားများအတွက် ဆေးလိပ်နှင့် အခြားတိုလီမိုလီ ပစ္စည်းကလေးများကို ဝယ်ယူနိုင်၏။ ဤမျှပင် အော်လင်းထောင်ထဲတွင် လွတ်လပ်ခွင့် ရရှိလေသည်။

ထောင်ထဲသို့ အရက်များကို လုံးဝသွင်းခွင့် မပြုသဖြင့် ထောင်သားများမှာ ဆေးလိပ်ဖြင့်သာ တင်းတိမ်ရောင့်ရဲကြရ၏။

ဂျူလီယံမှာမူ စိုက်ပျိုးရေး၊ မွေးမြူရေး စသော ဝါသနာပါသူဖြစ်သဖြင့် ပြင်သစ်ဘာသာစကားကို အသေးစိတ်လေ့လာသင်ကြားခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့လေသည်။

ထိုအချိန်၌ ဂျူလီယံမှာ အပေါင်းအသင်းများကြောင့် ဆေးလိပ်သောက်၍ တစ်ခါတစ်ရံ ဆေးများပင် ငုံတတ်နေလေပြီ။ သူ၏စိတ်ထဲ၌မူ နေ့စဉ်နှင့်အမျှ လွတ်မြောက်ရန် ကြိုးစားနေသော်လည်း အကယ်ထွက်ပြေး လွတ်မြောက်ရန်မှာမူ ခက်ခဲကြောင်း သူကိုယ်တိုင် သိပြီးဖြစ်၏။

ထောင်ထဲတွင် လွတ်လပ်စွာ နေရသော်လည်း ထောင်ဘူးဝတွင် အစောင့်များ အမြဲချထားလေသည်။

အကယ်၍ မိမိအား ယုံကြည်စိတ်ချရသူ တစ်ယောက်အဖြစ် ဈေးရောင်းရန် စေလွှတ်ခြင်း ခံရစေကာမူ အစောင့်များသည် ထောင်သားများအား အနည်းငယ်မျှ အလစ်မပေးချေ။





ထို့ပြင် မြို့ထဲ၌လည်း ထောင်စောင့်အချို့ကို အရပ်ဝတ် အရပ်စားဖြင့် အစောင့်ချထားသေး၏။

ဤသို့လျှင် ဈေးမှနေ၍ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားသည့် အမှုပေါင်းများစွာ ရှိခဲ့ဖူးသော်လည်း အများအားဖြင့် ပြန်၍ မိတတ်လေသည်။

ဤသို့ပြန်၍ ဖမ်းမိလျှင် အရှင်မထားတော့ဘဲ ပစ်သတ်ကာ အလောင်းကို ထောင်ထဲသို့ ပြန်၍ယူခဲ့ပြီးလျှင် အခြားသူများကြောက်ရွံ့စေရန် ပြသထားလေသည်။

အမှန်သော် အော်လင်းထောင်ထဲမှ လွတ်မြောက်၍ ဗာဒန်မြို့ထဲမှတစ်ဖန် ထွက်ပြေးနိုင်စေကာမူ ဗာဒန်နှင့် ပြင်သစ်ပင်လယ်ကမ်းခြေသည် အလွန်ဝေးသော ခရီးဖြစ်၏။ ပြင်သစ်ပင်လယ်ကမ်းခြေသို့ ရောက်ပါမှ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်၍ အင်္ဂလန်သို့ ရောက်နိုင်မည်ဖြစ်၏။ သို့သော် လမ်းတွင် ပြန်၍ ဖမ်းမိဖို့က များလေသည်။

အခြားအကြောင်းတစ်ခုမှာလည်း မိမိသည် အော်လင်းထောင်မှ ထွက်ပြေးလာသည့် အကျဉ်းသားတစ်ယောက်နှင့် လုံးဝမတူဘဲ ပြင်သစ်လူမျိုး အရပ်သားတစ်ယောက်နှင့်တူအောင် ဟန်ဆောင်နိုင်ပါမှ လွတ်မြောက်နိုင်ပေမည်။

ယခုအခါ သူသည် ပြင်သစ်ဘာသာစကားကို ကောင်းစွာ တတ်မြောက်ပြီး ဖြစ်သည့်ပြင် ပြင်သစ်တို့၏ ဓလေ့ထုံးစံနှင့် အမူအရာများကိုပါ ကောင်းစွာ လေ့လာထားပြီးဖြစ်၏။

အကယ်၍ သူသည် ဈေးသို့ ထွက်ခွင့်ရပါက ပြင်သစ်အရပ်သားတစ်ယောက်နှင့်မခြား ရောနှော၍ ထွက်ပြေးလွတ်မြောက်နိုင်သည်ဟု အခိုင်အမာ ယူဆထား၏။ သို့နှင့် သူသည် ထောင်ထွက်ပစ္စည်းများကို ဈေးသို့ သွားရောက်ရောင်းချရန် အခွင့်အရေးကို စောင့်ဆိုင်းလျက်ရှိနေလေသည်။

ထောင်မှလွတ်၍ ဈေးရောင်းရန်မှာ ထောင်မှူးထောင်ကြပ်တို့၏ စိတ်ချရသော ထောင်သားတစ်ဦး ဖြစ်ရပေမည်။

မိမိကိုယ်တိုင် ပြုလုပ်သည့် လက်ရာမြောက်ပစ္စည်း ဖြစ်ရပေမည်။ သို့နှင့် အကြံသမား ဂျူလီယံမှာ ထောင်မှူးထောင်ကြပ်များနှင့် သင့်မြတ်၍ ယုံကြည်ကိုးစားခြင်းခံရအောင် နေထိုင်ရလေသည်။

အထူးသဖြင့် ထောင်ကြပ်တို့ ခိုင်းစေသမျှကို ညစ်ညမ်းပင်ပန်းသည့် အလုပ်ပင် ဖြစ်စေကာမူ မညည်းမညူ လုပ်ဆောင်ပေးရလေသည်။

ထောင်သားများသည် တတ်သမျှ မှတ်သမျှ လက်မှုပညာများကို အချင်းချင်း သင်ပေးကြ၏။ ဂျူလီယံသည် အုန်းလက်များကို အခြောက်လှန်းကာ အုန်းရွက်များကို သင်၍ အုန်းတံမြက်စည်းများ ပြုလုပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရိပ်ကို နေပူမှစောင့်ရပေမည်။ သူ၏ လက်ဖြစ် အုန်းတံမြက်စည်းများနှင့်အတူ အခြားထောင်သားတို့၏ လက်ရာပစ္စည်းများကို ဈေးသို့ သွားရောက် ရောင်းချရန် တစ်နေ့တွင် သူ့အလှည့်ကျရောက်လာ၏။

သူနှင့်အတူ ဂျင်လည်းပါလာ၍ အခြားထောင်သားတစ်ယောက်လည်း ပါလာ၏။ ဤသို့ဖြင့် ထိုနေ့က ဈေးသို့ထွက်ခွင့်ရသူအားလုံး သုံးယောက်ဖြစ်၏။

အစောင့်အဖြစ် ထောင်ကြပ်နှစ်ဦးသာ လိုက်လာ၍ ထိုသူနှစ်ယောက်စလုံးပင် သူနှင့် ရင်းနှီးပြီးသား ဖြစ်လေသည်။

ထောင်မှဈေးသို့သွားသောလမ်းတွင် ထွက်ပြေးရန် ခဲယဉ်းလှ၏။ သို့သော် ဈေးသို့ရောက်သောအခါ လူရှုပ်၍ဈေးရောင်း ဈေးဝယ်များနှင့် ရောနှောကာ လွတ်မြောက်ရန် လွယ်ကူပေမည်။

နံနက် ၆ နာရီတွင် ထောင်မှထွက်ခဲ့၍ ဈေးသို့ ၇ နာရီခန့်တွင် ရောက်မည်။ ပစ္စည်းများကို ရောင်း၍ ကုန်သည်ဖြစ်စေ၊ မကုန်သည်ဖြစ်စေ၊ နံနက် ၁၁ နာရီတွင် ထောင်သို့အရောက် ပြန်ဝင်ရမည်ဖြစ်သဖြင့် ထွက်ပြေးရန်အချိန်မှာ တိုတောင်းလှ၏။

အခွင့်အရေးတစ်ခုမှာ ထောင်သားနှစ်ဦးက ပစ္စည်းများ ရောင်းချနေစဉ်တွင် အခြားထောင်သားတစ်ဦးက ရသမျှ ပိုက်ဆံဖြင့် လိုအပ်သည့် တိုလီမိုလီ ပစ္စည်းကလေးများကို လိုက်လံဝယ်ယူနိုင်မည်ဖြစ်၏။ အဝယ်တော်မှာ လွတ်မြောက်ရန် အခွင့်အရေးရနိုင်လေသည်။

သို့သော် ခဲယဉ်းသည်မှာ ဈေးအပြင်သို့ ရောက်စေကာမူ မည်သည့်နေရာသို့ သွားမည်နည်း။ သွားရန်လမ်းကို မေးမြန်းလျှင်လည်း ဖူးပေါ်သလို ပေါ်တော့မည်။

အကယ်၍ ဈေးအပြင်တွင် ကိုယ်ယောင်ဖျောက်ထားသည့် ပုလိပ်၊ စစ်သား၊ ထောင်မှူး၊ ထောင်ကြပ်များနှင့် တွေ့လျှင် လွတ်လမ်းမရှိဘဲ အဖမ်းခံရမည့်ဘက်က ပို၍ များလာသည်။

ဂျူလီယံသည် နောင်ခါလာ နောင်ခါဈေးဟု သဘောထားကာ ထိုနေ့ နံနက်တွင် ထောင်သား နှစ်ယောက်နှင့်အတူ ထောင်ကြပ်နှစ်ဦး ခြံရံကာ ဈေးသို့ စိတ်လက်ပေါ့ပါးစွာ ထွက်ခဲ့၏။

သူသည် ယခုတလော ဝမ်းကိုက်နေကြောင်း၊ မကြာခဏ ဝမ်းထဲမှနေ၍ နာတတ်ကြောင်း၊ ဝမ်းအနည်းငယ် သွားလိုက်ရမှ သက်သာမည်ဖြစ်ကြောင်းများဖြင့် လမ်းတွင် ပြောဆိုလျက်ရှိ၏။

သို့မှလည်း ဈေးသို့ရောက်လျှင် ရမယ်ရှာ၍ အိမ်သာကို မကြာခဏ တက်နိုင်ပေမည်။





သို့နှင့် နံနက် ၈ နာရီလောက်တွင် ခွင့်တောင်း၍ အိမ်သာသို့ တက်ကြည့်၏။ သူ ဆုတောင်းသည့်အတိုင်း တိုလီမိုလီပစ္စည်းများနှင့် ဆေးတံသောက်ဆေးများ ဝယ်ရန် တာဝန်ကျ၏။

ပထမဆုံးအကြိမ်တွင် သူသည် အချိန်မဖြုန်းဘဲ ကောင်းမွန်စွာပင် သူတို့ လူစု၍ ရပ်နေရာသို့ ပြန်လာခဲ့၏။ ထိုအချိန်တွင် ထောင်ထွက်ပစ္စည်းများ ရောင်းရငွေထဲမှ သူဝယ်ခြမ်းရမည့် ပစ္စည်းအချို့ကို သွား၍ ဝယ်လိုက်သေး၏။

၉ နာရီထိုးရန် ၁၅ မိနစ်ခန့်အလိုတွင် ယခင်ကအတိုင်း ဝမ်းထဲမှရစ်၍ နာလာပြန်သည်ဟု အကြောင်းပြကာ ဒုတိယအကြိမ် ရေအိမ်ထဲသို့ ရောက်သွားပြန်၏။

ထိုအခေါက်၌ သူသည် ဒူးများပင် တုန်၍နေတော့၏။ လပေါင်းများစွာ သူမျှော်လင့်ခဲ့သော အခွင့်အရေးကို သုံးရန်ပင် ကြောက်ရွံ့နေ၏။

ထိုအခိုက် ရေအိမ်ထဲသို့ မုတ်ဆိတ်မွေးဗလပျစ်နှင့် လူကြီးတစ်ယောက် ဝင်လာ၏။ ထိုသူမှာ ပြင်သစ်လူမျိုးဖြစ်၍ ဈေးထဲတွင် ကုန်စုံဆိုင်တစ်ဆိုင် ပိုင်သူဖြစ်၏။ မလွတ်နိုင်ကြောင်းသိသော်လည်း ဂျူလီယံသည် ဖြစ်လိုဖြစ်ငြား စွန့်စားရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။

သူသည် အဘိုးကြီး၏ကိစ္စပြီးသည်အထိ စောင့်နေ၏။ သူ့တွင် လောလောဆယ် ဆုံးဖြတ်ရန် အချက်နှစ်ချက် ရှိ၏။

ပထမအချက်မှာ အဘိုးကြီးအား မေ့မျောသွားအောင် ထိုးကြိတ်ပြီးနောက် သူ၏အဝတ်အစားများနှင့် လဲလှယ်ဝတ်ရန်ဖြစ်၏။ ဤကိစ္စမှာ လွယ်မယောင်နှင့် ခက်နေ၏။

သို့သော် မိမိတွင် လက်နက်မပါဘဲ အဘိုးကြီးအား အလွယ်တကူ မေ့မျောအောင် ထိုးသတ်နိုင်ပါမည်လော။ ရန်းကန်ခဲ့သော် ရန်းရင်းဆန်ခတ် ဖြစ်သွားနိုင်၏။

ဤကဲ့သို့ မေ့မျောအောင် မထိုးနိုင်မီ အဘိုးကြီးက အော်ဟစ်၍ အပြင်မှ ဈေးသည်များကြား၍ ရေအိမ်ထဲသို့ ဝင်ရောက်လာနိုင်၏။

ထိုအကြံအစည် အထမမြောက်ပါက ထောင်မှူး၊ ထောင်ကြပ်များအား သူကြိုးစား၍ အယုံသွင်းထားသမျှမှာ သဲထဲရေသွန် ဖြစ်ပေတော့မည်။ ကိုယ်ကျိုးနည်းတော့မည်။

တစ်ဖန် အဘိုးကြီး၏ အဝတ်အစားနှင့် ထွက်ပြေးလွတ်မြောက်သည်ထားဘိဦး၊ အချိန်တန်၍ သူ ပြန်မလာလျှင် ထောင်ကြပ်များသည် အခြားအစောင့်များကို အကူအညီတောင်း၍ ရှာပေရှာမည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူသည် မြို့ပြင်သို့ ရောက်နိုင်ဦးမည် မဟုတ်ချေ။ မြို့ပြင်သို့ ရောက်စေကာမူ မိ၍သွားနိုင်သေး၏။

ဒုတိယနည်းမှာ အဘိုးကြီးထံမှ အကူအညီတောင်းခံရန် ဖြစ်လေ သည်။ သူသည် ယခုအချိန်တွင် ပြင်သစ်စကားကို ရည်ရည်မွန်မွန် ပြောတတ်ပြီ ဖြစ်၍ အဘိုးကြီး နားလည်သဘောပေါက်အောင် ပြောနိုင်၏။

အဘိုးကြီးကိုကြည့်ရသည်မှာ စိတ်ထားကောင်း၍ ကိုယ်ချင်းစာတတ်ပြီး သနားကြင်နာတတ်ပုံရ၏။

အဘိုးကြီး ထွက်လာသောအခါ ဂျူလီယံသည် အဘိုးကြီးအား ငေးစိုက်ကြည့်နေမိရာ အဘိုးကြီးကလည်း သူ့အားပြန်၍ ကြည့်နေသည်ကို တွေ့ရ၏။

ထို့နောက် ဂျူလီယံသည် ရုတ်တရက် ထိုင်ချလိုက်ပြီးလျှင် အဘိုးကြီး၏ ခြေထောက်ကို ဖက်ကာ –

"အဘိုးခင်ဗျား။ ဘုရားသခင်ရဲ့ မေတ္တာတော်ကို ထောက်ပြီး ကျွန်တော့်ကို ကယ်ပါ။ ကျွန်တော် လူကောင်းပါ။ အတိဒုက္ခရောက်နေသူ ဖြစ်ပါတယ်"

"ဘာကယ်ရမှာလဲ၊ ထမင်းမစားရသေးလို့လား"

"မဟုတ်ပါဘူး ခင်ဗျား။ ကျွန်တော် အော်လင်းထောင်ထဲမှာ နှစ်နဲ့ချီပြီး အကျဉ်းခံနေရတဲ့ အကျဉ်းသားတစ်ယောက်ပါ။ တကယ်တော့ ကျွန်တော်ဟာ စစ်သားမဟုတ်ဘဲ စစ်သို့ပန်းဆိုပြီး အဖမ်းခံရတာပါ။ ကျွန်တော်က ခြံစိုက်စားတဲ့ လူတစ်ယောက်ပါ။ ကျွန်တော့်ကို မှောင်ခိုကုန်သည်တစ်စုက ဖမ်းပြီး ပြင်သစ်ပြည်ကို ခေါ်လာပါတယ်။ ဒီရောက်တော့ အချုပ်ခန်းထဲသွင်းလိုက်တာပါပဲ။ အခု အော်လင်းထောင်ကနေပြီး ထောင်ထွက်ပစ္စည်းတွေ လာရောင်းတာပါ။ ကျွန်တော့်ကို လွတ်မြောက်အောင် ကယ်ပါ ခင်ဗျာ"

အဘိုးကြီးသည် ဂျူလီယံအား ကြည့်ပြီးလျှင် ချက်ချင်း သနား၍သွားဟန်တူ၏။

"ဒါဖြင့်လည်း အခုနေ အခွင့်အရေးရတုန်း မင်း ထွက်ပြေးလေကွာ"

"ကျွန်တော် ထွက်ပြေးလို့ လွတ်ပါ့မလား အဘိုးရယ်။ ကျွန်တော် အခု ရေအိမ်တက်မယ်လို့ ခွင့်တောင်းပြီး ဒီကိုလာခဲ့တာ ကျွန်တော် ပျောက်သွားတာ သိလျှင်သိချင်း မြို့က ထွက်တဲ့လမ်းတွေကိုပိတ်ပြီး သူတို့ရှာကြမှာပေါ့"

"ဒါဖြင့် ငါက ဘာကူညီရမှာလဲ"

"အဘိုးက ကျွန်တော့်ကို အခုလောလောဆယ် တစ်နေရာရာမှာ ဖွက်ထားပါ အဘိုးရယ်။ သူတို့တစ်တွေ သွေးအေးတော့မှ ကျွန်တော် ထွက်ပြေးပါရ





စေ။ အခုနေပြေးရင်တော့ သေချာပေါက်မိမှာပဲ။ မိရင်လည်း ကျွန်တော့် ခေါင်းကို ဖြတ်ပြီး သတ်ကြမှာပဲ"

အဘိုးကြီးသည် အတန်ကြာ လေးလေးနက်နက် စဉ်းစားလျက်ရှိ၏။ ထိုအချိန်များအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ ရေအိမ်သို့ ဝင်မလာကြသည်မှာ ဂျူလီယံအတွက် ကံကောင်းထောက်မသည်ဟု ဆိုရပေမည်။

အဘိုးကြီးမှာလည်း ဂျူလီယံကို အလွန်သနားလာသည့်ဟန်ဖြင့် ပခုံးမှ ဆွဲထူကာ "ဒီမှာ ခဏနေရစ်" ဟု ခြေဟန်လက်ဟန် ပြလေသည်။

အဘိုးကြီး ထွက်သွား၍ နှစ်မိနစ်ခန့်ကြာသောအခါ လူတစ်ယောက် ဝင်လာရာ ဂျူလီယံမှာ ဣန္ဒြေမပျက်ပင် ကျင်ငယ်စွန့်နေဟန်ဆောင်၍ နေလိုက်၏။ နောက် လူတစ်ယောက်ဝင်လာပြန်ရာ ဂျူလီယံသည် ယခင်ကအတိုင်းပင် ဟန်ဆောင်၍ နေလိုက်ရပြန်၏။

နောက်သုံးမိနစ်ခန့်ကြာသောအခါမှ အဘိုးကြီး ပြန်ရောက်လာပြီးလျှင် သူ့အား မျက်ရိပ်မျက်ခြည်ပြ၍ ခေါ်သွားရာ ဂျူလီယံလည်း အဘိုးကြီးနောက်မှ ကပ်၍ ဣန္ဒြေမပျက်လိုက်သွားလေသည်။

ဈေးထဲမှ လူများမှာလည်း မည်သူမျှ သူ့အား ဂရုမစိုက်ကြချေ။

သူကသာ ထောင်ကြပ်များကို ကျိုးကန်းတောင်းမှောက်ကြည့်နေရ၏။

အဘိုးကြီး၏ ကုန်စုံဆိုင်မှာ မလှမ်းမကမ်းတွင်ရှိ၍ သူသည် အဘိုးကြီးနှင့်အတူ ဆိုင်ခန်းအတွင်းသို့ လိုက်၍ဝင်သွား၏။

အဘိုးကြီးသည် သူ့အား ကယ်တင်လိမ့်မည်ဟုလည်း မျှော်လင့်တကြီး ယုံကြည်ကိုးစား၍နေမိ၏။

ဆိုင်ရှေ့တွင် ဝယ်သူတစ်ယောက်နှစ်ယောက် ဈေးဝယ်နေသဖြင့် ဂျူလီယံသည် ၎င်းတို့နှင့်အတူ ရောနှောကာ အဘိုးကြီး၏ အရိပ်အကဲကိုသာ ကြည့်ရှုလျက်ရှိနေ၏။

ဝယ်သူများရှင်းသွားသောအခါ အဘိုးကြီးသည် ဂျူလီယံအား မျက်ရိပ်ပြ၍ ခေါ်လိုက်ပြီးလျှင် ဆိုင်ခန်းအတွင်းကုန်များခင်းထားသည့်အောက်သို့ မေးငေါ့ပြလိုက်၏။

ရောင်းချရန်ခင်းထားသော အခင်းအောက်တွင် အခန်းငယ်တစ်ခုကဲ့သို့ ဖွဲ့ထား၍ ဂျူလီယံသည် ထိုအခန်းငယ်မှ တံခါးကို ဖွင့်ကာ အဘိုးကြီးညွှန်ပြချက်အတိုင်း ထိုအခန်းငယ်အတွင်းသို့ ဝင်၍နေလိုက်လေသည်။

အခန်းကလေးအတွင်းတွင် ဂုန်နီအိတ်တစ်လုံး ခင်းထားသဖြင့် ဂျူလီယံသည် အေးဆေးစွာပင် ထိုဂုန်နီခင်းပေါ်တွင် လှဲ၍အိပ်နေလိုက်ရာ အဘိုးကြီးကမူ ဣန္ဒြေမပျက် ဈေးဝယ်သူများအား ရောင်းချလျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယံမှာ စိတ်ပင်ပန်းကိုယ်ပင်ပန်း ဖြစ်နေသဖြင့် မေ့းခနဲ အိပ်ပျော်သွားမိတော့၏။

အဘိုးကြီးက လက်ဖြင့် လှုပ်နှိုးသောအခါတွင်မှ ဂျူလီယံ နိုးလာ၏။ အဘိုးကြီးက သူ၏နှုတ်ခမ်းကို လက်ညှိုးတစ်ချောင်းဖြင့် ပိတ်၍ အသံမပြုရန် အချက်ပေး၏။ ထို့နောက် –

"ဟိုကောင်တွေတော့ ခေါင်းတောက်အောင် ရှာနေကြပြီ။ အခု လမ်းတွေပေါ်မှာ လိုက်ရှာနေကြတယ်။ မင်းထွက်ပြေးတာတော့ သူတို့သိသွားပြီ။ မင်းအတွေးအခေါ် မှန်တယ်။ တကယ်လို့သာ မင်းဒီလို ဝင်ခိုမနေဘဲ တိုက်ရိုက်ထွက်ပြေးရင်တော့ မိမှာသေချာတယ်။ အခုနေ့လယ် ၁၁ နာရီထိုးပြီ။ ၁၂ နာရီထိုးရင် မင်းကို ထမင်းကျွေးမယ်။ နေ့လယ် ၂ နာရီမှာ ငါ ဆိုင်သိမ်းမယ်။ မင်းအတွက် အထမ်းသမား အဝတ်အစား လဲပေးမယ်။ ငါဆိုင်သိမ်းရင် ငါ့ပစ္စည်းတွေထမ်းပြီး ငါ့အိမ်ကို လိုက်ခဲ့ပေါ့"

ဂျူလီယံသည် အဘိုးကြီးအား အထူးကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားလိုက်၏။

နေ့လယ် ၁၂ နာရီ၌ ထောင်ကြပ်၊ ပုလိပ်၊ စစ်သားများသည် မြို့ပြင်တွင် အနှံ့အပြားလှုံ့ခွဲ၍ ရှာကြပေရှာမည်။ ထိုအချိန်၌ သူသည် အထမ်းသမား အဝတ်အစားနှင့် ဈေးဆိုင်မှ ပစ္စည်းများကို ထမ်း၍ အဘိုးကြီး၏အိမ်သို့ လိုက်သွားသည်ကို မည်သူမျှ သံသယရှိမည် မဟုတ်ချေ။

အဘိုးကြီးကလည်း နေ့တိုင်းပင် စာရင်းများတွက်ချက်၍ ဆိုင်သိမ်းပြီးနောက် အထမ်းသမားတစ်ယောက်နှစ်ယောက်ငှားပြီးလျှင် ဈေးဆိုင်မှ ပစ္စည်းများကို သူ၏အိမ်သို့ သယ်ယူလေ့ရှိလေသည်။

ဤသို့ဖြင့် နေ့လယ် ၂ နာခွဲအချိန်တွင် ဂျူလီယံသည် အဘိုးကြီး၏ ပျဉ်ထောင်အိမ်ကြီးသို့ ချောမောစွာ ရောက်ရှိသွားလေသည်။

သူသည် လမ်းနှင့်နေရပ်ကို မသိရသော်လည်း သူ့ကျေးဇူးရှင်ကြီး၏ အမည်မှာ မစ္စတာရှာဆူးဖြစ်ကြောင်းဖြင့် နောင်အခါမှ သိရှိရတော့၏။

မစ္စတာရှာဆူးမှာ ကံဆိုးရှာသော မုဆိုးဖိုကြီးတစ်ယောက်ဖြစ်၍ လွန်ခဲ့သော ခုနစ်နှစ်ခန့်ကပင် ဇနီးသည် ကွယ်လွန်ခဲ့ရှာ၏။

သူ၏ဖခင်မျိုးရိုးမှာ ဣသရေလတိုင်းမှ ဖြစ်၍မိခင်မှာ ပြင်သစ် အမျိုးသမီးဖြစ်ရာ သူတို့တွင် သားတစ်ယောက်ထွန်းကား၏။

ထိုသားမှာ မိခင်ကွယ်လွန်သည့်တိုင် ပြန်မလာဘဲ ပိုလန်တွင် စစ်သုံ့ပန်းအဖြစ် အဖမ်းခံရသည်ဟူ၍လည်းကောင်း၊ ချက်ကိုစလိုဗက်စစ်မြေပြင်တွင် ကျဆုံးသွားပြီဟူ၍လည်းကောင်း သတင်းခပ်သဲသဲ့သာ ကြားရ၏။





ထို့ကြောင့် အဘိုးကြီးသည် ဂျူလီယံကို တွေ့လျှင်တွေ့ချင်း ၎င်း၏သားကို သတိရကာ ကိုယ်ချင်းစာသည့် သဘောဖြင့် ကယ်တင်ခဲ့ခြင်း ဖြစ်လေသည်။

အကယ်၍ အော်လင်းထောင်မှ ထောင်ပြေးတစ်ဦးကို ကယ်ဆယ်ကြောင်း အာဏာပိုင်များသိရှိက သူကိုယ်တိုင် ခေါင်းဖြတ်စက်ဖြင့် အသတ်ခံရမည်ကို သူသည် မသိမဟုတ် သိပြီးဖြစ်၏။

ထိုနေ့မှစ၍ ဂျူလီယံသည် အဘိုးကြီးအိမ်အတွင်းရှိ အခန်းတစ်ခုတွင် အောင်းကာ အိမ်၏ ဗာဟီရကိစ္စများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိ၏။

အဘိုးကြီးကလည်း ဈေးထွက်ရင်း အခြေအနေကို အမြဲလေ့လာအကဲခတ်လျက်ရှိရာ ငါးရက်မြောက်သောနေ့တွင် ဂျူလီယံ ထွက်ပြေးလွတ်မြောက်သွားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်တို့ သွေးအေးသွားပြီဖြစ်ကြောင်း ဂျူလီယံအား ပြောပြလေသည်။

အဘိုးကြီးမှာ ဂျူလီယံအပေါ်တွင် တစ်နေ့တခြား သံယောဇဉ် တွယ်တာလျက် သူ့အိမ်၌ပင် ဆက်လက်နေထိုင်ရန် ဂျူလီယံအား စကားကမ်းလှမ်းကြည့်၏။

သို့သော် ဂျူလီယံကမူ သူ၏ဆိုးရွားလှသော ကံကြမ္မာနှင့် အဖြစ်အပျက်များကို ပြောပြသဖြင့် အဘိုးကြီးမှာ ခွင့်လွှတ်ရတော့၏။ ဂျူလီယံမှာ အင်္ဂလန် ဝေးမောက်မြို့တွင် ကျန်ရစ်ခဲ့သော ချစ်သူစတီဖင်အတွက်လည်းကောင်း၊ အဒေါ်နှင့် ညီငယ်အတွက်လည်းကောင်း၊ မတရားစွပ်စွဲခြင်းခံရသော လူသတ်မှုအတွက်လည်းကောင်း အင်္ဂလန်သို့ မပြန်လျှင် မဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောပြလိုက်သောအခါ အဘိုးကြီးကပင် ဂျူလီယံ၏ အပြန်ခရီးအတွက် လွတ်မြောက်ရေးကို ကူညီရတော့၏။

ရုပ်ဖျက်သွားရန် အဝတ်အစားများနှင့်တကွ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအတုတို့ကို စီစဉ်ပေးပြီးလျှင် အစားအသောက်များကိုပင် ထုတ်ပေးလိုက်သေး၏။

ကံကောင်းထောက်မသဖြင့် နောက်တစ်ကြိမ်ပြန်လည် တွေ့ဆုံကြပါက အဘိုးရှာဆူးအား သူကူညီခွင့်ရရှိရင် အသက်ပေး၍ ကူညီပါမည်ဖြစ်ကြောင်းဖြင့် အထပ်ထပ် ကတိပေးပြီးလျှင် ရိုသေစွာ ဝတ်ပြုပြီးနောက် ငါးရက်မြောက်သောနေ့ ညနေခင်းတွင် အဘိုး၏ အစီအစဉ်အရ လမ်းကြိုသော ရထားလုံးတစ်စီးတွင် ဂျူလီယံသည် လိုက်ပါတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com



သူ၏ခရီးစဉ်မှာ ဇာဒန်မှ လွိုင်ယာအထိ ဖြစ်၍ လမ်းတွင် အစစ်အဆေး အမေးအမြန်းများနှင့် တွေ့ရသော်လည်း ထောင်ပြေးအဖြစ် တစ်စုံတစ်ရာ သံသယမရှိသောကြောင့် ချောမောပြေပြစ်တော့၏။

သူကိုယ်တိုင်မှာ ပြင်သစ်စကားကို ရေလည်စွာ ပြောတတ်သောကြောင့် တစ်ကြောင်း၊ သူသည် ယခုပြင်သစ်စစ်တပ်ခွဲတစ်ခုမှ အင်ဂျင်နီယာတစ်ဦးဖြစ်ကြောင်းဖြင့် အဘိုးကြီးစီစဉ်ပေးလိုက်သည့် စာရွက်စာတန်းများကြောင့်တစ်ကြောင်း ပို၍ အဆင်ပြေသွားလေသည်။

ဤသို့ဖြင့် ရက်သတ္တတစ်ပတ်မျှကြာသောအခါ ပြင်သစ်ကမ်းခြေဆိပ်ကမ်းမြို့တစ်မြို့သို့ ရောက်ရှိလာ၏။ ထိုမြို့တွင်ပင် နှစ်ရက်ခန့် သင်္ဘောစောင့်ဆိုင်းနေရ၏။

ဤနေရာတွင် လောကြီး၍ မဖြစ်ပေ။ လှုပ်ရှားမှုတစ်ချက် ယုတ္တိမတန်လျှင် ဒုက္ခနှင့် တွေ့ရမည် ဖြစ်၏။

သုံးရက်မြောက်သောနေ့၌ သူသည် တံငါသည် တစ်ဦးအသွင်ဖြင့် အာလန်ဒီကျွန်းသို့ လှေကြီးတစ်စီးဖြင့် လိုက်ခဲ့ပြီးလျှင် ထိုမှတစ်ဆင့် သင်္ဘောတစ်စင်းဖြင့် အင်္ဂလိပ်ရေလက်ကြားကိုဖြတ်ကာ ဆောက်သ်သင်တန်မြို့သို့ ရောက်ရှိလေသည်။ ထိုမှတစ်ဆင့် ဝေးမောက်သို့ ခရီးဆက်ခဲ့ရာ နံနက်စောစောပင် ဝေးမောက်ကမ်းခြေသို့ ရောက်ရှိခဲ့၏။

ယခုအခါ သူသည် ပြင်သစ်စစ်သုံ့ပန်းအကျဉ်းသမားဘဝမှ လုံးဝလွတ်ကင်းပေပြီ။ သူသည် မြို့ထဲသို့ ချက်ချင်း မဝင်ဝံ့သေးသဖြင့် ကမ်းခြေတစ်နေရာရှိ တံငါသည် ဘီလီ၏တဲသို့ ပထမဦးဆုံး သွားလေသည်။

မစ္စတာဖော့ကနာကို သတ်မှုဖြင့် သူ့အပေါ်တွင် ဝရမ်းထုတ်ထားကြောင်း သိပြီးဖြစ်ရာ ဂျိုးမက်ဟင်းကို မတွေ့သေးသမျှ သူ့အား လူသတ်မှုဖြင့် အချိန်မရွေး ဖမ်းဆီးနိုင်၏။

ပြင်သစ်ထောင်ထဲတွင် လပေါင်းများစွာ ဒုက္ခခံလာရာမှ ယခုအင်္ဂလန် ဝေးမောက်ထောင်တွင် ဆက်လက် ကျခံရဦးမည်လော။ ဖြစ်နိုင်လျှင် သူသည် ဂျိုးမက်ဟင်းကို အရေးတကြီး ရှာရပေမည်။

ထိုသူ့အား ရှာဖွေရန် အများဆုံး ကူညီနိုင်သူမှာ တံငါသည်ဘီလီပင် ဖြစ်တော့၏။ ထို့ပြင် ဝေးမောက်တွင် သူမရှိခိုက် ဖြစ်ပျက်နေသည့် အခြေအနေကိုလည်း စုံစမ်းရပေဦးမည်။

ဤကဲ့သို့ ဂျူလီယံ၏ အတွေးအခေါ်များမှာ သူ၏ဘဝကို ဒုတိယအကြိမ် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားကြောင်း သူ မသိရှာချေပြီတကား။





သူသည် ဘီလီအား ဟိုက်ဟိုက်မြိုက်မြိုက် တွေ့ရ၏။ ထိုအချိန်က ဘီလီမှာ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ရာမှ ပြန်လာချိန် ဖြစ်လေသည်။

ပထမ၌ ဘီလီသည် သူ့အား မမှတ်မိသကဲ့သို့ ငေးကြောင်ကြည့်ရှုလျက်ရှိရာ ဂျူလီယံက ရုပ်ဖျက်ထားသည့် အမွေးအမျှင်များကို ချွတ်၍ ပြလိုက်သောအခါမှ ဂျူလီယံအား ဖက်လှဲတကင်း နှုတ်ဆက်လေသည်။

ထို့နောက် ဂျူလီယံက သူ၏ချစ်သူ စတီဖင်အကြောင်းကို မေး၍ ဘီလီ၏အဖြေကို ကြားလိုက်ရသောအခါ ဂျူလီယံမှာ ဤမျှလောက်ဒုက္ခခံ၍ သက်စွန့်ကြိုးပမ်းလာခဲ့ရပြီးမှ ရင်ဝကို ဖနောင့်နှင့် ဆီး၍ ပေါက်လိုက်သကဲ့သို့ ခံစားလိုက်ရ၏။

ငယ်ထိပ်ကို မိုးကြိုးထိမှန်သကဲ့သို့ဖြစ်၍ သွားရှာ၏။ ဘီလီ၏စကားများသည် သူ၏နားထဲသို့ သံရည်ပူဖြင့် လောင်းလိုက်သကဲ့သို့ နားကျင်၍သွားတော့၏။

သူသည် ဘီလီအား စားတော့ဝါးတော့မည်ကဲ့သို့ ပြူးကြောင်သောမျက်လုံးများဖြင့် စိုက်၍ ကြည့်နေရာမှ ဘီလီအား –

“ခင်ဗျား မဟုတ်က ဟုတ်ကတွေ ပြောမနေနဲ့နော်။ ကျွန်တော်က စိတ်သိပ်ကောင်းတာ မဟုတ်ဘူး။ ခင်ဗျား လည်ပင်း ညှစ်သတ်မိလိမ့်မယ်”

ဂျူလီယံသည် ဒေါသအမျက် ချောင်းချောင်းထွက်ကာ တကယ်ပင် သတ်ပုတ်တော့မည်ကဲ့သို့ အမူအရာ ရှိနေလေသည်။

“ခင်ဗျား မယုံရင် ခင်ဗျားအဒေါ်ဆီကို အခုသွားစုံစမ်းနိုင်ပါတယ်ဗျာ။ ကျွန်တော် နောက်ပြောင်ပြီး ပြောနေတာလည်း မဟုတ်ပါဘူး။ လိမ်ညာပြောနေလို့လည်း ကျွန်တော့်အတွက် အကျိုးထူး မရှိပါဘူး။ စတီဖင်နဲ့ ဖရန့်ဟာ တကယ်ပဲ လွန်ခဲ့တဲ့နှစ်က ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ကြတာပါ။ ခင်ဗျား အဒေါ် မစ္စက်ထရေဘက်ကိုယ်တိုင် ကမကထလုပ်ပါတယ်”

ထိုအချိန်ထိ ဂျူလီယံမှာ ဘီလီ၏စကားများကို မယုံကြည်နိုင်သေးသကဲ့သို့ ရှိနေ၏။

“စိန့်လူးဝစ်ဘုရားရှိခိုးကျောင်းမှာပါ”

“သစ္စာဖောက်တွေ ... သစ္စာဖောက်တွေ၊ အားလုံးသစ္စာဖောက်တွေ၊ ဘယ်သူ့ကိုမှ ကျုပ်မတွေ့ချင်ဘူး။ အခုချက်ချင်း စိန့်လူးဝစ် ဘုရားရှိခိုးကျောင်းကို သွားမေးမယ်။ အဲဒီကျရင် ခင်ဗျားကပဲ မဟုတ်မဟုတ်စကားတွေ ပြောသလား။ ကျုပ်အဒေါ်၊ ကျုပ်ညီ၊ ကျုပ်ချစ်သူကပဲ သစ္စာဖောက်ကြသလားဆိုတာ သိရမယ်။ လာ ... အခုသွားမယ်။ ခင်ဗျားပါ လိုက်ခဲ့”



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဂျူလီယံနှင့် ဘီလီတို့သည် စိန့်လူးဝစ် ဘုရားရှိခိုးကျောင်းသို့ ခြေလျင်ထွက်ခဲ့ကြ၏။

ဂျူလီယံမှာ ဆန္ဒစောနေသဖြင့် မြင်းရထားကိုပင် မစောင့်နိုင်တော့ချေ။ ရောက်လျှင်ရောက်ချင်း ဖရန့်ဂုတ်နှင့် မစ္စစတီဖင်တို့အား လက်ထပ်ပေးခဲ့သည့် သင်းအုပ်ဆရာနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် တွေ့ကြရ၏။

သင်းအုပ်ဆရာမှာ ဖရန့်ဂုတ်နှင့် မစ္စစတီဖင်တို့ လက်ထပ်ကြသည်ကို ချက်ချင်း ဖြေဆိုနိုင်သော်လည်း ပို၍သေချာစေရန် မှတ်တမ်းစာအုပ်ကြီးကို ဖွင့်၍ ရှာဖွေရာ သူတို့ လက်ထပ်သွားသည့် နေ့စွဲကိုပါ အတိအကျ သိရတော့၏။

ဂျူလီယံ၏ ဦးနှောက်မှာ နှောက်တစ်ကြိမ် အိုးထိန်းစက်ကဲ့သို့ လည်၍ သွားရပြန်၏။ အပူသည် တစ်ယောက်ဖြစ်ကြောင်း သင်းအုပ်ဆရာက သိသဖြင့် ဆုံးမသြဝါဒပေးသော်လည်း ဂျူလီယံမှာ မကြားနိုင်တော့ဘဲ သူ၏စိတ်များမှာ အရူးတစ်ယောက်ကဲ့သို့ ဖြစ်နေတော့၏။

ထို့နောက် သူသည် ဘီလီကိုလည်းကောင်း၊ သင်းအုပ်ဆရာကိုလည်းကောင်း လုံးဝနှုတ်မဆက်တော့ဘဲ ဆတ်ခနဲ လှည့်ကာ ဘုရားရှိခိုးကျောင်းထဲမှ ပြေးထွက်သွားလေတော့၏။

သူသည် ခြေဦးတည့်ရာသို့သွားလျက်ရှိရာ ဘီလီက နောက်မှ ထပ်ကြပ်လိုက်သော်လည်း မကြာမီ ဂျူလီယံအား မျက်ခြည်ပြတ်သွားတော့၏။ ထို့နောက်တွင်ကား ဂျူလီယံကို လုံးဝ မတွေ့ရတော့ချေ။

***



၁၂

မတ်လဆန်းလောက်တွင် ဂျူလီယံပါဝင်သော တပ်စုတစ်စုသည် ကိုရင်ဘတ်မြို့သို့ ရောက်ရှိလာ၏။ သူပါဝင်သော တပ်စုမှာ စစ်ဘုရင် နပိုလီယံ၏ 'နေ' တပ်မတော်ကြီး ဖြစ်လေသည်။

သူသည် အင်္ဂလန်မှ ပြင်သစ်နိုင်ငံသို့ ပြန်၍လာခဲ့ပြီးနောက် ထမင်းဆိုင် တစ်ဆိုင်တွင် တည်းခိုလျက်ရှိရာမှ စစ်ဗိုလ်တစ်ဦးနှင့် မိတ်ဆွေဖြစ်ကာ စစ်ထဲသို့ ဝင်ခဲ့ခြင်း ဖြစ်၏။ ယခုအခါ သူ၏ဘဝတွင် သံယောဇဉ်တစ်မျှင်နှောင်ကြိုးမျှ ခင်တွယ်စရာဟူ၍ မရှိတော့ချေ။

ထိုအချိန်သည်ကား ပြင်သစ်စစ်ဘုရင် နပိုလီယံသည် ရုရှကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်နေဆဲ လက်နက်လူသူ စုစည်းနေဆဲအချိန် ဖြစ်၏။

ဂျူလီယံသည် သူ၏မိတ်ဆွေ စစ်ဗိုလ်၏ အကူအညီဖြင့် တပ်စုတစ်စုတွင် တပ်စုမှူးရာထူးကို တိုက်ရိုက်ရရှိလေသည်။

သူသည် အင်္ဂလိပ်လူမျိုးပင်ဖြစ်သော်လည်း ပြင်သစ်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီဖြစ်သဖြင့် ပြင်သစ်လူမျိုးတစ်ယောက်ဖြစ်ကြောင်း ဖြင့် လိမ်ညာပြောဆိုသည်ကို မည်သူမျှ သံသယမဖြစ်ချေ။

တပ်စုမှူးရာထူးကိုရပြီးနောက် ဂျူလီယံမှာ အကိုင်းမြို့တွင် စစ်ပညာများကို သင်ကြားလေ့ကျင့်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံမှာ ရသမျှ စစ်သားများကို ရသလောက် စုဆောင်းနေရသည့် အချိန် ဖြစ်သဖြင့် စစ်ထဲသို့ ဝင်လာသမျှ လူများအား လက်ခံကာ နောင်အခါမှ စစ်ပညာများကို လေ့ကျင့်ပေးလေသည်။

ကိုရင်ဘတ်မြို့တွင် တပ်စုလိုက် တပ်ခွဲလိုက်စခန်းချလျက်ရှိရာ စစ်ထွက်ရန်အတွက် အထက်မှ အမိန့်ကို စောင့်ဆိုင်းနေကြခြင်း ဖြစ်လေသည်။ ထိုတပ်စုတပ်ခွဲများတွင် ဆက္ကဆုံ၊ ပါရှန်းလူမျိုး၊ ဩစတြေးလျ လူမျိုး၊ စပိန်လူမျိုး စသည်ဖြင့် လူမျိုးပေါင်းစုံပါဝင်လေသည်။

မှတ်တမ်းများအရ ရုရှသို့ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ရန် နပိုလီယံတွင် စစ်သည်ပေါင်း ၆၅၁၃၅၈ ယောက်ရှိလေသည်။ ၎င်းတို့အနက် ၅၂၀၀၀၀ မှာ ခြေလျင်တပ်ဖြစ်၍ ၁၀၀၀၀၀ မှာ မြင်းတပ်ဖြစ်၏။ အမြောက်တပ်တွင် အမြောက်ပေါင်း ၁၃၇၂ လက် ပါရှိလေသည်။

ဧပြီလကုန်အထိ ကိုရင်ဘတ်တွင် စောင့်ဆိုင်းနေရသဖြင့် တပ်သားကလေးများသာမက နပိုလီယံအပေါ်တွင် ယုံကြည်အားထားခဲ့ကြသော စစ်သားအိုကြီးများပင် စိတ်ပျက်လက်ပျက် ဖြစ်လာကြတော့၏။

တစ်နေ့သော ညနေခင်းတွင် ဘီယာသောက်ရင်း ဆေးတံကိုလည်း ဖွာရင်း မှိန်းနေကြစဉ် ဂျူလီယံတပ်စုမှ စစ်သားအိုကြီးတစ်ယောက်က –

"ဒီအချိန်ဆိုရင် ကျုပ်တို့တစ်တွေဟာ နယ်စပ်ကိုတောင် ကျော်နေဖို့ကောင်းပြီ။ အခြေအနေအရ အခုအချိန် ရုရှကို ကျုပ်တို့တစ်တွေ ဝင်စီးနိုင်လို့ရှိရင် ပြင်းပြင်းထန်ထန် တိုက်ပွဲတွေ မတိုက်ရဘဲ အောင်မြင်နိုင်တယ်။ သူတို့ဟာ အလက်ဇန္ဒားမှာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဖို့ အလုပ်ရှုပ်နေကြတယ်လို့ ကြားရတယ်။ အခုအချိန် ရုရှဟာ ကျုပ်တို့ကို ခုခံဖို့ လူ ၅၀၀၀၀ လောက်ပဲရှိမယ်။ သူတို့ စစ်တပ်ကိုတော့ ကျုပ်တို့တစ်တွေက ရွံ့စရာမရှိပါဘူး။ ဒါပေမဲ့ ရုရှတိုင်းပြည်ကြီးဟာ အကျယ်ကြီး မဟုတ်လား။ နောက်ပြီး ရုရှရဲ့ဆောင်းတွင်းမှာ နှင်းကလည်း အရမ်းကျတယ်။ အအေးဒဏ်ကိုလည်း ကြောက်စရာကောင်းအောင် ခံရမယ်။ ကျုပ်တို့တစ်တွေ ချီတက်ရမယ့် ခရီးကလည်း အရှည်ကြီးပဲ။ ဒီတော့ အချိန်ဖြုန်းနေသမျှ ကျုပ်တို့ဘက်က အချည်းနှီးပဲ။ အကယ်၍သာ ဆောင်းမကျခင် ရုရှကို ကျုပ်တို့ဝင်တိုက်ဖို့ လိုတယ်ဆိုတာသိရင် ကျုပ်တို့ အခုပဲ ချီတက်သင့်ပြီပေါ့"ဟု ညည်းတွားပြောဆိုလေသည်။

သို့သော် မေလ ၁၆ ရက်နေ့သို့ရောက်သောအခါမှ နပိုလီယံသည် ဒရက်စ်ဒန်းမြို့သို့ ရောက်လာပြီးလျှင် ဩစတြေးလျဘုရင်နှင့် မိဖုရားကိုလည်းကောင်း၊ ဆက္ကဆုံနှင့် ပါရှန်းဘုရင်ကိုလည်းကောင်း၊ အခြားမင်းညီမင်းသား





အကြီးအကဲများကိုလည်းကောင်း ပွဲကြီးပွဲရံများဖြင့် ဧည့်ခံရင်း ရက်သတ္တနှစ်ပတ်ခန့် အချိန်ဖြုန်း၍နေပြန်၏။

သူသည် စစ်ရေးခေါင်းဆောင်တစ်ဦး ဖြစ်နေရုံမျှနှင့် မပြီး၊ နိုင်ငံရေး စည်းရုံးရေး စသည်တို့ကိုပါ ဆောင်ရွက်လျက်ရှိ၏။

သူ၏အကြီးမားဆုံးသော အကြံအစည်ကို ဆောင်ရွက်ရန်မှာ မျက်ကန်းတစ္ဆေမကြောက် စွန့်စားမှုမျိုး မလုပ်ရဲဘဲ အဖက်ဖက်မှ စဉ်းစားချင့်ချိန်နေဟန် တူ၏။

သူ၏စစ်တပ်ကြီး ချီတက်ပြီးနောက် ဆောင်းဥတု မတိုင်မီ နယ်ခြားကို ပြန်လည်ကျော်ဖြတ်လာနိုင်လိမ့်မည်ဟု သူကိုယ်တိုင်ပင် မယုံကြည်ချေ။

တစ်ဘက်နှင့်တစ်ဘက် စစ်ပြေငြိမ်းသည်အထိ ရုရှနှင့် ပြင်သစ်တို့ သည် ပြင်းထန်သော တိုက်ပွဲသုံးလေးပွဲလောက် နွှဲရလိမ့်မည်ဟု ပြင်သစ်မှ ထွက်မလာခင်ကပင် ကြိုတင်ပေါက်ချင်း ထုတ်ခဲ့၏။

တိုက်ပွဲဆိုသည်မှာ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ မိမိဘက်က ပထမ အောင်နိုင်ထားမှသာ မိမိဘက်သားများ စိတ်ဓာတ်ထကြွ၍ ရန်သူကို ဦးချိုးပြီးသားဖြစ်ပေမည်။

ထို့ကြောင့်လည်း နပိုလီယံသည် ကြိုတင်ပြင်ဆင်နေခြင်း ဖြစ်၏။ သို့ဖြစ်၍ သူ၏တပ်ကြီးကို အလောသုံးဆယ် မချီတက်စေသေးဘဲ အချိန်ဆွဲထားခြင်း ဖြစ်လေသည်။ မည်သို့ဆိုစေ ဇွန်လမတိုင်မီ တိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်ရပေမည်။

သို့နှင့်သူသည် ဒရက်စ်ဒန်းမြို့တွင် မင်းညီမင်းသားများနှင့် သွေးစည်းကာ အချိန်ဖြုန်းနေသဖြင့် ကြန့်ကြာလျက်ရှိ၏။

ထိုအချိန်၌ ဂျာမနီပြည် လမ်းမကြီးတစ်လျှောက်တွင် စက်ပစ္စည်း ကုန်တင်လှည်းကြီးများ၊ လက်နက်ခဲယမ်းမီးကျောက်တင်လှည်းကြီးများသည် စီတန်းကာ ရုရှနယ်စပ်သို့ တအိအိ မောင်းနှင်လျက်ရှိလေသည်။

ဇွန်လ ၁၂ ရက်နေ့တွင် နပိုလီယံသည် ကိုရင်ဘတ်သို့ရောက်ရှိလာရာ သူ၏ 'နေ' တပ်ကြီးသည် ၁၅ ရက်ခန့် ကြိုတင်၍ ရုရှနယ်စပ်သို့ ချီတက်လျက်ရှိနေလေပြီ။

သူ၏လေမုန်တိုင်းသဖွယ် ဆင်လာသော စစ်တပ်ကြီးကို အံတုရန်အတွက် ရုရှဘုရင် အလက်ဇန္ဒားသည် စစ်တပ်ကြီးသုံးတပ်ကို ဖွဲ့စည်းထား၏။ ပထမစစ်တပ်ကြီးတွင် တပ်သားပေါင်း ၁၂၇၀၅၀ ပါဝင်၍ ဗိုလ်ချုပ်ကြီးဘာကလေ၏ ဦးဆောင်မှုဖြင့် ဗီလ်နာမြို့အနီးတွင် ၎င်းစစ်သည်ပေါင်း ၄၅၀၀၀ ပါဝင်သော ဒုတိယတပ်ကို မင်းသား ဘာကရေးရှင်းက ဦးဆောင်ကာ ဂုဒ်ချီမြို့



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်းကောင်း၊ ကျန်တပ်တစ်တပ်ကို မြို့စားကြီးတော်မင်ဆော ခေါင်းဆောင်စေ၍ စစ်ဌာနချုပ်တွင်လည်းကောင်း နေရာချထား၏။

အခြားအရန်တပ်များကိုမူ နန်းတော်တစ်ဝိုက်တွင် ပြောက်ကျားစနစ်ဖြင့် တပ်စွဲထားစေ၏။ အရန်တပ်၌ လူပေါင်း ၃၄၀၀၀ ပါဝင်လေသည်။

ဤသို့ဖြင့် စစ်သည်ပေါင်း ၆၅၀၀၀၀ ပါဝင်သော နပိုလီယံ၏စစ်တပ်ကြီးကို ရုရှက စစ်သည်ပေါင်း ၂၁၀၀၅၀ ဖြင့် အံတုခုခံရမည်ကဲ့သို့ဖြစ်နေတော့၏။

ရုရှတို့မှာ တိုင်းပြည်ကျယ်ဝန်းလှသဖြင့် နည်းနည်းနှင့် ကျဲကျဲ ဝိုင်းနေရ၏။ ဤသို့လျှင် နပိုလီယံအတွက် ရုရှပြည်သို့ ချဉ်းနင်းဝင်ရောက်ရန် လမ်းပေါက်များစွာ ပွင့်လျက်ရှိနေ၏။

သို့နှင့် နပိုလီယံသည် စိန့်ပီတာစဘတ်ကို ဝင်၍စီးမည်လော၊ သို့မဟုတ် မော်စကိုကို ဝင်ရောက်တိုက်ခိုက်မည်လောဟူ၍ ရုရှတို့ဘက်မှ မမှန်းဆနိုင်အောင် ရှိတော့၏။

ရက်အနည်းငယ်မျှ အကြာတွင် နယ်ခြားမှတ်တိုင်မြို့ဖြစ်သော နီပင်မြို့သို့ ရုရှ၏ ကော့ဆက်မြင်းတပ်ဖွဲ့သည် ဇွန်လ ၂၄ ရက်နေ့တွင် ကိုဗ်နိုမြို့အနီးတံတားသုံးခုကို ဖျက်ဆီးပြီးနောက် ထိုနေရာမှပင် နပိုလီယံ၏ စစ်တပ်ကိုတိုက်ခိုက်ရန် စောင့်ကြိုလျက်ရှိလေသည်။

ဇွန်လ ၂၄ ရက်နေ့တွင် ပြင်သစ်ရှေ့ပြေးမြင်းတပ်သည် ရုရှကော့ဆက်တပ်ကို တိုက်ခိုက်အောင်မြင်လိုက်ပြီးနောက် ကိုဗ်နိုမြို့ကို သိမ်းပိုက်လိုက်၏။

သို့နှင့် နပိုလီယံသည် ထိုမြို့၌ပင် ယာယီဌာနချုပ်ဖွင့်ကာ နောက်မှတပ်များကို စောင့်ဆိုင်းလျက်ရှိလေသည်။

ထို့နောက် ရုရှတို့ဖျက်ဆီးခဲ့သော တံတားများကို ပြန်၍ ပြင်ဆင်ကာ စစ်သည်ပေါင်း ၃၅၀၀၀၀ ပါဝင်သော 'နေ' တပ်မကြီးနှင့်တကွ နောက်တပ်ရင်းများပါ ဇွန်လ ၂၆ ရက်နေ့တွင် ဗီလ်နေ့မြို့သို့ ဆက်လက်ချီတက်လေသည်။

'နေ'တပ်မကြီးသည် နယ်ခြားကို ဖြတ်ကျော်သည်နှင့်တစ်ပြိုင်နက် ရုရှသည် ပြင်သစ်တို့၏ ခြေလှမ်းကို ရိပ်စားမိလေပြီ။ ဤမျှလောက်များပြားသော ပြင်သစ်စစ်တပ် အလုံးအရင်းကို မိမိတို့က မိုက်မိုက်ကန်းကန်း ခုခံရန် မလွယ်ကူချေ။ ဗီလ်နာမြို့တွင် တပ်စွဲထားခဲ့သည်မှာ မိမိတို့ အမှားပင်ဖြစ်ကြောင်း သိရသဖြင့် လိုအပ်သောအချိန်တွင် ရုရှပြည်မကြီးအတွင်းသို့ သေနင်္ဂဗျူဟာနည်းအရ အမြန်ဆုတ်ခွာပေးရန် လက်အောက်တပ်မှူးများအား အမိန့်ထုတ်ပြန်လိုက်၏။

သို့နှင့်ပြင်သစ်စစ်တပ်ကြီးသည် ဗီလ်နာမြို့သို့ နှစ်ရက်အတွင်း အပြင်းချီတက်နိုင်ခဲ့၏။





သို့သော် မြို့သို့ ရောက်သောအခါ အဆောက်အအုံ အားလုံးတို့မှာ ဖျက်ဆီးပြီးဖြစ်နေတော့၏။ စစ်ဗိုလ်ကြီးသုံးဦး ခေါင်းဆောင်သည့် ပြင်သစ်တပ်ကြီး သုံးတပ်မှာ နောက်ကျနေသဖြင့် ရုရှတပ်မကြီးကို မမီလိုက်တော့ချေ။

နောက်တစ်ပတ်ခန့်အကြာတွင် ရှေ့မှ ဆုတ်ခွာနေသည့် ရုရှတပ်များကို ပြင်သစ်တို့က လိုက်လံချေမှုန်းလျက်ရှိနေတော့၏။ သို့သော် ရုရှတို့က လုံးဝမခုခံသဖြင့် ရင်ဆိုင်တိုက်ပွဲများ မဖြစ်တော့ချေ။

နောက်ရက်များ၌ မိုးသည်းထန်စွာ ရွာသွန်းလာရာ လမ်းများပေါ်တွင် ရေလျှံမ်းလာသောကြောင့် ပြင်သစ်တပ်တို့သည် ရုရှတပ်များကို ဆက်မလိုက်နိုင်တော့ဘဲ မျက်ခြည်ပြတ်၍ သွားလေသည်။

တစ်ချိန်တည်းမှာပင် နောက်မှ ရိက္ခာဖြည့်ရန် လိုက်ပါလာသည့် ရိက္ခာတင်လှည်းကြီးများမှာ လမ်းချော်၍ တိမ်းမှောက်ကုန်ကြ၏။

ထို့နည်းတူ အမြောက်တစ်ရာခန့်မှာလည်း ရေထဲသို့ မျောပါသွား၏။ လက်နက်ခဲယမ်းမီးကျောက် တင်ဆောင်ထားသည့် လှည်း ၅၀၀၀ မှာလည်း ရေထဲသို့ မျောပါသွားသဖြင့် စွန့်လွှတ်လိုက်ရတော့၏။

ဆောင်းဝင်လာသည်နှင့်တစ်ပြိုင်နက် ရုရှပြည်၏ ဆောင်းလေမှာ ရိုးတွင်းခြင်ဆီသို့တိုင် ချမ်းအေးလှတော့၏။ စစ်သည်တို့မှာ မိမိတို့ကိုယ်ကိုပင် မထိန်းသိမ်းနိုင်အောင်ရှိနေရာမှ မြင်းများမှာလည်း ကူးစက်တတ်သည့် ရောဂါတစ်မျိုး ဝင်၍လာကာ တစ်ကောင်ပြီးတစ်ကောင် သေကြေကုန်၏။

ရောဂါ၏ ဇာစ်မြစ်ကို ရှာဖွေသောအခါ ၎င်းတို့ ဖြတ်သန်းလာခဲ့သည့် ဂျုံပင်စိမ်းများတွင် ကပ်နေသည့် ပိုးမွှားများသည် မိုးရွာသောအခါ မြင်းများ၏ကိုယ်ပေါ်သို့ ပျံ့သန်းတွယ်ကပ်သဖြင့် တစ်ကောင်မှတစ်ကောင်သို့ လျင်မြန်စွာ ကူးစက်သွားခြင်းကြောင့် ဖြစ်လေသည်။

ထိုနေရာ၌ပင် မြင်းအတော်များများ သေဆုံး၍ စစ်သည်အတော်များကိုလည်း စစ်မတိုက်ရဘဲ ကျဆုံးစွန့်လွှတ်ခဲ့ရ၏။ မိုးသည်း၍ မိုးမှောင်ကျလာစဉ် အချို့တပ်စုတပ်စိတ်များမှာ လမ်းမှား၍ သွားကြတော့၏။

အချို့လည်း နောက်မှ ပြတ်၍ ကျန်ရစ်ခဲ့ကြ၏။ ဤသို့ဖြင့် ပြင်သစ်တပ်မကြီးသည် တစ်စုတစ်ဝေးတည်း မရှိတော့ဘဲ ပြန့်ကျဲထွက်သွားတော့၏။ လမ်းမှားသွားသည့်တပ်များမှာ စားနပ်ရိက္ခာ ပြတ်လပ်ကုန်ကြ၏။

သို့နှင့် ၎င်းတို့သည် ရွာသိမ်ရွာငယ်များတွင် တွေ့သမျှအစားအစာများကို အတင်းအဓမ္မ လုယက်စားသောက်ရသော အခြေအနေသို့ပင် ရောက်ရှိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်း ပြန့်နှံ့သွားသောအခါ ရုရှကျေးလက်နေလူတို့သည် မိမိတို့ ကျွဲနွားများနှင့် အစားအစာများကိုပါ သယ်ပိုးယူဆောင်ကာ ပြင်သစ်တပ်များ မရောက်မီ ထွက်ပြေးကြလေသည်။

ဤသို့ဖြင့် ပြင်သစ်တပ်များ ရောက်သွားသောအခါ လူသူဟူ၍ ရှာမတွေ့ဘဲ အကူအညီလည်း မရတော့ချေ။ ဤသို့လျှင် အစာရေစာ အခက်အခဲနှင့် ကြုံရတော့၏။

တပ်မကြီးမှ ကွဲထွက်သွားသော တပ်အများစုသည် ပြင်သစ်စစ်တပ်မှ မဟုတ်ဘဲ အခြားမဟာမိတ်တပ်များမှ ဖြစ်၍ ၎င်းတို့အား ပြင်သစ်စစ်တပ်၏ စည်းမျဉ်းဥပဒေများကို သင်ပြရခြင်း မရှိသေးချေ။

ထို့ကြောင့်ပင် ၎င်းတို့သည် ရောက်လေရာအရပ်တွင် သဘောရှိသောင်းကျန်းနေကြသဖြင့် နပိုလီယံ၏ စစ်ဆင်ရေးကြီးမှာ မျှော်လင့်သည့်အတိုင်း မဖြစ်ဘဲ များစွာ ကမောက်ကမ ဖြစ်ကုန်တော့၏။

ထို့ကြောင့်လည်း တပ်သားများသည် ရုရှပြည်ကို တိုက်ခိုက်ရေး၌ သံသယ ဝင်၍လာကြတော့၏။ တိုက်ခိုက်ရန် ပြင်ဆင်အားခဲထားသော်လည်း ရန်သူဟူ၍ လုံးဝ မတွေ့ရတော့ချေ။

သူတို့ရောက်လာမည့်သတင်းကို ရုရှတို့က ကြိုတင် ကြားသိထားသဖြင့် ရှောင်ထွက်သွားနိုင်သည် ချည်းသာ ဖြစ်လေသည်။

ရုရှတို့က သူတို့ထက် အမြဲတမ်း တပန်းသာ၍ နေတော့၏။

သို့ဖြစ်၍ ရုရှတို့အား လိုက်လံတိုက်ခိုက်ရသည်မှာ တစ္ဆေကို လိုက်၍ တိုက်ရသကဲ့သို့ ရှိတော့၏။ တပ်မကြီးမှ ကွဲထွက်သွားလျှင်လည်း ရုရှတို့၏ ပြောက်ကျားတိုက်ခိုက်ခြင်းကို အလူးအလဲ ခံကြရတော့၏။

ရှေ့တန်းသို့ ကျုံ့ထွက်သွားသည့် ပြင်သစ်တပ်တစ်တပ်မှာ မိုးထဲလေထဲတွင် အလစ်ဝင်၍ စီးခြင်းခံလိုက်ရသဖြင့် အထိနာရပြန်၏။ လမ်းချော်သွားသည့် ပြင်သစ်တပ်စုတပ်စိပ်များသည် ရောက်ရာနေရာတွင် ရမ်းချင်တိုင်း ရမ်းကြသဖြင့် နောက်ဆုံးတွင် တောနေလူထုမှာ ရရာလက်နက်များကို ဆွဲကိုင်ကာ ပြင်သစ်တို့အား ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ကြတော့၏။

ထိုမျှသာမက ပြင်သစ်တို့၏ ဝန်တင် လှည်းကြီးများနှင့် ရိက္ခာတင်လှည်းကြီးများကိုပါ အလစ်တွင် စီးနင်းတိုက်ခိုက်ကြလေသည်။

ဗိုလ်ချုပ်ဘာကလေ၏ ရုရှစစ်တပ်ကြီးသည် ဩဂုတ် ၃ ရက်တွင် လမ်းဆုံလမ်းခွဖြစ်သော ဆမိုလက်မြို့သို့ ရောက်ရှိနေ၏။ မကြာမီပင် ပြင်သစ်ဘက်မှ စစ်သည် ၂၅၀၀၀၀ ရှိ တပ်များသည် ထိုမြို့ပတ်ဝန်းကျင်ကို တဖြည်းဖြည်း ရောက်ရှိလာကြ၏။





ဩဂုတ်လ ၁၅ ရက်နေ့ တပ်မကြီးသည် ထိုမြို့နှင့် ကိုးမိုင်ခန့်အကွာသို့ ရောက်လာချေပြီ။ ထိုမြို့မှာ ဒီနီပါ မြစ်ကမ်းပေါ်တွင်တည်ရှိ၍ အမြင့်ပေ ၃၀ ရှိသော အုတ်တံတိုင်းကြီး ကာရံထား၏။ ထိုအုတ်တံတိုင်းကြီးမှာ စက်ဝိုင်းခြမ်းသဏ္ဌာန် ရှိပြီးလျှင် သုံးမိုင်ခန့် ရှည်လျား၍ သူရဲခိုအပေါက်များမှာ ရန်သူများကို ကောင်းစွာ ပစ်ခတ်နိုင်၏။ အုတ်တံတိုင်းပေါ် ပတ်ပတ်လည်တွင်လည်း မျှော်စင် ၃၀ ခန့် တည်ဆောက်ထားလေသည်။

အုတ်တံတိုင်းရှေ့ ကျုံးမှာ ရေနက်ပြီးလျှင် မြို့ကိုလည်း သစ်လုံးများဖြင့် အခိုင်အမာ ကာရံထား၏။ မြို့ရိုးပေါ်၌မူ လက်နက်ကြီးများ တပ်ဆင်ထားခြင်း မရှိချေ။

မြို့ပတ်လည်တွင် တောင်ပူစာများရှိသဖြင့် ဗိုလ်ချုပ်ဘာကလေသည် ဤနေရာမှနေ၍ ရုရှစစ်တပ်ကို ခုခံတိုက်ခိုက်ရန် စိတ်အားထက်သန်လျက် ရှိလေသည်။

ရုရှတို့၏ အကြံအစည်မှာ ပြင်သစ်စစ်တပ်များအား ရုရှပြည်နယ် အတွင်းသို့ ရောက်နိုင်သမျှ ရောက်အောင် သွေးဆောင်ခေါ်ယူခြင်းမျှသာ ဖြစ်၍ ၎င်းတို့အား လမ်းတွင် တိုက်ခိုက်ရန် မရည်ရွယ်ချေ။

ဤသို့ ပြုလုပ်ခြင်းမှာ သေနင်္ဂဗျူဟာနည်းအရ မှန်ကန်သော်လည်း စစ်သားများကမူ ရက်စဖွယ်ထင်ကြ၏။ စစ်သားပီပီ တိုက်ခိုက်လိုကြ၏။ အရာရှိ အရာခံ အကြပ်တပ်သားအားလုံးကပင် ဤသို့ တပ်ဆုတ်ပေးရသည့်အတွက် မကျေမချမ်း ဖြစ်ကြ၏။

ထိုအချိန်တွင် ပြင်သစ်စစ်သည်တို့သည် ဆမိုလက်မြို့ ဆင်ခြေဖုံးရှိ တောင်ကုန်းပေါ်သို့ ရောက်လာကြ၏။ ပထမဦးစွာ 'နေ' တပ်မကြီးက နေရာယူလိုက်ပြီးလျှင် အခြားတပ်များကလည်း လက်ဝဲလက်ယာညှပ်ကာ နေရာယူကြ၏။ မာဂွတ်၏ မြင်းတပ်ကမူ အုတ်တံတိုင်းကြီးကို အပြင်မှနေ၍ ဝိုင်းရံထားလေသည်။

သို့ရှိစဉ် ဂျူလီယံ၏ တပ်စုမှ အတွေ့အကြုံရင့်ကျက်သော စစ်သည်ကြီးတစ်ဦးက –

"ရုရှတွေဟာ အရူးတွေပဲ။ သူတို့ဟာ တခြားခုခံစရာ နေရာတွေ အများကြီးရှိရက်သားနဲ့၊ ဒီနေရာကျမှ လာခုခံတယ်။ ဆမိုလက်မြို့ရိုးဟာ ဘယ်လောက်ပဲ ခိုင်ခိုင် သူ့နံဘေးမှာ တောင်ပူစာတွေ ရှိနေတော့ ရန်သူဟာ တောင်ပူစာပေါ်က နေပြီး အမြောက်နဲ့ လှမ်းပစ်နိုင်တယ်ဆိုတာ သူတို့ မစဉ်းစားမိကြဘူးလား။ တကယ်ဆို အရေးတကြီး တပ်ဆုတ်ရမယ်ဆိုရင်တောင် သူတို့အတွက် မြို့ကို ဖြတ်ကူးဖို့ တံတားတစ်ခုပဲ ရှိတယ်။ ဒီတံတားကိုလည်း ကျုပ်တို့ အမြောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပြီး ဖျက်ဆီးနိုင်တယ်။ မြို့ထဲမှာ ကျန်ခဲ့တဲ့ လူတွေကိုလည်း ညှပ်ပူးညှပ်ပိတ် ဖမ်းနိုင်မယ်"ဟု ဝေဖန်ပြောဆိုလေသည်။

ပြင်သစ်တို့သည် အလုံးအရင်း ဗိုလ်ပါအစုအဝေးနှင့် စစ်သည်အင်အားများသော်လည်း ကြေးစားတပ်သားများ ပါဝင်၏။

ရုရှတို့ဘက်ကမူ မိမိတို့နိုင်ငံကို ကျူးကျော်ဝင်ရောက်လာသော ရန်သူကို ခုခံရမည့် မျိုးချစ်တပ်သားများဖြစ်၏။ စိတ်ဓာတ်ချင်း မတူညီကြချေ။

ထိုအခါ တပ်ကြပ်ကြီးတစ်ဦးက –

"ဒါပေမဲ့ ကျုပ်တို့ နွှဲရမယ့် တိုက်ပွဲဟာ ထင်သလောက် မလွယ်ဘူး ဆိုတာတော့ ကျုပ်တို့ ဝန်ခံရမယ်။ ရန်သူကို အထင်သေးလို့လည်း မရဘူး" ဟု ဝင်ရောက်ပြောဆိုပြန်၏။

နောက်တစ်နေ့ ၁၆ ဩဂုတ်တွင် ပြင်သစ်တို့က အမြောက်များဖြင့် ပစ်ခတ်လျက်ရှိရာ ရုရှမင်းသား ဘာဂရေးရှင်းသည် သူ၏တပ်ကို စုစည်းကာ မြစ်တစ်ဘက်သို့ ကူးပြီးနောက် မော်စကိုသို့သွားသော လမ်းမကြီးကို ပိတ်ဆို့ရန် ချီတက်သွားလေသည်။

ထိုနေ့ညတွင်းချင်းပင် ရုရှတို့သည် ၎င်းတို့၏ ရှိရင်းစွဲ တံတားအပြင် မြစ်ကိုဖြတ်၍ နောက်ထပ်ယာယီ တံတားနှစ်ခု ထိုးလေသည်။ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ရုရှတပ်ရင်းတစ်ရင်းသည် ပြင်သစ်တို့စီးထားသော မြို့ဆင်ခြေဖုံးရပ်ကွက်များကို အတင်းဝင်ရောက်တိုက်ခိုက်သဖြင့် အနီးကပ်လုံ့စွပ်ထိုးပွဲများ ဖြစ်ကာ ပြင်သစ်တို့က နောက်သို့ ဆုတ်ပေးလိုက်ရ၏။

နပိုလီယံကမူ သူ၏ 'နေ' တပ်မကြီးကို အသင့်ပြင်ဆင်ထား၏။ ပြင်သစ်တပ်မကြီးနှစ်ခု၏ ရှေ့တန်းတွင် လူပေါင်း ၇၀၀၀၀ ပါဝင်၍ ၎င်း၏နောက်မှ ဗိုလ်ချုပ်မာဠွတ်၏ မြင်းတပ်သား ၃၀၀၀၀ ကို ရံထားလေသည်။

မြို့ပြင်သို့ ရုရှတို့ ထွက်၍တိုက်ခြင်းမှာ အယောင်ဆောင်မှုသာဖြစ်သဖြင့် ညဥ့် ၂ နာရီတွင် နပိုလီယံသည် နေတပ်မကြီးတစ်ခုလုံးကို ထိုဆင်ခြေဖုံးရပ်ကွက်များအား ထိုးစစ်ဆင်ရန် အမိန့်ပေးလိုက်၏။

သို့နှင့် ပြင်သစ်တို့သည် ၂ နာရီကြာမျှ အလုံးအရင်းဖြင့် တိုက်ခိုက်လျက်ရှိရာ ရုရှတို့ကလည်း အသက်ကို ပဓာနမထားဘဲ အသေအကြေခုခံလျက်ရှိလေသည်။

သို့သော် ထိုအချိန်ထိ မြစ်ကူးတံတားများ မပျက်စီးသေးချေ။ ညနေ ၅ နာရီတွင် ပြင်သစ်ခြေလျင်တပ်သည် ဆမိုလက်မြို့တံခါးပေါက်တစ်ခုကို အတင်းဝင်၍ စီးရာ ရုရှတို့ကလည်း အသေခံ၍ သဲကြီးမဲကြီး ခုခံကာကွယ်လျက်ရှိလေသည်။ ဤသို့ဖြင့် အနီးကပ်တိုက်ပွဲများ ဖြစ်လျက်ရှိနေပြန်၏။





ညဥ့်ဦးပိုင်းတွင် ၂ နာရီခန့်မျှ နှစ်ဖက်စလုံး ငြိမ်သက်နေပြီးနောက် ပြင်သစ်တို့က ထိုးစစ်ဆင်သော်လည်း ရုရှစစ်တပ်ကို မထိုးဖောက်နိုင်သဖြင့် နေရာဟောင်းဖြစ်သော ကာရင်စနိုင်အထိ ပြန်၍ ဆုတ်ပေးလိုက်ရ၏။

ထိုနေ့ညနေစာ ချက်ပြုတ်စားသောက်ရန် ခေတ္တနားချိန်တွင် ဂျူလီယံ၏ တပ်စုတပ်ကြပ်ကြီးက –

"ကဲ ... ကျုပ်ပြောတာ မဟုတ်ဘူးလား ဂျူလီယံ။ ဒီဆမိုလက်မြို့ကို ရဖို့တောင် ကျုပ်တို့ဘက်က လူ ၁၀၀၀၀ လောက်ကျသွားပြီ။ ဒီအရေးအတွက်ဟာ မသေးဘူးနော်။ ဒါတောင် ကျုပ်တို့ဆမိုလက်ကို မရသေးဘူး။ ရုရှဆိုတဲ့ အကောင်တွေဟာလည်း အင်မတန် ခေါင်းမာတဲ့ သူခိုးဓားပြတွေ"

"ဒါတော့ဗျာ ... ကျုပ်တို့ဘက်ကလည်း မိုက်မိုက်ကန်းကန်း တိုက်တာကိုး။ ရန်သူကို အထင်သေးတာကိုး။ တစ်ချိန်လုံးစစ်ဆုတ်လာတဲ့ ရုရှဟာ နေရာတကာမှာ ဆုတ်ပေးမယ်လို့ ထင်နေတာကိုး။ ကျုပ်တို့တစ်တွေ အခုချိန်ထိ အသက်ရှင်နေတာကိုပဲ ကျုပ်အံ့ဩလို့ မဆုံးဘူး။ နက်ဖြန်ခါလည်း ဒီအတိုင်း ဆက်လိမ့်မယ် ထင်တယ်"

"သိပ်ဟုတ်တာပေါ့ဗျာ။ ကျုပ်တို့ ဆမိုလက်ကို မရရအောင်ကို တိုက်ရမယ်။ ဒီမြို့ကျပြီးမှ ကျုပ်တို့ ခရီးစဉ် ဆက်လို့ရမှာ မဟုတ်လား"

ထိုနေ့ညဥ့်၌ ရုရှစစ်ဦးစီးမှူးများသည် အရာရှိ အရာခံအကြပ်သားများနှင့် သဘောချင်းမတိုက်ဆိုင်သော်လည်း ဤနေရာကို ၁၀ ရက်ထက်ပို၍ ထိန်းနိုင်မည် မဟုတ်ကြောင်း၊ ထို့ပြင် နပိုလီယံ၏ စစ်တပ်ကလည်း နောက်မှနေ၍ ပိတ်ဆို့တိုက်ခိုက်လိမ့်မည် ထင်ကြောင်းဖြင့် အကြောင်းပြကာ တစ်ဘက်ကမ်းသို့ ဆုတ်ခွာသွားတော့၏။

အထက်ပါတိုက်ပွဲများတွင် ရုရှတို့ဘက်မှ လူ ၆၀၀၀ ခန့်နှင့် ပြင်သစ်တို့ဘက်မှ လူ ၁၀၀၀၀ ခန့် ကျဆုံးလေသည်။

ထိုအချိန်တွင် ဆိုးရွားလှသော ရုရှဆောင်းဥတု ဝင်လာပြီဖြစ်၍ နပိုလီယံသည် သူ၏စစ်ဦးစီးမှူး၊ မဟာမိတ်တပ်ခေါင်းဆောင်များနှင့် တိုင်ပင်ကာ အများသဘောတူညီချက်အရ ထိုနေရာ၌ပင် ထိုတစ်ဆောင်းစခန်းချနားနေရန် သဘောတူ ဆုံးဖြတ်ကြ၏။

သို့သော် သူသည် ထိုဆုံးဖြတ်ချက်ကို မူအားဖြင့် သဘောတူသော်လည်း စည်းရုံးရေးနှင့် မိတ်မပျက်ရေးကိစ္စများကလည်း ရှိသေး၏။

ထို့ပြင် မိမိတို့နားနေခိုက် ရုရှတို့မှာ ပြင်ဆင်ရန်အချိန်ရ၍သွားမည့်ပြင် သူတို့သည် အင်္ဂလန်၊ ဆွီဒင်နှင့် တူရကီ စသည့်နိုင်ငံများနှင့် မဟာမိတ်ဖွဲ့ချုပ်ချုပ်ဆိုသွားမည်ကိုလည်း စိုးရိမ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခြားအကြောင်းတစ်ခုမှာလည်း သူသည် ပြင်သစ်နိုင်ငံမှနှစ်နှင့် ချီ၍ ဝေးကွာနေပါက သူ၏မဟာမိတ်နိုင်ငံများဖြစ်သော ဩစတြီးယား၊ ပါရှားနှင့် ဂျာမနီနိုင်ငံတို့မှာ ထင်းအစည်းပြေသကဲ့သို့ ဖြစ်၍ သွားပေတော့မည်။

မိမိတို့မှာ ယခင်က တိုက်ပွဲများတွင် အကျအဆုံးများလှသဖြင့်တစ်ကြောင်း၊ အဖျားအနာရောဂါတို့ဖြင့် အသေအပျောက်များသဖြင့်တစ်ကြောင်း၊ 'နေ' တပ်မကြီးတွင် မူလက စစ်သည် ၄၀၀၀၀ ခန့်ရှိခဲ့သော်လည်း ယခုအခါ ၃၀၀၀၀ ပင် မပြည့်တော့ချေ။

သို့နှင့် ခေတ္တမျှစစ်တပ်နားနေချိန်တွင် ဂျူလီယံ၏တပ်စုမှ စစ်သားဟောင်းကြီးတစ်ယောက်က –

"ကျုပ် မကြိုက်တာက ကျုပ်တို့သွားလေရာ လမ်းတစ်လျှောက်မှာရော၊ ရွာထဲလယ်ထဲတွေမှာရော လူတစ်ယောက်မှ မတွေ့ရတာဟာ သဘာဝမကျဘူး။ ဥရောပတိုက်တစ်ခွင် ပြုံပြုံစင်အောင် ကျုပ်စစ်တိုက် ထွက်ခဲ့ဖူးတာပဲ။ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး"

ထိုအခါ စစ်သားအိုကြီးတစ်ယောက်က –

"ကျုပ်လည်း နည်းနည်းမှ သဘောမကျပါဘူးဗျာ။ စပိန်ကို ကျုပ်တို့ဝင်တိုက်တုန်းက စပိန်တွေဟာ ကျုပ်တို့ကို သူစိမ်းလို ဆက်ဆံကြတာပဲ။ ဒါပေမဲ့ ရွာသားတွေဟာ သူတို့ရွာတွေကို ပစ်သွားတယ် မရှိပါဘူးဗျာ။ စစ်တိုက်နိုင်တဲ့ လူပျိုလူရွယ်တွေ ရှောင်ထွက်သွားတယ် ထားဦး။ ရွာထဲမှာ ကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုတွေတော့ ကျန်ရဦးမှာပေါ့။ အခုတော့ ကျုပ်တို့ သွားနေတဲ့ လမ်းတစ်လျှောက် တွေ့သမျှ ရွာတွေမှာ လူမပြောနဲ့ ကြက်တစ်ကောင်တောင် မတွေ့ရဘူး။ အဲဒါတော်တော် ထူးဆန်းတယ်"

ထိုစကားများကို ကြားရသောအခါ ဂျူလီယံက –

"ဘာပဲဖြစ်ဖြစ်လေ ... ကျုပ်တို့တစ်တွေ လမ်းမှာ ဘယ်သူ့ကိုမှ မတွေ့ရရင် မော်စကိုကို မြန်မြန်ရောက်မှာပေါ့။ အဲဒီရောက်ပြီးရင်တော့ လူတွေ့ရမှာပေါ့"

"ဒီမှာ ဂျူလီယံ၊ ကျုပ်တို့ရောက်လာရာ အရပ်တိုင်းမှာ လူတွေဟာ ကျုပ်တို့မရောက်ခင် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြတာကိုပဲ ကျုပ်မကျေနပ်တာ"

"ဒါကတော့ ကျုပ်တို့အပြစ်လည်း ပါတာပဲ။ ရွာတွေကို ကျုပ်တို့ရောက်တုန်းက ဘယ်လိုဆက်ဆံခဲ့သလဲ လူဆိုးသူခိုးတွေထက်တောင် ဆိုးသေးတယ်။ ရသမျှ လုယက်ဖျက်ဆီးစားသောက်ကြတာပဲ မဟုတ်လား။ ဒီတော့ ကျုပ်တို့ကို ဘယ်ရွာခံ၊ ဘယ်လယ်သမားက အတွေ့ခံရဲပါ့မလဲ။ ထွက်ပြေးကြမှာပေါ့"





"ကျုပ်တို့ ဘယ်ရွာမှ ဝင်မတိုက်ခဲ့ပါကလား"

"ခင်ဗျား မတိုက်ပေမဲ့ တခြားတပ်တွေက တိုက်သွားတော့ နပိုလီယံတပ်ဆိုရင် ရှောင်ပြေးကြတာပေါ့"

***



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

ဖရန့်ဂုတ် ပြန်ရောက်လာသောအခါ 'ကင်တာဗျူရီ' တွင် အပြောင်းအလဲ ဖြစ်နေသည်ကို တွေ့ရ၏။ သူတို့တပ်မှ တပ်စုနှစ်စုသည် နောက်တစ်နေ့ နံနက်တွင် အမိန့်အရ 'ပို့စ်မောက်' သို့ ထွက်ခွာသွားရ၏။ ထိုမှတစ်ဆင့် ရေလမ်းဖြင့် စပိန်သို့ သွားကြရမည် ဖြစ်လေသည်။

ဖရန့်သည် ရောက်လျှင်ရောက်ချင်း ဌာနချုပ်တွင် ထိုင်သော ဝယ်ဖင်တန်အား –

"နေပါဦး … ကျွန်တော့်အတွက်ကော တပ်မှူးက ဘာတာဝန်တွေ ချထားခဲ့သလဲ" ဟု မေးမြန်းလေသည်။

"ခင်ဗျားအတွက် ဒီတပ်စုနှစ်စုနဲ့ လိုက်သွားရမယ်ဆိုတဲ့ အမိန့်လုံးဝ မပါဘူး။ ခင်ဗျား လက်ရှိ ထမ်းဆောင်နေတဲ့ တပ်ရေးရဲ့ တာဝန်ကို အခြားတစ်ယောက်ကို လွှဲပေးရလိမ့်မယ်။ ခင်ဗျားကို တခြားနေရာမှာ ခိုင်းဖို့ အစီအစဉ်ရှိတယ်လို့ တပ်မှူးက အမိန့်ပေးသွားတယ်။ အဲ … ဘာခိုင်းမယ်ဆိုတာတော့ ကျုပ်မသိဘူး။ ခင်ဗျားအတွက် စာနှစ်စောင်တော့ အံဆွဲထဲမှာ ရှိလေရဲ့။ အဲဒီစာတွေ ဖတ်ကြည့်ရင်တော့ သိလိမ့်မယ်"

အံဆွဲကို ဖွင့်ကြည့်လိုက်သောအခါ သူ့အတွက် စာနှစ်စောင်ကို တွေ့ရ၏။ တစ်စောင်မှာ ရုံးမှ တရားဝင် ရုံးမိန့်ဖြစ်၍ နောက်တစ်စောင်မှာ ဆာရောဘတ်ဝီလ်ဆင်၏ လက်ရေးဖြင့် ပုဂ္ဂိုလ်ရေးအရ ရေးသည့်စာဖြစ်ကြောင်း တွေ့ရ၏။





ပထမရုံးမိန့်စာမှာ ဖရန့်ဂုတ်သည် ရုရှဘာသာကို ကျွမ်းကျင်စွာ တတ်မြောက်သဖြင့် ရုရှနိုင်ငံတွင် စစ်သံမှူးအဖြစ် အမှုထမ်းရမည်ဖြစ်သော ဆာရောဘတ်ဝီလ်ဆင်၏ သက်တော်စောင့် အရာရှိအဖြစ် ခန့်လိုက်ကြောင်း ပါရှိ၏။

ထိုအချိန်က ဆာရောဘတ်ဝီလ်ဆင်မှာ ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံရပြီး ဖြစ်လေသည်။

ဒုတိယစာမှာ ဆာရောဘတ်ကိုယ်တိုင် ရေးခဲ့သော စာဖြစ်၍ သူ့ထံမှ အမိန့်တစ်စုံတစ်ရာ မရမချင်း ဖရန့်သည် ကင်တာဗျူရီမြို့ ဌာနချုပ်တွင် စောင့်နေရင်း ဖြစ်လေသည်။

ဤသို့ဖြင့် ဖရန့်ဂုတ်မှာ မမျှော်လင့်ဘဲ နောက်ထပ် သုံးလမျှ ကင်တာဗျူရီတွင် သောင်တင်နေတော့၏။

၁၈၁၂ ခု၊ မတ်လ ၂၈ ရက်နေ့တွင် ဆာရောဘတ်အား အမြန်ဆုံးလာတွေ့ရန် အမိန့်ရရှိ၏။ ၎င်းတို့သည် ဧပြီလ ၈ ရက်နေ့ကို နောက်ဆုံးထား၍ ရုရှသို့ ထွက်မည်ဖြစ်ကြောင်း သတင်းရရှိလေသည်။

ဗိုလ်ချုပ်ရေးလိုက်သောစာမှာ အသော့နှင်၍ အရေးတကြီး ရေးလိုက်ရဟန်တူ၏။ မည်သည့်နေရာသို့ သွားရမည်ဟူ၍လည်း ဖော်ပြခြင်း မရှိချေ။

ထိုသုံးလအတွက် ဖရန့်သည် မိမိတာဝန်များကို လက်ခံယူမည့် ပုဂ္ဂိုလ်အား လွှဲအပ်ရန် အလုပ်အကြွေး မကျန်ရအောင် အချိန်ပြည့် လုပ်ကိုင်လျက် ရှိလေသည်။

တပ်ရင်းမှူးက မေးလာသောအခါ ဖရန့်က အတိအကျ အမိန့်မရသေးကြောင်း၊ သို့သော် မိမိသိရသမျှမှာ ဆာရောဘတ်သည် ရုရှသို့ ဗြိတိသျှစစ်သံမှူးအဖြစ် သွားရမည်မှာ သေချာကြောင်း၊ သူကိုယ်တိုင်လည်း ရုရှသို့ ဆာရောဘတ်နှင့်အတူ လိုက်ရလိမ့်မည် ဖြစ်ကြောင်းဖြင့် ရှင်းပြ၏။

ထိုအချိန်တွင် နပိုလီယံသည် ရုရှကို ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်နေပြီဖြစ်သဖြင့် မိမိတို့က ရုရှသို့ အရင်စော၍ ရောက်ရပေမည်။

တပ်ရင်းမှူးက မျက်နှာခပ်ပြုံးပြုံးဖြင့် –

"ဩော် … ဒါကြောင့် မောင်ရင်က ရုရှဘာသာကို စိတ်ပါလက်ပါ ကြိုးစားသင်နေတာကိုး။ ကောင်းပါလေကွယ်။ ရုရှမှာ မောင်ရင် တိုင်းပြည်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေ"

မကြာမီ ဆာရောဘတ်ထံမှ အဆက်အသွယ်ရသည်နှင့် တစ်ပြိုင်နက် ဖရန့်သည် ပို့စ်မောက်သို့ လိုက်သွားရ၏။

နောက်တစ်နေ့တွင် ဆာရောဘတ် တည်းခိုနေထိုင်ရာသို့ သွားရောက်ရာ ရောက်လျှင်ရောက်ချင်းပင် ဆာရောဘတ်က ဆီးကြိုနှုတ်ဆက်ရင်း သူတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ရုရှပြည်အတွက် ဗြိတိသျှသံအမတ်အဖြစ် အသစ်ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးလည်း ကွန်စတင်တီနိုပယ်မြို့သို့ လိုက်ပါမည်ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။

"ငါတို့ ပထမဦးဆုံး လုပ်ဆောင်ရမယ့် တာဝန်ကတော့ တူရကီနဲ့ ရုရှကို ကြားဝင်စေ့စပ်ပြီး မဟာမိတ်စာချုပ် ချုပ်ဖြစ်တဲ့အထိ ဆောင်ရွက်ပေးရမှာပဲ။ စစ်မကြေညာသေးဘူးဆိုပေမဲ့ နပိုလီယံဟာ ရုရှကို ဝင်တိုက်နေတယ်ဆိုတဲ့ သတင်းတော့ ရထားပြီ။ ဒီတော့ ရုရှနဲ့ မဟာမိတ်ဖြစ်ရမယ့် တူရကီတို့ဘက်ကလည်း လက်မနှေးဖို့လိုတယ်။ အဲဒီအစီအစဉ် ပြီးမြောက်အောင် ဆောင်ရွက်ပြီးရင်တော့ တို့တစ်တွေ ရုရှပြည်မြောက်ပိုင်းကို ခရီးဆက်ထွက်ပြီး ရှေ့တန်းကို ရောက်နေတဲ့ ရုရှဗိုလ်ချုပ်ကြီးတွေနဲ့ သွားတွေ့ရဦးမယ်"

ထိုစကားကို ကြားရသောအခါ ဖရန့်မှာ အတော်ပင် ဝမ်းသာသွားတော့၏။ ငယ်စဉ်က ဥရောပတိုက် တစ်တိုက်လုံးကို လှည့်လည်လိုသည့် စိတ်များရှိခဲ့ရာ ယခုသော် ရုရှနှင့် ပြင်သစ်တိုက်ပွဲဖြစ်ရာ ဒေသများသို့ ရောက်ရပေတော့မည်။

နောက်တစ်နေ့ ဖရန့်နှင့် ဆာဗီလ်ဆင်တို့သည် လော့ဒ်ဝယ်လတ်စ်လေ၏ စစ်ခုံရုံးသို့ သွားရောက်ကြပြီးလျှင် ဆာဗီလ်ဆင်က ဖရန့်အား လော့ဒ်ဝယ်လတ်စ်လေနှင့် မိတ်ဆက်ပေး၏။

ဝယ်လတ်စ်လေ –

"ဆာရောဘတ်ဗီလ်ဆင်ကတော့ မောင်ရင့်ကို ကောင်းကောင်းထောက်ခံထားတာပဲ။ မင်းရဲ့ တပ်မှူးကလည်း မင်းရဲ့အရည်အသွေးကို စာနဲ့အစီရင်ခံထားတယ်။ သူ့အစီရင်ခံစာထဲမှာလည်း မင်းရဲ့ အရည်အသွေးကို အတော်ချီးကျူးထားတာ တွေ့ရတယ်။ အခုလို အရေးကြီးတဲ့ ရာထူးမျိုးကို ထမ်းဆောင်ဖို့ အရွေးခံရတဲ့ မင်းတို့လူငယ်တွေထဲမှာတော့ မင်းဟာ ဂုဏ်ယူစရာ အကောင်းဆုံးပဲ။ ဒီရာထူးနဲ့ တိုင်းပြည်ဂုဏ်ကို မင်းမြှင့်တင်နိုင်မယ်။ မင်းရဲ့ ဘဝတက်လမ်း ပွင့်သွားနိုင်တယ်"

ဖရန့်သည် လော့ဒ်အား ကျေးဇူးတင်ရှိကြောင်း နှုတ်ရော၊ အမူအရာနှင့်ပါ ပြော၍ ဆာရောဘတ်နှင့်အတူ အိမ်သို့ ပြန်ခဲ့၏။ စစ်ရုံးမှအပြန် လမ်းတွင် ဆာရောဘတ်က –

"ကဲ ... အခု အလုပ်ကိစ္စမစခင်ကလေးမှာ မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"ဒါကတော့ အခါအခွင့်နဲ့ အခြေအနေပေါ်မှာ တည်ပါတယ် ခင်ဗျာ။ အကယ်၍ ဗိုလ်ချုပ်က ကျွန်တော့်ကို အခုချက်ချင်း ခိုင်းစရာမရှိသေးဘူးဆိုရင်





တော့ ကျွန်တော် ဝေးမောက်ကို ခဏပြန်ပြီး အဒေါ်ကို နှုတ်ဆက်လိုက်ချင်ပါသေးတယ်။ ပြီးတော့ ဒီကို ကျွန်တော် ပြန်မလာတော့ဘူး။ ပို့စ်မောက်ဆိပ်ကမ်းကနေပြီး စောင့်နေမယ်။ ဗိုလ်ချုပ် လိုချင်တဲ့အချိန်မှာ ကျွန်တော် အဆင်သင့် ဖြစ်နေရပါစေမယ်"

"ကောင်းသားပဲ။ မင်း ဝေးမောက်ကို ပြန်ချင်ပြန်လေ။ ၇ ရက်မြောက်တဲ့နေ့မှာတော့ မင်းပို့စ်မောက်ကိုရောက်အောင် လာခဲ့။ အဲဒီည ငါတို့ပို့စ်မောက်မှာ တည်းခိုရမယ်။ နောက်တစ်နေ့မနက် ခပ်စောစောမှာရုရှပြည်ကို ငါတို့လိုက်ရမယ့် အာဂိုသင်္ဘောပေါ် တက်ကြရမယ်"

ဖရန့်လည်း ထိုနေ့ညနေ၌ပင် ရထားလုံးတစ်စီးဖြင့် ပို့စ်မောက်သို့ ထွက်သွားလေသည်။

ထိုအခေါက်တွင် ဖရန့်သည် မည်သည့်မိတ်ဆွေ သူငယ်ချင်းနှင့်မျှ မတွေ့ဘဲ အိမ်သို့ တိုက်ရိုက်သွားရောက်ရာ အဒေါ်မစ္စက်ထရောဘက်မှာ ကျန်းမာစွာ ရှိနေကြောင်း တွေ့ရသဖြင့် ဝမ်းသာရတော့၏။

ထို့နောက် တရားဝင်လက်ထပ်ထားရသည့် မရီးတော် စတီဖင်ထံသို့လည်း သွားရောက်နှုတ်ဆက်ရပြန်၏။

စတီဖင်၏ သမီးဦးကလေးမှာ ယခုအခါ မျက်လုံးကလေး အဝိုင်းသားနှင့် အလွန်ပင် ချစ်စရာကောင်း၍နေသဖြင့် ဖရန့်က ကလေးကို မွှေးမွှေးပေးခဲ့ရသေး၏။

နောက်တစ်နေ့တွင် ဖရန့်သည် အဒေါ်နှင့် စတီဖင်တို့အား နှုတ်ဆက်ခဲ့ပြီးနောက် ပို့စ်မောက်သို့ ချက်ချင်းပင် ပြန်ခဲ့၏။

ထို့နောက် သူသည် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် အာဂိုသင်္ဘောသို့ တိုက်ရိုက်သွားရောက်ရာ ဆာရောဘတ်အခန်းနှင့်ကပ်လျက် သူ့အတွက် အခန်းတစ်ခန်း စီစဉ်ထားကြောင်း တွေ့ရ၏။ သို့နှင့် သူသည် စိတ်အေးလက်အေးပင် အထုပ်အပိုးများကို အခန်းထဲ၌ နေရာချထားခဲ့ပြီးနောက် မြို့ထဲသို့ ပြန်၍ထွက်ခဲ့လေသည်။

ညနေစောင်းတွင် ဗြိတိသျှသံအမတ်ကြီး၊ ၎င်း၏အတွင်းရေးမှူးနှင့် ဗိုလ်ချုပ်ဗီလ်ဆင်တို့သည် မြင်းလှည်းတစ်စီးဖြင့် ရောက်ရှိလာကြရာ နောက်တစ်နေ့နံနက်၌ အာဂိုသင်္ဘော ကုန်းပတ်ပေါ်တွင် အသင့်ရှိနေကြ၏။

ခရီးမှာ ရှည်လျားသဖြင့် ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှတော့၏။ သင်္ဘောသည် ဂျီဘရော်လတာ ရေလက်ကြားကို ဖြတ်ပြီး နောက်သုံးရက်မျှအကြာ ဇွန်လကုန်ခါနီးတွင် ကွန်စတင်တီနိုပယ်မြို့သို့ ဆိုက်ရောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကွန်စတင်တီနိုပယ်မြို့တွင် တစ်လခန့် အချိန်ဖြုန်း၍ နေရပြန်၏။ နပိုလီယံသည် နယ်ခြားကိုဖြတ်ရာတွင် သူတို့ ထင်သည်ထက် ရက်ပေါင်းများစွာ နောက်ကျနေပြီဖြစ်ရာ ထိုအချိန်ထိ 'နေ' တပ်မကြီးသည် ပြင်သစ်နှင့် ရုရှပြည်နယ်ခြား၌ပင် ရှိနေသေး၏။ ရုရှတပ်များကလည်း ငြိမ်သက်လျက် ရှိကြလေသည်။

ဇူလိုင်လ ၁၄ ရက်နေ့တွင် ဗြိတိန်နှင့် ရုရှတို့သည် မဟာမိတ်စာချုပ်၊ စီးပွားရေးစာချုပ်နှင့် စစ်ရေးစာချုပ်များကို ချုပ်ဆိုအတည်ပြုကြ၏။

ဆာရောဘတ်သည် စစ်ရေးစာချုပ်များအတွက် ဇူလိုင်လ ၂၇ ရက်နေ့တွင် ရုရှစစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဂရမ်းဗီဗီယနှင့် တွေ့ပြီးနောက် ဘူချာရက်၌ စစ်ဘက်ကွန်ဂရက် အစည်းအဝေးသို့ တက်ခဲ့ရသေး၏။

ထိုစာချုပ်များကို အတည်ပြုရန် သံအမတ်ကြီးထံသို့ ပို့ပေးရ၏။ ထို့နောက် ဖရန့်ကို ခေါ်ပြီးလျှင် မြင်းကိုယ်စီဖြင့် ရုရှပြည်မြောက်ပိုင်းကို ထွက်ခဲ့ကြရာ နေ့ရောညပါ မြင်းများကို နှင်ခဲ့ကြသဖြင့် ဆမိုလက်မြို့ကို ပြင်သစ်တို့ ဝင်ရောက်တိုက်ခိုက်သည့်နေ့၌ပင် အချိန်မီရောက်ရှိသွားကြရာ ထိုမြို့၌ ရုရှဧကရာဇ်ကို တွေ့ရလိမ့်မည်ဟု မျှော်လင့်သော်လည်း ဧကရာဇ်မှာ စိန့်ပီတာစဘတ်တွင် ရှိနေသဖြင့် မတွေ့ရချေ။

ထိုအချိန်၌ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘာကလေနှင့် လက်အောက်အရာရှိများ စိတ်ဝမ်းကွဲလျက်ရှိရာ လက်အောက်အရာရှိများသည် ကျူးကျော်လာသော ပြင်သစ်တို့အား နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်တိုက်ခိုက်လိုကြသော်လည်း ဘာကလေကမူ ပရိယာယ်ဖြင့် စစ်ဆုတ်ပေးလိုက်၏။

ဤသို့ဖြင့် ရုရှနယ်မြေ အမြောက်အမြားကို ပြင်သစ်တို့လက်သို့ မခုခံဘဲ ပေးအပ်လိုက်ရ၏။ ထိုအချက်သည်ပင် သဘောကွဲလွဲသော အချက် ဖြစ်လေသည်။

နောက်တစ်နေ့နံနက်စောစော၌ ဆာရောဘတ်နှင့် ဖရန့်တို့မှာ တူမီးသေနတ်သံများကြောင့် အိပ်ရာမှ လန့်နိုးလာကြ၏။

သို့နှင့် သူတို့သည် မြင်းကိုယ်စီစီးကာ စစ်ဦးစီးချုပ် ဘာကလေရှိသော တောင်ကုန်းပေါ်သို့ အမြန်သွားကြလေသည်။

ရောက်သောအခါ စခန်းတွင် ဘာကလေ၏ သက်တော်စောင့်နှင့် တွေ့ရလေရာ ၎င်းမှာ ယမန်နေ့ကပင် ဖရန့်နှင့် သိကျွမ်းပြီးဖြစ်လေသည်။

ဆာရောဘတ်သည် ၎င်းတို့နှစ်ယောက်အား တိုက်ပွဲဖြစ်ပွားရာသို့ အနီးကပ် ကြည့်ရှုလေ့လာရန် စေလွှတ်လိုက်လေသည်။





သို့နှင့် သူတို့နှစ်ယောက်သည် မြင်းကိုယ်စီစီးကာ မြို့ပြင်ဘက် မြစ်ဆီသို့သွားကြစဉ် ဖရန့်က အကဲစမ်းလိုသည့်သဘောဖြင့် ရုရှသက်တော်စောင့်အား–

"တိုက်ပွဲကတော့ တော်တော် ပြင်းထန်ပုံပဲနော်"

"ပြင်သစ်တွေ ဆမိုလက်ကို မရမချင်း ပြင်းထန်မှာပဲ။ လိုအပ်တဲ့အချိန် စစ်ကူပို့ဖို့ မြို့ထဲမှာ စစ်သား ၂၀၀၀၀ ကျော် ရှိသေးတယ်။ ဒါပေမဲ့ အခုတော့ မလိုသေးပါဘူး။ ပြင်သစ်တွေဟာ သူတို့ထင်သလောက် ကျုပ်တို့တပ်တွေကို မထိုးဖောက်နိုင်ဘူး"

သူတို့သည် မြစ်ကူးတံတားကို ဖြတ်ကျော်၍ တိုက်ပွဲတွင် ကြီးကြပ်တိုက်ခိုက်သော ဗိုလ်ချုပ်ဒေါတောရီးထံ တိုက်ရိုက်သွားရောက်တွေ့ဆုံလေသည်။ ရုရှသက်တော်စောင့်က ဗိုလ်ချုပ်အား အလေးပြုပြီးနောက် –

"ဗိုလ်ချုပ်အနေနဲ့ အခုစစ်ကူလိုပါသလားလို့ စစ်ဦးစီးအရာရှိချုပ်က မေးလိုက်ပါတယ်။ နောက်ပြီး ဗိုလ်ချုပ်ကလည်း တိုက်ပွဲအခြေအနေကို ၁၀ မိနစ်တစ်ကြိမ် ဆက်သားလွှတ်ပြီး သတင်းပို့စေချင်တယ်လို့ မှာလိုက်ပါသေးတယ်"

ထိုအခါ ဗိုလ်ချုပ်ဒေါတောရီးက ပြင်သစ်တို့သည် အလုံးအရင်းနှင့် မတိုက်သေးဘဲ ဆင်ခြေဖုံး ရပ်ကွက်များကိုသာ မဆိုစလောက် တိုက်နေကြသေးသဖြင့် ယခုလောလောဆယ် စစ်ကူမလိုသေးကြောင်းဖြင့် မိန့်ကြားလေသည်။

ထို့နောက် ဘာကလေ၏ သက်တော်စောင့်က –

"ဗိုလ်ချုပ်ခင်ဗျား ... ဟောဒီက ဗြိတိသျှစစ်ဘက်အရာရှိတစ်ဦးနဲ့ မိတ်ဆက်ပေးခွင့်ပြုပါ။ သူဟာ ရုရှပြည်အတွက် စစ်သံမှူးအဖြစ် ရောက်ရှိလာတဲ့ ဗိုလ်ချုပ် ဆာရောဘတ်ဝီလ်ဆင်ရဲ့ သက်တော်စောင့် အရာရှိ ဖရန့်ဂုတ် ဖြစ်ပါတယ်" ဟု မိတ်ဆက်ပေးလေသည်။

ဗိုလ်ချုပ် ဒေါတောရီးက ဖရန့်ကို အသိအမှတ်ပြုရင်း –

"ဟာ ... ကောင်းတယ်၊ ကောင်းတယ်။ အခုနေ ခင်ဗျား ရောက်လာတာ အတော်ပဲ။ တိုက်ပွဲကတော့ အနီးကပ်တိုက်ပွဲတွေအထိ ဖြစ်နေပြီ"

ထို့နောက် ဗိုလ်ချုပ်ဒေါတောရီးက တိုက်ပွဲကို အနီးကပ်ကြည့်ရှုလေ့လာပါက အဖော်တစ်ယောက် ထည့်လိုက်မည့်အကြောင်း ပြောရာ ဖရန့်က သဘောတူသဖြင့် တပ်ကြပ်ကြီးတစ်ဦးကို သူနှင့်အတူ ထည့်လိုက်၏။

ဖရန့်၏ရည်ရွယ်ချက်မှာ တိုက်ပွဲများကို အနီးကပ်လေ့လာပြီးနောက် အစီရင်ခံရလျှင် ဆာရောဘတ်ဝီလ်ဆင်သည် မိမိအားပို၍နှစ်သက် သဘောကျလိမ့်မည်ဟူသော ရည်ရွယ်ချက်ပင် ဖြစ်လေသည်။

ထို့နောက် သူသည် ရုရှသက်တော်စောင့်အရာရှိအား သူ့အဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နေရစ်ခဲ့သည်ကို ဆာရောဘတ်အား အစီရင်ခံပေးပါမည့်အကြောင်း မှာကြားလိုက်ပြီးလျှင် ဗိုလ်ချုပ်ဒေါ်တောရိုး စီစဉ်ပေးလိုက်သည့်အတိုင်း တပ်ကြပ်ကြီးတစ်ဦးနှင့်အတူ တိုက်ပွဲဖြစ်ပွားရာသို့ မြင်းကို ဒုန်းစိုင်းထွက်သွားကြလေ သည်။

သို့သော် တိုက်ပွဲမှာ အနီးကပ်တိုက်ပွဲဖြစ်ပြီးလျှင် ရှုပ်ထွေးနေသဖြင့် နီးနီးကပ်ကပ် လေ့လာခွင့်မရခဲ့ချေ။ အကျအဆုံးကား များလှ၏။

ထို့နောက် သူသည် အချိန်အတန်ကြာမှ စစ်မြေပြင်မှ ပြန်ခဲ့ပြီးလျှင် ဗိုလ်ချုပ်ဒေါ်တောရိုးအား နှုတ်ဆက်ပြီးနောက် စစ်ဦးစီးချုပ်ရှိရာ တောင်ကုန်းသို့ ပြန်ခဲ့လေသည်။

ဖရန့်သည် ဆာရောဘတ်ထံသွား၍ အနီးကပ်တိုက်ပွဲကို မိမိကြည့်ရှုလေ့လာခဲ့ကြောင်း၊ ယခုအချိန်ထိ တစ်ဘက်နှင့်တစ်ဘက် အင်အားကို အစွမ်းကုန် မသုံးကြသေးကြောင်း စသည်ဖြင့် အစီရင်ခံလေသည်။

သို့နှင့် လေးနာရီခန့်ကြာသောအခါ ဖရန့်သည် ဆာရောဘတ်၏ အမိန့်ဖြင့် ရှေ့တန်းစစ်မြေပြင်သို့ သွားရောက်ကြည့်ရှုရပြန်ရာ တစ်ဘက်နှင့်တစ်ဘက် တုမီးသေနတ်များဖြင့် ပစ်ခတ်နေသည့် တိုက်ပွဲကို တွေ့ရပြန်လေသည်။

ရုရှတို့သည် ပြင်သစ်တပ်များကို ရှုပ်ရှုပ်ချုံချုံ ခုခံကြသော်လည်း ပြိုကွဲထွက်လာသည်ကို တွေ့ရသဖြင့် ဆာရောဘတ်ထံပြန်၍ အစီရင်ခံရပြန်လေ သည်။

ထိုအချိန်၌ ဆာရောဘတ်သည် မှန်ပြောင်းတစ်လက်ဖြင့် ပြင်သစ်တပ်ရှိရာ တောင်ကုန်းပေါ်သို့ တစ်ချိန်လုံးကြည့်ရှုလျက်ရှိနေ၏။

သို့ရှိစဉ် ပြင်သစ်တို့သည် တောင်ကုန်းပေါ်သို့ အမြောက်ကြီး ၁၀ လက်ကို ဆွဲတင်ပြီးနောက် မြစ်ကို ဖြတ်ထားသည့် တံတားများရှိရာသို့ ချိန်ထားသည်ကို တွေ့မြင်ရကြောင်း၊ မြစ်ကူးတံတားများကို သူတို့ဖျက်ဆီးနိုင်က မြို့စောင့်တပ်မှာ အထီးနာတော့မည်ဖြစ်သဖြင့် မိမိတို့ဘက်မှ အမြောက်များကို ပြင်သစ် အမြောက်တပ်ရှိရာ တောင်ကုန်းသို့ချိန်ထားလျှင် ကောင်းမည် ဖြစ်ကြောင်းဖြင့် စစ်ဦးစီးချုပ်ထံ အစီရင်ခံလေသည်။

သို့နှင့် စစ်ဦးစီးချုပ် ဘာကလေသည် ဆာရောဘတ် အကြံပေးသည့် အတိုင်း လက်အောက်အရာရှိ ကာနယ်စတီလိုက်ကို ခေါ်ပြီးလျှင် အမြောက်ရှစ် လက်ကို ယူလာစေ၍ ဆာရောဘတ် နေရာချထားပေးသည့်အတိုင်း တပ်ဆင်ရန် အမိန့်ပေးလိုက်၏။

သို့နှင့် ဆာရောဘတ်၊ ကာနယ်စတီလိုက်နှင့် ဖရန့်တို့သုံးယောက်သည် မြင်းကိုယ်စီဖြင့် အမြောက်တပ်ရှိရာသို့ ဒုန်းစိုင်းသွားကြပြန်၏။





ထိုစခန်းသို့ရောက်သည့်အချိန်၌ပင် ပြင်သစ်ဘက်မှ အမြောက်များဖြင့် စတင်ပစ်ခတ်ကြတော့၏။ အမြောက်ကျည်ဆံများသည် တံတားသို့ တိုက်ရိုက် မထိမှန်သော်လည်း အနီးတစ်ဝိုက်ရှိ ရေထဲသို့ ကျသဖြင့် ရုရှစစ်သားတို့မှာ ကစဉ့် ကလျား ပြေးသွားကာ အလုပ်များကြရလေသည်။

အမြောက်တပ်တာဝန်ခံဗိုလ်မှူးသည် စစ်ဦးစီးချုပ်၏ အမိန့်ရလျှင်ရချင်း အမြောက်ရှစ်လက်ကို အမြောက်ပစ်သမားများနှင့်တကွ ဆာရောဘတ်လက်သို့ အပ်လိုက်လေသည်။

အမြောက်များကို တောင်ကုန်းပေါ်သို့ ခဲရာခဲဆစ် တင်ကြရ၏။ သို့သော် လူအင်အားကောင်းသဖြင့် ၁၀ မိနစ်ခန့်အကြာတွင် ပစ်မှတ်များကို ချိန်ကာ အသင့်နေရာချထားပြီး ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ဆမိုလက်မြို့အတွင်း နေရာအနှံ့အပြား မီးစွဲ လောင်လျက်ရှိရာ ရုရှစစ်သားတို့မှာ စစ်တိုက်ရင်း တစ်ဘက်မှ မီးသတ်နေကြ ရ၏။

ရုရှတို့ဘက်မှ ပစ်လိုက်သော အမြောက်ဆံများကြောင့် ပြင်သစ်စစ် တပ်မှာလည်း အတော်ပင် ခံ၍နေရလေသည်။ ရုရှတို့၏ လက်နက်တင်ရထားလုံး များကိုလည်း ထိမှန်သဖြင့် ပေါက်ကွဲကုန်ကြ၏။

အမှန်သော် ရုရှတို့သည် ဆမိုလက်မြို့ကို မော်စကိုကဲ့သို့ အထွတ် အမြတ်ထားသဖြင့် ဤမြို့ကျဆုံးလျှင် မော်စကိုအတွက် လုံခြုံမှုမရှိတော့ကြောင်း ရုရှတို့သိပြီးဖြစ်၏။

သို့ဖြစ်၍ သူတို့သည် ခွန့်ခွန့်စားစား ကြံ့ကြံ့ခံနေကြခြင်း ဖြစ်လေသည်။ ယခုမူ ပြင်သစ်တို့က ဆမိုလက်ကို မီးလောင်တိုက်သွင်းလေပြီ။

ထို့နောက် ဆာရောဘတ်နှင့် ဖရန့်တို့သည် မြင်းကိုယ်စီဖြင့် ဗိုလ်ချုပ် ဘာကလေရှိရာ တောင်ကုန်းပေါ်သို့ ပြန်ရောက်လာကြသောအခါ ရုရှတပ်ခွဲ တစ်ခုသည် လက်နက်ကိုင်စီဖြင့် ဆင်းလာကြပြီးလျှင် မြစ်တစ်ဘက်ကမ်းသို့ ဖြတ်ကူးသွားသည်ကို တွေ့ကြရ၏။

သို့နှင့် ဆာရောဘတ်က ယခုကူးသွားသော တပ်မှာ မည်သူ့တပ်ဖြစ် ကြောင်း တောင်ကုန်းပေါ်ရှိ စစ်ဗိုလ်တစ်ဦးအား မေးမြန်းရာ ထိုစစ်ဗိုလ်က –

"မင်းသားကြီး အုဂျီနီတပ်မက တပ်ခွဲတစ်ခုပါ။ ပြင်သစ်တွေက ဖိပြီး တိုက်လာကြပြီလေ။ ဗိုလ်ချုပ် ဒေါ်တောရိုးတပ်တစ်တပ်တည်းနဲ့ မထိန်းနိုင်တော့ ဘူး။ မကြာခင် ပြင်သစ်တွေဟာ မြို့တံခါးကို ဝင်စီးကြတော့မယ်ဆိုတာ သေချာ နေတာပဲ" ဟု ပြောပြသဖြင့် သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၇ နာရီတွင် ပြင်သစ်တို့သည် အလုံးအရင်းဖြင့် မြို့တံခါးဆီသို့ ချဉ်းကပ်လာရာ မြို့ပြင်၌ရှိသော ရှုရှုတပ်သည် မြို့ထဲသို့ ပြန်လည်ဆုတ်ခွာသွား၏။ ထိုအချိန်၌ တစ်ဘက်နှင့်တစ်ဘက် အမြောက်များနှင့် ပစ်ခတ်ခြင်းကို ရပ်ဆိုင်းထားကြလေသည်။

ညပိုင်းတွင် စစ်ဦးစီးချုပ် ဘာကလေက သူ၏တပ်များကို ဆုတ်ခွာပေးရန် အမိန့်ထုတ်ပြန်လိုက်သောအခါ တပ်မှူးအချို့သည် ဆာရေဘတ်ထံ ရောက်လာပြီးနောက် ခေါင်းဆောင်ဖြစ်သူက –

"ကျွန်တော်တို့က မကျေနပ်ဘူး ဗိုလ်ချုပ်။ အခု ကျွန်တော်တို့ နယ်ခြားဒေသကနေ ဒီအထိ တပ်ဆုတ်ခဲ့ရပြီ။ ကျွန်တော်တို့ပိုင် နယ်မြေတွေ အတော်များများ စွန့်လွှတ်ခဲ့ရပြီ။ ဒါတွေအားလုံးဟာ ဘုရင်မင်းမြတ်ရဲ့ အမိန့်တစ်စုံတစ်ရာ မပါဘူး။ စစ်ဦးချုပ်ရဲ့ အမိန့်ပါ။ စစ်ဆုတ်ပေးတယ်ဆိုတာက ကျွန်တော်တို့သတ္တိကို အလွဲသုံးစား လုပ်ရာကျပါတယ်။ ကျွန်တော်တို့တော့ နဖူးတွေ့ဒူးတွေ့ တိုက်လိုက်ချင်ပါတယ်။ ဆက်ပြီး တိုက်ဖို့မလိုဘူးဆိုရင်လည်း ဘုရင်မင်းမြတ် ကိုယ်တိုင် ပြင်သစ်စစ်ဘုရင် နပိုလီယန်နဲ့ စစ်ပြေငြိမ်းရေး စာချုပ်ချုပ်လိုက်ရုံပဲ ရှိတော့တယ်။ ဗိုလ်ချုပ်ကို အခု လာတွေ့တာကတော့ ကျွန်တော်တို့ရဲ့ သဘောထားကို ဗိုလ်ချုပ်ကိုယ်တိုင် စိန့်ပီတာစဘတ်မှာ ရှိနေတဲ့ ဘုရင်မင်းမြတ်ကို လျှောက်ထားပေးဖို့ပါပဲ ခင်ဗျာ" ဟု အားလုံးနှင့်အတူ တစ်ညီတစ်ညွတ်တည်း တိုင်တန်းပြောကြားလေသည်။

ဆာရေဘတ်သည် တပ်မှူးတို့ တိုင်တန်းသော စကားများကို နားထောင်ပြီးနောက် –

"တကယ်တော့ ဗိုလ်ချုပ်ကြီးဘာကလေကို စစ်ဦးချုပ်ခန့်ထားတာဟာ ခင်ဗျားတို့ ဘုရင်ဧကရာဇ်ပဲ မဟုတ်လား။ သူ့ရဲ့အမိန့်ဟာ ဘုရင်မင်းဧကရာဇ်ရဲ့ အမိန့်ပေါ့။ အခုအခါ သူ့စကားကို နားမထောင်တဲ့ လူဟာ ဘုရင်မင်းမြတ်ကို တော်လှန်ပုန်ကန်ရာကျတာပေါ့။ ဗိုလ်ချုပ်ကြီး ဘာကလေဟာလည်း တကယ့် အတွေ့အကြုံနဲ့ ပြည့်ဝတဲ့ စစ်ဦးစီးချုပ်တစ်ယောက်ပဲ။ သူ စစ်ဆုတ်ပေးတာဟာလည်း ကျူးကျော်လာတဲ့ ပြင်သစ်စစ်တပ်ကို ကြောက်လို့ ဆုတ်ပေးတာတော့ မဟုတ်ပါဘူး။ သူလည်း တိုင်းပြည်နဲ့လူမျိုးအတွက် အသက်လှူထားတာပဲ။ ဒီတော့ သူ့ဆုံးဖြတ်ချက်တွေဟာ သေနင်္ဂဗျူဟာ နည်းပရိယာယ်ကြောင့်ပေါ့။ အခုနေအခါ ကျွန်တော်ဟာ မဟာမိတ်စစ်သံမှူးတစ်ယောက်အနေနဲ့ ဗိုလ်ချုပ်ဘာကလေကို အကြံဉာဏ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အမိန့်တွေကို ဝေဖန်စရာအကြောင်း မရှိပါဘူး။ သူပေးတဲ့ အမိန့်ကို ခင်ဗျားတို့ တစ်သဝေမတိမ်း လိုက်နာကြပါ။ အကျိုးသက်ရောက်မှုကို ကျွန်တော်တို့ မြင်ရမှာပေါ့။ သူလုပ်တာ မမှား





ပါဘူး။ မှားယွင်းလို့ တကယ်အရေးကြုံလာရင်တော့ ကျွန်တော်ကိုယ်တိုင် သူ့ကို ထိန်းပေးမှာ စိတ်ချပါ" ဟု မိန့်ကြားကာ တပ်မှူးများအား နှစ်သိမ့်လေသည်။

သို့ဖြင့် တပ်မှူးများသည် ဆာရေဘတ်အား ကျေးဇူးတင်ကြောင်း ပြော၍ပြန်သွားကြသည်။

ထိုည၌ ဆာရေဘတ်သည် မိမိတဲအတွင်းသို့ ဝင်လာသော ဖရန့်ဝှတ်ကို ကြည့်ရင်း –

"ဒီညတော့ တို့နားရလိမ့်မယ်။ ဒီညဟာ ဆမိုလက်မှာ တို့နောက်ဆုံးနေရမယ့်ည ဖြစ်နိုင်တယ်။ တပ်ဆုတ်တယ်ဆိုတာ အကျအဆုံးမရှိဘဲ အောင်မြင်အောင် ဆုတ်နိုင်ဖို့ အရေးကြီးတယ်။ ရန်သူကသိရင် တပ်ပျက်သည်အထိ ဖြစ်သွားနိုင်တယ်" ဟု ပြောလိုက်၏။

နောက်တစ်နေ့တွင် ရှုရှုတို့သည် ပြင်သစ်တို့အား ခုခံရင်း မော်စကိုသို့ သွားသည့် လမ်းအတိုင်း တပ်ဆုတ်သွားကြ၏။

ဆာရေဘတ်နှင့် သူ၏ကိုယ်ရံတော်ဖရန့်တို့သည် ဇာဘုရင်အား အကျိုးအကြောင်း လျှောက်ထားရန် စိန့်ပီတ်စဘတ်သို့ ထွက်သွားလေသည်။

သို့သော် ဘုရင်ကြီးမှာ ဆွီဒင်ပြည်သို့ သွားရောက်နေချိန်ဖြစ်သဖြင့် ချက်ချင်း မတွေ့ရချေ။ (ဇာဘုရင်နှင့် ဆွီဒင်ဘုရင်တို့ ချစ်ကြည်ရေး စာချုပ်ကို ဩဂုတ်လ ၂၄ ရက်နေ့တွင် ချုပ်ဆိုသည်။)

စိန့်ပီတာစဘတ်သို့ ဇာဘုရင်ပြန်ရောက်လာပြီးနောက် ဆာရေဘတ်အား သူ၏ညစာစားပွဲသို့ ဖိတ်ခေါ်ပြီးလျှင် တိုက်ပွဲ အခြေအနေများကို မေးမြန်းစုံစမ်းလျက်ရှိ၏။

သို့နှင့် ဆာရေဘတ်က ဆမိုလက်တွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲများ အကြောင်းကိုလည်းကောင်း၊ နောက်သို့ မိမိတို့စစ်ဆုတ်ပေးခဲ့ရသဖြင့် တပ်မှူး၊ ဗိုလ်မှူးများက စစ်ဦးစီးချုပ် ဘာကလေအပေါ်တွင် မကျေနပ်ပုံကိုလည်းကောင်း အသေးစိတ် အစီရင်ခံလေသည်။

ဘုရင်ကြီးသည် ဘာကလေအပေါ်တွင် တကယ်ပင် ယုံကြည်အားကိုးခဲ့သည် မှန်သော်လည်း ဤမျှလောက် တပ်ဆုတ်ပေးနေသည်ဆိုသောအခါ သူ၏ စံနန်းတော်ရှိရာ မော်စကိုမြို့အတွက် စိုးရိမ်လာမိတော့၏။

သို့နှင့် ဘာကလေပေါ်တွင် မကျေမနပ်ဖြစ်ကာ သူ၏နေရာတွင် မာရှယ်ကူတူဆောကို အစားထိုး ခန့်ထားလိုက်လေသည်။

ဤသို့ဖြင့် ဇာဘုရင်သည် ဆာရေဘတ်နှင့် ပိုမိုရင်းနှီးလာကာ တိုက်ပွဲသတင်းများကို နေ့စဉ် အစီရင်ခံစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူဇနီမြို့သို့ ဆာရောဘတ်အသွားတွင် ဘုရင်ကြီးက အောက်ပါအတိုင်း မိန့်ကြားလေသည်။

"ကျုပ်ရဲ့ စစ်တပ်ကြီးကို ပြောလိုက်ပါ။ ကျုပ်ဟာ ဘယ်သောအခါမှ စစ်ဘီလူးနပိုလီယံကို လက်နက်မချဘူး။ စစ်ပြေငြိမ်းရေးစာချုပ် မချုပ်ဘူးလို့။ နောက်ဆုံး ကျုပ်စစ်ရှုံးသွားလို့ရှိရင်လည်း ဆိုက်ဗေးရီးယားနယ်မှာ အာလူး သွားစားနေမယ်လို့"

ဤသို့ဖြင့် ဆာရောဘတ်၏ ကိုယ်ရံတော် ဖရန့်သည် လူဇန်မြို့တိုက်ပွဲတွင် အတက်ကြွဆုံး ပါဝင်တိုက်ခိုက်ခဲ့လေသည်။

***



## ၁၄

ပြင်သစ်တို့သည် ဆမိုလက်မြို့သို့ သိမ်းရန် အဝင်၌ အလွန်ကြမ်းတမ်းသဖြင့် မြို့တစ်မြို့လုံးမှာ ပြာပုံမျှသာ ကျန်ရစ်ခဲ့တော့၏။

သို့နှင့် ပြင်သစ်တို့အပေါ်တွင် ရုရှလယ်သမားများသည် နောက်ကွယ်တွင် ပြင်သစ်တို့အား ရရာလက်နက်ဖြင့် တိုက်ခိုက်ကြတော့၏။

ဤသို့အားဖြင့် သူတို့ရောက်လေရာ အရပ်တိုင်းတွင် လွင်တီးခေါင်ချည်းသာ ကျန်ရစ်ခဲ့လေသည်။

ရုရှတို့ကလည်း သူတို့ ဆုတ်လေရာ အရပ်တိုင်းတွင် ပြင်သစ်တို့ အသုံးမချနိုင်ရန် မြေလှန်စနစ်ကို ကျင့်သုံးကြ၏။ အချို့စစ်တပ်များကလည်း ကိုယ်ယောင်ဖျောက်၍ သွားကြ၏။

ကျွဲ၊ နွား၊ ကြက်ငှက်များနှင့် စားနပ်ရိက္ခာများကိုပါ ရှာဖွေ၍ မတွေ့ရတော့ချေ။

ထို့ကြောင့်လည်း ပြင်သစ်တို့သည် အမျက်ထွက်ကာ စိတ်လိုက်မာန်ပါ ရောက်လေရာတွင် ဖျက်ဆီးခြင်း ဖြစ်၏။

ဤသို့ဖြင့် ပြင်သစ်တို့မှာ သူတို့ကိုယ်တိုင် စားနပ်ရိက္ခာအတွက် အခက်အခဲ ကြုံလာပြီးလျှင် ရိက္ခာတပ်များ နောက်မှ မရောက်မချင်း ရှေ့သို့ မတိုးနိုင်အောင် ရှိနေတော့၏။

ထွေးထွေးနွေးနွေးနားနေရန်ပင် နေရာဟူ၍ မရှိတော့ချေ။ ယခု စစ်ပွဲမှာ ဥရောပစစ်ပွဲများတွင် အဆိုးရွားဆုံးဟု စံချိန်သစ်တင်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖြတ်သန်းလာရာ လမ်းတစ်လျှောက်တွင် ပျက်စီးနေသည့် တိုက်တာအိမ်ယာများ၊ ခြေပြတ်၊ လက်ပြတ်နှင့် သေနေကြသည့် ရုရှစစ်သားများနှင့် လယ်သမား အလောင်းများကို တွေ့ရသောအခါ ဂျူလီယံမှာ စစ်ထဲသို့ လိုက်မိသည်မှာ မှားလေပြီဟုပင် နောင်တရမိတော့၏။

ဤသို့သာသိလျှင် အော်လင်းထောင်တွင် အကျဉ်းသားဘဝဖြင့် နေလိုက်ချင်သေး၏။ သူ၏ဆိုးရွားလှသော ကံကြမ္မာကိုသာ အပြစ်တင်မိတော့၏။

စစ်တိုက်ခြင်းဆိုသည်မှာ တစ်ဘက်နှင့်တစ်ဘက် စစ်သားအချင်းချင်းသာ တိုက်ခိုက်သတ်ဖြတ်ရမည် ဖြစ်သော်လည်း အပြစ်ကင်းမဲ့သော ရွာသူရွာသားများပါ ယခုကဲ့သို့ အသေဆိုးသေရသည်ကို ဂျူလီယံမှာ မကြည့်ရက်နိုင်အောင်ရှိတော့၏။

မော်စကိုသို့ ချီတက်ရာလမ်းတစ်လျှောက်လုံး မြို့ရွာများတွင် အပျက်အစီးများသာတွေ့ရ၍ မိမိတို့ဘက်မှ ဖျက်ဆီးသွားသည်ဟု ပထမထင်မိသော်လည်း ရုရှတို့ကိုယ်တိုင် ဖျက်ဆီးသွားကြောင်း နောင်အခါမှ သိရတော့၏။

ရုရှတို့သည် ပြင်သစ်တို့အား ဘိုရိုဒီနိုမြို့မှ ခုခံရန် အသင့်ပြင်နေကြသည်ဆိုသဖြင့် ပြင်သစ်စစ်သားများမှာ စိတ်ဓာတ်အား မာန်တက်ကြွလာကြပြန်၏။

ထိုမြို့၌ပင် နပိုလီယံသည် နောက်မှ ရိက္ခာတပ်များကို စောင့်ဆိုင်းရင်း သူ၏ရဲဘော်များ အားအင်ဖြည့်တင်းအနားယူရန် တပ်ကို နှစ်ရက်ခန့် ရပ်နားခွင့်ပေးလိုက်လေသည်။

စက်တင်ဘာလ ၁၄ ရက်နေ့တွင် နပိုလီယံ၏ တပ်များသည် စစ်ကြောင်းသုံးကြောင်းခွဲပြီးလျှင် မာရွတ်၏ မြင်းသည်တော်တပ်က ရှေ့မှ ဦးဆောင်ကာ ချီတက်သွား၏။

သို့သော် လမ်းခုလတ်တွင် ရုရှတို့၏ပြောက်ကျားတပ်များက အလစ်တွင် ဝင်၍တိုက်ခိုက်ခြင်းများကို ခံရတတ်၏။ ရုရှတို့ အခိုင်အမာ တပ်စွဲထားသည့် ဘိုရိုဒီနိုမြို့မှာ လက်ယာဘက်တွင် မြစ်ရှိ၍ လက်ဝဲဘက်တွင် တောင်ကတုံးများရှိနေ၏။ ရုရှတို့သည် မြို့ကို အခိုင်အမာ ပြုသည့်အပြင် မြို့ပြင်ပတ်ဝန်းကျင်၌လည်း ကတုတ်ကျင်းများ တူး၍လည်းကောင်း၊ ခံတပ်များဆောက်၍လည်းကောင်း ပြင်သစ်တို့အား တိုက်ခိုက်ရန် စောင့်ဆိုင်းလျက်ရှိကြ၏။

နိုဝင်ဘာ ၅ ရက်နေ့ညနေတွင် နပိုလီယံသည် မြို့ပြင်ရှိ ရုရှတပ်များကို တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်စေ၏။

ရုရှတို့ဘက်မှလည်း အသင့်ပြင်ဆင်ပြီးဖြစ်သဖြင့် ကြံ့ကြံ့ခံကြ၏။ ပြင်သစ်တို့က အလုံးအရင်းဖြင့် ဝင်လာသောအခါ ရုရှတို့က ခေတ္တဆုတ်ခွာပေး





ရသကဲ့သို့ ရုရှတို့ဘက်မှ စစ်ကူရောက်လာပြန်လျှင်လည်း ပြင်သစ်တို့အား မောင်းထုတ်နိုင်လေသည်။

ညဉ့်နက်သောအခါမှ တိုက်ပွဲများ ရပ်စဲသွားရာ နှစ်ဖက်စလုံးတွင် အကျအဆုံး အလွန်များလှတော့၏။

နောက်တစ်နေ့နံနက်တွင် နပိုလီယံသည် သူကိုယ်တိုင် ရှေ့တန်းကို ကျော်၍ မြို့၏အခြေအနေနှင့် ရုရှတပ်များ၏ အခြေအနေတို့ကို အသေးစိတ် လေ့လာလျက်ရှိ၏။

ရှေ့သို့ ဆက်ရမည့်ခရီးကလည်း ရှိသေးသဖြင့် သူ့တွင် အချိန်များစွာ မရှိချေ။ ၇ ရက်နေ့နံနက်၌မှ ရှေ့တန်းနှင့်အနီးကပ်ဆုံးနေရာ ရွာတစ်ရွာသို့ ရောက်သွားပြီးလျှင် သူကိုယ်တိုင် တိုက်ပွဲကိုကြီးကြပ်ရန် ရွာပြင်ဘက်တွင် ကတုတ်ကျင်းများ တူးစေ၍ တစ်ကျင်းလျှင် အမြောက် ၂၄ လက် တပ်ဆင်ထား၏။

ဒါဗောက်စစ်တပ်နှင့် နေတပ်မဟာတို့သည် ရန်သူ၏ ရှေ့တည့်တည့်မှလည်းကောင်း၊ ဘယ်ဘက်မှပန်း၍လည်းကောင်း အတင်းဝင်၍ စီးရမည်ဖြစ်၏။

ကျန်တပ်များသည် ရုရှတပ်များ၏ ညာဘက်မှနေ၍ အယောင်ပြရုံမျှသာ တိုက်ခိုက်ရန် စီစဉ်ထားလေသည်။

ရုရှဘက်မှ ဗိုလ်ချုပ်ကြီးသုံးဦး ကွပ်ကဲအုပ်ချုပ်သည့် စစ်တပ်ကြီး သုံးတပ်ကလည်း အသင့်နေရာယူထားပြီးဖြစ်ရာ အရေအတွက်အားဖြင့် ပြင်သစ်တို့ဘက်၌ စစ်သည်အင်အား စုစုပေါင်း ၁၂၀၀၀၀ ရှိ၍ ရုရှတို့ဘက်တွင် ၈၀၀၀၀ မှ ၉၀၀၀၀ ခန့်သာ ရှိတော့၏။

အမြောက်များမှာ ပြင်သစ်တို့ဘက်တွင် ၁၀၀၀ ကျော်၍ ရုရှတို့ဘက်တွင် ၆၄၀ သာရှိလေသည်။ ၇ ရက်နေ့နံနက်တွင် နပိုလီယံ၏ အစီအစဉ်အတိုင်း တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားတော့၏။

ကင်းပတ်မြို့တွင် နေတပ်မဟာက နေရာယူပြီးနောက် နပိုလီယံ၏ အဆိုးအဖြတ်အတိုင်း ပြင်သစ်တို့သည် မဆင်ခြင်တော့ဘဲ ဝင်ရောက်တိုက်ခိုက်ရာ ရုရှတို့ကလည်း တစ်လက်မမျှ နောက်သို့ဆုတ်မပေးဘဲ အသေခံ၍ ခုခံကြသဖြင့် တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်ပြီးလျှင် အကျအဆုံးလည်း များလှတော့၏။

ထို့နောက် ရုရှတို့သည် ခံစစ်သို့ ရုတ်တရက် ပြောင်းသွားပြန်၏။ ဘိုရိုဒီနိုမြို့သို့ ပထမဦးစွာ ဝင်၍စီးမိသော ဘုရင်ခံ၏တပ်မသည် ခြေလျင် တပ်ရင်းတစ်ခုကို မြို့စောင့်တပ်အဖြစ် ထားခဲ့၍မြစ်ကို ဖြတ်ကူးပြေးသော ရုရှတပ်များနောက်သို့ လိုက်လံတိုက်ခိုက်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ ဖောက်ဝင်လာသော ဗိုနီယာတိုစကီး၏ တပ်မှ သတင်းမရသေးသဖြင့် နပိုလီယံသည် နေတပ်မဟာနှင့် ဒါဘောက်စ်တပ်မကို ရှေ့သို့ ဆက်လိုက်ရန် အမိန့်မပေးချေ။

ဘုရင်ခံတပ်သည် ဆုတ်ခွာသွားသော ရုရှတပ်များနောက်သို့ လိုက်လံတိုက်ခိုက်၍ တစ်ရွာပြီးတစ်ရွာ သိမ်းပိုက်နိုင်သော်လည်း ရုရှတို့ကိုယ်တိုင် မြေလှန်စနစ်ကို သုံးခဲ့သဖြင့် အပျက်အစီးများကိုသာ တွေ့ရတော့၏။

ဘုရင်ခံ၏တပ်သည် ရုရှတို့နောက်သို့ ဆက်မလိုက်တော့ဘဲ အမြောက်များဖြင့်သာ တရစပ် ပစ်ခတ်လျက်ရှိတော့၏။

ထိုအချိန်တွင် ရုရှတို့ဘက်ကလည်း တပ်များ စုစည်းမိပြီဖြစ်သဖြင့် နောက်သို့ မဆုတ်တော့ဘဲ ခုခံလျက်ရှိရာ ရုရှတို့ဘက်မှ ရဲစွမ်းသတ္တိရှိသူ ဗိုလ်ချုပ်တစ်ဦး ကျဆုံးပြီးသောအခါမှသာ နောက်သို့ ဆုတ်ခွာသွားလေသည်။

ထိုနေ့ နေ့လယ် ၁၂ နာရီအထိ ပြင်သစ်တို့သည် မည်သည့်ဒေသကိုမျှ အမာခံမရသေးဘဲ ရှေ့သို့သွားတိုင်း ၊ အခက်အခဲနှင့်သာ ကြုံနေရသဖြင့် နပိုလီယံသည် အမြောက် ၄၀၀ ဖြင့် သူ၏စစ်တပ်ကို ကျော်ကာ ရုရှတပ်များ ရှိရာသို့ တရစပ် ပစ်ခတ်ပေးနေ၏။

သို့ရှိစဉ် ရုရှတို့ဘက်သို့ ကော့ဆက်မြင်းတပ်များ ရောက်ရှိလာရာ ရုရှတို့သည် နောက်သို့ဆုတ်မပေးသည့်ပြင် ရှေ့သို့ပင် တိုးရန် ကြိုးစားလျက်ရှိလေသည်။

ထိုအချိန်တွင် ပြင်သစ်တို့ဘက်မှ အမြောက် ၄၀၀ ဖြင့် ပစ်ခတ်လျက်ရှိရာ ရုရှတို့ဘက်ကလည်း အမြောက် ၃၀၀ ဖြင့် တန်ပြန်ပင် ပစ်ခတ်လျက်ရှိနေ၏။

ပြင်သစ်တို့မှာ ရှေ့သို့တိုးတိုင်း မအောင်မြင်ဘဲ နောက်သို့ လန်၍လန်၍သာ သွားတော့၏။

ထိုတိုက်ပွဲတွင် ဗိုလ်ချုပ်ဘာဂရေးရှင်းနှင့် အခြားဗိုလ်ချုပ်အချို့ ပြင်းထန်စွာ ဒဏ်ရာရသွားသဖြင့် တိုက်ပွဲမှ ထုတ်ယူသွားရ၏။

သို့နှင့် ဗိုလ်ချုပ် ဘာဂရေးရှင်း၏နေရာတွင် ဗိုလ်မှူး ကိုနိုဝစ်ဆန်က တာဝန်ယူရ၏။ သူသည် ရာထူးပင် ငယ်သော်လည်း အထက်အရာရှိများ လုံးဝမရှိတော့သဖြင့် သူ့အား ခန့်အပ်ရခြင်းဖြစ်၏။

ထို့နောက် သူသည် ချက်ချင်းပင် ရှေ့တန်း၌ တိုက်ပွဲဝင်နေသည့် တပ်များကို နောက်သို့ဆုတ်ရန် အမိန့်ပေးပြီးလျှင် ရုရှတို့၏ခံတပ်သုံးခုကိုလည်း စွန့်ခွာရန် အမိန့်ပေးလိုက်၏။





ထို့နောက် ဆီမီနေ့စကီးရွာသို့ရောက်သောအခါ ထိုရွာကို ဌာနချုပ်ပြုလုပ်၍ ရန်သူဘက်မှ အခြေအနေကို စုံစမ်းထောက်လှမ်းလျက် ရှိလေသည်။

ပြင်သစ် မြင်းသည်တော်တပ်အချို့သည် ရုရှတပ်ကို ဘယ်ဘက်မှ ပန်း၍ အတင်းဝင်ရောက်တိုက်ခိုက်ရာ ရုရှသံချပ်အကျီဝတ် မြင်းတပ်နှင့် ရင်ဆိုင်တိုးသဖြင့် မထိုးဖောက်နိုင်ဘဲ တပ်လန်၍ သွား၏။

ဘုရင်ခံတပ်ကိုမူ အင်အားတောင့်တင်းသည့် ရုရှကော့ဆက်မြင်းသည်တော်တပ်က ထိုးဖောက်တိုက်ခိုက်လာသဖြင့် အခြေအနေမှာ ပြောင်းပြန်ဖြစ်သွားတော့၏။

ဤသို့ဖြင့် ဘုရင်ခံတပ်မှာ မူရင်းနေရာသို့ ရောက်သည်အထိ ဆုတ်ပေးလိုက်ရလေသည်။ နစ်ဖက်အကျအဆုံးကားများ လှတော့၏။

ရုရှတို့က ပြင်သစ်တို့အား အာရုံပြောင်းစေရုံမျှသာ တိုက်ခြင်းဖြစ်၍ ဘုရင်ခံတပ်ကိုလိုက်၍ မတိုက်တော့ဘဲ နောက်သို့ ပြန်၍ လှည့်သွားတော့၏။

သို့နှင့် ဘုရင်ခံတပ်သည် မြစ်ကို ဖြတ်ပြီးနောက် ဖရန့်ရောက်ခဲ့သော ရုရှခံတပ်များကို ပြန်လည်တိုက်ခိုက်ရန် ကြိုးစားတော့၏။

ထိုအချိန်တွင် မာဂွတ်၏ မြင်းတပ်ရောက်လာ၍ အကူအညီပေးရာ ရှေ့တွင် ကန့်လန့်ခံနေသည့် ရုရှမြင်းတပ်မှာ ပြုတ်ပြုတ်ပြန်း၍ သွားတော့၏။

သို့ရှိစဉ် ဂေါ်ကီမြို့တွင် ကတုတ်ကျင်းများ တူး၍ အသင့်ပြင်ထားသော ရုရှတပ်က ဘုရင်ခံတပ်နှင့် မာဂွတ်တပ်ကို လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိတော့၏။

နပိုလီယံ၏ ခြေလျင်တပ်များကလည်း မကြာမီ ဂေါ်ကီမြို့ကို ခပ်လှမ်းလှမ်းမှ ဝိုင်းရံထားလေသည်။

နပိုလီယန်က ဆက်လက်တိုက်ခိုက်ရန် ညွှန်ကြားမည်ပြုသောအခါ လက်အောက်တပ်မှူးများက ပြင်သစ်ဘက်တွင် အကျအဆုံးများနေသဖြင့် ချက်ချင်း မတိုက်ဘဲ စစ်သည်များကို အနားပေးသင့်ကြောင်း တင်ပြကြရာ ညနေ ၃ နာရီတွင် နပိုလီယံ အမိန့်ဖြင့် တပ်များမှာ နားနေခွင့်ရသွားကြ၏။ ဤသို့ဖြင့် တိုက်ပွဲမှာ ရပ်ဆိုင်းသွားလေသည်။

ထိုအချိန်တွင် ရုရှတို့မှာ ၎င်းတို့၏ခံတပ်သုံးခု ပြင်သစ်လက်သို့ ကျသွားပြီဖြစ်၏။ ဘုရင်ခံတပ်ကလည်း ခံတပ်တစ်ခုကို တက်ရောက်သိမ်းပိုက်၍ အခိုင်အမာ တပ်စွဲထားပြန်၏။

ညဘက်တွင် ပြင်သစ်တပ်တို့သည် သေနင်္ဂဗျူဟာသဘောဖြင့် ဘိုရိုဒီနိုမြို့အထိ ခြေရာဖျောက် တပ်ဆုတ်ပေးလိုက်ကြပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်မျှ ဆက်တိုက် တိုက်ခိုက်ခဲ့သော တိုက်ပွဲအတွင်း နှစ်ဘက်စလုံးမှ စစ်သည် ၄၀၀၀၀ ထက်မနည်း အကျအဆုံး ရှိခဲ့၏။ နောက်တစ်နေ့ နံနက်တွင် ရုရှဘက်မှ စစ်ဦးစီးချုပ် တာဝန်ကို ထမ်းဆောင်စဖြစ်သော ဗိုလ်ချုပ်ကူတူဆောကမူ တပ်ဆုတ်ရန်သာ စဉ်းစားလျက်ရှိ၏။ ဗိုလ်ချုပ်တင်နီဆန်းသည် ကူတူဆောအား ဤသို့ တစ်ရှိန်ထိုးတပ်ဆုတ်မပေးဘဲ ကယ်လူဂါသို့သာ တပ်ဆုတ်၍ ထိုမှတစ်ဆင့် ပြင်သစ်တို့ကို ခုခံလျှင် စစ်ကြောင်းတစ်မျိုး ပြောင်းသွားနိုင်ကြောင်း တင်ပြ၏။

ကယ်လူဂါခံတပ်သည် အလွန်ခိုင်ခံ့၍ ပြင်သစ်တို့အား ကောင်းစွာ ခုခံနိုင်၏။ အကယ်၍ ထိုနေရာအထိ ပြင်သစ်တို့ ရောက်လာလျှင်လည်း နပိုလီယံသည် သူ၏တပ်များနှင့် အဆက်ပြတ်၍ သွားနိုင်လေသည်။

အကြံပေးကြသည်မှာ ကောင်းသော်လည်း ဗိုလ်ချုပ်ကူတူဆောသည် လက်အောက်ငယ်သားတပ်မှူးတို့၏ စကားကို ငြင်းပယ်ကာ မော်စကိုသို့ တပ်ဆုတ်သွားရန်သာ အမိန့်ထုတ်ပြန်လေသည်။ ဤသို့ဖြင့် ပြင်သစ်တို့ကလည်း ထပ်ကြပ်မကွာ နောက်မှလိုက်၍ တိုက်လေတော့၏။

တိုက်ပွဲသည် သူတို့မှန်းဆသည်ထက် ကြာမြင့်လာသောကြောင့်လည်းကောင်း၊ ချီတက်ရာတွင် နှောင့်နှေးလာသောကြောင့်လည်းကောင်း ရုရှပြည်၏ ပြင်းထန်လှသော ဆောင်းဥတု ဒဏ်ကြောင့်လည်းကောင်း ပြင်သစ်တပ်တို့မှာ အဖက်ဖက်မှ ဒုက္ခရောက်လျက်ရှိကြ၏။ ရုရှ၏ ဆောင်းဥတုမှာ ပြင်းထန်လှသဖြင့် ပြင်သစ်စစ်သားတို့မှာ အနွေးထည်များပင် မလုံမလောက် ဖြစ်၍နေတော့၏။

တစ်ချိန်တည်းမှာပင် အစားအသောက်ကလည်း ရှားပါးလာသဖြင့် သူတို့၏ တစ်ခုတည်းသော အားထားရာ ရိက္ခာမှာ ကျဆုံးသွားသော မြင်းများကို ဖျက်ကာ မြင်းသားကို ဖြစ်သလိုကင်၍ စားနေရတော့၏။ ပေါင်မုန့်မှာ ဝစားမျှစားပင် စား၍ မလောက်တော့ချေ။

ဖိနပ်များမှာလည်း မိုင်ပေါင်းမြောက်မြားစွာ ချီတက်ခဲ့ရသဖြင့် ပေါက်ပြဲ စုတ်ပြတ်ကုန်တော့၏။ အချို့မှာ ဖိနပ်ပင် မရှိတော့ချေ။ သူတို့၏ တစ်ခုတည်းသော အားထားချက်မှာ မော်စကိုသို့ အမြန်ရောက်ရန်သာ ဖြစ်၏။

မော်စကိုသို့ရောက်လျှင် နွေးထွေးစွာ နားရပေလိမ့်မည်။ ထို့ကြောင့်ပင် သူတို့အားလုံးသည် မိုင် ၅၀ မျှ ခရီးကို မမောမပန်းနိုင် ချီတက်လာကြလေသည်။

လမ်းတစ်လျှောက်တွင် ကျိုးပဲ့နေသည့် အမြောက်ကြီးများ၊ လက်နက်ခဲယမ်းမီးကျောက် သေတ္တာများ၊ တုမီးသေနတ်များ၊ စစ်ဝတ်စစ်စားများ ပြန့်ကျဲ





နေသည်ကို တွေ့ရ၏။ တစ်ဘက်နှင့်တစ်ဘက် အလောင်းများကို မကောက်နိုင်ဘဲ ပစ်ထားခဲ့ရသည့် စစ်သည်အလောင်းတို့မှာလည်း အလောင်းချင်း ထပ်နေတော့၏။

ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ အစားအသောက် ရှားပါးမှုကြောင့်လည်းကောင်း၊ ကျန်းမာရေးချို့တဲ့မှုကြောင့်လည်းကောင်း၊ ရောဂါဘယ ထူပြောမှုကြောင့်လည်းကောင်း စစ်သည်များစွာတို့မှာ ခုမြင်ခုပျောက် ဖြစ်နေကြ၏။

ဥရောပတစ်ခွင် တိုက်ပွဲတစ်ရာကျော် တိုက်လာခဲ့သည့် စစ်သားဟောင်းကြီးများပင် ဤမျှကြောက်မက်ဖွယ်ကောင်းသည့် စစ်ပွဲကို မနွှဲခဲ့ဖူးကြချေ။

ထိုအချိန်၌ ပြင်သစ်ဘက်မှ အကျအဆုံးများကို အတိအကျ စာရင်းကောက်မည်ဆိုက ကြောက်ဖွယ်လိလိပင် ဖြစ်တော့၏။ တပ်မှူးရှစ်ယောက်ကျဆုံး၍ တပ်မှူး ၃၀ မှာ အပြင်းအထန် ဒဏ်ရာရ၍ ဆက်လက် မတိုက်နိုင်တော့ဘဲ စစ်ဗိုလ်ငယ်များ အကျအဆုံးမှာ ၂၀၀၀ ပင် ရှိန်းချေပြီ။

ဂျူလီယံတပ်မှ ဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးတို့ပင် ကျဆုံးကြလေပြီ။ တပ်ခွဲတွင် နံပါတ် ၆ အဆင့်ရှိသော ဗိုလ်ကလေးက တပ်ကို အုပ်ချုပ်နေရလေပြီ။

ညဉ့်သို့ရောက်၍ တပ်နားမည်ပြုသောအခါ တပ်သားများသည် မိမိတို့အသက်ရှင်ရေးအတွက် ကျောပိုးအိတ်တွင်းပါသည့် မြင်းသားခြောက်များကို ရှေနှင့်ကျိုက်၍ ချကြရ၏။

သို့နှင့်ပင် မဝတဝ ဖြစ်နေသေးသဖြင့် လူသေအလောင်းကောင်များ၏ ကျောပိုးအိတ်များအတွင်းမှ အစားအစာများကို ရလိုရငြား ရှာဖွေစားသောက်ကြပြီးလျှင် နားနေခွင့်ရသည့် အချိန်ကလေးများသည်ပင် သူတို့အဖို့ နိဗ္ဗာန်ဘုံသို့ ရောက်နေသကဲ့သို့ ထင်ကြတော့၏။ ထိုအတွင်း တိုက်ခတ်လာသည့် လေမှာလည်း ရိုးတွင်းခြင်ဆီသို့တိုင်အောင် အေးလှတော့၏။ ရသမျှ ထင်းများ၊ သေတ္တာပျက်များ၊ လှည်းပျက်များကို မီးပုံ၍ရှို့ကာ မီးလှုံ၍နေကြရ၏။

ထိုမီးပုံ၌ပင် မြင်းသားများကို ကင်ကြရ၏။ အစာအနည်းငယ် စားပြီးကြသောအခါ တိတ်ဆိတ်နေရာမှ အတန်ငယ် စိတ်ရွှင်လန်း၍လာကာ စကားပြောနိုင်ကြတော့၏။

တပ်ထဲသို့ရောက်သောအခါမှ မိတ်ဆွေဖြစ်ရသော ဂျူလီယံ၏ သူငယ်ချင်းက –

"ကျုပ်တို့တစ်သက်တော့ ဒီလောက်ရှည်လျားပြီး ဒုက္ခရောက်တဲ့ တိုက်ပွဲမျိုး မတွေ့သေးဘူး။ နောက်ထပ်လည်း ဒီလိုတိုက်ပွဲမျိုး တွေ့မယ် မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရုရှတွေကလည်း ခေါင်းမာကြလို့ ကျုပ်တို့ ဆက်တိုက်ရဦးမှာပဲ။ နောက်ဆုံးတော့ ကျုပ်တို့ပဲ အနိုင်ရမှာပါပဲလေ"

"နက်ဖြန် ကျုပ်တို့ တိုက်ပွဲဝင်ရဦးမှာပေါ့နော်"

"ဒါကတော့ ရုရှတွေအပေါ်မှာ တည်တယ်လေ။ သူတို့တစ်တွေ ခုခံနေသမျှတော့ ကျုပ်တို့က ဆက်တိုက်ရဦးမှာပေါ့။ မော်စကို ရောက်တဲ့အထိ ဆက်တိုက်ရဦးမှာပဲ။ ဒီလိုပြောနိုင်တာကတော့ နက်ဖြန် နပိုလီယံဟာ သူ့ရဲ့လက်ရွေးစင် လူ ၂၀၀၀၀ တပ်ကိုထုတ်ပြီး တိုက်တော့မှာမို့ ပြောနိုင်တာ။ နောက်ဆုံးခဏ အနားပေးပြီး နွေဦးပေါက်ရာသီကျမှ တိုက်ရမယ်ဆိုရင် ဒီထက်ပိုပြီး တိုက်နိုင်မယ်။ အခုအချိန်မှာတော့ အားလုံးစိတ်ပန်းကိုယ်ပန်း ဖြစ်နေကြပြီ။ ကျွန်တော်ဖြင့် သေနတ်သံတောင် မကြားချင်တော့ဘူး"

"ကျွန်တော်လည်း ခင်ဗျားလိုပါပဲဗျာ။ တကယ်တော့ ကျွန်တော်က စိတ်ကုန်နေပါပြီ။ မော်စကိုရောက်ရင်တော့ အေးအေးဆေးဆေး နားရချည်ရဲ့လို့ မှန်းပြီး ဒီတိုက်ပွဲတွေ ဆက်တိုက်နေရတာပဲ။ အခုမှတော့ မထူးတော့ဘူး မဟုတ်လား"

"မော်စကိုကို ကျုပ်တို့စီးမိရင်လည်း ရုရှတွေက စစ်ပြေငြိမ်းရေး စာချုပ်ချုပ်တော့မှာပေါ့။ သူတို့ဘက်မှာ ဘာရှိတော့လို့လဲ။ တစ်ပြည်လုံး ကုန်နေပြီပဲ"

"ဒီလိုတစ်ထစ်ချပြောလို့လည်း မရဘူးလေ။ ကျုပ်တို့ သိမ်းပိုက်ခဲ့တဲ့ မြို့ရွာတွေအားလုံးဟာ ကျုပ်တို့ မသိမ်းခင်ဘဲ သူတို့က ပြာချသွားကြတယ်။ ဒီတော့ ကျုပ်တို့မှာ ဘာအကျိုးကျေးဇူးရှိသလဲ။ ကျုပ်တို့မှာ ရိက္ခာရသလား၊ ခဲယမ်းမီးကျောက် ရသလား။ အနွေးထည်ရသလား၊ ခိုလှုံဖို့ အမိုးအကာတောင် မရဘူး မဟုတ်လား။ ဒါဟာ မကောင်းတဲ့ လက္ခဏာပဲ။ သူတို့ စစ်ပရိယာယ်သုံးနေတယ်ဆိုတာ သေချာတယ်"

"ကျုပ်တို့ မော်စကိုကို ရောက်ပြီပဲထား၊ ရုရှတွေဟာ အညံ့ခံလက်နက်ချလိမ့်မယ်လို့ ကျုပ်မထင်ဘူး။ အခုဆိုရင် သူတို့တစ်တွေဟာ မြို့ရွာပေါင်း ၁၀၀ ကျော်ကို မီးရှို့ပြီးပြီ။ ကျုပ်တို့ မော်စကိုမြို့ကြီးရောက်တဲ့အချိန်မှာလည်း မော်စကိုမြို့ကြီးကို မီးတင်ရှို့ပြီး တပ်ဖျောက်သွားနိုင်လိမ့်မယ် ထင်တယ်။ ရုရှပြည်ကြီးဟာ အကျယ်ကြီးဆိုတော့ ကျုပ်တို့ မသိနိုင်ဘူး။ သူတို့က သိတယ်"

"ဒီအတိုင်းဆိုရင် ကျုပ်တို့တစ်တွေ ပြင်သစ်ကို ပြန်ရောက်ဖို့ အကြောင်းမရှိတော့ဘူး။ လမ်းမှာတင် အစာငတ်ရေငတ်နဲ့ သေပွဲဝင်ကြရမှာပဲ။ ခင်ဗျားစဉ်းစားကြည့်ပါ။ လူတိုင်းလူတိုင်းဟာ ကိုယ့်အိမ် ကိုယ့်ယာကို မီးရှို့ရက်ပါ့မလား။ ဒါပေမဲ့ ရုရှတွေဟာ ပစ်ပစ်ခါခါ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်မြို့ ကိုယ့်ရွာကို မီးတင်ရှို့နေကြပြီ။ ဒီသဘောထားဟာ သူတို့က ဘယ်လောက်





စိတ်ဓာတ်ပြင်းထန်သလဲ ညီညွတ်သလဲဆိုတာ ပြတာပဲ။ နောက်ဆုံး မော်စကိုမြို့ပြာပုံကြီးကို ကြည့်ပြီး ကျုပ်တို့ ပြန်ရမယ်ဆိုရင် လမ်းမှာတင် ကပ်သုံးပါးဆိုက်ပြီး သေကုန်ကြမှာပဲ"

သူတို့ တွေးဆထားသည့်အတိုင်း နောက်တစ်နေ့နံနက်၌ပင် ရုရှတို့စတည်းချသွားသည့်နေရာတွင် မီးခိုးတအူအူ ကျန်ရစ်ခဲ့သည်ကိုသာ တွေ့ရတော့၏။

တပ်များကား ခြေရာဖျောက်သွားလေပြီ။ ဆက်လက်ချီတက်ကြရာ ၁၄ ရက်နေ့ နံနက်စောစောတွင် နပိုလီယံသည် မော်စကိုမြို့ကြီးကို ဘွားခနဲ မြင်တွေ့လိုက်ရတော့၏။

သို့သော် ဗိုလ်ချုပ် ကူတူဆောသည် မြို့အဝင်ဝမှနေ၍ အလုံးအရင်းဖြင့် အခိုင်အမာ ခုခံလျက်ရှိရာ ထိုအချိန်မှာ သူ့အတွက် နောက်ဆုံး ခုခံခြင်းမျိုးဖြင့် ခုခံဟန်ရှိလေသည်။

သူ၏တပ်ပေါက်သွားလျှင်သော်လည်းကောင်း၊ တပ်ဆုတ်ပေးရလျှင်သော်လည်းကောင်း မော်စကိုမြို့ကြီး ကျဆုံးပေတော့မည်။

ကူတူဆောသည် ဤကဲ့သို့ မြို့အဝင်ဝမှနေ၍ ခုခံလျက်ရှိရာ ပြင်သစ်တို့ကလည်း တစ်စုတစ်ဝေးတည်း ထိုးဖောက်ရန် တိုက်ခိုက်လျက်ရှိသောကြောင့် ထိုစစ်ပွဲမှာ သုံးရက်ခန့်ကြာ၍ နှစ်ဘက်စလုံး အကျအဆုံး အလွန်များလေသည်။

ထိုအချိန်များအတွင်း မြို့ပြဘက်တာဝန်ခံ အုပ်ချုပ်သူတို့သည် မော်စကိုမြို့ကြီးကို မီးလောင်တိုက်သွင်းပြီး ဖြစ်လေပြီ။

မြို့နေလူထုအားလုံးက ၎င်းတို့၏ ပိုင်ဆိုင်မှုပစ္စည်း အားလုံး၊ ရိက္ခာအားလုံးတို့ကို သယ်ဆောင်စေ၍ ခြေရာဖျောက်ခိုင်းပြီး ဖြစ်လေပြီ။ ရုရှတို့ဘက်မှ ရသမျှ အချိန်ကို စနစ်တကျ သုံးသွားနိုင်ချေပြီ။

ထိုသုံးရက်အတွင်း မော်စကိုမြို့ လူထုမှာ ယာဉ်များဖြင့်တစ်မျိုး၊ ခြေလျင်တစ်မျိုး၊ လယ်သမားများကလည်း နွားလှည်း၊ ပေါင်းမိုးလှည်းကြီးများဖြင့်တစ်မျိုး စသည်ဖြင့် ခြေရာဖျောက်၍သွားကြပြီဖြစ်ရာ ရုံးပြင်ကနားများကိုပင် စနစ်တကျ ရွှေ့ပြောင်းသွားနိုင်ပေပြီ။

ဤသို့ ခြေရာဖျောက် ထွက်ခွာသွားကြသော လူထုမှာလည်း မနည်းလှပေ။ ဆမိုလက်မြို့မှစ၍ ထွက်ခွာလာကြသည့် လူထုပရိသတ်သည်လည်း မော်စကိုလူထုနှင့် ပေါင်းစပ်သွားကြလေသည်။

နောက်ချန်နေရစ်ခဲ့ကြသည့် လူအချို့မှာလည်း ဒဏ်ရာအမျိုးမျိုး ရကာ သေကြေကြရကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်တို့ ရောက်လာရာတွင် အသက်ရှင်လျက်ရှိသည့် ရုရှလူမျိုး တစ်ယောက်တလေကိုမျှ မတွေ့ရတော့ချေ။

တပ်သားများ မြို့တွင်းသို့ ဝင်၍ ရသမျှ ပစ္စည်းများကို လုယက်တိုက်ခိုက်မည်စိုးသဖြင့် ပြင်သစ်တို့ဘက်ကလည်း မည်သည့်စစ်တပ်မျှ အမိန့်တစ်စုံတစ်ရာမရဘဲ မြို့တွင်းသို့ မဝင်ရန် တင်းကြပ်စွာ အမိန့်ထုတ်ထားပြီးလျှင် မြို့ပြင်တွင်လည်း ကင်းစခန်းများ ထူထပ်စွာ ချထားလေသည်။

မာဂွတ်၏ ရှေ့ပြေးမြင်းတပ်သည် မော်စကိုမြို့ထဲသို့ ဝင်သည်နှင့် တစ်ပြိုင်နက် နေရာတိုင်းလိုလိုမှပင် မီးညွန့်များ တက်လာသည်ကို မြင်ကြရ၏။

ဆိုင်ပေါင်း ထောင်သောင်းမျှရှိသော ဈေးကြီးမှာလည်း တစ်မုဟုတ်ချင်းပင် မီးဝါး၍ မော်စကိုမြို့တစ်မြို့လုံးကို ရုရှတို့က မီးလောင်တိုက်သွင်းခဲ့လေပြီ။

ဈေးကြီးပြာကျသွားပြီဖြစ်ရာ အရက်များ၊ အစားအစာများနှင့် အထည်အလိပ် စသည်တို့အားလုံး မီးထဲသို့ ပါသွားတော့၏။

မကြာမီပင် အထက်အာဏာပိုင်များထံမှ အမိန့်ရသဖြင့် ပြင်သစ်တပ်ရင်း ၆ တပ်တို့သည် မီးဝါးနေသော မော်စကိုမြို့တွင်းသို့ မီးသတ်ရန် ချီတက်သွားကြလေသည်။

***



## ၁၅

ယခုအခါ ဂျူလီယံတပ်စုတွင် တပ်စုမှူး၊ တပ်ခွဲမှူးများ ကျဆုံးကြပြီဖြစ်သဖြင့် သူသည် ဒုတိယခေါင်းဆောင်ဖြစ်နေ၏။ ခေါင်းဆောင်မှာ ဗိုလ်ကြီးရနောင်ထင်း ဖြစ်လေသည်။

ညဦးနက်လေလေ အအေးဓာတ်က ပို၍လာလေလေ ဖြစ်သဖြင့် ဆက်လက်ချီတက်ရန် သင့်မသင့် ဗိုလ်ကြီးရနောင်ထင်းနှင့် တိုင်ပင်ရာ ဗိုလ်ကြီးကိုယ်တိုင်မှာ ခြေကုန်လက်ပန်းကျနေပြီဖြစ်သဖြင့် ယခုရောက်ရှိနေသည့်နေရာ၌ပင် ဖြစ်သလို စခန်းချရတော့၏။

ပို၍ညဦးနက်လာသောအခါ အအေးဓာတ်ကလည်း လွန်ကဲလာသည့်ပြင် အနီးတစ်ဝိုက်တွင်လည်း ရုရှတပ်များရှိတော့မည် မဟုတ်သဖြင့် စိုးရိမ်ရန် မရှိဟုထင်ကာ ခေါင်းဆောင်၏ သဘောတူညီချက်အရ သူတို့သည် မီးဖိုကြီးတစ်ဖိုကို ဖိုကြတော့၏။

အမှန်သော် သူတို့သည် နေတပ်မကြီးနှင့် လမ်းလွဲ၍လာခဲ့ရာ ရှေ့သို့ ချီတက်လေလေ တပ်မကြီးနှင့် အလှမ်းဝေးလေလေ ဖြစ်နေ၏။

တပ်မကြီးသည် အရှေ့စူးစူးသို့ ချီတက်လျက်ရှိရာ သူတို့က အရှေ့မြောက်ဘက်သို့ထွက်ခဲ့ကြသဖြင့် တပ်မကြီးနှင့် လေးမိုင်မျှ ဝေး၍နေပြီးလျှင် မော်စကိုမြို့၏ မြောက်ဘက်တောစပ်နှင့် နှစ်မိုင်သာ လိုတော့၏။

အကယ်၍ ဆက်လက်ချီတက်သွားမည်ဆိုလျှင်လည်း တောအုပ်တွင် ပုန်းအောင်းနေခဲ့သည့် ရုရှတပ်များနှင့် ထိပ်တိုက်တိုးပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုကြီးမှ အလင်းရောင်နှင့် အနွေးဓာတ် အတန်ငယ်ရလာသောအခါမှ တစ်ယောက်ကိုတစ်ယောက် မြင်နိုင်ကြပြီးလျှင် ကျန်ရစ်နေသော ရဲဘော်များနှင့် ပျောက်ဆုံးနေသည့် ရဲဘော်များကို ရေတွက်လာနိုင်ကြတော့၏။

စစ်တပ်တို့ ထုံးတမ်းစဉ်လာအရ တပ်စခန်းချသည့် နေရာတွင် ကင်းချထားရန် ဗိုလ်ကြီးရနောင်ထင်းက မေ့လျော့နေလေသည်။

ထိုအချိန်တွင် ဗိုလ်ကြီးရနောင်ထင်းက ဂျူလီယံအား –

"ဒီညတော့ ကျုပ်တို့တစ်တွေ တပ်မကြီးနှင့် အဆက်အသွယ် ရတော့မှာ မဟုတ်ဘူး။ လူတွေက ပင်ပန်းနေကြလေတော့ တပ်တိုင်းလိုလိုဟာ ချီတက်တဲ့ ပုံစံမမှန်တော့ဘူး။ ကျုပ်တို့က မြန်ရင် တပ်မဟာက ကျုပ်တို့နောက်မှာ ကျန်ရစ်ခဲ့မယ်။ ကျုပ်တို့က နှေးနေရင်တော့ တပ်မဟာက ကျုပ်တို့ကိုကျော်ပြီး ရှေ့ရောက်နေမှာပဲ။ အေးလေ ... နက်ဖြန်မနက်ကျမှပဲ ရှာရတော့မယ်" ဟု ပြောဆိုလေသည်။

"မပြောကောင်း မဆိုကောင်း ကျွန်တော်တို့တော့ တပ်မနဲ့ လမ်းလွဲနေပြီလို့ ထင်တယ်"

"လမ်းတော့ မလွဲနိုင်ပါဘူး။ နေ့လယ်ကတောင် မော်စကိုမြို့ကြီးကို ကျုပ်တို့တစ်တွေ တွေ့ခဲ့ရသေးတယ် မဟုတ်လား။ နက်ဖြန် ကျုပ်တို့ မော်စကိုမြို့ကို အရောက်ချီတက်သွားရင် တပ်တွေအကုန်လုံး ပြန်တွေ့ကြမှာပဲ။ ပျောက်သွားတဲ့ ရဲဘော်တွေလည်း အဲဒီမှာ ပြန်တွေ့ရင် တွေ့ရမယ်။ ဒီညတော့ ကျုပ်တို့အားလုံး ပန်းနေကြပြီ နားကြရအောင်"

ထိုအခါ ဂျူလီယံက မတ်တတ်ထ၍ ရပ်လိုက်ပြီးနောက် –

"သဘောတူပါတယ် ဗိုလ်ကြီး၊ ဒါပေမဲ့ ထုံးစံအတိုင်း ကင်းချဖို့ ကျွန်တော် စီစဉ်လိုက်ပါဦးမယ်" ဟု ပြောရာ –

ဗိုလ်ကြီး ရနောင်ထင်းက သူ့လက်ကို ဆွဲကာ ပြန်၍ထိုင်ခိုင်းပြီးလျှင်–

"ခင်ဗျားရဲ့ တာဝန်ကျေပွန်မှုနဲ့ လုံ့လဝီရိယကို လေးစားပါတယ် ဂျူလီယံ၊ ဒါပေမဲ့ ဒီညကင်းချဖို့ မလိုပါဘူး။ ဒီလောက် ဟာလာဟင်းလင်း ကွင်းပြင်ကြီးမှာ ဘယ်ရန်သူမှ ချဉ်းကပ်မလာနိုင်ပါဘူး။ လာရင်လည်း ရုရှတပ်တွေ မဖြစ်နိုင်ပါဘူး။ သူတို့ ခွေးပြေးဝက်ပြေး ထွက်ပြေးကုန်ကြပြီပဲ။ ပြင်သစ်တပ်တွေဟာ ရောက်ချင်ရောက်လာမှာ" ဟု ပြောလိုက်လေသည်။

ဗိုလ်ကြီးရနောင်ထင်း၏ အတွေးအခေါ်ကို ဂျူလီယံက သဘောမကျလှသော်လည်း လက်ခံလိုက်ရ၏။

သူကိုယ်တိုင်မှာ မလှုပ်ချင် မရှားချင်အောင် တစ်ကိုယ်လုံး ကိုက်ခဲနေသဖြင့် အားပြည့်လာစေရန် တစ်ရေးလောက် အိပ်ရေးဝဝကြီး အိပ်ချင်နေ၏။





အခြားရဲဘော်များလည်း ထိုနည်းတူပင် ဖြစ်ခြိမ့်မည်။ ဤမျှချမ်းသောညတွင် ကင်းစောင့်ရန်တာဝန်မှာ ဝန်လေးလှတော့၏။

မကြာမီ ရဲဘော်အားလုံးနှင့်တကွ ဗိုလ်ကြီးရနောင်ထင်း ပါ သမ်းဝေငိုက်မျဉ်းလာကြပြီးနောက် မီးပုံဘေးတွင် အိပ်ပျော်သွားကြရာ ဂျူလီယံနှင့် ရဲဘော်တစ်ယောက် နှစ်ယောက်သာ မအိပ်သေးဘဲ ကျန်နေ၏။

ကင်းမချခြင်းသည်ကား သူတို့၏ မဟာအမှားတော်ကြီးပင် ဖြစ်တော့၏။ သူတို့၏ မီးဖိုကြီးသည် ရန်သူများအား လမ်းပြဖိတ်ခေါ်၍ နေသည် မဟုတ်ပါလော။

ဂျူလီယံ မအိပ်မီအချိန်ကလေးအတွင်း၌ပင် ပြင်သစ်တပ်များ ရောက်မလာဘဲ တစ်နေရာမှ ရုရှတပ်များ ဘွားခနဲ ပေါ်၍လာပြီးလျှင် တပ်သားများအား တရကြမ်းဝင်၍ ထိုးခုတ်ကြတော့၏။

ဤသို့ဖြင့် အပြင်ဘက်မှ စစ်သည် ၁၀ ဦးခန့် လည်ပင်းပြတ်သွားသောအခါမှ ဝရုန်းသုန်းကားဖြစ်ကာ အိမ်မှုန်စုံမွှားဖြင့် အားလုံး နိုးလာကြတော့၏။ ခုခံရန်လည်း အချိန်မရကြတော့ချေ။

ဤသို့လျှင် မိနစ်ပိုင်းအတွင်း အားလုံးလိုလိုပင် သေပွဲဝင်ကြရတော့၏။ ရုရှတို့ဘက်ကလည်း ပြင်သစ်တပ်များ ရောက်လာမည်စိုးသည့်ဟန်ဖြင့် သေနတ်တစ်ချက်မျှ မဖောက်ကြချေ။ ဂျူလီယံတို့ဘက်ကလည်း သေနတ်တစ်ချက်မျှ မဖောက်လိုက်ရချေ။

ဤအချိန်တွင် ဂျူလီယံသည် အမှောင်ထုကို အခွင့်ကောင်းယူကာ ခြေဦးတည့်ရာသို့ ထွက်ပြေးခဲ့တော့၏။

မည်သူကျန်ရစ်၍ မည်သူလွတ်သွားသည်ကိုပင် တစ်ယောက်နှင့် တစ်ယောက် မသိကြတော့ချေ။ ဗိုလ်ကြီးရနောင်ထင်းလည်း ဤပွဲတွင် ကျဆုံးခဲ့လေသည်။

ဂျူလီယံနှင့်အတူ လွတ်လာသည့် အဖော်နှစ်ယောက်တို့မှာလည်း လမ်းတွင် ကျဆုံးကျန်ရစ်ခဲ့ကြတော့၏။

ဤသို့ဖြင့် ဂျူလီယံမှာ ကိုယ်လွတ်ရန်းကာ ခြေဦးတည့်ရာသို့ မရပ်မနား ပြေးခဲ့ရာ တစ်နာရီခန့် ပြေးမိသောအခါ သစ်တောတစ်ခုထဲသို့ ရောက်လာ၏။

အမှောင်ထုမှာ ထူထဲလှသဖြင့် မိမိကိုယ်ကိုပင် မိမိမမြင်ရသေးချေ။ တခိုက်ခိုက်တုန်အောင် အေး၍နေသော်လည်း သူ၏တစ်ကိုယ်လုံးမှာ ချွေးများဖြင့် ရွှဲရွှဲစိုလျက်ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဂျူလီယံမှာ သူ၏နောက်မှ မည်သူမျှ လိုက်မလာသော်လည်း ထမင်းလုံး တစ္ဆေခြောက်ခြင်း ခံရသကဲ့သို့ ရန်သူများ မျက်ခြည်ပြတ်သွားရန် မရပ်မနား ဆက်လက်ပြေးလျက်ရှိရာ မောပန်းခြင်း၊ ကြောက်ရွံ့ခြင်းတို့ကြောင့် အသားများပင် တဆတ်ဆတ် တုန်လျက်ရှိနေ၏။

သူသည် အနီးရှိ သစ်ပင်တစ်ပင်ကို လက်ဖြင့် စမ်းသပ်ကာ မှီ၍နေလိုက်၏။ အသံဗလံဟူ၍လည်း လုံးဝ မကြားရချေ။

ထို့နောက် သူ၏ခြေထောက်များမှာ ပျော့ခွေသွားကာ သစ်ပင်ခြေရင်း၌ပင် ထိုင်ချလိုက်လေသည်။ ဂျူလီယံမှာ မြွေပါးကင်းပါးလည်း မကြောက်နိုင်၊ သားရဲတိရစ္ဆာန်များကိုလည်း မကြောက်နိုင်၊ ရုရှတပ်များကိုလည်း မကြောက်နိုင်တော့ဘဲ သစ်မြစ်ခွကြား၌ပင် အိပ်ပျော်သွားတော့၏။

သူသည် အိပ်ရာမှနိုးလာ၍ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ မှန်ဝါးဝါး အလင်းရောင်အောက်တွင် ဆီးနှင်းများ ထူထပ်စွာကျနေသည်ကို မြင်ရ၏။

အမှန်သော် မိုးစင်စင်လင်းချေပြီ။ သူ၏နံဘေး၌ကား ရုရှစစ်သား နှစ်ယောက် ရပ်နေသည်ကို တအံ့တသြ တွေ့မြင်လိုက်ရ၏။

စစ်သားနှစ်ယောက်သည် သူ၏ရင်ဝကို တူမီးသေနတ်များဖြင့် ချိန်ထားကြလေသည်။

ထိုအခါ စစ်သားတစ်ယောက်က ရုရှဘာသာဖြင့် တစ်စုံတစ်ရာ ပြောလိုက်သည်ကို ဂျူလီယံ နားမလည်ချေ။ သူသည် မလုံမလဲဖြစ်ကာ ထ၍ ထိုင်လိုက်၏။

သူ၏ အဝတ်အစားများမှာ စုတ်ပြတ်နေသော်လည်း ပြင်သစ်စစ်သား ယူနီဖောင်းဖြစ်သည်မှာ ထင်ရှားနေလေသည်။

ထိုအခါ ဂျူလီယံက အင်္ဂလိပ်ဘာသာဖြင့် –

"ကျွန်တော် ဗြိတိသျှလူမျိုးတစ်ယောက်ပါဗျာ"ဟု ပြောရာ သူတို့သည် ဂျူလီယံစကားကို နားလည်ဟန် မတူကြချေ။

သို့နှင့် သူက ပြင်သစ်စကားဖြင့် ကြိုးစားရပြန်၏။ သို့သော် ရုရှစစ်သားများက နားလည်ဟန် မတူချေ။ နောက်ဆုံးတွင် စစ်သားများသည် ဂျူလီယံအား သေနတ်ပြောင်းဖြင့် ထိုးကာ နေရာမှ ထခိုင်းသဖြင့် မတ်တတ်ထ၍ရပ်လိုက်ရ၏။

ထို့နောက် သူ၏နောက်ကျောကို သေနတ်ပြောင်းဖြင့် ထိုးကာ ရှေ့သို့သွားရန် ခြေဟန်လက်ဟန်ပြသဖြင့် ဂျူလီယံမှာ မငြင်းသာတော့ဘဲ ခိုင်းစေသည့်အတိုင်း ပြုလုပ်ရတော့၏။





သို့နှင့် စစ်သားနှစ်ယောက်တို့သည် ဂျူလီယံအား ခရီးပြင်းနှင်၍ခေါ်ဆောင်လာရာ သူတို့သွားနေရသည့်လမ်းမှာ လွင်တီးခေါင်ဟူ၍ မတွေ့ရဘဲ သစ်ကြီးဝါးကြီးများ ထူထပ်နေသည့် တောအတွင်းသို့သာ ဖြတ်သန်းသွားနေရ၏။

တစ်ခါတစ်ရံ တောင်ကုန်းများကိုပင် ဖြတ်ကျော်သွားရသဖြင့် ခရီးမှာ ကြမ်းတမ်းလှ၏။

ဂျူလီယံမှာ ခြေများကိုပင် မသယ်နိုင်လောက်အောင် မောပန်းလာသဖြင့် တစ်ခါတစ်ရံလည်း ခြေကို ဒရွတ်တိုက်၍ သွားနေရရှာ၏။

သူသည် စစ်သားများအား ခေတ္တနားနေရန် အင်္ဂလိပ်၊ ပြင်သစ်ဘာသာ စကားတို့ဖြင့် အသနားခံသော်လည်း စစ်သားများကမူ လုံးဝ နားလည်ဟန်မတူ၊ သူတို့ပြန်၍ ပြောသည့်စကားများကိုလည်း ဂျူလီယံက နားမလည်ချေ။ မည်သည့်နေရာအထိ ဆက်လက်သွားရမည်ကိုလည်း မသိရချေ။

ဂျူလီယံမှာ အစာငတ် ရေငတ်သည့် ဒဏ်များကြောင့် ခြေကို ဒရွတ်တိုက်၍ပင် မဆွဲနိုင်တော့ဘဲ တောင်ကုန်းတစ်ခုအတက်တွင် အားပြတ်၍ လဲကျသွားပြီးနောက် သတိလစ်၍ သွားတော့၏။

သို့ရှိစဉ် ညှာတာခြင်းကင်းမဲ့သော ရုရှစစ်သားနှစ်ယောက်က သူ၏ နောက်ကျောနှင့် နံကြားကို သေနတ်ပြောင်းဖြင့် ထိုးကာ ရှေ့သို့သာ အသွားခိုင်းနေ၏။

တစ်ခါတစ်ရံ သူ၏နံဘေးကို စစ်ဖိနပ်ဖြင့် ကန်ကျောက်ခြင်း ခံရပြန်၏။ တစ်ခါတစ်ရံလည်း သူ၏ဦးခေါင်းကို သေနတ်ဒင်နှင့်ပင် ရိုက်လိုက်သေး၏။

နောက်ဆုံး မသွားနိုင်သည့်အဆုံးတွင် စစ်သားနှစ်ယောက်သည် သူ၏ချိုင်းကြား တစ်ဘက်တစ်ချက်စီမှကိုင်ကာ မြေပေါ်တွင် ဒရွတ်တိုက်ဆွဲ၍ ခေါ်သွားကြလေသည်။

ထိုအချိန်တွင် ဖရန့်ဇုတ်သည် ရုရှတပ်မှူးတစ်ဦးနှင့် စကားပြောလျက်ရှိရာမှ တပ်စခန်းထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သံ ကြားလိုက်ရသဖြင့် ပြတင်းပေါက်မှကြည့်ရာ ရဲဘော်အချို့သည် လူတစ်ယောက်ကို တပ်မှူးရှိရာ ရုံးခန်းသို့ မြေပေါ်မှ ဒရွတ်တိုက် ဆွဲခေါ်လာသည်ကို တွေ့လိုက်ရ၏။

ထိုသူမှာ အဝတ်အစားများ စုတ်ပြတ်ပေရေလျက်ရှိသော်လည်း ဝတ်ထားသည့် အဝတ်အစားမှာ ပြင်သစ်စစ်ဗိုလ်တစ်ဦး၏ ယူနီဖောင်းဖြစ်သည်ကို သိလိုက်ရ၏။ ၎င်းမှာ သတိမရဘဲ မေ့မျောလျက် ရှိနေ၏။

ရုရှနိုင်ငံသို့ ဖရန့်ဇုတ် ယခု ရောက်ရှိနေသော နေရာမှာ တပ်ဆုတ်လာသော ဗိုလ်ချုပ်ဘာကလေ စခန်းချနေသည့် တောတွင်း တစ်နေရာဖြစ်၍ မော်စကိုမြို့နှင့် ၁၄ မိုင်ခန့်သာ ဝေး၏။


www.burmeseclassic.com

www.burmeseclassic.com



ရုရှတို့၏ အစီအစဉ်မှာ ပြင်သစ် စစ်ဘုရင် နပိုလီယံအား မော်စကိုမြို့ကို ပေးအပ်ရစေကာမူ အချိန်ရောက်လျှင် ပြန်လည်တိုက်ခိုက်ရန်အတွက် ခပ်ဝေးဝေး မသွားချေ။

ထိုအချိန်၌ စစ်သေနာပတိချုပ်ရာထူးကို ဗိုလ်ချုပ်ကြီး ဘာကလေက ဗိုလ်ချုပ် ကူတူဆောသို့ လွှဲပြောင်းပေးပြီးဖြစ်သော်လည်း ဘာကလေသည် ကျရာတာဝန်ကို ဆက်လက်ထမ်းဆောင်လျက် ရှိနေ၏။

သို့ရာတွင် တဲ့ခေါ်လာသော စစ်သားနှစ်ယောက်က ယာယီတဲစခန်းသို့ ရောက်သောအခါ မှေးမှောနေသူအား မြေပေါ်သို့ ပစ်ချလိုက်ပြီးနောက် ဘာကလေအား အရိုအသေပြုကာ ရုရှဘာသာဖြင့် အောက်ပါအတိုင်း သတင်းပို့လေ သည်။ ဖရန့်ဇ်မှာ ရုရှဘာသာကို နားလည်ပြီး ဖြစ်၏။

"ကျွန်တော်တို့ သူ့ကို တောစပ်မှာ တွေ့လာပါတယ်။ တွေ့တုန်းကတော့ အိပ်ပျော်နေပါတယ်"

"တစ်ယောက်တည်းလား၊ ဘယ်သူပါသေးသလဲ"

"တစ်ယောက်တည်းပါ၊ ဒီကောင့်ကြည့်ရတာ ကျွန်တော်တို့ တပ်ရှိရာကို လာပြီး ကင်းထောက်တာနဲ့ တူပါတယ်။ သူလျှိုတစ်ယောက်လို့ ထင်ပါတယ်။ သူ့အဆင့်အတန်းကတော့ စစ်ဗိုလ်ပါ"

ထို့နောက် ဘာကလေသည် ထိုင်နေရာမှထ၍ သူ့အားခြေဦးဖြင့် ကော်ကာ ပက်လက်လှန်၍ ကြည့်၏။ ဖရန့်ဇ်မှာလည်း စိတ်ဝင်စားစွာ ကြည့်နေမိ၏။

"ဂျူလီယံ" ဖရန့်ဇ်၏ နှုတ်မှ အာမေဋိတ်သံ ထွက်သွား၏။ သို့သော် သူ၏အသံမှာ တိုးလွန်းသဖြင့် နံဘေးမှ လူများ မကြားလိုက်ကြချေ။

ညီအစ်ကို အရင်းချာများဖြစ်ကြသဖြင့် မည်မျှပင် ရုပ်ပျက်နေသည်ဆိုစေကာမူ ဖရန့်ဇ်သည် ဂျူလီယံအား ကောင်းစွာ မှတ်မိတော့၏။

ဖရန့်ဇ်မှာ မျက်စိမျက်နှာပျက်သွားပြီးနောက် အခြားသူများ မရိပ်မိစေရန်နှင့် အပူရုပ်မပေါ်စေရန် ဖိ၍ထားရ၏။

အချိန်ကြာမြင့်စွာ ရှာဖွေနေသော မိမိ၏အစ်ကိုအား ယခုကဲ့သို့ အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့လိုက်ရသောအခါ ရင်ထဲမှ နာကျင်ကာ မချိတင်ကဲ ခံစား၍ နေရရှာတော့၏။

"မင်းတို့ ဖမ်းလာတဲ့ ပြင်သစ်စစ်ဗိုလ်က မေ့နေရုံတင် မကဘူး၊ မျောတောင် နေပါပကောလားကွ။ မင်းတို့ လမ်းမှာ တော်တော် နှိပ်စက်လာတယ် ထင်တယ်"

စစ်သားတစ်ယောက် –





"ဟုတ်ပါတယ်။ လမ်းမှာ ကျွန်တော်တို့ကို ခုခံဖို့ ကြိုးစားတာနဲ့ ကျွန်တော်တို့လည်း ရိုက်ပုတ်မိပါတယ်"

"ကဲ ... ငါ့မှာ တခြားအလုပ်တွေ ရှိသေးတယ်။ ဒီပြင်သစ်စစ်ဗိုလ်ကို ချုပ်ထားလိုက်၊ သူသတိရတော့မှ စကားပြောမယ်"

ဘာကလေသည် လက်ကိုဝှေ့ယမ်း၍ အမိန့်ပေးလိုက်ရာ စစ်သားနှစ်ယောက်တို့သည် ဂျူလီယံအား တွဲပြီးလျှင် အခန်းပြင်သို့ ထုတ်သွားကြ၏။

ဂျူလီယံမှာ ဦးခေါင်းတွင် ဒဏ်ရာရလာသဖြင့် ရုတ်တရက် သတိရဦးမည် မဟုတ်သေးချေ။

ထို့နောက်ပိုင်းတွင် ဖရန့်ဇ်သည် ဆာရေဘာတ်ဗီလ်ဆင် ခိုင်းစေထားသည့် အလုပ်များကို ဆက်လက်လုပ်ကိုင်နေရသော်လည်း စိတ်ကယောင်ချောက်ခြားဖြစ်ကာ ဘာကလေနှင့် စကားပြောရာ၌ပင် အမှားမှား အယွင်းယွင်း ဖြစ်နေတော့၏။

မိမိအစ်ကိုအား မည်ကဲ့သို့ကယ်ရမည်ကိုလည်း ခေါင်းပူအောင် စဉ်းစား၍ နေမိ၏။ ဂျူလီယံ အသက် ပြန်၍ရှင်မှရှင်ပါ့ဦးမည်လောဟုလည်း စိုးရိမ်နေမိတော့၏။

ဘာကလေအား အဖြစ်မှန်ကို ဖွင့်ပြောရန် စိတ်ကူးမိသေး၏။ သို့သော် ဤကဲ့သို့ စစ်တိုက်နေသောအချိန်တွင် ညီအစ်ကိုသားအဖ ညှာနိုင်ကြမည် မဟုတ်ချေ။ စစ်ရေးအရ ဆောင်ရွက်သွားရန်သာ ရှိ၏။

ရုရှတို့သည် ပြင်သစ်တို့အပေါ်တွင် ရှုံရှာမုန်းတီး၍ နေကြသည် မဟုတ်လော။ ချက်ချင်း သတ်မပစ်သည်ကိုပင် ကျေးဇူးတင်ရတော့မည်ကဲ့သို့ ရှိနေ၏။

သို့နှင့် ဖရန့်ဇ်သည် ဘာကလေအား နှုတ်ဆက်ကာ ဗိုလ်ချုပ်ကူတူဆော တပ်ရှိရာသို့ မြင်းကို ဒုန်းစိုင်း၍လာခဲ့၏။

ကူတူဆော၏ဌာနချုပ်တွင် ဆာရေဘာတ်ဗီလ်ဆင်ရှိ၍ ၎င်းနှင့်တိုင်ပင်ပြီးလျှင် မိမိအစ်ကိုအား ဖြစ်သည့်နည်းနှင့် မရရအောင် ကယ်ဆယ်ရမည်ဟု စိတ်ကူး၍ လာခဲ့လေသည်။

ထိုနေ့ညနေ၌ပင် ဂျူလီယံသည် သတိလည်လာ၍ အစောင့်များက ပထမ ရေအနည်းငယ် တိုက်ပြီးနောက် အတန်ကြာသောအခါ ဂျုံကြမ်းများ ပြုတ်ထားသည့် အရည်နှင့် ဆတ်သားခြောက် အနည်းငယ်ကို ပေးကြ၍ ထူထူထောင်ထောင် ဖြစ်လာတော့၏။

ထို့နောက် သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ဝါးများဖြင့် ယာယီပြုလုပ်ထားသော အချုပ်ခန်းတစ်ခုအတွင်းသို့ ရောက်နေသည်ကို သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသောအခါ သူ့အား ရဲဘော်နှစ်ယောက်က ဗိုလ်ချုပ် ဘာကလေ ရုံးခန်းသို့ ခေါ်သွား၏။

ဗိုလ်ချုပ် ဘာကလေမှာ သူ၏ရုံးခန်းတွင် ထိုင်နေ၍ မျက်နှာချင်းဆိုင် နံရံပေါ်တွင် စစ်ချီစစ်တက်ရာ နယ်မြေလမ်းကြောင်းများကို ရေးဆွဲထားသည့် ရုရှပြည် မြေပုံကြီးတစ်ပုံ ချိတ်ဆွဲထားရာ အခန်းတွင်းသို့ ဂျူလီယံ ရောက်လာသည်နှင့် တစ်ပြိုင်နက် ထိုမြေပုံကို ဖုံးအုပ်လိုက်လေသည်။

ဂျူလီယံမှာ ဘာကလေ၏ ရှေ့တွင် မတ်မတ်ရပ်နေ၍ တစ်ဘက် တစ်ချက်တွင် စစ်သားနှစ်ယောက် စောင့်ကြပ်လျက်ရှိနေ၏။

ထို့နောက် ဗိုလ်ချုပ်ဘာကလေက – "မင်း ဘယ်ကလဲ"

"ကျွန်တော် ပြင်သစ်စစ်တပ်ကပါ"

"ဘယ်တပ်ကလည်း မေးတာကွ"

"နေတပ်မဟာ 'နဂါး' တပ်စုကပါ"

"ရာထူးအဆင့်အတန်းကော"

"ဗိုလ်ကလေးပါ"

"နာမည်"

"ဂျူလီယံပါ"

"မင်းတစ်ယောက်တည်းလား၊ ဘာလာလုပ်တာလဲ"

"ဟုတ်တယ်၊ ကျွန်တော် တစ်ယောက်တည်းပါ။ ကျွန်တော်တို့ တပ်စုကို ရုရှတပ်တစ်တပ်က ဝင်စီးတာခံလိုက်ရလို့ ကျွန်တော်လည်း ခြေဦးတည့်ရာ ထွက်ပြေးလာရာက အဖမ်းခံရတာပါ"

ဂျူလီယံက အမှန်အတိုင်း ဖြေသော်လည်း ဘာကလေက ယုံကြည်ဟန်မတူချေ။

"ကောင်းပြီ၊ မောင်ရင် ပြင်သစ်လူမျိုးပဲလား"

"မဟုတ်ဘူး ခင်ဗျ။ ကျွန်တော် ဗြိတိသျှ လူမျိုးတစ်ယောက်ပါ"

ဗြိတိသျှဆိုသည်မှာ ရုရှနှင့် မဟာမိတ်ဖြစ်၍ ပြင်သစ်မဟာရန်သူကြီး ဖြစ်လေသည်။

ယခုမူ ဗြိတိသျှလူမျိုးတစ်ယောက်သည် ရုရှကို တိုက်ရန် ပြင်သစ်စစ်တပ်သို့ ဝင်ရောက်အမှုထမ်းနေသည်ကို တွေ့ရသဖြင့် ဗိုလ်ချုပ်ဘာကလေမှာ အံ့အားသင့်၍ သွားလေသည်။

ဘာကလေက အသေးစိတ်မေးသဖြင့် ဂျူလီယံသည် သူ၏အဖြစ်အပျက်နှင့် အဘယ်ကြောင့် နပိုလီယံတပ်သို့ သူရောက်လာရကြောင်းကို ရှင်းပြ၏။





ပထမတွင် ဘာကလေသည် သူ့အား ပြင်သစ်သူလျှိုဟု ထင်မိသော်လည်း ဇာတ်လမ်းလိပ်ပတ်လည်သွားသောအခါ ကိုယ်ချင်းစာမိပြီးလျှင် မျက်နှာထား ပျော့၍ သွားတော့၏။ သို့သော် သူ့အား ပြန်၍ ချုပ်ထားလိုက်လေသည်။

ဤသို့ဖြင့် ဂျူလီယံမှာ ရုရှတို့၏ အချုပ်ခန်းတွင် တစ်ညအိပ်လိုက်ရပြန်၏။ နောက်တစ်နေ့နံနက်တွင် အစာရေစာများ လာရောက်ကျွေးမွေးသဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးကျူးမိလေသည်။

သူ့အား ပြန်၍လွှတ်ပေးရန်မှာမူ မျှော်လင့်ချက် မမြင်ရချေ။ သူ၏ ပြင်သစ်တပ်များကလည်း မည်သည့်နေရာသို့ သူရောက်ရှိနေသည်ကိုပင် သိကြမည် မဟုတ်ချေ။

ဖရန့်သည် ၁၀ မိုင်ခန့်ဝေးသော ကုတူဆော တပ်ရှိရာသို့ မြင်းကို ဒုန်းစိုင်းသွားပြီးနောက် ဆာရောဘတ်ထံ တိုက်ရိုက်သွားကာ အဖြစ်အပျက်အားလုံးကို တင်ပြ၍ ဂျူလီယံအတွက် လွှတ်ရာလွှတ်ကြောင်းများကို တိုင်ပင်လေသည်။

ဆာရောဘတ်သည် အမျိုးမျိုး စဉ်းစား၏။ ဂျူလီယံအား လွှတ်ပစ်ရန်မှာ မိမိကိုယ်တိုင် အမိန့်မပေးနိုင်ချေ။ အကယ်၍ အခွင့်အာဏာရှိစေကာမူ ဗြိတိန် ရုရှဆက်ဆံရေးအပေါ်တွင် ယုံမှားသံသယ ဖြစ်မည် စိုးသဖြင့် ထိုအာဏာကို အသုံးမချရဲချေ။

သူသည် စစ်ဘက်ဆိုင်ရာ သမှုးမျှသာဖြစ်၍ သူ့အထက်တွင် အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးက ရှိသေး၏။

သို့နှင့် ဆာရောဘတ်မှာ ခေါင်းပူအောင် စဉ်းစားသော်လည်း အဖြေမရချေ။

ထိုအခါ ဖရန့်က –

"ဒီလိုကော မဖြစ်နိုင်ဘူးလား ဗိုလ်ချုပ်၊ ဗိုလ်ချုပ်က ဂျူလီယံကို ဘာကလေတပ်ကနေ ဒီကိုရောက်အောင် ခေါ်ပေးပါ" ဟု အလောတကြီး ပြောရာ ဆာရောဘတ်ဝီလ်ဆင်သည် အချိန်အတော်ကြာမျှ လေးနက်စွာ စဉ်းစားပြီးနောက် –

"ဂျူလီယံကို ခွဲထုတ်ဖို့အတွက်တော့ သိပ်မခက်လှဘူး။ ဗြိတိသျှ သံမှူးအနေနဲ့ ဗြိတိသျှ သံ့ပန်းတစ်ဦးကို စစ်ဆေးမေးမြန်းဖို့ တွေ့လိုတယ်ဆိုရင် သူတို့တွေ့ခွင့်ပေးရမှာပဲ။ ရောက်လာပြီပဲထား၊ ဂျူလီယံကို ငါက ဘာဆက်လုပ်ရမှာလဲ။ စစ်အတွင်း နိုင်ငံရေး အရှုပ်အထွေးတွေကြားမှာ ငါ့လက်ထဲက သံ့ပန်းတစ်ဦးကို လွှတ်ပစ်လိုက်ဖို့ အတော်ဝန်လေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် အစီအစဉ်က ဒီလိုပါ။ ဗိုလ်ချုပ်က ဂျူလီယံကို အမိန့် ထုတ်ခေါ်ယူရုံပါပဲ။ ဒါပေမဲ့ သူ့ကို ကျွန်တော်က ဗိုလ်ချုပ်ဆီ အရောက် မခံပါဘူး။ လမ်းမှာတင် ကျွန်တော်ကိုယ်တိုင် ဖြတ်လုပြီး သူ့ကို လွှတ်ပစ်လိုက်မှာပါ။ ဒီတော့ ဗိုလ်ချုပ်ဆီကို ရောက်မလာတဲ့ စစ်သို့ပန်းအပေါ် ဗိုလ်ချုပ်မှာ တာဝန် မရှိနိုင်ပါဘူး" ဟု ဖရန့်သည် မိမိလိုချင်သည့် အဖြေကိုသာ တောင်းဆိုလျက် ရှိလေသည်။

သို့နှင့် နောက်တစ်နေ့နံနက်တွင် ဘာကလေ စစ်တပ်သို့ စာတစ်စောင် ယူလာသည့် သံတော်ဆင့်တစ်ဦး ရောက်ရှိလာ၏။

စာမှာ ဆာရောဘတ်ထံမှ ဖြစ်၍ ဗြိတိသျှစစ်သို့ပန်း ဂျူလီယံအား တွေ့ဆုံစစ်မေးလိုသဖြင့် ကုတုဆော တပ်မသို့ အစောင့်အကြပ်နှင့် ချက်ချင်း ပို့ပေးရန် ဖြစ်လေသည်။ စာကို နှစ်ခေါက်မျှ ဖတ်ပြီးသောအခါ ဘာကလေသည် စာကို လက်ခံလိုက်၏။

သို့နှင့် ဂျူလီယံအား နံနက် ၁၀ နာရီတွင် အစောင့်လေးယောက်နှင့် လိုက်ပို့ကြ၏။ ဂျူလီယံမှာမူ မိမိအား အသက်ရှင်လျက် ပြန်လည်လွှတ်မြောက်ရန် လမ်းမရှိဟူ၍သာ တွေးနေမိ၏။ ယခုလည်း မိမိအား မည်သည့်နေရာသို့ ခေါ်သွားဦးမည် မသိချေ။

ဂျူလီယံအား လိုက်ပို့ကြသည့် အစောင့်လေးယောက်တို့သည် တူမီးသေနတ်များကို ကိုင်ဆောင်ထားကြသော်လည်း ဗြိတိသျှစစ်သံမှူး အလိုရှိသူ အကျဉ်းသားတစ်ယောက် ဖြစ်သဖြင့် သေနတ်နှင့် ချိန်မထားဘဲ လွတ် လပ်စွာ သွားရလေသည်။

သူတို့သည် တောတန်းကို ဖြတ်သွားရသဖြင့် လမ်းတစ်လျှောက်လုံး အရိပ်အာဝါသကောင်းလှသဖြင့် နေပြောက်ပင် မထိုးချေ။

ဂျူလီယံသည် သွားလမ်းလာလမ်းများကို အမှတ်အသားပြုသော်လည်း ကြာသောအခါ မေ့ပျောက်သွားလေသည်။ သွားရသည့်ခရီးမှာလည်း အလွန်ကြမ်းတမ်း၍ တောင်တန်းတောင်ကုန်းများကို ကျော်၍လည်းကောင်း၊ ဆူးချုံများကို ရှင်း၍လည်းကောင်း၊ စမ်းချောင်းများကို ကူး၍လည်းကောင်း၊ ချောက်များကို ဆင်း၍လည်းကောင်း သွားရ၏။

ထိုအချိန်တွင် ဖရန့်နှင့် သူ၏တပည့်နှစ်ယောက်တို့သည် ပြောင်းတို သေနတ်များနှင့် ကြိုးခွေများကိုင်ဆောင်ကာ ဂျူလီယံနှင့် အစောင့်အကြပ်တို့ အလာကို သစ်ပင်ကြီးများ အကွယ်မှ စောင့်နေကြ၏။

သူတို့အား မမှတ်မိစေရန်လည်း မျက်လုံးနေရာများကိုသာ ဖော်ထားသည့် ခေါင်းစွပ်အမည်းများကို စွပ်ထားကြလေသည်။





အနီးသို့ ရောက်လာကြသည်နှင့် တစ်ပြိုင်နက် ဖရန့်နှင့် သူ၏တပည့် နှစ်ယောက်တို့သည် ဂျူလီယံနှင့် အစောင့်လေးယောက်တို့အား အလစ်ကို ဝင်၍ စီးတော့၏။ အစောင့်စစ်သားသုံးယောက်တို့မှာ စက္ကန့်ပိုင်းအတွင်း၌ပင် ဓားဒဏ် ရာဖြင့် ကျဆုံးသွားကြရာ ကျန်တစ်ယောက်မှာ လက်နက်ချ အညံ့ခံသော်လည်း အခြေအနေအရ သတ်ပစ်လိုက်ရ၏။

ဂျူလီယံမှာ လက်များကို ကြိုးနှင့် တုတ်ထားသဖြင့် ထိုတိုက်ပွဲတွင် တစ်စုံတစ်ရာ ပါဝင်ခြင်း မပြုနိုင်ချေ။

ဂျူလီယံမှာ အဖြစ်အပျက်များကို ကြောင်၍ကြည့်နေမိ၏။ သို့ရှိစဉ် ဖရန့်သည် ဂျူလီယံအား ချည်နှောင်ထားသည့်ကြိုးများကို ဖြတ်တောက်ပေးပြီးလျှင် ရဲဘော်တစ်ဦး၏ မြင်းပေါ်သို့ တင်ပေးလိုက်၏။

တစ်ယောက်နှင့်တစ်ယောက်လည်း စကားတစ်ခွန်းမျှ မပြောကြချေ။ ဂျူလီယံကိုယ်တိုင်ပင် သူ၏ကယ်တင်ရှင်ကို မသိ၊ ရုရှစစ်တပ်မှလည်း မဖြစ်နိုင်၊ ပြင်သစ်တို့ဘက်မှလည်း ဤနေရာထိ ရောက်လာနိုင်မည် မဟုတ်ဟု တွေးမိ၏။

ဤသို့ဖြင့် ဂျူလီယံမှာ ဖရန့်တို့လူစုခေါ်ဆောင်ရာ နောက်သို့ မြင်းပေါ်မှ နေ၍ လိုက်ပါလာခဲ့ရလေသည်။

ဂျူလီယံမှာ ပင်ပန်းကြီးစွာ ခြေလျင်လျှောက်ခဲ့ရပြီးနောက် ယခုကဲ့သို့ မြင်းပေါ်မှ လိုက်လာရသောအခါ သက်သောင့်သက်သာ ရှိလှ၏။

ဤသို့ဖြင့် ခရီးအတော်တွင်ခဲ့ကြပြီးလျှင် နေ့လယ် ၁ နာရီလောက်တွင် တောစပ်သို့ ရောက်လာပြီးနောက် အဝေးမှနေ၍ မော်စကိုမြို့ကို ဘွားခနဲ တွေ့မြင်လိုက်ရလေသည်။

သို့ရှိစဉ် ခေါင်းဆောင်ဖြစ်သူက လက်မြှောက်၍ မြင်းများကို ရပ်တန့်စေပြီးလျှင် ဂျူလီယံအား မော်စကိုမြို့တော်ဘက်သို့ ညွှန်ပြကာ သွားနိုင်ပြီဖြစ်ကြောင်းဖြင့် ခြေဟန်လက်ဟန်ပြလေသည်။

ထို့နောက် မျက်နှာဖုံးစွပ်မြင်းစီးသမားများသည် တောထဲသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားကြ၏။ ဂျူလီယံမှာ မိမိ၏ အသက်သခင် ကျေးဇူးရှင်များအား ကျေးဇူးတင်ကြောင်းပင် မပြောလိုက်ရချေ။

အမှန်အားဖြင့်မူ ဖရန့်တို့လူစုသည် တပ်စခန်းအတွင်းသို့ အချိန်မီ အဝင်ပြရဦးမည် မဟုတ်လော။ သို့မှသာ သူတို့ကျူးလွန်ခဲ့သည့်ပြစ်မှုအတွက် သံသယ ကင်းရှင်း၍ ဆာရောဘတ်ဝီလ်ဆင်အပေါ်တွင်လည်း အပြစ် တစ်စုံတစ်ရာ မကျရောက်ဘဲရှိပြီမည်။ သူ၏ဘဝခရီးတွင် အရှုပ်အရှင်းမရှိဘဲ သူ၏ အစ်ကိုနှင့်လည်း ပြန်လည်တွေ့ဆုံနိုင်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယံသည် မော်စကိုမြို့တော်ကြီး တည်ရှိရာဘက်သို့ ဝမ်းမြောက်ဝမ်းသာ မြင်းကိုနှင်ခဲ့၏။ နှစ်မိုင်ခန့် ရောက်သောအခါ ယာဉ်သွားလမ်းမကြီးတစ်ခုပေါ်သို့ ရောက်လာပြီးလျှင် ထိုလမ်းအတိုင်း ဆက်လက်လိုက်သွားရာ လမ်းပေါ်တွင် စစ်အသုံးအဆောင် အပျက်အစီးများ ပြန့်ကျဲနေသည်ကို တွေ့ရ၏။

ယခင်က ဤနေရာတွင် တိုက်ပွဲဖြစ်သွားဟန်တူ၏။ ထိုလမ်းမကြီးအတိုင်း အတန်ကြာသွားမိသောအခါ တောင်ကမူ ကွေ့တစ်ကွေ့တွင် မီးခိုးများအူထွက်နေသည်ကို ရုတ်တရက် မြင်တွေ့လိုက်ရ၏။

သို့နှင့် သူသည် ထိုနေရာသို့ မြင်းကို အသော့နှင်သွားရာ မီးလောင်နေသည့် မြင်းလှည်းကြီးတစ်စီးကို တွေ့လိုက်ရ၏။ မြင်းလှည်းမှာ အမိုးအကာအပြည့်အစုံနှင့် ပေါင်းမိုးလှည်းကြီးဖြစ်၍ အထက်တန်းလွှာများသာ စီးလေ့ရှိသည့် မြင်းခြောက်ကောင်တပ် ပေါင်းမိုးလှည်းကြီးမျိုး ဖြစ်လေသည်။

သို့နှင့် အနီးသို့ ရောက်သွားသောအခါ မြင်းလှည်းမောင်းသမားမှာ ရင်ဘတ်တွင် လှံတန်းလန်းနှင့် သေနေသည်ကိုလည်းကောင်း၊ အစောင့်အရှောက်အဖြစ် လိုက်ပါလာဟန်တူသော လူနှစ်ယောက်တို့မှာလည်း မြင်းလှည်းနံဘေးတွင် သေနတ်ဒဏ်ရာများဖြင့် သွေးအိုင်ထဲတွင် အသက်ပျောက်နေကြသည်ကိုလည်းကောင်း တွေ့ရ၏။

ထိုသူများမှာ အရပ်ဝတ်အရပ်စားများ ဝတ်ထားသဖြင့် စစ်ဘက်မှမဖြစ်နိုင်ဘဲ ဓားပြတိုက်ခံရရာတွင် အသတ်ခံကြရဟန် တူလေသည်။

သို့ရှိစဉ် ပေါင်းမိုးလှည်းကြီးအတွင်းမှ ကလေးငိုသံတစ်သံ ကြားလိုက်ရသဖြင့် ဂျူလီယံမှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

သို့နှင့် ပေါင်းမိုးအတွင်းသို့ ဝင်ကြည့်သောအခါ မိန်းမတစ်ယောက်၏ရင်ခွင်တွင် ကလေးငယ်တစ်ယောက် လူးလွန့်ငိုကြွေးနေသည်ကို တွေ့လိုက်ရ၏။

ကလေးငယ်ကို ချီထားသည့် မိန်းမမှာမူ လည်ပင်းတွင် ဓားဒဏ်ရာကြီးဖြင့် အသက်ပျောက်၍နေလေပြီ။ ၎င်းတို့အား ကြည့်သည်မှာ အားလုံး ရုရှလူမျိုးများဖြစ်၍ အသုံးအဆောင်နှင့် အဝတ်အစားများကို ကြည့်ခြင်းအားဖြင့်လည်း မင်းစိုးရာဇာထဲမှသော်လည်းကောင်း၊ သူဌေးသူကြွယ် စသည့် အထက်တန်းလွှာထဲမှသော်လည်းကောင်း ဖြစ်ပုံရ၏။

ဤကဲ့သို့ စစ်အတွင်းအချိန်မျိုးတွင် အလွန်အရေးကြီး၍သာ ခရီးသွားခြင်း ဖြစ်ဟန်တူလေသည်။

သို့နှင့် ဂျူလီယံသည် တအီအီ ငိုကြွေးနေသည့် ကလေးငယ်ကို ကောက်ယူပွေ့ချီလိုက်၏။ ကလေးငယ်မှာ သုံးနှစ်ရွယ်မျှသာ ရှိသေးသည့် မိန်း





ကလေးဖြစ်၍ ဖွေးဖွေးဆွတ်ဖြူဝင်းနေသည့် အသားအရည်နှင့် အလွန်ပင် ချစ်စဖွယ်ကောင်း၍ သနားဖွယ်လည်း ကောင်းလှတော့၏။

ဤကဲ့သို့ ဂျူလီယံက ပွေ့ယူချီမ,လိုက်သောအခါ ကလေးငယ်မှာ အငိုတိတ်၍သွားပြီးလျှင် မျက်စိကလေးကလယ်ကလယ်ဖြင့် သူ့အား ကြည့်နေရှာ၏။

ထိုအခါ ဂျူလီယံသည် သူ၏ဘဝကို ပြန်၍တွေးမိပြီးနောက် အင်္ဂလန်တွင် ကျန်ရစ်ခဲ့သော် ချစ်သူစတီဖင်ကို ပြန်လည် သတိရမိ၏။

အင်္ဂလန်နှင့် သူ ကင်းကွာခဲ့သည်မှာ သုံးနှစ်မျှပင် ကြာခဲ့လေပြီ။ အကယ်၍ သူ၏ဘဝကို လောကဓံမုန်တိုင်းမတိုက်ခတ်ဘဲ ချစ်ဦးသူစတီဖင်နှင့်လက်ဆက်၍ ကလေးရှိမည်ဆိုက ကလေးမှာ ဤအရွယ်မျှပင် ရှိ၍နေပေတော့မည်။

ဂျူလီယံသည် မိမိဘဝနှင့် ဆိုးရွားလှသော အကြောင်းကို တွေးမိကာ ထောင်းခနဲ ဒေါသထွက်၍လာမိ၏။

ချစ်ဦးသူ သစ္စာဖောက် စတီဖင်နှင့် သစ္စာဖောက်ညီငယ် ဖရန့်တို့အကြောင်းကို ပြန်ပြောင်းသတိရကာ မိမိ ဒုက္ခရောက်နေသည့် အချိန်တွင်းမှ လက်ဆက်ကြလေခြင်းဟု တောက်တစ်ချက် ခေါက်မိ၏။

သို့နှင့်သူသည် ပွေ့ချီထားသော ကလေးငယ်ကို အသက်မဲ့နေသော မိန်းမ၏ပေါင်ပေါ်သို့ ပစ်ချလိုက်ရာ ကလေးငယ်မှာ အော်ဟစ် ငိုကြွေးပြန်လေသည်။

ထိုအခါ သူ၏ရင်ထဲတွင် ထူးဆန်းသော စိတ်ဝေဒနာ တစ်မျိုးခံစားလိုက်ရ၏။ သို့နှင့် သူသည် ကလေးငယ်ကို တစ်ဖန် ပြန်ကောက်ယူပွေ့ချီလိုက်ပြန်ရာ ကလေးမှာ သူ၏ရင်ခွင်တွင် အငိုတိတ်၍သွားလေသည်။

သူသွားရမည့်ခရီးကား ဝေးလှသေး၏။ သူ၏ဘဝကို မည်ကဲ့သို့ အဆုံးသတ်ရမည်ပင် မသိရသေး။ ကလေးကို ယူသွားပါကလည်း စစ်အတွင်း တိုက်ပွဲဝင်နေသည့် စစ်သားတစ်ယောက်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ပေတော့မည်။

အမှန်သော် ကလေးသည် သူ တစ်ချိန်လုံး လွယ်၍လာခဲ့သည့် ကျောပိုးအိတ်လောက် မလေးတန်ရာ။ ကလေးကို ယခုအတိုင်း ပစ်ထားခဲ့လျှင် သေရုံသာရှိတော့၍ မော်စကို ရောက်မှပင် မွေးစားမည့်သူ ရှိပါက ပေးလိုက်တော့မည်ဟု စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်လေသည်။

သို့နှင့် ဂျူလီယံသည် ရသမျှ အဝတ်များဖြင့် ကလေးငယ်ကို ရစ်ပတ်ပြီးနောက် ဘယ်လက်ဖြင့် ပွေ့ပိုက်ကာ ညာလက်ဖြင့် မြင်းဇက်ကြိုးကို ထိန်း



www.burmeseclassic.com

www.burmeseclassic.com



လျက် ခရီးဆက်ခဲ့လေသည်။ ကလေးငယ်မှာ လက်ချောင်းကလေးများကို စုပ်ကာ အိပ်ပျော်၍ လိုက်ပါလာခဲ့၏။

ကလေးငယ်အား ရေကိုပင် မတိုက်ရဘဲ ဤသို့ဖြင့် ခရီးဆက်ခဲ့ရာ ည ၇ နာရီခန့်တွင် မော်စကိုမြို့ကြီးသို့ ဆိုက်ရောက်ခဲ့၏။

မြို့စောင့်တပ်တွင် အစစ်အဆေးခံရပြီးနောက် ဂျူလီယံသည် သူ၏ အဖြစ်အပျက်များကို ပြန်ပြောသောအခါ မြို့စောင့်တပ်က သူ့အား လွှတ်ပေးလိုက်သဖြင့် သူ သတင်းပို့ရမည့် နေရာကိုပင် ညွှန်ပြလိုက်ကြလေသည်။

***



## ၁၆

မော်စကိုမြို့တော်ကြီးမှာ မီးဟုန်းဟုန်း တောက်လျက်ရှိရာ ကရင်မလင်နန်းတွင် ခေတ္တစံနေသော ပြင်သစ်စစ်ဘုရင် နပိုလီယံမှာ မီးအပူရှိန်ကြောင့် မနေနိုင်တော့ဘဲ သူ၏ယာယီတဲစခန်းသို့ ရွှေ့ပြောင်းသွားရ၏။

သို့သော် ၂၀ ရက်နေ့ညတွင် မိုးအကြီးအကျယ် ရွာချလိုက်သဖြင့် မီးငြိမ်းသွားသောအခါမှသာ နန်းတော်သို့ပြန်၍ နေနိုင်ခဲ့လေသည်။ သို့သော် မော်စကိုမြို့ကြီးကား ဆယ်ပုံကိုးပုံမျှ မီးဝါး၍သွားခဲ့လေပြီ။

အပျက်အစီးများကား အိမ်ခြေ ၄၈၀၀၀ အနက် ၇၀၀ မျှသာ ကျန်တော့၏။ ဘုရားရှိခိုးကျောင်း ၁၆၀၀ အနက် ၈၀၀ မှာ ပြာပုံအတိဖြစ်သွား၍ ၇၀၀ မှာ သုံးမရအောင် ပျက်စီးသွား၏။

ဆေးရုံတက်နေရသည့် ပြင်သစ်၊ ရုရှလူနာ စစ်သား ၂၄၀၀၀ အနက် ၂၀၀၀၀ မှာ သေဆုံးကြရ၏။ ကျွဲ၊ နွား တိရစ္ဆာန် အပျက်အစီးများကား မရေမတွက်နိုင်တော့ချေ။

နပိုလီယံကမူ ရုရှတို့သည် လက်နက်ချအညံ့ခံကာ သူ့အား စကားကမ်းလှမ်းလာလိမ့်မည်ဟူ၍လည်းကောင်း၊ စစ်ပြေငြိမ်းရေးစာချုပ် လာရောက်ချုပ်ဆိုလိမ့်မည်ဟူ၍လည်းကောင်း တွေး၍နေမိ၏။

ထိုအချိန်တွင် ဗိုလ်ချုပ် ကူတူဆော သည် သူ၏ လက်အောက်ဗိုလ်မှူးတပ်မှူးများနှင့် ညှိနှိုင်းတိုင်ပင်ကာ သဘောချင်းမျှ၍လာပြီးလျှင် သူ၏တပ်မှူးကို ကိုလိုဂါ ရွာအနီး မြစ်ကမ်းခြေတွင် တပ်စွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ နေ၍ ပြင်သစ်တပ်များကို တိုက်ခိုက် အနှောင့်အယှက် ပေးလျက်ရှိနေ၏။

ထိုအချိန်တွင် ရုရှတို့၏ ကော့ဆက်မြင်းတပ်များကလည်း မော်စကို မြို့ ပတ်ဝန်းကျင်တွင် လှုပ်ရှားလျက်ရှိနေကြ၏။

သို့ရှိစဉ် မာဂွတ်၏ ပြင်သစ်မြင်းသည်တော်တပ်မှာ ရိက္ခာပြတ်ခြင်း၊ ခရီးပန်းခြင်းတို့ကြောင့် စိတ်ထင်တိုင်း ထွက်၍မတိုက်နိုင်ဘဲ ရှိတော့၏။

ရုရှကော့ဆက် မြင်းတပ်နှင့် ပြင်သစ်မြင်းတပ်တို့မှာလည်း မကြာခဏ တိုက်ပွဲဖြစ်ပွားရာ ရုရှတို့ဘက်မှ အနိုင်ရသည်က များ၍နေလေသည်။

အကယ်၍ နပိုလီယံက ယခုအချိန် အမိန့်ပေးလျှင် ပြင်သစ်တို့သည် နယ်ခြားသို့ ပြန်ရန်သာ ရှိတော့၏။

မော်စကိုတွင် အစားအသောက်ကလည်း ငတ်၊ ရိက္ခာကလည်း ပြတ် နေပြီးလျှင် နားနေနွေးထွေးရန် အမိုးအကာကလည်း မလုံလောက်၊ သောက်ရေ ကလည်း ရှား၊ အဝတ်အစား ဆေးဝါးကလည်း မရှိချေ။ ကြောက်မက်ဖွယ် ကောင်းသည့် ရုရှဆောင်းကလည်း နောက်တစ်လတွင် ကျရောက်တော့မည် ဖြစ်သဖြင့် ပြင်သစ်တို့မှာ ချက်ချင်း ပြန်ရန်သာ ရှိတော့၏။

သူတို့သည် မော်စကိုမြို့ကြီးကို စီးမိပြီဖြစ်သော်လည်း အသေ အပျောက်၊ အပျက်အစီး၊ အကျအဆုံးကများလှသဖြင့် အမြတ်မထွက် အရှုံး သက်သက်သာဖြစ်၍ နေတော့၏။

နပိုလီယံသည် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန်အတွက် ရုရှဧကရာဇ် အလက်ဇန္ဒားထံ သတင်းများပို့၍ လမ်းစဖွင့်ပေး၏။

ထိုမျှသာမက ဗိုလ်ချုပ်ကူတူဆော့ထံသို့လည်း လက်နက်ချရန်နှင့် လျှို့ဝှက်သဘောတူညီမှုရရန် ကိုယ်စားလှယ်များလွှတ်၍ စည်းရုံးကြည့်သေး၏။

သို့သော် ရုရှဘုရင်ဧကရာဇ်သည် မည်သည့်ရုရှစစ်တပ်မှ ပြင်သစ်နှင့် ဆက်သွယ်ခြင်း၊ စေ့စပ်ခြင်းမပြုရန် အမိန့်ထုတ်ကာ ဆာရောဘတ်အား အာဏာ ကုန်လွှဲအပ်ထားလေသည်။

သို့သော် စေ့စပ်ရေးမှာ မသေချာ၊ မရေရာ။ အချိန်များသာ ကုန်လွန်၍ သွားတော့၏။

ထိုအချိန်များအတွင်း တစ်ဘက်နှင့်တစ်ဘက် တိုက်ခိုက်သည့် စစ်ပွဲ ကလေးများသည် နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိနေ၏။ ယခုအခါ 'မာဂွတ်' ၏ မြင်းတပ်မှာ နလံမထူနိုင်အောင် ရှိနေတော့၏။

အချိန်ကြာညောင်း၍ လာသောအခါ နပိုလီယံထံမှ ပြန်လည်ဆုတ် ခွာရန် အမိန့်တစ်စုံတစ်ရာ မရသော်လည်း ပြင်သစ်စစ်တပ် အချို့သည် မိမိတို့





တပ်မှူး ဗိုလ်မှူးများ၏ သဘောတူညီချက်အရ အနောက်ဘက်လမ်းမကြီးအတိုင်း တစ်တပ်ပြီးတစ်တပ် ဆုတ်ခွာလျက်ရှိကြလေသည်။

မော်စကိုမြို့တွင် နောက်ဆုံးကျန်ရစ်ခဲ့သည့် ဗိုလ်မှူး မော်တီယာ၏ တပ်ပင်လျှင် အောက်တိုဘာလ ၂၃ ရက်နေ့တွင် နပိုလီယံ၏ အမိန့်ဖြင့် ကျန်ရှိ သေးသော မော်စကိုမြို့ အဆောက်အအုံများအားလုံးကို ဖောက်ခွဲပြီးနောက် ထွက်ခွာသွားလေသည်။ တပ်ဆုတ်ရာတွင် အန္တရာယ်အကင်းဆုံးဖြစ်သော ဗီလ် ဘတ်စ်မြို့ကို ဖြတ်၍ မထွက်ဘဲ နပိုလီယံသည် မြောက်ဘက် လမ်းမကြီးမှ တပ်များကို ဆုတ်ခဲ့၏။ ဤသို့ပြုလုပ်ခြင်းမှာ ရုရှတို့နှင့် တစ်ပွဲတစ်လမ်း စမ်း ချင်သေးသဖြင့် ဖြစ်သည်ဟု ယူဆရ၏။

ဤသို့ဖြင့် စစ်ဆုတ်ခဲ့ရာ ဗိုလ်ချုပ်ကူတူဆော့သည် အင်အားကောင်း သော တပ်မကြီးတစ်ခုကို စုစည်းပြီးလျှင် ပြင်သစ်တို့အား လမ်းမှ ဝိတ်ဆို့တိုက် ခိုက်သဖြင့် မာလိုဂျာရိုစလမ် အရပ်တွင် ရုရှတို့နှင့် အကြီးအကျယ် တိုက်ပွဲဖြစ် လိုက်သေး၏။

သို့နှင့် ပြင်သစ်တို့ အထိနာကာ တပ်ဆုတ်ခြင်းပင် ခေတ္တမျှ တန့်သွား ၏။ သို့သော် ဤနေရာတွင် ကူတူဆော့သည် ယခင်က သူ့အား နပိုလီယံက စေ့စပ်ရေးအတွက် လျှို့ဝှက်စွာဆွေးနွေးညှိနှိုင်းခဲ့ဖူးသဖြင့် နပိုလီယံအပေါ်တွင် သံယောဇဉ်ဖြစ်ကာ သူ၏တပ်များကို မတိုက်စေဘဲ ဆုတ်ပေးလိုက်၏။ သို့နှင့် ပြင်သစ်တို့ တပ်လုံးကျွတ် ပြုတ်မည့်ဘဝမှ သက်သာသွားလေသည်။

ဤသို့ဖြင့် နှစ်ဖက်စလုံးမှ စစ်သားတစ်သောင်းကျော်စီ ကျသွားပြန်၏။ ရုရှစစ်တပ်တို့ ရှောင်ပေးရာတွင် ပြင်သစ်တို့ဆက်လက် တပ်ဆုတ်သွားလေသည်။ ဒါဗောက်စ်က ရှေ့မှလည်းကောင်း၊ 'နေ' တပ်မဟာက နောက်မှလည်းကောင်း ဆုတ်ခွာသွားကြ၏။

ပထမတွင် ပြင်သစ်တို့သည် ခပ်ဖြည်းဖြည်း ဆုတ်သော်လည်း ၂၉ ရက်နေ့ ဘိုရိုဒီနိုမြို့သို့ နပိုလီယံ ရောက်လာသောအခါ သူသည် ကျန်းမာရေး ချို့တဲ့ကာ အားအင်ကုန်ခမ်းနေသဖြင့် မြင်းပေါ်တွင် တာရှည်စွာ ထိုင်နိုင်စွမ်း မရှိတော့ဘဲ ရထားလုံးတစ်စီးပေါ်မှ လိုက်ပါလာရပြီးနောက် နောက်တပ်များကို အမြန်ဆုတ်ရန် အမိန့်ထုတ်ပြန်လေသည်။

နိုဝင်ဘာလ ၆ ရက်တွင် ရုရှဆောင်းဥတု အစပျိုးပြီဖြစ်၍ ဆီးနှင်းများ အခဲလိုက်ကျလာတော့၏။

ဤဆောင်းဒဏ်ကို အတိအကျခံရလျှင် သူတို့ မည်ကဲ့သို့ ဆက်လက် အသက်ရှင်ပါတော့မည်နည်းဟု တွေးတောကာ တပ်များသည် ကြောက်လန့် နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းများပေါ်တွင် နှင်းခဲများ ဖုံးနေသဖြင့် ချိတက်ရာ၌ နှောင့်နှေးပြီးလျှင် လှည်းများ မောင်းရန်ပင် ခဲယဉ်းလှတော့၏။ ယင်းအချိန်တွင် ရေများခဲလာတော့၏။

နောက်လ ၃ ရက်နေ့တွင် ဗီရက်စ်မာမြစ်သို့ ပြင်သစ်တပ်များ ရောက်လာပြီးလျှင် အေးစက်သော ရေခဲရေထဲမှ ဖြတ်ကူးကြရ၏။

ဘုရင်ခံတပ်က ရှေ့ဆုံးမှလည်းကောင်း၊ ဒါဗောက်စ်တပ်က အလယ်မှလည်းကောင်း ဖြတ်ကူး၍ နေတပ်မကြီးက အကာအကွယ်ပေးရန် နောက်ဆုံးမှ လိုက်လေသည်။

သို့သော် ရေခဲပြင်ဖြစ်နေသည့်မြစ်အတွင်း ပြင်သစ်စစ်သားများ ဖြတ်ကျော်လျက်ရှိစဉ် နောက်မှလိုက်လာသည့် ရုရှတပ်က အမြောက်နှင့် လှမ်း၍ပစ်နေသည်ကို ခံကြရပြန်၏။

နောက်ဆုံး နေတပ်မြစ်ကို ကူးသောအခါ ရုရှတို့အား ဟန့်တားနိုင်ရန် ဗီရာဇ်မာမြို့သို့ မီးတင်ရှို့လိုက်ရ၏။

ထိုတိုက်ပွဲတွင် ပြင်သစ်တို့ဘက်မှ ဒဏ်ရာရသူနှင့် သေဆုံးသူပေါင်း ၆၀၀၀ ကျော်ရှိ၏။ တစ်ဘက်ကမ်းတွင် ကျန်ရစ်ခဲ့သော ၂၀၀၀ ခန့်မှာ အဖမ်းခံလိုက်ကြရ၏။

ရှေ့မှ သွားနှင့်သော ဘုရင်ခံတပ်မှာ ဇော့မြစ်ကို ဖြတ်ကျော်စဉ် ရုရှတပ်တစ်တပ် ရုတ်တရက် အလစ်ဝင်၍ တိုက်ခိုက်သည်ကို ခံလိုက်ရ၏။

အမြောက်များမှာလည်း ရေခဲများ ပိတ်ဆို့ကာ အချို့ပျက်စီးကုန်၏။ ကမ်းပါးကလည်း စောက်သဖြင့် လက်နက်ကြီးများကို မသယ်ဆောင်နိုင်တော့ဘဲ ထားပစ်ခဲ့ရလေသည်။

ဒါဗောက်စ်တပ်မှာလည်း နောက်ချန်၍ လိုက်လာရာမှ ကျန်ရစ်ခဲ့သည့် စစ်သည် ၁၄၀၀၀ အနက် ၆၀၀၀ ခန့်သာ အသက်နှင့်ကိုယ် မြဲ၍ပါလာပြီးလျှင် သူတို့ သယ်ဆောင်လာသည့် အမြောက် ၉၂ လက်အနက် ၁၂ လက်သာ ပါလာတော့၏။

ဤသို့ဖြင့် လက်ရှိ အခြေအနေတွင် ပြင်သစ်တို့မှာ ကျန်းမာရေးချို့တဲ့လာသဖြင့်လည်းကောင်း၊ အစာရေစာ ရှားပါးမှုကြောင့်လည်းကောင်း၊ အအေးဓာတ် ပြင်းထန်လွန်းသဖြင့်လည်းကောင်း ထုထုထောင်ထောင် မရှိကြတော့ဘဲ အစစအရာရာ ဆုတ်ယုတ်လာတော့၏။

မြင်းများမှာလည်း ရုရှဆောင်းဒဏ်ကို မခံနိုင်ကြသဖြင့် အမြောက်အမြား သေကြရာ ၎င်းတို့၏ အသားကိုပင် တပ်သားများမှာ မိမိတို့အသက်ရှင်ရေးအတွက် အမှီပြုကြရတော့၏။





ရုရှကော့ဆက်တပ်များနှင့်လည်း ရုတ်တရက် တွေ့မည်စိုးသဖြင့် အစားအစာ ထွက်၍ မရှာဝံ့ကြချေ။

ပြင်သစ်တို့မှာ ပြန်လမ်းနှင့် လာလမ်း မတူကြသောကြောင့်တစ်ကြောင်း၊ နယ်မြေမကျွမ်းကျင်ကြသောကြောင့်တစ်ကြောင်း၊ ချောင်းငယ်မြောင်းငယ် အတော်များများကို ခဲယဉ်းစွာဖြတ်နေကြရသောကြောင့်တစ်ကြောင်း အချိန်ကုန်ကာ အခက်အခဲ အမျိုးမျိုးနှင့် တွေ့ကြုံနေကြရလေသည်။

ဂျူလီယံသည် မော်စကိုမြို့သို့ ပြန်ရောက်ပြီးနောက် သက်ဆိုင်ရာ တပ်ရင်းသို့ သတင်းပို့ခဲ့သည့်အခါတွင် သူ၏တပ်စုမရှိတော့သဖြင့် နေတပ်မကြီးတွင် တစ်နေရာ တာဝန်ယူခဲ့ရ၏။

သို့သော် သူ့တွင် လူမမယ်ကလေးတစ်ယောက် ပါလာသဖြင့် သဘောကောင်းသော တပ်ရင်းမှူးက သူ့အား အတိအကျ တာဝန် မပေးချေ။ သူသည် ကလေးငယ်အား မွေးထားမည့်သူကို မြို့ပေါ်တွင် လိုက်၍ရှာခဲ့သေး၏။

သို့သော် မတွေ့ရချေ။ ဤသို့ဖြင့် သူသည် တပ်ထဲသို့ ပြန်၍ရောက်လာပြန်၏။ သို့နှင့် ရသမျှ ပေါင်မုန့်ကလေးများကို သူကိုယ်တိုင် မစားရက်ဘဲ ကလေးငယ်အား ကျွေးမွေးလာခဲ့၏။ ပတ်ဝန်းကျင်ရှိ ရဲဘော်များကလည်း ကလေးငယ်ကို ချစ်ကြသည့်အတိုင်း ရတန်သမျှ အစားအစာကလေးများကို ရှာဖွေပေးကြ၏။

ဂျူလီယံမှာ ကလေးငယ်အတွက် အစားအစာသာမက နွေးထွေးစေရန် အနွေးထည်များကိုပင် ရှာဖွေရ၏။ ကလေးငယ်ပါသော ကျောပိုးအိတ်ကို သူက လွယ်ရသဖြင့် သံယောဇဉ်ဖြစ်နေကြသော ရဲဘော်အချို့က သူ၏ အသုံးအဆောင်များကို ဝိုင်းဝန်းသယ်ဆောင်ပေးကြလေသည်။

ဂျူလီယံမှာ ကလေးငယ်အပေါ်တွင် ခိုင်မာသော သံယောဇဉ်ကြီး ငြိတွယ်လျက်ရှိနေလေပြီ။ ဒုက္ခအမျိုးမျိုး ခံစားနေရသော်လည်း ကလေးငယ်၏ မျက်နှာကို ကြည့်ရုံဖြင့် ကြည်နူး၍နေမိ၏။

ထိုအချိန်တွင် သူ၏ဗိုလ်မှူးက ဂျူလီယံအား ခေါ်ပြီးလျှင် –

"ဖြစ်နိုင်ပါ့မလားကွာ။ တို့တစ်တွေ တပ်ဆုတ်နေတဲ့အချိန်မှာ ဒီကလေးဟာ မင်းအတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်မနေဘူးလား။ မင်းအတွက်ရော ကလေးအတွက်ပါ အန္တရာယ်များလှတယ်"

"ကျွန်တော် သိပါတယ် ဗိုလ်မှူး၊ ဒါပေမဲ့ ဒီကလေးအပေါ် ကျွန်တော် သံယောဇဉ် ဖြစ်နေပြီ။ သူ့ကို မွေးစားမယ့်လူရှိရင် ကျွန်တော် ပေးပါတယ်။ ဒီအတိုင်း ကလေးကိုပစ်လည်း မထားခဲ့နိုင်ဘူး။ တိုက်ပွဲမှာ ကျွန်တော်ကျသွားတောင် သူ့ကို သံယောဇဉ်ပြတ်မှာ မဟုတ်ဘူး။ ပြီးတော့ ဒီကလေးဟာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့် ကျောပိုးအိတ်လောက် မလေးပါဘူး။ ကျွန်တော် ထမ်းသွားနိုင်ပါတယ်။ ဖြစ်နိုင်ပါတယ် ဗိုလ်မှူး"

ဂျူလီယံမှာ ကလေးအမေ ဖြစ်၍နေတော့၏။ သူ့အသက်ရှင်နေသမျှ ကလေးကို သူနှင့်အတူ ခေါ်သွားမည်ဟု စိတ်ကို ပိုင်းဖြတ်ထား၏။

သူသည် မြင်းလှည်းတစ်စီး၏ ကုရှင်ထဲမှ ဂွမ်းများကို ထုတ်ယူပြီးလျှင် ဂွမ်းကပ်ပြုလုပ်ကာ ကလေးကို ရစ်ပတ်ချည်နှောင်ပေးထား၏။

တစ်လမ်းလုံး သူထမ်းလာသည်ကို တပ်ရင်းမှူးက မြင်သောအခါ မကြည့်ရက်နိုင်သဖြင့် ကလေးငယ်အား ခဲယမ်းမီးကျောက်များတင်သည့် လှည်းတစ်စီးပေါ်မှ လိုက်ပါလာစေ၏။

ဤသို့ပြုလုပ်သည်ကို ဂျူလီယံသည် မနှစ်သက်လှချေ။ သေလျှင်လည်း ကလေးနှင့်အတူတွဲ၍ သေလို၏။ သူသည် မြင်းလှည်းနှင့် တကွဲတပြားစီ ဖြစ်သွားမည်ကိုလည်း စိုးရိမ်မိ၏။

သို့သော် အစားအစာ ကျွေးချိန်များတွင် သူသည် ကလေးငယ်ကို လှည်းပေါ်မှ ထုတ်ယူခွင့်ရှိ၏။ ကလေးငယ်အား သူ ပထမ တွေ့ရစဉ်က မျိုးရိုးဇာတိအားဖြင့် အထက်တန်းလွှာမှ ဖြစ်သည်ဟု ယူဆထား၏။

အကယ်၍သာ ထိုကလေးသည် ၎င်း၏မိဘရင်းချာလက်ထဲတွင် ရှိနေက ယခုကဲ့သို့ ဆင်းရဲဒုက္ခရောက်မည် မဟုတ်ဟု တွေးကာ သူ၏ဘဝနှင့် နှိုင်းယှဉ်ပြီးလျှင် တစ်မျိုးတစ်ဖုံ စိတ်မကောင်း ဖြစ်မိပြန်လေသည်။

တစ်ချိန်က ကလေးငယ် အိပ်ပျော်နေစဉ် ရဲဘော်တစ်ယောက်သည် ပြုံးရွှင်သောမျက်နှာဖြင့် ရောက်လာပြီးနောက် ကျဆုံးသွားသော မြင်းစီးသူရဲကောင်းတစ်ယောက်၏ ကျောပိုးအိတ်ထဲမှရရှိခဲ့သည့် ခြေအိတ်တစ်လုံး ဖလန်နယ်စတစ်စနှင့် မြင်းသေမှ သူလှီးယူခဲ့သည့် မြင်းသား အနည်းငယ်၊ ဂျုံထုပ်ကလေးတစ်ထုပ် စသည်တို့ကို ဂျူလီယံအား အားပါးတရ ပေးအပ်လေသည်။

ထိုအခါ ဂျူလီယံက –

"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်။ ဒီပစ္စည်းတွေ ရလာတာ ဒီကလေးရဲ့ကုသိုလ်ကံပါပဲလေ" ဟု ရဲဘော်၏ ပခုံးကို ပုတ်ကာ ဝမ်းမြောက်ဝမ်းသာ ပြန်ပြောလေသည်။

ထိုအချိန်၌ပင် 'အယ်'ခနဲ ကလေးငိုသံကြားသဖြင့် ကလေးအမေ ဂျူလီယံသည် ချက်ချင်းပင် ကလေးကို ပွေ့ချီယူခဲ့ရာ ကလေးမှာ ချက်ချင်းပင် အငိုတိတ်၍ သွားတော့၏။

ထို့နောက် ရဲဘော်က သွားခါနီးတွင် –





"သူငယ်ချင်းရေ ... စစ်အတွင်းမှာ ကလေးငိုသံကိုတော့ သတိထားနော်။ အခုလို တပ်မကြီးရဲ့ အလယ်မှာတော့ အရေးမကြီးဘူး။ တို့တစ်တွေ ပုန်းအောင်းနေတုန်း ကလေးငိုရင်တော့ ကလေးငိုသံကြောင့် တစ်တပ်လုံး အပြုတ်ခံမှာ မဟုတ်ဘူး။ ကလေးကို သတ်ပစ်ကြမှာ။ ဒါကိုတော့ ကြပ်ကြပ်သတိထားနော်" ဟု နောက်ဆုံး သတိပေး၍ ထွက်သွားလေသည်။

ရဲဘော်ပြောသွားသော စကားများကား မှန်လှသဖြင့် ဂျူလီယံမှာ တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ငေးမောကျန်ရစ်ခဲ့ပြီးလျှင် ကလေးမှာ သူနှင့်အတူ ဆင်းရဲဒုက္ခခံနေရသည်များကို ရင်ထုမနာ ဖြစ်မိ၏။

ထို့နောက် ဂျူလီယံသည် မိမိကိုယ်ကိုမိမိ ပြောသကဲ့သို့ –

"ကိစ္စမရှိပါဘူးလေ။ ဒီလိုနဲ့ ဒီကလေး ကြီးပြင်းလာရမှာပေါ့။ ဒီကြားထဲ စစ်ကြီးပြီးသွားနိုင်တာပဲ။ ငါလည်း ပြင်သစ်ကို ပြန်ရောက်နိုင်တယ်။ အဲဒီတော့မှ အိမ်ကို မပြန်ချင်ရင်တောင် ကလေးကို အဒေါ်ထရောဘတ်ဆီကိုပို့ပြီး အမွေးနိုင်းမယ်" ဟု စိတ်ထဲမှ ရေရွတ်မိ၏။

ထိုည ညဉ့်နက်၍ အအေးဒဏ် လွန်ကဲလာသောအခါ ဂျူလီယံသည် ရဲဘော်ပေးခဲ့သည့် ခြေအိတ်နှင့် ဖလန်နယ်စတို့ကို ကလေးငယ်အား သူ့နေရာနှင့်သူ ဝတ်ဆင်ပေးလိုက်၏။

တပ်ဆုတ်ရာလမ်းတစ်လျှောက်တွင် ကလေးငယ်သည် လှည်းထဲမှ လိုက်ပါလာရသည်ထက် ဂျူလီယံ၏ ကျောပိုးအိတ်ထဲတွင် လိုက်ပါလာရသည်က များ၏။

၎င်း၏ရွှေရောင်ဆံပင်ကလေးများမှာ လေထဲတွင် ပျံ့ဝဲလျက်ရှိနေ၏။ ကျောပိုးအိတ်ကို အောက်မှ တမင်ဖောက်ထားသဖြင့် ဖြူဖြူဖွေးဖွေး ခြေထောက်ကလေးနှစ်ချောင်းမှာ အောက်သို့ တန်းလန်းကျလျက်ရှိနေ၏။

တိုက်ပွဲဖြစ်ပွားသည့်အချိန်များ၌မူ ကလေးငယ်မှာ လှည်းတစ်စီးစီးပေါ်မှ လိုက်ပါလာရ၏။ ဤသို့ဖြင့် အချိန်ကြာလာသောအခါ ကလေးငယ်မှာ တစ်တပ်လုံး၏ အချစ်တော်ကလေး ဖြစ်လာ၍ ဂျူလီယံသည်ပင် ချီရန်မလိုတော့ဘဲ ရဲဘော်များက တစ်ယောက်တစ်လှည့်စီချီ လာကြ၏။ ထူးဆန်းစွာ အသက်ရှင်နေနိုင်သည့် ကလေးပါပေတည်း။

အစားအစာများမှာ တစ်နေ့တခြား ရှားပါးလာပြီးလျှင် မြင်းများ၏ အရေအတွက်မှာ သိသိသာသာ လျော့ပါးလာ၍ ယခုအခါ မာဂွတ်၏ မြင်းသည်တော် တပ်သားများမှာ ခြေလျင်လျှောက်၍ နေကြရတော့၏။

မြင်းများကိုမူ လက်နက်ခဲယမ်းမီးကျောက် သယ်ဆောင်ရန်နှင့် လှည်းဆွဲရန်၊ အမြောက်များဆွဲရန်သာ အသုံးပြု၍ နေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်သားတိုင်းလိုလိုပင် အဝတ်အစားများ စုတ်ပြတ်နေပြီးလျှင် အချို့မှာ ဖိနပ်မရှိ၊ ခြေအိတ်မပါ၊ ခြေဗလာဖြင့် အချို့လည်း ခြေဖဝါးကို ပတ်တီးစည်း၍ လျှောက်နေကြရ၏။

အချို့မှာ ရရှိသော ဒဏ်ရာများကြောင့် တညည်းညည်း တညူညူဖြစ်၍နေပြီးလျှင် သူ့အား ကူညီရန်သွားသောအခါ၌ မထူးတော့ပြီဟုဆိုကာ သေနတ်ဖြင့် မိမိကိုယ်ကိုမိမိ အဆုံးစီရင် သွားတတ်ကြလေသည်။

အကယ်၍ လမ်းတွင် ရွာတစ်ရွာ၊ သို့မဟုတ် တဲတစ်တဲပင် တွေ့စေကာမူ တပ်သားများသည် ယခင်ကကဲ့သို့ တပ်မကြီးများနှင့်ခွဲ၍ အစာရှာရန် မထွက်ဝံ့ကြတော့ချေ။

ဤကဲ့သို့ တပ်မကြီးများမှ ကွဲထွက်လာသော တပ်သားများကို တွေ့လျှင် လယ်သမားများကသော်လည်းကောင်း၊ ပုန်းအောင်းနေသည့် ရုရှစစ်သားများကသော်လည်းကောင်း မသေမချင်း ညှဉ်းပန်းနှိပ်စက်တတ်ကြ၏။

အခြားနှိပ်စက်နည်းတစ်မျိုးမှာ တစ်ခါတစ်ရံ အဝတ်အစားများကို ချွတ်ပြီးလျှင် ကြိုးနှင့် တုတ်၍ လွင်တီးခေါင်၌ ပစ်ထားခြင်းခံရ၏။ ထိုသူသည် နံနက်လင်းသောအခါ သေခဲ၍ သေပွဲဝင်ရတော့၏။

ယင်းသည်ကား ပြင်သစ်တို့ ပထမထွက်လာစဉ်က လမ်းတွင် တွေ့သမျှ ကျေးရွာများမှ ရုရှလယ်သမားများအား ညှဉ်းပန်းနှိပ်စက်လုယက်တိုက်ခိုက်ခဲ့သည်ကို လက်စားချေခြင်းပင် ဖြစ်တော့၏။

ထိုသတင်းများကို ကြားရရုံမျှမကတစ်ခါတစ်ရံ မျက်မြင်ကိုယ်တွေ့ကြုံတွေ့ရသော ဆာရေဘတ်ဗီလ်ဆင်သည် ရုရှဧကရာဇ်အလက်ဇန္ဒားထံ ထိုအပြုအမူမျိုးများကို တားမြစ်ပေးပါရန်နှင့် စစ်အတွင်းမိသော ရန်သူများကို စစ်သုံ့ပန်းတို့ ရသင့်ရထိုက်သည့် အခွင့်အရေးများပေးပါရန် အသနားခံစာ တင်သွင်းလေသည်။

သို့နှင့် အလက်ဇန္ဒားဘုရင်မှာ စိတ်ထားမြင့်မြတ်သူ ပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် ပြင်သစ်စစ်သုံ့ပန်းများကို ဖမ်းမိတိုင်း ၎င်းထံပို့ပေးရန်နှင့် ပို့ပေးနိုင်သူတိုင်းအား သုံ့ပန်းတစ်ဦးအတွက် ရွှေဒင်္ဂါးပြားတစ်ပြား ဆုပေးမည်ဟု ကြေညာလိုက်၏။

ထိုကြေညာချက် ထုတ်ပြန်ပြီးသောအခါ သူ့ထံသို့ ပြင်သစ်စစ်သုံ့ပန်းများ အမြောက်အမြား ရောက်ရှိလာ၏။

ဤသို့ဖြင့် အလဇန္ဒားဘုရင်သည် ပြင်သစ်စစ်သည်ပေါင်း မြောက်မြားစွာကို ကယ်တင်နိုင်ခဲ့လေသည်။





တစ်ဘက်တွင်လည်း တပ်ဆုတ်နေသည့် ပြင်သစ်စစ်သားများမှာ တစ်နေ့တခြား ဖြုတ်မှုဗိုလ်ရ်တရား ကင်းမဲ့လာပြီးလျှင် လူနှင့် လူချင်းသနားညှာတာမှု ဆိတ်သုဉ်းလာတော့၏။

အချင်းချင်းပင် ရိက္ခာအတွက် သတ်ဖြတ်ကာ သေသူ့ထံမှ ရိက္ခာများကို လုယက်ကြ၏။ မြင်းသေကောင်တစ်ကောင် ရလျှင်ပင် အသားအတွက် ဝိုင်းလုကြ၏။ ရဲဘော်တစ်ယောက် ကျဆုံးလျှင်လည်း ၎င်း၏ရိက္ခာများနှင့် အဝတ်အစားများကိုပါ လုယက်ကြ၏။

ထိုအချိန်တွင် အထက်အရာရှိများ၏ ဩဇာအာဏာမှာ ရဲဘော်များအပေါ်တွင် မသက်ရောက်တော့ချေ။

ဤသို့ဖြင့် ပြင်သစ်တပ်မှာ လုံခြုံမှုမရှိသကဲ့သို့ ဖြစ်လာတော့၏။ သစ္စာဖောက်သူများ ပေါ်များလာကြ၏။

ရုရှဘက်မှလည်း ဆာရေဘတ်ဗီလ်ဆင်က အသနားခံစာ တင်သွင်း၍ ဧကရာဇ်အလက်ဇန္ဒားက အမိန့်ထုတ်ပြန်သဖြင့် ဗိုလ်ချုပ်ကူတူဆော့သည် သူ၏တပ်များကို တားသော်လည်း တပ်သားများသည် ဗိုလ်ချုပ် တားမြစ်ချက်ကိုပင် မလိုက်နာဘဲ သွေးဖည်ကာ ပြင်သစ်စစ်သားများကို တွေ့ရာသချိုင်း ဓားမဆိုင်းလုပ်ကြံနေကြလေသည်။

ပြင်သစ်စစ်ဘုရင် နပိုလီယံ၏ ကျန်းမာရေးချို့တဲ့မှုကြောင့် ပြင်သစ်စစ်တပ်ကြီးမှာ အထိန်းအကွပ် နည်းပါးသကဲ့သို့ဖြစ်လာတော့၏။ သူ၏ လိမ္မာကျွမ်းကျင်သော စစ်ရေး စစ်ရာစစ်ပရိယာယ်များမှာ များစွာ အကျိုးမသက်ရောက်တော့ချေ။

ထို့ကြောင့် မဟာမိတ်တပ်များသည်ပင် တစ်တပ်နှင့်တစ်တပ် ညီညွတ်မှု မရှိတော့ဘဲ၊ ရန်သူ့လက်မှ မိမိတပ် လွတ်လျှင်ပြီးစေတော့ဟု သဘောထားကာ ကိုယ်လွတ်ရုန်း၍ ပရမ်းပတာ ထင်သလို စိုင်းကြလေတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

## ၁၇

နေတပ်မကြီးသည် ဆမိုလက်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြို့ပျက်ပင် ဖြစ်သော်လည်း ခိုလှုံနားနေခွင့် အတော်အတန် ရရှိလေသည်။ နောက်မှ ကျန်ရစ်ခဲ့သည့် စားနပ်ရိက္ခာတင်လှည်းများကို ပြန်လည်တွေ့ရှိရသဖြင့် ငတ်ပြတ်နေသော ရဲဘော်များမှာ တစ်မျိုးတစ်ဖုံ အားမာန်တက်ကာ စိတ်ချမ်းသာကြရ၏။

ပထမမှစ၍ အပျက်အစီးစာရင်းများကို မကောက်ယူရသေးသဖြင့် ယခုမှ ပြန်၍ ကောက်ယူပြီးလျှင် ဝန်တင်လှည်းများကို ပြင်ဆင်ခြင်း၊ ရွှံ့နွံပေရေနေသည့် အမြောက်များကို ဆေးကြောခြင်း၊ လက်နက်ကြီးငယ်များကို တိုက်ချွတ်ခြင်း၊ တပ်သားများ၏ အဝတ်အစားများကို ဖာထေးပေးခြင်း စသည်ဖြင့် အလုံးစုံ ပြုပြင်နေကြရ၏။

လမ်းတွင် လမ်းလွဲထွက်သွားသည့် တပ်များ၊ နောက်တွင် ကျန်ရစ်ခဲ့သည့် တပ်များ၊ ရှေ့သို့ ကျော်လွန်သွားသည့် တပ်များကို ယခုအခါ ပြန်လည်စုစည်းမိပြီးဖြစ်၏။

မမျှော်လင့်သော ရဲဘော်ဟောင်းများကို မသေကောင်း မပျောက်ကောင်း ပြန်လည်တွေ့ဆုံရသဖြင့် ပျော်ရွှင်ကြရပြီးလျှင် ကျဆုံးသွားသည့် ရဲဘော်များ၏ သတင်းကို ကြားရသဖြင့်လည်း စိတ်မကောင်း ဖြစ်ကြရ၏။ မည်သို့ဆိုစေ အားလုံးပင် တစ်မျိုးတစ်ဖုံ စိတ်ဓာတ်တက်ကြွလာကြ၏။

သို့ရှိစဉ် စစ်သားအိုကြီးတစ်ယောက်က –





"ကျုပ်တို့ကို ဘုရားသခင် စောင်မပါစေလို့သာ ဆုတောင်းရမှာပဲ ဂျူလီယံရေ။ ရှေ့ဆက်သွားရမယ့် ခရီးလမ်းကတော့ သစ်တောထူထပ်တဲ့ တောလမ်းတွေ များတယ်။ ရန်သူတွေက ကျုပ်တို့ကို မမြင်နိုင်သလို၊ သူတို့ကိုလည်း ကျုပ်တို့က ဘယ်က ပေါ်လာမယ်ဆိုတာ မသိနိုင်ဘူး။ တိုက်ပွဲကတော့ ဖြစ်ဦးမှာ သေချာတယ်။ ဒီကလေးငယ်ကို မောင်ရင် သယ်လာတာကတော့ တကယ် ဒုက္ခပဲဟေ့။ ဒီလောက် ဖွဲ့နွဲ့နုပဲနဲ့ ဒီလောက်ဝေးတဲ့ခရီးကို သယ်လာနိုင်တာကိုတော့ ချီးကျူးပါတယ်။ သယ်လာခဲ့ပြီးမှတော့ စွန့်ပစ်ဖို့ဆိုတာလည်း မလွယ်တော့ဘူး။ ဒါပေမဲ့ အခုနေအခါမှာ လူတိုင်းလူတိုင်းဟာ ကိုယ့်အသက်ကို လွတ်အောင် မနည်းရုန်းနေရလေတော့ ဒီကလေးက အနှောင့်အယှက် ဖြစ်မှာ စိုးရတယ်" ဟု ဂျူလီယံအား စကားစတင် ပြောလေသည်။

"ကျွန်တော် ဒီကိစ္စကို သိပ်သတိထားပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် အသက်ရှင်နေသရွေ့တော့ ဒီကလေးကို ကယ်နိုင်မှာပါ"

ကလေးငယ်သည် သူ့အား ပြန်ကြည့်ကာ ပြုံးရယ်ရင်း ဝူးဝူးဝါးဝါးဖြင့် စကားပြန်၍ ပြောနေ၏။

"ကဲ ... တို့လည်း နားကြဦးစို့၊ မနက်ဖြန် နေပွင့်တာနဲ့ တစ်ပြိုင်နက် တို့တစ်တွေ တောထဲဝင်ကြရမယ်။ ဆက်ပြီး ချီတက်ကြရမယ်" ဟု ပြောဆိုပြီးနောက် စစ်သားအိုကြီးသည် ဂျူလီယံထံမှ ထွက်ခွာသွားလေသည်။

စစ်သားအိုကြီး ပြောသွားသည့်စကားများကား မှန်လှပေ၏။ တပ်သားတိုင်းမှာ ယခုအခါ မိမိအသက် မိမိရုန်းကန်နေရချိန်ဖြစ်သဖြင့် ကလေးငယ်အား ချစ်ခင်ကြသည် မှန်သော်လည်း ယခင်ကလောက် ဂရုမစိုက်နိုင်ကြတော့ချေ။

မကြာမီ ဂျူလီယံ လက်ထဲမှ ကလေးငယ်မှာ အိပ်မောကျသွားသဖြင့် မီးပုံဘေးတွင်ပင် ချသိပ်လိုက်ရတော့၏။

နှင်းဆိုင်နှင်းခဲများကလည်း ထူထပ်စွာကျနေသဖြင့် ကလေးအား စစ်စောင်ကြီးတစ်ထည်ဖြင့် လွှမ်းခြုံထားလိုက်ရ၏။

ထို့နောက်မှ ဂျူလီယံသည် ပြင်ဆင်ရန်ရှိသည်များကို ပြင်ဆင်ရလေသည်။

ထိုနေ့ညနေက စစ်သားအိုကြီးပြောသော စကားများကို ပြန်၍ သတိရနေသဖြင့် ဂျူလီယံမှာ ရတ်တရက် အိပ်၍မပျော်ချေ။ ပြောသည့်အတိုင်းလည်း မှန်၏။

ရန်သူများမသိစေရန် ပုန်းအောင်းနေသည့် အချိန်များ၌ ကလေးငယ် ရုတ်တရက် ငိုလိုက်ပါက ခက်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် နေရောင်ထွက်သည်နှင့် တစ်ပြိုင်နက် ပြင်သစ်တပ်များသည် ခရီးစတင်ထွက်ခဲ့ကြ၏။ ဆမိုလက်မြို့မှ မိုင်ဝက်ခန့်အရောက်တွင် မြို့ထဲမှ လက်နက်ခဲယမ်းမီးကျောက်ပေါက်ကွဲသံများကို ကြားကြရ၏။

ဆမိုလက်မြို့တွင် အမြောက်အလက်ပေါင်း ၁၁၂ လက် ကျန်ရစ်ခဲ့၍ အမြောက်များကိုဆွဲရန် မြင်းလှည်း ၁၂ စီးသာ ကျန်တော့၏။

နောက်ချန်တပ်အဖြစ် ဆမိုလက်တွင် စစ်သည် ၇၀၀၀ သာ ချန်ထားနိုင်ခဲ့ပြီးလျှင် ရှေ့သို့ ချီတက်နေသည့် စစ်သည်များမှာလည်း ဒီနီပါ မြစ်ကမ်းပါးအတိုင်း ချီတက်လျက်ရှိနေကြ၏။ ထိုညခို သူတို့သည် တိုရှောဒ်နီလာရွာတွင် စခန်းချရပ်နားကြလေသည်။

နောက်တစ်နေ့တွင် ကရပ်စ်စနိုင်မြို့၏ ပတ်ဝန်းကျင်သို့ ရောက်ရှိလာကြ၏။ ထိုမြို့သည် မြင့်မားသော တောင်ကုန်းပေါ်တွင် တည်ရှိ၍ နံဘေးတွင် နက်ရှိုင်းသော မြစ်တစ်သွယ် စီးဆင်းလျက်ရှိ၏။

ထိုနေရာတွင် အမြောက်အလက် ၄၀ နှင့် တပ်သား ၁၂၀၀၀ ပါရှိသော သေမင်း၏ခံတွင်းပေါက်ရှိရာ ထိုနေရာသို့ ချီတက်လျက်ရှိကြလေသည်။

ထိုအချိန်တွင် ဆီးနှင်းများ ထူထပ်စွာကျနေဆဲဖြစ်သဖြင့် ဝိုးတဝါးအလင်းရောင်အောက်တွင် ပြင်သစ်တို့သည် ရန်သူအား အနီးသို့ ရောက်လာမှပင် မြင်တော့၏။

တစ်ချိန်တည်းမှာပင် အမြောက်အလက် ၄၀ တို့က ရှေ့ဆုံးမှ ချီတက်လာသည့် ပြင်သစ်တပ်ခွဲကို စတင် ပစ်ခတ်တော့၏။ ပြင်သစ်တို့သည် နောက်သို့ ဆုတ်ရန်လည်း မရှိသဖြင့် အကျအဆုံးများကြားမှပင် အမြောက်များရှိရာသို့ အော်ဟစ်ပြေးတက် တိုက်ခိုက်ကြတော့၏။

ချက်ချင်းလိုပင် ရုရှစစ်သားများသည် အမြောက်များနောက်မှ ရုတ်တရက် ပေါ်ထွက်လာရာ အနီးကပ်လုံးစွပ်ထိုးတိုက်ပွဲများ ဖြစ်ပွားကာ ရောနှောရှုပ်ထွေးသွားတော့၏။

ယင်းသည်ပင် ပြင်သစ်တို့အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် နောက်မှ စစ်ကူရောက်လာသည့် ရုရှမြင်းတပ်သည်ပင် ရှုပ်ထွေးနေသည့် တိုက်ပွဲကို ဝင်ရောက်ကူညီခြင်း မပြုနိုင်သောကြောင့် ဖြစ်လေသည်။

ထိုအချိန်တွင် ကရပ်စ်နိုင်မှ နပိုလီယံ ထွက်ခွာသွားပြီဖြစ်ကြောင်း မသိသဖြင့် နေတပ်မှူးသည် မဖြတ်ကျော်လျှင် မဖြစ်သောကြောင့် အသေအကြေ တိုက်ခိုက်နေရတော့၏။





ပြင်သစ်တို့တွင် ပါလာသည့် အမြောက် ၁၂ လက်မှာ ဖျက်ဆီးခြင်းခံရပြီးလျှင် အမြောက်ပစ်သမားများမှာလည်း ကျဆုံးကုန်ကြ၏။

ဤသို့ဖြင့် နေတပ်မကြီးသည် ညဥ့်အချိန်ထိ ရုရှတပ်ကို မထိုးဖောက်နိုင်ဘဲ ရှိနေ၏။ သို့နှင့် နပိုလီယံသည် ကရပ်စ်နိုင်၌ပင် ရှိနေသေးသည် ထင်သောကြောင့် တပ်မှူးသည် ခြေမြန်တပ်တစ်ယောက် စေလွှတ်ကာ စစ်ကူများပို့ပေးရန် တောင်းခံစာပို့လိုက်လေသည်။

ထိုအချိန်၌ ဂျူလီယံမှာ အသက်ကို ဖက်နှင့်ထုပ်၍ တိုက်ခိုက်နေရခြင်းဖြစ်၏။ ဝမ်းထဲတွင်လည်း နံနက်က အစာအနည်းငယ်သာ စားခဲ့ရသဖြင့် ဆာလောင်လှ၏။

သူတို့စစ်တပ် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုလည်း မသိ၊ လမ်းပြကလည်း မပါ၊ တပ်မှာလည်း ပြန့်ကျဲနေသည့်ပြင် ရန်သူကလည်း ဝိုင်းထားသေးသည်။

ဒဏ်ရာရသူများကိုလည်း မပြုစုနိုင်၊ မသက်နိုင်တော့ဘဲ ပစ်ထားခဲ့ရ၏။ သူတိုက်ခိုက်နေသည်မှာ အသက်ကိုလု၍ တိုက်ခိုက်နေခြင်းမျှသာ ဖြစ်၏။ ဘယ်ခရီးကို ဆက်ရမည်လည်း မသိ၊ ဘယ်လမ်းက ဖောက်၍ ဘယ်အရောက် ချီတက်ရမည်ကိုလည်း မသိရသေးချေ။

ရုရှဘက်မှ စစ်ဗိုလ်ချုပ်က နေတပ်မအား လက်နက်ချ၍ သဘောတူစစ်ပြေငြိမ်းရေး စကားကမ်းလှမ်းလာ၏။ အကယ်၍ လက်နက်ချပါက တပ်မှူးနှင့် တပ်သားအားလုံး၏အသက်ကို အန္တရာယ်မပြုပါဟု ကတိကဝတ်ပြုထား၏။

သို့သော် နေတပ်မှူးသည် ထိုစစ်ပြေငြိမ်းရေး ကမ်းလှမ်းချက်ကို သယ်ဆောင်လာသူအား ရုတ်တရက် ဖမ်းဆီးလိုက်ပြီးနောက် ညတွင်းချင်းပင် ရုရှများကို တိတ်တဆိတ် ကွေ့ရှောင်ကာ အပြင်းချီတက်သွားတော့၏။

သို့ဖြင့် မိုင်ဝက်ကျော်ကျော်တွင် ဒီနီပါသို့ ရောက်ရှိသွားတော့၏။ ဤသို့လာရာတွင် အသံမမြည်စေရန် လက်နက်ကြီးများနှင့် လှည်းယာဥ်များကို စွန့်ပစ်ခဲ့ရလေသည်။

သို့နှင့် ပြင်သစ်တို့က အကျိုးအကြောင်း မပြန်ကြားသေးသဖြင့် ရုရှတို့ဘက်မှ အပစ်အခတ် ခေတ္တရပ်ဆိုင်းထား၏။

ရုရှတို့တပ်လန့်၍ သွားသောအခါ ပြင်သစ်တို့ကလည်း ၎င်းတို့နောက်သို့ ဆက်၍ မလိုက်တော့ဘဲ တောလမ်းခရီးတိုင်း ဆက်လက်ပြေးခဲ့ကြရာ နေဝင်သည့်အခါမှ ရွာတစ်ရွာသို့ ရောက်၍ နားကြရ၏။

အခြေအနေမှာ ပြောင်းပြန်ဖြစ်ကာ ပြင်သစ်တို့က ရှေ့မှ ပြေး၍ ရုရှတို့က နောက်မှ လိုက်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံး ဆီးနှင်းများကျနေသဖြင့် သစ်တောအတွင်း၌ သစ်ကိုင်းသစ်ခက်များကိုပင် ကောင်းစွာ မမြင်ရချေ။ လမ်းများမှာလည်း ဆီးနှင်းများ ဖုံးနေသဖြင့် လမ်းပျောက်လျက်ရှိနေသည့်အတွင်းမှာပင် ပြင်သစ်စစ်သားများသည် တစ်လှမ်းခြင်း ရုန်းကန်ချီတက်လျက် ရှိနေကြ၏။

သယ်ဆောင်ရန် လှည်းများလည်း မရှိတော့သဖြင့် ဂျူလီယံမှာ သူ၏ ကျောထက်တွင် တွတ်တီးတွတ်တာ ပြော၍လိုက်ပါလာသော ကလေးငယ်ကို တစ်လမ်းလုံး သည်ပိုးလာရ၏။ နှစ်ယောက်စလုံးပင် အစာရေစာမစားရဘဲ ငတ်ပြတ်နေကြ၏။

ဂျူလီယံကမူ မောလွန်းသဖြင့် စကားပင် ပြန်၍ မပြောနိုင်ချေ။ ထိုည သူ့အတွက်ရရှိသော ဝေစုထဲမှ ဂျုံအနည်းငယ်ကို သူကိုယ်တိုင် မစားဘဲ ကလေးငယ်ကို ပြုတ်၍ တိုက်လေသည်။

နောက်တစ်နေ့၌ သူတို့သည် တောထဲသို့ဆက်လက်ချီတက်ကြပြန်ရာ မလှမ်းမကမ်းတွင် ရစ်ဝဲရစ်ဝဲလုပ်နေသော ရုရှကော့ဆက်တပ်များကို တစေ့တစောင်း တွေ့မြင်ကြရ၏။

သို့သော် တပ်မှူးကိုယ်တိုင် အမိန့်မပေးသဖြင့် ထွက်၍ မတိုက်ကြချေ။ အမှန်သော် ရုရှတို့သည် ပြင်သစ်တို့အား လမ်းမှားစေရန် အယောင်ပြနေခြင်းသာ ဖြစ်လေသည်။

သို့နှင့် ၁၂ မိုင်ခန့် ခရီးပေါက်လာသောအခါ သစ်တောကြီးဆုံး၍ ကွင်းပြင်ကို တွေ့ရ၏။ ကွင်းပြင်၏ အဆုံးတွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးကို ဖြတ်သန်းရပေဦးမည်။

ယခုတပ်ဆုတ်ခဲ့သည့်လမ်းမှာ ဖြတ်လမ်းဖြစ်သဖြင့် အခက်အခဲ အမျိုးမျိုးကို မလွဲမသွေ တွေ့ရပေမည်။

သို့နှင့် ချောက်ကမ်းပါးကြီးသို့ အရောက်တွင် နေတပ်မှူးသည် စိတ်မပါ့တပါဖြင့် သူ၏တပ်သားများအား ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် အဖြစ် အောက်ပါအတိုင်း မိန့်ခွန်းပြောကြားလေသည်။

"တို့ ဒီမှာ ဆုံးဖြတ်ချက်တစ်ချက်ပဲ ချစရာရှိတယ်။ ဒီမှာနေရင်တော့ သေမှာပဲ။ အဲ ... တို့နိုင်တုန်းက သူတို့ကို တို့က ညှဉ်းဆဲခဲ့သလို သူတို့နိုင်တဲ့ အလှည့်မှာ ကလဲ့စားချေတဲ့အနေနဲ့ တို့ကို သဲကြီးမဲကြီး လိုက်သတ်နေမှာပဲ။ တို့တပ်တွေလည်း တစ်စုတစ်ဝေးတည်း မရှိတော့ဘူး။ ဗိုလ်ချုပ်ကြီး နပိုလီယံလည်း ဘယ်ရောက်နေမှန်း မသိဘူး။ ဒီတော့ ဒီချောက်ကမ်းပါးကြီးကို မလွှဲမသွေ ဖြတ်ရမှာပဲ။ ကျောက်တွေကလည်း နှင်းတွေကျနေတော့ ချောနေတယ်။ ဒီမှာ အရင်ကလို လက်နက်ကိရိယာလည်း မပြည့်စုံတော့ဘူး။ ကြိုးတွေဘာတွေ





လည်း မရှိဘူး။ ဒီတော့ ခါးပတ်တွေဆက်ပြီး တစ်ယောက်ကိုတစ်ယောက် တွယ်ချိတ်ကူးကြရလိမ့်မယ်။ အဲ ... တစ်ယောက်ကျရင်တော့ တစ်ပြုံကြီး ပြုတ်ပြီး ချောက်ထဲကျသေကြရုံပဲ ရှိတယ်။ ဒီတော့ တစ်ယောက်ချင်း ဂရုစိုက်ကူးကြပါ။ ကိုယ့်မှာပါလာတဲ့ အလေးအပင်တွေကို စွန့်ပစ်ကြပါ။ မယူမဖြစ်တဲ့ ပစ္စည်းတွေတော့ ယူကြပေါ့။ ကဲ ... နားချင်နားကြဦး၊ နောက်နှစ်နာရီကြာရင် စကူးမယ်။ ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားကြ"

တပ်မှူး၏စကားဆုံးသွားသောအခါ ဂျူလီယံသည် အတော်ကြာငေးငိုင်၍ နေတော့၏။ ကလေးငယ်သည် ဘဝကို နားမလည်ရှာသေး၊ သူ့ကိုပင် ပြုံး၍ပြလိုက်သေး၏။ သူ့အား အဖေသဖွယ်၊ အမေသဖွယ် သံယောဇဉ် တွယ်၍ နေရှာ၏။

ဂျူလီယံသည် ကလေးငယ်အား ကြည့်ရင်း –

"အင်း ... ကလေးရယ်၊ မင်းဘဝဟာ တယ်ဆိုးပါလား။ ငါ့ဘဝကလည်း တစ်မျိုးဆိုးတာပဲ၊ မင်းနဲ့ ငါနဲ့ ဘဝတူပါပဲကွာ" ဟု စိတ်ထဲမှ ရေရွတ်မိရှာ၏။

ထိုအချိန်တွင် ရဲဘော်အချို့တို့သည် ချောက်တစ်ဘက်ကမ်းသို့ ကူးရန် ပြင်ဆင်နေကြ၏။ နေတပ်မတွင် အင်ဂျင်နီယာများ ပါ၍မလာသဖြင့် စစ်သားများသည် တောထဲမှ သစ်လုံးများကို ခုတ်ယူကာ ဖြစ်သလို တံတားထိုး၍နေကြ၏။

အချို့က ခါးပတ်များကို တစ်ခုနှင့်တစ်ခု ဆက်၍ မြေပေါ်၌ တိုင်စိုက်ကာ ဖြစ်သလို ချည်နှောင်၍ နေကြလေသည်။

ဂျူလီယံသည် ကလေးမပါဘဲ သူတစ်ယောက်တည်းဆိုက အခြားသူများကဲ့သို့ ကူးနိုင်မည်ဖြစ်၏။ ကလေးအား မည်သည့်နည်းနှင့်မျှ စွန့်ပစ်၍ မထားခဲ့နိုင်ချေ။

ဤအတိုင်း ကူးလျှင်လည်း ကလေးရော သူပါ ပြုတ်ကျရန်သာ ရှိတော့၏။ သူ့အတွက်နှင့် အခြားရဲဘော်များ ဒုက္ခရောက်မည်ကိုလည်း စိုးရိမ်မိလေသည်။

သို့နှင့် သူသည် ကလေးငယ်ကို မြေပေါ်သို့ ခေတ္တချလိုက်ပြီးနောက် ငြိမ်သက်စွာ နေရန် လက်ရိပ်ပြလိုက်၏။

ထိုအချိန်၌ အခြားရဲဘော်များမှာ ကိုယ်စီကိုယ်င အလုပ်လုပ်နေကြသဖြင့် သူတို့သားအဖအား ဂရုမပြုမိကြချေ။

ဂျူလီယံသည် ကျောပိုးအိတ်ကို ပြန်၍ ချိတ်ဆွဲကာ ကလေးငယ်အား ပွေ့ချီလိုက်ပြီးနောက် ရဲဘော်၊ ရဲဘက်မိတ်ဆွေများအား နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် စိတ်ထဲမှ နှုတ်ဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မကျသော်လည်း သူ၏နှလုံးသားမှာ ကြေကွဲလှမတတ် ခံစားနေရ၏။ ထို့နောက် သူသည် ဟိုဟိုဒီဒီ သွားမည့်ဟန်ဖြင့် သူ၏တပ်စုမှ ထွက်လာခဲ့၏။

ကမ်းပါးစောင်းကြီးမှာ နှစ်မိုင်ခန့် ရှည်လျား၍ တပ်သားများ ပြန့်လျက်ရှိနေ၏။ သို့နှင့် ဂျူလီယံသည် နောက်သို့ပြန်၍ လှည့်ကြည့်ရင်း လေးလံစွာ လျှောက်၍ တစ်နေရာသို့အရောက်တွင် လယ်ကွင်းများထဲသို့ ဖြတ်၍ဝင်ခဲ့လေသည်။

နေပွင့်သည့်တိုင် ဆီးနှင်းများခဲကာ အချို့နေရာများတွင် နှင်းများဖုံးလွှမ်းလျက်ပင် ရှိနေသေး၏။ ချောက်တစ်ဘက်ကမ်းသို့ ရဲဘော်များ ချောမောစွာ ရောက်စေရန်လည်း ဆုတောင်း၍နေမိ၏။

သို့နှင့် သူသည် ထွက်ပြူစ နေလုံးကြီးကို ကျောခိုင်းကာ အနောက်ရှူးရှူးသို့ ထွက်ခဲ့၏။ မည်သည့်အရပ်သို့ သွားရမည် မသိ။ ရောက်ရာပေါက်ရာ ခြေဦးလှည့်ရာသို့ သွားနေခြင်းဖြစ်လေသည်။

လယ်ကွင်းပြင်ကြီးမှာ တစ်မျှော်တစ်ခေါ်ကြီးဖြစ်၍ နှစ်မိုင်ခန့် ရောက်လာသောအခါ သူထွက်လာခဲ့သည့် ချောက်ကမ်းပါးဆီမှ လက်နက်ကြီးငယ်တို့၏ ပေါက်ကွဲသံများကို ကြားနေရ၏။

သေနတ်ပစ်ဖောက်သံများသည် ကျယ်လောင်လှသဖြင့် တိုက်ပွဲဖြစ်နေကြောင်း ထင်ရှားလှ၏။ တပ်မှူးပြောသည့်အတိုင်း ရုရှတို့က လိုက်၍ တိုက်ခြင်းပင် ဖြစ်ပေမည်။

ဂျူလီယံသည် ထိုတိုက်ပွဲကို မိတ်ဆွေရဲဘော်များနှင့်အတူ ဝင်၍ နွှဲလိုက်ချင်သေး၏။ သို့သော် သူတစ်ယောက် တိုးသွားသဖြင့် အကျိုးရှိမည် မဟုတ်ချေ။

အကယ်၍ နေတပ်မကြီးသည် ချောက်ကမ်းပါးအလယ်ကူးနေဆဲ အချိန်တွင် အတိုက်ခံရပါက တစ်တပ်လုံး ပြုတ်ပေတော့မည်။ မကူးရသေးမီ ဤမှာဘက်ကမ်းတွင် ရှိနေဆဲဖြစ်ပါက သူသေကိုယ်သေ ပြန်လည်ခုခံနိုင်သေးသဖြင့် ဘုရားသခင်စောင်မ,ပါရန် ဂျူလီယံသည် ဆုမွန်များ တောင်းမိရှာလေသည်။

သို့နှင့် သူသည် မိုးကုပ်စက်ဝိုင်းအထိ ရောက်ရှိနေသော လယ်ကွင်းပြင်ကြီးကို ကြည့်ကာ တဖြည်းဖြည်း လျှောက်လျက်ရှိရာမှ ကျောက်တုံးတစ်တုံးနားတွင် ထိုင်ချလိုက်ပြီးလျှင် ကလေးငယ်ကို လွတ်လပ်စွာ ချထားလိုက်၏။

ထို့နောက် အတန်ငယ် အမောပြေသောအခါ သူ့တွင် ပါလာသည့် အစားအစာများကို ကလေးငယ်နှင့်အတူ ဝေ၍စားကြ၏။





သူက ကလေးငယ်၏အသက်ကို ကယ်ဆယ်သကဲ့သို့ကလေးငယ်ကလည်း သူ့အသက်ကို ပြန်၍ကယ်ဆယ်သည်ဟု ဆိုရပေမည်။ နေတပ်မကြီးမှာ အကာအကွယ်မဲ့ ဖြစ်သဖြင့်တစ်ကြောင်း၊ လက်နက်ခဲယမ်းမီးကျောက် နှမ်းပါးသောကြောင့်တစ်ကြောင်း၊ နောက်ကွယ်မှနေလိုက်၍ အလစ်ဝင်ရောက်တိုက်ခိုက်ခြင်း ခံရသဖြင့်တစ်ကြောင်း အကျအဆုံးများလှတော့၏။

အကယ်၍သာ သူသည် ထိုတိုက်ပွဲတွင်ရှိနေပါက လွတ်မြောက်ရန်လမ်းမရှိချေ။ ယခုမူ သူသည် ကလေးကို ငဲ့ကွက်၍ တပ်မကြီးမှ ရောက်ရာပေါက်ရာသို့ ထွက်လာခဲ့သောကြောင့် အသက်ချမ်းသာရခြင်းဖြစ်၏။ ထို့ကြောင့် ကလေးငယ်က သူ၏အသက်ကို ပြန်၍ကယ်ဆယ်ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။

ထိုအချိန်၌ ပြင်သစ်စစ်ဘုရင် နပိုလီယံသည် လက်လှမ်းမီရာ တပ်များကို စုစည်းပြီးလျှင် တပ်ဆုတ်၍ လာခဲ့၏။ ကမ်းခြေသို့ ရောက်သောအခါ ရုရှစစ်တပ်တို့သည် ဒီနီဘီမှနေ၍ သူ့အား တိုက်ခိုက်ရန် ပြင်ဆင်နေသည်ကို တွေ့ရတော့၏။

စစ်ရေးနိမ့်နေသဖြင့် သူကိုယ်တိုင် သူ၏တပ်များကို လွတ်မြောက်သွားစေလို၏။ သို့နှင့် အရဲစွန့်ကာ အသေခံတပ်တစ်တပ်ကို ဖွဲ့ပြီးလျှင် မြစ်ပြင်ကို ဖြတ်ကျော်မည့်ဟန် ပြုလေသည်။

သူ၏ရည်ရွယ်ချက်မှာ အကယ်၍ ရုရှတို့က ထွက်တိုက်လျှင် သူက နောက်မှဝင်၍ စီးရန်ဖြစ်၏။ ယင်းတိုက်ပွဲသည်လည်း ပြင်းထန်လှသဖြင့် အကျအဆုံး အလွန်များလေသည်။

နိုဝင်ဘာ ၂၅ ရက်တွင် နပိုလီယံသည် အင်ဂျင်နီယာတပ်ကို တံတားနှစ်စင်း ချက်ချင်းဆောက်လုပ်ရန် အမိန့်ပေးပြီးနောက် ပြီးစီးသွားသောအခါ ရန်သူ၏ အခြေအနေကို ကင်းထောက်ရန် မြင်းတပ်က ပထမဆုံး ကူးသွားစေ၏။

မြင်းတပ်ကို အကာအကွယ်ပေးရန် ဤမှာဘက်ကမ်းမှ အမြောက်များကို အသင့်ပြင်ထား၏။ သို့နှင့် ၆ နာရီခန့်အကြာတွင် တစ်ဘက်ကမ်း၌ ရန်သူများကင်းရှင်း၍ ကူးနိုင်ပြီဖြစ်ကြောင်း အစီရင်ခံစာ ရောက်လာရာ အိုဒီနော့ တပ်မသည် စည်းကမ်းတကျ ရှေ့ဆုံးမှ ကူးသွားလေသည်။

ထိုတပ်မ၏ နောက်မှ နပိုလီယံနှင့် ကိုယ်ရံတော်တပ်များ ကူးသွားကြ၏။ ထို့နောက် တစ်တပ်ပြီးတစ်တပ် တံတားနှစ်စင်းပေါ်မှ အပြိုင်ကူးသွားကြ၏။

သို့သော် ဤဘက်ကမ်းတွင် တပ်များနည်းလာသည်နှင့်အမျှ ကျန်ရစ်ခဲ့သည့်တပ်များတွင် မနေရဲတော့ဘဲ တစ်တပ်နှင့်တစ်တပ် အလုအယက် အပြိုင်ကူးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တံတားပေါ်တွင် ရှုပ်ထွေးသွားရာ တံတားများမှာ ယာယီ ဆောက်ထားခြင်းမျှသာ ဖြစ်သောကြောင့် မကြာမီ နှစ်စင်းစလုံး ကျိုးကျသွားတော့၏။

တပ်သားများမှာလည်း လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ ရေလယ်ကောင်သို့ ဖရိုဖရဲကျကုန်ကြလေသည်။ နောက်ဆုံးတွင် ဤအခက်အခဲမျိုးကို စောင့်ကြည့်နေသည့် ရုရှတို့က နောက်ချန်တပ်များကို တရကြမ်း ဝင်ရောက်တိုက်ခိုက် စီးနင်းရာ ပြင်သစ်စစ်သား ၈၀၀၀၀ ခန့်မှာ ရုရှတို့လက်သို့ ကျရောက်သွားလေသည်။

ထိုတိုက်ပွဲအပြီးတွင် ပြင်သစ်စစ်သား စုစုပေါင်း ၁၂၀၀၀ ခန့်သာ ကျန်တော့၏။

လေးထောင်မှာ သေနတ်ထိမှန်ကျဆုံး၍ နောက်ထပ် လေးထောင်မှာ မြစ်ထဲသို့ ကျကာ ရေအလျဉ်တွင် မျောပါသွားလေသည်။

မာရီဗီနာမြို့သို့ ရောက်ခါနီးတွင် နပိုလီယံသည် သူ၏ စစ်တပ်ကို သူ အားမရတော့ချေ။ စစ်သားတိုင်းလိုလိုပင် ယိုင်တီယိုင်တိုင် အားအင်ချိနဲ့လျက် ရှိနေကြ၏။

စားနပ်ရိက္ခာဟူ၍ မရှိတော့တဲ့ တပ်တိုင်းသည် ကျဆုံးသည့် မြင်းသေ အသားများကိုသာ မှီခိုအားထားနေကြရတော့၏။

ယခုအခါတွင် သူတို့အားတက်သရော သယ်ဆောင်လာခဲ့သည့် လက်နက်ခဲယမ်းမီးကျောက်များ၊ အဖိုးတန် ပစ္စည်းများနှင့် ရတနာများကိုပင် သယ်ချင်စိတ် မရှိတော့ချေ။

ဤသို့ဖြင့် ပြင်သစ်တပ်များသည် ပရမ်းပတာဖြစ်ကာ တပ်ပြေးများလည်း ပေါ်လာတော့၏။ ရွာတစ်ရွာတွေ့လျှင် အစာရေစာအတွက် သူ့ထက်ငါ ဦးအောင် အပြေးအလွှား သွားရောက်ရှာဖွေရ၏။

တောင်းကြရမ်းကြ၏။ မရလျှင် လုယက်ကြ၏။ ဤသို့ဖြင့် နပိုလီယံ၏ တပ်များမှာ အကွပ်မရှိသော ကြမ်းကဲ့သို့ ပရမ်းပတာ ဖြစ်ကုန်ကြတော့၏။

ထိုအကြောင်းများကို သိသဖြင့် နပိုလီယံသည် တပ်မှူးများကို ခေါ်ယူကာ စစ်စည်းကမ်းများကို တင်းကြပ်စေ၏။ သို့သော် တပ်ပျက်တွင် မည်သူမျှ ဗိုလ်လုပ်၍ မရတော့ချေ။

ဂျူလီယံတို့ သားအဖသည် လယ်ကွင်းများဆုံးအောင် လျှောက်မိသောအခါ တဲတစ်တဲကို မြင်လိုက်ရသဖြင့် ဂျူလီယံသည် ကလေးငယ်ကို ပြင်၍ ပွေ့ချီကာ ထိုတဲရှိရာသို့ အားရဝမ်းသာ ပြေးသွားမိ၏။

သို့သော် မိမိဝတ်ထားသော ပြင်သစ်စစ်သား ယူနီဖောင်းနှင့် လက်ထဲ





မှ တူးမီးသေနတ်ကို ရုတ်တရက် ပြန်သတိရမိသဖြင့် ခြေလှမ်းများ တုန့်ခနဲ ဖြစ်၍သွား၏။

ရုရှလယ်သမားများမှာ ပြင်သစ်စစ်သားများအား အလွန်မုန်းတီးသော အချိန်ဖြစ်ကြောင်း သတိရသဖြင့် တဲအနီးသို့ ရုတ်တရက် မကပ်ဝံ့သေးချေ။ သို့သော် အတန်ကြာ စဉ်းစားပြီးနောက် မိမိကိုယ်ကို မိမိ သေလူဟု သဘောထားကာ တဲဆီသို့ တိုး၍သွားလေသည်။

အချိန်မှာနေဝင်ဖျိုးဖျဖြစ်သော်လည်း အတန်ငယ် အလင်းရောင်ရှိသေး၏။ တဲအတွင်းမှ အကူအညီ ရပါစေဟူ၍သာ ဂျူလီယံသည် ဘုရားသခင်ထံ ဆုတောင်း၍နေမိ၏။

တဲ၏ တံစက်မြိတ်အနီးသို့ သူရောက်သွားသည်အထိ အတွင်း၌ မှောင်၍နေပြီးလျှင် လူသံသူသံဟူ၍ မကြားရချေ။ ထိုအခိုက် တဲအတွင်းမှ ဖလူးခနဲ မြည်ကာ ကြက်တစ်ကောင် ပျံထွက်သွားသည်ကို တွေ့လိုက်ရသဖြင့် ဂျူလီယံမှာ ပထမခေါင်းနပန်းပင် ကြီး၍သွားမိ၏။ ကလေးငယ်သည် လန့်ဖြန့်ငိုသဖြင့် ချော့မော့ထားရလေသည်။

တဲမှာ မြေစိုက်တဲဖြစ်၍ အောက်ခြေတွင် သစ်လုံးများ မညီမညာ ခင်းထား၏။ ဂျူလီယံသည် ကလေးငယ်ကိုချကာ မီးခြစ်ခြစ်ပြီးနောက် အတန်ငယ် အတွင်းသို့ ဝင်မိသောအခါ ကံအားလျော်စွာ ရေနံဆီမီးခွက်တစ်ခွက်ကို တွေ့၍ ထွန်းညှိလိုက်၏။

ပထမဦးဆုံး တွေ့လိုက်ရသော မြင်ကွင်းကား ရေအိုးစင်မှ သောက်ရေအိုးမှာ ကွဲရှနေပြီးလျှင် ပစ္စည်းများမှာလည်း အနီးတွင် ဖရိုဖရဲပြန့်ကျဲနေသည်ကို မြင်တွေ့လိုက်၏။

ထိုအခိုက် ထရံ၏အပြင်ဘက်ဆီမှ လူတစ်ယောက်၏ ညည်းသံလိုလို ကြားရသဖြင့် ဂျူလီယံမှာ ကြက်သီးမွေးညှင်းများပင် ထ၍သွားမိတော့၏။ ပထမတွင် မိမိအား တစ္ဆေခြောက်သည်ဟု ထင်မိသေး၏။

သို့သော် အသံကို တိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် ပြတ်သားစွာ ကြားနေရသဖြင့် လူတစ်ယောက်၏ ညည်းသံဖြစ်ကြောင်း ထင်ရှားလှ၏။

သို့နှင့် သူသည် ကျောပိုးအိတ်ကို ထားခဲ့ပြီးလျှင် ကလေးငယ်ကို ဘယ်ဘက်မှ ခါးထစ်ခွင်ချီ၍ ညာဘက်မှ မီးခွက်ကို ကိုင်ကာ တဲအပြင်သို့ ထွက်ခဲ့လေသည်။

တဲ၏အပြင်တွင် အတွင်းထက် အတန်ငယ် ပို၍ လင်းသဖြင့် တဲနံဘေးသို့ ကွေ့ဝိုက်ကြည့်သောအခါ တဲနံဘေး ထရံနှင့် ကပ်လျက် လူတစ်ယောက်လဲ နေသည်ကို ထင်းထင်းကြီး မြင်တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယံသည် ကြင်နာသနားစိတ်ဖြင့် ထိုလဲနေသူအား အကူအညီပေးရန် အနီးသို့ ချဉ်းကပ်သွားရာ လဲနေသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်နေကြောင်း တွေ့ရှိရ၏။

တစ်ကိုယ်လုံး မြင်မကောင်းအောင် သွေးများ ရွှဲရွှဲစို၍နေပြီးလျှင် လေးလံသော အရာဝတ္ထုတစ်ခုခုနှင့် ရိုက်ထားခြင်း ခံရသဖြင့် တစ်ကိုယ်လုံး ဒဏ်ရာများဖြင့် ထပ်နေ၏။

ဦးခေါင်းမှာ ဟက်တက်ကွဲကာ ညာဘက် လက်တစ်ဖက်မှာလည်း ဓားခုတ်ခံရသောကြောင့် ပြတ်နေ၏။ ထိုအမျိုးသမီးသည် ရုရှလူမျိုး ဖြစ်ဟန်တူ၍ လယ်သူမဝတ်စုံ ဝတ်ထား၏။

အမျိုးသမီးနှင့် မလှမ်းမကမ်းတွင်ကား အရပ်ဝတ် အရပ်စားဖြင့် လယ်သမားဝတ်စုံ ဝတ်ထားသည့် လူတစ်ယောက်သည် ရင်ဘတ်တွင် သေနတ်ကျည်ဆံ ဖောက်ဝင်သွားသည့် ဒဏ်ရာဖြင့် သွေးအိုင်ထဲတွင် လဲ၍နေသည်ကို မြင်တွေ့လိုက်ရ၏။ သူ၏လက်ထဲ၌ကား မှိန်းတစ်ချောင်းကို ကိုင်ထားလေသည်။

နှစ်ယောက်စလုံးပင် အသက်မရှိတော့ပြီဖြစ်ကြောင်း သိရသဖြင့် ဂျူလီယံသည် တဲအတွင်းသို့ ပြန်၍ဝင်ခဲ့ရာ ထိုအခါမှပင် အတော်အတန် နွေးထွေးသွားတော့၏။ တဲအတွင်း၌မှောင်နေသဖြင့် သူသည် ကလေးကိုချကာ မီးခွက်ကို ပြန်၍ ထွန်းညှိလိုက်ပြီးလျှင် အစားအစာရှိလိုရှိငြား ရှာဖွေကြည့်၏။ သို့သော် တစ်အိမ်လုံး ဖွာရာကြဲနေသဖြင့် သူမရောက်မီကပင် ဓားပြတိုက်သွားဟန်တူ၏။

သို့နှင့် ဆက်လက်ရှာဖွေပြန်ရာ ကံအားလျော်စွာ ထောင့်တစ်ထောင့်တွင် ကန်စွန်းဥများတွေ့ရသဖြင့် ဂျူလီယံသည် မီးဖိုကလေးတစ်ခုဖိုကာ ကန်စွန်းဥများကို တွေ့ရာခွက်ဖြင့် ထည့်၍ ပြုတ်တော့၏။

ဤသို့ဖြင့် သားအဖနှစ်ယောက်တို့မှာ ထိုနေ့ညစာအတွက် ဖူလုံသွားပြီဖြစ်ရာ ကျန်သော ကန်စွန်းဥများကိုလည်း ကျောပိုးအိတ်ထဲသို့ ထိုးသွင်းထည့်ထားလိုက်လေသည်။

ထို့နောက် စားသောက်ပြီးကြသောအခါ ဂျူလီယံသည် ငိုက်မျဉ်းလာသဖြင့် အိပ်စက်ရန် သင့်လျော်သော နေရာတစ်ခုကို ရွေးပြီးလျှင် လှဲချလိုက်တော့၏။

ထိုညအဖို့ ထိုတဲ၌ပင် အိပ်ရပေတော့မည်။ မကြာမီ ကလေးငယ်ရောသူပါ အိပ်ပျော်သွားကြရာ နောက်တစ်နေ့ နံနက်လင်းမှပင် အိပ်ရာမှ နိုးလာကြတော့၏။

နေ့ပေါင်းများစွာ ညပေါင်းများစွာ ဒုက္ခရောက်ကာ အအိပ်ပျက် အစားပျက်ဖြစ်ပြီးနောက် ယခုကဲ့သို့ နွေးထွေးစွာ အိပ်ရခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်၏။





သို့သော် တဲအပြင်မှ အလောင်းနှစ်လောင်းကို သတိရလိုက်သောအခါ သူသည် စိတ်မော၍ သွားရပြန်လေသည်။

သို့နှင့် ဂျူလီယံသည် အစားအစာ အနည်းငယ်ကို ပြင်သစ်လျက်ရှိစဉ် ကလေးငယ်သည် တဲထဲ၌ ခေါက်တုန့်ခေါက်ပြန်လျှောက်ချည် ပြေးချည်ပြုလုပ်လျက်ရှိရာ တစ်ခဏအကြာတွင် ကြက်ဥနှစ်လုံးကို ကိုင်ကာ ဂျူလီယံအား ဝမ်းသာအယ်လဲလာ၍ပေး၏။

"ဘယ်ကရသလဲ" ဟု ဂျူလီယံက မေးသောအခါ ကလေးငယ်က ရုရှဘာသာဖြင့် တစ်စုံတစ်ရာ ပြန်ပြောပြီးလျှင် တစ်နေရာသို့ လက်ညှိုးထိုး၍ ပြလေသည်။

သို့နှင့် ဂျူလီယံသည် ထိုနေရာသို့ သွားရောက်ကြည့်ရှုရာ ကြက်မဝပ်ခဲ့သည့် ကောက်ရိုးပုံကလေးထဲတွင် ကြက်ဥကိုးလုံးတွေ့ရသဖြင့် ဝမ်းသာအားရ သိမ်းဆည်းထားလိုက်လေသည်။

ဤသို့ဖြင့် နံနက်စာကို သားအဖနှစ်ယောက် မြိန်ရေရှက်ရေ စားသောက်ပြီးလျှင် ညစာတစ်နပ်နှင့် မနက်စာ တစ်နပ်ကျွေးသော လယ်သူမ လင်မယား၏ အလောင်းများကို သားရဲတိရစ္ဆာန်များ၏ အစာမဖြစ်စေရန် မြေမြှုပ်လိုက်လေသည်။

ဂျူလီယံသည် ဤတဲတွင် အချိန်ကြာမြင့်စွာ ဆက်လက်နေထိုင်ရန် မသင့်တော့ဟု စဉ်းစားမိ၏။ အကယ်၍ ရွာသားများ ရောက်လာပါက ဘုန်းကြီးအမှု ရှာပတ်ဆိုဘိသကဲ့သို့ သူ့အပေါ်တွင် အမှုပတ်၍ လာမည်ကိုလည်း စိုးရိမ်မိသေး၏။

မြို့ကြီးပြကြီးတစ်ခုခုသို့ ရောက်မှ ဖြစ်တော့မည်။ သို့မှသာ အင်္ဂလန်ကိုဖြစ်စေ၊ ပြင်သစ်ကိုဖြစ်စေ ပြန်ရန် နည်းလမ်းရှာဖွေနိုင်မည်ဖြစ်၏။

ယခုအချိန်၌ သူသည် ပြင်သစ်စစ်သားမဟုတ်တော့ဘဲ ပြင်သစ်စစ်တပ်မှ အပြီးအပိုင် နုတ်ထွက်ခဲ့သော အင်္ဂလိပ်လူမျိုးတစ်ယောက်မျှသာ ဖြစ်သည်မဟုတ်ပါလော။

ထိုအခါမှ ဂျူလီယံသည် သူ၏ ညစ်ပေစုတ်ပြတ်နေသည့် ပြင်သစ်စစ်သား ယူနီဖောင်းကို ပြန်၍ကြည့်မိ၏။ ရှေ့သို့ခရီးဆက်ရန် ထိုအဝတ်အစားများနှင့် မဖြစ်နိုင်ချေ။ တဲအတွင်း အဝတ်အစားများ ရှိလိုရှိငြား ရှာ၍ကြည့်သေး၏။

သို့သော် တစ်စုံတစ်ရာမတွေ့ရဘဲ လယ်သမားသုံး ကိရိယာများနှင့် တောင်း၊ ခြင်း၊ အိုး၊ ခွက်များကိုသာ တွေ့ရ၏။

သို့နှင့် သူမြှုပ်နှံခဲ့သည့် အလောင်းနှစ်လောင်းကို မမောနိုင် မပန်းနိုင် ပြန်၍ တူးရပြန်၏။ ထို့နောက် လယ်သမားကြီး၏ အလောင်းမှ သွေးစွန်းသည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာများကို ဖြတ်ကျော်၍ ပေကျံနေသည့် မြေကြီးများကိုခါကာ သူ၏ကိုယ်တွင် ဝတ်ဆင်လိုက်လေသည်။ မည်သို့ဆိုစေ ရုရှလယ်သမားတစ်ယောက်နှင့် တူ၍သွားသောကြောင့် သဘောကျ၍နေမိ၏။

သို့နှင့် ဂျူလီယံသည် တဲအတွင်း တွေ့ရသည့် ဖိနပ်ဟောင်းတစ်ရံကို ပြုပြင်လိုက်သဖြင့် ကလေးငယ်အတွက် ဖိနပ်တစ်ရံရရှိပြီးလျှင် ကလေးငယ်မှာ လယ်ကွင်းများထဲတွင် လမ်းလျှောက်၍ လိုက်ပါလာနိုင်၏။

သို့နှင့် နေ့လယ် ၁၁ နာရီခန့်တွင် တဲမှထွက်ခဲ့ကြရာ အပြင်တွင် နှင်းများမှာ ဝေလျက်ပင်ရှိနေသေး၏။ နှစ်မိုင်ခန့်လျှောက်မိသောအခါ တဲအိမ်တစ်စုကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရ၏။

သို့သော် ထိုရွာမှ လူများသည် ယမန်နေ့ညက မိမိတည်းခိုခဲ့သည့် တဲငယ်မှ လယ်သမားကြီး ဓနီးမောင်နှံတို့အား မိမိသိကျွမ်းလိမ့်မည်ဟု ယူဆမိသဖြင့် ထိုတဲစုဆီသို့ မသွားတော့ဘဲ ခပ်ဝေးဝေးမှ ကွေ့ရှောင်ကာ ခရီးဆက်ခဲ့လေသည်။

ထိုနေ့အဖို့ နေမဝင်မီ ခရီးတွင်နိုင်သေးသဖြင့် ဂျူလီယံသည် ခရီးဆက်ခဲ့ရာ လယ်ကွင်းများတစ်လျှောက် ငါးရှာနေသည့် ဗျိုင်းများ၊ တင်ကြီးငှက်များကို တွေ့ရသဖြင့် ထိုနေရာသို့ နှစ်ဖက်စစ်သားများ အရောက်အပေါက်နည်းဟန်တူ၏။

အသားအတွက် ငှက်များကို ပစ်လိုသော်လည်း သေနတ်သံမကြားစေလိုသဖြင့်တစ်ကြောင်း၊ အသက်အေးနှင့် ကြိုက သုံးရန်အတွက် ကျည်ဆံကိုချွေတာရသဖြင့် တစ်ကြောင်း မပစ်ခတ်ချေ။ သူ၏ကျောပိုးအိတ်တွင် ကန်စွန်းဥနှင့် ကြက်ဥများမှာသူတို့အတွက် နှစ်နပ်စာမျှ ဖူလုံနေပြီ မဟုတ်ပါလော။

သို့နှင့် ၁၂ မိုင်နီးပါး ခရီးပေါက်ခဲ့ပြီးနောက် ညနေ ၅ နာရီခန့်တွင် မီးခိုးတလူလူနှင့် ရွာတစ်ရွာကို တွေ့ရသဖြင့် ဂျူလီယံသည် ရွာထဲသို့ ရဲရဲတင်းတင်းပင် ဝင်သွားတော့၏။

ယခုအချိန်တွင် သူသည် စစ်ပြေးဒုက္ခသည် ရုရှလယ်သမားတစ်ဦး အသွင်ဆောင်၍နေရာ အမြင်အားဖြင့် ကလေးငယ်ကလည်း သူ၏အသွင်အပြင်ကို ထောက်ခံလျက်ရှိနေ၏။ သို့သော် သူကိုယ်တိုင်မှာမူ ရုရှဘာသာစကား မတတ်သည်ကို မေ့လျော့၍နေလေသည်။

ရွာထဲသို့ ဝင်မိ၍ ရွာလယ်လမ်းမသို့ရောက်လျှင်ပင် ကလေးများက ဝိုင်းအုံအကဲခတ်ကြည့်ရှုကြ၏။

သို့နှင့် ဂျူလီယံက လူအုပ်ထဲမှ လူကြီးတစ်ယောက်အား –





"ကျွန်တော် စစ်ပြေးဒုက္ခသည်တစ်ဦးပါ" ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်ရာ ထိုသူက နားလည်ဟန်မတူသဖြင့် ပြင်သစ်ဘာသာဖြင့် ထပ်၍ ပြောကြည့်ပြန်၏။ သို့သော် ထိုသူမှာ နားလည်ပုံမရ။ ခဏမျှကြာသောအခါ လူအုပ်ထဲမှ သွက်လက်ချက်ချာပုံရသော လူရွယ်တစ်ယောက်က –

"မင်းဘယ်သူလဲ ... ဘယ်ကလဲ" ဟု ဂျူလီယံအား ပြင်သစ်ဘာသာဖြင့် မေးမြန်းလေသည်။

ထိုအခါ ဂျူလီယံက –

"ကျွန်တော့် နာမည် ဂျူလီယံလို့ ခေါ်ပါတယ်။ ကျွန်တော် ဘိုရီဒီနိုမြို့ကပါ။ အဲဟိုမှာ တိုက်ပွဲတွေ ဆက်တိုက်ဖြစ်နေလို့ ကျွန်တော်တို့ ထွက်ပြေးလာရပါတယ်။ လမ်းမှာ လူစုကွဲပြီး မျက်စိလည်လမ်းမှားလာတာပါ" ဟု အဖြေပေးလိုက်၏။ ထိုအခါ လူရွယ်က သူ့နောက်မှ လူများကို ရုရှဘာသာဖြင့် ပြန်၍ရှင်းပြလိုက်၏။ ထိုအခါမှ ညည်းသံ၊ သနားသံ၊ စုတ်သပ်သံများ ပေါ်ထွက်လာပြီးလျှင် ဂျူလီယံအား ကြည့်ကြပြန်လေသည်။

ထိုအခါ လူအုပ်ကြီးထဲမှ တစ်ယောက်တစ်ခွန်း၊ ပြောသံဆိုသံများ ကြားရပြီးနောက် သူ့အား ဆက်လက်ခေါ်သွားရာ ခြေတံရှည် အိမ်တစ်လုံးရှေ့သို့ ရောက်သောအခါ လူတစ်ယောက် ထွက်လာပြီးလျှင် သူ့အိမ်ရှေ့ရှိ လူအုပ်ကြီးကို အံ့အားသင့်၍ ကြည့်နေ၏။

ထိုအခါ ပြင်သစ်စကားတတ်သူလူရွယ်က အိမ်ရှင်လူကြီးအား အကျိုးအကြောင်း ရှင်းပြရာ လူကြီးသည် ဂျူလီယံအား တစ်ခဏမျှ အကဲခတ်ကြည့်ရှုပြီးနောက် –

"မင်းက ပြင်သစ်စကားတော့တတ်တယ်။ ရုရှဘာသာတော့ မတတ်ဘူးလား" ဟု ဂျူလီယံအား မေးလေသည်။

ထိုလူကြီးမှာ ရွာ၏အကြီးအကဲ ဖြစ်ဟန်တူ၏။ ထိုသူသည် ရုရှဘာသာဖြင့် ပြောဆိုလျက်ရှိရာ ဂျူလီယံက စကားပြန်မှတစ်ဆင့် ပြင်သစ်ဘာသာဖြင့် ပြန်၍ဖြေနေရ၏။ ထိုရွာတွင် ပြင်သစ်ဘာသာစကားတတ်သူတစ်ယောက် ရှိသေးသဖြင့်သာ တော်တော့၏။

ဂျူလီယံက အိမ်ရှင်လူကြီးအား –

"ကျွန်တော် အင်္ဂလိပ်လူမျိုးပါ။ ရုရှကိုရောက်တာ မကြာသေးပါဘူး"

"အခု ဘယ်သွားမလို့လဲ"

"ကျွန်တော် ဘယ်သွားရမှန်း မသိပါဘူး။ ကျွန်တော် အင်္ဂလန်ကို ပြန်ချင်ပါတယ်။ ကျွန်တော့်ကို မြို့ကြီးပြကြီးတစ်မြို့ကို သွားတဲ့လမ်းကို ပြပေးပါ။ အဲဒီကမှတစ်ဆင့် ကျွန်တော် ဗြိတိသျှသံမှူး၊ ဒါမှမဟုတ် သံအမတ်ကို အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ် လုပ်ပြီး အင်္ဂလန်ပြန်မှာပါ။ အခုတော့ ဒီညတစ်ည ကျွန်တော့်ကို ဒီမှာပဲ အိပ်ခွင့်ပြုပါ။ ကလေးလည်းပါလာတော့ အပြင်မှာ သိပ်အေးနေလို့ပါ"

ဂျူလီယံမှာ ထိုအချိန်ထိ ကံကောင်းလာသည်ဟု ဆိုရပေမည်။ ထိုညတွင် သူရောကလေးပါ နွေးထွေးစွာ အိပ်ကြရ၏။ ကလေးငယ်မှာ ထိုညတွင် နို့သောက်ရ၍ သူကိုယ်တိုင်မှာလည်း ပေါင်မုန့်နှင့် သိုးသားဟင်းတို့ကို မြိန်ရှက်စွာ စားသောက်ရ၏။ အကယ်၍သာ ကလေးငယ်အား မွေးစားမည့်သူကို ဤရွာတွင် ရှာဖွေတွေ့ကောင်းတွေ့မည်ဖြစ်၏။ သို့သော် သူသည် ဤမျှလောက် ချစ်ခင်ယုယ အနွံအတာခံ၍လာခဲ့ပြီးမှ မည်ကဲ့သို့ ပေးရက်ပါမည်နည်း။ ကလေး ငယ်နှင့် သူ၏အကြား ချည်ထားဖွဲ့နှောင်သည့် သံယောဇဉ်နှောင်ကြိုးကား သံမဏိတမျှ ခိုင်မာနေချေပြီ မဟုတ်ပါလော။

နောက်တစ်နေ့နံနက်တွင် ရွာသူကြီးနှင့် စကားပြန်လုလင်ငယ်ထံမှ စုံစမ်း သိရှိရသည်မှာ သူတို့ရွာကို ချူဘာန်းဟုခေါ်ကြောင်း၊ စစ်ဘေးစစ်ဒဏ် မသင့် ကြောင်း၊ သို့သော် မြို့ကြီးပြကြီးနှင့် မိုင် ၉၀ ခန့်ဝေး၍ ခရီးလမ်းပန်း အဆက် အသွယ် မကောင်းကြောင်း၊ လမ်းတွင် တောတောင်များ ထူထပ်၍ သားရဲ တိရစ္ဆာန်များ ပေါကြောင်း စသဖြင့် သိရှိရ၏။

ဂျူလီယံတို့ သားအဖ သွားရမည့်ခရီးမှာ ကြမ်းတမ်းကြောက်မက်ဖွယ် ကောင်းသော်လည်း နှောင်ရေးက ရှိသေးသဖြင့် မသွားမဖြစ် တွေ့သမျှ အခက် အခဲများကို ကျော်ဖြတ်ရပေဦးမည်။

ဂျူလီယံ ။ ။ "မိုင် ၉၀ လောက် ဝေးတယ်ဆိုတဲ့ မြို့နာမည်က ဘယ် လိုခေါ်ပါသလဲဗျာ"

စကားပြန် ။ ။ "ကွန်စတင်တီနိုပယ်လို့ ခေါ်တယ်"

ကွန်စတင်တီနိုပယ်သည် ရုရှပြည်တွင် ဒုတိယ အကြီးဆုံး မြို့တော်ဖြစ် ကြောင်း ဂျူလီယံ ကြားဖူး၏။ ထိုမြို့တွင် ဗြိတိသျှစစ်ဘက်ဆိုင်ရာ ကိုယ်စား လှယ်၊ မြို့ပြဘက်ဆိုင်ရာ ကိုယ်စားလှယ်များ ရှိနိုင်၏။ ထိုမြို့သို့ရောက်လျှင် အင်္ဂလန်သို့ ပြန်ရန်အတွက် အကူအညီများ တောင်းခံရယူနိုင်၏။ သို့နှင့် သူသည် ထိုမြို့သို့ရောက်အောင် သွားမည်ဟု စိတ်နှလုံးကို ခုန်းဒုန်းချလိုက်လေသည်။

ဂျူလီယံသည် ထိုရွာကလေးတွင် နှစ်ရက်ကြာမျှ နေထိုင်ခဲ့ပြီးနောက် စတုတ္ထမြောက်နေ့ နံနက်စောစောတွင် အိမ်ရှင်နှင့်တကွ တိုတောင်းသောအချိန် ကလေးအတွင်း မိမိနှင့် အသိမိတ်ဆွေဖြစ်သမျှ လူများအား နှုတ်ဆက်ကာ ခရီး ထွက်ခဲ့ပြန်၏။ ကလေးငယ်မှာလည်း သူ၏လက်ကိုဆွဲ၍ ပျော်ရွှင်မြူးထူးစွာ လိုက်ပါလာ၏။





နေ့လယ်လောက် ရောက်သောအခါ သူတို့သားအဖသည် မြင့်မား သော တောင်တန်းကြီးတစ်ခု၏ ခြေရင်းသို့ ရောက်ရှိလာ၏။ ရွာသားများ လမ်း ညွှန်လိုက်သည့်အတိုင်းဆိုလျှင် သူတို့သည် ထိုတောင်တန်းကြီးကို ဖြတ်ကျော် ရပေဦးမည်။ တောင်ကြီးမှာ အလွန်မြင့်မားပြီးလျှင် သစ်ကြီးဝါးကြီးများဖြင့် ဖုံး အုပ်လျက်ရှိနေ၏။ တောင်ပေါ်ရှိ သစ်ပင်ကြီးများမှလည်း အကိုင်းအခက်များ ဝေဆာပြီးလျှင် ကောင်းကင်သို့ ထိုးလုမတတ် ရှိနေ၏။

နေ့လယ်ချိန်သို့ရောက်သော်လည်း ချမ်းအေးဆဲပင် ရှိသေး၏။ သစ် ကိုင်း သစ်ခက်များပေါ်တွင် တွဲရရွဲခိုလျက် ရှိနေသည့် နှင်းပွင့်နှင်းဆိုင်များမှ နှင်းရည်များသည် နေ့လယ်ခင်း နေအရှိန်ကြောင့် မြေပေါ်သို့ တစ်ပေါက်ပေါက် ကျလျက်ရှိနေ၏။ ဤသို့ဖြင့် ခရီးဆက်ခဲ့ရာ တောစပ်တွင် လူသွားလမ်းအတိုင်း ဆက်လက်ဝင်ခဲ့၏။ လမ်းတွင် အချို့နေရာတွင် ပြေ၍ အချို့နေရာတွင်လည်း မတ်စောက်စွာရှိနေ၏။ အတန်ငယ်သွားမိသောအခါ လူသွားလမ်းကလေး ဆုံး သွား၍ မြက်များပေါ်တွင် လျှောက်၍သွားရ၏။ ရွာသားများ ညွှန်ပြလိုက်သည့် အတိုင်းဆိုသော် တောင်လယ်တွင် တဲအိမ်စုကလေးတစ်စု တွေ့ရမည် ဆို၏။ ဤသို့ဆိုလျှင် သူသည် ထိုတဲစုကလေးရှိရာသို့ အရောက်သွားရပေဦးမည်။

တောမှာ တဖြည်းဖြည်းနက်လာ၍ အချို့နေရာများ၌ နေပြောက်ပင် မထိုးဘဲ မည်းမှောင်လျက်ရှိနေ၏။ ထို့ကြောင့်လည်း သားရဲတိရစ္ဆာန်များ ပေါ များခြင်းပင် ဖြစ်ပေလိမ့်မည်။ တောင်လယ်တွင် ရှိသည်ဆိုသည့် တဲစုကလေးမှာ လည်း မုဆိုးများ ထိုး၍နေခြင်း ဖြစ်ပေလိမ့်မည်။ ညနေစောင်းသည်အထိ တဲစု ကလေးကို မတွေ့ရသေးချေ။ လမ်းမှား၍ပင်လာပြီဟု တွေးနေမိ၏။ အတန်ငယ် ကြောက်ရွံ့ထိုးရိမ်စိတ်များပင် ဝင်၍လာမိ၏။ ဆောင်းတွင်း၌ နေအဝင်စောပြီးလျှင် နေ့တာတို၍ ညတာရှည်၏။ သူ့တွင် မီးခြစ်သာပါ၍ မီးတုတ်မီးခွက်ဟူ၍ မပါ ချေ။ မီးဖိုရန်မှာလည်း သစ်ကိုင်းခြောက်ဟူ၍ မတွေ့ရဘဲ အားလုံးသော သစ် ကိုင်းသစ်ခက်မှန်သမျှ ဆီးနှင်းများဖြင့် ရွှဲရွှဲစိုစိုလျက် ရှိနေ၏။

ဂျူလီယံသည် ရှေ့သို့ ဆက်လက်သွားပြန်ရာ မြေညီကွက်လပ်တစ်ခု တွေ့ရသည်နှင့် နားနေအိပ်စက်ရန် ပါလာသော စစ်မိုးကာကို ခင်းလိုက်ပြီးနောက် ထိုနေရာ၌ပင် အိပ်စက်ကြတော့၏။ မီးမွေးရန်ထင်းခြောက် လုံးဝမရှိသဖြင့် ပေါင် မုန့်ကို ကြက်ဥအစိမ်းနှင့် သုတ်ကာ ထိုနေ့ညစာကို ကလေးနှင့်အတူ ဖြစ်သလို စားသောက်လိုက်ကြရ၏။ စားသောက်ပြီးကြသောအခါ ဂျူလီယံသည် ရုရှ ပြောင်းဖူးဖက် ဆေးလိပ်ကိုထုတ်၍ မီးညှိသောက်လိုက်သေး၏။ နှင်းများမှာ တဖွဲဖွဲ ကျလျက်ရှိနေသော်လည်း သူတို့သည် ပင်စည်ကြီးမားသည့် သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်၏ သစ်ခေါင်းအတွင်းသို့ ဝင်၍နေသဖြင့် သက်သာရာရတော့၏။ ကလေးငယ်မှာ ချမ်းအေးလွန်းသဖြင့် သူ၏ရင်ခွင်ထဲမှ မဆင်းတော့ချေ။

ညရှစ်နာရီခန့်တွင် ဂျူလီယံသည် ခပ်ဝေးဝေးမှ ခွေးအူသံလိုလို အသံတစ်သံ ပထမကြားလိုက်ရပြီးနောက် အဆက်မပြတ် အူသံများကို ကြားရပြန်၏။ အသံများမှာ အုပ်စုလိုက် အူလိုက်သော အသံများ ဖြစ်၍ သူတို့ဘက်သို့ လာနေသည်ဟုလည်း ထင်ရ၏။ ဂျူလီယံမှာ ခေါင်းနပန်းကြီးသွားတော့၏။ ကြားရသောအသံများမှာ မြေခွေး၊ ခွေးအ၊ သို့မဟုတ် ဝံပုလွေတို့၏ အသံများဖြစ်ဟန်တူ၏။ ဂျူလီယံသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ရုတ်တရက် ထ၍ ရပ်လိုက်၏။ အသံများမှာ မိမိတို့ရှိရာသို့ ဦးတည်၍လာနေကြောင်း ပြတ်သားစွာ ကြားနေရ၏။ တောသတ္တဝါတို့သည် မည်သည့်လူကိုပင် မတွေ့စေကာမူ အနံ့ခံကောင်းလှသဖြင့် အသည်းယားစရာပင် ဖြစ်လေသည်။

သို့နှင့် သူသည် သစ်ခေါင်းထဲမှ ထွက်ပြီးနောက် ပင်စည်ကြီးကို စမ်းသပ်၍ သစ်ပင်ပေါ်သို့တက်ရန် လမ်းရှာကြည့်၏။ ပင်စင်မှာအောက်တွင် အကိုင်းများ မရှိသော်လည်း လူတစ်ရပ်ကျော်ကျော်တွင် အကိုင်းအခက်များ ရှိနေ၏။ သို့နှင့် သူသည် သစ်ကိုင်းတစ်ကိုင်းကိုဆွဲ၍ တက်ကြည့်ရာ သစ်ပင်ကြားတစ်ခုသို့ ရောက်သွားလေသည်။

ဂျူလီယံသည် သစ်ပင်အောက်သို့ ပြန်၍ဆင်းလာရာကလေးငယ်မှာ သစ်ခေါင်းထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိနေ၏။ အူသံများကား ပို၍ပို၍ ကျယ်လောင်လာပြီးလျှင် သူတို့နှင့် တဖြည်းဖြည်း နီးကပ်လာချေပြီ။

အချိန်မှာလည်း သားရဲတိရစ္ဆာန်တို့ အစာရှာထွက်ချိန် ဖြစ်၍ လူသားသည် သူတို့အတွက် ဟင်းကောင်းဟင်းလျာပင် ဖြစ်တော့၏။

သို့နှင့် ဂျူလီယံသည် ကလေးငယ်ကို နှိုး၍ပွေ့ချီပြီးနောက် သစ်ကိုင်းတစ်ကိုင်းပေါ်သို့ တစ်ဆင့်တင်ပေးပြန်၏။ ကလေးကလည်း သူပြောသည့်အတိုင်း မှီရာသစ်ကိုင်းကို မြဲမြဲစွာ ဆုပ်ကိုင်ထား၏။

ဤသို့ဖြင့် သူရောကလေးပါ သစ်ပင်ခွကြားသို့ ရောက်ရှိသွားလေသည်။ ခွကြားမှာ အတော်ပင် ကျယ်ဝန်း၍ အလယ်၌ ခွက်နေပြီးလျှင် လူနှစ်ယောက် ခြေဆန့်လက်ဆန့်နေနိုင်၏။

ဂျူလီယံသည် ကလေးငယ်အား ငြိမ်သက်စွာ နေရန် အင်္ဂလိပ်ဘာသာဖြင့် ပြောခဲ့ပြီးနောက် သစ်ပင်အောက်သို့ဆင်းပြီးလျှင် ကျောပိုးအိတ်၊ မိုးကာနှင့် အခြားပစ္စည်းကလေးများကိုယူ၍နေ၏။

သို့ရှိစဉ် ကလေးငယ်မှာ အော်၍ငိုတော့၏။ အူသံများကား သစ်ပင်အနီးသို့ ရောက်လာချေပြီ။ ဂျူလီယံမှာ တောလိုက်ဖူးသူတစ်ယောက်ဖြစ်သည့်





အတိုင်း ယခုကြားရသည့် အူသံများမှာ ခွေးအများ၏ အူသံဖြစ်ကြောင်း သိရှိရ၏။ ခွေးအများသည် အစာရှာထွက်ရာတွင် အုပ်စုလိုက် အရှာထွက်တတ်ကြ၏။ ၎င်းတို့သည် အနံ့ခံကောင်း၍ ရက်စက်ကြမ်းကြုတ်ပြီးလျှင် လူသားကိုလည်း အလွန်ကြိုက်နှစ်သက်တတ်ကြလေသည်။

သစ်ပင်ခွကြားသို့ သူပြန်ရောက်သောအခါ ခွေးအများသည် မြေကြီးကို ခွာဖြင့်ယက်ကာ သစ်ပင်ကို ဝိုင်း၍နေကြလေပြီ။ ကလေးငယ်မှလည်း ပို၍ငိုသဖြင့် ရင်ခွင်တွင် ပိုက်၍ ချော့ထားလိုက်ရ၏။ ခွေးအများသည် ကလေးငိုသံကို မကြားရစေကာမူ လူနံ့ရပြီဖြစ်ကြောင်း ဂျူလီယံ သိပြီးဖြစ်၏။

ထိုအခါမှ သတိရမိ၏။ သူသည် အခွေးထည်နှင့် အစားအစာများကိုသာ ယူလာနိုင်ခဲ့သော်လည်း သစ်ပင်ခြေရင်းတွင် ထောင်၍ ထားခဲ့သော တူမီးသေနတ်ကိုမူ မယူလာနိုင်ခဲ့သေးချေ။ သူသည် အလေ့အကျင့် ရပြီးဖြစ်သဖြင့် သစ်ပင်အတက်အဆင်းကို သုံးမိနစ်ဖြင့် ပြုလုပ်နိုင်၏။ သို့ဖြစ်၍ သူသည် အောက်သို့ ပြန်၍ဆင်းပြန်၏။

အောက်သို့ရောက်သောအခါ မှောင်ထဲတွင် သေနတ်ကို စမ်းသပ်ရှာဖွေနေရသည်မှာ နှစ်မိနစ် သုံးမိနစ်ခန့်ကြာသွား၏။ သို့ရှိစဉ် ကလေးကလည်း ငယ်သံပါအောင် အော်ဟစ်ငိုကြွေးနေ၏။ ထိုအခါ ခွေးအများသည် သူရှိရာသို့ တစ်ဟုန်ထိုးလာ၍နေပြီဖြစ်ရာ ဂျူလီယံသည် သေနတ်ကို ဘယ်ဘက်မှကိုင်၍ ညာဘက်ဖြင့် သစ်ကိုင်းကို လှမ်း၍ ဆွဲခိုလိုက်၏။

ထို့နောက် သူသည် ပင်စည်ကို ခြေဖြင့် စုံကန်ပြီးလျှင် သူ၏ ခန္ဓာကိုယ်ကို လေထဲသို့ လွှင့်မြှောက်လိုက်၏။ သို့သော် နောက်ကျခဲ့ချေပြီ။ သစ်ပင်ခြေရင်းရှိ မှောင်ထဲမှာ ခွေးအတစ်ကောင်သည် သူ့အား လှမ်း၍ဟပ်လိုက်ရာ ညာဘက်ခြေထောက်ကို မိသွားပြီးလျှင် ခြေသလုံးကို ခဲထားတော့၏။ သို့ရှိစဉ် သူသည် ဘယ်ဘက်လက်မှ သေနတ်ကို သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်၍ အားယူကာ လက်နှစ်ဖက်စလုံးဖြင့် ကုတ်ထားလိုက်၏။

အောက်မှ ခွေးအ,ကလည်း သူ၏ ညာဘက်ခြေသလုံးကို မလွှတ်တမ်း ခဲထားလေသည်။ အကယ်၍သာ ထိုအချိန်၌ အောက်သို့ သူပြုတ်ကျသွားခဲ့သော် ခွေးအ,များ၏ စားမြိန်စာသာ ဖြစ်ပေတော့မည်။

ဂျူလီယံမှာ သူဆွဲကိုင်ထားသည့် သစ်ကိုင်းကို မလွှတ်သည်နှင့်အမျှ သူ၏ လက်ယာဘက်ခြေထောက်ကို ခဲထားသည့် ခွေးအ,ကလည်း မလွှတ်ချေ။ သူ၏ ကိုယ်ခန္ဓာသည် လေထဲတွင် လွှင့်ပါရင်း ပြင်းထန်သော ဝေဒနာကို ခံစားနေရ၏။ နောက်ဆုံးတွင် သူ၏ဘောင်းဘီစုတ်ပြတ်ကာ ခြေသလုံးသားသည် ခွေးအ၏ ပါးစပ်ထဲသို့ တစ်ဟပ်စာမျှ ပါသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရှိစဉ် အခြားခွေးအများလည်း ဝိုင်းအုံလာသဖြင့် ဂျူလီယံသည် နောက်ထပ် အကိုက်မခံရမီ သတိကြီးစွာ သူ၏ကိုယ်ကို ဆွဲလိုက်ပြီးလျှင် ဘယ်ဘက်ခြေထောက်ဖြင့် အပေါ်မှ သစ်ကိုင်းကို ချိတ်လိုက်ပြီးနောက် ညာဘက်ခြေထောက်ကို ပင်ပန်းကြီးစွာဖြင့် ဆွဲတင်လိုက်၏။ အသက်ကိုလုနေရသဖြင့် နာကျင်သော ဝေဒနာခံစားနေရသည်ကိုပင် မသိနိုင်တော့ချေ။

ဂျူလီယံသည် သစ်ပင်ခွကြားသို့ရောက်သည်နှင့် တစ်ပြိုင်နက် အသက်ကို ပြင်းစွာ ရှူလိုက်ပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်၏။ သေနတ်ကို စလွယ်ကြိုးဖြင့် သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်ထားလိုက်၏။

ထို့နောက် ငို၍နေသော ကလေးငယ်ကို ပွေ့ချီလိုက်သဖြင့် အငိုတိတ်သွားသော်လည်း ခွေးအများသည် ဆူညံစွာ အူ၍နေသေး၏။ အချို့က ပင်စည်ကို ကုတ်ခြစ်တက်နေပြီးလျှင် အချို့ကလည်း ပင်စည်ကို ပတ်လျက်ရှိနေကြ၏။

ထိုညတွင် ကလေးငယ်သည် ကောင်းစွာ မအိပ်တော့ချေ။ ကလေးမှာ အသက်ပင် ငယ်သော်လည်း ဘေးအန္တရာယ်ကိုတော့ ကြောက်ရမှန်းသိသဖြင့် ဂျူလီယံ၏လည်ပင်းကို တစ်ညလုံး ဖက်တွယ်ထားပြီးလျှင် ခေါင်းကလေးကို ရင်ပတ်နှင့် ကပ်ထားရှာ၏။ ဂျူလီယံသည်ပင် တစ်ညလုံး ငုတ်တုတ်ထိုင်၍ နေရတော့၏။

ခွေးအများသည် ပင်စည်ကို ကုတ်ခြစ်၍ တက်လျက်ရှိရာ ဆယ်ကောင်ထက်နည်းမည် မဟုတ်ပေ။ သို့သော် ကံကောင်းထောက်မ,သဖြင့် တစ်ကောင်တလေမျှ မတက်နိုင်ဘဲ ရှိနေ၏။

သူသည် ကလေးနှင့်အောက်သို့ မဆင်းနိုင်ဘဲရှိနေရာမှ တဖြည်းဖြည်း ငိုက်မျဉ်းလာပြီးလျှင် အိပ်တစ်ဝက် နိုးတစ်ဝက် မှေးခနဲ ဖြစ်၍သွားတော့၏။ အာရုံတက်လာသည်နှင့် တစ်ပြိုင်နက် အူသံများ စဲသွားပြီးနောက် တဖြည်းဖြည်းနှင့် အူသံများ ပျောက်ကွယ်သွားလေသည်။

နောက်တစ်နေ့ အာရုံတက်၍ မှုန်ဝါးဝါးအလင်းရောင် မြင်ရသောအခါ ဂျူလီယံမှာ အားတက်၍လာတော့၏။ ထိုအခါမှ သူသည် ချမ်းအေးသော ဒဏ်ကို သတိရလာပြီးလျှင် မိုးကာကို ဆွဲ၍ခြုံလိုက်ပြီးနောက် ကလေးငယ်ကိုလည်း ရှိသမျှ အဝတ်များဖြင့် ခြုံ၍ပေးရတော့၏။

အလင်းရောင် လုံလောက်စွာရလာသောအခါ ခွေးအများသည် သူတို့သားအဖအား အနီးအနားမှ စောင့်၍နေကြမည်လောဟုပင် တွေး၍ ကြောက်မိသေး၏။

သို့ရှိစဉ် ခွေးကိုက်ခံရသော ဒဏ်ရာမှ တဖြည်းဖြည်း ကိုက်ခဲ၍လာတော့၏။ သို့နှင့် စုတ်ပြတ်နေသည့် ဘောင်းဘီကိုလှန်လှောကြည့်ရှုလိုက်ရာ ခြေသလုံး





ကြွက်သားမှာ တစ်လက်မခန့် အသားတစ် ပါသွားပြီးလျှင် သွေးများ တစိမ့်စိမ့် စီးကျနေသည်ကို တွေ့ရလေသည်။

ဂျူလီယံသည် ညဦးပိုင်းမှစ၍ ခေါင်းထဲတွင် ရီတီတီ ဖြစ်ကာ မူးဝေလျက်ရှိနေ၏။ ဤကဲ့သို့ ဖြစ်နေရခြင်းမှာ ဒဏ်ရာမှ သွေးအထွက်များသောကြောင့် ဖြစ်ဟန်တူ၏။ သို့နှင့် သူသည် သွေးတိတ်စေရန် ပင်စည်တစ်နေရာကို ဓားဖြင့် ကွင်း၍ လှီးပြီးလျှင် ထွက်လာသော အစေးများကို လက်ညှိုးဖြင့် ကော်၍ ဒဏ်ရာကို သုတ်လိမ်းလိုက်၏။ ထိုအခါမှ အတန်ငယ် သက်သာရာ ရသွားတော့၏။ ထို့နောက် ဘောင်းဘီကိုစုတ်ဖြဲ၍ ဒဏ်ရာကို စည်းထားလိုက်လေသည်။

ကလေးငယ်မှာ ဂျူလီယံ လုပ်ကိုင်နေသည်များကို မျက်လုံးကလေး အဝိုင်းသားဖြင့် ကြည့်နေရှာ၏။ ထိုအချိန်တွင် သစ်ပင်အောက်သို့ ခွေးအများ ရောက်လာပြီးလျှင် သူတို့သားအဖအား ပြောင်ပြောင်တင်းတင်းပင် မော့်ကြည့်လျက်ရှိလေသည်။

ထိုအခါ ဂျူလီယံသည် သစ်ကိုင်းတွင် ချိတ်ဆွဲထားသည့် သေနတ်ကို သတိရလာသဖြင့် နေရာမှ ထ၍ ဖြုတ်ယူလိုက်၏။ သို့သော် ခွေးအကိုက်ခံထားရသည့်ဒဏ်ရာကြောင့် တစ်ကိုယ်လုံးရှိ အကြောများ ဆိုင်းနေသဖြင့် အတော်ကြိုးစား၍ ထရ၏။ ထို့နောက် သူသည် သစ်ပင်ခွကြားတွင် နေရာယူကာ သေနတ်မောင်းကို တင်ပြီးနောက် ခွေးအများကို ချက်ချင်း ပစ်ချလိုက်၏။ ကျည်ဆံသုံးတောင့်ဖြင့်ပင် ခွေးအ,သုံးကောင်ကို မလွဲတမ်း ပစ်ခတ်နိုင်၏။ သို့နှင့် သစ်ပင်ခြေရင်းတွင် ဝိုင်းနေသည့် ခွေးအများကို ထပ်မံပစ်ခတ်ပြန်၏။ ကျည်ဆံတိုင်းပင် ခွေးအများကို ထိမှန်လေရာ နောက်ဆုံးတွင် ရှင်းလင်းသွားလေသည်။

သို့နှင့် နာရီဝက်ခန့်ကြာသောအခါ ဂျူလီယံသည် ပစ္စည်းများကို တစ်လှည့်၊ ကလေးငယ်ကိုတစ်လှည့် သယ်ယူကာ သစ်ပင်ပေါ်မှ အောက်သို့ ဆင်းခဲ့၏။ ထို့နောက် ကျောပိုးအိတ်ကို ထမ်းကာ ကလေးငယ်ကို လက်ဆွဲ၍ ထိုနေရာမှ လျင်မြန်စွာ ခရီးနှင်ခဲ့ကြလေသည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် ဂျူလီယံတို့သားအဖသည် စမ်းချောင်းကလေးတစ်ခုအနီးတွင် ရပ်နားကာ ကန်စွန်းဥများကို မီးဖုတ်၍လည်းကောင်း၊ ညနေပိုင်းတွင် မှိုအနည်းငယ်ရသဖြင့် မီးဖုတ်၍လည်းကောင်း၊ ပန်းသီးကဲ့သို့ သစ်သီးတစ်မျိုးကို တွေ့ရသဖြင့် ဆွတ်ခူး၍ လည်းကောင်း ညစာအတွက် စားသောက်ကြရ၏။ ကလေးငယ်မှာ အဖော်ရလာပြီဖြစ်၍ ထင်းခြောက်အနည်းငယ်ကို လက်တစ်ဘက်ဖြင့် ပွေ့ပြီးလျှင် အခြားတစ်ဘက်မှ ပေါင်မုန့်ခြောက်ထုပ်နှင့် မှိုစည်းကိုင်ကာ ခရီးဆက်ခဲ့ကြလေသည်။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယံမှာ ခြေထောက်မှ အနာအတွက် ယခင်ကကဲ့သို့ အားစိုက် ခွန်စိုက် မလျှောက်နိုင်တော့ဘဲ ရှိနေ၏။ ဒုတိယညတွင် အခက်အခဲမရှိ ကျောက်ဂူတစ်ဂူထဲတွင် အေးချမ်းစွာ အိပ်စက်ကြရ၏။ တောင်ပေါ်တွင် တောင်ဆိတ် တစ်ကောင် ပစ်ခတ်ရရှိသဖြင့် မီးကင်၍ စားကြရသေး၏။ ထိုညတွင် ထင်းခြောက်များကို မီးဖို၍ သားရဲတိရစ္ဆာန်တို့၏ ဘေးရန်ကို ကာကွယ်ထားရ၏။

တတိယနေ့တွင် သူ၏ခြေထောက်မှ ဒဏ်ရာမှာ ယခင်ကထက် ပို၍ ဆိုးရွားလာ၏။ ပတ်တီးမှာ တင်းကြပ်လာပြီးလျှင် ခြေထောက်များမှာလည်း ရောင်ကိုင်းလာတော့၏။ တောင်တက်များတွင် ခရီးမတွင်လှသော်လည်း တောင်ဆင်းများတွင် မြေကြီးကို တင်ပါးဖြင့် ကပ်ပြီးနောက် ကလေးငယ်ကို သတိကြီးစွာဖြင့် လက်တစ်ဘက်မှ ထိန်းကာ လျှောဆင်းရ၏။

ဂျူလီယံသည် ဖြတ်သန်းလာသော ခရီးတစ်လျှောက်တွင် သစ်ပင်များပေါ်မှ မြွေကြီးများကိုလည်းကောင်း၊ ရှေ့မှ ဖြတ်ပြေးသည့် သမင်၊ ဒရယ်၊ ချေငယ်၊ ဆိုင်၊ ဆတ်များကိုလည်းကောင်း တွေ့ရသော်လည်း ကျည်ဆံများကို ချွေတာရသဖြင့် မပစ်ခတ်ချေ။ ဤသို့ဖြင့် ထိုနေ့ညနေစောင်းတွင် တောင်ခြေသို့ ချောမောစွာ ရောက်ရှိလာခဲ့၏။ ထိုနေရာသည် သစ်ပင်များ နည်း၍ တောက သည်းပါးလာ၏။ သို့သော် ဆီးနှင်းများကျလျက်ပင် ရှိသေးသဖြင့် အအေးဒဏ်ကား မသက်သာသေးချေ။ ကလေးငယ်အတွက် အနွေးထည် လုံလောက်သော်လည်း သူ၏အဝတ်အစားများမှာ အအေးဒဏ်ကို မကာကွယ်နိုင်တော့ချေ။ သူတို့သည် ထိုနေ့ညနေစာကို ဖြစ်သလို စားသောက်ကြ၍ တောင်ကမူစွန်းတစ်ခု အောက်တွင် ပါလာသော ထင်းခြောက်အနည်းငယ်ကို မီးဖိုကာ တစ်ညတာ အိပ်စက်ကြရပြန်လေသည်။

ထိုည၌ ကလေးမှာ အိပ်ပျော်သွားသော်လည်း ဂျူလီယံသည် တဆစ်ဆစ် ကိုက်ခဲနေသော ဒဏ်ရာကြောင့် ရတ်တရက် အိပ်မပျော်နိုင်ဘဲ နံနက်လင်း အားကြီးမှ မှေးခနဲ အိပ်ပျော်သွားတော့၏။ အိပ်ရာမှ နိုးသောအခါ နေသည် ထန်းတစ်ဖျားမျှပင် ရှိနေလေပြီ။ နိုးလျှင်နိုးချင်း ကလေးငယ်သည် သူ့အား ပြုံး၍ နှုတ်ဆက်သဖြင့် သူက ပြန်၍ နမ်းရှုပ်လိုက်၏။ ထို့နောက် ကလေးငယ်အား ပေါင်မုန့်တစ်ဖဲ့ ကျွေးပြီးလျှင် သူကိုယ်တိုင်လည်း အနည်းငယ် စားလိုက်၏။ သူ၏ဘဝ သူ၏ကမ္ဘာသည်ကား ဤကလေးငယ်ပင် ဖြစ်တော့၏။

သို့ဖြင့် နာရီဝက်ခန့်နားပြီးနောက် သူတို့သည် ခရီးဆက်ခဲ့ကြပြန်၏။ မြေပြန့်သို့ရောက်လာသော်လည်း တောစပ်မှ မထွက်ရသေးဘဲ ထိုနေ့အဖို့ ရေဟူ၍လည်း မသောက်ခဲ့ရသေးချေ။ ချောင်း၊ မြောင်းများ တွေ့ရသော်လည်း ငှက်ဖျားကြောက်သဖြင့် မသောက်ခဲ့၊ နှင်းရည်နှင်းပွင့်များဖြင့်သာ အာသာဖြေခဲ့ကြရ၏။





နေ့လယ်လောက်တွင် လူများ စိုက်ပျိုးထားသည့် သခွားခင်းများကို တွေ့ရသဖြင့် သားအဖနှစ်ယောက်တို့မှာ သခွားသီးများကို အစားလွတ်အောင်ပင် မြိန်ရှက်စွာ စားကြပြီးလျှင် အမောပြေသောအခါ ခရီးဆက်ကြပြန်လေသည်။

လမ်းခရီးတွင် ကလေးငယ်က သွက်လက်ဖျတ်လက်သလောက် သူသည် လေးလံထိုင်းမှိုင်း၍ လာတော့၏။ ဦးခေါင်းမှာ မူးဝေလျက် တစ်ခါတစ်ရံ မျက်စိများပင် ပြာဝေ၍လာတော့၏။ သူ့တွင် အဖျားဝင်၍ လာချေပြီ။ ခြေထောက်မှာ ဖူးရောင်လာကာ ထိုဒဏ်ရာကြောင့်ပင် အဖျားဝင်လာခြင်းဖြစ်ကြောင်း သတိပြုမိ၏။

ဤသို့ဖြင့် မလှမ်းနိုင်လှမ်းနိုင် တဖြည်းဖြည်း လျှောက်ခဲ့ရာ နေ့လယ် ၂ နာရီခန့်တွင် ရွာတစ်ရွာသို့ ရောက်လာ၍ ကလေးငယ်ကပင် သူ့အား တွဲခေါ်နေရ၏။ ကလေးမှာ လူပင်ငယ်သော်လည်း အသက်နှင့်မလိုက်အောင် အခက်အခဲ မှန်သမျှ သိရှိနားလည်ပုံရပေသည်။

ရွာအဝင်တွင် ၁၀ ပေခန့်ကျယ်သည့် မြောင်းငယ်တစ်ခုရှိရာ မြောတိုင် လေးတိုင်ကို သပ်ရိုက်ကာ မြောင်းကို ဖြတ်၍ ခင်းထားပြီးလျှင် လက်ကိုင်ရန် အတွက် လက်ယာဘက်တွင် ဝါးတန်းတစ်ခု ထိုးထား၏။ ဝါးတန်းမှာ လေးပေ ခန့်မြင့်သဖြင့် ကလေးငယ်အဖို့ လက်လှမ်းမမီချေ။ သူကိုယ်တိုင် ပွေ့ချီ၍ ကူးမှသာ ရပေတော့မည်။ သို့သော် ဂျူလီယံမှာ ကလေးကို ချီရန်ပင် မဆိုထားဘိ သူကိုယ်သူ့ သယ်နိုင်ရန်ပင် အားအင်မရှိတော့ချေ။ အပြင်းဖျားလာပြီဖြစ်၍ ကြာလျှင် သူလဲပေတော့မည်။

ဂျူလီယံသည် ရွာကိုမြင်ရသည့်တိုင် လူသူလေးပါးဟူ၍ မတွေ့ရ။ အော်ဟစ် အကူအညီတောင်းရန်လည်း သူ့တွင် အားအင်မရှိတော့ချေ။ မည်သို့ဆိုစေ ထိုမြောင်းငယ်ကို မလွဲမသွေ ဖြတ်ကူးနိုင်မှသာ အကူအညီရပေမည်။ သို့နှင့် သူသည် ကျောပိုးအိတ်ကို နောက်ကျော၌ ချည်ပြီးလျှင် ကလေးငယ်ကို လက်ဝဲဘက်တွင် ပွေ့ချီ၍ လက်ယာဘက်ဖြင့် ဝါးလုံးတန်းကို အားပြုကာ တရွေ့ရွေ့ ကူးလေတော့၏။ ခြေထောက်မှ အနာကိုပင် သတိမရနိုင်တော့ဘဲ ခေါင်းမှာ မိုက်ခနဲ မိုက်ခနဲ ဖြစ်လာသဖြင့် သတိမလစ်စေရန်သာ အားခဲ၍ထားရတော့၏။

ခြေလှမ်း ရှစ်လှမ်းဖြင့် ရောက်နိုင်မည့် ခရီးကို ၁၆ လှမ်းဖြင့် လှမ်း၍ ကူးနေရ၏။ တစ်မိနစ်မျှ ကြာသည်ကိုပင် တစ်ကမ္ဘာကြာမြင့်သည်ဟု ထင်ရ၏။ ဤသို့ဖြင့် တစ်ဘက်မှ မြေပေါ်သို့ နင်းမိသောအခါ၌မူကား သူသည် တင်းထားသမျှ အားမာန်များကို လျှော့ချကာ ကိုယ်ကို မဟန်နိုင်တော့ဘဲ အရုပ်ကြိုးပြတ်သကဲ့သို့ မတ်တတ်မှ လဲကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်အား မြေပေါ်သို့ အလိုက်သင့်ချထားလိုက်ကြောင်းကိုသာ စိတ်ထဲမှ သိလိုက်ပြီးနောက် တစ်ခါတည်း သတိလစ်၍ လဲကျသွားတော့၏။ ထိုအခါ ကလေးငယ်သည် ဂျူလီယံကိုဖက်ကာ ငိုကြွေးရှာတော့၏။ ထို့မှ ဤမှ ပြေးလွှားကာ အော်ဟစ်အကူအညီတောင်းရှာ၏။ ဂျူလီယံထံသို့ တစ်ခါတစ်ခါ ပြန်လာပြီးလျှင် ဖက်တွယ်ထားပြန်၏။ ငယ်သံပါအောင် ငိုနေသော ကလေးငယ်၏ အသံကိုကြားရသောအခါ ရွာထဲမှ ပထမလူတစ်ယောက် ထွက်လာပြီးလျှင် နောက်ထပ် နှစ်ယောက် သုံးယောက် ထွက်လာရာ တံတားထိပ်တွင် အော်ဟစ်ပြေးလွှားနေသည့် ကလေးငယ်နှင့် မြေပေါ်တွင် သတိလစ်လဲကျနေသည့် လူတစ်ယောက်ကို တွေ့ကြရလေသည်။

သူပြန်လည်သတိရလာသောအခါ အတော်ပင် ညဦးနက်နေပြီဖြစ်၍ မီးအိမ်မှိန်မှိန် ထွန်းညှိထားသည့် အခန်းတစ်ခန်းအတွင်းရှိ ခုတင်ပေါ်တွင် ရောက်ရှိနေသည်ကို သိရ၏။ သူသည် အပြင်းဖျားနေ၍ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေ၏။ သူသည် ကလေးငယ်ကို ပထမဦးစွာ သတိရသော်လည်း အနီး၌မတွေ့ရချေ။ သို့နှင့် သူသည် အားတင်း၍ ထားသော်လည်း အကြောဆိုင်များ တင်းနေသဖြင့် အိပ်ရာပေါ်သို့ ပြန်၍ လဲကျကာ သတိလစ်လုမတတ်ပင် ဖြစ်၍ သွားတော့၏။

သို့ရှိစဉ် အခန်းထဲသို့ မိန်းမကြီးတစ်ယောက် ရောက်လာ၍ သူ၏ အနီးနားသို့ ကပ်ကာ တစ်စုံတစ်ရာ ပြောပြီးလျှင် သူ့အား အလိုက်သင့် ဖေးကူညီနေသည်ကို တွေ့ရ၏။ သူ့အား ကယ်ဆယ်ထားသူဖြစ်ရမည်ဟု စိတ်အေးသွား၏။ သို့သော် ကလေးငယ်အား မတွေ့ရသဖြင့် စိတ်ပူနေမိ၏။ အဖျားမှာ မကျသေးဘဲ ဦးခေါင်းမှာလည်း မူးဝေကိုက်ခဲနေ၏။ မျက်လုံးများကို အနိုင်နိုင်ဖွင့်ထားရ၍ ခြေထောက်မှ ဒဏ်ရာမှာလည်း ကိုက်ခဲလျက်ရှိနေ၏။ သို့နှင့် မိန်းမကြီးအား ကလေးငယ်အကြောင်းကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာဖြင့် မေးမြန်းကြည့်သော်လည်း နားလည်ဟန်မတူသဖြင့် လက်လျှော့လိုက်ရ၏။ သို့သော် မိန်းမကြီးသည် သူ့အား ရုရှဘာသာဖြင့်ပြောလျှင် နားလည်မည် မဟုတ်ကြောင်း သိသဖြင့် ခြေဟန်လက်ဟန်ဖြင့် သူ့အား စကားမပြောဘဲ ငြိမ်သက်စွာနေရန်ပြော၏။ ဤနေရာသို့ မည်ကဲ့သို့ သူရောက်လာသည်ကိုလည်း သတိမရ၊ မည်သည့်အရာမှလည်း မမှတ်မိတော့ချေ။ အဖျားမှာလည်း တက်နေပြီးလျှင် ခြေထောက်မှ ဒဏ်ရာကလည်း မခံမရပ်နိုင်အောင် ကိုက်ခဲလာတော့၏။ မိန်းမကြီးသည် သူ့အား ဆေးရုံမှ ဆရာမတစ်ယောက်ကဲ့သို့ ကျွမ်းကျင်စွာ ပြုစုနေသည်ကို တွေ့ရ၏။





ဤသို့ဖြင့် ကယောင်ချောက်ချား အိပ်မက်များမက်ကာ နီးတစ်ဝက်၊ အိပ်တစ်ဝက်နှင့် မှေးခနဲ ဖြစ်သွားတော့၏။ ထို့နောက် သူနိုးလာသောအခါ ထရံပေါက်များမှ အလင်းရောင်များ ထိုးဝင်နေသည်ကို တွေ့ရသဖြင့် အားတက်၍ သွားမိ၏။ သူ၏ဦးခေါင်းပေါ်တွင်လည်း အဝတ်ဖြင့် စည်း၍ ရေခဲတုံးတစ်တုံး တင်ထားသည်ကို တွေ့ရပြီးလျှင် အဖျားမှာလည်း ညဦးပိုင်းကကဲ့သို့ မပြင်းတော့ချေ။ ခြေထောက်မှဒဏ်ရာ ကိုက်ခဲနေသည်မှတစ်ပါး အတော်ပင် နေသာထိုင်သာ ရှိလာတော့သည်။

သို့ရှိစဉ် အခန်းထဲသို့ အသံစာစာဖြင့် အော်ဟစ်ပြေးဝင်လာသော ကလေးငယ်ကို တွေ့လိုက်ရ၏။ ကလေးငယ်သည် သူ့အား ဖက်ပြီးလျှင် အော်ဟစ်ငိုကြွေးလျက်ရှိ၏။ သို့နှင့် ဂျူလီယံက အဖျားကူးမည်စိုးသဖြင့် ဖယ်ရှားလိုက်၏။ ထိုအခါ မိန်းမကြီးက အလိုက်သိစွာဖြင့် ကလေးငယ်အား ချွေ့ချီမ,ထားလိုက်လေသည်။

ထို့နောက် အတန်ကြာသောအခါ ကလေးငယ်၏နောက်မှ လူကြီးသုံးယောက် အခန်းထဲသို့ ဝင်လာကြ၏။ ရှေ့ဆုံးမှ ဝင်လာသူမှာ သင်းအုပ်ဆရာကြီးတစ်ပါးဖြစ်၍ နောက်မှ ဝင်လာသူနှစ်ဦးမှာ ရပ်ရွာအကြီးအကဲများ ဖြစ်ဟန်တူ၏။ ခုတင်အနီးသို့ ရောက်သောအခါ သင်းအုပ်ဆရာကြီးက ဂျူလီယံအား–

"သက်သာရဲ့လား"ဟု ပီသသော အင်္ဂလိပ်ဘာသာဖြင့် စတင် နှုတ်ဆက်လိုက်သဖြင့် ဂျူလီယံက ဦးခေါင်းကို ညိတ်ရုံမျှပင် ညိတ်၍ပြလိုက်၏။

ထို့နောက် သူ့အား ဘုန်းကြီးက ဆေးတစ်ခွက်တိုက်သဖြင့် သောက်လိုက်ရ၏။ ဆေးသောက်ပြီးသောအခါ မုယောစပါးနှင့် ခပ်ဆင်ဆင်တူသည့် ဆန်နုတစ်မျိုး ယာဂုပြုတ်၍ တိုက်ကျွေးသဖြင့် သောက်ရပြန်၏။ ထိုနေ့နံနက်စာအဖြစ် ကလေးငယ်သည်လည်း ကြက်ဥနှင့် နွားနို့များ စားသောက်ရလေသည်။

အတန်ကြာမျှ အစားအစာ ကျွေးပြီးနောက် လူတစ်ယောက်က ဘုန်းကြီးအား ရုရှဘာသာဖြင့် တစ်စုံတစ်ရာ လျှောက်ထားရာ ဘုန်းကြီးက ဂျူလီယံအား သူ၏ အဖြစ်အပျက်ကို ပြောပြရန် မိန့်ကြားလေသည်။ ဂျူလီယံမှာ ယခုအချိန်ထိ သူ၏ဘဝအဖြစ်မှန်ကို ပြောရန် ဝန်လေးနေ၏။ သူမသတ်ရသော လူသတ်မှုအတွက် သူသည် အင်္ဂလန်မှ ဝရမ်းပြေးအဖြစ်ဖြင့် ထွက်ခွာတိမ်းရှောင်ခဲ့ရ၏။ ထို့နောက် နပိုလီယံ၏တပ်သို့ ဝင်ရောက်ကာ ဗိုလ်ကလေးအဖြစ် အမှုထမ်းရင်း ရုရှနိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့သူဖြစ်၏။ ဤလိုလူမျိုးအား ရုရှတို့သည် မဟာမိတ်ပြုနိုင်ပါမည်လော။ မိတ်ဆွေအဖြစ် သဘောထားနိုင်ပါမည်လော။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဂျူလီယံက ဘိုရိုဒီမြို့မှ ရုရှလယ်သမားတစ်ဦး ဖြစ်ကြောင်း၊ ထိုမြို့ကို ပြင်သစ်ကို ဝင်ရောက်တိုက်ခိုက်၍ လယ်သမားများနှင့်အတူ ထွက်ပြေးခဲ့ရကြောင်း၊ ရာသီဥတုဆိုးရွားပြီးလျှင် အစားအစာ ပြတ်လပ်သဖြင့် လမ်းခုလတ်၌ သေဆုံးသူတို့အထဲတွင် ကလေးငယ်၏မိခင်၊ သူ၏ဇနီးသည် ပါသွားကြောင်း၊ ထို့နောက် လူချင်းကွဲ၍ မျက်စိလည်လမ်းမှားကာ ခြေဦးတည့်ရာပြေးခဲ့ရသဖြင့် ဤရွာသို့ ရောက်ရှိလာကြောင်းဖြင့် ပြောပြလေသည်။ သို့သော် သင်းအုပ်ဘုန်းကြီးက ပြုံးရယ်ကာ သူ၏ထိုဇာတ်ကို တစ်စုံတစ်ရာ မဝေဖန်ဘဲ နောက်မှ လူနှစ်ယောက်အား ရုရှဘာသာဖြင့် ပြန်လည်ရှင်းပြရာ သူတို့အချင်းချင်း ဝေဖန်ပြောဆိုလျက်ရှိကြ၏။

ထို့နောက် သင်းအုပ်ဘုန်းကြီးက –

"အခု ဘယ်သွားမယ် ရည်ရွယ်ထားသလဲ ဒကာ"

"ကျွန်တော် ကွန်စတင်တီနိုပယ်မြို့ကို ရောက်လိုပါတယ်။ ကူညီပါခင်ဗျာ"

"တို့က ကူညီဖို့တော့ အသင့်ပါပဲ။ မင်းနာမည် ဘယ်လိုခေါ်သလဲ။ မင်း ဒီကလေးကို ဘယ်ကရသလဲ။ မင်းအဖြစ်အပျက်တွေကို အမှန်အတိုင်းဖွင့်ပြောစေချင်တယ်။ မင်းဟာ ရုရှလူမျိုးလည်း မဟုတ်ဘူး။ ပြင်သစ်လူမျိုးလည်း မဟုတ်ဘူး။ ဗြိတိသျှဆိုတာ တို့ အကဲခတ်မိတယ်။ ပြီးတော့ မင်းဟာ ရုရှလယ်သမားဆိုပြီး ရုရှစကား မတတ်ဘဲ အင်္ဂလိပ်စကား တတ်နေတော့ မင်းပြောတဲ့ဇာတ်လမ်းဟာ လုံးဝ ယုတ္တိမတန်တော့ဘူး။ ပြီးတော့ ဒီကလေးဟာလည်း မင်းရဲ့ရင်သွေး မဖြစ်နိုင်ဘူး။ သူဟာ ရုရှစကားကို သူ့ အသက်အရွယ်အလျောက်တတ်တယ်။ ရုရှသူ အစစ်ဖြစ်တယ်။ ရုရှသူတောင် ရိုးရိုး မဟုတ်ဘူး။ သူ့စကားအသုံးအနှုန်းတွေကို ထောက်ကြည့်ရင် အထက်တန်းလွှာမျိုးရိုးက ဆင်းသက်လာမှန်း သိသာတယ်။ ဒီတော့ တို့ မင်းကို ကူညီတဲ့နေရာမှာ စေတနာ အပြည့်အဝ ထားနိုင်အောင် မင်းဘက်ကလည်း တို့ကို အဖြစ်မှန်ပြောပြဖို့လိုလိမ့်မယ်။ တို့က မင်းကို လုံးဝ ရန်မမူပါဘူး။ ဒုက္ခမပေးပါဘူး။ ဒါကြောင့်လည်း မင်းအပြင်းဖျားပြီး ရွာထိပ်က တံတားဦးမှာ သတိမေ့လဲနေတော့ တို့ ဒီကို သယ်လာပြီး ပြုစုထားတာပေါ့ ဒကာ"

ဂျူလီယံသည် သင်းအုပ်ဘုန်းကြီး၏ တစ်လုံးချင်း နားဝင်အောင် ရှင်းပြနေသော စကားများကို နားထောင်လျက်ရှိရာမှ ရင်ထဲတွင် ဝေဒနာတစ်မျိုးကို ခံစားနေရရှာသည်။ သူလိမ်လည်ပြောဆိုနေသမျှသည် အချိုးနှီးဖြစ်၍ သူ့အပေါ်တွင် ဤမျှလောက် စေတနာထားသူများအား လိမ်မိသည်ကိုပင် စိတ်မကောင်းဖြစ်မိတော့၏။





ဤသို့ဖြင့် ဂျူလီယံသည် "ကျွန်တော် အဖြစ်အပျက်က အင်မတန်မှ ဆိုးရွားပါတယ် အရှင်ဘုရား" ဟု အစချီကာ သူ၏ ဘဝဇာတ်ကြောင်းကို တစ်လုံးမကျန် ဖွင့်ဟဝန်ခံလေတော့၏။ သူ၏ဘဝတစ်ကွေ့တိုင်း တစ်ကွေ့တိုင်းမှ နာကျည်းဖွယ်ရာ အခန်းများသို့ရောက်တိုင်း သူသည် မျက်ရည်များလည်လျက် အထူးသဖြင့် အသက်တမျှ မြတ်နိုးရသော ချစ်ဦးသူ စတီဖင်နှင့် အသက်နှင့် ထပ်တူ ချစ်ရသော ညီငယ် ဖရန့်တို့ လက်ထပ်သည့် အခန်းသို့ ရောက်သောအခါ သူ၏ရင်ထဲတွင် သည်းအူပြတ်မျှ ကြေကွဲဝမ်းနည်းမိကြောင်း၊ မိမိကိုယ်မိမိ သတ်၍သေလိုစိတ်များပင် ပေါ်ပေါက်လာမိကြောင်း၊ မသတ်ဖြစ်သော်လည်း ဦးနှောက်ပျက်ခမန်း ခံစားရကြောင်း၊ ဤသို့ဖြင့် 'သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး' ဖြစ်စေတော့ သဘောထားကာ ပြင်သစ်စစ်တပ်သို့ ဝင်ရောက်ခဲ့ကြောင်း၊ လမ်းတွင် ဤကလေးငယ်ကို တောက်ရသဖြင့် မွေးစားမိရာမှ စစ်တပ်နှင့် ကလေးမှာ မလိုက်ဖက်၊ သဟဇာတမမျှသဖြင့် စစ်တပ်မှ ထွက်ပြေးလာခဲ့ကြောင်း၊ ယခုအခါ ကလေးငယ်အပေါ်တွင် ထားရှိမိသည့် သံယောဇဉ်နှောင်ကြိုးကို မဖြတ်နိုင်တော့ကြောင်း၊ ကလေးငယ်မှာ သူ၏ဘဝ၊ သူ၏ကမ္ဘာပင် ဖြစ်ကြောင်း စသည်ဖြင့် သနားစဖွယ် ရှင်းလင်းပြောပြလေသည်။

သင်းအုပ်ဘုန်းကြီးသည် ဂျူလီယံ ရှင်းလင်းပြောပြနေသည်ကို ဦးခေါင်း တညိတ်ညိတ်ဖြင့် နားထောင်လျက်ရှိရာ ဂျူလီယံအား သနားကရုဏာရှိကြောင်း သူ၏မျက်နှာတွင် ပေါ်လွင်လျက်ရှိနေ၏။ နောက်မှ လူနှစ်ယောက်ကိုလည်း ရုရှဘာသာဖြင့် ရှင်းလင်းပြောပြပြန်ရာ ၎င်းတို့ကလည်း သူ့အား သနားသည့်ဟန်ဖြင့် စုတ်တသတ်သတ် ရှိနေကြလေသည်။

သင်းအုပ်ဆရာကြီး ။ ။ "ဒါဖြင့် လူသတ်မှုတန်းလန်းကြီးနဲ့ မင်းအင်္ဂလန်ကို ဘယ်လိုလုပ် ပြန်မလဲ။ ကိစ္စမရှိပါဘူးလေ၊ အားမငယ်ပါနဲ့၊ တို့ ကြည့်စီစဉ်ပါ့မယ်။ မင်းနေကောင်းအောင်သာ ကြိုးစားပါ။ ကလေးငယ်ကိုလည်း တို့ စောင့်ရှောက်ထားပါ့မယ်"

ဂျူလီယံမှာ ရုတ်တရက် အဖြေမပေးနိုင်ချေ။ ထို့နောက် –

"အရှင်ဘုရား သင့်လျော်သလို စီစဉ်တာကို ကျွန်တော် လက်ခံပါ့မယ်ဘုရား။ ဒါပေမဲ့ ကလေးငယ်နဲ့တော့ ကျွန်တော့်ကို ခွဲမထားပါနဲ့။ ကျွန်တော် မနေတတ်လို့ပါ ဘုရား"

သင်းအုပ်ဘုန်းကြီးက ဦးခေါင်းကို ညိတ်ပြီးနောက် –

"အေး ... ထားဆိုလည်း ထားခဲ့တာပေါ့ကွာ၊ မင်း စိတ်ချမ်းသာအောင်သာနေပါ။ နေကောင်းအောင်သာ ကြိုးစား၊ မင်းတို့ရဲ့ သံယောဇဉ်ကို မဖြတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒါပေမဲ့ တွေ့ကြုံဆုံကွဲ ဖြစ်မြဲ ဓမ္မတာဆိုတာကိုတော့ နှလုံးသွင်းထားပေါ့။ စိတ်ကို သိပ်တင်းမထားနဲ့”

ထို့နောက် သင်းအုပ်ဘုန်းကြီးနှင့် ရွာလူကြီးနှစ်ယောက်တို့သည် အခန်းတွင်းမှ ထွက်သွားကြရာ ကလေးငယ်သည် ဂျူလီယံအနီးသို့ ချက်ချင်းလိုပင် ဝင်ရောက်လာတော့၏။

ကလေးငယ်သည် လိမ္မာရေးခြားရှိလှ၏။ ဂျူလီယံအား ရေနွေးငှဲ့ပေးပြီးလျှင် ပေါင်မုန့်ကိုလည်း ခွံ့ကျွေး၏။ စောင်ကို ယုယစွာ ခြုံ၍ပေး၏။ အနီးတွင် ထိုင်ကာ ရုရှားဘာသာဖြင့် တွတ်တီးတွတ်တာ ပြော၍နေတတ်၏။

ကြာသော် ကလေးငယ်ပြောသော ရုရှစကားကို ဂျူလီယံသည် အတော်အသင့် နားလည်လာတော့၏။

ထိုနေ့တစ်နေ့လုံး ဂျူလီယံမှာ အစာမစားဘဲ ယာဂုကိုသာ သောက်ရ၏။ ရုရှမိန်းမကြီးကလည်း တစ်စုံတစ်ရာ မပြောဘဲ လိုသမျှ ပြုစုပေးရှာ၏။ နေ့လယ်တွင် သူ၏ခြေထောက်မှ ပတ်တီးကို ဖြုတ်ပေးပြီးလျှင် ခြေသလုံးတစ်လျှောက် ရောင်ကိုင်းနေသည့် နေရာများကို ရေနွေးဖြင့် ဆေးကြောပေး၏။

ထို့နောက် ဆေးလိမ်း၍ ပတ်တီးအသစ်စည်းပေးရာ ဂျူလီယံမှာ မခံမရပ်နိုင်အောင် နာကျင်၍နေတော့၏။ ခြေတစ်ဘက်ကိုပင် ဖြတ်၍ ပစ်လိုသည့် စိတ်များ ပေါ်ပေါက်လာလေသည်။

ညနေပိုင်းသို့ ရောက်သောအခါ ဂျူလီယံမှာ အဖျားတက်လာပြီးလျှင် ကိုယ်မှာလည်း ခြစ်ခြစ်တောက် ပူလာတော့၏။ ဤအကြောင်းကို မိန်းမကြီးက လူကြုံနှင့် မှာလိုက်သဖြင့် မကြာမီ သင်းအုပ်ဘုန်းကြီး ကြွလာပြီးလျှင် ဂျူလီယံအား ဆေးတစ်ခွက်တိုက်၏။ ထို့နောက် ဦးခေါင်းပေါ်တွင် ရေခဲတင်ပေးရန် မိန်းမကြီးအား မှာကြားကာ ပြန်၍ ကြွသွားတော့၏။ ကလေးငယ်ကိုလည်း အဖျားကူးမည်စိုးသဖြင့် ချော့မော့၍ ခေါ်သွားလေသည်။

ဒုတိယနေ့ညတွင် ဝေဒနာခံစားရင်း မိုးလင်းခဲ့ရပြီးနောက် အတန်ငယ် သက်သာရာရသည်နှင့် တစ်ပြိုင်နက် သူသည် ကလေးငယ်ကိုမေးရာ မိန်းမကြီးက ကလေးငယ်ကို သင်းအုပ်ဘုန်းကြီး ခေါ်သွားကြောင်း၊ သင်းအုပ်ဘုန်းကြီးက စောင့်ရှောက်ထားကြောင်း၊ စိတ်ပူရန် မလိုကြောင်း စသည်ဖြင့် ဖျောင်းဖျပြောဆိုရှာ၏။ ထို့နောက် မိန်းမကြီး တိုက်သော စွတ်ပြုတ်တစ်ပန်းကန်ကို ကြိတ်မှိတ်သောက်လိုက်လေသည်။

ထိုနေ့တစ်နေ့လုံး မည်သူမျှ ပေါ်မလာချေ။ ခြေထောက်မှ ဒဏ်ရာမှာလည်း မသက်သာဘဲ ညနေပိုင်းတွင် အဖျားတက်လာပြန်သဖြင့် ဤတောင်ကို





ပင် ကျော်နိုင်ပါဦးမည်လောဟု တွေးမိကာ ဂျူလီယံမှာ ယောကျ်ားတန်မဲ့ မျက်ရည်များပင် ကျရရှာတော့လေသည်။

နောက်တစ်နေ့နံနက်၌ သင်းအုပ်ဘုန်းကြီးသည် လူတစ်စုကို ခေါင်းဆောင်ကာ ဂျူလီယံထံသို့ ရောက်ရှိလာ၏။ ဘုန်းကြီးနှင့်အတူ ပြန်ပါလာသည့် ကလေးငယ်ကိုသာ သူသည် တစ်ညတာ ခွဲခွာရသည့် အချိန်အတွက် အတိုးချ၍ ဖက်ထားမိ၏။ သင်းအုပ်ဘုန်းကြီးက လောကဝတ်ပြုသည့်အနေဖြင့် “ဘယ်နှယ့်လဲ ... နေကောင်းရဲ့လား၊ သက်သာရဲ့လား” ဟု ဂျူလီယံအား စတင်နှုတ်ဆက်လိုက်၏။ ဘုန်းကြီးနှင့် ပါလာသူများသည် ရုရှားဘာသာဖြင့် အချင်းချင်း တိုင်ပင်လျက်ရှိရာမှ မကြာမီ တဲရှေ့သို့ မြင်းရထားတစ်စီး ဆိုက်ရောက်လာသံကြားရ၏။ ချက်ချင်းလိုပင် ရွာခံလူများသည် သူ့အား ပွေ့ချီပြီးလျှင် မြင်းရထားပေါ်သို့ တင်ကြ၏။ ရထားမှာ ပေါင်းမိုးပါ၍ အထဲတွင် သူ့အတွက် အိပ်ရာတစ်ခု ခင်းပေးထားရာ ဂျူလီယံမှာ အိပ်လျက်သားလိုက်ပါရုံသာရှိတော့၏။ သူနှင့်အတူ ကလေးငယ်လည်း ပါလာပြီးလျှင် သင်းအုပ်ဘုန်းကြီးပါ စောင့်ရှောက်လိုက်ပါလာသဖြင့် ဂျူလီယံမှာ မည်သည့်နေရာသို့ပင် သွားရသည်ဖြစ်စေ၊ အလွန်ကျေနပ်နှစ်သိမ့်လျက်ရှိလေသည်။

ဂျူလီယံမှာ ခေါင်းမထူနိုင်သော်လည်း သူတို့ မည်သည့် အရပ်သို့ သွားနေကြောင်း မေးသောအခါ သင်းအုပ်ဘုန်းကြီးက ‘ကွန်စတင်တီနိုပယ်’ ဟု ပြောသဖြင့် ဂျူလီယံမှာ သူသွားလိုသည့် နေရာဖြစ်သည့်အတိုင်း ပို၍ပင် ဝမ်းမြောက်နေမိတော့၏။ ကလေးငယ်သည် နှုတ်ကပင် မပြောသော်လည်း ကြင်နာသော မျက်နှာဖြင့် တစ်ချိန်လုံး ဂျူလီယံအား သနားစဖွယ် ကြည့်ရှုလျက်ရှိလေသည်။

ထိုနေ့ညတွင် သူတို့သည် လမ်းခရီး၌ပင် စခန်းချ အိပ်ကြ၏။ ဂျူလီယံမှာ အဖျားဝင်လာသဖြင့် ထိုညတွင် ကယောင်ကတမ်း ပြောလာ၏။ သင်းအုပ်ဘုန်းကြီးက အစစအရာရာ ကြိုတင်စီမံထားသဖြင့်သာ သက်သာရာရ၍ ထိုညအဖို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။ သူသည် ကလေးငယ်အတွက် သူ၏အသက်သေသွားမည်ကိုသာ ကြောက်ရွံ့စိုးရိမ်နေမိ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ခရီးဆက်လက် ထွက်ခဲ့ကြရာ နေ့လယ်လောက်တွင် ကွန်စတင်တီနိုပယ်မြို့သို့ ရောက်ရှိလာ၍ ရထားသည် မြို့စွန်တစ်နေရာသို့ တိုက်ရိုက်မောင်းနှင်သွား၏။ ဘုရားရှိခိုးကျောင်း အဆောက်အအုံတစ်ခုရှေ့သို့ ရောက်ရှိသောအခါ သင်းအုပ်ဘုန်းကြီး၏ အစီအစဉ်ဖြင့် မြင်းရထားမောင်းသူသည် ရထားပေါ်မှ ဂျူလီယံအား ဖေးမ,တွဲယူပြီးနောက် ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးကျောင်းအတွင်းသို့ ပို့ပေး၏။ အခန်းတစ်ခန်းမှာလည်း သူ့အတွက် အသင့်ပြင်ဆင်ထားသဖြင့် အိပ်ရာတစ်ခုပေါ်တွင် လဲလျောင်း၍ နေလိုက်ရလေသည်။

ထိုမြို့တွင် သူသည် လေးရက်ခန့် အိပ်ရာထဲမှ မထနိုင်ချေ။ နေ့စဉ်ဆရာဝန်တစ်ယောက် လာရောက်ပြုစုသော်လည်း အဖျားမှာ ညနေတွင် တက်နေကျ ဖြစ်သည့်အတိုင်း မသက်သာချေ။ ခြေသလုံးရောင်ကိုင်းနေသည်မှာ အရောင်ကျသွားသော်လည်း အသားတစ်ပုံပါသွားသောနေရာမှမူ ကိုင်ခဲမြဲ ကိုက်ခဲနေပြီးလျှင် တစ်ခါတစ်ရံ သတိလစ်၍ပင် သွားတော့၏။ တစ်ချိန်လုံးလိုလိုပင် သူ၏အနီး၌ ဗရင်ဂျီမယ်သီလရင်တစ်ပါး စောင့်ရှောက်နေသည်ကို တွေ့ရ၏။ ဆရာဝန်သည် နံနက်တစ်ခေါက် ညနေတစ်ခေါက် မှန်မှန်လာ၍ သင်းအုပ်ဘုန်းကြီးလည်း တစ်နေ့တစ်ခေါက် ကြွလာ၏။ ဘုန်းကြီး ကြွလာသောအခါ ကလေးငယ်ပါလာ၍ ပြန်ကြွသွားသောအခါ ကလေးငယ်လည်း ပြန်၍ လိုက်ပါသွားလေသည်။

ဤသို့ဖြင့် ငါးရက်မြောက်သောနေ့ နံနက်တွင် ကလေးငယ်သည် အခန်းထဲသို့ ပျော်ရွှင်မြူးကြွ ကဆုန်ပေါက်ဝင်လာပြီးလျှင် သူ၏ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းရှုပ်လျက်ရှိနေ၏။ သူ့နောက်မှ သင်းအုပ်ဘုန်းကြီးပါလာ၍ ၎င်းနှင့်အတူ ဝတ်ကောင်းစားလှနှင့် လူကြီးတစ်ယောက်လည်း ပါလာ၏။ လူကြီးမှာ တုတ်နိုင်ထွားကျိုင်းပြီးလျှင် မျက်နှာတွင် မုတ်ဆိတ်မွေး ဘလပျစ်ရှိနေ၏။ လူကြီးမှာ ဥပမိရုပ် ကောင်းသော်လည်း တင်းမာခက်ထန်သည့် မျက်နှာရှိသဖြင့် ဂျူလီယံမှာ ဘဝင်မကျလှချေ။ ကလေးငယ်သည် ထိုသူ့ကို လက်ညှိုးထိုးပြကာ ဂျူလီယံအား တွတ်တီးတွတ်တာ ပြောလျက်ရှိလေသည်။

ထိုသူမှာ 'ဝေါ့ရှန်းစကီး နန်းတော်' မှ ဘဏ္ဍာစိုးကြီး ဖြစ်ကြောင်း၊ ထိုနန်းတော်ကို မြို့စားကြီး 'အိုင်ဗင်မာရီလော့ဗ်' က ပိုင်ဆိုင်ကြောင်း၊ မြို့စားကြီးမှာ 'စတီဖင်' ၏ အဘိုးဖြစ်ကြောင်း သင်းအုပ်ဘုန်းကြီး ပြောပြသဖြင့် နောင်အခါမှ သိရှိရလေသည်။

ဂျူလီယံက အံ့သြဟန်ဖြင့် –

"စတီဖင် ... ဘယ်က စတီဖင်လဲ"

"စတီဖင် ဆိုတာ မင်း အချစ်တော်ကလေးပေါ့" ဟု ဆိုကာ သင်းအုပ်ဘုန်းကြီးက ကလေးငယ်ကို ပွေ့ချီ၍ ပြလိုက်၏။ ဂျူလီယံ၏ စိတ်ထဲတွင် 'တိုက်ဆိုင်လွန်းလှချေတကား' ဟု တွေးမိ၏။ သူ အလွန်မြတ်နိုးပြီးလျှင် အချစ်ကြီး၍ အမျက်ကြီးခဲ့ရသော ချစ်ဦးသူ၏အမည်မှာ စတီဖင် ဖြစ်၍ အသက်နှင့်ထပ်တူ သူကိုယ်တိုင် ယခု ချစ်ခင်တွယ်တာနေသည့် ကလေးငယ်၏အမည်မှာလည်း စတီဖင် ပင် ဖြစ်သည်ဆိုသဖြင့် နာမည်ချင်းတူနေသောကြောင့် ဂျူလီယံမှာ အံ့သြ၍နေမိ၏။ သို့နှင့် သူသည် မျက်ရည်များလည်ကာ ကလေးငယ်ကို





တစ်လှည့်၊ သင်းအုပ်ဘုန်းကြီးကို တစ်လှည့်၊ ဘဏ္ဍာစိုးကြီးကိုတစ်လှည့်၊ မယ်သီလရင်ကိုတစ်လှည့် လိုက်၍ ကြည့်နေမိ၏။

ထို့နောက် ဂျူလီယံက "ဒါဖြင့် စတီဖင်ကို သူ့အဘိုးဆီ သွားပို့ကြဖို့ လာခေါ်ကြတာပေါ့လေ" ဟု မကျေမနပ်သည့် ဟန်ဖြင့် သင်းအုပ်ဘုန်းကြီးအား မေးရင်း နေရာမှ ကုန်း၍ ထလိုက်လေသည်။

သင်းအုပ်ဘုန်းကြီး။ ။ "ဟုတ်တယ် ... ဒီကလေးကို သူ့အဘိုးက သိပ်တွေ့ချင်တယ်။ ဒါကြောင့်လည်း ဘဏ္ဍာစိုးကြီးကို အခေါ်လွှတ်လိုက်တာပဲ။ အဘိုးနဲ့မြေး အဆက်အသွယ် ပြန်ရအောင် စုံစမ်းစီစဉ်တာကတော့ ငါပဲဆိုပါတော့ ဂျူလီယံရယ်။ ဒါပေမဲ့ မင်းနဲ့ကလေးငယ်တို့ရဲ့ ချစ်ခြင်းကိုတော့ မခွဲပါဘူး။ မြို့စားကြီး 'အိုင်ဗင်မာရီလော့ဗ်' ကို မင်းရဲ့ ဖြစ်ကြောင်းကုန်စင်တွေ ငါရှင်းပြပြီးပါပြီ။ သူက မင်းကို ကျေးဇူးတင်လွန်းလို့ သိပ်တွေ့ချင်နေရှာတယ်။ မင်းရဲ့ ကျေးဇူးကို ဆပ်တဲ့အနေနဲ့ သူက မင်းကို တစ်သက်လုံး ကျွေးမွေးထားပါ့မယ်။ မင်းပျော်သလို ထားပါ့မယ်ဆိုတဲ့ ကတိလည်း ငါ့ကို ပေးပါတယ်။ အခု ကလေးကို ခေါ်သွားရင် မင်းကိုပါ တစ်ပါတည်း ခေါ်သွားမှာပါ။ မင်း မခွဲနိုင်တဲ့ စတီဖင်ကလေးကိုလည်း ခွဲစရာမလိုတော့ဘူး၊ မင်းပြန်လို့မဖြစ်တဲ့ အင်္ဂလန်ကိုလည်း ပြန်စရာ မလိုတော့ဘူး။ ရုရှမှာပဲ အခြေချနိုင်ပြီ။ ဒီအတောအတွင်း မင်းရောဂါကိုလည်း ဆေးဝါးကောင်း၊ သမားကောင်းတွေနဲ့ ပျောက်အောင် ကုသနိုင်မယ်။ စားဝတ်နေရေးလည်း မပူရတော့ဘူး။ ဘဝအာမခံချက်လည်း ပြည့်စုံပြီး ခြေသလုံး အိမ်တိုင် ဘဝကလည်း မင်းလွတ်မြောက်ရော"

အလွန်ဉာဏ်ပညာကြီး၍ အမြော်အမြင်နှင့် ပြည့်စုံသော ဘုန်းတော်ကြီးက အထက်ပါအတိုင်း ဂျူလီယံအား တစ်လုံးချင်း ရှင်းပြရှာ၏။ ဂျူလီယံမှာ တစ်စုံတစ်ရာ ငြင်းပယ်ရန် အကြောင်းမရှိတော့ချေ။ ငြင်းပယ်လျှင်လည်း မိုက်မဲရာကျပေတော့မည်။ ထိုနေ့တစ်နေ့လုံး သူတို့အားလုံးမှာ ဘုရားရှိခိုးကျောင်းကြီး၌ပင် နေကြ၏။ ဂျူလီယံမှာ အပြင်းဖျား၍ ခြေထောက်မှ ဒဏ်ရာကလည်း မသက်သာသေးချေ။ ဤသို့ဖြင့် ဂျူလီယံမှာ ဝေဒနာခံစားရင်း တစ်ည လွန်မြောက်ခဲ့ရပြန်လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် မြို့စားကြီး အိုင်ဗင်မာရီလော့ဗ်၏ မြင်းခြောက်ကောင်ကသော ရထားလုံးကြီးဖြင့် ဝေါ့ရှန်းစကီးနန်းတော်သို့ ခရီးဆက်ခဲ့ကြပြန်၏။ လမ်းတစ်လျှောက်လုံးရှိ ရေ၊ မြေ၊ တောတောင်တို့မှာ အလွန်သာယာလှပလျက်ရှိနေ၏။ ဤမျှလောက် စစ်ကြီးဖြစ်နေသည့်တိုင် စစ်ဘေးစစ်ဒဏ်ကို လုံးဝ မခံစားရသော နယ်မြေများ ရှိပါသေး၏လောဟု တွေးမိ၏။ သို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ရုရှပြည်ကြီးသည် ကျယ်ဝန်းကြီးမားလှသည်ဟု ဆိုခြင်း ဖြစ်လေသည်။

လမ်းတွင် တစ်ညအိပ်၍ နောက်တစ်နေ့နံနက် ခရီးဆက်လက်ထွက်ခဲ့ကြရာ သင်းအုပ်ဘုန်းကြီးသည်လည်း ဂျူလီယံအပေါ်တွင် သံယောဇဉ်ဖြစ်နေသဖြင့် သူနှင့်အတူ လိုက်ပါလာခဲ့၏။ လမ်းခရီးတွင် ဘုန်းကြီးထံမှ စုံစမ်းသိရှိရသည်မှာ မြို့စားကြီး အိုင်ဗင်မာရီလော့ဖ်သည် အလွန်သဘောထားပြည့်ဝကြောင်း၊ ဘာသာရေးကိုင်းရှိုင်းကြောင်း၊ ရုရှပြည့်ရှင် 'ဇာဘုရင်' အလက်ဇန္ဒားဏ်အချစ်တော်ဖြစ်ကြောင်း၊ ရုရှနှင့် ပိုလန်တို့ စစ်ဖြစ်ခဲ့စဉ်အခါက မြို့စားကြီး အိုင်ဗင်မာရီလော့ဖ်သည် ဦးဆောင်ဦးရွက်ပြုခဲ့ကြောင်း၊ သို့သော် စစ်ပြီးသောအခါ ဇာဘုရင်က အထင်မှားပြီးလျှင် မြို့စားကြီးမှာ ထောင်သွင်းအကျဉ်းချထားခြင်း ခံခဲ့ရကြောင်း၊ ယခုအခါ နပိုလီယံသည် ရုရှကို စစ်မကြေညာဘဲ တိုက်ခိုက်သောအခါတွင်မှ အမှုက်ပြေပြီးလျှင် မြို့စားကြီးအား ရှိရင်းစွဲနယ်မြေနှင့်အတူ အဆောင်အယောင်များကိုပါ ပြန်လည်ပေးအပ်ချီးမြှင့်ခြင်း ခံရသည်ဟု ဆိုလေသည်။

ဤသို့ဖြင့် ညနေ ၅ နာရီတွင် ဝေါ်ရှန်းစကီးနန်းတော်ကြီးကို မြင်ရတော့၏။ နန်းတော်ကြီးမှာ ကြီးမားခိုင်ခံ့သော နန်းတော်ကြီး ဖြစ်၍ မိုးသို့ထိုးလုမတတ်ရှိနေသည့် စုလစ်မွန်းချွန်တို့ဖြင့် တန်ဆာဆင်ထား၏။ နန်းတော်ကြီးကို သစ်သီးဝလံပန်းမာလာတို့ဖြင့် ပြွမ်းသော ဥယျာဉ်ကြီးဖြင့် ဝိုင်းရံထားပြီးလျှင် ဥယျာဉ်ကို ထုထည်ကြီးမားသည့် အုတ်နံရံကြီးဖြင့် ဝိုင်းဝန်းကာရံထားလေသည်။ သူတို့၏ မြင်းရထားသည် အုတ်နံရံကြီး၏ တံခါးပေါက်မှဝင်၍ နန်းတော်ကြီး၏ ဆင်ဝင်အောက်သို့ ရောက်သောအခါ စတီဖင်ကလေးမှာ မြင်းရထားပေါ်၌ပင် ဝမ်းသာလှသဖြင့် ခုန်ပေါက်လျက်ရှိရာမှ ဂျူလီယံအား ဆွဲထူကာ သူ့အဘိုး၏ နန်းတော်ကြီးကို လက်ညှိုးတထိုးထိုးဖြင့် ပြ၍နေလေသည်။

နန်းတော် တံခါးဝသို့ ရောက်သောအခါ တံခါးဝတွင် စောင့်နေသည့်လူတစ်ယောက်အား စတီဖင်ကလေးက "ဗိတာ … ဗိတာ ဘာငေးကြည့်နေတာလဲ။ စတီဖင်ကို မြင်းလှည်းပေါ်က ချပေးဦးလေ။ ကိုယ့်တာဝန်ကိုယ် မေ့နေပြီလား" ဟု လှမ်း၍ အော်ပြောလိုက်ရာ ထိုသူသည် ပထမငေးငိုင်လျက်ရှိရာမှ မြင်းလှည်းအနီးသို့ လာရောက်ပြီးလျှင် စတီဖင်ကလေးအား သိမ်းကျုံးပွေ့ဖက်ကာ မျက်ရည်များလည်လျက် "ဟင် … အချစ်ကလေးရယ်၊ စတီဖင် မင်းမသေဘူးနော်။ ဝမ်းသာလိုက်တာ၊ ငါ့မှာတော့ ငါ့ကစားဖက် စတီဖင်ကလေးလူဆိုးတွေ လက်ချက်နဲ့သေပြီဆိုပြီး နေ့တိုင်း ငိုနေရတယ်ကွယ်" ဟု ပြောကာ အောက်သို့ချပေးလိုက်လေသည်။





"စတီဖင် မသေလို့ ပြန်ရောက်လာပြီပဲ ဗိတာရယ်၊ မငိုပါနဲ့တော့။ ဘိုးဘိုးဘွားဘွားနဲ့ မေမေရောရှိကြလား။ နေကောင်းကြရဲ့လား" ဟု စတီဖင်ကလေးသည် ဗိတာအား ရုရှဘာသာဖြင့် တတွတ်တွတ် မေးမြန်းလျက် ရှိလေသည်။

"သခင်ကြီးတော့ နေကောင်းပါတယ်။ သူလည်း အရင်အပတ်ကမှ ပြန်ရောက်တယ်။ ရှေ့တန်းကနေပြီး စတီဖင် ပြန်ရောက်မလာတော့ သူကိုယ်တိုင်ရှေ့တန်းသွားပြီး မင်းရဲ့သတင်းကို စုံစမ်းသေးတယ်လေ။ ဒါပေမဲ့ ဘာသတင်းမှ မရတော့ဘူး။ လမ်းမှာ လူဆိုးဓားပြတွေ သတ်ပစ်လိုက်တယ်ဆိုတဲ့ သတင်းလောက်ပဲ သဲ့သဲ့ကြားရတယ်။ ဒီသတင်းလည်း ကြားရော နဂိုကမှ ကောင်းကောင်း မမာတဲ့ မင်းဘွားအေ သခင်မကြီးဟာ အိပ်ရာထဲ ဘုန်းဘုန်းလဲတော့တာပဲ။ ဒါပေမဲ့ မင်းကို အခုလို ပြန်တွေ့လိုက်ရရင် သူ့ရောဂါတွေဟာ ယူပစ်သလို ပျောက်သွားမှာပါ၊ မစိုးရိမ်ပါနဲ့။ မင်းအမေလည်း ရှေ့တန်းမှာ တိုင်းပြည်တာဝန်ထမ်းနေပါတယ်။ အခုဆို ပြင်သစ်တွေ စစ်ရှုံးပြီး ထွက်ပြေးပြီ။ ဒါပေမဲ့ ရုရှပြည်တစ်ဝက်နီးပါးလောက် မီးလောင်ခံရတယ်။ ဒါကြောင့် တိုင်းပြည် ပြန်လည်ထူထောင်ရေးကို နေ့မအား ညမအား ဆောင်ရွက်နေကြရတယ်။ ကဲ … လာလာ ဒီမှာ အေးပါတယ် စတီဖင်ရယ်။ သခင်မကြီးက မင်းကို တစ်နေ့လုံး စောင့်နေတယ်၊ သွားကြရအောင်"

"အို … နေပါဦး၊ ရထားပေါ်မှာ စတီဖင်ရဲ့အဖေလည်း ပါလေတယ်။ သူဟာ စတီဖင်ရဲ့ အထိန်းတော်ဆိုလည်း ဟုတ်တယ်။ သူ့ကို သယ်ပေးပါဦး၊ သူဖျားနေတယ်"

ဗိတာသည် စတီဖင်၏ စကားကြောင့် အစတွင်ကြောင်နေ၏။ နောက်မှ မြင်းလှည်းမောင်းသမားနှင့်အတူ ဂျူလီယံအား ရထားပေါ်မှ ပွေ့ချကာ နန်းတော်ပေါ်သို့ ခေါ်ဆောင်သွားတော့၏။ စတီဖင်ကလေးက ရှေ့ဆောင်၍ခေါ်သွားပြီးလျှင် ဂျူလီယံသည် သူ့အား တွဲသူနှစ်ယောက်ကို အားပြုကာ လိုက်ပါသွားရ၏။ သင်းအုပ်ဘုန်းကြီးက ၎င်းတို့နောက်မှ ဣန္ဒြေသံပတ္တိဖြင့် လိုက်ပါလာလေသည်။

နန်းတော်ကြီးအတွင်းရှိ အခန်းများမှ ခမ်းနားကြီးကျယ်လှပ၏။ ဧည့်ခန်းတွင်းသို့ သူတို့ရောက်သည်နှင့် မရှေးမနှောင်းပင် အခန်းတံခါးတစ်ခု ပွင့်လာပြီးနောက် နဘေးမှ အခြွေအရံနှစ်ယောက်နှင့်အတူ အသက် ၅၀ ကျော် ၆၀ ခန့်ခံ့ညားထည်ဝါသော မြို့စားကြီး ထွက်လာ၏။ မြို့စားကြီးသည် ရှေ့ဆုံးမှ ဦးဆောင်၍ ဝင်လာသော စတီဖင်ကလေးကို ပြေး၍ ပွေ့ချီကာ –



www.burmeseclassic.com

www.burmeseclassic.com



"စတီဖင်သမီးကလေး ... အောင်မယ်လေး ... သမီးလေးရယ်၊ မသေကောင်း မပျောက်ကောင်း ပြန်တွေ့ရတယ်ကွယ်။ အဘိုးတော့ မင်းရဲ့ အထိန်းတော်ကြီးနဲ့ အစောင့်တွေ၊ မြင်းလှည်းမောင်းသမားတွေကို ဓားပြတွေက သတ်သွားတဲ့ သတင်းကြားပြီးကတည်းက ငါ့မြေးကိုလည်း သေပြီလို့ စွဲနေမိတယ်။ ဒီတစ်သက် ပြန်တွေ့မယ် မထင်တော့ဘူး။ ကြည့်စမ်းပါဦး၊ ငါ့မြေး မသေကောင်း မပျောက်ကောင်းကွယ်။ ဒီအကြောင်းတွေ ကြားရတော့ မင်းအမေနဲ့ မင်းအဘွားဟာ ရင်ကွဲနာ ကျနေကြပြီ၊ သမီးကလေး ပြန်ရောက်မှန်းသိရင် သူတို့တစ်တွေ ဘယ်လောက်များ ဝမ်းသာလိုက်မလဲကွယ်" ဟု ပြောဆိုနေလေသည်။

မြို့စားကြီးသည် မိမိ၏ ရာထူးဂုဏ်သိရ်ကိုပင် မထောက်ထားနိုင်ဘဲ စတီဖင်ကလေးအား ဖက်လှဲတကင်း ငှေ့ယမ်းနမ်းရှုပ်လျက် ရှိနေ၏။ အတန်ကြာသောအခါမှ ဧည့်သည်များကို သတိရကာ နေရာထိုင်ခင်းများ ပေးတော့၏။ ဂျူလီယံကိုမူ သလွန်တစ်ခုပေါ်တွင် လဲလျောင်းနေစေ၏။ သင်းအုပ်ဘုန်းကြီးကိုလည်း ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေ၏။ မြင်းလှည်းမောင်းသမားနှင့် အခြားသူများမှာမူ ကြမ်းပြင်ပေါ်တွင် ဒူးတုပ်၍ ထိုင်နေကြလေသည်။

စတီဖင်ကလေးသည် သူ့အဘိုးလက်ကို ဆွဲကိုင်၍ ဂျူလီယံထံသို့ ခေါ်လာရာ ဂျူလီယံသည် ပက်လက်လှန်လျက်ရှိရာမှ မြို့စားကြီးအား မျက်နှာငယ်ကလေးဖြင့် မော်၍ကြည့်နေမိ၏။ သို့နှင့် စတီဖင်ကလေးက "ဘိုးဘိုး ဒါ စတီဖင်ကို နေ့တိုင်းချီလာတဲ့ စတီဖင်ရဲ့ အချစ်တော်ကြီးပေါ့။ သူလေ စတီဖင်ကို နေ့တိုင်း အစာရှာကျွေးတယ်။ အခု သူ နေမကောင်းဘူး။ သူ့ခြေထောက်မှာလည်း ခွေးကိုက်ထားတဲ့ အနာကြီးက အကြီးကြီးပဲ။ ဘိုးဘိုး သူ့ကို ဆေးကုပေးပါနော်" ဟု ပြောဆိုလေသည်။

"ကုပေးမှာပေါ့ သမီးရယ်၊ ငါ့မြေနဲ့ ငါ့မြေးကို ကယ်ခဲ့တဲ့ အသက်သခင် ကျေးဇူးရှင် ဂျူလီယံ အကြောင်းကို ဟောဒီဘုန်းတော်ကြီးက အစအဆုံး မိန့်ကြားလို့ ဘိုးဘိုး သိပြီးပါပြီကွယ်"

မကြာမီပင် ဧည့်သည်များအတွက် လက်ဖက်ရည်များ ရောက်လာတော့၏။ မြေးအဘိုးနှစ်ယောက်တို့မှာ စကားလက်ဆုံပြောမကုန် ဖြစ်နေကြ၏။ စတီဖင်ကလေး၏ မပြောတတ်ပြောတတ်၊ မပီကလာ ပီကလာဖြင့် လမ်းတစ်လျှောက်လုံးမှ စွန့်စားခန်းများအကြောင်း ပြောနေသည်ကို အဘိုးဖြစ်သူက နှစ်ခြိုက်သဘောကျစွာ နားထောင်လျက်ရှိနေ၏။ ဂျူလီယံသည်ပင် သူ၏ဝေဒနာကို မေ့ပျောက်၍နေတော့၏။

သို့နှင့် လက်ဖက်ရည်သောက်ကြရင်း မြို့စားကြီးသည် တစ်စုံတစ်ရာကို သတိရလာသည့်ဟန်ဖြင့် ဂျူလီယံနှင့် သင်းအုပ်ဘုန်းကြီးအား နှုတ်ဆက်ပြီး





နောက်၊ ကဲ ... အားရပါးရ သုံးဆောင်ကြပါ။ ခရီးလည်း ပန်းလာတော့ အနားယူကြပါ။ ကျွန်တော် ဒီကလေးကို သူ့အဘွားဆီ သွားပို့ပေးလိုက်ပါရစေ၊ စတီဖင် ပြန်ရောက်လာတာကို သူ့အဘွားသာသိရင် သူ့နှလုံးရောဂါ ချက်ချင်း သက်သာလာမှာပါ။ ကျွန်တော် ပြန်လာမှ ခင်ဗျားတို့နဲ့ အေးအေးဆေးဆေး စကားပြောပါရစေ"

ထို့နောက် မြို့စားကြီးသည် မြေးကလေး စတီဖင်အား အဘွားဖြစ်သူနှင့် တွေ့သောအခါ မည်သို့မည်ပုံ ပြောဆိုနေထိုင်ရမည်ကို ညွှန်ကြားလျက်ရှိနေရာမှ စတီဖင်ကလေးအား လက်ဆွဲကာ အခန်းတစ်ခုအတွင်းသို့ ဝင်သွားတော့၏။ ဂျူလီယံမှာ စတီဖင်ကလေးအား သူ၏ အဘိုးအဘွားများထံ ပြန်၍ ပေးလိုက်ရသည်ကိုပင် ဝမ်းနည်းကြေကွဲ၍ နေမိတော့၏။ စတီဖင်ကလေးသည် သူ၏ဘဝ၊ သူ၏ကမ္ဘာပင် မဟုတ်လော။

ဂျူလီယံတွင် မေးရန် ပြဿနာရန်တစ်ခု ကျန်ရှိနေသေး၏။ ယင်းသည်ကား စတီဖင်ကလေး၏ မိခင်သည် ဤနန်းတော်ကြီးတွင် ယခုရှိဟန် မတူချေ။ မည်သည့်နေရာကို ရောက်၍နေလေသနည်း။

***



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

မြို့စားကြီး၏ စီစဉ်ပေးချက်အရ ဂျူလီယံအား သမားတော်ကြီးများနှင့် ကုသလျက်ရှိရာ နောက်တစ်ပတ်ခန့်အကြာတွင် အဖျားကျသွားတော့၏။ သို့သော် ခြေသလုံးအသားအကွင်းလိုက်ပါသွားသည့်ဒဏ်ရာကမူ မသက်သာသေးချေ။ အသားနုတက်ရန် စောင့်ရပေဦးမည်။ သမားတော်ကြီးမှာ 'စိန့်ပီတာစဘတ်' မြို့မှ လာရောက်၍ မြို့စားကြီးအိမ်၌ပင် တည်းခိုနေထိုင်ကာ ဂျူလီယံနှင့်တကွ မြို့စားကြီးကတော်ကိုပါ ကြပ်မတ်ကုသလျက်ရှိ၏။ လူမမာများအတွက် အခြွေအရံ၊ အခိုင်းအစေများနှင့်တကွ အစာအာဟာရများကလည်း ပြည့်စုံလှပေ၏။

ဤသို့ဖြင့် မြို့စားကတော်ကြီး၏ ရောဂါမှာ အတော်ပင် သက်သာလာတော့၏။ စိတ်ကြောင့်ဖြစ်သော ဝေဒနာဖြစ်သည့်အတိုင်း စတီဖင်ကလေး ရောက်လာပြီးနောက် ၁၀ ရက်မြောက်သောနေ့တွင် စကြံလျှောက်နိုင်သည့် အခြေအနေသို့ပင် ရောက်ရှိလာတော့၏။

ဂျူလီယံ၏ အနာကို သမားတော်ကြီးက ပထမဦးစွာ ပတ်တီးဖြေလိုက်သောအခါ အနာမှာ ရက်ပေါင်းများစွာ ဆေးကြောခြင်း၊ ဆေးထည့်ခြင်းများ မပြုလုပ်ခဲ့ရသဖြင့် ပုပ်ပောင်၍နေပြီးလျှင် ပြည်များတည်ကာ အတွင်းသို့ လိုက်စားလျက် ပိုးလောက်ကလေးများပင် တွယ်၍နေသည်ကို တွေ့ရ၏။ ခြေသလုံးတစ်ခုလုံး အထိမခံနိုင်တော့ဘဲ အရေခွံများသည်ပင် ပြောင်ချောမည်းညစ်နေသည်ကိုလည်း တွေ့ရလေသည်။





ဂျူလီယံမှာ အဖျားကျသွားသဖြင့် အစားအသောက်များကို ခံတွင်းတွေ့၍ နေသော်လည်း ခြေထောက်မှ ဒဏ်ရာကြောင့် မသက်မသာ ခံစားနေရရှာ၏။ အကယ်၍ ဒဏ်ရာရလျှင်ရခြင်း ကုသမည်ဆိုပါက ဤမျှလောက် ခဲရာခဲဆစ်ကုသရမည်မဟုတ်ဘဲ ခြေထောက်အကောင်း ပကတိပြန်၍ ဖြစ်နိုင်ကြောင်းဖြင့် သမားတော်ကြီးက နေ့စဉ်ပင် ညည်းညူလျက်ရှိ၏။ ထိုစကားများသည် သူ၏ ခြေထောက်ကိုဖြတ်ရန် လေသံပစ်နေသလောဟု တွေးကာ ဂျူလီယံမှာ ဝမ်းနည်း၍နေမိ၏။ ဤသို့ဆိုလျှင် သူ၏ဘဝ လူဖြစ်ရှုံးရပေတော့မည်။

သို့နှင့် နောက်ရက်သတ္တတစ်ပတ် နှစ်ပတ်ခန့် ကြာသောအခါ သမားတော်ကြီး ဦးဆောင်ပြီးလျှင် မြို့စားကြီးနှင့် မြို့စားကတော်တို့ပါ ဂျူလီယံ၏ အခန်းတွင်းသို့ ဝင်ရောက်လာရာ ရှေ့ဆုံးမှ စတီဖင်ကလေး လိုက်ပါလာ၏။ မြို့စားကြီးက နေကောင်းပြီလားဟု မေးသောအခါ "နေကောင်းပါပြီ" ဟု ဖြေလိုက်ရသော်လည်း သမားတော်ကြီးကိုမူ ဒဏ်ရာမှ အချိန်ပြည့်ကိုက်ခဲလျက်ရှိသည့်ပြင် အရေပြားတစ်လျှောက်မှာလည်း ယားယံသော ဝေဒနာကို ခံစားနေရကြောင်း မသက်သာသော မျက်နှာဖြင့် အစီရင်ခံလေသည်။ မြို့စားကြီးနှင့် မြို့စားကတော်တို့သည် ဂျူလီယံ၏ ခြေထောက်မှ ဒဏ်ရာကိုတစ်လှည့် သမားတော်ကြီး၏ မျက်နှာကိုတစ်လှည့် ကြည့်ရှုလျက် ရှိနေ၏။ နောက်ကွယ်တွင် သူတို့အချင်းချင်း တစ်စုံတစ်ရာကို ဆုံးဖြတ်တိုင်ပင်ပြီး ဖြစ်ဟန်တူလေသည်။

တစ်ခဏမျှအကြာတွင် သမားတော်ကြီးသည် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်ပြီးနောက် –

"ဂျူလီယံကလေး မင်းဘယ်လိုမှ စိတ်မကောင်းမဖြစ်နဲ့ အားမငယ်နဲ့နော်။ မင်း အသက်ရှင်နေထိုင်ဖို့အတွက် မင်းရဲ့ ညာဘက်ခြေထောက်ကို ဒူးဆစ်အောက်ကနေ ဖြတ်ပစ်ရလိမ့်မယ်" ဟု ပြောလိုက်ရာ အခန်းတွင်းရှိ လူအားလုံးမှာ ငြိမ်သက်သွားတော့၏။ ယခုအခါ သူထင်သည့်အတိုင်းပင် ဖြစ်၍လာချေပြီ။

ထို့နောက် မြို့စားကြီးကလည်း ဂျူလီယံအား –

"လူ့အသက်ဟာ အရေးကြီးပါတယ်ကွာ။ တကယ်တော့ လက်တစ်ဘက် ဖြတ်ရတာထက် ခြေထောက်တစ်ဘက် ဖြတ်ရတာက တော်သေးတာပေါ့ကွာ။ ဘယ်အလုပ်မျိုးမဆို လုပ်နိုင်ပါသေးတယ်။ ပြီးတော့ ချိုင်းထောက်တစ်လက်ရှိရင် ဘယ်နေရာမဆို သွားချင်တိုင်း သွားလို့ရပါတယ်။ ဘဝဆိုတာ နှင်းဆီပန်းခင်းထားတဲ့ မွေ့ရာမှ မဟုတ်ဘဲ။ ကျရာနေရာက ရုန်းကန်ရဲတဲ့သတ္တိနဲ့ ရုန်းကန်နိုင်ပါမှ ယောကျာ်းပီသမှာပေါ့" ဟု အားပေးလေသည်။

ထိုနည်းတူ မြို့စားကတော်ကြီးကလည်း ဂျူလီယံ၏နဖူးပြင်ကိုသွတ်သပ်ကာ ကြင်နာမှု အပြည့်အဝရှိသော မျက်နှာဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဂျူလီယံရယ် ... မင်းအတွက် အဒေါ် စိတ်မကောင်းပါဘူးကွယ်။ မင်းဟာ အဒေါ် မြေးကလေးကို ကယ်တင်ခဲ့သလို အဒေါ်တို့ကလည်း မင်းကို ပြုစုချင်ပါတယ်။ စောင့်ရှောက်ချင်ပါတယ်ကွယ်။ မင်းလိုသမျှကို အဒေါ်တို့က ပေးလိုပါတယ်။ ကျေးဇူးဆပ်တဲ့ သဘောတင် မကပါဘူး။ မင်းကို သားလေးတစ်ယောက်လိုလည်း ချစ်နေပါတယ်။ မင်းဘဝဇာတ်ကြောင်းကို အဒေါ်တို့သိရတော့ ကိုယ်ချင်းစာမိပါတယ်။ တကယ်တော့ တို့တစ်တွေလည်း ဒုက္ခအမျိုးမျိုး ရောက်ခဲ့ကြပါတယ်။ ဘဝကို ရုန်းရင်းကန်ရင်း ရင်ဆိုင်ရင်းနဲ့ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားလာခဲ့ရတာပဲ။ အခုဆိုရင် တို့သမီးကလေးဟာ သူ့အိမ်မှာတောင် သူ မနေနိုင်ရှာဘူး။ သူ့အတွက်လည်း စိတ်မောနေရပါတယ်ကွယ်" ဟု ချော့မော့ဖျောင်းဖျရှာလေသည်။

ဂျူလီယံမှာ သူသိလိုသည့်အချက်ကို မြို့စားကတော်ကြီးက အစဖော်၍ ပေးလိုက်သောအခါ မျက်နှာကို မော်၍ကြည့်လိုက်ပြီးနောက် "အဒေါ့်သမီးဆိုတာ စတီဖင်ကလေးရဲ့မိခင်ကို ပြောတာလား ခင်ဗျာ" ဟု မေးလိုက်တော့၏။

"ဟုတ်ပါတယ်။ တို့တစ်တွေ မင်းပြစ်မင်းဒဏ်ခံနေရတဲ့အချိန်မှာ တို့သမီးကလေးဟာ တစ်ရပ်တစ်ကျေးကို ရောက်နေရှာတယ်။ အခုလည်း အမေတစ်ကွဲ အဖေတစ်ကွဲ သမီးတစ်ကွဲနဲ့ ရှေ့တန်း (စစ်မြေပြင်) ကို ရောက်နေရှာတယ်။ ရှေ့တန်းတစ်နေရာမှာ သူနာပြုဆရာမအလုပ်နဲ့ အမှုထမ်းနေရတယ်လေ။ သူဟာ အင်မတန်မှ ကြင်နာတတ်တဲ့ နှလုံးသားရှိပြီး သူတစ်ပါးအပေါ် စေတနာထားတတ်ပေမဲ့ သူ့ဘဝ အကျိုးပေးကတော့ မကောင်းရှာပါဘူးကွယ်။ ဘယ်အခါမှ စိတ်အေးရတယ်လို့ မရှိဘူး။ သာယာဖြောင့်ဖြူးတယ်လို့ မရှိဘူး။ ဒါတွေကို နောက်တော့ ဂျူလီယံ သိရမှာပေါ့ကွယ်။ ဂျူလီယံလည်း တို့မိသားစုထဲ ရောက်နေပြီပဲ။ မင်းတစ်သက် တို့စောင့်ရှောက်ပါ့မယ်ကွယ်"

ဂျူလီယံမှာ မြို့စားကတော်ကြီး ပြောပြချက်အရ သူ့ထက် ကံဆိုးသူများပင် ရှိသေးကြောင်းဖြင့် တရားသံဝေဂရမိတော့၏။

နောက်ဆုံးတွင် သမားတော်ကြီးက –

"ကဲ ... ဒီမှာ ဂျူလီယံ ကျုပ်တာဝန်ယူပါတယ်။ အသက်အန္တရာယ်ကို လုံးဝမထိခိုက်ဘဲ ကုသနိုင်ပါတယ်။ မင်းခြေထောက်ဖြတ်ကုဖို့ကိုတော့ အကြံပေးပါရစေ။ တကယ်လို့ ဒီအတိုင်း ဆက်နေမယ်ဆိုရင် မင်းခံစားနေရတဲ့ ဝေဒနာဟာ ပိုပြီးပြင်းထန်လာရုံပဲ။ အချိန်ကြာအောင် ဒုက္ခခံစားနေရမှာပဲ။ အိပ်ရာပေါ် ဘုန်းဘုန်းလဲမှ ကုသတာထက် အခုလို အားအင်ပြည့်ဖြိုးနေတုန်း ကုသရတာက မြန်မြန်ပြီး မြန်မြန်ပျောက်တာပေါ့ကွာ" ဟု ဂျူလီယံကို အားပေးစကား ထပ်မံပြောကြားပြန်လေသည်။





သို့နှင့် ဂျူလီယံသည် ဦးခေါင်းကိုလေးကန်စွာ ညိတ်၍ပြလိုက်၏။ ဝေဒနာခံစားလျက်ရှိစဉ်က သူ၏ခြေထောက်ကို ဖြတ်ပစ်ချင်သည့် စိတ်များ ရှိခဲ့သော်လည်း ယခု အကယ်စင်စစ် ဖြတ်ရမည်ဆိုသောအခါ ချိုင်းထောက်နှင့် လမ်းလျှောက်ရမည်ကို စိုးရိမ်ကြောက်ရွံ့လာတော့၏။

ထိုနေ့ နံနက်ပိုင်းတစ်ချိန်လုံးတွင် ဂျူလီယံမှာ အာဟာရပြည့်ဝသည့် အစားကောင်း အသောက်ကောင်းများ စားသောက်ကာ စတီဖင်ကလေးနှင့် ကစား၍နေ၏။ နေ့လယ်ပိုင်းသို့ရောက်သောအခါ သမားတော်ကြီးများ၏ ညွှန်ကြားချက်အရ 'စိန့်ပီတာစဘတ်' မြို့မှ သမားတော်နှစ်ယောက် ရောက်လာ၏။ ဂျူလီယံ ရေမိုးချိုးပြီးသောအခါ တာလပတ်(ရွက်ထည်) ခင်းထားသော ခုတင်တစ်လုံးပေါ်တွင် လဲလျောင်း၍ နေရလေရာ သမားတော်ကြီးများသည် သူ၏ခြေထောက်ကို ဖြတ်တောက်ရန်အတွက် အလုပ်ရှုပ်လျက် ရှိနေကြလေသည်။ ဂျူလီယံမှာ ကြောက်စိတ်များ ဝင်လာသော်လည်း သူ့ဘဝသည် 'သန်းခေါင်ထက် ညဉ့်မနက်' ဟု စိတ်ကို တင်း၍ထားရတော့၏။ ထိုအချိန်တွင် စတီဖင်ကလေးမှာ သူ၏အနီး၌ မရှိတော့ချေ။

သို့သော် သူ၏ခြေထောက်ကို ဖြတ်တောက်လိုက်သောအခါ သူကိုယ်တိုင်ပင် လုံးဝ မသိလိုက်ချေ။ သမားတော်ကြီး အရှူခိုင်းသော စိမ်းရွှေရွှေအနံ့ရသည့် ရှူဆေးကို သုံးလေးခါကြိတ်မှိတ်ရှူလိုက်သောအခါ သူသည် လောကကြီးကို လုံးဝ မေ့သွားတော့၏။

ညနေမိုးချုပ်သောအခါမှ သူသည် သတိပြန်လည်၍ လည်လာပြီးလျှင် သူ့နံဘေး၌ လူများ ဝိုင်းအုံနေသည်ကို တွေ့လိုက်ရ၏။ စတီဖင်ကလေးကမူ သူ၏လက်တစ်ဘက်ကို ဆုပ်ကိုင်ထား၏။ ဆရာဝန်များနှင့်တကွ အိမ်သားများပါ သူ့အား ခပ်ပြုံးပြုံးကြည့်လျက်ရှိကြ၏။ သူ၏ခြေထောက်မှ နာကျင်ကိုက်ခဲနေသည့် ဝေဒနာမှာလည်း လုံးဝပျောက်သွားကြောင်း သိရတော့၏။ သို့သော် လက်ယာခြေထောက်တစ်ခုလုံးဟာ၍နေပြီးလျှင် ဒူးအောက်ကြပ်စည်းထားသည့် နေရာမှ စပ်ဖျင်းဖျင်း ခံစားနေရသည်ကိုသာ သတိထားမိလေသည်။

သို့နှင့် ဂျူလီယံမှာ နောက်ထပ် ၁၀ ရက်ခန့်မျှ အိပ်ရာပေါ်တွင်ပင် လဲလျောင်းကာ စားရသောက်ရ၏။ သို့သော် အပြုအစုကောင်းမှုကြောင့် များစွာ မပင်ပန်းလှဘဲ သက်တောင့်သက်သာ ရှိလေသည်။ စတီဖင်ကလေးကလည်း တွတ်တီးတွတ်တာ ပြောကာ အနားမှ မခွာသဖြင့် သူ့အဖို့ ငြီးငွေ့ဖွယ် မရှိချေ။

သို့နှင့် ၁၀ ရက်မြောက်၍ နောက်တစ်နေ့တွင် မြို့စားကြီးက သူ့အတွက် ကြိမ်ဖြင့် ရက်ထားသည့် ချိုင်းထောက်တစ်ခုကို လာ၍ပေး၏။ ထိုသို့ဖြင့် အားလုံးကပင် သူ့အားမယ်စေရန် ဝိုင်းဝန်းပြုစုလျက်ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးစွာ သူ့အား ချိုင်းကြားမှထ၍ လမ်းလျှောက်နိုင်းကြ၏။ သူ၏ခြေထောက်မှ ဖြတ်ထားသည့်နေရာတွင် ပိတ်စများဖြင့် ချည်နှောင်ကာ ပတ်တီးအသစ်စည်းထား၏။ ရှေးဦးစွာ လူအတွဲနှင့် စမ်းသပ်လျှောက်ရ၍ အကျင့်ရလာသောအခါ ချိုင်းထောက်အကူအညီဖြင့် တစ်ယောက်တည်း လျှောက်ရပြန်၏။ ချိုင်းထောက်တွင် သားမွေးများ ခံထားသဖြင့် ချိုင်းကြားမနာလှချေ။ ဤသို့ဖြင့် ဂျူလီယံမှာ ကျင့်သားရလာသည်နှင့်အမျှ လူကောင်းပကတိကဲ့သို့ ကောင်းစွာ လျှောက်နိုင်လာတော့၏။ တစ်အိမ်သားလုံးပင် သူ့ကိုကြည့်၍ ဝမ်းသာနေကြလေသည်။

ဂျူလီယံအတွက် ကောင်းစွာ စိတ်ချရပြီဖြစ်သဖြင့် နောက်ထပ် လုပ်ကိုင်ရမည့် အစီအစဉ်များကို ညွှန်ကြားကာ နောက်တစ်နေ့တွင် သမားတော်ကြီးများသည် 'စိန့်ပီတာစဘတ်' မြို့သို့ ပြန်သွားကြတော့၏။ မြို့စားကတော်ကြီးမှာလည်း ကောင်းစွာ ကျန်းမာနေပြီဖြစ်သဖြင့် တစ်အိမ်သားလုံး ဝမ်းသာ၍ ရွှင်လန်းလျက်ရှိကြလေသည်။

ဂျူလီယံသည် စတီဖင်ကလေးနှင့်အတူ ခြံထဲသို့ပင် ဆင်း၍ လမ်းလျှောက်နိုင်ချေပြီ။ ဤသို့လျှင် သူ၏ဝါသနာအလျောက် မြို့စားကြီး၏ ဥယျာဉ်ခြံမြေများထဲတွင် သီးစားပင်များ၊ ပန်းပင်များကို စမ်းသပ်စိုက်ပျိုးကြည့်ရာ ကောင်းစွာ အောင်မြင်နေသည်ကို တွေ့ရတော့၏။ သို့နှင့် မြို့စားကြီးသည် သူ့အတွက် ကူဖော်လောင်ဖက်များ ပေးထားသည့်ပြင် ခြံစိုက်ရာ၌ ခိုင်းစေရန် လူလေးယောက်ကိုလည်း ပေးထားသဖြင့် စိတ်ကူးရှိသမျှ လုပ်ကိုင်နိုင်တော့၏။ ဤသို့ဖြင့် သူသည် ဆိုးရွားခဲ့သော သူ၏ ဘဝကို မေ့ပျောက်ကာ ဘဝသစ် ထူထောင်ရန် ကြိုးစားလျက်ရှိလေသည်။

ထိုအချိန်တွင် ဂျူလီယံမှာ ကံဇာတာတက်လာပြီဟု ဆိုရပေမည်။ မြို့စားကြီးနှင့် မြို့စားကတော်တို့ကလည်း သူ၏စိုက်ပျိုးရေး လုပ်ငန်းများကို အားပေးလျက်ရှိရာ မြို့စားကြီး ပိုင်သည့် မြေဧကပေါင်းများစွာကို သီးစားပင်များ၊ ပန်းပင်များ၊ ဆေးဘက်ဝင်သည့် အပင်များကို လူအားငွေအားဖြင့် အစွမ်းကုန် စိုက်ပျိုးလျက်ရှိလေသည်။

ဤသို့ဖြင့် ဂျူလီယံမှာ အင်္ဂလန်တွင် အကျိုးမပေးခဲ့သမျှ ယခု ရုရှပြည်တွင် လာ၍ အကျိုးပေးနေသကဲ့သို့ ရှိတော့၏။ မိမိဝါသနာပါသည့် အလုပ်ကို လုပ်ကိုင်ရသဖြင့်လည်း ဂျူလီယံမှာ မမောနိုင်မပန်းနိုင် ကြိုးကြိုးပမ်းပမ်း လုပ်ကိုင်လျက်ရှိလေသည်။

တစ်ခါတစ်ရံ မြို့စားကြီးနှင့်အတူ စတီဖင်ကလေးကို အလယ်မှထားကာ မြင်းရထားစီး၍ 'စိန့်ပီတာစဘတ်' မြို့သို့သွားရောက်ကာ သမားတော်ကြီး





များကို နှုတ်ဆက်၏။ ဤသို့ဖြင့် ဂျူလီယံမှာ ချိုင်းထောက်ကြီးဖြင့် ခရီးသွားရသော်လည်း အခက်အခဲ ဟူ၍မရှိ၊ လူကောင်းပကတိကဲ့သို့ ဖြစ်နေတော့၏။ ပျော်၍မဆုံး မော်၍မဆုံးဆိုဘိသကဲ့သို့ ဖြစ်၍နေလေသည်။

သို့သော် ကြမ္မာရဟတ်သည် အစဉ်အမြဲ လည်ပတ်လျက်ရှိရာ မေ့ပျောက်ထားခဲ့သည့် အနာဟောင်းများ ပြန်၍ပေါ်လာပြန်၏။ အစမကောင်းခဲ့သဖြင့် အနှောင်းမသေချာဟု ဆိုရပေမည်။ သူသည် စိုပြေသော ဘဝသစ် တည်ဆောက်တော့မည့်ဆဲဆဲတွင် အတိတ်မှ အရိပ်များသည် မသိမသာ မထင်မရှား ပေါ်၍လာတော့၏။ ညီတော်မောင် 'ဖရန့်' သည် သူ၏ဘဝကို ရောက်လေရာသို့ လိုက်လံဖျက်ဆီးနေသူပါတကား၊ 'ဒင်းကိုတော့ တွေ့ရာသင်္ချိုင်းဓား မဆိုင်းဘူး။ ကလဲ့စားချေဖြစ်အောင် ချေရမယ်။ ပြီးတော့မှ ငါသေမယ်' ဟု စိတ်ထဲမှ ရေရွတ်ရင်း ဆုံးဖြတ်လိုက်လေသည်။

ဂျူလီယံအား ဤကဲ့သို့ ဒေါသစိတ်များ ဝင်လာစေရန် သတင်းပေးပြောကြားလာသူမှာ မြို့စားကြီးပင် ဖြစ်တော့၏။ တစ်နေ့သော ညနေစောင်းတွင် ဂျူလီယံသည် စတီဖင်ကလေးနှင့် ကစားရင်း ဥယျာဉ်ထဲရှိစဉ် မြို့စားကြီး ရောက်လာကာ –

"ဘယ်နှယ့်လဲ ဂျူလီယံ နေကောင်းရဲ့လား၊ စိတ်ချမ်းသာရဲ့လား"

"နေကောင်းပါတယ် မြို့စားကြီး၊ စိတ်လည်းချမ်းသာပါတယ်။ မြို့စားကြီးတို့က ကျွန်တော့်ကို ပြုပြင်ပြီး စောင့်ရှောက်ထားတဲ့ ကျေးဇူးကို ကျွန်တော့်တစ်သက် မေ့စရာ မရှိတော့ပါဘူး။ ကျွန်တော့်ကိုလည်း သွေးရင်းသားရင်းလို သဘောထားပါ။ ကျွန်တော်ကလည်း မြို့စားကြီးတို့ ဇနီးမောင်နှံကို အဖေအမေလိုပဲ သဘောထားပါတယ်။ ကျွန်တော်က ပြန်လည် လုပ်ကျွေးရတဲ့ကိုယ်သာ ဖြစ်ချင်ပါတယ် ခင်ဗျာ"

"ကောင်းပါလေ့ကွယ် ... ကောင်းပါလေ့။ ဒါဖြင့် ဂျူလီယံ မင်း အင်္ဂလန်ကို မပြန်တော့ဘူးပေါ့ ဟုတ်လား"

"ကျွန်တော့်စိတ် ကျွန်တော့်ကိုယ်နဲ့တော့ လုံးဝ မပြန်တော့ပါဘူး။ ဒါပေမဲ့ ကံဆိုးလို့ အင်္ဂလန် ပြန်ရောက်ရင်တော့ ကျွန်တော် ဝေးမောက်ကို မသွားတော့ဘူး"

"ဒါဖြင့် ဂျူလီယံရဲ့ အမွေကိစ္စတွေအတွက်ကော ရင်မဆိုင်တော့ဘူးပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် ဒီအမွေတွေလည်း မမက်မောတော့ပါဘူး"

"အေး ... မင်း အင်္ဂလန်က အမွေတွေ မလိုချင်တော့ဘူးဆိုရင်လည်း ဟောဒီ ရုရှပြည်ကြီးမှာ ငါပိုင်တဲ့ ဝေါ့ရှန်းစကီးနယ်မြေကြီးဟာ မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



အမွေပေါ့ကွယ်။ ငါတို့မှာ ကျောထောက်နောက်ခံ သားသမီးတစ်ယောက်မှ မရှိဘူး မဟုတ်လား။ မြေကြီးက ရွှေသီးအောင် ငါ့မြေကို လုပ်နိုင်တဲ့ မင်းကိုပဲ အားကိုးရမှာပဲ။ ဒါထက် မင်း ဗြိတိသျှစစ်သံမှူး ဆာရောဘတ်ဗီလ်ဆင်ကို သိသလား"

"ဆာရောဘတ်ဗီလ်ဆင် ဟုတ်လား" ဂျူလီယံသည် နှုတ်မှ ရွတ်ဆိုရင်း သူ၏အသိများထံမှ ထိုအမည်ကို ပြန်လည်စဉ်းစားကြည့်မိ၏။ ထိုနာမည်ကို ကြားဖူးရုံမျှသာရှိ၍ လူကိုမူ မသိချေ။

"ကျွန်တော် မသိပါဘူး ခင်ဗျာ" ဟု ဂျူလီယံက ရိုးသားစွာ အဖြေပေးလိုက်၏။

ထို့နောက် မြို့စားကြီးသည် စကားဆက်ရန် ဟန်ပြင်ပြီးနောက် ဆက်လက်၍ –

"ဆာရောဘတ်ဗီလ်ဆင်ဆိုတာ တို့ရုရှဦးစီးချုပ်ဌာနအတွက် ဗြိတိသျှရဲ့ အကြံပေးအရာရှိ စစ်သံမှူးတစ်ယောက်ဆိုပါတော့ကွာ။ သူနဲ့ငါဟာ အတော်ကြာကတည်းက ရင်းနှီးခဲ့ကြတယ်။ တစ်နေ့တော့ စကားမစပ်ဘဲ သူဟာ ရုရှမှာ လူငယ်တစ်ယောက်ကို လိုက်ရှာနေတယ်တဲ့။ အဲဒီလူငယ် ပြင်သစ်ကနေပြီး နပိုလီယံတပ်ကြီးနဲ့ ရုရှပြည်ကို ကျူးကျော်တိုက်ခိုက်ဖို့ပါလာတယ်ဆိုတာ အထိတော့ စုံစမ်းလို့ရတယ်တဲ့။ အဲဒီသူငယ်ကလေးဟာ ရုရှတွေ လက်ထဲမှာ စစ်သုံ့ပန်းအဖြစ် အဖမ်းခံနေရတုန်း သူက အစီအစဉ်လုပ်ပြီး ကယ်တင်ခဲ့ဖူးတယ်တဲ့။ အဲဒီတုန်းကတော့ နိုင်ငံရေး အရှုပ်အထွေး ဖြစ်မှာစိုးလို့ ကယ်လိုက်တဲ့ သူငယ်ကို သူကိုယ်တိုင် အတွေ့မခံလိုက်ဘူးတဲ့" ဟု ပြောပြလေသည်။

ဂျူလီယံသည် ထိုအခါမှ သူ၏နောက်ကြောင်းများ ရေးရေးပေါ်လာတော့၏။ သူသည် ဗိုလ်ချုပ်ဘာကလေ လက်ထဲတွင် သုံ့ပန်းအဖြစ် အချုပ်ခံခဲ့ရစဉ် ဆာရောဘတ်ဗီလ်ဆင်က တွေ့ချင်သည်ဟု ဆိုသဖြင့် သွားရောက်ရာ လမ်းတွင် ကယ်တင်ရှင်တစ်ဦးက ဖြတ်၍ ကယ်တင်ခြင်း ခံခဲ့ရဖူးသည် မဟုတ်လော၊ ထိုကယ်တင်ရှင်သည် ဆာရောဘတ်ဗီလ်ဆင်ဖြစ်လေသလော၊ အကယ်၍ ဖြစ်သည်ထားဘိဦး။ ဆာရောဘတ်ဗီလ်ဆင်သည် မိမိနှင့် မည်ကဲ့သို့ အဆက်အသွယ် ရှိလေသနည်း။ ထိုနေရာအထိသာ သူသည် တွေး၍ရလေသည်။

ထို့နောက် မြို့စားကြီးက စကားဆက်ပြန်၏။

"ဆာရောဘတ်ဟာ ပြင်သစ်စစ်ဘုရင် နပိုလီယံ စစ်ဆုတ်တဲ့ နေရာတိုင်း၊ အချိန်တိုင်းမှာ ဒီသူငယ်ကို လိုက်ရှာတယ်တဲ့။ ဒါပေမဲ့ လုံးဝ မတွေ့ရတော့ဘူးတဲ့။ ပြင်သစ်စစ်သည်တွေ သောက်သောက်လဲ ကျဆုံးသွားတဲ့အထဲမှာ အဲဒီ





သူငယ်ပါသွားပြီလို့ စုံစမ်းသိရှိရတယ်တဲ့။ သူ့နာမည်ကတော့ ဂျူလီယံဂုတ်ဆိုပဲ။ အင်္ဂလန်ပြည် ဝေးမောက်နယ်က ကာနယ်ဂုတ်ရဲ့ သားတဲ့ကွာ"

ထိုစကားများကို ကြားလိုက်ရသောအခါ ဂျူလီယံမှာ မျက်လုံးများပင် ပြူး၍သွားတော့၏။ မိမိအကြောင်းကို ဆာရောဘတ်ဗီလ်ဆင်က ကောင်းစွာ သိနေသော်လည်း မိမိကမူ ဆာရောဘတ်ဗီလ်ဆင်ဆိုသူကို လုံးဝမသိချေ။ မိမိနှင့် မည်ကဲ့သို့ အဆက်အသွယ် ရှိလေသနည်း။

"နေပါဦး ... မြို့စားကြီး ခင်ဗျာ။ ဒီဆာရောဘတ်ဆိုတဲ့ စစ်သံမှူးဟာ ဘာကြောင့်များ ကျွန်တော့်ကို တွေ့ချင်နေရတာလဲ။ ကျွန်တော်နဲ့ ဘာတွေများ ပတ်သက် ဆက်နွယ်နေလို့ပါလဲ"

"အေး ... ဆက်နွယ်ပတ်သက်ပုံကတော့ မင်းအပေါ် မစ္စက်ထရောဘတ်ရဲ့ အမွေတွေကြောင့်ပဲ။ မင်းမှာ ညီတစ်ယောက် ရှိတယ် မဟုတ်လား။ ဖရန့်ဂုတ်ဆိုတာလေ ... စိတ်မကောင်းတော့ မရှိနဲ့ကွာ။ မင်းအဒေါ် မစ္စက်ထရောဘတ်ဟာ လွန်ခဲ့တဲ့ နှစ်ကပဲ ကွယ်လွန်သွားတယ်ဆိုပဲ။ သူ မကွယ်လွန်မီကလေးတွင်ပဲ သူ့အစ်ကို ကာနယ်ဂုတ် ကျန်ရစ်ခဲ့တဲ့ အမွေတွေရော၊ သူပိုင်တဲ့ အမွေတွေရော တစ်ဝက်ဆီကို သူ့တူနှစ်ယောက်ဖြစ်တဲ့ ဂျူလီယံနဲ့ ဖရန့်ကို ခွဲပေးဖို့ သေတမ်းစာ ရေးပစ်ခဲ့တယ်။ ဒါပေမဲ့ သူ့တူကြီး ဂျူလီယံဟာ အင်္ဂလန်ကနေ ဝရမ်းပြေးအဖြစ်နဲ့ ထွက်ပြေးရပြီး ပြင်သစ်စစ်သုံ့ပန်းတွေကို ချုပ်ထားတဲ့ ထောင်ထဲမှာ ကျနေခဲ့တယ်တဲ့။ အချိန်အတော်ကြာအောင် စောင့်နေပေမဲ့လည်း သူ့တူကြီး ပြန်မရောက်လာတော့ သေပြီလို့ပဲ ယူဆရတယ်တဲ့။ တကယ်လို့ ဂျူလီယံ သေပြီဆိုရင်လည်း ဒီအမွေတွေကို ဖရန့်တစ်ယောက်တည်း ခံစားပါစေတော့တဲ့။ အဲဒီအမွေတွေနဲ့ သေတမ်းစာကို ထိန်းရတာက ဆာရောဘတ်ဗီလ်ဆင်ဆိုတော့ ဆာရောဘတ်က သူရောက်လေရာမှာ မင်းအကြောင်းကို စုံစမ်းရတာပေါ့ ဂျူလီယံ။ သူ နောက်ဆုံး စုံစမ်းလို့ရတဲ့ သတင်းကတော့ ပြင်သစ်စစ်ဘုရင် နပိုလီယံရဲ့ နေတပ်မဆုတ်ခွာရာမှ တိုက်ပွဲတွေဖြစ်ပြီး ကျဆုံးသွားတယ်ဆိုတဲ့သတင်း ကြားရလို့ အမွေတွေကို မင်းညီဖရန့်ကို လွှဲပေးလိုက်ရတယ်တဲ့။ မင်းကျဆုံးသွားတဲ့ သတင်းကို မင်းညီ ဖရန့်ကလည်း အတည်ပြုတယ်တဲ့"

မြို့စားကြီး၏ စကားများကို ကြားရသောအခါ ဂျူလီယံမှာ သူ၏ အသည်းရှစ်စိတ်ကွဲအောင် သူ၏ချစ်ဦးသူ 'စတီဖင်' အားလုယူရုံမျှမက သူထောင်ကျနေစဉ်ကလည်း ရှာဖွေဆက်သွယ်ခြင်းမပြု၊ သူသေပြီဟူသော သတင်းကိုလည်း အတည်ပြုကာ သူ၏အမွေအားလုံးကို အပိုင်စီးထားသော ညီဖြစ်သူ ဖရန့်အပေါ်တွင် စိတ်အနာကြီးနာမိ၏။ ကလဲ့စားချေလိုစိတ်များ ပိုမိုပြင်းထန်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယံသည် မိမိ၏စိတ်ကို အနိုင်နိုင်ချုပ်တည်းပြီးနောက် "မြို့စားကြီး ခင်ဗျား ... အခု ဆာရောဘတ်ဗီလ်ဆင် ဘယ်မှာရှိပါသလဲ"

"ဟော ... ဒါနဲ့ မင်းအင်္ဂလန်က အမွေတွေ မလိုချင်တော့ဘူးဆို"

"ဟုတ်ပါတယ် ... အမွေတွေတော့ မလိုချင်တော့ပါဘူး ... ဒါပေမဲ့ ဆာရောဘတ်ကိုတော့ ကျွန်တော် တွေ့ချင်ပါသေးတယ်။ သူကမှတစ်ဆင့် ဖရန့် ဆိုတဲ့ကောင်ကို တွေ့ချင်တယ်"

ဂျူလီယံ၏အသံမှာ တုန်ရီလျက်ရှိနေ၏။

"ဒါသရှေ့ထားရင် မှားမှာပေါ့ကွယ်။ အေးအေးဆေးဆေး စဉ်းစဉ်းစားစား ဆုံးဖြတ်စမ်းပါ၊ တကယ်တော့ ဆာရောဘတ်ဗီလ်ဆင်ကို ငါ့အနေနဲ့ စိန့်ပီတာစဘတ်မှာ ခဏကြုံလိုက်ရတာပဲ ... အခုတော့ စိန့်ပီတာစဘတ်မှာ မရှိတော့ပါဘူး။ သူဟာ စစ်သံမှူးတစ်ယောက် ဖြစ်လို့၊ စစ်အတွင်းမှာ ယက်ကန်းစင်က 'လွန်း' လိုတစ်နေရာက၊ တစ်နေရာ ပြေးလွှားနေရရှာတယ်။ ရှေ့တန်းကို နေရာအနှံ့အပြားသွားပြီး 'မော်စကို' ကို ကူးချည်သန်းချည် အမှုထမ်း နေရရှာတယ်။ ဒါပေမဲ့ မင်းဟာ ငါ့နန်းတော်ထဲမှာ ရှိနေတယ်။ အပြင်းဖျားနေတယ်။ ခြေထောက်ဖြတ်ကုရမယ်ဆိုတဲ့အကြောင်းတွေကို သူ့ကို ပြောပြထားတယ်။ ဒီတော့ သူက ငါ့ဆီကို အလည်လာရင်း မင်းကို လာကြည့်ပါဦးမယ်။ ပြီးတော့ သိပ်လည်း တွေ့ချင်ပါတယ်လို့ ပြောသွားတယ်။ ဒီတော့ မင်း ဒီက စောင့်နေရုံပဲပေါ့"

ဂျူလီယံမှာ မြို့စားကြီးအား ခွန်းတုံ့ပြန်ရန် အကြောင်းမရှိတော့ချေ။ အမှန်တကယ် သူတွေ့ချင်သူမှာလည်း ဆာရောဘတ်ဗီလ်ဆင် မဟုတ်။ အကြင်နာကင်းမဲ့သူ သစ္စာဖောက် ဖရန့် ကိုသာတည်း။

***



၁၉

စစ်အတွင်း ဖရန့် ထမ်းဆောင်နေရသည့် တာဝန်များမှာ ခဲရာခဲဆစ်များသာဖြစ်သည့်အတိုင်း အချိန်ဟူ၍ သတ်မှတ်ချက် မရှိချေ။ နေ့မအိပ် ညမအိပ် လုပ်ကိုင်ကြပြီးလျှင် ထမင်းမေ့ ဟင်းမေ့ပင် ဆောင်ရွက်ရတော့၏။ တစ်ခါတစ်ရံ တစ်နေ့လုံး တစ်ညလုံး မြင်းပေါ်မှ ဆင်းရသည်ဟူ၍ပင် မရှိချေ။ ဤသို့ဖြင့် ရက်သတ္တတစ်ပတ် ကုန်ဆုံးသည့်တိုင် ဆာရောဘတ်နှင့် မတွေ့ဆုံရ သည်လည်း ရှိ၏။ ဤသို့ တာဝန်များ ရှုပ်ထွေးလေးလံလာသည်မှာ စစ်ဘုရင် နပိုလီယံသည် မော်စကိုမှ နယ်ခြားသို့ အဆောတလျင် ပြန်လည် ဆုတ်ခွာနေသည့် အချိန်များ ဖြစ်လေသည်။

ရုရှစစ်ဦးချုပ်အသစ် ဗိုလ်ချုပ်ကြီး ကူတူဆော သည် စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ဘာကလေ၏ ခြေရာကို မာရိုဂျာရိုစလမ် တိုက်ပွဲ (အောက်တိုဘာ ၂၄ ရက်) တွင် သိသိသာသာကြီး နင်းလိုက်၏။ သူသည် နပိုလီယံနှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေး၍ စစ်ရေးအရ မဖြေရှင်းဘဲ စစ်ပြေငြိမ်းရေးကို ကြိုးစားခဲ့စဉ် ဇာဘုရင်က ဖျက်သိမ်းခဲ့၏။ သို့နှင့် နပိုလီယံတို့ မော်စကိုမှ ဆုတ်ခွာခဲ့စဉ် သူသည် ပြင်သစ်စစ်တပ်များကို အပြတ်မချေမှုန်းဘဲ လွှတ်ပေးတန်သမျှ လွှတ်ပေးခဲ့၏။ ယခုလည်း တပ်ဆုတ်နေပြီဖြစ်သော နပိုလီယံအား ကူတူဆော သည် ဆက်လက်၍ မတိုက်လိုတော့ချေ။ အကယ်၍ တိုက်ပွဲများဖြစ်က နှစ်ဘက်စလုံး အကျအဆုံးများကြမည်သာ ဖြစ်သဖြင့် ပြင်သစ်တပ်များကို နယ်ခြားသို့ အမြန်ရောက်စေရန် ငြိမ်းခြောက်မောင်းထုတ်ရေးအတွက်သာ ရည်ရွယ်၏။ သို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဓာတုရင် အလက်ဇန္ဒားမှာ ဘဝင်မကျလှချေ။ နပိုလီယံကိုသာ လက်ရဖမ်းပြီးလျှင် သူ၏စစ်တပ်များကို အပြတ်ချေမှုန်းပစ်စေလို၏။ ရုရှကို ပြင်သစ်တို့ နောက်တစ်ကြိမ်မော်၍ မကြည့်ဝံ့အောင် တိုက်ခိုက် ဖြိုခွင်းစေလိုလေသည်။

ဤသို့လျှင် စစ်အတွင်း၌ ခေါင်းဆောင်များသည် အတွေးအခေါ် အယူအဆများ တစ်မှဟုတ်ချင်း ပြောင်းလွဲသွားတတ်သည့်အတိုင်း ဆာရော ဘတ်ဝီလ်ဆင်မှာ စစ်သံမှူးဖြစ်သောကြောင့် အလုပ်ရှုပ်ရတော့၏။ သူ့အလုပ်ရှုပ်သည့်အတိုင်းလည်း သူ၏တမန်တော် ဖရန့်မှာ နား၍ မနေရတော့ချေ။ နိုင်ငံတကာ၏ ချစ်ကြည်လေးစားမှုများအတွက် ဗြိတိသျှသံအမတ်ကြီးက နိုင်ငံရေးတာဝန်ကို ထမ်းဆောင်ရပြန်၏။ လိုအပ်သောအခါများ၌ ဖရန့်က ဝင်ရောက်၍ ဆောင်ရွက်ရပြန်လေသည်။

ရေ့တန်းစစ်မျက်နှာတစ်ခုဖြစ်သည့် ဝီလ်နာမြို့ ဆေးရုံကြီးတွင် စစ်အတွင်း ဒဏ်ရာအမျိုးမျိုး ရခဲ့သဖြင့် တက်ရောက်ကုသခဲ့သည့် ရဲဘော်များမှာ မရှုရက်၊ မမြင်ရက် ကြောက်မက်ဖွယ်ရာကောင်းလှတော့၏။ တညည်းညည်း တညူညူ နားမချမ်းမြေ့ဖွယ်ရာ ရှိဘိ၏။ ဖရန့်မှာ မြင်းပေါ်တွင် နေ့မအိပ် ညမအိပ် နေခဲ့ရသည့် ဒဏ်ကြောင့်လည်းကောင်း၊ ဆောင်းတွင်းတစ်လျှောက်လုံး တဖွဲဖွဲကျနေသည့် နှင်းဒဏ်ကို ဂရုမစိုက်ခဲ့သောကြောင့်လည်းကောင်း တစ်ကိုယ်လုံး ကိုက်ခဲလျက်ရှိရာ ဤသို့ဖြင့် ဖရန့်မှာ အအေးမိပြီးလျှင် အပြင်းဖျားလာသောကြောင့် ဝီလ်နာမြို့ဆေးရုံကြီးသို့ ရောက်ရှိခဲ့ရလေသည်။

ဖရန့်မှာ သုံးလေးရက်ခန့် လူမှန်းမသိသဖြင့် အပြင်းဖျားလျက်ရှိရာ အပြုအစု အယုယကောင်းသောကြောင့်တစ်ကြောင်း၊ အေးချမ်းစွာ အနားယူရသဖြင့်တစ်ကြောင်း၊ အသက်အရွယ်ငယ်၍ ကျန်းမာသန်စွမ်းသောကြောင့် တစ်ကြောင်း ပြန်လည်နလန်ထူ၍လာခဲ့၏။ ထိုအချိန်လောက်၌ပင် ဆာရောဘတ်ဝီလ်ဆင်သည် ဝီလ်နာမြို့သို့ ရောက်ရှိလာလေသည်။

ဖရန့် သတိပြန်၍ရလာသောအခါ သူ၏အိပ်ရာနံဘေးတွင် စိုးရိမ်ပူပန်သည့် မျက်နှာဖြင့် ရပ်နေသော ဆာရောဘတ်ဝီလ်ဆင်ကို တွေ့လိုက်ရတော့၏။ ၎င်း၏နံဘေးတွင်လည်း သူနာပြုဆရာမကလေးတစ်ယောက်ကိုပါ တွေ့မြင်လိုက်ရ၏။ ဆရာမကလေးမှာ အချိုးအစား ပြေပြစ်ကျနစ်၍ ဝင်းဝင်းပပ လှပသောမျက်နှာကလေးဖြင့် သူ့အား ပြုံး၍ကြည့်နေသည်ကို တွေ့လိုက်ရ၏။ ဖရန့်မှာ ဆရာမကလေးအား ယခင်ကတွေ့ဖူးပါသည်ဟု စိတ်ထဲမှ ထင်မိသော်လည်း အဖျားဒဏ်ကြောင့် ရုတ်တရက် စဉ်းစား၍ မရနိုင်အောင်ပင် ရှိတော့၏။

ဆာရောဘတ်ဝီလ်ဆင် ။ ။ "ဖရန့် ... မင်း နေကောင်းလာပြီနော်။ မင်း ဒီကနေ့ အစာစပြီး စားခွင့်ရပြီ။ အစာဝင်လာရင်တော့ မင်း အားပြည့်လာမှာ





ပါ။ ဟောဒီဆရာမကလေးရဲ့ ပြုစုစောင့်ရှောက်မှုကြောင့်ပေါ့ကွာ။ သူဟာ မင်းကို ဂရုစိုက်ရှာပါတယ်။ နာမည်က စတီဖင် တဲ့"

"စတီဖင် ... စတီဖင်" ဟု ဖရန့်က တီးတိုးရေရွတ်နေမိ၏။ ထိုအခါ နောက်ကြောင်းများလည်း တရေးရေး ပေါ်၍လာတော့၏။ သူသည် သူနာပြုဆရာမကလေးအား မြင်ဖူးကြားဖူးရုံမျှသာမက ရုရှပြည် ဝေါ်ရှန်းစကီးမြို့စားကြီး အိုင်ဗင်မာရီလော့ဗ်၏ ဂုဏ်သိရ်မညှိုးစေရန်အတွက် တစ်ချိန်က သူ့အစ်ကို ဂျူလီယံ၏ကိုယ်စား အင်္ဂလန်တွင် တရားဝင် လက်ထပ်ခဲ့သူ မဟုတ်လော။ သူ့အတွက်ပင် အစ်ကိုဖြစ်သူ ဂျူလီယံအားမတွေ့မချင်း လိုက်လံရှာဖွေခဲ့သူ မဟုတ်ပါလော။ တွေ့ရပြန်သောအခါ၌လည်း သူသည် ပြင်သစ်စစ်သား ရုရှသုံ့ပန်းဘဝနှင့် ဖြစ်နေသဖြင့် မလိမ့်တစ်ပတ် ကယ်တင်ခဲ့ရသည် မဟုတ်ပါလော။ ယင်းသို့ ဂုက်ချက်ပေါ်ပေါက်က နိုင်ငံရေး အရှုပ်အထွေး ဖြစ်မည်စိုးသဖြင့် ထိုအချိန်က လက်လွှတ်ခဲ့ရသည် မဟုတ်ပါလော။ မိမိနှင့် မလွဲမရှောင်သာသဖြင့် တရားဝင် ဟန်ဆောင်လက်ထပ်ခဲ့ရသည့် မရီး(သို့) ဇနီးတစ်ယောက်လုံးကိုမူ မသိဘဲ နေပါမည်လော။

ဖရန့်နှင့် စတီဖင်တို့မှာ တစ်ယောက်ကိုတစ်ယောက် အတန်ကြာမျှ ငေးမောကြည့်ရှု၍ နေမိကြတော့၏။ သူတို့နှစ်ယောက်မှာ အခေါ်ဖြစ်သူ မစ္စက်ထရောဘတ်၏ သဘောတူညီချက်အရ တရားဝင် လက်ထပ်ခဲ့ကြသော်လည်း နှစ်ယောက်စလုံး၏ စိတ်ထားများမှာ မောင်ရင်းနှမရင်းကဲ့သို့ နေထိုင်ကာ သန့်ရှင်းမှုရှိကြ၏။ သူသည် စစ်တပ်မှ ဝေးမောက်သို့ ပြန်ရောက်သောအခါများတွင်လည်း ဂျူလီယံအား ရှာဖွေစုံစမ်းရသမျှ သတင်းများကို ပြောကြားရုံမျှသာ တစ်ယောက်နှင့်တစ်ယောက် မရီးနှင့်မတ်အနေဖြင့်သာ တွေ့ဆုံကြ၏။ ယခုတွေ့ဆုံကြရသောအခါ၌မူ မိမိက လူနာ၊ မရီးဖြစ်သူက သူနာပြုဆရာမအဖြစ် ပြန်၍ တွေ့ကြရ၏။ နှစ်ယောက်စလုံးပင် မိမိတို့နောက်ကြောင်းများကို ပြန်ပြောင်းသတိရကာ ဝမ်းနည်းဝမ်းသာဖြစ်ကာ မျက်ရည်များပင် လည်၍လာကြလေ သည်။

သို့နှင့် တစ်ခဏမျှကြာသောအခါ စတီဖင်က သူမ၏ လက်ဖမိုးကလေးကို ပက်လက်အိပ်နေသော ဖရန့်ဆီကို ကမ်း၍ပေးလိုက်ရာ ဖရန့်က လက်ဖမိုးကလေးကို တယုတယယူ၍ နမ်းရှုပ်လိုက်သဖြင့် ဆာရောဘတ်မှာ အံ့အားသင့်၍ နေတော့၏။

ဖရန့် မရီးတော်စတီဖင်ကို ထပ်မံငေးစိုက်ကြည့်ရင်း –

"ကျွန်တော် အိပ်မက်များ မက်နေသလားတောင် ထင်မိတယ် စတီဖင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



စတီဖင်မှာ ဖရန့်၏ စကားသံများကို ကြားရသောအခါ သူ၏ချစ်ဦးသူ ဂျူလီယံအား သတိရကာ လွမ်းဆွတ်တသ ရှာမိပြန်တော့၏။

စတီဖင်က တုန်ရီသော အသံဖြင့် "မင်းအစ်ကို ဂျူလီယံတစ်ယောက် အကြောင်း သတင်း နည်းနည်းကလေးမှ မကြားတော့ဘူးလားကွာ။ သူ မသေနိုင်ပါဘူးနော်။ သူ အင်္ဂလန်ပြည် ပြန်ရောက်နေမလား မသိဘူး။ အင်္ဂလန် ပြန်ရောက်နေရင်တော့ အဒေါ်ထရောဘတ်ဆီကနေပြီး ကိုယ်တို့ ရုရှကို ပြန်ရောက်နေပြီဆိုတာ သူသိမှာပဲ။ ဒီလိုဆိုရင် သူလိုက်လာဖို့ ကောင်းတယ်နော်"

"စိတ်မကောင်းတော့ မရှိနဲ့ စတီဖင်ရယ်။ ဝေးမောက်မှာ အဒေါ်ထရောဘတ်လည်း ဆုံးရှာပြီ။ အခု ဂျူလီယံလည်း တိုက်ပွဲတစ်ပွဲမှာ ကျသွားတယ်လို့ သတင်းရတယ်။ သူ့ကို ကျွန်တော် နောက်ဆုံးတွေ့တဲ့အချိန်က သူဟာ ပြင်သစ်စစ်သား ရုရှအကျဉ်းသားတစ်ယောက် ဖြစ်နေတယ်။ ဒီနောက် တပ်ဆုတ်သွားတဲ့ နပိုလီယံရဲ့ နောက်တပ်မကြီးနဲ့ ပါသွားတယ်လို့ သတင်းကြားရတယ်"

"ဟင် ... ဟုတ်လား ... သူ ရုရှကို ရောက်နေတယ်ပေါ့"

"ဟုတ်တယ် ... အခုတော့ သူ့သတင်းစုပ်စမြုပ်စပျောက်သွားပြီ။ သူ့အတွက် ရသင့်ရထိုက်တဲ့ အမွေတွေတောင် ပေါ်ဒီ ဆာရောဘတ်ပီလ်ဆင်က ထိန်းသိမ်းထားရတယ်။ ဒီကြားထဲ ကရာစ်နွိုက်တိုက်ပွဲက ဖမ်းမိတဲ့ ပြင်သစ်စစ်သားတွေကို ထောက်လှမ်းကြည့်တော့ ဂျူလီယံဟာ တိုက်ပွဲတစ်ပွဲမှာ ဗုံးဆံထိပြီး ကျသွားတယ်လို့ ပြောကြတယ်။ ဒါထက် စတီဖင်ကရော ရုရှကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

"စတီဖင်ဘဝကတော့ ဆန်းလည်းဆန်းတယ်။ ရိုးလည်းရိုးတယ်။ စတီဖင်ရဲ့ ဖခင်ဟာ ဝေါ်ရှန်းစကီးမြို့စားကြီး အိုင်ဗင်မာရီလော့ဖ်ပါ။ တစ်ချိန်က ရုရှပြည် ဇာဘုရင်အလက်ဇန္ဒရားရဲ့ အချစ်တော်တစ်ယောက်ပေါ့။ စစ်ပွဲကြီးတစ်ပွဲကို တာဝန်ယူဦးစီးတိုက်ခိုက်ရာက အရေးနိမ့်သွားလို့ ဇာဘုရင်ရဲ့ အမျက်တော်ရှပြီး လက်ရှိရာထူးက ချထားတာခံခဲ့ရတယ်။ ဖခင်ကော မိခင်ပါ ထောင်သွင်းအကျဉ်းချခံရတယ်"

ဤသို့ပြောရင်း စတီဖင်မှာ ရှိုက်သံများပင် ပါ၍လာတော့၏။ ထို့နောက် ဆက်လက်၍ –

"ဒါပေမဲ့ ... ဖခမည်းတော်ရဲ့ အစီအစဉ်နဲ့ သူ့ရဲ့လူယုံတော်တွေရဲ့ ဆောင်ရွက်ချက်ကြောင့် စတီဖင်ဟာ အင်္ဂလန်ကို ထွက်ပြေး လွတ်မြောက်ခဲ့တယ်။ ပြီးတော့ ဖခင်ကြီးရဲ့ မိတ်ဆွေ 'ယောက်ရှိုင်းယား' နယ်စားကြီးပိုင်တဲ့ 'နွေရာသီ' စံအိမ်ကို အရောက်သွားပြီး ပုန်းအောင်းနေခဲ့ရတယ်။ အဲဒါ ဖရန့်တို့ရဲ့ မွေးရပ်မြေ၊ ဝေးမောက်နယ်မှာပေါ့။ ဒီနောက် ဖြစ်ပျက်ခဲ့တာတွေကိုတော့ ဖရန့်





သိပြီးသားပါလေ။ နောက်ဆုံး မောင့်တစ်မျက်နှာ တစ်ရှာထင်ပြီး ဂျူလီယံနဲ့ ချစ်ကြိုးသွယ်မိခဲ့ကြတယ်။ စတီဖင်ဟာ ဂျူလီယံကို နှစ်နှစ်ကာကာ ချစ်လွန်းလို့ နိစ္စဒူဝ သူ့အပေါ် စိုးရိမ်နေတဲ့ကြားက သူဟာ လူသတ်သမားဝရမ်းပြေးဘဝကို ရောက်သွားပြီး သူပြန်လာနိုးနိုးနဲ့ စောင့်ရင်းပဲ ဂျူလီယံရဲ့ ရင်သွေးကလေးကို စတီဖင် လွယ်လာရတယ်။ ရုရှပြည်မှာ ရာထူးဂုဏ်သိရ်၊ အရှိန်အဝါ ဟိုးလေးတကျော်ရှိနေတဲ့ ခမည်းတော် မြို့စားကြီးရဲ့သမီးဟာ ဖခင်ကြီး အရေးနိမ့်နေတဲ့ အချိန်မှာ အင်္ဂလန်မှာ သူ့သမီးက လင်ကောင်မပေါ်ဘဲ ကလေးမွေးရတယ်ဆိုရင် တစ်မျိုးလုံး တစ်ဆွေလုံးရဲ့ ဂုဏ်သိက္ခာ ထိခိုက်မှာလည်းကြောက်၊ စိတ်ကြီးတဲ့ ခမည်းတော်ဟာ စတီဖင်ကိုပဲ သတ်မလား။ ဒါမှမဟုတ် ရှက်လွန်းလို့ သူ့ကိုယ်သူပဲ အဆုံးစီရင်မလားဆိုတာလည်း တွေးပြီးကြောက်မိတယ်။ ပြီးတော့ နလုံးရောဂါ အခံရှိတဲ့ မယ်တော်ရဲ့ အသက်ကိုလည်း စိုးရိမ်ရလို့ ဖရန့်ကိုပဲ ဟန်ဆောင်လက်ထပ်ခဲ့ရတယ်။ နောက်တော့မှ နပိုလီယံဟာ ရုရှကို ကျူးကျော်တိုက်ခိုက်တော့မှ ဇာဘုရင်ဟာ ဖခမည်းတော်ကို အမျက်ပြေပြီး မူလရာထူး ဌာနန္တရကို ပြန်လည်အပ်နှင်းခဲ့တယ်။ စတီဖင်ကိုလည်း ရုရှကို ပြန်ခေါ်တယ်။ စတီဖင်မှာတော့ သမီးကလေးရပြီး ကလေးအမေ ဖြစ်နေပြီ။ ဖရန့်နဲ့ လက်ထပ်ပြီးကြောင်း၊ ရုရှပြည်အတွက် ကိုယ်စားလှယ် ဗြိတိသျှစစ်သံမှူး ဆာရောဘတ်ပီလ်ဆင်ရဲ့ အပါးတော်မြဲအဖြစ်နဲ့ ဖရန့်အခု ရုရှကို လိုက်ပါသွားရတဲ့အကြောင်း၊ ဖခင်ကြီးဆီကို အစီရင်ခံလိုက်ရတယ်။ ဖခမည်းတော်ဟာ အစတော့ အံ့အားသင့်တာပေါ့။ ဒါပေမဲ့ သူဟာ ကိုယ်ချင်းစာတတ်ပါတယ်။ စတီဖင်ရော၊ သူ့မြေးမကလေးရော၊ ဖရန့်ရဲ့ အဒေါ် မစ္စက်ထရောဘက်ကိုပါ ရုရှကို ခေါ်လာခဲ့ဖို့ သူက ပြန်ပြီး အကြောင်းကြားတယ်။ အထောက်တော်တွေ၊ အထိန်းတော်တွေ၊ အခေါ်တော်တွေလည်း လွှတ်ပေးတယ်လေ။ သူ့ရည်ရွယ်ချက်ကတော့ စတီဖင်ရဲ့ ခင်ပွန်းဟာ ရုရှမှာ ရှိနေတယ်ဆိုရင် ဒီကနေပဲစောင့်ဖို့ စီစဉ်တယ်လေ။ နောက်ဆုံးတော့ အဒေါ်မစ္စက်ထရောဘက်က သူမွေးတဲ့ နေရပ်ဌာနီမှာပဲ ခေါင်းချပါစေ။ သူ့တူကြီး ဂျူလီယံ မပြန်လာမချင်း သူ့အိမ်ကပဲ စောင့်နေပါစေဆိုလို့ စတီဖင်တို့ သားအမိပဲ ရုရှကို လိုက်လာခဲ့ကြရတယ်"

စတီဖင်သည် ဤတွင် သူ၏ဇာတ်ကြောင်းကို အဆုံးသတ်လိုက်လေသည်။

"ဟင် ... ဒါဖြင့် ကလေးကော ... အခု ဘယ်မှာလဲ"

"သူ့အဘိုးရဲ့ ဝေါ်ရှန်းစကီးနန်းတော်မှာ ကျန်ရစ်ခဲ့တာပေါ့။ သူ့အဘိုးအဘွားရဲ့ အချစ်တော်ကလေး ဖြစ်နေပြီလေ။ အခုထက်ထိ ကလေးကို နာမည် မပေးရသေးဘူး။ သူ့အဖေ ဂျူလီယံရဲ့ စိတ်ကြိုက်နာမည်မှည့်ပါရစေဆိုတဲ့ ရည်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ချက်နဲ့ ကလေးကိုလည်း စတီဖင်လို့ပဲ ယာယီမှည့်ထားတယ်။ အခုတော့ ဒီနာမည်ပဲ တွင်နေပြီလေ။ စတီဖင်စီနီယာနဲ့ စတီဖင်ဂျူနီယာပေါ့”

စတီဖင်သည် သူတို့သားအမိ၏ နာမည်ကို ပြောရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

“ဒါထက် စတီဖင်ကကော ဘယ်လိုလုပ်ပြီး အမေတစ်ကွဲ သမီးတစ်ကွဲနဲ့ ဒီကို ရောက်နေရတာလဲ”

ဖရန့်မှာ ထိုနေရာအထိ ဇာတ်ရည်မလည်သေးချေ။

“ဒါနဲ့ စတီဖင်တို့ သားအမိ ဝေါ်ရှန်းစကီးကို ရောက်ပြီး တစ်လလောက်ကြတော့ ရှေ့တန်း စစ်မြေပြင်မှာ ရုရှစစ်သည်တွေ အတော်များများ ဒဏ်ရာကိုယ်စီနဲ့ ဆေးရုံတက်နေကြရတယ် မဟုတ်လား။ လူနာကများ၊ ဆေးရုံကနည်း၊ သူနာပြုကလည်း နည်းလေတော့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စတီဖင်လည်း တစ်တပ်တစ်အား ကူညီဖို့ ရောက်လာရတယ်ဆိုပါတော့။ စတီဖင်ဟာ ငယ်ငယ်ကလေးတည်းက သူနာပြုသင်တန်းအောင်ခဲ့တယ်။ အခုမှ လက်တွေ့ လုပ်ရတော့တာပဲ။ ဆေးရုံကို စတီဖင် စပြီးရောက်တော့ သမီးလေးကို မခွဲနိုင်လို့ အထိန်းတော် အစုံအလင်နဲ့ သမီးလေးကို ခေါ်လာသေးတယ်။ ဒါပေမဲ့ နောက်တော့ စတီဖင်တို့ သူနာပြုတွေဟာ ဆေးရုံမှာ တင်နေလို့ မဖြစ်တော့ဘူး။ ရှေ့တန်း စစ်ပွဲဖြစ်တဲ့နေရာအထိ ဒဏ်ရာရတဲ့ စစ်သည်တွေကို သွားပြီး ပြုစုကြရတယ်။ ဒီတော့ သမီးကလေးကို အစောင့်အရှောက်တွေနဲ့ သူ့အဘိုးဆီ ပြန်ပို့လိုက်ရတယ်”

“ကျွန်တော်လည်း သက်သာလာပါပြီလေ။ ဒီတစ်ရက် နှစ်ရက်အတွင်း ဆေးရုံက ဆင်းရမယ် မဟုတ်လား။ ကျွန်တော် ဆေးရုံက ဆင်းရင်တော့ စတီဖင်ကလေးကို သွားတွေ့ချင်ပါသေးတယ်။ အစ်ကိုဂျူလီယံရဲ့ ကိုယ်စား သူ့ကလေးကိုပဲ အလွမ်းပြေကြည့်ရတာပေါ့”

ဤသို့ပြောရင်း ဖရန့်သည် ဆာရောဘတ်ဝီလ်ဆင်အား လှည့်၍ကြည့်လိုက်၏။ ကြည့်လိုက်သည့်သဘောမှာ သူ့အား ခွင့်ပြုစေလိုသည့် သဘောပင်ဖြစ်တော့၏။ ဆာရောဘတ်ဝီလ်ဆင်ကလည်း လူကြီးပီပီ အလိုက်သိပြီး ဖြစ်လေသည်။

သို့နှင့် တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ ငြိမ်သက်လျက်ရှိရာမှ ဆာရောဘတ်ဝီလ်ဆင်က – “မင်းတစ်ယောက်တည်း သွားတွေ့ရမှာ မဟုတ်ပါဘူးလေ။ စတီဖင် ပါသွားတွေ့ရမှာပါ။ မင်းတို့တစ်တွေအတွက် အကုသိုလ် ဝဋ်ကြွေးတွေ ကုန်ပါပြီလေ။ မကြာခင်ပဲ မင်းတို့တစ်တွေရဲ့ဘဝဟာ သာယာ ဖြောင့်ဖြူးတော့မှာပါ။ စဲခါနီး မုန်တိုင်းဟာ ခက်ထန်တတ်ပါတယ်။ မုန်တိုင်း





ဟာ အပြင်းထန်ဆုံးအထိ ရောက်ပြီးရင်တော့ ငြိမ်သက်သွားတာပါပဲ။ အခုတော့ မင်းတို့အတွက် မုန်တိုင်း စဲသွားပြီလေ” ဟု ဝင်ရောက်ပြောဆိုလေသည်။

ဆာရောဘတ်၏စကားကို ဖရန့်ရော စတီဖင်ပါ နှစ်ယောက်စလုံး နားမလည်နိုင်ကြဘဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ နေမိကြ၏။ သူ ဘာကို ဆိုလိုသနည်းဟု တွေးတောနေမိကြသည်။

နှစ်ယောက်စလုံးသံပြိုင် ။ ။ “ဗိုလ်ချုပ် ဘာကို ဆိုလိုပါသလဲ”

“မင်းတို့ အင်မတန် တွေ့ချင်နေတဲ့ ဂျူလီယံဝှတ်ဟာ မြို့စားကြီးဆိုင်ဗင်မာရီလော့ဖ်ရဲ့ ဝေါစကီးနန်းတော်မှာ အခုရှိနေလေရဲ့။ သူလည်း အပြင်းဖျားပြီး ခြေထောက်မှာလည်း ဒဏ်ရာ အကြီးအကျယ်ရနေတယ်လို့ ကြားရ တယ်။ သူဟာ အခု ဝေါစကီး နန်းတော်မှာပဲ ရှိနေဦးမယ်”

စတီဖင်က “ဟင် ... ဟုတ်လား။ သူက ဘယ်လိုလုပ်ပြီး ဝေါစကီး နန်းတော်ကို ရောက်နေတာလဲ”

“အေး ... ရေစက်မကုန်သေးလို့ပဲလို့ ဆိုရမှာပဲ။ ရှေ့တန်းကနေ အစောင့်အရှောက် အထိန်းတော်နဲ့ ဝေါစကီးကို ပြန်သွားတဲ့ စတီဖင်ကလေးတွေရဲ့ မြင်းရထားဟာ လမ်းမှာပဲ ဓားပြတိုက်ခံရတယ်။ အစောင့်တွေနဲ့ အထိန်းတော်ကြီးဟာ အသတ်ခံလိုက်ရတယ်။ ဒီအချိန်မှာ စတီဖင်ကလေးက အိပ်ပျော်နေလေတော့ သူ့ကို ဘာမှ အန္တရာယ် ပေးမသွားကြဘူး။ သူတို့လိုချင်သမျှ ပစ္စည်းတွေကိုတော့ ယူသွားကြတယ်ဆိုပဲ။ ဒီနောက် အဲဒီနေရာကို ကံအားလျော်စွာ ဂျူလီယံ ရောက်သွားတယ်ဆိုပဲ။ အစကတည်းက ကလေးချစ်တတ်တဲ့ ဂျူလီယံဟာ စတီဖင်ကလေးကို ကယ်ခဲ့တယ်။ ဝေးမောက်မှာ စတီဖင်နဲ့ လက်ထပ်ဖြစ်ရင် အခုလောက်ဆို ဒီကလေးအရွယ်လောက်တော့ ရှိကောင်းရဲ့လို့တွေးပြီး ဒီကလေးကို ဒုက္ခပေါင်းစုံကြားက သွားလေရာချီပိုးပြီး ခေါ်ခဲ့တယ်။ အစားအသောက်ရှာကြံကျွေးတယ်။ မော်စကိုမှာ ဒီကလေးကို မွေးမယ့်သူရှိရင် ပေးခဲ့ဖို့ စိတ်ကူးပေမဲ့ သံယောဇဉ်နှောင်ကြိုးက တွယ်လာတော့ တပ်ဆုတ်တဲ့နေရာလမ်းတစ်လျှောက် အသက်စွန့်ပြီး ဒီကလေးကိုပါ ခေါ်ခဲ့တယ်။ စစ်ဘက်ဆိုင်ရာ အထက်လူကြီးတွေရဲ့ အပစ်တင်ကိုလည်း ခံခဲ့ရတယ်။ နောက်ဆုံး ကလေးကိုပွေ့ပြီး သူ စစ်တပ်ထဲက ထွက်ပြေးခဲ့တယ်တဲ့။ ခြေဦးတည့်ရာ ထွက်သွားခဲ့တယ်။ သူ့ရည်ရွယ်ချက်ကတော့ ရုရှမြို့ကြီးပြကြီးတစ်ခုခုကို ရောက်ဖို့ပဲ။ အဲဒီမှာ ဗြိတိသျှသံရုံးကို ဆက်သွယ် အကူအညီ တောင်းပြီး အင်္ဂလန်ကိုပြန်ဖို့ သူစိတ်ကူးခဲ့တယ်။ ဒါပေမဲ့ သွားရင်းလာရင်း ရွာတစ်ရွာမှာ သင်းအုပ်ဘုန်းကြီးက သူ့ကို စောင့်ရှောက်ထားတယ်။ ကလေးငယ်ဟာ အနုညာတ မဟုတ်ဘူးဆိုတာ သိတဲ့ ဘုန်းတော်ကြီးက ကွန်စတင်တီနိုပယ်မြို့တော်မှာ ကလေးငယ်နဲ့ ပတ်သက်တဲ့ ဆွေရင်းမျိုးချာရှိ



www.burmeseclassic.com

www.burmeseclassic.com



မရှိ စုံစမ်းခဲ့တယ်။ ဒီမှာတင်ပဲ အနယ်နယ်ကို စတီဖင်ကလေးရဲ့သတင်းကို ထောက်လှမ်းဖို့စေလွှတ်ထားတဲ့ မြို့စားကြီး ဝေါစကီးရဲ့ ခြေမြန်တော်တစ်ဦးနဲ့ အဆက်အသွယ်ရသွားတယ်။ ဒါနဲ့ နောက်ဆုံးတော့ စတီဖင်ကလေးဟာ သူ့ အဘိုးအရင်းဆီကို ရောက်သွားတော့တယ်။ ကလေးနဲ့ ဂျူလီယံဟာလည်း တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် ငြိတွယ်နေကြလေတော့။ ဂျူလီယံပါ ဝေါစကီးနန်းတော်ကို လိုက်ပါသွားရတယ်။ တကယ်တော့ အဲဒီအချိန်မှာ သူဟာ အပြင်းဖျားနေပြီး သူ့ခြေထောက်က ဒဏ်ရာဟာလည်း မခံမရပ်နိုင်အောင် ဖြစ်နေတယ်။ လမ်းလျှောက်လို့ကို မရတော့ဘူးတဲ့။ ဒဏ်ရာကတော့ တောထဲမှာ ခွေးအတစ်ကောင် အကိုက်ခံရတာလို့ ပြောတယ်။ စတီဖင်ကလေးကို ကယ်ဆယ်ခဲ့တဲ့သူဖြစ်လို့ မြို့စားကြီးက ဂျူလီယံကို ကျေးဇူးရှင်တစ်ယောက်အနေနဲ့ အစစအရာရာ ပြုစုရှာပါတယ်။ ဒါပေမဲ့ ဂျူလီယံရဲ့ ခြေထောက်ဟာ ဘယ်လောက်ပဲ ကုသပေမဲ့ အကောင်းအတိုင်း မဖြစ်နိုင်တော့ဘူးတဲ့။ ဖြတ်တောက်ပစ်ရမှာပဲတဲ့။ အသက်အန္တရာယ်တော့ မရှိပါဘူးတဲ့ကွာ" ဆာရောဘတ်ဗီလ်ဆင်သည် အထက်ပါအတိုင်း ဂျူလီယံအကြောင်းများကို သိသမျှ ရှင်းလင်းပြောပြနေ၏။ ထို့နောက် ဆက်လက်၍ –

"ဒါကြောင့် မင်းတို့နှစ်ယောက်စလုံး ဝေါစကီးကို သွားကြရမှာပေါ့။ ဒီတော့မှ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင် ဇာတ်ပေါင်းကြလေသတည်းလို့ အဆုံးသတ်ရမှာပေါ့" ဟု ပြောရင်း သူကိုယ်တိုင် သဘောကျကာ ရယ်မောနေတော့၏။ ဖရန့်နှင့် စတီဖင်တို့မှာ ဗိုလ်ချုပ်၏စကားများကို ယုံရခက်၊ မယုံရ အခက် ဆိုဘိသကဲ့သို့ ဖြစ်နေရာမှ စတီဖင်သည် ဟန်မဆောင်နိုင်တော့ဘဲ ဗိုလ်ချုပ်အား–

"ဗိုလ်ချုပ် ပြောနေတာတွေဟာ တကယ်ပဲလားရှင်။ ဒီဇာတ်လမ်းတွေ ဒီလောက်စုံစုံလင်လင် ဗိုလ်ချုပ် ဘယ်က သိပါသလဲ။ ဘယ်လိုလုပ် သိပါသလဲ ရှင်"

"ဟား ... ဟား ... ဟား ... ဟား"

အတန်ကြာမှ မျက်နှာပိုးသတ်ကာ ဆာရောဘတ်ဗီလ်ဆင်က –

"ဂျူလီယံကနေ သူ့ကို စောင့်ရှောက်ခဲ့တဲ့ သင်းအုပ်ဘုန်းကြီးကို ပြောပြတယ်။ သင်းအုပ်ဘုန်းကြီးကတစ်ဆင့် မြို့စားကြီး အိုင်ဗင်မာရီလော့ဖ်ကို ရှင်းပြခဲ့တယ်။ မြို့စားကြီးကမှတစ်ဆင့် ငါသိခဲ့ရတယ်လေ။ ဒါပေမဲ့ ဒီဇာတ်လမ်းမှာ လိပ်ပတ်မလည်တာတစ်ခု ရှိသေးတယ်။ ဒါက ဘာလဲဆိုတော့ စတီဖင်ကလေးဟာ သူ့ရဲ့ရင်သွေးအစစ်ဆိုတာ ဂျူလီယံ မသိရှာသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ချစ်သူ စတီဖင်ဟာ သူကယ်ဆယ်ခဲ့တဲ့ စတီဖင်ကလေးရဲ့ အမေဆိုတာ လုံးဝ မသိသေးလို့ပဲ"



## ၂၀

ထိုအချိန်၌ ဂျူလီယံမှာ မတောင့်မတ မကြောင့်မကြ နေရပြီးလျှင် သူဝါသနာပါသည့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေသဖြင့် သူ၏ဘဝမှာ စိုပြေ၍နေသည်ဟု ဆိုရပေမည်။ စတီဖင်ကလေးမှာလည်း သူနှင့်အတူ တပူးတွဲတွဲ ရှိနေ၏။ ချိုင်းထောက်နှင့် သွားရသည်မှာလည်း အချိန်ကြာမြင့်လာသောအခါ ကျင့်သားရပြီးလျှင် ရိုး၍သွားလေပြီ။ သို့သော် မိမိ၏အတိတ်ဇာတ်ကြောင်းများကို ပြန်၍ စဉ်းစားမိသောအခါ ဂျူလီယံမှာ စိတ်လှုပ်ရှားရပြန်၏။ သူ၏တစ်သက်တာတွင် အခဲမကြေနိုင်သည့် အမည်းစက်တစ်ခုကိုကား ချေဖျက်၍မရနိုင်တော့ပေ။ 'ငယ်စဉ်က အသက်တမျှ ချစ်ခဲ့၍ အစစအရာရာ အလိုလိုက်ခဲ့ရသော ညီငယ် ဖရန့်နှင့် ပြင်သစ်တို့ လက်ထဲတွင် အကျဉ်းသားဘဝနှင့် သူရှိစဉ်က လာ၍မျှ မကယ်ဆယ်ခဲ့သော ဖရန့်၊ သူ၏ချစ်ဦးသူကို ကြောင်တောင်နိုက်သွားသော ဖရန့်၊ မိမိသေပြီဟုဆိုကာ မိမိ၏အမွေများကို သိမ်းပိုက်ထားသော ဖရန့်၊ ခင်းကိုတော့ ကမ္ဘာကြေသည့်တိုင် ဥဒါန်းမကြေ၊ ခင်းကိုတော့ ဒုက္ခတမကလို့ ဘယ်ဘဝပဲ ရောက်ရောက် ကလှဲစားချေဖြစ်အောင် ချေရမယ်' ဟု ဂျူလီယံသည် အထက်ပါအတိုင်း စိတ်ထဲမှ ရေရွတ်၍ နေမိ၏။

တစ်နေ့သော ညနေခင်း၌ ဂျူလီယံသည် စတီဖင်ကလေးနှင့် ကစားလျက်ရှိကြစဉ် မြို့စားကြီးနှင့် မြို့စားကတော်တို့ ရောက်လာပြီးနောက် သူတို့အား ကြည့်ကာ နှစ်သိမ့်သည့်ဟန်ဖြင့် ခေါင်းတညိတ်ညိတ် ရှိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး ။ ။ "ဂျူလီယံ ... ဝေါရှန်းစကီးမှာနေရတာ ဘာအခက်အခဲများ ရှိသလဲ"

ဘာမှ မရှိပါဘူး မြို့စားမင်း ခင်ဗျား။ ဘာများအကြောင်းထူး မိန့်စရာရှိလို့ပါလဲ"

"အေးကွယ် ... ဒီလိုကြားရတာ ဝမ်းသာပါတယ်။ မင်းလည်း ဒီမှာ အနေကြာလာပြီပဲ။ မင်းအတွက် လိုသမျှကို အခိုင်းအစေတွေကတစ်ဆင့် စီစဉ်နိုင်ပြီပဲ။ မင်း တာဝန်ယူရမှာကတော့ ဟောဒီကလေး စတီဖင်အတွက်ရယ်၊ ဒီနန်းတော်ကြီးအတွက်ရယ်ပေါ့ကွာ"

"ဟင် ... မြို့စားကြီးနဲ့ မြို့စားကတော်တို့က ဘယ်သွားကြမှာမို့လဲ ခင်ဗျာ"

"သြော် ... ပြောဖို့မေ့နေတယ်။ နက်ဖြန် မနက်စောစောပဲ မော်စကိုကို တို့သွားရမယ်။ မော်စကိုမှာ သတင်းတစ်ပတ်လောက်နေပြီး ဇာဘုရင်နဲ့ တွေ့ရဦးမယ်။ ခရီးသွားချိန်ပါထည့်တွက်ရင်တော့ နှစ်ပတ်လောက်ပဲ ကြာလိမ့်မယ်။ ဒီထက်တော့ မပိုကောင်းပါဘူး"

"ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပြီး ကလေးကို စောင့်ရှောက်ပါ့မယ်။ ဒီကလေးဟာ ကျွန်တော့်အသည်း၊ ကျွန်တော့်အသက်၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်ကမ္ဘာပါ။ သူကလေးကိုပစ်ပြီး ကျွန်တော် ဘယ်မှ ထွက်မသွားပါဘူး။ စိတ်အေးလက်အေးဟာ ခရီးသွားကြပါ ခင်ဗျာ"

မြို့စားကြီးနှင့် မြို့စားကတော်တို့သည် ဂျူလီယံ၏ အဖြေကို သဘောကျသဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြ၏။

နောက်တစ်နေ့ နံနက်စောစောတွင် မြို့စားကြီးနှင့် မြို့စားကတော်တို့သည် အဆောင်အယောင်၊ အစောင့်အရှောက် အပြည့်အစုံဖြင့် မြင်းခြောက်ကောင်ကသော ရထားလုံးကြီးကိုစီးကာ စိန့်ပီတာစဘတ်မြို့သို့ ထွက်ခွာသွားကြ၏။ ထိုမှတစ်ဆင့် ကွန်စတင်တီနိုပယ်မြို့သို့ ခရီးဆက်ရဦးမည်ဖြစ်၏။ ကွန်စတင်တီနိုပယ်မြို့မှ မော်စကိုမြို့အထိ ခရီးစဉ်ကိုမူ ဇာဘုရင်၏ အစီအမံဖြင့် ခရီးဆက်ရမည် ဖြစ်လေသည်။ မြို့စားကြီးတို့ ဇနီးမောင်နှံသည် ခရီးထွက်ခါနီးတွင် ရထားပေါ်မှနေ၍ ဂျူလီယံအား လက်ဝှေ့ယမ်း နှုတ်ဆက်သွားကြ၏။ ထိုအချိန်၌ စတီဖင်ကလေးမှာ အိပ်ရာမှ မနိုးသေးချေ။

သို့နှင့် အိပ်ရာမှ စတီဖင်ကလေး နိုးလာသောအခါ သူ၏အဘိုးအဘွားများကို မေးမြန်းရာ ဂျူလီယံမှာ မုသားအမျိုးမျိုး ပြော၍ နှစ်သိမ့်နေရ၏။ သို့သော် ညနေစောင်းလာသောအခါ စတီဖင်ကလေးက "ဘိုးဘိုးနဲ့ဘွားဘွားကလည်း မလာသေးဘူးလား" ဟု မေးပြန်ရာ မကြာမီ ပြန်လာတော့မည့်အကြောင်းဖြင့်





ထပ်ခါတလဲ နှစ်သိမ့်ချော့မော့နေရသဖြင့် သူကိုယ်တိုင်ပင် ဝမ်းနည်းသကဲ့သို့ ဖြစ်၍လာတော့၏။ သို့နှင့် စတီဖင်ကလေးမှာ ညစာမစားဘဲ စိတ်ကောက်နေသဖြင့် ဂျူလီယံမှ ချိုင်းထောက်ကြီးနှင့် က၍ပြရ၏။ သီချင်းလည်း ဆိုပြရ၏။ ထို့နောက်ကလေးငယ် စိတ်ပြေစေရန် ညနေစောင်းတွင် ရထားတစ်စီးဖြင့် မြို့ထဲသို့ သွားကာ စားသောက်ကြလေသည်။

ည ၈ နာရီထိုးသောအခါ စတီဖင်ကလေးသည် အိမ်ရှေ့ တံခါးမကြီးမှ မခွာတော့ဘဲ သူ၏အဘိုးအဘွားများကို စောင့်မျှော်လျက်ရှိရာ ဂျူလီယံမှာ ငိုချင်စိတ်များပင် ပေါက်၍လာတော့၏။ အမှန်ကို ဖွင့်ပြောလျှင်လည်း ဤကိစ္စသည် ပြီးသွားမည်မဟုတ်၊ မပြောပြန်လျှင်လည်း ဤကိစ္စသည် ခွတ်ပေ၍ ၎င်းတို့အပြန်ကို စောင့်မျှော်နေပေတော့မည်။ ထိုအချိန်တွင် အအေးဒဏ်ကလည်း လွန်ကဲလာပြီဖြစ်သဖြင့် အခိုင်းအစေများပင် ဂျူလီယံထံ ခွင့်တောင်း၍ အိပ်ရာသို့ ဝင်ကြလေပြီ။ ညဥ့်နက်လေလေ အအေးပို၍ လာလေလေ ဖြစ်ရကား ဧည့်ခန်းနံရံကို ဖောက်ထွင်း၍ ဖိုထားသည့် မီးလင်းဖိုကြီးရှိ၍သာ သူတို့နှစ်ယောက်မှာ အတော်အတန် နွေးထွေး၍ သက်သာရရတော့၏။ ထိုအခါမှ ဂျူလီယံသည် ကြောက်မက်ဖွယ်ကောင်းသော ဆောင်းဥတုအတွင်း မိမိတို့ ဖြတ်သန်းလာခဲ့ရသည့်ဘဝကို ပြန်ပြောင်းသတိရကာ ကျော့ချမ်း၍ပင် လာမိတော့၏။ သို့နှင့် ဂျူလီယံသည် စတီဖင်ကလေးကို ချီမ ပွေ့ယူကာ မီးလင်းဖိုကြီးအနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ပြီးနောက် သနားကြင်နာသော မျက်လုံးများဖြင့် ကလေးငယ်အား ကြည့်နေလေသည်။

သို့ရှိစဉ် ဂျူလီယံ၏စိတ်တွင် အတွေးတစ်မျိုးဝင်လာသဖြင့် ကလေးလည်း အာရုံပြောင်းသွားစေရန် 'စကားမရှိ စကားရှာ' ဆိုဘိသကဲ့သို့ စတီဖင်ကလေးအား –

"စတီဖင်ကလေး ဖေဖေက ဘယ်သူလဲဟင်" ဂျူလီယံသည် သူကိုယ်တိုင်နားလည်သမျှ မပြောတတ်ပြောတတ် ရုရှားဘာသာဖြင့် မေးလိုက်၏။

"ဂျူပေါ့ ... ဂျူပေါ့" စတီဖင်ကလေးက ဂျူလီယံ၏ ရင်ပတ်ကို ပုတ်ကာ ပုတ်ကာ အဖြေပေးသဖြင့် ဂျူလီယံမှာ သဘောကျ၍နေတော့၏။ သို့သော် ထိုအဖြေသည် ဂျူလီယံ လိုချင်သည့်အဖြေ မဟုတ်သဖြင့် ခက်နေ၏။ "မင်းအဖေရင်း ဘယ်သူလဲ၊ ဘယ်မှာလဲ၊ ဘာလုပ်သလဲ" ဟူ၍ကား မမေးရက်ချေ။

သို့နှင့် ဂျူလီယံသည် မေးခွန်းကို တစ်မျိုးတစ်ဖုံ လှည့်၍ မေးပြန်၏။

"မင်းအမေကော ကလေးရယ်၊ စတီဖင့်အမေကော ဘယ်မှာလဲ"

"မေမေလား၊ ဟိုးအဝေးကြီး သွားနေတယ်။ မေမေလည်း ခုထက်ထိ ပြန်မလာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယံမှာ ဝမ်းနည်း၍သွားမိ၏။ ကလေးငယ်သည် သူ၏ဖခင်ကို တွေ့ဖူးဟန်မတူ၊ ဖခင်ရှိမရှိကိုလည်း သိရှိဟန် မတူချေ။ မိခင်နှင့်သာ နေခဲ့ရဟန်တူ၏။ ယခုအချိန်တွင် သူ၏မိခင်ဖြစ်သူမှာ စစ်မြေပြင် ရှေ့တန်းတစ်နေရာတွင် သွားရောက် အမှုထမ်းနေဟန်တူ၏။ မိမိကိုပင် သံယောဇဉ် တွယ်နေသောကြောင့် မိမိအား ဖခင်အရင်းဟု ထင်မှတ်၍ပင် နေလေသလော ကလေးငယ်သည် ဤသို့ တွေး၍ပြောခြင်းလည်း ဖြစ်နိုင်ပေသည်။

ဂျူလီယံသည် ကလေးငယ် အာရုံပြောင်းသွားစေရန် အကြံတစ်မျိုးဖြင့်

"သမီးတို့ နန်းတော်ကြီးထဲမှာ သမီးဖေဖေနဲ့ မေမေတို့ရဲ့ ဓာတ်ပုံတွေ မရှိဘူးလား"

စတီဖင်ကလေးသည် အတန်ကြာမျှ တွေဝေစဉ်းစားပြီးနောက် –

"ဖေဖေ့ဓာတ်ပုံတော့ တစ်ခါမျှ မမြင်ဖူးဘူး။ မေမေ့ဓာတ်ပုံတော့ မြင်ဖူးတယ်။ ဟိုအခန်းထဲမှာ အကြီးကြီးပဲ" စတီဖင်ကလေးသည် အခန်းတစ်ခန်းကို လက်ညှိုးထိုး၍ ပြလိုက်သောအခါမှ ဂျူလီယံသည် ဤနန်းတော်ကြီးသို့ ရောက်သည့်အချိန်မှစ၍ အခန်းများကို စေ့စေ့စုံလင်အောင် မကြည့်ဖူးသေးချေ။ ကြည့်ရန်လည်း အကြောင်းမရှိ။ အခန်းများကလည်း များလှသည့်ပြင် အချို့မှာ သော့ခတ်၍ပင်ထား၏။ ယခု စတီဖင်ကလေး ညွှန်ပြသောအခန်းမှာ သော့ခတ်၍မထားချေ။ ထိုအခန်းမှာ လသာဆောင်နှင့်ဆက်၍နေရာ တစ်ဘက်တွင် မြို့စားကတော်ကြီး၏အခန်း ရှိနေလေသည်။

"လာ ... ဒါဖြင့် တို့များ သွားကြည့်ကြရအောင်"

"လာလေ ... စတီဖင် ပြမယ်"

ထို့နောက် စတီဖင်သည် ရှေ့မှနေ၍ လမ်းပြသွားရာ ဂျူလီယံက ချိုင်းထောက်ကြီးဖြင့် နောက်မှကပ်၍ လိုက်ပါသွားရတော့၏။ သို့နှင့် အခန်းတစ်ခန်းရှေ့သို့ အရောက်တွင် စတီဖင်ကလေးသည် တံခါးကို တွန်း၍ဖွင့်လိုက်ရာ အထဲသို့ ဝင်ရန်ပင် မလိုတော့ချေ။ နံရံတွင် ချိတ်ဆွဲထားသည့် ၃ ပေ ၂ ပေ အရွယ်အစားရှိ ဓာတ်ပုံကြီးတစ်ပုံကို မြင်လိုက်ရ၏။

စတီဖင်ကလေးသည် ဓာတ်ပုံကို လက်ညှိုးကလေးဖြင့် ညွှန်ပြလျက်–

"ဒါ စတီဖင်ရဲ့ မေမေလေ"

ဂျူလီယံသည် နှုတ်မှ တစ်စုံတစ်ရာ ပြန်မပြောဘဲ ဓာတ်ပုံကိုသာ မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိ၏။ ဓာတ်ပုံထဲမှ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည့် မိန်းကလေးကို မမှတ်မိ၍ ငေးစိုက်ကြည့်နေသည် မဟုတ်၊ မိန်းကလေးသည်ကား အခြားသူ မဟုတ်၊ မိမိ၏ ချစ်ဦးသူ စတီဖင် ဖြစ်နေသောကြောင့်ပေတည်း။





ဓာတ်ပုံကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဂျူလီယံသည် အတိတ်မှ ဓာတ်ကြောင်းများ ပေါ်လာကာ လွမ်းဆွတ်ကြေကွဲခြင်း၊ ဒေါသအမျက်ထွက်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း စသည့်စိတ်များ ရောပြွမ်းကာ တစ်ဘက်သို့ မျက်နှာလှည့်လိုက်၏။ ဓာတ်ပုံကို ပြန်၍ကြည့်ပြန်၏။ ထို့နောက် တစ်ဖန် ပြန်၍ မျက်နှာလွှဲလိုက်ပြန်လေသည်။ ဓာတ်ပုံထဲမှ စတီဖင်၏ မျက်နှာမှာ ပြုံးမယောင်ယောင်ရှိရာမှ မိမိအား ပြန်၍ လှောင်ပြောင်နေသကဲ့သို့ ထင်မိပြန်၏။ သို့နှင့် သူသည် ဓာတ်ပုံကြီးကို ရိုက်ခွဲထုချေလိုသည့် စိတ်များပင် ပေါ်၍လာရာ အကျိုးအကြောင်း မသိရှာသော စတီဖင်ကလေး စိတ်မကောင်း ဖြစ်မည်စိုးသဖြင့်သာ မိမိစိတ်ကိုမိမိ အနိုင်နိုင်ချိုးနှိမ်၍ နေလိုက်ရလေသည်။

ဂျူလီယံသည် စတီဖင်ကလေးက အတင်းလက်ကို ဆွဲ၍ ခေါ်နေသည့်တိုင် အခန်းထဲသို့ မဝင်တော့ချေ။ သူ၏မျက်နှာမှာလည်း တမုဟုတ်ချင်းပင် တင်းမာ၍လာသဖြင့် စတီဖင်ကလေးမှာ အံ့အားသင့်ကြောက်ရွံ့၍ နေမိတော့၏။ ထို့နောက် ဂျူလီယံသည် မီးလင်းဖိုအနီးသို့ သွားရောက်ကာ အတန်ကြာမျှ စကားမပြောဘဲ မလှုပ်မယှက် ထိုင်၍နေ၏။ စတီဖင်ကလေးသည်လည်း သူ၏အနီးသို့ ရောက်၍လာ၏။ ဂျူလီယံ၏စိတ်များမှာ အတွေးရေလျဉ်ကြောတွင် မျောပါလျက်ရှိလေသည်။

'စတီဖင် ... စတီဖင်' မိမိ အတိဒုက္ခရောက်လျက်ရှိစဉ် သစ္စာဖောက်မ စတီဖင်သည် ညီငယ်ဖရန့်နှင့် လက်ဆက်ခဲ့၏။ စတီဖင်သည်ကား ဤနန်းတော်ကြီး၏ ပိုင်ရှင်ဖြစ်၍ စတီဖင်ကလေး၏ မိခင်ဖြစ်၏။ ဤသို့ဆိုလျှင် ဖရန့်သည် စတီဖင်ကလေး၏ ဖခင် ဖြစ်ချေမည်။ 'သြော် ... ကုသိုလ်ကံနယ် ကြိုကြိုဖန်ဖန်မှ ဖြစ်ရလေတယ်နော်။ သစ္စာဖောက်တွေရဲ့ ရင်သွေးကိုမှ ဒုက္ခအမျိုးမျိုးခံပြီး ငါကကယ်ဆယ်ခဲ့ရတယ်။ တွယ်တာချစ်ခင်ခဲ့ရတယ်။ ဒါတင်မကသေးဘူး၊ သစ္စာဖောက်မအိမ်မှာလာပြီး သောင်တင်နေရပြန်တယ်။ သူပြန်လာရင် ဘယ်လိုလုပ်ပြီး သူ့ကို မျက်နှာချင်းဆိုင်ရပါ့မလဲ။ အို ... ဆိုင်စရာ မလိုပါဘူး။ သန်းခေါင်ထက်တော့ ညဉ့်မနက်ပါဘူး။ ငါ့ဘဝဟာ ခြေသလုံးအိမ်တိုင်ပဲ။ ငါထွက်သွားမယ်။ ငါ ထွက်သွားမယ်။ အခုနေ ငါထွက်သွားရင် ဘယ်သူ့ကိုမှ ရှင်းပြနေစရာ မလိုဘူး။ သွားမယ်၊ ငါထွက်သွားမယ်' ဟု ဂျူလီယံသည် စိတ်ထဲမှ ကြုံးဝါး ရေရွတ်၍ နေမိလေသည်။

သို့နှင့် ဂျူလီယံသည် လက်ယာဘက် နံရံကပ်ဗီရိုရှိရာသို့ လျှောက်သွားပြီးလျှင် တံခါးကို ဆွဲ၍ဖွင့်လိုက်၏။ အတွင်း၌ အရက်မျိုးစုံတို့က အစီအရီရှိနေ၏။ ထို့နောက် သူသည် ခပ်ပြင်းပြင်း အရက်တစ်လုံးကို ယူပြီးလျှင် လေးကြီးကို မေ့လျော့သွားရန် ပုလင်းလိုက် မော့၍ချလိုက်တော့၏။ သေရည်များသည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏လည်ချောင်းကို မီးစဖြင့် ထိုးလိုက်သကဲ့သို့ ပူလောင်ကာ လည်ချောင်းတစ်လျှောက် လျှာဆင်းသွားတော့၏။ စတီဖင်ကလေးမှု သူ၏အပြုအမူများကို မျက်စိသူငယ်၊ နားသူငယ်နှင့် ကြည့်၍နေရှာ၏။ သို့သော် ဂျူလီယံ၏ မျက်နှာမှာ တင်းမာခက်ထန်နေသဖြင့် ခမျာကလေးမှာ စကားပင် မပြောဝံ့ရှာချေ။

ထို့နောက် ဂျူလီယံသည် အတန်ငယ် မူးလာပြီဖြစ်၍ စတီဖင်ကလေးအား "ဟေ့ ... စတီဖင်၊ မင်းလည်း ငြိမ်ချက်သားကောင်းလှချေကလားကွ။ မင်းနဲ့ငါနဲ့ ကံတူအကျိုးပေးပဲ။ မင်းလည်း မင်းဘဝကို မေ့သွားအောင် အရက်သောက်ပစ်လိုက်ပါလား။ ဟုတ်တယ် ... မင်း ဒီည အိပ်မပျော်နိုင်ဘူး မဟုတ်လား။ ဒီတော့ အိပ်ပျော်သွားအောင် အရက်သောက်ပစ်လိုက်" ဟု လျှာလေးအာလေးအသံကြီးဖြင့် ပြောလိုက်၏။

ဂျူလီယံသည် ကလေးငယ်အား အကယ်ပင် အရက်တိုက်၍နေ၏။ သို့သော် ကလေးငယ်အတွက် ဖန်ခွက်ထဲတွင် ရေအနည်းငယ်ရော၍ တိုက်သဖြင့် တော်ပေသေး၏။ စတီဖင်ကလေးမှာ တစ်စုံတစ်ရာ ငြင်းဆန်ခြင်းမပြုဘဲ သောက်ရှာတော့၏။ ဂျူလီယံမှာမူ အတော်ပင် မူးနေပြီဖြစ်၍ ရယ်ပင်ရယ်လိုက်သေး၏။ သို့နှင့် မကြာမီပင် သူရောကလေးငယ်ပါ ခုံခန်းထဲတွင် အိပ်ပျော်၍သွားကြလေသည်။

***



ထိုနေ့မတိုင်မီ နှစ်ရက်က ဆေးရုံလူနာကြည့်ချိန် ဖရန့်သည် ဆေးရုံမှ ဆင်းခွင့်ရ၏။ သူ၏ရောဂါမှာ အအေးမိသည့်ပြင် ငှက်ဖျားပါဝင်လာသဖြင့် ဤမျှလောက် ဆေးရုံတွင် ကြန့်ကြာနေရခြင်းဖြစ်၏။

ဤဆေးရုံမှ ဆင်းလျှင် သူသည် ဝေါ့ရှန်းစကီးနန်းတော်သို့ သွားပြီးလျှင် အစ်ကိုဖြစ်သူ ဂျူလီယံအား သွားရောက်တွေ့ဆုံမည် ဖြစ်၏။ ရောက်သောအခါ တစ်ဦး၏ဇာတ်ကြောင်းကို တစ်ဦး ပြောဆိုဖလှယ်ကြမည်။

အစ်ကိုဖြစ်သူ ဂျူလီယံ မသတ်ခဲ့သည့် လူသတ်မှုကို သူကိုယ်တိုင် မည်ကဲ့သို့ ကြိုးစား ဖြေရှင်းခဲ့ရပုံများကို ပြောပြမည်။

ထို့နောက် အစ်ကို့အတွက် တစ်ဘက်သား၏ အရှက်ကိုငဲ့ပြီးလျှင် သူကိုယ်တိုင် လူပျိုရည် အပျက်ခံကာ ဘုရားရှိခိုးကျောင်းတွင် မယားဖြစ်သူ စတီဖင်အား လက်ထပ်ခဲ့ရပုံများကို ရှင်းလင်းပြောပြမည်။ ရုရှပြည်တွင် ဂျူလီယံ အကျဉ်းခံနေရစဉ်က သူကိုယ်တိုင် မည်ကဲ့သို့ စွန့်စားကယ်တင်ခဲ့ရပုံများကို ပြောပြမည်။

ထို့နောက် အစ်ကို ရသင့်ရထိုက်သည့် အမွေများကို လွှဲပေးပြီးလျှင် မရီးတော် စတီဖင်ကိုပါ အစ်ကို့လက်သို့ လွှဲအပ်မည်စသည်ဖြင့် ဖရန့်သည် စိတ်ထဲမှ ကြိုတင်စီစဉ်လျက် ရှိနေ၏။

သို့နှင့် သူသည် ဂျူလီယံအား သွားရောက်တွေ့ဆုံရန် ဆာရေးဗိုဟ်ထံမှ ရက်သတ္တတစ်ပတ် ခွင့်ရပြီးဖြစ်သည့်အတိုင်း သူနှင့်အတူ စတီဖင်ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားရန် စီစဉ်ပြီးဖြစ်နေ၏။ သို့နှင့် သူတို့နှစ်ယောက်သည် ခရီးထွက်ရန် စိုင်းပြင်းလျက် ရှိကြလေသည်။

စတီဖင်သည် သွားရမည့်ခရီးစဉ်အတွက် ဝမ်းသာလှသဖြင့် မျက်နှာကလေးမှာ ရွှင်ပျနေ၏။ ရက်ပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ရသော ချစ်သူနှင့် တွေ့ရတော့မည့်အတွက် ကြည်သာရွှင်လန်းလျက် ရှိနေပြီးလျှင် သမီးကလေး စတီဖင်ကို ပြန်လည် ရင်ခွင်ပိုက်ရတော့မည့်အတွက်လည်း နှစ်ထောင်းအားရ ရှိနေတော့၏။ ဖရန့်မှာလည်း ထို့နည်းတူပင် ဖြစ်လေသည်။

ဆေးရုံမှ ဖရန့် ဆင်းခါနီးတွင် စတီဖင်သည် ဖရန့်အား မဆို့တရို့ မျက်နှာကလေးဖြင့် ကြည့်ကာ သူဆေးရုံတက်စဉ်က မိမိသိမ်းဆည်းထားခဲ့သည့် ပစ္စည်းကလေးတစ်ခုကို လှမ်း၍ပေးလိုက်၏။ ၎င်းပစ္စည်းကလေးမှာ အခြား မဟုတ် ဖရန့်၏ ကိုယ်ပိုင် ဒန်ရောင်ပစ္စတိုကလေးပင် ဖြစ်လေသည်။

ထိုအခါ ဖရန့်သည် ပစ္စတိုကလေးကို သတိတရ လှမ်းယူလိုက်ပြီးလျှင် လက်ထဲတွင် ဆ၍ကြည့်၏။ ထို့နောက် ကျည်ဆံများကို အသေအချာ ထုတ်၍ ကြည့်၏။ သေနတ်ကလေးမှာ ကျည်ဆံများ အပြည့်ရှိနေ၏။ ၎င်းမှာ သူ၏ မိတ်ဆွေရင်းချာကဲ့သို့ ဖြစ်ပြီးလျှင် မစ္စတာ ဝုဒယ်လ် ထံ သေနတ်ပစ်လေ့ကျင့်စဉ် က အသုံးပြုခဲ့သည့် ကိုယ်ပိုင်သေနတ်ကလေးပင် ဖြစ်တော့၏။

ကပ္ပတိန် ‘မာရှယ်’ နှင့် သူအနိုင် ငါအနိုင် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲတွင် သေနတ်ကလေးလည်း ဖြစ်၏။ ယခု ရှုပြည်အနှံ့ စစ်အတွင်း တစ်ချိန်လုံးတွင်လည်း ထိုပစ္စတိုကလေးမှာ သူ၏လက်စွဲတော်ဖြစ်ခဲ့၏။ ကိုင်နေကျ ဖြစ်သဖြင့်လည်း အထာကျ၍နေပြီးလျှင် လျှပ်တစ်ပြက် ပစ်ခတ်ရာ၌ ဖရန့်သည် ပေ ၅၀ ပတ်လည်ရှိ ပစ်မှတ်တိုင်းကို မလွဲတမ်း ထိမှန်အောင်ပစ်နိုင်၏။

သို့နှင့် သူသည် သေနတ်ကလေးကို တယုတယ ပွတ်သပ်ကိုင်တွယ်ပြီးလျှင် သူ၏ညာဘက်ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် စတီဖင်အား လက်ဆွဲကာ ဆေးရုံပေါ်မှ ဆင်းခဲ့လေသည်။

ထိုညတွင်းချင်းပင် သူတို့သည် အသင့်စီစဉ်ထားသည့် မြင်းရထားဖြင့် ခရီးစတင်ထွက်ခဲ့ကြတော့၏။ လမ်းတွင် တစ်ခေတ္တမျှသာ နား၍ နောက်တစ်နေ့ည၌ စိန့်ပီတာစဘတ်သို့ ရောက်ရှိလာကြ၏။ ထိုညတွင် ခရီးမဆက်နိုင်သဖြင့် စိန့်ပီတာစဘတ်တွင်ပင် အိပ်စက်ကြ၏။

နောက်တစ်နေ့ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် သူတို့သည် ကော်ဖီများကိုပင် မသောက်နိုင်ကြဘဲ ဆီးနှင်းများ တဖွဲဖွဲ ကျနေသည့်ကြားမှပင် ဝေါ်ရှန်းစကီးသို့ ခရီးဆက်ခဲ့ကြလေသည်။

***



ဂျူလီယံသည် အမူးလွန်၍ အိပ်ပျော်သွားရာမှ နိုးလာသောအခါ ဦးခေါင်းတစ်ခုလုံး မူးနောက်လျက် ရှိနေ၏။ စတီဖင်ကလေးမှာ အိပ်ရာမှပင် မနိုးရှာသေးချေ။ သူသည် အသက်နှင့်ထပ်တူ ချစ်ခင်ယုယခဲ့ရသည့် စတီဖင် ကလေးနှင့်တကွ ဤနန်းတော်ကြီးကိုပါ အပြီးတိုင်စွန့်ခွာ၍ သွားရပေဦးတော့မည်။

ဤနန်းတော်ကြီးတွင် တစ်စက္ကန့်မျှ ဆက်လက်မနေလို။ ညက ဆုံးဖြတ်ခဲ့သည့် သူ၏ဆုံးဖြတ်ချက်ကိုမပြင်လို။ ခြေသလုံးအိမ်တိုင်ဘဝမှ တက်လာခဲ့သူဖြစ်သဖြင့် သူသည် ခြေသလုံးအိမ်တိုင်ဘဝသို့ပင် ပြန်၍ ဆင်းတော့မည်ဟု စိတ်နှလုံးကို ခုန်းခုန်းချလိုက်လေတော့၏။

ဂျူလီယံသည် မိမိ၏ချစ်ဦးသူ စတီဖင်အား စုံမက်မြတ်နိုး၏။ ညီငယ် ဖရန့်ကိုလည်း ချစ်၏။ သို့သော် အချစ်ကြီး၍ အမျက်ကြီးလွန်းလှ၏။ “ဟင်း ... သင်းတို့ကတော့ ငါ့အပေါ်မညာတာ။ ငါကလည်း သင်းတို့ကိုတော့ မှတ်လောက် သားလောက်အောင်ကို လက်စားချေရမယ်။ တွေ့ရာနေရာမှာ သင်းတို့ကို သတ်မယ်” ဟု ဂျူလီယံသည် စိတ်ထဲမှ တစ်ကိုယ်တည်း ပြောဆိုရေရွတ်၍ နေ၏။

သူသည် စတီဖင်ကလေးအား ခေါ်သွားလို၏။ သို့သော် သူ၏ဘ မုန်တိုင်း ခရီးကြမ်း၏ ဒဏ်ကို ကလေးငယ် နိုင်ပါမည်လော။ သွေးခဲတော့မတတ် အေးစိမ့်လှသော ရုရှဆောင်းဥတုဒဏ်ကို ကလေးငယ် ခံနိုင်ပါမည်လော၊ သူ၏



www.burmeseclassic.com

www.burmeseclassic.com



မိဘ ဘိုးဘွားများနှင့်အတူ ဤနန်းတော်ကြီး၏ အရိပ်အာဝါသအောက်တွင် အေးချမ်းပျော်ရွှင်စွာ နေရစ်ပါစေတော့လေဟု စဉ်းစားတွေးတောမိပြန်လေသည်။

ဂျူလီယံသည် မျက်ရည်မကျစေရန် မိမိစိတ်ကို မိမိ အနိုင်နိုင် ထိန်းချုပ်ထားရာမှ အိပ်ပျော်နေရှာသော စတီဖင်ကလေးအား မနိုးစေရန် ခပ်ဖွဖွကလေး နမ်းရှုပ်လိုက်၏။ ထို့နောက် ဗီရိုအတွင်းမှ အရက်တစ်ပုလင်းကို ယူ၍ မော့ချလိုက်ပြန်၏။ ပထမတွင် နေသာထိုင်သာရှိသော်လည်း ဦးခေါင်းများ ပြန်၍ ကိုက်လာပြန်၏။ နောက်ဆုံးတွင် သူသည် ကျောပိုးအိတ်နှင့်တကွ နံရံတွင် ထောင်ထားသော သူ၏တူမီးသေနတ်ကို လှမ်းယူလိုက်၏။ သူ၏ပစ္စည်းအသစ်ဖြစ်သော ချိုင်းထောက်ကြီးကိုလည်း မယူမဖြစ်သဖြင့် ယူလိုက်ရလေသည်။

ဂျူလီယံသည် ဧည့်ခန်းမှ နာရီကြီးကို မော်ကြည့်လိုက်သောအခါ ၅ နာရီပင် ထိုးနေချေပြီ။ အစေခံများလည်း မရောက်လာကြသေးသဖြင့် မည်သူ့ကိုမျှ ပြောဆိုရန်၊ နှုတ်ဆက်ရန်၊ ရှင်းလင်းပြောပြရန် မလိုချေ။ စတီဖင်ကလေးအိပ်ရာမှ မနိုးမီ ထွက်သွားနိုင်မှသာ သူ၏အကြံအောင်မြင်ပေလိမ့်မည် မဟုတ်လော။

ဂျူလီယံသည် သူ၏ တူမီးသေနတ်ကို မောင်းချိုး၍ ကြည့်လိုက်သောအခါ ကျည်ဆံတစ်တောင့်ကိုမျှ မတွေ့ရချေ။ သို့နှင့်သူသည် ကျောပိုးအိတ်အတွင်း၌ ရှာဖွေသောအခါ ရှားရှားပါးပါး ကျည်ဆံသုံးတောင့်ကိုသာ တွေ့ရသဖြင့် တစ်တောင့်ကို သေနတ်ထဲသို့ထည့်၍ ကျန်နှစ်တောင့်ကို သူ၏ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်တော့၏။

သူသည် တူမီးသေနတ်မှာ သေနတ်ငယ်ကလေးများကဲ့သို့ ခြောက်တောင့်၊ ရှစ်တောင့် တစ်ပြိုင်နက် ထည့်၍ မရချေ။ တစ်တောင့်ချင်း ထည့် ပစ်ရသော သေနတ်မျိုးဖြစ်၏။ သို့သော် စပရိန်မှာ အလွန်သန်သဖြင့် လူတစ်ယောက်၏ ဇီဝိန်ကို တစ်ချက်တည်းနှင့်ပင် ချွေနိုင်လေသည်။

သို့နှင့် ဂျူလီယံသည် မြို့စားကြီးနှင့် မြို့စားကတော်တို့၏ ဓာတ်ပုံကြီးများရှေ့တွင် ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးနောက် အလေးပြုလိုက်၏။

ထို့နောက် "မြို့စားကြီးနဲ့ မြို့စားကတော်တို့ရဲ့ သဘောထား ပြည့်ဝမှုကိုတော့ ကျွန်တော် အသိအမှတ် ပြုပါတယ်။

ဒါပေမဲ့ လောကကြီးက ကျွန်တော့်ကို နှိပ်စက်လွန်းတော့ ကျွန်တော်ကလည်း လောကကြီးကို အရွဲ့တိုက်ရမှာပဲ" ဟု ဂျူလီယံသည် တစ်ကိုယ်တည်း ပြော၍နေလေသည်။

ထို့နောက် ဂျူလီယံသည် ချိုင်းထောက်ကြီး တဒေါက်ဒေါက်နှင့် တံခါးမကြီးဆီသို့ သွားရောက်ကာ တံခါးမင်းတုံးကို ဆွဲ၍ဖွင့်လိုက်၏။ အပြင်၌ကား နှင်းပွင့်နှင်းဆိုင်များ အဆုပ်လိုက် အဆုပ်လိုက် ခဲ၍နေပေရော့မည်။ တံခါး





မင်းတုံးကျသွားသည်နှင့်တစ်ပြိုင်နက် ခြံထဲသို့ အပြင်းမောင်းနှင်၍ ဝင်လာသော မြင်းရထားတစ်စီး၏ အသံကို ကြားလိုက်ရသဖြင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိ၏။

သို့နှင့် သူသည် တံခါးမကြီးကို ချက်ချင်း မဖွင့်သေးဘဲ ငိုင်၍ရပ်နေမိ၏။

မည်သူတွေများ ဖြစ်မည်နည်းဟု စိတ်ထဲမှ အောက်မေ့မိ၏။ မကြာမီ ဆင်ဝင်အောက်သို့ မြင်းရထားဆိုက်သံ ကြားပြီးလျှင် ကျောက်လှေကားထစ်များပေါ်သို့ ပြေးတက်လာသည့် ခြေသံများကို ကြားလိုက်ရ၏။ ထို့နောက် ချက်ချင်းပင် လူခေါ်ခေါင်းလောင်းသံကို ကြားလိုက်ရလေရာ ခေါင်းလောင်းသံမှာ တစ်ခန်းလုံး ပဲ့တင်ထပ်၍ သွားလေတော့၏။

သို့နှင့် ဂျူလီယံသည် တံခါးရွက်ကို ဆွဲ၍ဖွင့်လိုက်သောအခါ တံခါးဝတွင် မိန်းကလေးတစ်ယောက်နှင့် ယောက်ျားကလေးတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။ ထိုသူများကား မိမိ မည်သည့်အချိန်အခါမျှ မေ့ပျောက်၍ မရနိုင်သော ချစ်ဦးသူ စတီဖင်နှင့် ညီငယ် ဖရန့်တို့ပါတကား။ ခြေတစ်ဘက်ပြတ်နှင့် ချိုင်းထောက်ကြီးကို အားပြုကာ သူတို့အား တစ္ဆေသရဲပမာ ကြည့်ရှုနေသော ဂျူလီယံကို သူတို့ကလည်း တအံ့တသြ ငေးမောကြည့်ရှု၍နေမိကြ၏။

ဂျူလီယံ၏မျက်နှာမှာ ရုတ်ခြည်း တင်းမာခက်ထရော်၍ လာတော့၏။ မိမိတွေ့ချင်လွန်းသောသူ နှစ်ယောက်ကိုကား ယခုတွေ့ရှိပေပြီ။ ဘာကိုပြော၍ ဘာကို ဆက်လုပ်ရမည်နည်း။

"ဟဲ့ ... သစ္စာ ... ဖောက်နဲ့ သစ္စာဖောက်မ"

ဂျူလီယံ၏ နှလုံးသားထဲမှ ပီသပြတ်သားစွာ ထွက်ပေါ်လာသော အသံကို သူတို့ ကြားလိုက်ရ၏။ ထို့နောက် ဂျူလီယံသည် တူမီးသေနတ် ကိုင်ထားသော သူ၏ဘယ်ဘက်လက်ကို အပေါ်သို့ အတန်ငယ် မြှောက်လိုက်ပြီးလျှင် သေနတ်ဒင်ကို ချိုင်းထောက် ထောက်ထားသည့် ညာဘက်လက်ဖြင့် ဆုပ်ကိုင်ကာ ပြောင်းဝကို သူတို့နှစ်ဦးဆီသို့ တည့်တည့်ကြီး ချိန်ထားလိုက်၏။ ထို့နောက် သေနတ်ကို မောင်းတင်လိုက်လေသည်။

"အစ်ကို ... အစ်ကို ... ကျွန်တော် ဖရန့်လေ၊ အစ်ကို့ကို တွေ့ချင်လွန်းလို့" ဖရန့်မှာ စကားကို ဆုံးအောင်ပင် ပြောခွင့်မရလိုက်ချေ။ ဂျူလီယံက ကြားဖြတ်၍ – "ဟေ့ကောင် ... တော်စမ်း၊ သစ္စာမရှိတဲ့ကောင်၊ ငါ့အမွေတွေ လိုချင်လို့ လောဘဇော တိုက်တဲ့ကောင်၊ ငါဒုက္ခရောက်နေတုန်း ကြာကူလီရိုက်တဲ့ အကောင်" ထိုအခါ စတီဖင်က အလန့်တကြားဝင်၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မောင် ... မောင် ... မောင် ဘာတွေ လျှောက်ပြောနေတာလဲ။ သူလေသူ" စတီဖင်က ဝင်ရောက်ရှင်းပြမည်ပြုသော်လည်း မအောင်မြင်ချေ။ ဂျူလီယံ၏ အသံသြကြီးကသာ သူ၏အသံကလေးကို လွှမ်းမိုးသွားလေသည်။

"ခွေးမ ... သစ္စာဖောက်မ ... မျောက်မ၊ တို့အမျိုးဂုဏ်ကိုလည်း ဂရုမစိုက်၊ ကိုယ့်အမျိုးဂုဏ်ကိုလည်း မထောက်ထား၊ ယောကျ်ား ဒီလောက် တောင် ရှားသလား"

ဖရန့် ။ ။ "ဟာ ... အစ်ကို ပြောတာတွေ ကျွန်တော်တို့ လုံးဝ နား မလည်ဘူး။ အခုလာတာ အစ်ကို့ အကျိုးအတွက် ကျွန်တော်တို့ ရောက်လာတာပါ။ အဒေါ်ထရေဘတ်ဟာ ..." ဖရန့်၏စကား အဆုံးမသတ်မီ ဂျူလီယံက "ဟေ့ကောင် ... တော်တိတ်၊ လာညည်းမနေနဲ့၊ အဒေါ်ထရေဘတ် ကွယ်လွန်သွားပြီ ဆိုတာ ငါသိပြီးသား၊ ကိုင်း ... ငါဟာ ဒီဘဝမှာတော့ ကျားနာကြီးလို ဖြစ်နေပြီ။ သေလူဘဝကို ရောက်နေပြီ။ ဆယ်ခါပြန် ထပ်ပြီးသေဦးတော့၊ ငါ မကြောက်ဘူး။ အဲ ... မင်းတို့နှစ်ယောက်ကိုလည်း ငါနဲ့အတူ ခေါ်သွားမယ်။ ကိုင်း ... ဖရန့် မင်း သေနတ် ထုတ်"

"အစ်ကို ဘာတွေ ပြောနေတာလဲဟင်၊ အစ်ကို အရက်မူးနေသလား"

ဖရန့်သည် ဂျူလီယံ၏ နီမြန်းနေသော မျက်နှာကိုလည်းကောင်း၊သူ၏ ပါးစပ်မှ အရက်နံ့ တထောင်းထောင်း ထွက်နေသည်ကိုလည်းကောင်း၊ တစ်ခါ ခါ ဒယိမ်းဒယိုင် ဖြစ်နေသည့် သူ၏ခန္ဓာကိုယ်ကိုလည်းကောင်း ထိုအခါမှ သတိပြုမိသဖြင့် မေးလိုက်ခြင်းဖြစ်၏။ သို့နှင့် ဖရန့်သည် အစ်ကိုဖြစ်သူအား တွဲမရန် အနီးသို့ ချဉ်းကပ်သွားတော့၏။

ဖရန့်သည် ဂျူလီယံအနီးသို့ရောက်ရန် လက်တစ်ကမ်းအကွာသို့ အရောက်တွင် ဂျူလီယံသည် ဖရန့်၏ ဦးခေါင်းကို သူ၏သေနတ်ဒင်ဖြင့် လွဲ၍ ရိုက်လိုက်ရာ 'ခွပ်'ခနဲ မြည်သံနှင့်အတူ ဖရန့်မှာ သံမံတလင်းပေါ်သို့ ခွေ၍ကျသွားကာ လှေကားထစ်များအတိုင်း လိမ့်ဆင်းသွားပြီးလျှင် လှေကားထစ်ဆုံးသော အခါမှ ရပ်တန့်သွားလေသည်။

"ဟင် ... မောင် ... မောင်၊ ဘယ်လိုလုပ်လိုက်တာလဲ ... ဟင်" စတီဖင်သည် အလန့်တကြား အော်ပြောရင်း လှေကားထစ်ခြေရင်းတွင် လဲကျနေသည့် မတ်တော်မောင် ဖရန့်အနီးသို့ ပြေးသွားလေသည်။

"ဟား ... ဟား ... ဟား ... ဟား ... ငါ့ကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲကွ။ ဟား ... ဟား ... တရားကျဖို့ ကောင်းလိုက်တာ၊ အခုမှ အလွမ်းသယ်မနေကြနဲ့။ နင်တို့ကို ဓာတ်ပုံရိုက်ပေးဖို့ ငါ့မှာ ကင်မရာတော့ မရှိဘူး။ နင်တို့ လင်မယားကို သချိုင်းပို့ဖို့တော့ ငါ့မှာ သေနတ်နဲ့ကျည်ဆံ အပြည့်ပဲ။





အဲဒီကျတော့မှ အလွမ်းသယ်ကြ။ ငါ့ကျေးဇူး သစ္စာကိုမှ မထောက်ထားကြဘူး။ ငါဒုက္ခရောက်နေတုန်း အခွင့်အရေးယူလိုက်ကြတာ။ ငါဆင်းရဲ ဒုက္ခရောက်သလို နင်တို့ကိုလည်း ငရဲကို ဖြတ်လမ်းကပို့မယ်"

ပြောပြောဆိုဆိုနှင့် ဂျူလီယံသည် သူ၏သေနတ်ကို အသင့်အနေအထားသို့ပြင်၍ ချိန်းထားလိုက်ပြန်၏။ ပြောင်းဝကို ဖရန့်ဘက်သို့လှည့်၍ ပြောင်းတံကို ဘယ်ဘက်လက်ဖြင့် အတန်ငယ် မ,ထားလိုက်၏။ ချိုင်းထောက်ပေါ်ရှိ ညာဘက်လက်ဖြင့် သေနတ်ကို ဆုပ်ကိုင်ကာ လက်ညှိုးက သေနတ်ခလုတ်ကို ဆွဲညှစ်ရန် အသင့်ကွေးထားလိုက်လေသည်။

"မင်းကို တွေ့ရသချိုင်း ဓားမဆိုင်းသတ်ဖို့၊ လက်စားချေဖို့ ငါ ဆုံးဖြတ်ထားပေမဲ့ အခုလို သွေးအေးအေးနဲ့ သတ်ပစ်ဖို့တော့ ငါ့သိက္ခာအကျ မခံနိုင်ဘူးကွ။ ယောကျ်ားပီပီ မင်းကို ငါ နောက်ဆုံး အခွင့်အရေးပေးမယ်။ ကဲ ... ထုတ်စမ်း၊ မင်း သေနတ် မင်းညာဘက် ဘောင်းဘီအိတ် ဖောင်းနေတာ ငါ မြင်ပြီးသား။ ထုတ်စမ်း၊ သေနတ်ချင်း ယှဉ်ပစ်မယ်။ မင်း ငါ့ကို အနိုင်ပစ်နိုင်အောင် ကြိုးစားပေတော့"

ထိုအခါမှ ဖရန့်မှာ သတိပြန်၍လည်လာကာ ဘောင်းဘီအိတ်တွင် ပါလာသည့် သူ၏လက်စွဲတော် ပစ္စတိုကလေးကို စမ်းမိ၏။ သူ၏ဘောင်းဘီအိတ် အတန်ငယ် ဖောင်းပွနေသည်ကို ဂျူလီယံသည် စစ်မှုထမ်းလာသည့် စစ်ဗိုလ်တစ်ယောက်ဖြစ်သည့်အတိုင်း သိပြီးဖြစ်၏။ ဖရန့်သည် သေနတ်ဒင်ဖြင့် အရိုက်ခံရသော သူ၏ဦးခေါင်းမှ ဒဏ်ရာကိုလည်း ပွတ်သပ်၍ကြည့်မိ၏။ သို့နှင့် ဖရန့်သည် သူ့အား ဖေးမထားသော စတီဖင်၏လက်မှ ရုန်းထွက်လိုက်ပြီးနောက် မီးထွက်လုမတတ် မျက်လုံးများဖြင့် ကြည့်နေသော သူ၏အစ်ကို ဂျူလီယံအား ရင်ဆိုင်လိုက်လေသည်။

"အစ်ကို ... အစ်ကို့တစ်သက်မှာ ကျွန်တော့်ကို တစ်ခါမှ ဒီလောက် မရက်စက်ဖူးဘူးနော်။ အစ်ကို ဒီတစ်ခါ ကျွန်တော့်ကို သိပ်အငြိုးကြီးနေပုံရတယ်။ အစ်ကို ကျွန်တော့်ကို သတ်ချင်ရင် အစ်ကို့လက်ထဲက သေနတ်နဲ့ တစ်ခါတည်း ပစ်သတ်လိုက်ပါ။ ကျွန်တော် သေရဲပါတယ်"

သို့နှင့် ဖရန့်သည် မျက်လုံးအိမ်မှ မျက်ရည်များ လည်ကာ ပြောင်းဝနှင့် သူ့နှလုံးသား တည့်တည့်အနေအထားသို့ ရောက်ရန် ရင်ကို ကော့၍ ပေးလိုက်လေသည်။

"မင်းက အခုမှ မင်္ဂလာယူမနေစမ်းနဲ့၊ မင်း သေနတ်သာထုတ်၊ ငါက မင်းလို မိန်းမညာဏ်နဲ့ နောက်ကြောကို ဓားနဲ့ထိုးတတ်တဲ့ အကျင့်မရှိဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com



ရှက်တယ်။ အခု မင်းနဲ့ မျက်နှာချင်းဆိုင် သေနတ်ချင်း ယှဉ်ပစ်ပြီး အနိုင်ယူမယ်။ ကဲ ... ကြားတယ်ကွာ၊ မင်း သေနတ်ထုတ်စမ်း"

ဂျူလီယံက တင်းမာခက်ထန်လှသော လေသံဖြင့် ကြိုးဝါးပြောဆိုလိုက်လေသည်။

ဖရန့်မှာ တစ်စုံတစ်ရာ ဝေခွဲ၍မရတော့ချေ။ သေနတ်ချင်း ယှဉ်ပြိုင်ပစ်လျှင် သူက အဆပေါင်းများစွာ အခွင့်အရေး သာနေသည်ကို သူသိ၏။ အထူးသဖြင့် သူ၏လက်စွဲတော်ပစ္စတိုသည် သူ့အသက်ကို စစ်အတွင်းက အကြိမ်ပေါင်းများစွာ ကယ်ခဲ့ဖူးလေပြီ။ တစ်ဦးချင်း ယှဉ်ပြိုင်ရမည်ဆိုလျှင် ကမ္ဘာပေါ်တွင် သူ ကြောက်စရာလူ တစ်ယောက်မျှ မရှိချေ။ အစ်ကိုဖြစ်သူအား မည်ကဲ့သို့ ရင်ဆိုင်ရမည်နည်း။ သို့သော် ယခုမူ သူသည် ချီတုံချတုံ ဖြစ်နေ၏။ ဤကဲ့သို့ တွေးရင်း သူသည် မျက်ရည်ပေါက်ကြီးများ ကျလာတော့၏။ သူ၏နောက်မှ စတီဖင်မှာလည်း ညီအစ်ကိုနှစ်ယောက်တို့ တိုက်ပွဲအတွက် အသည်းတုန် ရင်ခုန်ဖြစ်၍နေရှာတော့၏။

"ကဲ ... ဟော့ကောင်၊ ရှည်မနေနဲ့။ မင်း သေနတ်ထုတ်ပြီး ၁၀ ကိုက်နောက်ဆုတ်၊ တို့တိုက်ပွဲမှာ 'ဒိုင်'တော့ မရှိဘူးပေါ့ကွာ။ နှစ်ယောက်စလုံး တစ်ပြိုင်နက် ပစ်ကြမယ်။ လက်တည့်တဲ့ကောင်က အသက်ရှင်တမ်းပေါ့။ ကောင်းလိုက်တာကွာ။ မင်းကို ငါက ကမ္ဘာကြီးကျယ်သလောက် လိုက်ရှာပြီး ကလဲ့စားချေမယ်လို့ ဆုံးဖြတ်ထားတာ၊ အခုတော့ လိုက်ရှာစရာတောင် မလိုတော့ဘူး။ မင်းသေရင်လည်း ငါ့ဘဝဟာ တစ်ကောင်ကြွက်ပဲ၊ ငါသေရင်လည်း တစ်ယောက်တည်း လူလောကကြီးက ထွက်ခွာသွားရုံပဲ၊ အချိန်မရှိတော့ဘူးကွ။ သေနတ်ထုတ်၊ အခုမှ ကြောက်မနေစမ်းနဲ့။ ဒါ မင်းအတွက် နောက်ဆုံး အခွင့်အရေးပဲ"

ဖရန့်သည် မည်သို့လုပ်ရမည်မသိဘဲ ခြေမကိုင်မိ လက်မကိုင်မိဖြစ်၍နေရှာ၏။ ရှေ့သို့ တိုးသွားပါကလည်း နောက်တစ်ခါ နားထင်ကွဲ၍ ဦးနှောက်များထွက်ရုံသာရှိတော့မည်။ ထိုအချိန်ထိ ဖရန့်သည် သေနတ်ကို မထုတ်သေးချေ။ သို့သော် နောက်သို့ကား ဆုတ်၍သွား၏။ ဂျူလီယံကမူ သူ့အား ရင်ဆိုင်တော့မည်အထင်နှင့် သဘောကျ၍နေ၏။ စတီဖင်မှာမူ သူတို့နှစ်ယောက်အနက် မည်သူ့ကို ဆွဲရမည်မသိသဖြင့် ကျူကျူပါအောင် ငို၍သာနေရှာတော့၏။

ဖရန့်သည် သူ၏သေနတ်ကို လုံးဝ မထုတ်သေးဘဲ ရှိလေရာ ဂျူလီယံကမူ သူ့အား အလစ်မပေးဘဲ မျက်ခြည်မပြတ် ဂရုတစိုက် ကြည့်ရှုလျက်ရှိနေ၏။ ဂျူလီယံ၏ စိတ်ထဲ၌မူ ဖရန့်သည် မိမိအား ရင်ဆိုင်တော့မည်ဟု ထင်၍နေ၏။ သို့နှင့် သူသည် တရားမျှတမှုရှိစေရန် သူ၏သေနတ်ပြောင်းဝကို မြေပေါ်သို့ စိုက်ထား၏။ အကယ်၍ ဖရန့်သည် သူ၏ သေနတ်ကလေးကို ထုတ်လိုက်သည်





နှင့် တစ်ပြိုင်နက် ဂျူလီယံသည် ၎င်း၏သေနတ်ကြီးဖြင့် ဖရန့်၏ရင်ဝသို့ ချိန်ပြီးသား ဖြစ်ပေတော့မည်။

"ကဲ ... ဟော့ကောင်၊ မင်းသေနတ် ထုတ်တော့လေကွာ"

ဂျူလီယံသည် သံကုန်ဟစ်၍အော်လိုက်၏။ သူ၏အော်သံကြောင့် စတီဖင်ကလေးသည် အိပ်ရာမှလန့်၍ နိုးလာသဖြင့် တံခါးဝတွင် ကားကားကြီးရပ်လျက် သေနတ်ကြီး ကိုင်ထားသော ဂျူလီယံကို ပထမဦးစွာ တွေ့မြင်လိုက်ရ၏။ တံခါးဘောင်ကွယ်နေသဖြင့် ဖရန့်ကို မမြင်ရသော်လည်း ဆံပင်ဖားလျားနှင့် ငိုနေသူ မိခင် စတီဖင်အား လှမ်း၍မြင်လိုက်ရတော့၏။ စတီဖင်ကလေးသည် ငို၍ သေချာစေရန် အိပ်မှုန်စုံမွှားဖြစ်နေသည့် သူ၏မျက်လုံးကလေးများကို ပွတ်သပ်ကြည့်လိုက်၏။ မြင်ကွင်းကား မမှားချေ။ ဂျူလီယံက သူ၏မိခင်စတီဖင်အား သေနတ်နှင့်ပစ်တော့မည်ဟု အထင်ရောက်၍သွားတော့၏။

သို့နှင့် စတီဖင်ကလေးသည် "ဂျူ ..." ဟု ဟစ်အော်ကာ ဂျူလီယံထံ ပြေးသွားပြီးနောက် ဂျူလီယံ၏ ခြေတစ်ဘက်ကို သိုင်း၍ဖက်လိုက်၏။ ထိုအခါ ဂျူလီယံမှာ အလန့်တကြား ဖြစ်သွားပြီးလျှင် ဖရန့်၏နှလုံးသားကို ချိန်ထားသည့် တူမီးသေနတ်မှ မောင်းကို လက်ညှိုးဖြင့် ဆွဲညှစ်လိုက်လေသည်။ သို့နှင့် ကျည်ဆံသည် ဒိုင်းခနဲ အသံနှင့်အတူ ထွက်သွားရာ သူ၏ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သကဲ့သို့ မထိန်းနိုင်တော့ဘဲ လဲကျသွားတော့၏။ အဘယ်ကြောင့်ဆိုသော် တစ်ဘက်တည်းသာရှိသော သူ၏ခြေထောက်ကို စတီဖင်ကလေးက တအားပြေးဖက်လိုက်ရာတွင် အရှိန်လွန်ကာ ဒူးညွှတ်သွားသောကြောင့် ဖြစ်၏။ တစ်ချိန်တည်းမှာပင် ချိုင်းအောက်မှ ချိုင်းထောက်ကြီးမှာလည်း ချော်ထွက်သွားလေတော့၏။

ကံကောင်းသည်ဟု ဆိုရပေမည်။ ကျည်ဆံသည် မည်သူ့ကိုမျှ မထိမှန်ဘဲ အပေါ်သို့ထောင်၍ ထွက်သွား၏။ စိတ်အတွင်း အတွေ့အကြုံများပြီးဖြစ်သော ဖရန့်သည် ဂျူလီယံထံ ပြေးသွားကာ တူမီးသေနတ်ကို လုယူပြီးနောက် အဝေးသို့ လွှင့်ပစ်လိုက်တော့၏။ ထို့နောက် ကြမ်းပြင်ပေါ်တွင် လဲကျလျက်ရှိသော အစ်ကိုဖြစ်သူ ဂျူလီယံအား ပွေ့ချီထူမ,ရန် ကိုယ်ကို အတန်ငယ် ကိုင်းလိုက်၏။ သို့သော် နောက်ကျသွားချေပြီ။ သူ့ထက်လျင်မြန်သူ စတီဖင်က သူ၏ချစ်ဦးသူ ဂျူလီယံအား ရင်ခွင်တွင် ပွေ့ပိုက်ထားပြီး ဖြစ်လေသည်။

"မောင် ... မောင် ... သတိ ကောင်းကောင်း ထားပါနော်။ စတီဖင်ဟာ မောင့်အပေါ် လုံးဝ သစ္စာမဖောက်ပါဘူး။ မောင့်ကို အမြဲစောင့်ကြိုနေခဲ့တယ်။ ယုံပါ မောင်ရယ်။ မောင်တစ်ယောက်ကလွဲရင် ဒီဘဝမှာ စတီဖင် ဘယ်သူ့ကိုမှ လက်မထပ်ပါဘူး။ ဖရန့်နဲ့များ အထင်လွဲရသလား မောင်ရယ်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်လိုက်ရတာဟာလည်း စတီဖင် ဖခမည်းတော်ကြီးရဲ့ ဂုဏ်သိရ်ညှိုးမှာစိုးလို့ ဖရန့်နဲ့ ဟန်ဆောင် လက်ထပ်လိုက်ရတာပါ။ ဖရန့်နဲ့ စတီဖင်ဟာ မောင်နှမ အရင်းလိုပါပဲ မောင်ရယ်"

ဖရန့်က ကြားဖြတ်၍ "ဟုတ်တယ်ဗျ။ အစ်ကိုက တွေးချင်ရာတွေး မြင်ချင်ရာမြင်ပြီး စွပ်စွဲနေတာ။ ကျွန်တော်နဲ့ စတီဖင်ဟာ လက်ထပ်ထားကြပေမဲ့ အခုအချိန်ထိ မရီးနဲ့မတ်ပဲ။ အစ်ကိုတို့ ပြန်ပေါင်းထုတ်နိုင်အောင် ကျွန်တော် ဘယ်လောက်ကြိုးစားခဲ့ရတယ် မှတ်သလဲ။ ဝေးမောက်မှာ အစ်ကိုဖြစ်ခဲ့တဲ့ လူသတ်မှုအတွက် တရားခံအစစ်ပေါ်အောင် ကျွန်တော် ဘယ်လောက်ကြိုးစားခဲ့ရသလဲ။ အခုတော့ ဂျိုးမက်ဟင်းဆီက ဖြောင့်ချက်ရလိုက်ပြီ။ ပြီးတော့ အစ်ကို ရှုရှုံ့ပန်းဖြစ်နေတုန်းက မမျှော်လင့်ဘဲ ဝင်ကယ်ခဲ့တဲ့ မျက်နှာဖုံးစွပ် မြင်းစီးသမားဟာ ဘယ်သူလဲ သိလား။ အဲဒါ ကျွန်တော်ပဲ။ ဗိုလ်ချုပ်ဘာကလေ စစ်တပ်က ရိပ်မိမှာ စိုးလို့၊ အဲဒီတုန်းက အစ်ကို့ကို အသိမပေးလိုက်ရဘူး"

"မင်း ... ဒါတွေ တကယ်ပြောနေတာလား"

ထို့နောက် ဂျူလီယံက တစ်လုံးချင်း မေးလိုက်၏။ သို့သော် သူ၏ အသံမှာ ယခင်ကကဲ့သို့ ခက်ထန်မာကျောခြင်း မရှိတော့ချေ။

"သြော် ... မယုံမရှိနဲ့ အစ်ကို၊ ကျွန်တော်ဟာ အစ်ကို့ကို အစ်ကိုလို တစ်မျိုး၊ အဖေလိုတစ်မျိုး ချစ်တယ်ဆိုတာ အစ်ကို သိတယ် မဟုတ်လား။ ဗိုလ်ချုပ်ဆာရောဘတ်ဗီလ်ဆင်ဟာ မော်စကိုမြို့ကိုရောက်နေတဲ့ ဝေါရှန်းစကီး မြို့စားကြီးကို ခေါ်ပြီး မကြာခင်ပဲ ဒီကို ရောက်လာကြလိမ့်မယ်။ အဲဒီအခါကျမှ ဆာရောဘတ်နဲ့ မြို့စားကြီးတို့က ကျွန်တော် ပြောတာမှန်ကြောင်း သက်သေခံကြပါလိမ့်မယ်။ ပြီးတော့ ဆာရောဘတ်ကိုယ်တိုင် အစ်ကိုရသင့်ရထိုက်တဲ့ အမွေတွေကို ပေးအပ်ပါလိမ့်မယ်။ အစ်ကို သေပြီဆိုတဲ့ သတင်းကြားရပြီးတဲ့နောက် ကျွန်တော်လည်း အရွယ်ရောက်တော့ အမွေအားလုံးကို ကျွန်တော့်ကို လွှဲပေးဖို့ သူစီစဉ်ခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က အစ်ကို မသေနိုင်သေးဘူး။ မသေရသေးဘူးလို့ စိတ်ကိုတင်းပြီး အစ်ကို့အမွေတွေကို ကျွန်တော် လက်မခံခဲ့ပါဘူး။ အစ်ကို့မှာက မယားနဲ့ကလေးနဲ့၊ ကျွန်တော်က တစ်ယောက်တည်းသမားပဲ"

"ဘာလဲကွာ ... ရှင်းရှင်းပြောစမ်းပါ"

ဂျူလီယံက ဖရန့်အား ခပ်တိုးတိုး ထပ်၍ မေးလိုက်ပြန်၏။ ဖရန့်လည်း ဆက်လက်ရှင်းပြရှာ၏။ သူ၏ စကားများကို ဂျူလီယံ နားဝင်နေသဖြင့် တအားတက်၍ လာလေသည်။





"အစ်ကိုကလည်း အခုထိ သဘောမပေါက်သေးဘူးလားဗျာ။ ဟောဒီ စတီဖင်ဟာ ကျွန်တော်နဲ့ ဘုရားရှိခိုးကျောင်းမှ လက်ထပ်တာက အရေးပေါ်ကိစ္စ အတွက် ဟန်ဆောင်စီစဉ်တာဗျ။ လိုအပ်ရင် ကျွန်တော်တို့ လက်ထပ်ထားတဲ့ စာချုပ်ကို ပြန်ရုတ်သိမ်းလိုက်ရုံပဲ။ အစ်ကိုတို့ ရုရှမှာ အသစ်ပြန်ပြီး လက်ထပ်ကြပေါ့။ ကျွန်တော့်မှာက အခြောက်တိုက် လူပျိုရည်ပျက်သေးတယ်။ ပြီးတော့ ဟောဒီ စတီဖင်ကလေးဟာ ဘယ်သူလဲ သိလား။ အစ်ကို့ရဲ့ ရင်သွေးကလေး"

ဖရန့်၏ စကားများကို ကြားလိုက်ရသောအခါ ဂျူလီယံသည် စိတ်ထဲတွင် မချိတင်ကဲဖြစ်ကာ ဇနီးသည် စတီဖင်အား မော်၍ ကြည့်လိုက်၏။ စတီဖင်၏ မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲလျက်ရှိနေသည်ကို တွေ့မြင်ရ၏။ ထို့နောက် တစ်ဖန် သမီးငယ် စတီဖင်ကလေးကို ကြည့်ပြန်ရာ စတီဖင်ကလေး၏ မျက်နှာကလေးမှာလည်း ငိုမဲ့မဲ့ ဖြစ်၍နေရှာ၏။ ဂျူလီယံသည် စတီဖင်၏ ရင်ခွင်ထဲမှပင် ဖရန့်၏နားထင်ကို ပွတ်သပ်ကြည့်ရာ ထိုအခါမှ သွေးများစို့ထွက်နေသည်ကို တွေ့ရလေသည်။

ဂျူလီယံမှာ အရက်ကို အလွန်အမင်း သောက်ထားသောကြောင့်တစ်ကြောင်း၊ စိတ်ပန်းကိုယ်ပန်းဖြစ်နေသဖြင့်တစ်ကြောင်း ချစ်သူစတီဖင်၏ ရင်ခွင်တွင် မှေးခနဲ အိပ်ပျော်သွားတော့၏။ ထိုအခါမှ ဖရန့်နှင့် စတီဖင်တို့မှာ ပြုံးနိုင်ကြလေတော့သတည်း။

***

ဒဂုန်ရွှေမျှား



www.burmeseclassic.com